NYI SAY
MYANMAR EBOOK CREATOR

ရန်အောင်စာပေ ၂

ချစ်ဦးညို

# မငြိမ်းသာရဲ့ ရွှေနန်းတော်

ရာဇဝင်ဝတ္ထုရှည်များ



http://www.nyisay.com

ရဲအောင်စာပေ၊ ဒီဇင်ဘာလ ၂၀၁၁ ခုနှစ်

**စာမူခွင့်ပြုချက်အမှတ်--** ၅၀၁၂၃၇၁၀၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်--** ၅၀၁၂၉၉၁၁၁၁

**စီစဉ်သူ** - နီနီအောင်

**မျက်နှာဖုံးဒီဇိုင်း**- ရန်နိုင်ဦး

**အတွင်းဖလင်**- ထွန်းထွန်း

**ကွန်ပျူတာစာစီ**- K Zaw

**မျက်နှာဖုံးပုံနှိပ်**- ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)

**တွင်းပုံနှိပ်** - ဒေါ်နီနီခိုင်(သီရိမေပုံနှိပ်တိုက်)
လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**- ဦးကျော်ဆန်း(ရဲအောင်စာပေ)
အမှတ် ၂ ချွန် ၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**စာအုပ်ချုပ်** - ဦးစိုးနိုင်

**တန်ဖိုး**- ၃၀၀၀ ကျပ်

**အုပ်ရေ**- ၅၀၀

**ထုတ်ဝေသည့်စာအုပ်ကက်တလောက်အညွှန်း CIP**

ချစ်ဦးညို
မငြိမ်းသာရဲ့ ရွှေနန်းတော်နှင့် အခြားဝတ္ထုတိုများ
ရဲအောင်စာပေ။ ၂၀၁၁။
၃၁၅ - စာ၊ ၁၃ × ၂၁ စင်တီ
(၁) မငြိမ်းသာရဲ့ ရွှေနန်းတော်နှင့် အခြားဝတ္ထုတိုများ

http://www.nyisay.com

ရန်အောင်စာပေ-၂ စာအုပ်အမှတ်၊၈၅၊

## ချစ်ဦးညို

# မငြိမ်းသာရဲ့ရှေ့နန်းတော် နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ

ရန်အောင်စာပေ-၂

အမှတ် (၈၅၅)၊ဦးငွေကိုင်လမ်း၊ (၄၁)ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်း၊ရန်ကုန်တိုင်း။
၀၉၉၉၇၂၆၆၅

http://www.nyisay.com

# မာတိကာ


၁။ မငြိမ်းသာရဲ့ရွှေနန်းတော်

၂။ မန်းကနက်မှာသာ

၃။ တတိယမြောက်အရိန္ဒမာ

၄။ တောဝယ်ကကြွမ်း မောတယ်လာ့ပန်း ချော့မယ်ထစမ်း

၅။ နတ်သျှင်သူကြောင့် တရေးမှောက်ခဲ့

၆။ သောင်းရွှေလည်ပိုင်စိုး မိုးနတ်ဒေဝီ

၇။ ဘုန်းတော်ကြီး ထီးတစ်ရာ စကြာ်စိုး မိုးပြဟွာ

၈။ စီးချင်းထိုးပွဲ

မငြိမ်းသာရဲ့ရွှေနန်းတော်



http://www.nyisay.com



# မငြိမ်းသာရဲ့ ရွှေနန်းတော်

မုန်တိုင်းကြီးတစ်ခု ရုတ်တရက် ကောက်ကာငင်ကာ ကျလာသည်နှင့် မခြား။

အုတ်အုတ်ကျက်ကျက် အသံတွေ ကြားရကတည်းက ကျွန်မသိလိုက်ပြီ။ ခုတလော အမြဲလိုလို နိုးကြားကြွပ်ဆပ်နေတတ်သော ကျွန်မ၏ အာရုံက 'အန္တရာယ်'ဆိုသည့် အနံ့ကို ချက်ချင်းရသည်။

"ဟဲ့ . . . ငြိမ်းသာ၊ ဘာသံတွေလဲဟင်"ဟု ထိပ်ထားက မေးသည်။

ထိပ်ထားက အသက်ခုနစ်နှစ်အရွယ် သမီးတော်လေး ထိပ်ခေါင်တင်ကို ရင်ခွင်ထဲမှာ ထွေးပွေ့သိပ်နေဆဲ ဖြစ်သည်။ ကျွန်မက အငယ်ဆုံးသားတော်လေး ထိပ်တင်တုတ်ကို ပခုံးပေါ် ထမ်းချီရင်း သားတော်လေး ငိုက်မျဉ်းလာစေရန် တေးတွေကို ဆိုညည်းပေးနေရချိန်။

ဦးစွာ ကျွန်မနားထဲ ဝင်လာသည်က မြင်းခွာသံများ။

စံအိမ်တော် လေးဘက်လေးတန်တွင် တစ်ပြိုင်တည်း ပေါ်လာသည့် မြင်းခွာသံများ ဖြစ်သည်။ သခင်မ ပြည်ထိပ်ထားမှာ သမီးတော်လေးကို ရင်ခွင်ထဲ ထွေးပွေ့ထားရသောကြောင့် အလှုပ်အရှား မပြုသာ။ ကျွန်မက သားတော်လေးကို ပခုံးပေါ် ချီရင်း စံအိမ်ပြတင်းဆီသို့ အပြေးသွားကြည့်လိုက်သည်။

လဆုတ် ၆ ရက်သာရှိသေးသော်လည်း နေပြည်တော် ကောင်းကင်မှာ မှိုင်းမှုန်လွန်းလှသည်။ သို့သော် အမှောင်ထဲမှ လှုပ်ရှားမှုတွေကို ကျွန်မ မြင်

http://www.nyisay.com



လိုက်ရပြီ။ အမှောင်ရိပ်ထဲမှာ မည်းနေသည့် မြင်းနားရွက်တွေ၊ မြင်းပေါ်က မောက်လူဆောင်း ရဲမက်တွေ၊ ပြီးတော့ ချွန်မြနေသည့် ဓားဖျား၊ လှံဖျားတွေ။

ဘုရား . . . ဘုရား . . . ၊ သူတို့ . . . သူတို့ ဝိုင်းလာကြပြီကော။

"ငြိမ်းသာ၊ ဘာတွေလဲဟဲ့"

သည်အချိန်မှာ အရှင်သခင်တွေ၊ အထိန်းတော်တွေ၊ ထီးမှူနန်းရာဆိုတာတွေကို ကျွန်မ ဂရုထားမနေနိုင်တော့။ အန္တရာယ်အနံ့ကို ထောင်းခနဲ ရှူရှိုက်မိပြီ။

"ထိပ်ထား၊ လွတ်ရာပြေးတော့၊ ဘုရင့်တပ်တွေက ဝိုင်းထားကြပြီ"

ထိပ်ထားကို ကျွန်မ အော်ပြောရင်း အဆောင်ထဲ ပြေးဝင်ခဲ့သည်။ သားတော်လေး ထိပ်တင်တုတ်ကိုတော့ ကျွန်မ ပခုံးပေါ်မှာ မချတမ်းချီလျက်သား။ ဘာတွေလုပ်ရမည်ဆိုသည်က ကျွန်မခေါင်းထဲ အလိုလို ပေါ်လာကြသည်။ ထိတ်လန့်ခြင်းများဖြင့် ကျွန်မ၏ အာရုံတို့ ပိုမိုနိုးကြား ဖျတ်လတ်နေကြသည်။

အကြောက်တရားက ကျွန်မကို ထုံထိုင်းမသွားစေသည်သာမက ပို၍ပင် စူးရှတက်ကြွလာစေသည်။ တစ်ခုပြီးတစ်ခု အစီအစဉ်တွေ ပေါ်လာသည်။ အခန်းထဲသွား၊ ကမ္ဗလာခြုံစောင်ယူ၊ အခန်းထောင့်ခုတင်အောက်က သေတ္တာကိုဖွင့်၊ သေတ္တာထဲက ကျွန်မပိုင် ရွှေ ငွေ၊ လက်ဝတ်လက်စားထုပ်ကို ယူ၊ အထုပ်ကို ခါးစည်းကြိုးနဲ့ မြဲမြဲချည်။ ပြီးတော့ ကမ္ဗလာခြုံထည်အပေါ်က လွှမ်းပြီး ခြုံ။ ကြိုးတန်းပေါ်က ရှောစောင်နဲ့ ခေါင်းမြီးခြုံ။ မျက်နှာအုပ်မိအောင်စည်း။ ဒါတွေကို ဇယ်စက်သလို လုပ်နေချိန်မှာ သားတော်လေး ထိပ်တင်တုတ် အထိတ်တလန့် မဖြစ်စေနဲ့။ အိပ်ချင်မူးတူး သားတော်လေး မျက်လုံးကျယ်မသွားစေနဲ့။

ပျားတစ်ကောင်လို ကျွန်မ မနားတမ်း လှုပ်ရှားနေချိန်တွင် အိမ်တော်လေးဘက်လေးတန်ဆီမှာတော့ အုတ်အုတ်ကျက်ကျက် အသံတွေက ပိုလို့ဆူညံလာပြီ။ ဘုရား . . . ဘုရား မရှိဘူးဆိုရင် ရဲမက်တစ်ထောင်လောက်တော့ အနည်းဆုံး။

လုပ်စရာရှိတာတွေ ကျွန်မလုပ်အပြီးမှာတော့ စံအိမ်တော်အတွင်းမှာ အော်ကြဟစ်ကြ၊ ငိုကြွေဖြင့် အသံတွေ စီစီညံလာကြပြီ။ သို့သော် စံအိမ်တော်အပြင်က အသံတွေက ပို၍ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ပြည်မင်းသား ကိုယ်တော်ကြီး မခုခံနဲ့၊ ခုခံရင် သူပုန်"

http://www.nyisay.com



"ရွှေဘိုမင်းတရားကြီး အမိန့်တော်၊ ပြည်မင်းသား စံအိမ်တော်ကို နန်းတော်တပ်တွေ ဝိုင်းထားကြပြီ"

"တစ်ယောက်မှ မလွတ်စေနဲ့"

"ခုခံရင် သုတ်ပုန်ပဲဟေ့"

ဘုရား . . . ဘုရား . . . သူတို့က ဘုရင့်အမိန့်နဲ့ ဆိုပါလား။ မင်းတရားကြီးက ဒီလို အမိန့်တော်မှတ်သတဲ့လား။ ဟင့်အင်း . . . မဖြစ်နိုင်ဘူး။ မင်းတရားကြီးက စိတ်ဖောက်ပြန်နေတဲ့ ရောဂါသည်ပဲ။ မဖြစ်နိုင်ဘူး။ စိတ်ဖောက်ပြန်နေသူက ဒီလို အမိန့်ထုတ်မတဲ့လား။ ဒါပေမယ့် နေ့ခင်းကတော့ မင်းတရားကိုယ်တိုင် ရေနံချောင်းမြို့စား ယင်းတောဝန်ကြီးကို လှံနဲ့ ထိုးသတ်ခဲ့သတဲ့။ အို . . . ဒါတွေ တွေးမနေနဲ့လေ။

သားတော်လေး ထိပ်တင်တုတ်ကို ရင်ခွင်ထဲပွေ့၊ ခြုံထည်နဲ့အုပ်ပြီး ကျွန်မ စံအိမ်တော်ပေါ်မှ အပြေးအလွှားဆင်းသည်။ နောက်ဖေးဘက် လှေကားဆီသို့ ပြေးသွားသည်။ သို့သော် လှေကားထိပ်အရောက်မှာ ချက်ချင်းပဲ ခြေလှမ်းတွေကို ပြန်ဆုတ်လိုက်ရသည်။ စံအိမ်တော်နောက်ဖေးဘက်မှာ နည်းနည်းနောနော ရဲမက်တွေလား။

စံအိမ်တော်ထဲ ပြန်ပြေးဝင်ကာ ထွက်ရမည့်အပေါက်ကို ရှာရသည်။ အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်နေကြပြီ။ စံအိမ်တော်အမှုထမ်းများ၊ ကိုယ်လုပ်တော်များ၊ အိပ်ဖန်စောင့်များ၊ ပရမ်းပတာ ပြေးလွှားနေကြသည်။ ကယ်ပါ၊ ယူပါအသံတွေကလည်း နေရာတိုင်းမှာ ဆူညံနေသည်။

"ထိပ်ထား . . . ထိပ်ထား . . . ဘယ်မှာလဲ သမီးတော်လေးကော"

ကျွန်မ သံကုန်အော်သည်။ သို့သော် ငရဲပွက်ထနေသော အော်သံ၊ ငိုသံများအောက်တွင် ကျွန်မအသံက ပျောက်ဆုံးသွားသည်။ ပြေးရင်းလွှားရင်း တိုက်မိ၊ ခိုက်မိ၊ လဲသူလဲ၊ ကွဲသူကွဲ၊ အရှုပ်ရှုပ်အထွေးထွေး။

"ထိပ်ထား သမီးတော်လေးကော၊ ငြိမ်းသာ ဒီမှာ ပြေးကြစို့"

ဘယ်လိုမှ မကြားနိုင်။ ထိပ်ထားလည်း ဘယ်ရောက်နေပြီ မသိ။ သမီးတော်လေးကော၊ ပြီးတော့ သတိုးမင်းဒင်၊ သတိုးမင်းလှ၊ သားတော်လေးတွေကော။ အသက်ကိုးနှစ်၊ ဆယ့်နှစ်နှစ်အရွယ်လေးတွေ။ ဘုရား . . . ဘုရား။

ပြည်မင်းသား ကိုယ်တော်ကြီးကော ဘယ်ရောက်နေပြီလဲ။

စံအိမ်တော် အဆောင်ဆောင် အခန်းခန်းသို့ ကျွန်မ အရူးတစ်ယောက်လို

http://www.nyisay.com



လျှောက်ပြေးနေမိပါပကော။

"တစ်ယောက်မှ မလွတ်စေနဲ့၊ ဝိုင်းကြဟေ့"

"ကိုယ်တော်ကြီး၊ မခုခံနဲ့၊ ခုခံရင် သူပုန်"

တောင်ဘက် လေသာဆောင်ပြတင်းဆီသို့ ကျွန်မ ရောက်သွားပြန်သည်။ အို . . . ဒီဘက်မှာလဲ ရဲမက်တွေ ညို့လို့ပါလား။ တိုင်လုံးတွေကို ပတ်ရှောင်လျက် မြောက်ဘက် ဝရံတာဆီ ပြေးခဲ့ပြန်သည်။ သည်မှာလည်း ရဲမက်တွေပါလား။

ပြေးပေါက်မရှိတော့။ စံအိမ်တော်ကို သူတို့က ခံတပ်ကြီးတစ်ခုလို၊ စစ်ပွဲကြီးတစ်ပွဲလို စီးနင်းတိုက်ခိုက်ကြတော့မည်။ သူတို့လက်ချက်ဖြင့် ကျွန်မ သေရတော့မည်။ သားတော်လေး။ အို . . . ကျွန်မရင်ခွင်ထဲက သားတော်လေး ထိပ်တင်တုတ်။ သုံးနှစ်သားအရွယ် ဘာမှမသိရှာတဲ့ ကလေးလေး။

အသံကုန် အော်ဟစ်ပစ်လိုက်မိသည်လား မသိ။

ရင်ခွင်ထဲက ကလေးကို ကျစ်ကျစ်ပါအောင် ပွေ့ဖက်ရင်း ကျွန်မ စံအိမ်တော် အရှေ့ဘက်မျက်နှာစာ ဆင်ဝင်ဆီသို့ ပြေးခဲ့ပြန်သည်။ သေမင်း၏ ဖြဲဟထားသော ခံတွင်းထဲ ခုန်ဆင်းရတော့မှာလား။

ထိုအချိန်မှာပင် အပြင်းထန်ဆုံး အကျယ်လောင်ဆုံး အသံကို ကြားလိုက်ရသည်။ ဆင်အော်သံ၊ ပြီးတော့ အရှေ့ဘက်မျက်နှာစာ ဝင်းထရံကြီး၊ ဝေါခနဲ၊ ဝုန်းခနဲ ပြိုလဲကျသံ၊ ပြီးတော့ ရဲမက်များ၏ အော်ဟစ်သံ။ အို . . . ဒါဟာ ကမ္ဘာပျက်သံပါပဲ။

အကြောက်လွန်သွားသော တဒင်္ဂအမြင်တွင် ကျွန်မ သတိလစ်သွားတော့မတတ်။ ချက်ချင်းပင် ပြိုပျက်သွားလုအသိကို မနည်းကြီး ပြန်စုစည်းလိုက်ရသည်။ ဘာကြောင့်များ ကျွန်မ ရူးမသွားတာပါလိမ့်။

အရှေ့ဘက်မျက်နှာစာ ဝင်းထရံကြီး ပြိုလဲနေသည်၊ လဆုတ်ည၊ အမှောင်နှင့် မီးတုတ်အလင်းရောင်များကြားတွင် မည်းမည်းသဏ္ဌာန် ကိုယ်လုံးကြီးကို တွေ့လိုက်ရသည်၊ ဆင်ကြီးတစ်ကောင်။

"ပြည်မင်းသား ဆင်နဲ့ ထွက်ပြေးပြီဟေ့"

"မလွတ်စေနဲ့၊ လိုက်ကြ ဖမ်းကြ"

လေးဘက်လေးတန် ဝိုင်းထားသော ရဲမက်များ၊ အရှေ့ဘက်မျက်နှာစာဆီသို့ စုပြုံတိုးဝှေ့သွားကြသည်။ ထိုနေရာမှာပင် အရှုပ်ထွေးဆုံးဖြစ်သွားသည်။

http://www.nyisay.com



အခွင့်ကောင်း၊ အချိန်ကောင်းကို ကျွန်မ ရပြီ။

စံအိမ်တော် တောင်ဘက် လေသာဆောင်တံခါးမှတစ်ဆင့် ရှေ့ လှေကားအတိုင်း ပြေးဆင်းလိုက်သည်။ ရုတ်ရုတ်သဲသဲ ရဲမက်များက အရှေ့ဘက်ကိုပဲ သဲကြီးမဲကြီး လိုက်နေကြသည်။ လှေကားခြေရင်းအရောက်တွင် တိုင်လုံးကွယ်ကာ အမှောင်ရိပ်ခိုလိုက်သည်။ ထို့နောက် မနီးမဝေးမှ မန်ကျည်းပင်ကြီးတစ်ပင်နောက် ပြေးကပ်သည်။ သည်တစ်ခါတော့ လဆုတ်ညက ကျွန်မဘက်က။

သည့်နောက်မှာတော့ သစ်ပင်တွေ၊ ချုံပုတ်တွေ၊ ပန်းရုံတွေ၊ တစ်ခုပြီးတစ်ခု ပြေးဝင်ခိုကပ်၊ အမှောင်ရိပ်ကွယ်၊ ပြေး . . . ပြေး . . . ပြေး . . . ။

သားတော်လေး ထိပ်တင်တုတ်ကို ရင်မှာပိုက်ပြီး ပြေး။

ရဲမက်တွေအော်သံ၊ ညာသံ။ ပြီးတော့ စံအိမ်တော်ကြီးနှင့်အတူ နေပြည်တော်ကြီးကို နောက်မှာ ချန်ထားရစ်ခဲ့။

နောက်ကြောင်း ပြန်လှည့်မကြည့်စတမ်း မိငြိမ်းသာရေ . . . . ။

(၂)

တိမ်တိုက်မည်းကြီးတွေက နေပြည်တော်ကောင်းကင်မှာ အဆုပ်လိုက်တက်လာပြန်သောအခါ လဆုတ်ညလည်း ပို၍ မှောင်သွားတော့သည်။ အခုတော့လဲ ဒီအမှောင်ကို ကျွန်မ သဘောကျရပြန်သည်။ အုတ်အုတ်သဲသဲ လူတွေကြားထဲမှာ တိုးဝှေ့ပြေးလွှားနေသော ကျွန်မကို မည်သူကမျှ ပြည်မင်းသားကြီးရဲ့ စံအိမ်တော်က နို့ထိန်းအမှုတော်ထမ်း မငြိမ်းသာမှန်း သိနိုင်ကြတော့မည်မဟုတ်။ ပြီးတော့ ကျွန်မရင်ခွင်ထဲမှာ ခြုံစောင်အောက်မှာ သုံးနှစ်သားအရွယ်၊ ရင်သွေးတော် မင်းသားလေး ထိပ်တင်တုတ် ပါလာတာကိုလည်း သိကြမည်မဟုတ်။ သိများသိကြလို့ကတော့ဖြင့် ဘုရား . . . ဘုရား၊ မတွေးဝံ့စရာ။

ပြေးရင်းလွှားရင်းဖြင့်ပင် စံအိမ်တော်က ပြည်မင်းသားကြီးမိသားစု ကံကြမ္မာကို တွေးနေမိသည်။ ကိုယ်တော်ကြီးကတော့ ဝင်းထရံကို ဆင်ဖြင့် ဖောက်ထွက်ကာ ကိုယ်လွတ်ရုန်းသွားခဲ့ပြီ။ ကိုယ်တော်ကြီးနှင့်အတူ ဘယ်သူတွေများ ပါသွားနိုင်ပါ့မလဲ။ ခုနစ်နှစ်အရွယ် သမီးတော်လေး ထိပ်ခေါင်တင်နှင့် ကျန်ရစ်ခဲ့သော ထိပ်ထားကော၊ အသက်ဘေးမှ လွတ်ပါ့မလား။ ဘုရား . . . ဘုရား။

ပြေးနေသော ခြေလှမ်းတွေနှင့်အမျှ ကျွန်မအတွေးတွေက ကစဉ့်ကလျား

http://www.nyisay.com



ဖြစ်နေသည်။ ဘာကြောင့်များ မင်းတရားအမိန့်တော်ဖြင့် စံအိမ်ကို ဝိုင်းကြတာ ပါလိမ့်။ ပြည်မင်းသားကိုယ်တော်ကြီးဟာ ရာဇပလ္လင်ကို လုယူမယ့်သူမှ မဟုတ်တာ။ ပြီးတော့ မင်းတရားသစ္စာတော်ကို ဖီဆန်သူမှ မဟုတ်တာ။ အိုလေ . . သူတို့ မင်းဆွေစိုးမျိုး အရေးတော်တွေက ရှုပ်ပါဘိသနဲ့။ နင့်ဟာနင် ဆက်ပြေးစရာရှိတာ ပြေး မိငြိမ်းသာ။ နင့် ရင်ခွင်ထဲမှာ ရင်သွေးတော်ကလေး မဟုတ်လား။

တိမ်တစ်ဆုပ် အလွင့်တွင် ညကောင်းကင်က မဆိုစလောက် လင်းသွားသည်။ လဆုတ်ရက်များတွင် ညဥ့်နက်လေ အမှောင်ပါးလေ မဟုတ်လား။

သည်တော့မှ ကျွန်မ အမှားတစ်ခုကို မိုက်မိုက်မဲမဲ ကျူးလွန်နေကြောင်း သတိထားမိသည်။ ဘယ်လိုပဲ ကိုယ်ယောင်ဖျောက်ဖျောက်၊ ခြုံစောင်တွေ၊ တဘက်ပဝါတွေဖြင့် ဘယ်လောက်ပဲ ရုပ်ဖျက်ဖျက်၊ ကျွန်မအသွင်က သာမန်အရပ်သူများနှင့် သိသိသာသာ ခြားနားနေသည်ပဲ။ ယုတ်စွအဆုံး အနားပြားကြီးမားသော မဲထဘီနှင့် အနို့တပ်ခါးစိုက်ခါသာ ပိတ်အင်္ကျီက အစ။

သည်ရုပ်သွင်ဖြင့် ဆက်သွားနေလို့တော့ မဖြစ်။ တစ်နေရာမဟုတ် တစ်နေရာမှာ ကျွန်မကို နန်းတွင်း အမှုတော်ထမ်းမှန်း သိသွားနိုင်သည်။ ရဲမက်တွေနှင့်မတွေ့တောင်မှ တောကြောင်တွေနဲ့ ရင်ဆိုင်တိုးမိမှဖြင့်။

ဟုတ်သည်။ ကျွန်မရုပ်သွင်ကို လုံးလုံးလျားလျား ပြောင်းပစ်ရမည်။ အဝတ်အစားတွေကို ပြောင်းပစ်ရမည်။ သို့သော် ဘယ်က အဝတ်အစားရနိုင်မည်နည်း။

ဟော . . . ရှေ့မှာ ပုဏ္ဏေးမတစ်ယောက်။ ဘုရားသိကြားမတာပဲ ထင်သည်။ ပုဏ္ဏေးမကလည်း နေပြည်တော်ဆီက အုတ်အုတ်ကျက်ကျက် အသံတွေကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်နေပုံရသည်။

"ဟဲ့ . . . ပုဏ္ဏေးမ ခဏနေဦး"

သူ့ခြုံစောင်ကို ကျွန်မ လှမ်းဆွဲလိုက်တော့ သူ လန့်သွားသည်။

"ဘာမှ မကြောက်ပါနဲ့ဟယ်၊ ငါ့ကို တစ်ခုကူညီစမ်းပါ။ ဒီမှာ ငါ့ထဘီနဲ့ ခြုံစောင်ကို နင်ယူ၊ နင့်ထဘီနဲ့ ခြုံစောင်ကို ငါ့ပေးပါ၊ ငါ့ဟာက အဖိုးတန်တွေပါ။ အို . . . ငါ ငွေစလဲ ထပ်ပေးဦးမယ်၊ လဲပါဟယ်"

"အစ်မက"

"အို . . . ဘာမှပြောမနေနဲ့ လာ . . . "

http://www.nyisay.com



ချုပုတ်တစ်ခုဆီသို့ သူ့ကို ကျွန်မ ဆွဲခေါ်လိုက်သည်။ သူ စိတ်ပါလာအောင် ကျွန်မက ငွေစအနည်းငယ်ကို အရင်ထုတ်ပေးလိုက်သည်။ သည်တော့မှ ပုဏ္ဏေးမ သဘောကျသွားသည်။

"ဒီညတော့ အရှင်သခင်ကြီးတွေ၊ နတ်ဒေဝါတွေ မတာပဲ။ ကြည့်စမ်း . . . ငါ့အဝတ်အစားတွေနဲ့ သူ့ အကောင်းစားအဝတ်တွေနဲ့ လဲရမတဲ့၊ ပေးပေး . . . လဲမယ်"

ပုဏ္ဏေးမက အရေးထဲ ဘုရားဝတ်ပြုတော့မည် လုပ်နေသဖြင့် ကျွန်မ ခပ်သုတ်သုတ်ပင် သူ့အဝတ်တွေကို ချွတ်ခိုင်းရသည်။

သည်လိုဖြင့်ပင် ချုပုတ်အကွယ်မှ ထွက်လာပြီးနောက်တွင် ကျွန်မသည် ညစ်ထေးစုတ်ချာသော ခြုံစောင်၊ ထဘီတို့ဖြင့် လုံးဝ ရုပ်သွင်ပြောင်းသွားခဲ့သည်။ လိုရမယ်ရဆိုပြီး ပုဏ္ဏေးမပါလာသော ဆန်ထုပ်ကလေးကိုလည်း တောင်းတောင်းပန်ပန် ယူထားလိုက်သည်။ သူ့အဝတ်တွေက ညှင်းသိုးသိုးအနံ့ နံသော်လည်း ဤအနံ့များအောက်မှာပင် ကျွန်မသည် လုံခြုံမှု ရရှိခဲ့ပေပြီ။

သို့သော် တကယ်တမ်း အသက်ဘေးမှ လုံခြုံစိတ်ချရရန်မှာမူ နေပြည်တော်ကြီးနှင့် ဝေးလေကောင်းလေပင် ဖြစ်သည်။ ခိုလှုံပုန်းအောင်းစရာနေရာကို နောက်မှ စဉ်းစားရတော့မည်။ အခုနေမှာတော့ ဝေးနိုင်သမျှ အဝေးဆုံးသို့ ပြေးခြင်းသာ လွတ်မြောက်ရာဖြစ်သည်။

လဆုတ်တစ်ညဉ့်တာ ကာလလုံး ကျွန်မခြေလှမ်းများသည် တုန့်ရပ်သည် မရှိတော့။

(၃)

ပျို့အန်စ အရုဏ်အလင်းရောင်အောက် ဟိုးအရှေ့ဆီမှာ ကြွက်နဖားတောင်ကို တွေ့နေရပေပြီ။ ညို့နေသော တောရိပ်တောင်ရိပ်ကို မြင်ရသောအခါ ကျွန်မရင်မှအပူတို့ သက်သာရာရစ ပြုသည်။ ကြွက်နဖားတောင်သည် တောင်ငယ်တစ်လုံးမျှသာ ဖြစ်သည်။ သို့သော် တောင်ခြေတစ်ဝိုက်မှာ တောရှိသည်။ ရိုးမတောင်ကြီး၏ အငွေ့အသက်များဖြင့် ဆို့ဆို့ဆိုင်းဆိုင်း သစ်ပင်အုပ်များ၊ စမ်းချောင်းများ၊ ကျောက်ချပ်ကမ်းပါးများ ရှိသည်။

တစ်ညဉ့်လုံး မနားတမ်းပြေးခဲ့ရသဖြင့် ခြေကုန်လက်ပန်းကျချင်နေသော ခွန်အားများကို အသက်ပြင်းပြင်းတစ်ချက် ရှူရှိုက်ကာ မာန်သွင်းလိုက်ရသည်။

http://www.nyisay.com



တောတောင်တို့ကို ဖြတ်သန်းလာသော အရက်ဦးလေပြည်ကား ကျွန်မအတွက် တန်ဖိုးရှိလွန်းလှပေသည်။

ခြေလှမ်းတို့ ပြန်သွက်လာသည်။ ကျိန်းစပ်နေသော မျက်လုံးများ ပြန်ရှင် ကြည်လင်လာသည်။ တောင်ခြေပြန့်ဆီမှ ဆီးတောရှိရာသို့ ကျွန်မ စတင် ချဉ်းကပ်မိသည်။

ထိုအခိုက်တွင် ဆီးပင်အုပ်ထဲမှာ လှုပ်လှုပ်ရှားရှားသဏ္ဍာန်တစ်ခုကို တွေ့လိုက်ရလေသည်။ အောက်ပိုးကျိုက် ပုဆိုးအရောင်ကြောင့် ကျွန်မ ရင်ထဲမှာ ထိတ်သွားသည်။ ပုဆိုးအရောင်ကား ကျွန်မရင်နှိုးနေသော နန်းတော်သုံး အဝါရောင်။

နောက်ကြောင်း ပြန်လှည့်ပြေးရန် ကျွန်မ ခြေလှမ်းပြင်လိုက်သည်။ သို့သော် ထိုသဏ္ဍာန်ကလည်း ဆီးပင်အုပ်ကို တစ်ဘက်မှပတ်ပြီး လှည့်အထွက် ဖြစ်သောကြောင့် ရင်ဆိုင် ပက်ပင်းတိုးမိတော့သည်။

"ဟင် . . . မောင်ချစ်"

ထိတ်လန့်မှုအလုံးကြီး ရင်မှ ပြုတ်ကျသွားသည့်အချိန်မှာပင် ဝမ်းသာအားရ ကျွန်မ အော်လိုက်မိသည်။

"မောင်ချစ် . . . ငါပါ မငြိမ်းသာလေ"

"ဟယ် . . . မငြိမ်းသာ"

ယခုတော့ ကြွက်နဖားတောင်ထိပ်ပေါ်မှ လျှောကျနေသော နေရောင် ဖျော့ဖျော့က ကျွန်မကိုယ်ပေါ်မှ ပုဏ္ဏေးမ အဝတ်အစားတွေကိုပင် ထင်ထင် ရှားရှား မြင်သာစေလောက်ပြီ။

"မငြိမ်းသာ . . . ခင်ဗျား ဘယ်လိုဖြစ်လာတာလဲ။ ဒီအထိ ပြေးခဲ့တယ် ဟုတ်လား"

"အေး . . . နင်ကော၊ ဘယ်လိုလုပ်ပြီး ဒီနေရာ ရောက်နေတာလဲ"

"ကျုပ် . . . မြင်းနဲ့ပြေးလာတာ၊ စံအိမ်တော်ကို စဝိုင်းကတည်းက မြင်း ဇောင်းထဲခုန်ချပြီး မြင်းတစ်ကောင် ဆွဲစီး ဒုန်းစိုင်းလာတာပဲ"

"အခု နင့်မြင်းကောဟင် . . . "

"ဟိုဘက်တောစပ်မှာ ကျောက်ချပ်ကြားထဲ ခြေကျွံပြီး ခြေကျိုးသွား ပြီဗျာ"

မောင်ချစ်သည် ပြည်မင်းသားကိုယ်တော်ကြီး စံအိမ်တော်အမှုထမ်း

http://www.nyisay.com



တစ်ယောက်ပင် ဖြစ်သည်။ ကိုယ်တော်ကြီး၏ ထီးတော်မိုးအဖြစ် သူ အမှုထမ်းခဲ့ဖူးသည်။ အခုတော့ သူ မြင်းဇောင်းဘက် တာဝန်ကျနေသည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်လူချင်း တွေ့ရပြီ။

"နေစမ်းပါဦး မငြိမ်းသာ၊ ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ။ ကျုပ်တို့ ကိုယ်တော်ကြီးကို သူပုန်လို ဝိုင်းကြတော့တာပါပဲလား။ ဘုရင့်တပ်မှာ ရဲမက် တစ်ထောင်လောက် ပါတယ်တဲ့"

"ဒါတွေ ငါမသိဘူး မောင်ချစ်"

"အခု ကိုယ်တော်ကြီးကော၊ ကိုယ်လွတ်ရုန်းပြေးတယ်လို့တော့ ကြားတာပဲ။ ကျုပ်တို့ကော ဟင် . . . စံအိမ်တော် အမှုထမ်းတွေကော ပုန်စားသူတွေ ဖြစ်ကုန်ကြပြီလား"

"ဒါတွေလဲ ငါ မသိချင်ဘူး။ အရေးကြီးတာက ငါ့ရင်ခွင်ထဲက ဟောဒီ ကလေး"

ပုဆိုးမ၏ ခြုံစောင်ကို ကျွန်မ လှပ်ပြလိုက်သည်။ သားတော်လေး ထိပ်တင်တုတ်ကား မျက်စိနှစ်လုံး ပွင့်နေလေပြီ။

"ဟင် . . . ထိပ်တင်တုတ်ကိုယ်တော်လေးပါလား၊ ဘုရား . . . ဘုရား၊ မငြိမ်းသာရယ်၊ ခင်ဗျား အန္တရာယ်ကြီးလှချည်လား။ သားတော်လေးကို ရင်ခွင် ထဲပိုက်ပြီး ခင်ဗျား အခုလို . . . . "

"ငါဟာ သားတော်လေးရဲ့ နို့ထိန်းမိခင်လေ မောင်ချစ်၊ ဒါဟာ ငါ လုပ် ရမယ့်အလုပ်ကို ငါ လုပ်ခဲ့တာပဲ။ မင်း ဘာမှပြောမနေနဲ့။ ငါပြောတာပဲ နား ထောင်"

မောင်ချစ်သည် ကျွန်မထက် ငယ်ရွယ်သူ ဖြစ်သည်။ အမှုတော်ထမ်း အရာအနေဖြင့်လည်း ကျွန်မထက် နိမ့်သူဟု ဆိုနိုင်သည်။ အရှင်သခင်များကို ကျွန်မလို နီးနီးကပ်ကပ် ဝင်ထွက်ခစားခွင့်ရသူ မဟုတ်။ ထို့ကြောင့် မောင်ချစ် ကို ကျွန်မ ဩဇာပေးနိုင်သည်ဟု ကျွန်မကိုယ် ကျွန်မ သတ်မှတ်လိုက်သည်။

"ဒီမှာ မောင်ချစ်၊ ခုချိန်မှ ဘာတွေမှ ပြောမနေနဲ့၊ ကြွက်နဖားတောင် ခြေကို ရောက်လာပြီဆိုပေမယ့် အန္တရာယ်က မကင်းသေးဘူး။ ခုလို မနက်လင်း လာချိန်မှာ ပိုပြီး မြင်မြင်ထင်ထင် မြင်လာတော့ ငါတို့ ဝေးနိုင်သမျှ ဝေးရာကို ပြေးမှဖြစ်မယ်။ ဒီတော့ . . . "

ရုတ်ခြည်း ခေါင်းထဲပေါ်လာသော စိတ်ကူးအတိုင်း ပြောလိုက်သည်။

http://www.nyisay.com



"နင့်အဝတ်အစားတွေ ဒီအတိုင်း မဖြစ်သေးဘူး။ ကိုယ်ကြြပ်ကို ချွတ်ပစ်။ ကိုယ်ဗလာနဲ့နေ၊ နင့်ပုဆိုး အဝါရောင်ကလဲ နန်းတွင်းအမှုတော်ထမ်းတွေ ဝတ်တဲ့အရောင်မှန်း သိသာတယ်။ ဒီတော့ နင့်ပုဆိုးကို ပြောင်းပြန်လှန်ပြီး အောက်ပိုးကျိုက်မဝတ်ဘဲ ပုဏ္ဏားတွေဝတ်သလို ဒူးတစ်ဘက်တင် တစ်ဘက် ကျဝတ်၊ နင့်သျှောင်ကို ပဝါနဲ့ဖုံးပစ်"

"ဟင် . . . ဘာဖြစ်လို့ ကျုပ်က ဒီလို"

"ပုဏ္ဏားတစ်ယောက်နဲ့ တူနိုင်သမျှတူအောင် နင့်ကို ရုပ်ပြောင်းခိုင်းနေတာ"

"ရုပ်ပြောင်းပြီးတော့ ကျုပ်က ဘာလုပ်ရမှာလဲ"

ပုဏ္ဏေးမ၏ ညစ်ထေးလှသော ခြုံစောင်ကို ကျွန်မ လှုပ်ရမ်းပြလိုက်သည်။

"ငါ့ကိုကြည့်လေ၊ ငါက ပုဏ္ဏေးမ အဝတ်တွေနဲ့ဆိုတော့ နင်လဲ ပုဏ္ဏားလိုဝတ်ပြီး ငါနဲ့ လင်မယားဟန်ဆောင်ဖို့"

"ဗျာ . . . "

"ရော် . . . ခက်လိုက်ပါဘိတော့၊ ကဲ . . . လုပ်စမ်း၊ ဘာမှ အူတူတူ ဖြစ်မနေနဲ့။ အရေးရယ်၊ အကြောင်းရယ်ဆိုရင် နင်နဲ့ငါ လင်မယားလို့ပြော၊ ကြွက်နဖားတောင်ခြေက နွားခြံတွေမှာ နွားဈေးလာသယ်တာလို့ပြော၊ ကဲ . . လုပ်စမ်းဟာ။ ဒါ အသက်အန္တရာယ်ဘေး . . . နင် ဘာသိလို့လဲ"

ကျွန်မ ခပ်ငေါက်ငေါက်ပြောလိုက်တော့ မောင်ချစ် ဆီးပင်တောအုပ်လေးထဲ ဝင်သွားသည်။

မောင်ချစ် ဆီးပင်တောအုပ်ထဲမှ ပြန်ထွက်အလာကို ကျွန်မ စောင့်နေချိန်မှာပင် ကြွက်နဖားတောင်ကြော၏ တစ်ဘက် ကျောက်တောင်အကွယ်မှ မြင်းစီးရဲမက်များ ထွက်လာကြတော့သည်။ မောင်ချစ်ဝင်သွားသည့် ဆီးတောထဲသို့ ကျွန်မ ပြေးဝင်ရန် ခြေလှမ်းပြင်လိုက်သော်လည်း ကျွန်မ နောက်ကျသွားခဲ့ပြီ။

မြင်းသုံးစီးက ကျွန်မရှိရာသို့ အသားကျ နှင်လာကြသည်။

ခြုံစောင်ကို ပို၍ တင်းကြပ်စွာ ရစ်ပတ်လိုက်သည်။ ထိပ်တင်တုတ်လေး၏ မျက်နှာကိုကား လုံအောင်မဖုံးနိုင်။ သို့သော် ကလေး၏ရုပ်အသွင် ဝိုးတဝါး ဖြစ်သွားအောင် ခြုံစောင်အနားစများကို မျက်နှာတစ်ဝိုက်မှာ ဖွထားလိုက်သည်။

http://www.nyisay.com



ကျွန်မ စိတ်ပိုင်းဖြတ်ပြီးပြီ။ ကျွန်မ အသက်ရှင်လျက်နှင့်တော့ ထိပ်တင်တုတ်ကလေးကို သင်းတို့ မရစေရ။ ထိတ်လန့်ခြင်းနှင့် ဆူပွက်ခြင်းတို့ဖြင့် ကျွန်မ တစ်ကိုယ်လုံး တရှိန်ရှိန် ဖြစ်နေသည်။

မြင်းစီးရဲမက်များ ကျွန်မဘေးသို့ ရောက်လာကြသည်။ အရှေ့ဘက်အရပ်ကို ကျွန်မ ကျောပေးရပ်လိုက်သည်။ သူတို့က ကြွက်နဖားတောင်ရှိရာ နေရောင်ဖြာကျစပြုရာ အရှေ့ကို မျက်နှာပြုလျက်၊ အလင်းရောင်ကို ကျောပေးရပ်လိုက်ခြင်းအားဖြင့် ကျွန်မ မျက်နှာနှင့် ကိုယ်ရှေ့ပိုင်းကို အမှောင်ရိပ်ကျသင့်သလောက် ကျစေလိုက်သည်။

"ဟဲ့ . . . ပုဏ္ဏေးမ အချိန်မတော်ကြီးပါလား"

ရဲမက်တစ်ဦးက မြင်းပေါ်မှ လှမ်းမေးလိုက်သည်။ သူတို့အားလုံး မြင်းပေါ်မှ မဆင်းကြ။ ကျွန်မ အသံမတုန်မိစေရန် မနည်းကြီး အားတင်းထားရသည်။

"နောက်ချေးခြောက်လုပ်ဖို့ နွားချေးတွေ လာကြုံးတာပါ ဗိုလ်မင်း"

"အေး . . . နွားချေးလာကြုံးတာက ကိစ္စမဟုတ်ဘူး။ အခု ငါတို့ဟာ ရွှေနန်းတော်ကြီးအမိန့်နဲ့ ထွက်ပြေးသွားတဲ့ ရာဇဝတ်သားတွေ လိုက်ရှာနေတာ။ အဲဒီထဲမှာ သုံးနှစ်အရွယ် မင်းသားလေးလဲ ပါတယ်။ နင့်ရင်ခွင်ထဲက နင့်ကလေးလား၊ ဘယ်နှနှစ် ရှိသလဲ"

"အခါလည်သာသာပဲ ရှိပါသေးတယ် ဗိုလ်မင်း"

"သွားသွား . . . တော်ရာသွားစမ်း၊ တိုင်းရေးပြည်ရာ ဘာဖြစ်လို့ ဘာဖြစ်မှန်းမသိ၊ တော်ကြာ နင့်ကလေးပါ မှားပါသွားဦးမယ်"

မြင်းစီးရဲမက်များက ကျွန်မဘေးမှ ဖြတ်ကျော်ကာ မြောက်ဘက်သို့ ဒုန်းစိုင်းသွားကြတော့သည်။ ဘုရား . . . ဘုရား . . . ကံကြီးပေလို့ပေါ့ သားတော်လေးရယ်။ ကျွန်မ ပရိယာယ်မာယာ ကောင်းလွန်းသောကြောင့်လည်း မဟုတ်နိုင်၊ ရဲမက်တွေ ထူလွန်းအလွန်းသောကြောင့်လည်း မဟုတ်နိုင်၊ အန္တရာယ်ကြီးနဲ့ ရင်ဆိုင်တည့်တည့်တိုးမိပြီးမှ အလွယ်တကူ ရှောင်လွဲလိုက်နိုင်ခြင်းမှာ သားတော်လေး၏ ဘုန်းကံကြောင့်သာ ဖြစ်ပါလိမ့်မည်။

အကြောက်မပြေသေးသော လှိုက်ခုန်ရင်တွင် သားတော်လေးအား ပွေ့ဖက်ဖိကပ်ရင်းဖြင့် ဆီးပင်တောအုပ်ထဲသို့ ကျွန်မ လှမ်းကြည့်သည်။ ဆီးတောထဲမှာ ဟိုအဝေးဆီ ပြေးသွားသော အဝါရောင်သင်္ကန်းကို တရိပ်ရိပ် မြင်လိုက်

http://www.nyisay.com



ရသည်။ ဩော် . . . မောင်ချစ်၊ မြင်းခွာသံလည်း ကြားရော သူလည်း ပြေးပါ ရောလား။

ဘယ်သူ့ကိုမှ အားကိုး၍မရတော့မှန်း ကျွန်မ သိလိုက်ပြီ။

သားတော်လေး၏ ဘုန်းကံရှိရိုးမှန်ပါက၊ ထို့အပြင် သားတော်လေးအပေါ် ထားရှိသော ကျွန်မ၏ မေတ္တာသံယောဇဉ် မြဲမြဲကြီးမားသည် မှန်ပါက၊ ထို့အပြင် ဤအရေးတော်ကြီးသည် အပြစ်မဲ့သူများ မတရားသဖြင့် ခံရရိုးမှန်ပါက သား ကလေး အသက်ဘေးမှ လွတ်ကင်းချမ်းသာပါစေဘုရား . . . . ။

ကြွက်နဖားတောင်ထိပ်ပေါ်မှ လင်းလက်ဖြာဆင်းလာသော နေရောင် တန်းများကို မော့ကြည့်ရင်း ကျွန်မ သစ္စာဆို တိုင်တည်လိုက်တော့သည်။

## (၄)

တောင်ခြေ တောတွင်းက စေတီငယ်လေးတစ်ဆူရှေ့ ရောက်ချိန်တွင် ကျွန်မ ယိမ်းယိုင်ပြိုလုမတတ် ဖြစ်နေပေပြီ။ အရိပ်အာဝါသကောင်းလှသော ကုက္ကိုပင်ကြီးများအောက်တွင် ကျွန်မ ရင်တစ်ခုလုံး ပူလောင်နေသည်။ ခြေဖ ဝါးတွေ ကျိန်းစပ်နေသည်။ ခေါင်းတွေ အုံ့ခဲ မူးဝေနေသည်။

စိတ်တစ်ချက်ကလေးသာ လျှော့ပေးလိုက်ပါက တစ်ခါတည်း ဘုံးဘုံး လဲကျသွားတော့မည်ဟု သိလိုက်သည်။ အလွန်အမင်း အိပ်ချင်ခြင်းကြောင့် နားထဲမှာ တစီစီအသံတွေ ကြားနေရသည်။

"မယ်မယ် . . . ဗိုက်ဆာ"

ဝေဒနာအားလုံးကို ကျော်လွှားလွန်မြောက်သွားစေသည့် သားလေး၏ အသံကြောင့် ကျွန်မအားတင်းကာ နားထောင်လိုက်ရသည်။ ညှံ့သက်သော မြက်ခင်း၏အအေးဓာတ်က ကျွန်မကို သိသိသာသာ ဟပ်လာသည်။

"မယ်မယ် . . . ဗိုက်ဆာ"

"အို . . . စားရမှာပေါ့ သားလေးရယ်"

ဆန်ထုပ်ကို ခါးစည်းကြိုးမှ ဖြုတ်ယူလိုက်သည်။

အသက်လု၍ ပြေးလာရသည်မို့ ကျွန်မ ဘာရိက္ခာမှ မသယ်နိုင်ခဲ့။ ဤ ဆန်ထုပ်ကလေးသည်ပင် ပုဏ္ဏေးမနှင့် အဝတ်အစားချင်းလဲစဉ်က သူ့ထံမှ တောင်းပန်ပြီး ရလာခဲ့ခြင်းဖြစ်သည်။ ရာဇဝတ်ဘေးမှ မပြေးစဖူး ပြေးခဲ့ရသော

http://www.nyisay.com



ဤအတွေ့အကြုံ ဆိုးကြီးတွင် ရိက္ခာဟူသည် ဘယ်လောက်အရေးကြီးကြောင်း ကျွန်မ ပထမဆုံး သိလိုက်ခြင်းဖြစ်သည်။

ဆန်ထုပ်ကို ဖြည်လိုက်ရသော်လည်း တည်စရာ ဘာအိုးမှမရှိ။ မီးလည်း မရှိ။ စေတီလေးဝန်းကျင်တစ်ဝိုက်တွင် ကျွန်မ ရှာကြည့်သည်။ ဘုရားရှင် ကယ်မတော်မူပါ။ သမ္မာဒေဝနတ်မင်းများ စောင်မတော်မူပါ။ သားတော်လေး ကို ကျွန်မ ထမင်းကျွေးပါရစေဘုရား။

အို . . . ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

စေတီငယ်၏ ဂူလိုဏ်သေးသေးလေးထဲမှာ ဆီမီးပူဇော်ထားသော အုတ်ခွက်လေးတစ်ခု၊ မီးတောက်လေးက ချည်နဲ့နဲ့။ ကြွက်နဖားတောင်ခြေ ရွာ တစ်ရွာရှိ တစ်ယောက်ယောက်က ဝတ်မပျက် လှူဒါန်းပူဇော်ထားသော ဆီမီး ဖြစ်ပေလိမ့်မည်။

မီးအတွက်တော့ ကျွန်မ စိတ်အေးရပြီ။

ထမင်းတည်စရာ အိုးမရှိ။ ဆန်ထည့်စရာ တစ်ခုခု . . . ။

စေတီအောက်ခြေ ဖိနပ်တော်ခုံလေးပေါ်မှ တစ်စုံတစ်ခုကို ကျွန်မ မြင် လိုက်ပြန်သည်။ ညောင်ရေအိုးလေးတစ်ခု။

စေတီရှေ့တွင် ကျွန်မ ကြုံ့ရရုံ့ ဒူးတွက် ထိုင်ချသည်။ နဖူးပြင်ထိပ် ထက်တွင် လက်အုပ်ကြာပဒုံ ဖူးငုံစေသည်။ ထို့နောက် ကျွန်မ ရင်နှင့်အမျှ အူလှိုက်သည်းလှိုက် ရွတ်ဆိုလိုက်တော့သည်။

*"မဟာကရုဏာတော်ရှင် မြတ်စွာသခင် ကိုယ်တော် မြတ်ကြီးဘုရား၊ တပည့်တော်၏ ရင်သွေးနှင့်မခြား ဖြစ်ပါ သော သားငယ်လေး၏ ဝမ်းမီးအာဟာရအတွက် ဖြစ်ပါ သည်ဘုရား။ ဘုရားတပည့်တော်မအား မြတ်စွာဘုရားရှင် ကိုယ်တော်၌ ထွန်းညှိထားသော ဆီမီးကိုလည်းကောင်း၊ ပန်းအလှူငှာ ပူဇော်ထားသော ညောင်ရေအိုးကိုလည်း ကောင်း . . . . "*

ကျွန်မ နှုတ်မှ ဆက်၍မလျှောက်နိုင်။ မနည်းကြီးအားတင်းပြီးမှ . . .

*"အပြစ်မဲ့သော ကလေးငယ်တစ်ယောက်အား မဟာ ကရုဏာတော် ရှေ့ထားသောအားဖြင့် . . . တပည့်တော်မ ကိုလည်း ငရဲအပြစ် မဖြစ်စေဘဲ . . . "*

http://www.nyisay.com



အမြီးအမောက်တည့်အောင် ကျွန်မ ဆက်မရွတ်တတ်တော့။ ထို့ကြောင့် စိတ်ထဲမှပင် တောင်းပန်လျှောက်ထားကာ ဆီမီးနှင့် ညောင်ရေအိုးတို့ကို ကျွန်မ လက်အုပ်ချီ၍ လှမ်းလိုက်တော့သည်။

ဆီမီးမှ မီးညွန့်ကလေးဖြင့် ထင်းစထင်းန သစ်ရွက်ခြောက်ကွဲလေးများကို အုံကာ မီးတောက်ဖြစ်အောင် လုပ်၊ ခဲသုံးလုံးကို ဖိုခနောက်ဆိုင် ထားပြီး ညောင်ရေအိုးထဲ ဆန်ထည့်၊ ရေထည့် . . . ။

စလောင်းဖုံးမပါသောကြောင့် ရေခန်းချက်လိုက်ရသော ထိုထမင်းသည် မနပ်တနပ် ဖြစ်သွားသော်လည်း အလွန့်အလွန် ဆာလောင်နေရှာသော သားတော်လေးက ထိုထမင်းကိုပင် မြိန်ရည်ယှက်ရည် လွေးရှာပါလေသည်။

သားလေးကိုကြည့်ရင်း၊ ထမင်းကျွေးရင်း၊ ဆီမီးနှင့် ညောင်ရေအိုးတို့ကြောင့် ကျွန်မ အပြစ်မဖြစ်နိုင်တော့ဟု ယုံကြည်မိလေသည်။

အဖြစ်ဆိုးကြီး စတင်ကျရောက်လာချိန်မှစပြီး တစ်ချိန်လုံး အားတင်းထားသော ကျွန်မ၏ မာန်များလည်း ဤအချိန်တွင် ရေနူးမြေစိုင်ကဲ့သို့ အရည်ပျော်ကျသွားကြတော့သည်။

သားလေး ထမင်းစားနေပုံကို ကြည့်ရင်း မြင်ကွင်းက မှုန်ဝေလာသည်။ ကျွန်မမျက်လုံးအိမ်တို့မှာ မျက်ရည်တွေ ဝန်းဖွဲ့လာကြပြီ။

(၅)

မဟာဆိမဟာသွေး ကလေးငယ်တစ်ယောက်ကို ရင်ခွင်မှာပွေ့ရင်း မင်းဘေးမင်းဒဏ်မှ ဝေးရာပြေးရသော ဤဒုက္ခကြမ်းကြီးကို ကျွန်မ ဘယ်နည်းနှင့် လွတ်မြောက်အောင် ရှောင်တိမ်းနိုင်ခဲ့သလဲဆိုသည်က ကျွန်မကိုယ် ကျွန်မ အံ့သြစရာဖြစ်နေတော့သည်။

ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ကျွန်မ ဝင်ခိုလှုံခဲ့ရသေးသည်။

ကျောင်းထိုင်ဆရာတော်ကြီးက ဘာမှ သိတော်မမူရှာသော်လည်း ဖိုးသူတော်ကြီးက ရိပ်မိသွားသည်။ ကျောင်းတွင် ကျွန်မ နှစ်ညသာ ပုန်းအောင်းခွင့်ရခဲ့သည်။ ပေါက်ပေါက်ဆုပ်နှင့် ဆန်ကြမ်းကလေး အနည်းငယ်နှင့် ဖိုးသူတော်ကြီးက ကျွန်မကို လွတ်ရာဘေးကင်းရာသို့ ဆက်ပြေးပါတော့။ ကျောင်းမှာ ခိုလှုံသွားသည်ကိုတော့ မပေါက်ကြားစေရ။ စိတ်ချသာနေပါဟု ဆိုသည်။

http://www.nyisay.com



သည်လိုဖြင့်ပင် ရိက္ခာထုပ်ကို ခေါင်းပေါ်ရွက်၊ ကလေးကို ခါးထစ်ခွင်၊ ရတနာထုပ်ကို ခါးစည်းကြိုးနှင့် ချည်နှောင်သို့ဝှက်ကာ ကျွန်မ ခရီးဆက်ခဲ့ရပြန်သည်။ မယ်သီလရှင် ချောင်တစ်ဆောင်သို့ ရောက်ခဲ့ရပြန်သည်။ သီလရှင်များထံရောက်တော့မှ အနည်းငယ် စိတ်အေးသက်သာခွင့် ရခဲ့သည်။

သားတော်လေး ထိပ်တင်တုတ်ကို ထီးသုံးနန်းသုံး စကားတွေ တွတ်တီးတွတ်တာ မပြောဖို့ မကြာခဏ ကြိတ်၍မှာရသည်။ သီလရှင်များကတော့ မိန်းမချင်းမို့ စာနာတတ်ကြလေသည်။ ထိုချောင်တွင် ကျွန်မ ရက်အတန်ကြာ ခိုလှုံရင်း နေပြည်တော်မှ သတင်းများကို စနည်းနာရသည်။

ကျွန်မတို့အရှင် ပြည်မင်းသားကိုယ်တော်ကြီးကို ဘာကြောင့် နန်းတော်ကြီးက ရဲမက်များနှင့် ဝိုင်းရံတိုက်ခိုက်ကြသနည်း။ ဘာကြောင့် မင်းတရားကြီး အမိန့်တော်၊ ခုခံလျှင် သုတ်ပုန်ဟု ဆိုကြလေသနည်း . . . ။ ကျွန်မသည် သားလေး ထိပ်တင်တုတ်၏ နို့ထိန်း အမှုတော်ထမ်းသာဖြစ်သည်။ ထီးရေးနန်းရေးကို ကျွန်မ မန့်စပ်၊ နန်းမြို့ စံအိမ်တော်က အတွင်းတော်အမှုထမ်းဖြစ်သော်လည်း သူတို့အရှင်သခင်တွေ၏ ရာဇပလ္လင်ထီးဖြူအရေးတွေကို ကျွန်မ စိတ်မဝင်စားရိုးအမှန်။

ကျွန်မသိသည်က သားတော်လေး ကျန်းမာသန်စွမ်းအောင်၊ ပျော်ရွှင်အောင် ထားမည်။ မဟာဆိမဟာသွေး ကလေးငယ်တို့၏ နို့ထိန်းမိခင်တစ်ဦးအနေဖြင့် ကျွန်မကိုယ်ကျွန်မ ကျန်းမာသန်စွမ်းသော မိန်းမတစ်ဦးဖြစ်အောင် နေထိုင်ကျင့်သုံးမည်။ သားတော်လေးအား သန့်ရှင်းလတ်ဆတ်သော နို့ချိုတိုက်ကျွေးနိုင်အောင် ကျွန်မကိုယ် ကျွန်မ ထိန်းသိမ်းစောင့်ရှောက်မည်။ ပြီးတော့ အထိန်းတော်တို့ တတ်အပ်သော ပညာရပ်တွေကို ဆည်းပူးမည်။ ကျွန်မစိတ်ဝင်စားသည်မှာ ဒါပဲဖြစ်သည်။

ကျွန်မကိုယ်တိုင် နို့ချိုတိုက် ကျွေးမွေးခဲ့ရသော ထိပ်တင်တုတ်ကလေးကို ကျွန်မ သားအရင်းနှင့်မခြား တွယ်တာလာမိသည်မှာ ဘာမှ မဆန်း။ အထူးသဖြင့် ပြည်မင်းသားကိုယ်တော်ကြီးနှင့် ခဲပေါင်မင်းသမီး ထိပ်ထားတို့မှ ဖွားမြင်သော ရင်သွေးတော်ခြောက်ပါးတွင် အငယ်ဆုံး သားတော်လေးဖြစ်သောကြောင့် ကျွန်မ ပို၍ သံယောဇဉ်ကြီးမား သနားကရုဏာ ပိုခဲ့မိသည်။ အသက်သုံးနှစ်ရွယ် သားတော်လေးကား လောကကြီး၏ အကောင်းအဆိုး၊ အစွန်းအထင်းမှန်သမျှတို့မှ လွတ်ကင်းသူ။ ဤလောကကြီးဆီမှ ပေးအပ်လာသမျှကို အပြစ်ကင်းစွာ

http://www.nyisay.com



လက်ခံရယူရရှာမည့်သူ။

ယခုတော့ သားတော်လေးသည် အရွယ်နှင့်မမျှ မင်းပြစ်ရာဇဝတ်ဘေးမှ ပြေးထွက်လာသူ ဖြစ်နေရရှာပြီ။

သားတော်ကြီးများဖြစ်လေသော ပြည်မင်းသား၊ ပခန်းမင်းသား၊ မင်းတုန်းမင်းသား၊ ကနောင်မင်းသားတို့သည် အပြိုင်းအရိုင်းပင် ရှိနေကြသည်။ သို့သော် တောင်နန်း၊ အလယ်နန်း၊ အနောက်နန်း မိဖုရားကြီးတို့မှ ဖွားမြင်သော သားတော်များဖြစ်နေကြခြင်းသည်ပင်လျှင် ပြဿနာပေလား၊ ကျွန်မ တိတိကျကျ မသိ။

ထီးမွေနန်းလျာ ဆက်ခံစိုးစံရေးသည် ရွှေနန်းတော်ကြီးတွင် ရှုပ်ထွေးလှဘိခြင်း။ ကျွန်မလို နို့ထိန်း ကိုယ်လုပ်တော်တစ်ဦးအဖို့ အလှမ်းမမိနိုင်။ သူ့လူကိုယ့်လူ စည်းတားခွဲခြားကြသည့် နယ်နိမိတ်ကို ကျွန်မ မမြင်တတ်နိုင်။

ယခုကော သာယာဝတီမင်းခေါ် ရွှေဘိုမင်းတရားသည် ဘာကြောင့် အလယ်နန်းမိဖုရားကြီးမှဖွားသော မိမိ၏ သားတော်ကြီးကို သူပုန် သတ်မှတ်ရပါသနည်း။

တကယ်တော့ ကျွန်မ၏ အရှင်သခင် ပြည်မင်းသားကြီးသည် နေပြည်တော်တွင် လူသိများထင်ရှားပြီး လူချစ်လူခင် ပေါသူဖြစ်သည်။ အလယ်နန်းမှ ဖွားမြင်ခဲ့သူဖြစ်သော်လည်း အနောက်နန်းမိဖုရား မမြလေးကို အမေ အဒေါ်ရင်းနှင့်မခြား လေးစားခင်မင်သူ ဖြစ်သည်။ ပြောကြစတမ်းဆိုလျှင် ကျွန်မတို့သခင် ပြည်မင်းသားကြီးသည် သားတော်ကြီးလည်းဖြစ်၊ မှူးမတ်လွှတ်တော်၏ ဆန္ဒနှင့်လည်း ကိုက်ညီ၊ ပြည်သားပြည်သူတို့ကလည်း လိုလားသူတစ်ယောက်အနေဖြင့် ထီးဖြူတော်နှင့် ထိုက်တန်သူဟု အားလုံးက သတ်မှတ်ထားကြချေသည်။

သို့သော် ပုဂံမင်းသား၏ မယ်တော်၊ တောင်နန်းမိဖုရားကြီးကတော့ ဤအရေးတွင် ချက်ကောင်းကို စောင့်နေသည်ဟု ကျွန်မ သဲ့သဲ့ကြားဖူးသည်။ တောင်နန်းမိဖုရားကြီးက သူ့သားတော် ပုဂံမင်းသားကိုသာ ထီးဖြူပလ္လင်ဆောင်နှင်းချင်သည်ဟု ဆိုသည်။ သားတော် ဘုရင်ဖြစ်ရေးကို တောင်နန်းမတော် သွေးအေးအေးဖြင့် ကြံစည်နေကြောင်း၊ စိတ်ဝေဒနာ စွဲကပ်ဖောက်ပြန်နေသော မင်းတရားအနီးတွင် နေ့နေ့ညည ပြုစုရင်း မင်းတရားကို ခြယ်လှယ်နေကြောင်း ရွှေနန်းတော်တွင် သတင်းထွက်ဖူးသည်။

http://www.nyisay.com



ဒါတွေကို ကြားခဲ့စဉ်က ကျွန်မသည် ကိုယ်နှင့်မဆိုင်ဟု သဘောထားခဲ့ ရိုး အမှန်ပင်။ ကျွန်မတို့သခင် ပြည်မင်းသားကြီး၏ သားတော်အကြီးဆုံး အမြင့်မြို့စား သတိုးမင်းစောနှင့် အနောက်နန်းမတော်ကြီး၏ သမီးတော် လှိုင်ထိပ်ခေါင်တင်တို့ကို လက်ဆက်ထိမ်းမြားပေးဖို့ လူကြီးချင်း သဘောတူထား ကြသည်ဟု ကြားသိခဲ့ရစဉ်ကလည်း ကျွန်မ ဘာမှ ထူးခြား ဝမ်းသာ မခံစားခဲ့ရ။

အို . . . အခုတော့ ကျွန်မ စိတ်မဝင်စားခဲ့သော၊ ကိုယ်နှင့်မဆိုင်ဟု သဘောထားခဲ့သော ထိုထီးရေးနန်းရေးများက ကျွန်မ မငြိမ်းသာကို ရစ်ပတ်ယှက်နွယ်ကြပေပြီ။ တစ်နွယ်ငင်တော့ တစ်စင်ပါရလေပြီ။ ကျွန်မ မပတ်သက်ချင်လို့ မရတော့။ မင်းတရား၏မြေးတော်ဖြစ်လေသော ထိပ်တင်တုတ် မင်းသားလေးကို ပွေ့ပိုက်လျက် ကျွန်မ ရှောင်ပုန်းနေရပြီ။

အခုတော့ မိငြိမ်းသာကိုယ်တိုင် သူပုန်ဖြစ်နေပြီလား။

သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ ကြည့်နေတော် မမူကြပါနှင့် ဘုရား . . . .။

(၆)

တစ်လကျော်နှစ်လတွင်း ချဉ်းနင်းတော့မည်။

မှတ်မှတ်ရရ ဝါခေါင်လဆုတ် ခြောက်ရက်နေ့ညကြီးမှာ ကျွန်မ ထိပ်တင်တုတ်ကလေးကို ပိုက်လျက် ပြေးခဲ့သည်။ သီလရှင်ကျောင်းမှာ ကျွန်မတို့ သားအမိအတွက် တကယ်လုံခြုံသော နေရာပါပေ။

တစ်နေ့မှ ရတက်မအေးနိုင်ဘဲ နေလာခဲ့ရာမှ သီတင်းကျွတ်လသို့ပင် ရောက်ခဲ့ပေပြီ။ ဤကာလတွေအတွင်း ကျွန်မက အပြင်ထွက်၍ စနည်းမနာရဲသောကြောင့် သီလရှင်များကိုသာ အားကိုးရတော့သည်။

ဒေါ်ပုညဝတီနှင့် ဒေါ်ခေမာတို့ကား တကယ် အားထားရသူများ ဖြစ်လေသည်။ သီလရှင်ဆိုသည်က ဆွမ်းဆန်ဗန်းချပ်ကလေး ရွက်ကာ နေရာအနှံ့ ရောက်တတ်သည်ဖြစ်ပေရာ ကျွန်မမှာ သာသနာတော်ရိပ်မှာ အေးချမ်းစွာခိုလှုံနေကြသော သူတို့ကို အားမနာနိုင်တော့ဘဲ ရွှေနန်းတော်ကြီးသတင်းကို ရနိုင်သမျှ စနည်းနာခဲ့ကြပါရန် တောင်းပန်ရတော့သည်။

ကြင်နာတတ်သော ဒေါ်ပုညဝတီနှင့် ဒေါ်ခေမာတို့သည် ကျွန်မ၏

http://www.nyisay.com



သောကနှင့် သားလေး ထိပ်တင်တုတ်၏ အရွယ်နှင့်မမျှ ဒုက္ခကို စာနာထောက်ထားစွာဖြင့် ရတတ်သမျှ သတင်းလေးများကို ယူလာတတ်ကြသည်။

သို့ဖြင့်ပင် ကျွန်မသည် သီလရှင်ကျောင်းမှာ မြေတွင်းအောင်း ပွေးတစ်ကောင်လို ပုန်းခိုနေရင်းမှ ရွှေနန်းတော်သတင်းအချို့ကို ရခဲ့လေသည်။

"ပြည်မင်းသားကြီးကိုယ်တော်ကြီးဟာ သားတော်ကြီး လေးပါးနဲ့အတူ သစ္စာရှိရှိ ကျွန်ရင်းအချို့ကိုပါ စုရုံးခေါ်ယူပြီး အလွတ်ရုန်း ထွက်ပြေးတိမ်းရှောင်သွားကြသတဲ့ မငြိမ်းသာရဲ့"

ဩော် . . . ကိုယ်တော်ကြီးသည် သားတော် သတိုးမင်းစော၊ သတိုးမင်းဖျား၊ သတိုးမင်းလှ၊ သတိုးမင်းဒင်တို့ကို အရခေါ်သွားနိုင်ခဲ့ပါတကား။

"မငြိမ်းသာရဲ့ အရှင်မ ခဲပေါင်မင်းသမီး ပြည်ထိပ်ထားကတော့ ဘယ်မှ မပြေးနိုင်ရှာဘူးတဲ့။ ထိပ်ခေါင်တင် သမီးတော်လေးနဲ့အတူ စံအိမ်တော်မှာ ကျန်ရစ်ခဲ့သတဲ့ . . . "

"ဘုရား . . . ဘုရား . . . လင်မမိလိုက်လို့ မယားကိုများ"

ကျွန်မမှာ စိုးရိမ်သောကဖြင့် ဆောက်တည်ရာမဲ့ ဖြစ်သွားခဲ့သည်။

"ဒါပေမယ့် သိပ်လည်း မစိုးရိမ်ပါနဲ့ မငြိမ်းသာရယ်။ ပုဂံမင်းသားနဲ့ နှမတော် စုဖုရားကြီး စကြာဒေဝီဟာ အခု ရွှေနန်းတော်ကြီးမှာ ဆွေတော်မျိုးတော် ဒုက္ခသည်တွေရဲ့ ခိုလှုံအားထား ကယ်တင်ရှင်ကြီး ဖြစ်နေတယ်တဲ့။ ခဲပေါင်ထိပ်ထားတို့ သားအမိကိုလည်း စကြာဒေဝီက ခေါ်ပြီး စောင့်ရှောက်ထားတယ်လို့ ကြားရတယ်"

"ဒီသတင်း သေချာရဲ့လား ဆရာကြီးရယ်"

ဒေါ်ပုညဝတီက ကျွန်မပခုံး ဖျစ်ညှစ်ဆုပ်နယ်လျက် . . . ။

"မငြိမ်းသာ စိတ်အေးရအောင်ဆိုပြီး ဆရာလေးတို့ဟာ မဟုတ်တာ ပြောပါ့မလား။ ဟောဒီမှာ စကြာဒေဝီရဲ့ အဆောင်တော်မှာ ရောက်နေကြတဲ့ မင်းဆွေမျိုး ဒုက္ခသည်တွေစာရင်း၊ ဆရာကြီး အသေအချာ မေးမြန်းစုံစမ်းပြီးမှ မှတ်လာခဲ့ပါတယ်"

ဒေါ်ပုညဝတီက ကိုယ်ရုံကြားထဲမှာ သစ်ရွက်လိပ်ကြီးတစ်ရွက်ကို ထုတ်ပြသည်။ သစ်ရွက်ကို ဖြန့်လိုက်သောအခါ အပ်ဖျားလေးဖြင့်ဖောက်၍ ရေးထားသော အက္ခရာစာလုံးလေးများကို တွေ့ရသည်။

"ရရာပဲ မငြိမ်းသာရေ . . . ၊ သစ်ရွက်ခူးပြီး အပ်စူးနဲ့ဖောက်ရေးလာခဲ့ရ

http://www.nyisay.com



တာပဲ"

အပေါက်လေးတွေကို ကျွန်မ အမောတကော ဖတ်ကြည့်လိုက်သည်။

အို . . . ကြည့်စမ်းပါဦးတော့။ မင်းမြတ်စိုး၊ မင်းမြတ်လှတဲ့။ ဒါ . . . မြတောင်မင်းသမီးရဲ့ သမီးတော်နှစ်ပါးပေပဲ။ နောက် . . . မယ်စု။ သူက နန်းမတော် မယ်နု၏ သမီးတော်။ ပြီးတော့ လှိုင်ထိပ်ခေါင်တင်၊ စကြာမင်း၏ သမီးတော်၊ ကန္နီထိပ်ခေါင်တင်။ နောက် . . . ခင်အုံးပွင့်၊ သူက ဘယ်သူပါ လိမ့်၊ ဩော် . . . မှတ်မိပြီ၊ ပခန်းမင်း၏ မြောက်သားတော်ပါလား . . . . ။

စာရင်းက မကုန်သေး။ ပခန်းမင်းသမီးတော် မြင်းခုံတိုင်မင်းသမီး၊ ကောင်းတုန်မင်းသမီး . . . .။ ကြည့်ပါဦး . . . မင်းသမီးတွေ၊ အရွယ်ကောင်း လေးတွေ၊ အသက်ဆယ်နှစ်၊ ဆယ့်နှစ်နှစ်ကနေ နှစ်ဆယ်ဝန်းကျင် သမီးတော် လေးတွေပါလား။ ရေတွက်ကြည့်လိုက်တော့ ရှစ်ယောက်တောင်ရှိသည်။

"အဲဒီ စာရင်းထဲမှာ မငြိမ်းသာရဲ့သခင်မ ခဲပေါင်မင်းသမီး ပြည်ထိပ် ထားနဲ့ သမီးတော်လေး ထိပ်ခေါင်တင်တို့က နောက်ဆုံးရောက်လာကြတဲ့ ဒုက္ခ သည်တွေတဲ့"

ကျွန်မ မျက်ရည်စို့ရပြန်ပါပြီ။ စကြာဒေဝီမိဖုရားကိုလည်း စိတ်ကရည် မှန်း၍ လက်အုပ်ချီမိသည်။ ယောကျ်ားသားကြီးတွေ၏ ထီးရေး၊ နန်းရေး၊ အရှုပ် အထွေးကြားထဲမှာ ပုဂံမင်းသား၏ နှမတစ်ယောက်အနေဖြင့် ဤ ပင်တိုင်စံ စကြာဒေဝီမိဖုရားသည် ဒုက္ခသည်တွေခိုလှုံရာ တကယ့် ကျွန်းသောင်စခန်းပါ လား။

သခင်မ ထိပ်ထားနှင့် သမီးတော်လေး ထိပ်ခေါင်တင်တို့အတွက်တော့ စိတ်အေးသွားရပါပြီ။ သို့သော် ထွက်ပြေးတိမ်းရှောင်နေကြသော ကိုယ်တော် ကြီးနှင့် သားတော်လေးပါးတို့ ကြမ္မာကား ဘယ်သို့ ဖန်လာမည်မသိ။

ဩော် . . . ဘယ်ဘဝက ဝဋ်ကြွေးများပါလိမ့်ကွယ်။

မိသားစုလေးတစ်ခုမှာ သခင်နဲ့ သားလေးယောက် တစ်နေရာ၊ မိခင်နဲ့ သမီးတစ်ယောက်က တစ်နေရာ၊ အငယ်ဆုံးသားလေးနှင့် ကျွန်မ မငြိမ်းသာက တစ်နေရာ။ လင်ကွဲ၊ သားကွဲ၊ မယားကွဲ၊ သမီးကွဲ။

ဘယ်လိုကြမ္မာရိုင်းကြောင့် အပိုင်းပိုင်းအစစတွေများ ဖြစ်ရတာလဲ ရွှေ နန်းတော်ကြီးရယ်။

"မငြိမ်းသာရယ်၊ စိတ်မကောင်းဖြစ်မနေပါနဲ့တော့။ ကံ ကံ၏အကျိုးလို့

http://www.nyisay.com



သာ တရားနဲ့ဖြေယူ။ လောကဓံတရားဆိုတာ အကောင်းလေးပါး၊ အဆိုးလေးပါး ရှိသားမဟုတ်လား။ လောကကြီးမှာလည်း နေ့ညဆိုတာ ရှိသမို့လား။ ဒီလိုချည်းတော့ မနေပါဘူး။ တစ်နေ့တော့ ကံအလှည့်အခွင့်သင့်တဲ့အခါ ပေါ်လာပေဦးမပေါ့။ ဘုရားတရားကိုသာ မပြတ်အောက်မေ့ . . . ကြားလား"

ဒေါ်ပုညဝတီနှင့် ဒေါ်ခေမာတို့ကို ကျွန်မ ဘာမှ ပြန်မပြောမိ။

တစ်ခုကိုတော့ နှလုံးပိုက်လိုက်သည်။ တစ်ယောက်တစ်နေရာ သုံးစု၊ သုံးနေရာ ရောက်နေကြချိန်၊ ကျွန်မရင်ခွင်ထဲ ရောက်လာသော သားတော်လေး ထိပ်တင်တုတ် ဘေးရန်ကင်းစွာ လူလားမြောက်လာရေးအတွက် မိငြိမ်းသာ ကျွန်မ ထဘီကို မြဲမြဲခိုင်ခိုင် ဝတ်ထားရဦးမည်ပင်။

(၇)

ကြယ်စုံလင်းသော ကောင်းကင်ကြီးကို မော့ကြည့်နေရင်း ဟိုး . . . မြောက်ဘက်အရပ်ဆီ တစ်နေရာမှာ ကြယ်ကလေး ကြွေကျသွားတာကို ကျွန်မ မြင်ဖူးသည်။

ကြယ်ကြွေလျှင် ကျွန်မ အလိုလို နာကျင်လှိုက်ဖိုကာ ငိုချင်တတ်သည်။ ဖြစ်တည်နေခဲ့သော အရာတစ်ခု ကျွန်မ မျက်မှောက်မှာ ပျက်စီးချုပ်ငြိမ်းသွားတာ၊ လွင့်ပါးပျောက်ကွယ်သွားတာကို ယူကြုံးမရဖြစ်မိသည်။

ဘုရား . . . ဘုရား . . . . ခုတော့ ကြယ်လေးတစ်ပွင့် ကြွေကျတာထက် အဆပေါင်းများစွာ ပြင်းထန်သော ရိုက်ချက်ကြီးပါလား။

အခုဟာက ကျွန်မနှင့် ဝေးလံလှစွာသော ဟိုး . . . မိုးကောင်းကင်ထက်ဆီက ကျွန်မနှင့် ဘယ်လိုမှ မသက်ဆိုင်သော ကြယ်တစ်ပွင့်ကြွေခြင်း မဟုတ်။ အခုဟာက လူငါးယောက်။ အသက်ဆုံးရှုံးသွားသောသူတို့က ကျွန်မနှင့်ဆိုင်သည်။ ကျွန်မ၏နှလုံးအနီးမှာ ရှိသူတွေဖြစ်သည်။

ပြည်မင်းသားကြီးကိုယ်တော်ကြီးနှင့် သားတော်လေးပါး။

ကိုယ်တော်ကြီးသည် ခမည်းတော်မင်းတရားကြီးအပေါ် တစ်ရံတစ်ဆစ်မျှ သစ္စာမဖောက်။ ထီးနန်းကို ပုန်စားတိုက်ခိုက် လုယူမည့်သူ လုံးဝမဟုတ်တာကို ကျွန်မသာလျှင် အသိဆုံး။ အို . . . ဒါကို နေပြည်တော်တစ်ဝှန်းလုံးလည်း သိကြပါသည်။ သို့ကလို ပကတိ ဖြောင့်မတ်စွာနေခဲ့သူပီပီ အရေးတော်ကြီး

http://www.nyisay.com



ကြောင့် သားတော်လေးပါးကိုခေါ်ပြီး ဝင်းထရံကို ဆင်ဖြင့် ဖွင့်ချိုး တောတိုး ပုန်းရှောင်ခဲ့ရာမှာလည်း မည်သည့်အင်အားမျှ မရှိခဲ့။

မူလကတည်းက အကောက်ကြံသူ မဟုတ်လေသောကြောင့် ကိုယ်တော်ကြီးမှာ စစ်သည်ဗိုလ်ပါ အင်အားလည်း မရှိရှာ။ ထို့ကြောင့် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တောနင်းရှာဖွေကြသော တပ်တော်ကြီးလက်မှ ကြာရှည်တိမ်းရှောင် မနေနိုင်ခဲ့။ ရက်များမကြာမီမှာ သားတော်များနှင့်တကွ အမိခံရရှာလေသည်။

ကြားရသော သတင်းများက တစ်စက်ကလေးမျှ မကောင်းပါလား။

ပြည်မင်းသားနှင့် ကြံရာပါ မမြလေးတို့ကို ကြေးတိုက်သွင်း အကျဉ်းချလိုက်ပြီတဲ့။ သားတော်လေးပါးနှင့်တကွ ပြည်မင်းသားကို ပုဂံမင်းထံ အပ်နှံလိုက်ပြီတဲ့။ ပုဂံမင်းကလည်း နောင်တော်ကြီး ပြည်မင်းကို ကြာရှည် မထားဝံ့ဘူးတဲ့။ သည့်နောက်တော့ စိတ်ဖောက်ပြန်နေသော မင်းတရားအနီးမှနေ၍ ဘုရင့်အမိန့်တော်အဖြစ် တစ်ခုပြီးတစ်ခု ထုတ်ပြန်နေနိုင်သော တောင်နန်းစံ မိဖုရားခေါင်ကြီး၏ ဆန္ဒများ၊ ပိုမိုရှုပ်ထွေးလာသော နန်းတွင်းရေးများဖြင့် ရစ်ပတ်ထွေးယှက်ကာ . . .

ပြည်မင်းသားကိုယ်တော်ကြီးနှင့် သားတော်လေးပါး၊ သားခမည်းငါးပါးတို့ကို ထုံးစံအရ ရေမှာဖျောက်ဖျက် ကွပ်မျက်သုတ်သင် . . .

ပြီးတော့ ကြံရာပါဟူသော စွပ်စွဲချက်ဖြင့် အနောက်နန်းမတော် မမြလေးကိုလည်း ရက်ပိုင်းမျှသာခြား၍ ထုံးစံနှင့်အညီ ကွပ်မျက်သုတ်သင် . . .

အို . . . ကျေးဇူးရှင်ကိုယ်တော်ကြီးနှင့် သားတော်လေးပါးတို့ရယ်၊ အရေးတော်ကြီး ပေါ်ပေါက်လာတဲ့ ကာလနဲ့တွက်ရင် ကိုယ်တော်ကြီးတို့ သားခမည်းတစ်စု ဖမ်းမိကွပ်မျက်ခံရတာဟာ နှစ်လအတွင်းမှာပဲ . . . ။

ထိုသတင်းကို အခိုင်အမာ ကြားရလျှင် ကြားရချင်းမှာပင် သီတင်းကျွတ်လ၏ တစ်ခုသော မိုးဖွဲဖွဲစွေစွေညဥ့် ကျွန်မသည် သားလေးထိပ်တင်တုတ်ကို ရင်မှာ တင်းကျပ်စွာပိုက်လျက် သီလရှင်ကျောင်းမှ တိတ်တဆိတ် ထွက်ခွာခဲ့ရပြန်လေသည်။

သည်တစ်ခါတော့ ကျွန်မ၏ သားချင်းဆွေမျိုးများရှိရာ ကျွန်မဇာတိဒေသ ထောင်လွှဲရွာသို့ . . . ။

(၈)

နှစ်နှစ်မျှသောကာလ လွန်မြောက်ချိန်မှာပင် အမရပူရ ရွှေနန်းတော်ကြီးမှ ဘုရင်၏ အာဏာစက်ဝန်း အခိုးအလျှံတို့သည် ကျွန်မတို့ သားအမိရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် လွှမ်းပတ်သွားလေတော့သည်။

ကျွန်မ ရှောင်ပုန်း၍ မရတော့။

နေပြည်တော်ကြီးရှိ မြို့ဝန်မင်း၏ လက်ရုံးတပ်များက သားတော်လေး ထိပ်တင်တုတ် အသက်မသေ ရှိနေသေးကြောင်း ကြားသိပြီး တစ်ရွာဝင် တစ်ရွာထွက် တောနင်းရှာနေခဲ့ကြသည်ကို ကျွန်မ မသိ။

သားတော်လေးအတွက် သူငယ်နာ အပုပ်အစပ် ကင်းစေဖို့ ဆေးမြစ်နှင့် သစ်ဥများ ကျွန်မ တောထဲထွက်ရှာပြီး ရွာပြန်အဝင်မှာပင် ကျွန်မ သားအမိ ဇာတ်လမ်း ဆုံးခန်းတိုင်ပြီဆိုတာကို ကျွန်မ သိလိုက်သည်။

ကျွန်မတို့ ခြံဝိုင်းရှေ့တွင် မြင်းစီးရဲမက်များ ဝိုင်းရံနေသည်။

တစ်ရွာလုံး ခြံဝိုင်းနှင့် ခပ်လှမ်းလှမ်း သရက်ပင်ကြီးအောက်မှာ ဒူးတုပ်နေကြသည်။ ထောင်လွှဲသူကြီးက ကျွန်မ၏ ဦးရီးတော်ဖြစ်သည်။ ဦးရီးမှာမူ အကြပ်ဗိုလ်တစ်ယောက်ရှေ့မှာ တစ်ဦးတည်း ဒူးထောက်လျက်။

တောထဲမှာ ရှာဖွေလာခဲ့သော သစ်ဥနှင့် ဆေးမြစ်တွေကို ပစ်ချကာ တဲဆီသို့ တစ်ဟုန်ထိုး ပြေးလာသည်။ သို့သော် ခြံဝိုင်းစည်းရိုးဝမှာပင် လှံကိုင်ရဲမက်နှစ်ယောက်က ကျွန်မကို လှံသွားဖြင့်ချိန်ကာ တားလိုက်ကြသည်။ လှံသွားနှစ်ခုရှေ့တွင် တုံ့ရပ်လိုက်ကာ တဲဆီသို့ ကျွန်မ လှမ်းကြည့်လိုက်သည်တွင် သားတော်လေးက ကဲလားပြတင်း၌ ခြေတွဲလောင်းချ ထိုင်ရာမှ အောက်ခုန်ဆင်းသည်။ 'သားလေး'ဟု ကျွန်မ အော်လိုက်သောအသံမှာ . . . .

"မငြိမ်းသာဆိုတာ မယ်မင်း မဟုတ်လား"ဟူသော အကြပ်ဗိုလ်၏ ဝေါက်သံနှင့် မရှေးမနှောင်း သားလေးက ကျွန်မဆီ ပြေးလာသည်။ ငါးနှစ်အရွယ်ရှိနေပြီဖြစ်သော သားတော်လေးသည် အခြေအနေကို ကောင်းစွာသိတတ်နေပြီ။ လမ်းခွတ်လပ်မှာပင် ခြေစုံကားရပ်ကာ ဘာကိုမှမကြောက်သော မျက်လုံးများဖြင့် အကြပ်ဗိုလ်ကို မော်ကြည့်သည်။

"မယ်မင်း မိငြိမ်းသာ မဟုတ်လား"

"အဲဒါ ငါ့အမေကွ"

http://www.nyisay.com



သား၏ ဟစ်ကြွေးလိုက်သံ ဖြစ်သည်။

"အမရပူရ ရွှေနန်းတော်ကြီးသခင် ဘဝရှင် ပုဂံမင်းတရားကြီးရဲ့ အမိန့်တော်အရ နေပြည်တော် မြို့ဝန်မင်းဘိုင်ဆပ်ရဲ့ အာဏာနဲ့ မိငြိမ်းသာကို လက်ရဖမ်းစေ၊ အမိန့်တော် . . ."

"ငါ့အမေကို မဖမ်းကြနဲ့၊ ခေါ်မသွားကြနဲ့၊ ငါ့အမေကို ခေါ်သွားရင် ငါပါလိုက်မယ်ဟေ့ . . ."

သားတော်လေး၏ ဗလုံးဗထွေးအော်သံကို အကြပ်ဗိုလ်က ပြန်ပြောသည်။

"စိတ်ချပါ၊ ကိုယ်တော်လေးကိုပါ ခေါ်သွားမှာပါ ဘုရား"

ရဲမက်များ ဝိုင်းရယ်ကြသံမှာ ကျွန်မအတွက် ငရဲသားတွေ၏ ညာသံအလားပင် ဖြစ်တော့သည်။ သို့သော် ထူးဆန်းစွာပင် ကျွန်မရင်ထဲမှ ကြောက်စိတ်တွေ၊ စိုးရိမ်စိတ်တွေ ချက်ချင်း ပျက်ပြယ်သွားသည်။

အကြပ်ဗိုလ် စောစောက ပြန်လိုက်သော အမိန့်သံထဲမှ ကျွန်မမကြားဘူးသော အမည်သစ်တွေဆီသို့ စိတ်ရောက်သွားသည်။

ပုဂံမင်းတရားကြီးတဲ့၊ မြို့တော်ဝန် ဘိုင်ဆပ်တဲ့။

ဩော် . . . ရွှေနန်းတော်ကြီးမှာ မင်းပြောင်းမင်းလွှဲတွေ ဖြစ်နေပါပကောလား။

အကျဉ်းသားအဖြစ် လိုက်ပါလာရသော လမ်းခရီးတွင် ကျွန်မ တစ်ခုတည်းကိုသာ တောင်းဆိုလိုက်သည်။

"သားတော်လေးကို ကျွန်မ ချီပွေ့ခေါ်ခဲ့ပါရစေ"

ကျွန်မတောင်းဆိုချက်ကို အကြပ်ဗိုလ်က ငြင်းပယ်ချင်ဟန်ရှိသော်လည်း မဟာဆိမဟာသွေး သားတော်လေး၏ အကြောက်အကန် ပြောကြားချက်ကိုတော့ အကြပ်ဗိုလ် မငြင်းသာတော့ချေ။

"ငါ့အမေ ငါ့ကို ချီခေါ်သွားရမယ်၊ ငါ့ကို ဘာမှတ်သလဲ။ ထိပ်တင်တုတ်ဆိုတာ ငါပဲကွ"

သူ့အဘိုးအရွယ်ရှိ ထောင်လွှဲသူကြီးကို သူ့ရှေ့မှာ ဒူးထောက်စေခဲ့သော အကြပ်ဗိုလ်သည် ငါးနှစ်အရွယ် လူမမယ်လေး၏ တောင်းဆိုချက်ကိုမူ လိုက်လျောခဲ့ရသည်။

"ကိုယ်တော်လေး သဘောအတိုင်းပါ။ ကျုပ်တို့က ကိုယ်တော်လေးကို

http://www.nyisay.com



ဘေးမသီရန်မခ ပြန်ခေါ်လာဖို့ပဲ အမိန့်တော်ပါလာတာပါ"

၄

သာယာဝတီမင်း ခေါ် ရွှေဘိုမင်းသည် စိတ်ဖောက်ပြန်သော ဝေဒနာဖြင့်ပင် အနိစ္စရောက်ခဲ့သည်ဟု ကျွန်မ ကြားသိရသည်။ သားတော် ပုဂံမင်းက အမရပူရ ထီးဖြူပလ္လင်ကို သိမ်းပိုက်လိုက်သည်။ ကျွန်မသိသလောက်မှာ ပုဂံမင်းသည် မင်းသားဘဝကတည်းက အပျော်အပါးအာရုံ လိုက်စားသူ ဖြစ်သည်။

သူ့ အပျော်အပါးလိုက်စားပုံကလည်း တစ်မူထူးသည် ဆိုရမည်။ ကြက်၊ ငှ က်စသော တိရစ္ဆာန်တိုက်ပွဲများကို ဝါသနာထုံသည်။ ကျွန်မ ဘယ်လိုမှ နားမလည်နိုင်သော ကိစ္စမျိုးပင်။ ကြက်တိုက်၊ ငှက်တိုက်များအပြင် ခွေး၊ ဆိတ် . . . စသော တိရစ္ဆာန်များကိုလည်း အပျော်တိုက်ကာ လောင်းကြေးထပ်သည်ဟု ဆိုသည်။

သည့်ထက်ပို၍ ထူးခြားနေသည်ကတော့ အမျိုးခြား ဘိုင်ဆပ်ဆိုသူအား မြို့ဝန်အရာ ပေးထားခြင်းပင် ဖြစ်သည်။ သို့သော် ဘိုင်ဆပ်သည် ကြက်၊ ငှက်၊ ဆိတ် စသော တိရစ္ဆာန်များအရေးအရာ၌ ကျွမ်းကျင်သူဖြစ်သည်ဟု သိရပြန်သောအခါ ကျွန်မ မအံ့ဩမိတော့။

ကျွန်မအဖို့ရာမူ သားတော်လေးကို ကျွန်မကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ စောင့်ရှောက်ခဲ့ပြီးပြီ။ အတိုင်းအဆပမာဏကို ခန့်မှန်းဖို့မလွယ်သည့် ဘုရင့်အာဏာတော် လက်တံများက တစ်နေ့မဟုတ် တစ်နေ့ ကျွန်မနှင့် သားတော်လေးရှိရာ ရောက်လာလိမ့်မည်ဆိုတာ ကျွန်မ တွက်ပြီးဖြစ်သည်။

ထိုလက်တံတို့သည် ကျွန်မရင်ခွင်ထဲမှ သားလေးကို ဆွဲထုတ်ခေါ်ယူလိမ့်မည်ဆိုတာ ကျွန်မသိပြီးဖြစ်သည်။ ကျွန်မရင်ခွင်ထဲမှ ဆွဲထုတ်ပြီး သားလေးကို သူ၏ ခမည်းတော်နှင့် နောင်တော်များထံ မပို့လိုက်စေရန်သာ ကျွန်မ ဆုတောင်းရတော့မည်။ ကျွန်မ၏ ဆုတောင်းမှာ မျှော်လင့်ချက်အပြည့်ရှိသော ဆုတောင်းဖြစ်သည်။ ယုံကြည်ခြင်းများဖြင့် မွမ်းမံအပ်သော ဆုတောင်းဖြစ်သည်။

စကြာဒေဝီမင်းသမီးကြီး ရှိနေသည် မဟုတ်လား။

စကြာဒေဝီသည် ပုဂံမင်း၏ နှမရင်းလည်း ဖြစ်သည်။ ဆွေတော်မျိုးတော်

http://www.nyisay.com



ဒုက္ခသည်အပေါင်းတို့၏ ခိုလှုံရာလည်း ဖြစ်ချေသည်။

နေပြည်တော်သို့ ကျွန်မတို့ရောက်ပြီး နောက်တစ်နေ့နံနက် မကူးခင် ညဉ့်၌ ကျွန်မသည် ဘုရားရှင်ရှေ့တော်မှောက်၌ လှိုက်လှဲစွာ သစ္စာတိုင် ဆုတောင်းပြန်တော့သည်။

"ဘုရားတပည့်တော်မသည် သားလေးထိပ်တင်တုတ်အား နောက်ဆုံးအချိန်အထိ ရင်အုပ်မကွာ စောင့်ရှောက်ခဲ့ပါသည်။ ဤသည်လည်း မှန်သောသစ္စာဟု ဆိုပါသည်ဘုရား။

စကြာဒေဝီမင်းသမီးကြီးသည် ဒုက္ခသည်များအား ကယ်မစောင့်ရှောက်နိုင်သူ၊ စောင့်ရှောက်နေသူ ဖြစ်ပါသည်။ ဤသည်လည်း မှန်သောသစ္စာပါဘုရား။

ဤလောက၌ တရားသည် မဆိတ်သုဉ်းသေးပါဘုရား။ ယခုအခါ ဒုက္ခဆင်းရဲများကို ခံစားကြုံတွေ့နေရငြား အတိတ်ဘဝက အကုသိုလ်အကျိုးပေးကြောင့်သာဖြစ်လျက် ယခုဘဝ၌ ဘုရားတပည့်တော်မတို့သည် မတရားမှု ပြုသူများမဟုတ်ဘဲ မတရားပြုမူသူများကိုသာ လည်စင်းငုံ့ခံနေရသူများ ဖြစ်ပါသည်။ ဤသည်လည်း မှန်သောသစ္စာပါဘုရား။ ဤမှန်သောသစ္စာစကားများကြောင့် သားတော်လေး ထိပ်တင်တုတ်သည် အသက်ဘေးမှ ချမ်းသာရာရပါစေဘုရား . . . "

ကျွန်မ မိငြိမ်းသာ တတ်နိုင်သည်မှာ ဤမျှသာဖြစ်သည်။

နောက်တစ်နေ့နံနက် ညီလာခံတွင် မြို့ဝန်ဘိုင်ဆပ်က သားတော်လေးကို ရှေ့တော်သွင်း၍ ရန်သူကို ဖမ်းဆီးရမိလာပါပြီဟု ပုဂံမင်းထံ အပ်နှံတော့မည်ဖြစ်သည်။

ဘုရားသိကြားမလို့ စကြာဒေဝီ မင်းသမီးကြီးသည် သည်တစ်ခါမှာလည်း အရေးအရာ အောင်မြင်ပါစေ ဘုရား . . . . ။

(၉)

ရှိုက်စုမ့်စု ပစ္စည်းလေးတွေကို ထုပ်ပိုးသိမ်းဆည်းရင်း ကျွန်မ မျက်ရည်ပေါက်ပေါက် ကျနေတော့သည်။ ဤတစ်ခါလည်း မိငြိမ်းသာတို့ အဝေးသို့ ထွက်ပြေးတိမ်းရှောင်ရဦးတော့မည်။ ကျွန်မပါးပြင်နှစ်ဖက်ပေါ်သို့ မျက်ရည်ပူများ လိမ့်ဆင်း

http://www.nyisay.com



ဖြတ်သန်းကာ အဝတ်ထုပ်ပေါ်သို့ တပေါက်ပေါက် ကျနေကြသည်။

အဝေး၏ အဝေးဆုံးသို့ ကျွန်မ ပြေးရဦးမည်။

ဩော် . . . . သည်တစ်ခါတော့ ငံ့ထားမတတ် ကျွန်မချစ်ရသော သားလေး ထိပ်တင်တုတ် ပါမလာနိုင်တော့ပါလား။ သားလေးကို ထားခဲ့ပြီး ကျွန်မသည် ဗလာဟင်းလင်းသော ရင်ခွင်ဖြင့် မဆုံးနိုင်သောမုန်တိုင်းကြီးထဲတွင် လွင့်မျောရပေဦးတော့မည်။

မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် ပြီးတော့ သစ္စာတရား၏ စွမ်းပကားကြောင့်၊ အို . . . ပြီးတော့ စကြာဒေဝီ မင်းသမီးကြီး၏ ကယ်တင်ကူမမှုကြောင့် သားလေးထိပ်တင်တုတ် မင်းပြစ်ဒဏ်ဝဋ်ဘေးမှ လွတ်ကင်းကာ အသက်ချမ်းသာရာ ရခဲ့ပါပြီ။

မြို့ဝန်ဘိုင်ဆပ်က သားတော်လေးကို ပုဂံမင်းရှေ့တော်သွင်းကာ 'ရန်သူတော်လေးကို လက်ရဖမ်းဆီးခဲ့ပါပြီ ဘုရား'ဟု မျက်နှာလိုအားရ သံတော်ဦးတင်ခဲ့သေးသည်။ သို့သော် ထိုနေ့ညီလာခံတွင် ဘုရင့်အပါး၌ တောင်ညာစံ မိဖုရားကြီး မင်းရွှေကြုတ်ရှိနေသည်။ စကြာဒေဝီမင်းသမီးကြီး၏ ကြိုတင်အခစားဝင်ရောက် တောင်းပန်ထားချက်အရ မိဖုရားခေါင်ကြီးသည် ဘိုင်ဆပ်၏ သွေးဆာသော သံတော်ဦးတင်ချက်ကို စကားတစ်ခွန်းတည်းဖြင့် ပျက်ပြယ်စေခဲ့သည်။

"ဘယ်က ရန်သူတော်လဲ၊ ဒီကလေးဟာ ငါတို့ရဲ့ တူတော်ကလေးပါလား"

မိဖုရားခေါင်ကြီး၏ သဘောအလိုအတိုင်း ပုဂံမင်းက သားတော်လေးကို အသက်ချမ်းသာပေးခဲ့လေသည်။ သားတော်လေးကား အသက်ဘေးမှ လွတ်မြောက်ခဲ့ပါပြီ။ သူ့မယ်ဘုရား ပြည်ထိပ်ထား၊ သူ့အစ်မတော် ထိပ်ခေါင်တင်တို့နှင့် ရွှေနန်းတော်ကြီးတွင် အတူတကွ ရင်ငွေ့လှုံခွင့် ရသွားခဲ့ပါပြီ။

သားလေးကို သူ့မိခင်၊ သူ့အစ်မ၊ သူ့သားချင်း မဟာမျိုးနွယ် အသိုင်းအဝိုင်းထဲသို့ ဘေးမသီရန်မခ ကျွန်မ ပို့ဆောင်ပေးခဲ့နိုင်ပေပြီ။

ကျွန်မ မိငြိမ်းသာမှာတော့ . . . . .

ဟိုကောက်ကျစ်သည့် မြို့ဝန်ဘိုင်ဆပ်၏ ရမ်းကားသော အာဏာနှင်တံရှေ့တွင် နေလို့ ထိုင်လို့မရအောင် အခက်ကြုံခဲ့ရလေသည်။

"အထိန်းတော် မိငြိမ်းသာဟာ ထိပ်တင်တုတ်ကို ခေါ်သွားခဲ့စဉ်က နန်း

http://www.nyisay.com



တော်ထဲက ရွှေငွေဘဏ္ဍာတွေလဲ ပါသွားတယ်။ မိငြိမ်းသာဆီမှာ ရွှေငွေတွေ လည်းရှိရမယ်"

ကျွန်မ လုံးဝ မမျှော်လင့်သော စွပ်စွဲချက်ကြောင့် ကျွန်မ မျက်စိများ ပြာဝေသွားသည်။

"မင်းသားလေးရဲ့ ရတနာတန်ဆာတွေကိုလည်း မိငြိမ်းသာယူထားမှာပဲ"

ပါလာသမျှ လက်ဝတ်လက်စားလေးများကို ထုခွဲရောင်းချ စားသောက်၍ ကုန်ခဲ့ပါပြီဟု ကျွန်မ ဖြေရှင်းယူရသည်။ တိမ်းရှောင်နေသော နှစ်နှစ်လုံးလုံး သားလေးအတွက် ကျွန်မ အသုံးပြုခဲ့သည်ချည်းပင်။ ကျွန်မက စာရင်းအတိအကျ ပြသည့်အပြင် အမှန်တရားကို သိမှီးထားသောသူပိပိ ရဲဝံ့စွာ ရင်ဆိုင်ဖြေရှင်းပြလိုက်သောကြောင့် ထိုယုတ်ညံ့သော စွပ်စွဲချက်မှာ ပျက်ပြယ်သွားခဲ့ပြန်သည်။

သို့သော် မြို့ဝန်ဘိုင်ဆပ်သည် သားတော်လေးကို ဖမ်းယူပြီး ဘုရင်အား မျက်နှာလိုအားရပြ၊ သူ့အရာ တိုးတက်ကြီးပွားရေးအတွက် ကြံစည်ရာ၌ တောင်နန်းစံမိဖုရားခေါင်ကြီးတို့လို၊ စကြာဒေဝီ မင်းသမီးကြီးတို့လို မဟာဆိမဟာသွေးများကို ကျော်လွန်မရခဲ့သောကြောင့် အာဃာတ မုန်တိုင်း ပြင်းထန်နေသူ။

သခင်များကို ယှဉ်၍မရသောအခါ ဘိုင်ဆပ်သည် ဖြစ်သမျှ အညစ်အကြေးကို ပုဇွန်ခေါင်းပေါ် ပုံချစုဝေးစေတော့သည်။ မိငြိမ်းသာ ကျွန်မသည် ဘိုင်ဆပ်၏ အမိကစက်ကွင်းပစ်မှတ် ဖြစ်လာတော့သည်။ ဘိုင်ဆပ်၏ အာဏာလှံပစ်စိုက်ဖို့ အကောင်းဆုံး မြေနိမ့်ရာကား ကျွန်မ မိငြိမ်းသာ။

"မြို့ဝန်မင်းအိမ်မှ ရွှေဖလားတစ်ခု ပျောက်နေသည်"

ဤသတင်း ထွက်လာပြီဆိုကတည်းက ဘာတွေဖြစ်လာမည်ဆိုသည်ကို ကျွန်မ သိလိုက်ပြီ။ ပျောက်သည်ဆိုသော ရွှေဖလားသည် တစ်နည်းမဟုတ်တစ်နည်း ကျွန်မနှင့် ပတ်သက်လာတော့မည်။ ပြောရမည်ဆိုလျှင် တစ်နေ့နေ့နံနက်ခင်းအချိန် တစ်ချိန်မှာ ကျွန်မ အိပ်နေသော ခေါင်းအုံးအောက်မှာ ထိုရွှေဖလားကို သူတို့ တွေ့ချင် တွေ့လာနိုင်သည်။

အို . . . ရွှေဖလားကို ကျွန်မထံမှာ သူတို့ ရှာတွေ့စရာနေရာတွေ အများကြီးရှိလာနိုင်သည်။ ပြီးတော့ ရွှေဖလားကို အကြောင်းပြုပြီး မြို့ဝန်ဘိုင်ဆပ်သည် ကျွန်မကို ထိပ်တုံးခတ်မည်။ ကြိမ်ဒဏ်ရိုက်မည်။ သည်လိုမှ အရှက်

http://www.nyisay.com



တကွဲအကျိုးနည်း မခံနိုင်ဘူးဆိုလျှင်တော့ . . .

ကျွန်မ ဆက်မတွေးရဲပါ။

တကယ်တော့ သားတော်လေး၏ နို့ထိန်း အထိန်းတော်တစ်ဦးအနေဖြင့် ကျွန်မသည် အရွယ်ကောင်းဆဲ။ ကျန်းမာနုပျိုဆဲပင် ရှိသေးသည်။ ကြမ်းကြုတ်သော လောကဓံက ကျွန်မအားပို၍ ကျစ်လစ်သန်စွမ်းအောင် ပြောင်းလဲပေးခဲ့သဖြင့် ကျွန်မသည် မိန်းမတို့ အရွယ်သုံးပါး၌ အလှသွေးတို့ အရင့်ကျက်ဆုံး၊ အတည်ငြိမ်ဆုံးအရွယ်အဖြစ် တည်ရှိနေသည်။

ကြက်၊ ငှက် တိရစ္ဆာန်လေးတွေကို ကျွမ်းကျင်စွာ မွေးမြူ တိရစ္ဆာန်တိုက်ပွဲတွေလုပ်၊ လောင်းကစားပွဲတွေလုပ်တတ်သော မြို့ဝန်ဘိုင်ဆပ်သည် တိရစ္ဆာန်ရေးရာမှာသာမက လူသားမိန်းမတွေအရေးမှာလည်း သတင်းကြီးသူဖြစ်ချေသည်။

အဆီကိုစား၊ အသားကိုမျိုမည့် သွားစွယ်ဖွေးဖွေး ခံတွင်းဝကြီးတစ်ခုကို ကျွန်မ ဘယ်လောက်ထိ ရှောင်တိမ်းနိုင်ပါမည်နည်း။ ပြီးတော့ သူက မြို့ဝန်။ ပုဂံမင်း မျက်နှာသာပေး၍ ရွှေရေးပန်းကန်တက်နေသူ။ တိရစ္ဆာန်လေးတွေ၏ သွေးသံတရဲရဲကိုကြည့်ပြီး တဟားဟား ရယ်မောနှစ်ခြိုက်တတ်သူ။

ဝေးရာသို့ ပြေးရုံမှတစ်ပါး . . . ။

ရှိစုမဲ့စု ပစ္စည်းလေးတွေကို ထုပ်ပိုးပြီး ကျွန်မ ရွှေနန်းတော်ကြီးက ထွက်ခွာခဲ့တော့သည်။ သားလေးကိုပင် သွားမတွေ့ခဲ့တော့။ ပြည်ထိပ်ထားကိုလည်း အကြောင်းမကြားခဲ့တော့။ သွားပြီသားလေးရေ။ သည်တစ်ခါတော့ အမေငြိမ်းသာ မြို့ဝန်ဘိုင်ဆပ်ရဲ့ လက်တံရှည်တွေ လိုက်မမီနိုင်တဲ့ ဟိုး . . . အောက်ပြည်အောက်ရွာဆီသွားပြီး ဇာတ်မြုပ်နေရတော့မယ်လေ။

ရွှေနန်းတော်ကြီးထဲမှာ သားလေးဟာ သားတော်ရဲ့ မယ်ဖုရား၊ အစ်မတော်တွေ၊ ဆွေမျိုးတော်တွေနဲ့ ပျော်ရွှင်စွာ နေနိုင်မှာပါ။ အမေငြိမ်းကတော့ဖြင့် . . . . ။

(၁၀)

"အမေငြိမ်းရယ်၊ လိုက်ပို့ပေးစမ်းပါဆိုနေမှ တကတည်း ဈေးကိုင်လိုက်တာ လွန်ပါရော"

---

http://www.nyisay.com



"ဟုတ်ပါတယ် အမေငြိမ်းရယ်၊ သမီးတို့လေ . . . ရွှေနန်းတော်ကြီးဆိုတာ ကြားရုံသာ ကြားဖူးတာပါ။ ကိုယ်တိုင်ကိုယ်ကျ သိပ်တွေ့ဖူးချင်တာ"

"အခုဆိုရင် မင်းတုန်းမင်းကြီး နန်းတက်ပြီး ရတနာပုံမြို့နန်းသစ်ကြီးကို တည်ထောင်၊ ရွှေ့ပြောင်းစံနေတော်မူပြီတဲ့။ သိပ်ကို ခမ်းနားကြီးကျယ်တာပဲတဲ့။ ဘုရင်အသစ်ဆိုတော့ အမေငြိမ်းလည်း ဘုရင်ဟောင်းလက်ထက်ကလို ရာဇဝတ်ပြစ် မသင့်နိုင်တော့ပါဘူး အမေငြိမ်းရဲ့"

"အောက်ပြည်အောက်ရွာ ဒီဒေသမှာ ရွှေနန်းတော်ကြီးအကြောင်းတွေ၊ မင်းဆွေစိုးမျိုးအကြောင်းတွေကို သိသူက အမေငြိမ်းတစ်ယောက်တည်း ရှိတာပါ။ အမေငြိမ်း ပြောပြလို့ သမီးတို့ သိရတာပါ။ အခုလည်း အမေငြိမ်းပို့ပေးမှ သမီးတို့ ရောက်ကြရမှာပါ"

ဝမ်းမနာသမီးတွေ၏ နားပူနားဆာစကားတွေကို ကျွန်မ ဆက်ပြီးငြင်းပယ်နိုင်စွမ်း မရှိတော့။

အို . . . ကျွန်မကိုယ်တိုင်ကလည်း တစ်နေ့မပြတ် နေပြည်တော်ကြီးကို အောက်မေ့လွမ်းဆွတ်နေသည်ပင်။ အထူးသဖြင့်ကတော့ သားလေးထိပ်တင်တုတ်။ ဩော် . . . ခုဆို သားလေးအသက် နှစ်ဆယ်ကျော်အရွယ် ရှိနေပြီပေါ့။ အမေငြိမ်းကိုမှ သတိရသေးရဲ့လား သားလေးရယ်။ မင်းအမေ နို့ထိန်းသည် မငြိမ်းသာလေ။

ဩော် . . . လောကဓံတရားတို့ကလည်း အလှည့်အပြောင်းများလိုက်ပါဘိ။

ပုဂံမင်းကို နန်းချပြီး မင်းတုန်းမင်း နန်းတက်ပြီတဲ့။ အမရပူရမြို့တော်ဟောင်းမှနေ၍ မြောက်အရပ်၊ တောင်တော်မန္တလာအနီးမှာ ရတနာပုံမြို့နန်းသစ်ကြီး တည်ထောင်စိုးစံပြီတဲ့။ စကြာဒေဝီ မင်းသမီးကြီးက မိဖုရားခေါင်ကြီးတဲ့။

အခုတော့ဖြင့် အမှန်တရားနှင့် သစ္စာတို့က တစ်ဖန်တစ်လှည့် ဦးမော့ခေါင်းထောင်လာကြပြန်ပေပြီ။ ဖောက်ပြန်မှုတွေဟာ နိယာမအတိုင်း ကျဆုံးနိဂုံးချုပ်သွားကြပေပြီ။

"နေဘ် . . . အမေငြိမ်း . . . နေဘ်၊ သွားကြရအောင်ပါ အမေငြိမ်းရယ်"

ကျွန်မ ပြုံး၍ ခေါင်းညိတ်လိုက်ပါသည်။

"ဟင် . . . အမေငြိမ်းငိုနေတယ် ဟုတ်လား"

http://www.nyisay.com



ဆတ်ခနဲ ခေါင်းအညိတ်မှာ မျက်ရည်ပေါက်တစ်ပေါက်က ကျသွားခဲ့သည်ကော။ ဝန်းဖွဲ့နေသော မျက်ရည်တွေကို ကျွန်မ ဖယ်ရှားပစ်ဖို့ မကြိုးစားချင်တော့ပါ။

(၁၁)

ရွှေရောင်ဝင်းလက်နေသည့် နန်းတော်ကြီး၊ ဖန်ရောင်မှန်ရောင် ဖိတ်ဖိတ်တောက်နေသည့် အဆောင်တော်တွေ၊ ရွှေပြိုန်းချ တိုင်လုံးနီနီကြီးတွေ၊ စီရရီဖြောင့်တန်း၊ တမာတန်းလမ်းမကြီးတွေ။ ပစ္စင်၊ ပြအိုး၊ ပြာသာဒ်၊ သူရဲခို၊ သူရဲပြေး၊ ရင်တား၊ တံခါး၊ မုခ်ဝ၊ ကျုံးတော်၊ မြို့ရိုး . . . ။

ဩော် . . . အခုတော့လည်း လောကကြီးတစ်ခုလုံး လှပလို့ပါကလား။

"အမေငြိမ်းရယ် ကြည့်လိုက်စမ်းပါဦး၊ ဟိုမှာ မီးခိုးတလူလူနဲ့ စက်ရုံတော်ကြီးတွေ"

"မဟာမြတ်မုနိ ဘုရားကြီးက သပ္ပါယ်လိုက်တာနော်"

"ဗဟိုစင်၊ စွယ်တော်စင်နဲ့ နန်းမြင့်ကြီးကလည်း ကြီးကျယ်လိုက်တာ"

သူတို့လေးတွေ၏ အံ့ဩဝမ်းသာမှုတွေအားလုံးကို ဂရုမထားနိုင်။

ရွှေနန်းတော်ကြီး၏ မြောက်ဘက်ပိုင်းရှိ ခြံဝင်းကြီးများ အစီအရီ ဆေးနီသုတ်ထားသော ဝင်းထရံများရှိရာ အိမ်တော်များဆီသို့သာ ကျွန်မ ခြေကုန်သုတ်နေမိတော့သည်။

"အမေငြိမ်း အဲဟို ထနောင်းပင်အုပ်လေးတွေနဲ့ ဝင်းထရံနီနီလေးတွေနဲ့ အိမ်တော်လေးတွေဟာ လှလိုက်တာနော်။ ဘယ်သူတွေ နေတာလဲ . . . ဟင်"

"အဲဒါ . . . မင်းညီမင်းသားတွေနေတဲ့ အိမ်တော်တွေပေါ့ကွယ်"

ဝင်းတံခါးကြီးအနီး ထနောင်းပင်ပျိုလေးတစ်ပင်အောက် ဝါးကြမ်းစီမ်းစီမ်း ခင်းထားသည့် ကွပ်ပျစ်ပေါ်သို့ ကျွန်မ ထိုင်လိုက်သည်။ သမီးတစ်ယောက်က ရေအိုးစင်မှ ရေမှုတ်ဖြင့် ရေခပ်ပေးသည်။ အို . . . အေးမြလတ်ဆတ်လိုက်တဲ့ ရေကလေး။

"ဟော . . . အမေငြိမ်း၊ ဟိုမှာကြည့်စမ်း"

မိုးနှောင်းကာလ စူးစူးကျဲကျဲ နေရောင်အောက်မှာ မြင်ကွင်းက သိပ်မသဲကွဲချင်၊ အို . . . ကျွန်မ မျက်လုံးတွေ မွဲသီနေတာလည်း ဖြစ်မည်။ အိမ်တော်ဝင်းတံခါးကြီး ပွင့်လာသည်။ အထဲမှ မင်းလုလင် အဆောင်ကိုင်အချို့

http://www.nyisay.com



ထွက်လာသည်။ အဲဒီနောက်မှာက . . .

ဖောင်းဝတ်မြင်းကြီးကို ခပ်မှန်မှန်အသားကျစီးလာသည့် မင်းသား တစ်ပါး၊ ရွှေကျင်ခေတ် ပဝါခေါင်းပေါင်း၊ လက်စွဲတော် ကျောက်စီဓား၊ ရွှေချည်ထိုး အနီရဲရဲပုဆိုး၊ အို . . . မြင်းကြီးကလည်း ခန့်ညားလိုက်ပါဘိ။ နောက်ပါးက မင်းလုလင်တွေကလည်း ထီးမိုးသူ မိုး၊ အဆောင်ကိုင်သူကိုင်၊ ဓားထမ်းသူ ထမ်း။

နှစ်ကာလ ရှည်လျားမှု၊ နေရာဒေသများ၏ဝေးကွာမှု အားလုံးတို့သည် မေတ္တာရင်ခွင်ထက်မှာ တစ်ချက်တည်း လွင့်ပျောက်သွားကြသည်။ ကျွန်မ နှလုံးသားတွေ တဆတ်ဆတ်တုန်လာသည်။

ဝါးကြမ်းကွပ်ပျစ်မှထ၍ မြေပြင်တွင် ခြေစုံရပ်ရင်း ကျွန်မနှုတ်မှ၊ ရင်ထဲမှ၊ ဝမ်းခေါင်းလိုဏ်ထဲမှ၊ တစ်ကိုယ်လုံးမှ အသံတစ်သံ ထွက်ကျသွားသည်။

"သား . . . လေး"

ဖောင်းဝတ်မြင်းကြီး တုံ့ရပ်သွားသည်။ မြင်းပေါ်မှ မင်းသားလေး၏ ရွှေကျင်ခေတ် ခေါင်းပေါင်းစလေး ဆတ်ခနဲ ခါသွားသည်။ ဝင်းပသောမျက်နှာ ကျွန်မရှိရာ လှည့်သည်။

"အမေငြိမ်း"

ကျွန်မ အခုမှပင် သည်းထန်စွာ ငိုမိလေတော့သည်။

တစ်သက်လုံး အောင့်အည်းမြိုသိပ်ခဲ့သမျှ ကျွန်မ အားပါးတရ ငိုပါရစေတော့ . . . .

"အမေ . . . အမေငြိမ်းရယ်၊ တိတ်ပါတော့။ သားနဲ့တွေ့ရပြီပဲ။ သား ရောက်လာပြီပဲ။ သားတို့တွေ့ကြရပြီပဲ အမေရယ် . . . "

## (၁၂)

ကလေးမတွေက အောက်ပြည်အောက်ရွာ ပြန်သွားကြပြီ။ ကျွန်မ ပြန် မလိုက်တော့ပါ။ ကျွန်မသားလေးရှိရာမှာ ထာဝရ နေသွားတော့မည်။

ပြီးတော့ သားလေးပြောပြမည့် သူ့အကြောင်းတွေကို တစ်ဝကြီး ကျွန်မ နားထောင်ရဦးမည်။ ထပ်ခါ ထပ်ခါ နားထောင်ရမည်။

သားလေးထိပ်တင်တုတ် လက်ရုံးစွမ်းထက်မြက်ပုံ၊ ပြာသို မြင်းခင်းသဘင် တွေမှာ အစွမ်းပြပုံ၊ ပြီးတော့ သားလေးရဲ့ ရင်မောစရာ အချစ်ဇာတ်လမ်းလေး

http://www.nyisay.com



တွေ။ ဆယ့်ရှစ်နှစ်သားအရွယ်မှာ မြင်းမှူးမင်းသားရာထူး ရရှိပုံတွေ၊ မင်းရဲ သိရိရာဇာ ကျော်စွာဘွဲ့ ရရှိပုံတွေ၊ မင်းခေါင်နော်ရထာ၊ ဗိုလ်တွန်ရဲ့ မြေးစစ်စစ်ဟု ဂုဏ်ယူဝင့်ကြွားနိုင်ပုံတွေ၊ ပြီးတော့ ရက္ကန်းတော်အုပ် မင်းသားကြီး၏ သမီးတော်လေး ထိပ်တင်ညွန့်နှင့် ဖူးစာဆုံပုံတွေ၊ မင်းတုန်းမင်းတရားကြီးကိုယ်တော်တိုင် ခမ်းနားကြီးကျယ်စွာ လက်ထပ်ပေးခဲ့ပုံတွေ . . . ။

ဩော် . . . မြို့ဝန်ဘိုင်ဆပ်တို့၊ မြို့စာရေးမောင်ပိန်တို့၏ မကောင်းသူတို့သွားရာလမ်းကိုလည်း နားထောင်ရဦးမည်။

သည်မျှမကသေးပါ။ သားလေးကိုလည်း ကျွန်မက မရိုးနိုင်၊ မဟောင်းနိုင်သော အဖြစ်လေးတွေကို ပြန်ပြောရဦးမည်။ သားကလည်း နားထောင်မဝ၊ ခဏခဏ ပူဆာသည်။ သည်တော့ ကျွန်မကလည်း ပြောရဦးမည်လေ။

ဝါခေါင်လဆုတ် ၆ ရက်နေ့ညက စံအိမ်တော်တိုက်ပွဲ။ မိငြိမ်းသာနဲ့ သုံးနှစ်သား၊ လူမမယ်လေးတို့၏ ထွက်ပြေးတိမ်းရှောင်ခန်း။ ကြွက်နဖားတောင်ခြေ တောအုပ်ထဲက စေတီလေးမှာ ညောင်ရေအိုးနဲ့ ထမင်းရေခန်းချက်ရသည့် အကြောင်း၊ သီလရှင်ကျောင်းမှာ ပုန်းအောင်းနေခဲ့ရကြောင်း၊ ထောင်လွှဲရွာမှာ မြို့ဝန်ဘိုင်ဆပ်အမိန့်နဲ့ လာဖမ်းစဉ်က ကြုံရပုံများအကြောင်း . . . . အို . . . အများကြီးပါလားလေ။

လပြည့်ညများမှာတော့ ကျွန်မသည် မန္တလေးတောင်တော်ထက်မှနေ၍ ရွှေနန်းတော်ကြီးဆီသို့ လရောင်ဖြင့် တမေ့တမျောကြီး စီးကြည့်နေမိသည်။

ပြီးတော့ ဟိုး . . . တောင်ဘက်အရပ်ဆီက ယခု မရှိတော့ပြီဖြစ်သော အမရပူရ ရွှေနန်းတော်ဟောင်းကြီး ရှိရာသို့ ငေးမျှော်မိပြန်သည်။

ဩော် . . . ရွှေနန်းတော်ကြီးတဲ့လားကွယ် . . . . ။

(မြင်းမှူးမင်းသားထိပ်တင်တုတ်အကြောင်းရေးစမ်းပါဟု
တိုက်တွန်းကြသောမိတ်ဆွေများသို့…)

▼

ဝန်ခံချက် ။ ညိုမြ၏ကုန်းဘောင်ရာပုံတော်ကိုအခြေပြုပါသည်။

---



မန်းကနက်မှာလ

http://www.nyisay.com



## မန်းကနက်မှာလ

ရက်ပေါင်းများစွာ စွန့်ပစ်ထားခဲ့ရသော ကညစ်ကို ကျွန်ုပ် ကောက်ယူမိချေသည်။ ကညစ်ကိုင်လက်တို့သည် ဆတ်ဆတ်တုန်နေသည်။ ကညစ်သွားကို ပေပေါ်တွင် ကြိုးစား၍တင်ရသည်။

စာဆိုဝိညာဉ်၏ လိပ်ပြာတောင်ပံသည် ဟိုတုန်းကလို ညင်ညင်သာသာ လှပစွာ ဝဲပျံမလာ၊ မုန်တိုင်းမိသော ထန်းရွက်ချပ်ပမာ တဝုန်းဝုန်း မြည်ဟည်းလှုပ်ရှားနေသည်။

ဘုရား . . ၊ ဘုရား . . . ၊ ငါ . . . . စာစပ်လို့မှ ရပါဦးမလား။

ကညစ်ကို တင်းကျပ်စွာ ဖိနှိပ်ဆုပ်ကိုင်ထားမိသည်။ လက်ဖဝါးတွင် ရွှဲစိုလာသော ချွေးစေးတို့က လက်ချောင်းများမှတစ်ဆင့် ပေရွက်ပေါ်သို့ စီးကျလာသည်။ ကညစ်၏ ချွန်မြစူးရှအသွားကို မမှိတ်မသုန် ကြည့်မိနေသည်။

တေးထပ်တစ်ပုဒ်၏ စာလုံးများ ကညစ်သွားတွင် သီးလာသည်ဟု ခံစားရသည်။ အသက်ရှူရှိုက်၍ မဝချင်။

သည်မျှ တိုတောင်းသော တေးထပ်လေးတစ်ပုဒ်ကို ရေးပြီးသည့်အခြားမဲ့၌ မောဟိုက်နွမ်းနယ်ခြင်းသည် ကျွန်ုပ်တစ်ကိုယ်လုံးသို့ ဖိစီးသွားသည်။

တေးထပ်ကို ပြန်ရွတ်ကြည့်သည်။ စာလုံးများဆီကအသံသည် နားထဲတွင် ကျယ်လောင်စူးရှလွန်းစွာ။

နှမြောတသခြင်း၊ ဒေါသ၊ ကြောက်ရွံ့မှု၊ ထိတ်လန့်ခြင်း၊ မခံချင်စိတ်၊

http://www.nyisay.com



အထူးထူးသော ဝေဒနာတို့က နှလုံးအိမ်နံရံကို ပြင်းစွာ ရိုက်ပုတ်နေကြသည်။ သူ့အသွင်ကိုလည်း မြင်ယောင်နေမိသည်။

ကိုပုည။ မင်းလှသင်္ချာဘွဲ့ရ၊ လက်ဖက်ရည်တော်ကိုင် ကိုပုည။ ဖြူလွှ သိုရင်းရှည်နှင့် ကွမ်းသီးဖက် လက်ကြားညှပ်လို့။ မျက်လုံးတွေ အတန်ငယ် မှေးစင်းလျက်။ မထိတရိ အပြုံးတစ်ခုလို သူ့နှုတ်ခမ်းမှာ အမြဲချိတ်ဆွဲထားလို့။ တစ်ဖက်မှာ ကညစ်၊ တစ်ဖက်မှာ ပေရွက်ကိုကိုင်လို့။ တေးထပ်တွေ၊ ပြဇာတ်တွေ၊ ဒိုးချင်းတွေ၊ မေတ္တာစာတွေ ရေးနေတဲ့ ကိုပုည။

ဘုရား . . . . ဘုရား . . . ။

ကိုပုည လည်မျိုအပေါ် သူသတ်လက်ထဲက ဝါးရင်းတုတ်ကြီး ကျလာပါပကော။ စာဆို၏နှလုံးသွေးမှ စွေးစွေးနီသော သွေးတို့သည် ပါးစပ်မှ၊ နှာခေါင်းမှ တပွက်ပွက်မြင်မကောင်း။

အနားမှာ ရပ်ကြည့်ရင်း လက်ပိုက်ထားသူက မြို့ဝန်ဦးသာအို။

တောက် . . . .

ဖြစ်ရလေခြင်း ကိုပုရယ် . . . .၊ ဖြစ်ရလေခြင်း။

၄

"ကျုပ် ကိုပုညကို သွားကြည့်ချင်တယ်၊ ကိုရင်ထွန်းဝရယ်"

"ဘယ်ဖြစ်မလဲ ကိုရင်ဖေ၊ မြို့ဝန်အမိန့်နဲ့ ကွပ်မျက်လိုက်တဲ့ ရာဇဝတ်သားပဲ။ သုတ်သင်ပြီးတဲ့နောက် ရေမှာမျှောက်လိုက်တယ်လို့လဲ ကြားတယ်"

"ဩော် . . . "

သူ့အလောင်းကိုပင် မြင်ခွင့်မရသော အဖြစ်ပါပေ။

"နေပါဦး ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင်က ကွပ်မျက်စေလို့ အမိန့်တော်ချသတဲ့လား ကိုရင်ထွန်းဝရယ်"

ကျွန်ုပ်၏အသံ ကတုန်ကယင်ကြီး ဖြစ်နေသည်ကို အတိုင်းသား ပြန်ကြားနေရသည်။ ရှေ့မှောက်တွင် ထိုင်နေသော ဗြိတိုက်စာရေး ကိုထွန်းဝလည်း မျက်စိမျက်နှာမကောင်း။ ကွမ်းသီးစိတ်ကို ကွမ်းညှပ်ထဲ ထည့်ပြီး သည်အတိုင်း ကိုင်ထားသည်။

"မင်းတရားကြီးကတော့ သည်လောက်အထိ အမိန့်တော်ချွေမယ် မထင်ဘူးကွာ သူငယ်ချင်း။ ဒါပေမယ့် သောအိုးကလည်း သူ့အပေါ်မှာ မိန်းမကိစ္စနဲ့

http://www.nyisay.com



ပတ်သက်ပြီး အငြိုးအတေးရှိထားလေတော့၊ အခုလို ညီတော်နောင်တော် နှစ်ပါး အရေးတော်မှာ ကိုပုညက အခါပေးအဖြစ် ရာဇဝတ်သင့်သွားရှာပေတာကိုး"

"ကိုပုညက တကယ်တော့ မြင်ကွန်းတို့အရေးမှာ အခါပေးခဲ့သတဲ့လား"

"ဒါတွေ မပြောချင်တော့ပါဘူး ကိုရင်ဖေရယ်။ ဒီအကြောင်းကို မပြောကြာတာပဲ ကောင်းပါတယ်။ မှန်းစမ်း၊ ခင်ဗျား စောစောက ရေးလိုက်တဲ့စာ၊ တေးထပ်လား"

"အင်း . . . "

ကိုထွန်းဝကို ပေရွက်လှမ်းပေးလိုက်သည်။ ကွမ်းညှပ်ကို အောက်ချ၍ ကိုထွန်းဝ ပေရွက်ကိုဖတ်သည်။ ထုံးစံအတိုင်း သူ အသံထွက်၍ ရွတ်နေသည်။

"ဟုတ်သလို . . . ပြန်မမြွက်သာဘူး"

"တုတ်တစ်ပြတ် ခားပါ"

တေးထပ်ကို ကျွန်ုပ် ပြန်မကြားချင်တော့သဖြင့် ကိုထွန်းဝရှေ့မှ ထလာခဲ့သည်။ ပြတင်းပေါက်ရှေ့တွင် ရပ်လျက် အပြင်သို့ ငေးမိသည်။ နှစ်ပေါင်းများစွာ တွေ့မြင်နေကျ မြင်ကွင်းကို ခြောက်သွေ့စွာ တွေ့ရလေသည်။ မြင်းကုန်းနှီးများ၊ ဇက်ကြိုးများ၊ ကကြိုးများကို ပွေ့ပိုက်ကာ သွားလာလှုပ်ရှားနေကြသည့် အချုပ်တန်း အမှုတော်ထမ်းများ။

ဩော် . . . သူတို့ချစ်မြတ်နိုးသော စာဆိုစလေကိုပုညတစ်ယောက် ရာဇဝတ်သင့်၍ အကွပ်မျက်ခံလိုက်ရပြီ ဆိုခြင်းကိုမူ သူတို့ မသိရှာကြသေး။

ပြတင်းမှခွာ၍ ကိုထွန်းဝရှေ့တွင် ထိုင်မိပြန်သည်။ တေးထပ်၏ အဆုံးပိုဒ်ကို သူ ဖတ်နေသည်။

"အင်း . . . ကိုရင်ဟာ အတော်လေး စိတ်ထဲမှာ ထိခိုက်သွားပုံရတယ်။ တေးထပ်ထဲမှာ တိုက်ရိုက်စပ်ထားလိုက်တာပါပဲလား။ ဒီလောက်တောင်ပဲလား ကိုရင် . . . "

"ဒီလောက်တောင်ပဲ ကိုရင်ထွန်းဝရေ။ စင်စစ်တော့ ကိုပုညဟာ ကျုပ်ထက် ဆယ်နှစ်လောက် ကြီးပါတယ်။ ပြီးတော့ မင်းမှုတော်ထမ်းအဖြစ်မှာလည်း သူဟာ ကျုပ်ထက် အရာကြီးမြင့်သူ၊ နားတော်ပေါက်၊ ရွှေနန်းတော်သုံး ကဝိကစ်ဆူမဟုတ်လား။ သူနဲ့ကျုပ်ဟာ နေပြည်တော်မှာ ပြိုင်ဘက်စာဆို နှစ်ယောက်ရယ်လို့ ပြောစမှတ်အပြုခံကြရတဲ့သူချင်း မဟုတ်လား"

"အင်းလေ၊ ကိုရင်တို့နှစ်ယောက်၊ ပြီးတော့ မန်လည်ဆရာတော်ကြီးနဲ့

http://www.nyisay.com



ဦးပဒုမ၊ ဗန်းမော်ဆရာတော်နဲ့ သီလရှင်မယ်ကင်း၊ အဲဒီအတွဲတွေဟာ တစ်ယောက်ပေါ် တစ်ယောက် ဖိနှိပ်စောင်းချိတ်ပြီး စာဆိုခဲ့ကြတဲ့ ပြိုင်ဘက်ကြီးတွေပဲလေ"

"စာနဲ့သာ ရန်ဘက်ဖြစ်ကြတာပါ ကိုရင်ထွန်းဝရယ်၊ အမှန်တော့ ကိုပုညကို စာဆိုပညာရှင်တစ်ယောက်အနေနဲ့ ကျုပ်က အတွင်းစိတ်မှာ လေးစားပြီးသားပါ။ ကျုပ်တို့ချင်း ဘာရန်ငြိုးအာဃာတ ရှိခဲ့ကြတာမှတ်လို့။ အမနာပ စာချိုးခဲ့ကြပေမယ့် ကျုပ်တို့ချင်း အသရေဖျက်မှုနဲ့ တရားဖြစ်ခဲ့ကြဖူးလို့လား"

"ဟုတ်ပါတယ်လေ"

ကျွန်ုပ်အပေါ် ကိုပုည ဖိနှိပ်ရေးဖွဲ့ခဲ့သော စာများကို သတိရနေမိသည်။ သူ့ကညစ်ကား စူးရှချွန်မြပါပေသည်။ "ခါးတောင်းကျိုက် ပိတုံးပိတ်နှင့် ကျုံးထိပ်က ငဖေ"ဟုလည်း သူရေးခဲ့ဖူးသည်။ "ကုန်းပြိတ္တာ တစ္ဆေလို အသရေဟိတ်နွမ်း"ဟုလည်း သူ မညှာမတာ နှိမ်နင်းခဲ့ဖူးသည်။ "ဆီးစေ့နှင့် မြင်းမိုရ်၊ ဖားနှင့် ခြင်္သေ့၊ ကျီးငှက်နှင့် ရွှေဟင်္သာ၊ နဂါးနှင့်တီ" ပမာ တင်စား၍ သူရေးခဲ့သောစာများ။

မှတ်မိသေးသည်။ တစ်ခါတစ်ရံ သူ အမျက်လွန်၍ သူ့ကညစ်ကို မထိန်းနိုင်ဟန်ရှိသည်။ ဂမ္ဘီရသဒ္ဒါဝါသနင့်သော စကားအသုံးများဖြင့် သူ ကျွန်ုပ်အပေါ် မညှာမတာ ရိုက်ပုတ်ခဲ့ချေသည်။ သူ၏ "ဂျပ်ကောင်နှယ်" တေးထပ် ပေါ်လာသောအခါ ရတနာပုံနေပြည်တော်တစ်ခုလုံး တအုန်းအုန်းဖြစ်ကြသေးသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း သူ့တေးထပ်ကြောင့် ဒေါသပြင်းစွာ ထွက်ခဲ့ရသေးသည်။ သူ့တေးထပ်တစ်ပုဒ်လုံးမှာ အသိမ်ဖျင်းဆုံး၊ အယုတ်ညံ့ဆုံး စကားလုံးများကို သူမို့ နှိုက်နှိုက်ချွတ်ချွတ် ရေးတတ်ပါပေသည်။

ကျွန်ုပ်ကိုယ်၌ကကော။ အင်း . . . သူ့ရုပ်ဆင်းအင်္ဂါချို့တဲ့မှုကို နှိမ်နင်းဖွဲ့ဆိုခဲ့ဖူးချေသည်။ "လောကေ ဟတ္ထေချို့လျှင်ဖြင့် လူဖို့မကောင်း"ဟု စာဆိုကာ ကုပ် ခွင် သေးသိမ်နေသော သူ့ယာလက်အကြောင်းကို ကျွန်ုပ် စာဖွဲ့ခဲ့ဖူးလေသည်။

အို . . . အခုတော့ စာဆိုပြိုင်ဘက်ကြီး ကိုပုည မရှိရှာလေတော့။ စိတ်မာနအတ္တအစွယ်ချင်း ယှက်နွယ်ထိုးသတ်ဖော် ထိုးသတ်ဖက်ကြီး ကိုပုည မရှိရှာလေတော့။

ကိုပုညမရှိတော့ဟု ဆိုလေမှပင် သူ့ရှိစဉ်က အညွန့်တလွှားလွှား၊

http://www.nyisay.com



အခက်တကြွားကြွား ရှိခဲ့လေသော ကျွန်ုပ်၏ မာနများလည်း အရည်ပျော်ကျခဲ့ပေပြီ။

နန်းတွင်းသူ နန်းတွင်းသားများ၊ မြို့တော်သူ မြို့တော်သားများကလည်း သူ့ကဝိ၊ ငါ့ကဝိ၊ သူ့ဆရာ၊ ငါ့ဆရာ အပြိုင်အဆိုင်။ မင်းသား မင်းသမီးတွေကလည်း စလေမှုစလေ၊ အချုပ်တန်းမှ အချုပ်တန်း အပြိုင်အဆိုင်။ ကျွန်ုပ်နှင့် ကိုပုည တို့ကလည်း ပညာဂုဏ်၊ တပည့်လက်သားဂုဏ်၊ ပရိသတ်ဂုဏ်ချင်း အပြိုင်အဆိုင်။ စောင်းမြှောင်းဖိနှိပ်သော ကိုယ်ရည်သွေးတေးထပ်တွေကလည်း တစ်ပုဒ်ပေါ်တစ်ပုဒ်ဆင့်လျက် ပလူပျံခဲ့ကြချေသည်။

ဩော် . . . မှတ်မိပါသေးတယ် ကိုပုညရယ်။

ယင်းတော်မလေးအတွက် ကြင်ဖော်ကွဲဝိုချင်းတစ်ပုဒ်ကို ကျွန်ုပ် ရေးပေးခဲ့စဉ်က အဖြစ်။

"သည်ဘဝ သည်မျှနှင့် တန်ရပေ။ နောင်ဘဝသော်မှ မောင်လှကို ပိုလို့ချစ်မယ် (ကွယ်)၊ မျိုးစစ်တဲ့ဆွေ။ ဗုဒ္ဓဟေ ညောင်ရွှေကွဲ့သဖန်း၊ ပွင့်ဝတ်ကယ် ညာတ်ကြွေမှ လွဲသွေကြစတမ်း . . . . "

မယင်းတော်၏ အဆိုအငိုကြောင့် ကျွန်ုပ်၏ငိုချင်း နာမည်ကြီးခဲ့သည်။ ပွဲကြည့်ဆောင်ဝင် မိန်းမသူပိုင်းက များစွာ နှစ်ခြိုက်ခဲ့ကြသည်။

သည်တေးသည်ပင်လျှင် ကိုပုညနှင့် ကျွန်ုပ်တို့ နှစ်ဦးကြားမှ 'စာမီးပွား' ၏ အဦးအစဟု ဆိုရတော့မည်။ ကိုပုညသည် ဦးသာဗြောစင်မှနေ၍ ကျွန်ုပ်၏ ငိုချင်းကိုဖျက်ကာ ငိုချင်းတစ်ပုဒ် ရေးခဲ့ချေသည်။ လွန်လွန်မင်းမင်း ဒေါသသင့်သော၊ ရိုင်းပျသော သူ့ငိုချင်း။ 'သည်တစ်ည'ဟူသော စကားနှင့် စသည်။

ဩော် . . . ကိုပုည။ ပညာဉာဏ်ကြီးသလောက် အမျက်စောင်မာန်ကြီးလေခြင်း။ ဇဝနဉာဏ်ထက်သလောက် မာနတံခွန်ထူလေခြင်း ကိုပုညရယ်။

လူကို လူကသတ်ရင် ကျွန်ုပ် ဖြေသာပါသေးတယ် ပြိုင်ဖက်ဟောင်းကြီးရယ် . . . ။

အခုတော့ . . . ။

၄

ဘဝတွင် ပထမဆုံး ကျွန်ုပ်မှတ်မိသော အခြင်းအရာကား အဖအမှုတော်ထမ်းနေသည့် အမရပူရမှသည် အမိနှင့်အတူ အဝရွှေမြို့တော်သို့ ပြောင်းရွှေ့

http://www.nyisay.com



ကြသည့်ကာလ။

ကျွန်ုပ် အသက် ၁၄ နှစ်ပင် မပြည့်သေး။

လှည်းတန်းကြီးများအနက် တစ်ခုသောလှည်း၏ နောက်မြီးပေါ်သို့ ကျွန်ုပ် တွဲခို၍ တက်လိုက်သည်။

"ရှင်မယ်ဒွေး မှာလိုက်ပေရဲ့နော်။ လူလေးကို သဘင်ပညာနဲ့ သိပ်ပြီး အကျွမ်းတဝင် မရှိပါစေနဲ့။ မင်းမှုထမ်းဖြစ်မှ ကြီးပွားတိုးတက်မှာ"

"စိတ်ချပါ ကိုရင်ရောက်ရယ်၊ ဒီသားလေးတစ်ယောက် ရှိတာ . . . ဒီသားလေး ကောင်းစားဖို့ပဲ ကျုပ်က အလေးထားမှာပေါ့"

လှည်းဦးနားတွင် အဖနှင့်အမိတို့မှာ စကားပြောမကုန်ကြ။ အဖက ကျွန်ုပ်ကို ခဏခဏ လှမ်းကြည့်နေသည်။ အဖမျက်လုံးများ စိုးရိမ်ငွေ့မကင်း။

"ရှင်မယ်ဒွေး ဟိုတုန်းကစိတ်မျိုး ပြန်ပေါ်လာမှာစိုးလို့ ကျုပ်က သတိပေးရတာ"

"ကလေးပဲ ဆယ့်သုံးလေးနှစ်အရွယ်ရှိပြီကော ကိုရင်ရောက်၊ ပူတတ်ရန်ကော။ ကျုပ်မလဲ ဒီအရွယ်ကြီးကျကာမှ ကချင်ခုန်ချင်စိတ် ရှိပါဦးမလား"

"ရှင်မယ်ဒွေးက မရှိပေမယ့် ကလေးမှာ အမြစ်တွယ်သွားမှာစိုးလို့"

"စိတ်ချပါ ကိုရင်ရောက်ရဲ့"

"ကျွန်ုပ်ကိုယ်တိုင်က ပုဂံမင်းရဲ့ အသုံးစာရေးဖြစ်နေရပေမယ့် သားလေးကိုတော့ အနည်းဆုံး အဆောင်တော်ကိုင်လောက် ဖြစ်စေချင်တာ။ မင်းမှုထမ်းဆိုတာက ရွှေနန်းတော်ထဲ ပေါက်ရင် ပေါက်သလို ကြီးပွားနိုင်တာ"

"အင်းပါ . . . ကျုပ် နားလည်ပါတယ်"

"အတီးအမှုတ်တွေ ဘာတွေများ သွားပြီး အစပျိုးပေးမနေနဲ့ဗျား"

"မဖြစ်စေရပါဘူး။ ဒါပေမယ့် ကိုရင့်သားအကြောင်း ကိုရင်အသိနော။ နစ္စ၊ ဂီတ၊ ဝါဒိတမှာ ဝါသနာရှိပုံမပေါ်ပေမယ့် စာလေးကဗျာလေးက အစပ်ချင်သား။ သူ့မှာ ဟိုဟာတွေ့လဲ စာကောက်စပ်၊ သည်ဟာတွေ့လဲ စာကောက်စပ်နဲ့"

"အင်း . . . စာဆိုလဲ မဖြစ်စေချင်ဘူးကွာ"

"ကလေးရဲ့သန္ဓေကို စောင့်ကြည့်ကြပါဦးစို့တော် . . . "

အဖနှင့်အမိ တတွတ်တွတ်ပြောနေချိန်တွင် ကျွန်ုပ်မှာမူ အင်းဝသွားမည့် လှည်းတန်းကြီးများကိုကြည့်လျက် စိတ်ထဲမှ စာတစ်ပုဒ်စပ်နေမိလေသည်။

---

ရန်အောင်စာပေ–၂

http://www.nyisay.com



"အင်းဝဆို ထိုရွှေမြို့၊ ဂုဏ်မချို့တဲ့ နန်းဇမ္ဗူ၊ အင်း . . . ဟုတ်ပြီ၊ ဗိုလ်ထောက်သံ ခပ်ဆန်ဆန်ပဲ။ ခရီးထွက်တာနဲ့လည်း လိုက်ဖက်တယ်။ ဂုဏ်မချို့တဲ့ နန်းဇမ္ဗူ၊ ရဂုံမြို့နဲ့ စခန်းမတူတယ်၊ လှမ်းနှစ်ဆူကွာဝေး၊ ဟင့်အင်း . . . မကောင်းသေးဘူး၊ ရဂုံမြို့နဲ့ စခန်းကွာတယ်။ နန်းအမရာ ကွာဝေး၊ ဟုတ်ပြီ၊ နန်းအမရာကွာဝေး၊ လှည်းယာဉ်ကြော ခြူဆင်ကာရယ်၊ လှည်းယာဉ်ကြော ခြူဆင်ကာရယ်၊ အလိုဗျာ တူယှဉ်ကာ သွားကြစို့မနှေး"

ဗိုလ်ထောက်သံဆန်ဆန် စာက ကျွန်ုပ်နှုတ်မှ အသံထွက်သွားခဲ့သည်။

"ကြားလား၊ ကိုရင့်သား အခုပဲ စာကောက်စပ်နေတာ"

အမိရင်ခွင်တွင် မှေးမှိုလျက် လှည်းဦးတွင် ထိုင်လျက်၊ တံပြာကိုင်လျက် တဟဲ့ဟဲ့ နွားငေါက်လျက် ဗိုလ်ထောက်သံကို ထပ်တလဲလဲဆိုရင်း အင်းဝသို့ ထွက်ခွာခဲ့သော ထိုခရီးကို ကျွန်ုပ် မမေ့နိုင်။

အသုံးစာရေး အမှုတော်ထမ်းဖြစ်သော အဖကား အမရပူရ နန်းမြို့ရိုး၏ မင်္ဂလာတံတား ဟိုမှာဘက်တွင် ရေးရေးပျပျ ကျန်ရစ်ခဲ့လေသည်။

"အမ . . . အမ ကျုပ်တို့က ဘာဖြစ်လို့ အင်းဝကိုပြန်တာလဲ။ အဘက ကော ဘာကြောင့် အမရပူရမှာ နေခဲ့တာလဲ။ အဘက နောက်မှ လိုက်လာမှာ လား"

ခရီးထွက်ရသောကြောင့် ပျော်ရွှင်နေသော်လည်း အဖ လိုက်မလာသည့်အတွက် ကျွန်ုပ်ရင်တွင်း မရှင်း။ အမိကို မေးမိလေသည်။ အမိက ကျွန်ုပ်၏ သျှောင်ပေစူး အုန်းဆီများကို ပွတ်သပ်လျက် ဖြေသည်။

"မင်းတုန်းညီနောင်အရေးကြောင့် အမရပူရမှာ မအေးဘူးသားရဲ့"

"မင်းတုန်းညီနောင်က ဘာဖြစ်လို့လဲ"

"အခု ရွှေဘိုဘက်မှာ လူစုပြီး ထကြွနေကြတယ်။ ပုဂံမင်းကို နန်းချဖို့ ပြင်ဆင်နေကြတယ်"

"ပုဂံမင်းကို နန်းချပြီးတော့ ဘာလုပ်မှာလဲ"

"ထီးနန်းသိမ်းမှာပေါ့ လူလေးရယ်"

"ဘာဖြစ်လို့ ထီးနန်းသိမ်းတာလဲ"

"လူလေး ဒါတွေ နားမလည်ပါဘူးကွယ်၊ ကဲ . . . အိပ်တော့ အမတေး ဆိုပြမယ်"

ကျွန်ုပ်နားမလည်သော အရေးအရာများကိုလည်း မကြားချင်တော့။ အမိ

http://www.nyisay.com



ကလည်း တေးဆိုပြမည်ဆိုသဖြင့် အမိရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်။ အမိသည် တစ်ခါက အညာတြသဘင်သည်ဟု ဆိုသည်။ ကျွန်ုပ်အဖို့မူ လောကတွင် အမိလောက် တေးဆိုကောင်းသူ မရှိတော့။

"အမ . . . ဟိုတေးမျိုး ဆိုပြပါ"

"ဘာလဲ သား"

"လှည်းတန်းကြီးတွေ ခရီးထွက်တဲ့အကြောင်း၊ နွားတွေမှာ ဆွဲထားတဲ့ ခြုံသံတွေက အသံသိပ်ကျယ်တဲ့အကြောင်း၊ လှည်းအောက်က လိုက်လာတဲ့ မိနီမကြီးက တဝုတ်ဝုတ်ဟောင်လာတဲ့အကြောင်း . . . . "

အမိက ဟက်ဟက်ပက်ပက် ရယ်လေသည်။

"အဲဒါမျိုးကို တေးစပ်ထားတာ မရှိဘူးသားရဲ့။ ဒါပေမယ့် လူလေးကြိုက်မယ့် တေးတစ်ပုဒ်တော့ အမ ဆိုပြမယ် နားထောင်"

ကျွန်ုပ် မျက်စိစုံမှိတ်ကာ အမိအသံကို နားစွင့်ထားလိုက်သည်။

"မြတ်လေးရုံတောအစ . . . ဒေါနလမ်းမြေညီ . . . လျှောကျစမ်း ရေသင်းကြည်တယ် . . . ရွှေနှင်းဆီကန်ချောင်း . . . လွမ်းမတတ် စကားဝါငုံမှာ . . . နံ့သာဖြူ လေးမောင့်စံကျောင်း . . . "

"နားထောင်လို့ ကောင်းလိုက်တာ အစ်မရယ်။ ဒါ တေးထပ်မဟုတ်လား၊ ဘယ်သူစပ်တာလဲ"

"စပ်တဲ့သူက ဦးပုညတဲ့"

"ဦးပုည"

"အေး . . . ဟုတ်တယ်၊ စလေမြို့က ဦးပုည"

ကိုပုညကို ထိုစဉ်ကတည်းက ကျွန်ုပ် တွေ့ထိသိရှိခဲ့ရလေသည်။

၄

မွေးရပ်ဇာတိ အင်းဝမြေတွင်လည်း ကျွန်ုပ် ကြာကြာမနေခဲ့ရ။ ပုဂံမင်းကို နန်းချ၍ အမရပူရကို မင်းတုန်းညီနောင်တို့ သိမ်းလိုက်ပြီဟူသော သတင်းနှင့်အတူ အမိနှင့်ကျွန်ုပ် အမရပူရသို့ ရွှေ့ခဲ့ရပြန်သည်။

အဖ၏ ညှိုးငယ်သောအသွင်ကို ဦးစွာ တွေ့ရလေသည်။

"ပုဂံမင်း အမှုတော်ထမ်းမို့ ကျုပ် အသုံးစာရေးအရာက ကျခဲ့ပြီ ရှင်

http://www.nyisay.com



မယ်ဒွေး"ဟု အဖ ခြောက်သွေ့စွာ ဆိုသည်။ အမိကမူ ပကတိ ငြိမ်သက်စွာ။

"အရာကျလည်း ဘာဖြစ်သလဲ ကိုရင်ရောက်။ မင်းပြစ်မသင့် ပြီးတာပဲ။ အခု ကိုရင်ရောက် မင်းမှုထမ်း မဟုတ်တော့ဘူး။ အသည်ဘဝရောက်ပြီမဟုတ်လား။ ကျုပ်တို့ လက်လုပ်လက်စားဘဝနဲ့ တစ်ဝမ်းတစ်ခါး လှအောင် နေတတ်ကြရမှာပေါ့"

"တစ်ဝမ်းတစ်ခါးအတွက်တော့ ကျုပ် ဘာမှ မပူပါဘူး ရှင်မယ်ဒွေးရယ်။ အသုံးစာရေးဘဝတုန်းကတည်းက ရွှေနန်းတော်နဲ့ ပတ်သက်တဲ့ မင်းပွဲသဘင်၊ အလုပ်အဆောင်တွေကို နားလည်ခဲ့ပြီးတာမို့ အချုပ်အလုပ်ပညာမှာ ကျွမ်းပြီးသားပါ။ ကျုပ် စိတ်မကောင်းတာက လူလေး မင်းမှုထမ်းဘဝနဲ့ ဝေးသွားမှာကို . . . . "

"ကံထမ်းလာတာ မမြင်ရပါဘူး ကိုရင်ရောက်ရယ်"

သို့နှင့်ပင် ကျွန်ုပ်၏ လူလားမြောက်ဆဲအရွယ်ကို အမရပူရ၌ ကုန်လွန်ခဲ့ရပြန်လေသည်။ တစ်ဝမ်းတစ်ခါးအတွက် မပူရသည်ကား အမှန်ပင်။ အဖ ပြောသလို အသုံးစာရေးဘဝကတည်းက အချုပ်အလုပ် အတတ်တွင် ကျွမ်းကျင်ခဲ့ပြီး ဖြစ်သောကြောင့် အနု၊ အကြမ်း၊ အချုပ်အလုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ကြရသည်။ အဖသည် အမရပူရနန်းတော်တွင် ဆယ့်နှစ်ရာသီ မင်းပွဲသဘင်နှင့် စပ်ဆိုင်သော အလုပ်မှာလည်း နှံ့စပ်ခဲ့သူဖြစ်၍ ယခုလည်း သဘင်သည်များနှင့် လုပ်ငန်းကိုင်ငန်း အကူးအလူး အဆက်အဆံ မပြတ်ရှိခဲ့သည်။ ရွှေမျက်ပါး၊ ကြယ်ခတ်၊ ရွှေချည်ထိုး၊ ဂုန္တာန်ထိုး စသောအလုပ်၌ အဖ ဦးရောက်သည် နာမည်ရခဲ့လေသည်။

ကျွန်ုပ်လည်း မနေသာ၊ အဖ၏ ရိုးရာလက်မှုအမွေကို ခံယူခဲ့ရသည်။

သို့သော် အချုပ်အလုပ်တွင် ကျွန်ုပ် စိတ်မဝင်စား။ ဖျဉ်စပိတ်ပေါ်တွင် ရွှေချည်၊ ငွေကြယ် ထိုးရခတ်ရ၊ ပန်းကွက်ဖော်ရခြင်းထက် ပေပေါ်တွင် စာလုံးအလှဖော်ရသော အလုပ်၌သာ ဝင်စားလေ့ကျက်မိတော့သည်။

ကျွန်ုပ် ကုသိုလ်ကံ ကောင်းပေသည်။ အမိသည် သဘင်သည်အလုပ်ကို မလုပ်တော့သော်ငြားလည်း အမြင့်သဘင်၊ အနိမ့်သဘင် ပညာရှင်များကမူ အမိနှင့်ပတ်သက်၍ အိမ်မှာ အဝင်အထွက်ရှိကြလေသည်။ သို့ဖြင့်ပင် ကျွန်ုပ်လည်း ဇာတ်စာ၊ တေးထပ်၊ လေးချိုး အရေးအဖွဲ့၌ အရေးအခွင့်သာခဲ့ပေသည်။ ကျွန်ုပ်၏ ဇာတ်ချင်း၊ ဇာတ်စာများ အမရပူရမြို့တွင် တစ်စတစ်စ တွင်ကျယ်

http://www.nyisay.com



လာသည်ကို နှစ်ထောင်းအားရစွာ တွေ့မြင်လာရသည်။

သက္ကရာဇ် ၁၂၂၁ ခုကား ကျွန်ုပ်ဘဝ၏ အကောင်းဘက်သို့ ကွေ့ပြောင်း ချိုးလှည့်သော ကာလ။ ဤ နှစ်ဆယ့်တစ်ခုနှစ် တစ်နှစ်လုံးကို ကျွန်ုပ် ရွှင်လန်း အားရစွာ ဖြတ်သန်းခဲ့သည်။ အခွင့်အလမ်း၏ ဦးကင်းဝကို ကျွန်ုပ် မျက်တောင် မခတ် စောင့်ကြည့်ခဲ့သည်။ ကျွန်ုပ်အလိုရှိသော အချိန်ကာလသို့ တိုင်ခဲ့ပေပြီ။

မင်းတုန်းမင်းသည် မြို့နန်းရွှေ့ပေပြီ။ အမရပူရမှ ရတနာပုံသို့ မြို့တည် နန်းတည်နေကြသည့် လှုပ်ရှားမှုကြီးကို စောင့်ကြည့်ခဲ့ပြီးသည်၏ အဆုံးတစ်နေ့၊ နှစ်ဆယ့်နှစ်ခုနှစ် အတာသင်္ကြန်အပြီး . . . ။

"အဘနဲ့အမေ ကျုပ် စကားတစ်ခွန်း ပြောချင်လို့ဗျာ"

အမိရင်ခွင်တွင် လဲလျောင်းနေသည့်အရွယ်၊ အဖ တင်ပျဉ်ခွေထဲမှာ ဆော့ကစားနေသည့် အရွယ် မဟုတ်တော့။ ကျွန်ုပ်အသက် နှစ်ဆယ်စွန်းခဲ့ပြီ။

"ဘာများပြောချင်လို့လဲ လူလေး . . . "

အမိကမူ ယခုအထိ ကျွန်ုပ်ကို 'လူလေး'ဟုခေါ်ဆဲ။ အဖက တိတ်ဆိတ် စွာကြည့်နေသည်။

"ဒီအတိုင်းသာ နေသွားကြရင် အမရပူရမှာ ကျုပ်တို့သားအမိသားအဖ သုံးယောက်ပဲ ကျန်ရစ်ခဲ့လိမ့်မယ်"

အဖနဲ့အမိတို့ စကားမဆို ရှိကြသည်။

"မင်းတုန်းဘုရင်လဲ မြို့နန်းရွှေ့သွားပြီ။ ရတနာပုံမြို့တော်ဆီကို လိုက် ပါလိုသူများ ရှိကြရင် ဆင်းရဲချမ်းသာမရွေး လိုက်နိုင်ကြောင်း၊ မြို့တော်သစ်မှာ အခုနေတဲ့အတိုင်း ဘုရင်က အကွက်ချ နေရာပေးမယ့်အကြောင်း၊ အမိန့် တော်ပြန်ထားတာလည်း အဘနဲ့အမတို့ အသိ။ အခု အမရပူရသားတွေ တဖွဲဖွဲ ပြောင်းနေကြပြီ။ ကျုပ်တို့က မြို့သစ်ကိုမလိုက်ဘဲ သည်အတိုင်းနေခဲ့ရင် ဒုက္ခ ရောက်လိမ့်မယ်။ ကျုပ်တို့ ရွှေ့ကြမယ်"

အဖနှင့်အမိ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။

"မြို့ဟောင်းမှာ ဆက်နေရင် စီးပွားလဲဆုတ်ယုတ်မယ်၊ ကျုပ်လဲ နန်း တော်နဲ့ ဝေးမယ်"

ကျွန်ုပ်၏ စာပေလေ့လာလိုက်စားမှု အကြောင်းကိုကား အဖ မကြိုက် မှန်းသိသောကြောင့် ထည့်မပြောဘဲ ထားလိုက်သည်။

"ကျုပ်တို့ ပြောင်းကြရအောင်"

http://www.nyisay.com



ခွင့်ပန်ခြင်းမဟုတ်၊ တိုက်တွန်းခြင်းမဟုတ်။ အရွယ်ရောက် လူလား မြောက်ပြီးသော သားတစ်ယောက်၏ အစီအမံ ဖြစ်သည်။

"လူလေးဆန္ဒအတိုင်းပါပဲကွယ်"

ဟူသော စကား၏အဆုံးဝယ် ကျွန်ုပ်တို့ အထုပ်အပိုးပြင်ကြတော့သည်။ အဖကမူ သူ နှစ်ပေါင်းရှည်ကြာ မင်းမှုထမ်းအဖြစ် နေထိုင်ခဲ့သော အမရပူရ မြေကို စွန့်ခွာရသည့်အတွက် မျက်စိမျက်နှာ မကောင်းလှ။ သို့သော် တေးထပ်၊ လေးချိုး၊ ဇာတ်ချင်း၊ ဇာတ်စာ ရေးစပ်မှုကြောင့် သူ့ထက် ပို၍ လူသိများ ထင်ရှားနေပြီဖြစ်သော သားဖြစ်သူ၏ အစီအမံကို သူ ငြင်းဆန်၍မရတော့ပေ။

အမရပူရကို စွန့်ခွာခဲ့ပေပြီ။ သို့သော် လွန်ခဲ့သော ခုနစ်နှစ်၊ ရှစ်နှစ်တုန်း ကလို မွေးရပ်ဇာတိမြေ အင်းဝသို့ ပြန်လည်စွန့်ခွာခြင်းမျိုး မဟုတ်။ ဟိုတုန်းက လို အုန်းဆီရွှဲရွှဲ သျှောင်ပေစူးလေးကို ပွတ်ကာ ပွတ်ကာဖြင့် . . .

"အင်းဝဆို ထိုရွှေမြို့၊ ဂုဏ်မချို့တဲ့ နန်းဇမ္ဗူ"ဆိုသော ဗုံထောက်ဆန် ဆန်တေးမျိုးကို ကောက်ရွတ်တတ်သည့် စာရူးကဗျာရူး ကောင်လေးတစ်ယောက် လည်း မဟုတ်တော့ပြီ။

သည်တစ်ခါကား . . .

ခပ်သိမ်းသော အနာဂတ်အရေးတို့အတွက် အခွင့်အရေးလမ်းများကို ဖွင့်ဟဖြန့်ခင်း ကြိုဆိုနေသော မန္တလေးရတနာပုံနေပြည်တော်ဆီသို့။

တက်ကြွသော စိတ်ဓာတ်၊ ပြင်းပြသောယုံကြည်ချက်၊ ကွန့်မြူးသော စာဆိုဉာဏ်တို့ဖြင့် ဝင့်ဝင့်ကြွားကြွား လျှောက်ချီလာသော ခရီး။

လှည်းဦးတွင် ကျွန်ုပ် ထိုင်လိုက်သည်။ တံပြာကို တစ်ချက်ဝင့်၍ နောက် ဘက်တွင် ထိုင်နေသော အမိကြားသာအောင်

"အမ ကျုပ် ဗုံထောက် မဆိုတော့ဘူး"

"လူလေး ဘာဆိုချင်သလဲ"

အမိက ကျွန်ုပ်စကား၏အနက်ကို သိထားနှင့်လေသည်။

"လွန်ခဲ့တဲ့ ခုနစ်နှစ် အင်းဝကို ပြန်စဉ်က အမ ကျုပ်ကိုဟောသည့်ခရီး မှာပဲ ဆိုပြခဲ့တဲ့ တေးထပ်တစ်ပုဒ် ရှိပါရောလား . . . "

"အင်း . . . "

"မြတ်လေးရုံတောအစ . . . . ဒေါနလမ်းမြေညီ . . . ဆိုတဲ့ တေးထပ် ဟာကော၊ စလေဦးပုညရဲ့ တေးထပ်လေ"

http://www.nyisay.com



"အင်း . . . "

"ရတနာပုံရောက်ရင် ကျုပ် ဂုဏ်မြောက်တဲ့ တေးထပ်တွေ ရေးမယ်။ စလေဦးပုညထက်သာအောင် ကျုပ်စပ်မယ်၊ ရတနာပုံမှာ ကျုပ်ကို ဆရာဖေ၊ ဆရာဖေနဲ့ တသသ ဖြစ်နေစေရမယ်"

"တိုးတိုးပြော လူလေး၊ မင်းအဘ ကြားသွားမယ်။ မင်းအဘက မင်းစာဆိုတာကို သဘောကျတာ မဟုတ်ဘူး၊ သူက မင်းကို ရွှေနန်းတော်ထဲ ဝင်စေချင်တာ"

"အခု မကြားလဲ ရတနာပုံရောက်ရင် ကြားမှာပဲ အမရဲ့။ ဘာကြောင့်လဲဆိုတော့ နေပြည်တော်သူ နေပြည်တော်သားတွေရဲ့ နှုတ်ဖျားမှာ ကျုပ်တေးထပ်တွေ မစဲစတမ်း မြည်နေကြတော့မှာကိုး"

"အင်း . . . ဦးပုညကို ထိုးဖောက်ကျော်လွှားဖို့ဆိုတာကတော့ အတော်လေး ခဲယဉ်းတဲ့ကိစ္စ ဖြစ်နိုင်တယ် လူလေးရေ"

"စလေ ဦးပုညလား၊ သူရှိနှင့်နေတာ ကျုပ်တော့ သဘောကျတယ်"

"အလို . . . သဘောကျတယ် ဟုတ်စ၊ ဦးပုညဟာ မင်း အဓိကထား ယှဉ်ပြိုင်ရမယ့် စလေဆရာကဝိကြီးပဲ လူလေးရဲ့"

"ပြိုင်ဘက်မို့ သဘောကျတာပေါ့ အမရယ်။ သူကောင်းလေလေ၊ တော်လေလေ ကျုပ်က ကြိုးစားရလေလေ၊ ကျုပ် တော်လေလေ ဖြစ်တာပေါ့။ ဒါနဲ့ နေပါဦး၊ စလေဦးပုည စလေဦးပုညနဲ့ တယ် နာမည်ကြီးတယ်။ အသက်က ဘယ်လောက်ရှိပြီတဲ့လဲ"

"မယင်းတော်က အမေ့ကို ပြောဖူးတယ်။ အင်း . . . အခုဆိုရင် သုံးဆယ်ကျော်လောက် ရှိရောပေါ့"

"ဒါဆို ကျုပ်ထက် ဆယ်နှစ်လောက်ပဲ ကြီးတာပေါ့ အမ"

"တွေကြသေးတာပေါ့ ဦးပုညရယ် . . . "ဟု စိတ်ထဲမှာ ကြုံးဝါးလိုက်သည်။ နွားခြုံသံသည် ကျွန်ုပ်နားထဲတွင် တေးသံ ဖြစ်နေလေသည်။

၄

ရတနာပုံနေပြည်တော်၏ တောင်ဘက်ကျုံးထိပ်။ အရှေ့မှ အနောက်သို့ တဖြောင့်တည်း တန်းလျက်ရှိသော အကွက်တစ်ကွက်ကို မြင်းကုန်းနှီးတန်းဟူ

http://www.nyisay.com



သော အမည်သစ်ဖြင့် နန်းတော်က နေရာချထားပေးသည်။

ဘုရင့် မြင်းတပ်မတော်များဖြစ်သော အက္ကပတ်မြင်း၊ ကသဲမြင်း၊ ရွှေပြည်ရန်အောင်မြင်း၊ ဇင်းမယ်မြင်း စသည့် မြင်းများအတွက် ကုန်းနှီးဇက်ကြိုး၊ ပါးချပ် အဆင်တန်ဆာများကို ချုပ်လုပ်ပေးရသူများအတွက် ရပ်ကွက်။

မြင်းကုန်းနှီးတန်းဟု အမည်ပြုသော်လည်း အပ်ချုပ် အမှုတော်ထမ်းများ၏ သီးသန့် အကွက်ဖြစ်ပေသောကြောင့် အပ်ချုပ်တန်းဟုသာ အခေါ်လေ့ရှိကြသည်။ ရပ်ကွက်ကို အပ်ချုပ်တန်းဟု ခေါ်သော်လည်း ကျွန်ုပ်ကိုမူ အချုပ်တန်းဟူသော ဝိသေသနဖြင့် တွဲ၍ ခေါ်ကြပြန်သည်။

အချုပ်တန်း ဆရာဖေ။

"ကြားလား အမ၊ တွေ့ရဲ့လား အမ၊ စလေဦးပုညကို ဦးပုညလို့ပဲ ခေါ်ကြတယ်။ ဆရာဦးပုညလို့ မခေါ်ကြဘူး။ ကျုပ်ကျမှ ဆရာတပ်ပြီး ဆရာဖေလို့ခေါ်ကြတယ်။ အချုပ်တန်း ဆရာဖေတဲ့လေ . . . "

မယ်ဘွဲ့ တေးထပ်တစ်ပုဒ်ကို ရေးအပြီးတွင် ပေရွက်ကိုချထားရင်း အမိကို ကျွန်ုပ် ပြောလိုက်သည်။ အမိက မျက်လုံးမှ အဆက်မပြတ် ကျနေသော မျက်ရည်ကြည်များကို ပဝါဖြင့် တို့ကာ ကျွန်ုပ်ကို ပြုံးကြည့်သည်။ အချုပ်အလုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းမှု ချောင်ချိစေကာမူ မျက်လုံးကို အသုံးချရလွန်းသဖြင့် အမိမှာ မျက်လုံးမွဲသိနေရှာပေပြီ။

"အဘကတော့ . . . လူလေး ဆရာဖေ၊ ဆရာဖေနဲ့ ဘယ်လောက်နာမည်ကြီးကြီး ရွှေနန်းတော်ထဲအထိ မပေါက်ရောက်သေးတဲ့အတွက် ဘဝင်မကျချင်သေးဘူးကွာ"

ကွပ်ပျစ်ပေါ်တွင် နှီးခေါင်းဖုကို ခေါင်းအုံးကာ လှဲနေသော အဖက လှမ်းပြောသည်။ အဖကား အညောင်းမိသော ရောဂါဖြင့် ဒူလာစွဲကာ ဝေဒနာသည်တစ်ပိုင်း ဖြစ်နေလေပြီ။

"တော့မလဲ ဒီ ရွှေနန်းတော်အကြောင်းပဲ ပြောနေ၊ နေပါဦး လူလေး၊ ခုနင်က ရေးပြီးသွားတဲ့တေးထပ်က ဘယ်သူ့ဖို့လဲ"

"အမကလဲ မနေ့ကပဲ ဦးသာဇံ လာသွားတာကော"

"ဩော် . . . ဦးသာဇံအတွက်လား"

"အင်းလေ၊ သူ့စင်တော်မှာ ဆိုချင်လို့ မယ်ဖွဲ့တေးထပ်တစ်ပုဒ် သူကိုယ်တိုင် ဆိုမှာ၊ နှယ်နှယ်ရရ မဟုတ်ဘူး"

http://www.nyisay.com



"ဝမ်းသာပါတယ် လူလေးရယ်၊ စင်တော်ကြီးသုံး စာဆိုဖြစ်လာရင် အခွင့်အလမ်းတွေဟာ ပွင့်လာမှာပါပဲ"

"ပွင့်လာရမှာပေါ့။ အမတို့လဲ ဒီအချုပ်တန်း အမှုတော်ထမ်းဘဝကို မကြာခင် စွန့်ရတော့မှာ။ ကျုပ် နန်းတော်သုံးစာဆိုဖြစ်လာရင် အမတို့ မပူမပင် နေနိုင်ပြီ"

"ကုသိုလ်ကံပေး၊ မရသေး၊ နှောင့်နှေးဗျာပါ မရှိရာ . . . တဲ့ လူလေးရဲ့။ ဝီရိယလွန်ရင် ဥဒ္ဓစ္စဖြစ်တတ်တယ်။ စိတ်မစောနဲ့ပေါ့ကွယ်"

"အနုပညာဆိုတာ ဘယ်လိုမှ ရောင့်ရဲတင်းတိမ်နိုင်စွမ်း မရှိတဲ့ အရာပဲ အဘ။ ကျုပ်ဟာ စာဆိုဖို့ လောကထဲမှာ လူဖြစ်လာတာပဲ"

အဖက ကိုယ်ကို တစ်ဘက်သို့ လှည့်စောင်းသွားသည်။ အမိက ပုတီးကိုကောက်ကိုင်သည်။ ကျွန်ုပ်လည်း ပေရွက်ကိုယူကာ အိပ်ခန်းထဲ ဝင်ခဲ့သည်။ စင်တော်မင်းသမီး ဦးသာဇံအတွက် ရေးထားသော တေးထပ်ကို ပြန်၍ စစ်ဆေးရဦးမည်။

၄

စင်တော်မင်းသမီး ဦးသာဇံသည် မိဘနှစ်ပါးမှလွဲလျှင် ကျွန်ုပ်၏ ကျေးဇူးရှင်အစစ် ဖြစ်ပေတော့သည်။

ရှစ်ဆယ်ပေါ်တေးထပ်တစ်ပုဒ်ကို အကြောင်းပြု၍ ကျွန်ုပ်နှင့် ဦးသာဇံတို့ ဆက်သွယ်မိကြသည်။ ဤနေရာတွင်လည်း ကိုပုညကို ကျွန်ုပ် ကျေးဇူးတင်စရာ ဖြစ်လာပြန်သည်။ စင်တော်ကြီးမင်းသား ဦးသာဗျောသည် ကိုပုည၏ ဘုန်းတော်ဘွဲ့၊ လူးတားညှပ်၊ ရှစ်ဆယ်ပေါ်တေးထပ်ကို ဆို၍ နန်းတွင်းကပွဲထွက်သည်။ ဤတေးထပ်ကြောင့်ပင် ဦးသာဗျောသည် ရွှေသိုင်းနှစ်ချက်အချီးမြှင့်ခံရပြီး အရပ်သားစင်မှသည် စင်တော်ကြီးအဖြစ်သို့ တိုးမြှင့်မြှောက်စားခံခဲ့ရသည်။

ဤတွင် စင်ပြိုင်ဖြစ်သော ဦးသာဇံအဖို့ ဦးသာဗျောကို အနိုင်ရရန် အရေးကြီးလာသည်။ ဦးသာဇံ ကျွန်ုပ်တို့နေအိမ်သို့ ရောက်လာလေသည်။

ဦးသာဇံမှန်း ကျွန်ုပ် မသိ။ အမိနှင့်စကားပြောနေချိန်တွင် အိမ်အတွင်းခန်းထဲမှာ တေးထပ်တစ်ပုဒ် ရေးနေသည်။

"လူလေးရေ . . . ခဏ"ဟူသော အမိအသံကြောင့် ကျွန်ုပ်ထွက်ခဲ့သည်။

http://www.nyisay.com



"ကိုကြီးသာဇံ အဲဒါ ကျွန်မသားပဲ"

အသားလတ်လတ်၊ ပိန်ပိန်သွယ်သွယ် ဥပဓိကောင်းကောင်း လူကြီးက ကျွန်ုပ်ကို မျက်တော်မခတ် ကြည့်သည်။

"မင်း ရှစ်ဆယ်ပေါ် တေးထပ် စပ်တတ်ရဲ့လား"

ရုတ်တရက် သူ ကောက်ကာငင်ကာ မေးသည်။ သူ့မျက်လုံးများတွင် ကျွန်ုပ်ကို အထင်အမြင်သေးဟန် မရှိသော်လည်း စိန်ခေါ်သည့် အကြည့်မျိုးကို တွေ့လိုက်ရသောကြောင့် ကျွန်ုပ် မခံချင်ဖြစ်မိလေသည်။

"အခု စပ်ပြရမလား"

လူကြီးက မျက်လုံးပြူးသွားပြီးမှ တဟားဟားရယ်ကာ . . .

"ရှင်မယ်ဒွေးသားကတော့ဟေ့ နာမည်ကြီးတာနဲ့ လူနဲ့ လိုက်ပါပေတယ်။ ကဲ . . . အခု မင်း ဘယ်သူတွေအတွက် ဘာတွေ စပ်ပေးနေရသလဲ"

"ဇာတ်ချင်းတွေ၊ ဇာတ်စာတွေ၊ တေးထပ်တွေ စပ်ပေးနေတယ်။ သဘင်သည်တွေအတွက်"

"မင်း . . ငါ့ကို ရှစ်ဆယ်ပေါ် တေးထပ်တစ်ပုဒ် စပ်ပေးမလား"

"ဦးကြီးက . . . "

"ငါ ဦးသာဇံလေကွာ၊ စင်တော်ကြီး မင်းသမီး"

"ဟောဗျာ"

"ကိုင်း . . . ကိုင်း၊ မင်းကို ငါ အလုပ်အပ်တာ လက်ခံ မခံ မပြောခင် ငါ တေးထပ်တစ်ပုဒ် ရွတ်ပြမယ်၊ နားထောင်ကြည့်စမ်း"

ဦးသာဇံ၏အသံသည် လူနှင့်မလိုက် ပီသချိုမြစွာ ထွက်ပေါ်လာလေသည်။

". . . သုံးသိန်း သုံးသောင်း လေးတောင်ထိပ် . . . နှစ်ကျိပ်ရှစ်ဆက် . . မဟာဝင် အတိတ်ဖြစ်ပျက် . . . ကမ္ဘာတွင်အောင် . . . ဘယ်ရာဇဝင်မစုံမြန်း . . . လေးဆယ့်ရှစ်ရပ် ပြာသာဒ်ရန်သည် . . . နတ်ဝိသုကံ ဖန်ဆင်းလေသည့်နန်း . . . "

ကျွန်ုပ် ကြက်သီးမွေးညင်းထသွားသည်။ ဘုန်းတော်ဖွဲ့တေးထပ်ဖြစ်ကြောင်း ကျွန်ုပ် သိလိုက်ပြီ။ သို့သော် စာများက ခန့်ညားလွန်းလှသည်။ အပွတ်အသိပ် သီကုံးထားကာ အင်အားကောင်းလှသည်။

"ရှစ်သောင်းလေးထောင်၊ နှစ်ပြန်စောင်သား . . . ရန်အောင်ဗဟို . . .

http://www.nyisay.com



မြမြင်းမိုရ်ဝယ် . . . ရေညိုခွေချပ် ဂဟောစပ်လျက် . . "

တေးထပ်မှသည် လူးတားအချိုးသို့ ကူးသွားသည်။ လူးတားမှာလည်း ကြောက်ခမန်းလိလိ စာလုံးများချည်း။ နောက်ဆုံး "ဝိသုဒ္ဓိပွင့်ပန်း . . . တည်သည့်နန်း"ဟူသော လူးတားအဆုံးပိုဒ်အထိ ကျွန်ုပ် အသက်မရှူမိ။

"တေးထပ်အချိုး ကျန်သေးတယ်ကွ"

ကျွန်ုပ် ခေါင်းညိတ်ပြလိုက်သည်။

". . . ရေယာဉ်နဝရတ် . . . နှုန်းတန္တိလို . . . ရွှေကျုံးဂမ္ဘီကာရံသန်း"

နှလုံးသွေးများ နွေးထွေးရာမှ ပူလောင်ဆူပွက်လာသည်။ လေးနက် သိပ်သည်း၍ အတ္တာလင်္ကာရ ကြွယ်ဝလှသော ဤတေးထပ်သည် ကျွန်ုပ်၏စာဆိုဉာဏ်ကို လှောင်ပြောင်နေသယောင်ပင်။

"ရွှေနန်းစံဆက် မဋ္ဌဒေလို . . . ပုံတောင်းခက်ရွှေ ဆိုက်ပွဲခံမို့လေး . . "

"ကဲ . . . ဘယ့်နှယ်လဲကွာ၊ အခု ငါဆိုသွားတဲ့တေးထပ် မကောင်းဘူးလား"

"သိပ်ကောင်းတယ်။ ဒါ ဘယ်သူစပ်တာလဲ"

"ရတနာပုံ ရွှေမြို့တော်မှာ ဒီလိုတေးထပ်မျိုးကို ဘယ်သူစပ်နိုင်ဦးမှာလဲကွ့"

နားမှတစ်ဆင့် ရင်ထဲတွင် ဖျဉ်းခနဲ ဖြစ်သွားသည်။

"စလေလား"

"ဒါပေါ့၊ စလေပေါ့၊ ကိုသောဖျောက ဒီတေးထပ်ကို ဆိုတယ်။ နန်းတော်ထဲမှာ ကတယ်။ သိပ်ပွဲတောင်းတဲ့ တေးထပ်ပေါ့။ မင်းလဲ ဒီတေးထပ်ထက် ပိုမကောင်းနိုင်တောင်မှ သူ့ထက်မညံ့တာ၊ သူ့လောက် အရည်မီရင်ပေါ့ကွာ၊ ရေးချင် စပ်ချင်၊ အဲ . . . ရေးနိုင်၊ စပ်နိုင်သပ်ဆိုရင် . . . "

"ဦးကြီးရဲ့စင်က နန်းတော်ထဲ ဘယ်တော့ကရမှာလဲ"

"နက်ဖြန်ညကွ့"

"ကောင်းပါပြီ၊ နက်ဖြန်မနက် စာလာယူပါ။ ဦးကြီး ရွတ်ကြည့်ပေါ့။

"မကြိုက်ရင် ချက်ချင်း ပြန်ချထားခဲ့ပါ"

"ကောင်းပါ့မောင်"

၄

http://www.nyisay.com



"ရှင်မယ်ဒွေးရေ၊ နင့်သားတော့ မင်းပေါက်စိုးပေါက် ဖြစ်တော့မယ်ကွ သိလား။ ဘယ်ပြောကောင်းမလဲ၊ စင်တော်ကြီးလဲ သိမ်းရော၊ ပွဲကြည့်ဆောင်က နေ ဆင်းလာပြီး နန်းတော်သူ နန်းတော်သားတွေဆိုတာ ကူးယူပါရစေ။ ကူးယူ ပါရစေနဲ့ ဘယ်သူစပ်တာလဲ မေးကြလွန်းလို့ ငါကလဲ ကိုယ့်လူကိုယ် ဇန်းတင်ရ မှာ မဟုတ်လား။ ဆရာဖေ စပ်တာ၊ အချုပ်တန်းဆရာဖေ စပ်တာလို့ ပြောရ တယ်။ ဟော့ . . . ဆရာဖေလေး၊ မင်းတေးထပ်က သုတိသာယာ နာပျော်ဖွယ် လဲဖြစ်တယ်ကွ။ စာလဲ အလွန်နုသကွ။ အဓိပ္ပာယ်ကလည်း လေးနက်သကွ။ အက္ခရာတစ်လုံးစီအပေါ်မှာ ကာရန်ထပ်ပြီး ယူထားပုံကလဲ မန်ကျည်းရွက်သပ် မှ တကယ့်ကို စီရရီ ညီလို့ကွဲ့ သိလား။ စထွက်ကတည်းက နန်းတော်သူ နန်း တော်သားတွေက သူတို့နားကို တကယ့် မဟာသောတအာရုံနဲ့ စွင့်ထားကြတာ ကလား။ ငါကလည်း အကောင်းဆုံး၊ စာပေါင်အပဲ့ဆုံး၊ အာအရှင်းဆုံး ဆိုချ ပစ်လိုက်တာ။ အဲ . . . နန်းဘုံ . . . ဆန်းစုံ . . . ပန်းခုံမြင့် . . . စန်းယုန်ငွေသွင့် မခြားအသွင် . . . မြန်းလှုံဗွေဆင့် ပတ္တမြားပလ္လင်ဝယ် . . . နှစ်ပါးအရှင် ပြိုင်စံ ထွန်း . . . ဝေရောစန . . . ရဝေသောမ . . . ပရမေစောလှ . . . နတ်နှစ်ဆူ မှာ မြတ်ပါရဂူဆုကြီး ရွယ်လို့ညွှန်း . . . အဲဒီအပိုဒ်အထိ ဆိုပြီးတဲ့နောက်မှာ ရုတ်တရက် ရှေ့ဆက်လို့ ဆိုမဖြစ်ဘူးကွ"

"ဗျာ . . . ဘာကြောင့် . . . ၊ ဦးကြီး စာမေ့နေလို့လား"

"ဘယ်ကလာ စာမေ့ရမှာလဲ ဆရာလေးရယ်၊ ပရိသတ်က ဝေါဝေါ ဝေါနဲ့ ဖြစ်နေလို့။ ဟဒယ နှလုံးကို ကိုင်အလှုပ်ခံလိုက်ရသလို ဖြစ်သွားကြတယ်နဲ့ တူပါတယ်၊ တော်တော်နဲ့ အသံမတိတ်ဘူး။ အဲ . . . မဟီမြေတန့် . . . ဝသီ နေရပန့် . . . မဒ္ဒီဝေသန့် ခုငြမ်းဆင်သည် . . . အပိုဒ်ကစပြီး အပြီးအထိ ဟို ရွှေနန်းဆောင်မြင့် . . . ငွေစန်းရောင်ပွင့် . . နေဝန်းပြောင် . . မင့်သိကြားဆွေ မှာ ဗြဟ္မာ့ကျက်သရေ . . . တက်ဖြိုးဝေလို့လေး . . . အထိ ဆိုချပစ်လိုက်တယ်။ ပွဲကြည့်ဆောင်တစ်ခုလုံး ဆူသွားတာပဲဟေ့"

ဝမ်းသာလွန်းသဖြင့် အသည်းနှလုံးများ တဆတ်ဆတ်တုန်နေသည်ဟု ထင်ရသည်။ ပွဲကြည့်ဆောင်မြင်ကွင်းကို မြင်ယောင်ကြည့်သည်။ ကျွန်ုပ်၏တေး ထပ်၊ ဦးသာဇံ၏အဆိုတွင် နစ်မျောနေကြမည့် နန်းတော်သူ၊ နန်းတော်သား များ။

ဖျတ်ခနဲ တစ်စုံတစ်ခုကို သတိရလိုက်မိသည်။ ထို့ကြောင့် . . .

http://www.nyisay.com



"နေပါဦး ဦးကြီး၊ ပွဲကြည့်ဆောင်မှာ မင်းတရားကြီးလဲ ရှိတယ် မဟုတ်လား။ မင်းတရားကြီးကကော ဘာများ အမေးတော်ရှိသေးသလဲ"

ဦးသာဇံ၏မျက်လုံးများ ညှိုးရိပ်သန်းသွားသည် ထင်သည်။ အတန်ကြာ တိတ်ဆိတ်နေပြီးမှ . . .

"အင်း . . . အမှန်အတိုင်း ပြောရမှာပဲ။ ဒါမှ အခိပ္ပာယ်ရှိမှာ"

"ဘာတဲ့လဲ မင်းတရားကြီးက"

"တေးထပ် တယ်ကောင်းပါလား၊ မောင်ပုည စပ်တာထင့် . . . တဲ့"

ရင်ထဲမှာ ကျိန်းစပ်သွားရသည်။

"စာကောင်းလျှင် စလေရေး ထင်ကြ ပြန်တယ်"ဟူသော စာချိုးလေး တစ်ခု အလိုအလျောက် ပေါ်လာသည်။

"ဘာပဲဖြစ်ဖြစ်ကွာ၊ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ဒီတေးထပ်ကို မင်းရေးတယ်ဆိုတဲ့သတင်းဟာ ရွှေနားတော်အထိ ပေါက်ကြားသွားမှာပါ။ အခု တော့ မင်းတရားကြီး မသိသေးဘူးကွ။ သို့သော်လည်း မင်းအတွက် သိပ်ကို ကျေးဇူးကြီးမားတဲ့ အကျိုးရလဒ်တစ်ခုတော့ ရလာခဲ့ပြီ"

"ဘာလဲ ဦးကြီး"

ဦးသာဇံက ထူးခြားစွာ ပြုံးသည်။ သူ့အပြုံးမှာ ခွန်အားပါနေကြောင်း ကျွန်ုပ် သတိထားမိသည်။ အပြုံးတစ်ခုမျှနှင့် မပြီးသော အဓိပ္ပာယ်တစ်ခုခုကို ဆောင်ထားကြောင်းလည်း ရိပ်မိလိုက်သည်။ အဓိပ္ပာယ်ဝေဆာစွာ သိတန်းနေသော ထုထည်ကြီးမားသော အပြုံး။

ထင်ထင်ရှားရှားကြီး ပြုံးနေသော နှုတ်ခမ်းနှစ်ခုကြားထဲမှ ပီသသော စကားလုံးများ တစ်လုံးချင်း ထွက်ကျလာသည်။

"မက္ခရာမင်းသားကြီးက မင်းကို စိတ်ဝင်စားတယ်"

"မက္ခရာမင်းသားကြီး . . . ဟုတ်လား"

အိမ်တွင်းခန်း အိပ်ရာထက်မှ အဖ၏ တက်ကြွသောအသံ ပေါ်လာသည်။

အလင်းရောင်တစ်ခု ကျွန်ုပ်၏တစ်ကိုယ်လုံးသို့ ကူးပြန့်လင်းလက်သွားသည်ဟု ထင်မိသည်။ လျှပ်ပြက်သည်ကို မိမိ၏ကိုယ်ခန္ဓာအတွင်း မြင်ဖူးသူမှာ ကျွန်ုပ်တစ်ဦးတည်း ရှိမည်ထင်သည်။ ထိုအခိုက်အတန့်မှာလည်း 'မက္ခရာမင်းသားကြီး'ဟူသော အမည်ကို ကြားလိုက်ရသည့် တဒင်္ဂ။

http://www.nyisay.com



မမြင်မတွေ့ဖူးသော်လည်း ကျွန်ုပ်သည် မကွာရာမင်းသားကြီးနှင့် အလွန်နီးကပ်သော နေရာသို့ ရောက်ရှိသွားပြီဟု ခံစားရသည်။

၄

ဖက်ဖူးနုပဝါတွင် ကျေးစိမ်း ပန်းပွင့်လေးများ ဖောက်ထားသော ပဝါကို အုပ်ပေါင်း ပေါင်းလိုက်သည်။ ခေါင်းပေါင်းစကိုလည်း မင်းသား၊ အမှုတော်ထမ်းများကဲ့သို့ ဘယ်ဘက်တွင် ချထားလိုက်သည်။ ညာဘက်ပခုံးတွင် ခေါင်းပေါင်းစ မရှိရ။ ညာဘက်ပခုံးမှာ ဓားထမ်းရမည့် ပခုံး။

ပိတ်ဖြူကိုယ်ကျပ်ကိုလည်း အစွန်းအထင်းမရှိစေရအောင် သတိကြီးစွာ ထားရသည်။ ပုဆိုးကိုမူ နိုင်ငံခြားမှ ရောက်လာပြီး ရတနာပုံရွှေမြို့တော်တွင် အထူးခေတ်စားနေသည့် ပိတုံးရုပ်တံဆိပ်ပါသော ပိတ်ပုဆိုးကို ဝတ်လိုက်သည်။ ပိတုံးပိတ်သည် ထူထူထဲထဲ စီးစီးပိုင်ပိုင်ရှိလေရာ ခါးပုံစချဝတ်၍လည်း ကောင်းသည်၊ ခါးတောင်းကျိုက်၍လည်း အဆင်ပြေသည်။

အမိက ဖရန်စစ်တိုင်းပြည်မှလာသော အမွှေးဆီကို ကျွန်ုပ်၏နားသယ်နောက် ဆံပင်စများကြားတွင် ဆွတ်ဖျန်းပေးသည်။ အဖက ကျွန်ုပ်ကို ဘုရားပွဲသွားမည့် ကလေးငယ်တစ်ဦးလို ခြေဆုံးခေါင်းဆုံး အပြန်အလှန်သုံးသပ်ကြည့်ကာ ခါးပုံစကို ဖြန့်ပေးလိုက်၊ ခေါင်းပေါင်းစကို ချပေးလိုက် လုပ်နေသည်။

အမိက ခပ်လှမ်းလှမ်းမှ ခွာကြည့်ရင်း . . .

"အင်း . . . ငါ့သားက အသားမည်းတာလေးကလွဲရင် လူချောပါ"ဟု ဆိုသည်။

ကျွန်ုပ်မှာမူ စိတ်အိုက်လှချေပြီ။

နှစ်ဆယ့်ခြောက်နှစ်အရွယ် လူပျိုကြီးဖားဖားကို ကလေးငယ်တစ်ယောက်လို ပြင်ဆင်ဝတ်စားကာ ရှေ့မှ၊ နောက်မှ၊ ဝဲယာမှ ကြည့်နေကြသည့်အတွက် မနေတတ်၊ မထိုင်တတ် ဖြစ်ရသည်။

"လူလေး မျက်လွှာကို အောက်ချထားနော်။ ကိုသာဇံ အရိပ်အခြည်ကို အမြဲကြည့်နေ။ ထိုင်ရင်လဲ ပုဆိုးခါးပုံစကို သိမ်းပြီးထိုင်၊ ပြီးတော့ မေးတာကို ငဲဖြေ၊ ကြားလား"

အဖက တတွတ်တွတ် မှာသည်။

http://www.nyisay.com



"ကိုင်း . . . အထဲက မောင်ရှင်လောင်း မပြီးသေးဘူးလားဗျို့"

ဦးသာဇံကြီးက အပြင်မှ လှမ်းအော်နေသည်။

"ပြီးပါပြီ၊ ပြီးပါပြီ ကိုကြီးသာဇံရဲ့"

အခန်းအပြင်သို့ ထွက်ခဲ့သည်။ ဦးကြီးသာဇံက ကျွန်ုပ်ကို ကြည့်လျက် . . .

"အင်း . . . လူပုံကတော့ စာဆိုနဲ့ သိပ်မတူဘူး။ ကောင်းတယ်၊ အနု ပညာသမားဆိုပြီး နုနုနယ်နယ်ပုံ ပေါက်နေရင် မကောင်းပေဘူးကွ။ မင်းကြည့် ရတာ အသားက ခပ်မည်းမည်း၊ အံမယ် . . အင်း လမ်းလျှောက်တာကလဲ ခြေလှမ်းကျဲကျဲ၊ မျက်လုံးကြည့်ပုံကတော့ တယ်ရဲသကိုး။ ဓားထမ်းအဆောင် တော်ကိုင်ရုပ်မျိုး"

"ကျုပ် ခါးတောင်းကျိုက်ရမှာလား ဦးကြီး"

"ဟ . . . ဟ . . . အမှုတော်ထမ်းဖြစ်မှ ခေါင်းတောင်းကျိုက်ရမှာ။ အခုတော့ ခါးပုံစနဲ့ပဲ ဝင်ရမှာပေါ့၊ မင်းသားကြီးခေါင်းညိတ်ပြလို့ နန်းတော်ထဲ က ပြန်ထွက်လာရင်တော့ မင်း ခါးတောင်းကျိုက်နိုင်ပါပြီ ဟား . . . ဟား . . . "

အဖနှင့်အမိကို ဦးချ၍ ထွက်လာခဲ့သည်။ ဦးကြီးသာဇံ ယူလာသော မြင်းတစ်စီးကို ကျွန်ုပ် စီးခွင့်ရသည်။ ကုန်းနှီးနှင့် မြင်းကကြိုးတန်ဆာများမှာ အဖကိုယ်တိုင် အထူးတလည် ချုပ်ပေးလိုက်သောကြောင့် အရောင်အသွေးစုံ ညီစွာ လှပပြုံးပြက်ကြပေသည်။

"အင်း . . . မင်းသားကြီးတောင်မှ မင်းလောက် မြင်းကုန်းနှီး ကကြိုးဆင် နိုင်မှာ မဟုတ်ဘူး"

ဦးကြီးသာဇံက ရယ်သွမ်းသွေး၍ ဆိုလေသည်။

မြင်းကို လေးဘက်ကျနှင်ရင်း လေထဲတွင် လွင့်ဝဲနေသော ခေါင်းပေါင်း ပဝါစ၏ ဖျပ်ဖျပ်မြည်သံကို နားထောင်ရင်း ကျွန်ုပ်မှာ တစ်ကိုယ်လုံး ပေါ့ပါးရွှင် လန်းလျက် ရှိလေသည်။

"ကိုင်း . . . မြင်းပေါ်က ဆင်းကြဦးစို့ဟေ့၊ မြို့ရိုးစောင့်ရဲမက်တွေရဲ့ အစစ်ဆေးခံရဦးမှာ"

ကျုံးတံတားကို ဖြတ်ပြီးသည်နှင့် မြင်းပေါ်မှ ဆင်းကြရသည်။ ရဲမက်များ က မြင်းရော၊ လူကိုပါ စစ်ဆေးကြသည်။ ဦးကြီးသာဇံကိုမူ သူတို့ ရင်းနှီးပြီး ဖြစ်ကြလေပြီ။

http://www.nyisay.com



"ဦးကြီးသာဇံ၊ သူက ဘယ်သူလဲ"

ရဲမက်တစ်ယောက်က ကျွန်ုပ်ကိုညွှန်၍ မေးသည်။

"အချုပ်တန်းကပါကွာ"

"ဒိုင်းတော် အချုပ်တန်းလား၊ ဖွားဖက်တော် အချုပ်တန်းလား၊ သုံးတန်းလက်ရ အချုပ်တန်းလား"

ကျွန်ုပ်ရယ်ချင်သွားသည်။ ရဲမက်မေးသော အချုပ်တန်းများမှာ ရာဇဝတ်သားများကို အမှုတရား စီရင်ဆုံးဖြတ်၍ မပြီးဆုံးမီ ယာယီအားဖြင့် ဖမ်းဆီးချုပ်နှောင်ထားသည့် အချုပ်တန်းများပင်။

"မဟုတ်ပါဘူး မြင်းကုန်းနှိုးတန်း အချုပ်တန်းပါကွာ"

"ဪ . . . ဪ . . . ဒါကြောင့် သူ့ကကြိုးတွေ ဒီလောက်ကောင်းနေတာကိုး။ သူကိုယ်တိုင် ချုပ်တာနဲ့ တူတယ်"

"ကျုပ်ချုပ်တာ မဟုတ်ပါဘူး၊ ကျုပ်အဘ ချုပ်ပေးတာပါ"

ရဲမက်သည် ကျွန်ုပ်နှင့် ရွယ်တူလောက်ရှိသဖြင့် သူ့ကို ကျွန်ုပ် ပြက်ရယ်ပြုချင်လာသည်။

"ဟာ . . . ဟုတ်လား၊ ကျုပ်က ကိုရင့်အမိ ချုပ်ပေးတာမှတ်လို့"

"ကျုပ်အမိက အချုပ်အလုပ်ထက် သဘင်ကို ပိုဝါသနာပါတာဗျာ့"

"ဟုတ်လား၊ ဘယ်သူတဲ့လဲ၊ မယင်းတော်တဲ့လား"

ဦးကြီးသာဇံပါ တဟားဟား ဝင်ရယ်လေသည်။ ကျွန်ုပ်တို့၏ မြင်းနှစ်စီးကို စစ်ဆေး၍ မပြီးသေး။

"ယင်းတော် မဟုတ်ဘူးဗျာ၊ ရှင်မယ်ဒွေးတဲ့"

"ရှင်မယ်ဒွေး၊ အလိုလေး နာမည်ကြီးနဲ့တူတယ် မကြားဖူးပါလား"

"သူ့အမိကို မကြားဖူးပေမယ့် သူ့ကိုတော့ မင်းကြားဖူးမှာပါ"

ဦးကြီးသာဇံက ဝင်ပြောသည်။

"သူက ဘယ်သူမို့လဲ"

"နန်းဘုံ ဆန်းစုံ ပန်းခုံမြင့်၊ စန်းယုန်ငွေသွင့် မခြားအသွင် ရေးတဲ့သူ"

"ဗျာ . . . "

ရဲမက် ကျွန်ုပ်အနီးမှ ခွာသွားသည်။ ကျွန်ုပ်က ပြုံးပြလိုက်သည်။

"ခင် . . . ခင်ဗျား အချုပ်တန်းဆရာဖေ"

"ဟုတ်ပါတယ် ရောင်းရင်း"

http://www.nyisay.com



,ရဲမက် ကိုယ်ကို ယို့လေသည်။ ထို့နောက် မပီမသဖြင့် . . .

"ကျုပ် . . . ကျုပ် မသိလို့ ရယ်သွမ်းမိတာပါ ဆရာဖေ၊ ကျုပ်ကို ခွင့်လွှတ်ပါ ဆရာဖေ။ ဆရာဖေမှန်း မသိလို့ပါ၊ ဆရာဖေမှန်းသာ သိရင် . . . "

"အမျက်မထားပါဘူး ရောင်းရင်း"

"ဟာ . . . စာဆိုတစ်ဦးပဲဗျာ၊ ဟေ့ . . . ဟေ့ သွေးသောက်၊ မစစ်နဲ့တော့ဟေ့၊ ဟောဒီမှာ ဦးကြီးသာဇံနဲ့ ပါလာတာဟာ အချုပ်တန်းဆရာဖေပဲ။ ဦးကြီးသာဇံရယ် ကျုပ်တို့ကို ဘာကြောင့် စောစောက မပြောတာလဲ"

"မင်းတို့ ဘာတွေများ ဟောက်ကြ၊ ဟိန်းကြဦးမလဲ သိချင်လို့"

"ဟာဗျာ . . . ဟာဗျာ"ဟုဆိုကာ ရဲမက် နောက်သို့ ဆုတ်သွားလေသည်။ ကျွန်ုပ်တို့ နန်းမြို့တွင်းသို့ ဝင်ခဲ့ကြသည်။ ဆည်းဆာရီအလင်းပျော့အောက်တွင် လှုပ်ရှားသွားလာနေကြသည့် နန်းတွင်းသူ၊ နန်းတွင်းသားများကို ကျွန်ုပ် စိတ်မဝင်စားအား။ ရွှေချည်နုနေရောင်အောက်မှ ရွှေနန်းတော်ကြီးကိုလည်း ငေးမောအံ့သြနေရန် စိတ်မဝင်စား။

စိတ်လှုပ်ရှားစွာ စောင့်ဆိုင်းနေမိသော အရာတစ်ခုသာ ရှိသည်။

မကွရာမင်းသားကြီး။

၄

လုံကိုင်အစောင့်သည် ကျွန်ုပ်တို့ကို တစ်စုံတစ်ရာ တားဆီးစစ်ဆေးခြင်း မရှိ။

ဦးကြီးသာဇံ၏ အရိပ်အကဲကိုကြည့်၍ သူ့နောက်မှ ကျွန်ုပ်လိုက်ပါသွားသည်။ အဖ သတိကြီးစွာ မှာကြားလိုက်သည့်စကားကို အမှတ်ရနေပြီး ဦးကြီးသာဇံ၏ ခြေလှမ်းခြေရာကွက်များအပေါ် ထပ်နင်းလမ်းလျှောက်သည်အထိ ကျွန်ုပ် သတိထားနေမိတော့သည်။

အဆောင်တော် အတွင်းခန်းသို့ ဝင်မိကြပြီ။

အတိုင်းမသိ အံ့သြရချေသည်။

ပြိုးပြိုးပြက်ပြက် ရွှေပိန်းချ တိုင်လုံးကြီးများလည်း မရှိ။ ပိုးဖဲကတ္တီပါ၊ ကျောက်သံပတ္တမြားများကိုလည်း မတွေ့ရ။ ယပ်ဆွဲ၊ ကွမ်းရေကိုင်၊ လူပျိုတော်သား၊ ဗိုလ်မှူး၊ ကိုယ်ရံတော်၊ ကိုယ်လုပ်တော်၊ မောင်းမမိသံ အစရှိသော

http://www.nyisay.com



အဆောင်အယောင်များလည်း မရှိ။ အို . . . ရွှေနန်းရှင်မင်းတရားကြီး သားတော်တစ်ပါး၏ အဆောင်တော်ဟုပင် ယုံနိုင်စရာမရှိ။

ကညင်ဆီမီးတိုင်၏ နီကြန်ဝါရွှေ အလင်းရောင်အောက်တွင် တွေ့လိုက်ရသောမြင်ကွင်းသည် ကျွန်ုပ်၏နှလုံးကို လှိုက်လှဲစွာ ဆွဲကိုင်လိုက်ချေသည်။

ယွန်းထည်ကွမ်းအစ်၊ ယွန်းထည်လက်ဖက်အုပ်၊ ယွန်းထည်ရေနွေးကရား . . . အဆောင်အယောင် အသုံးပစ္စည်းအားလုံး ယွန်းထည်ချည်း။ မျက်နှာကျက်ဆီမှ တွဲရရွဲကျနေသော တင်းတိမ်စသည်ပင် ကျွန်ုပ်မျှော်လင့်ထားသလို ကတ္တီပါစ မဟုတ်၊ သာမန်ရိုးရိုး ပိတ်ဖျင်စ။ သလွန်ရှေ့တွင် ထိုင်နေကြသော ပရိသတ်များကကော။

ကျွန်ုပ်၏ ဇာတိမြေ အင်းဝမြို့၏ အရှေ့ဘက် ရွာသူကြီးအိမ် ဧည့်ခန်းကို အမှတ်ရမိသည်။ သူကြီးဧည့်ခန်းမှာ ခန်းလုံးပြည့် သင်ဖြူးဖျာချောကြီးများကို ခင်းထားသည်။ ဖျာချောပေါ်တွင် ကွမ်းဝါးလျက်၊ ရေနွေးကြမ်းကို တရှူးရှူးမှုတ်သောက်လျက်၊ လက်ဖက်မြုံ့လျက်၊ ပြောင်းဖူးဖက် ဖွာလျက် ထိုင်နေကြသူများမှာ တောင်သူလယ်လုပ် ဓားမခုတ် တောသူ တောင်သားကြီးများ။

ယခု မက္ခရာမင်းသားကြီး၏ အဆောင်တော်မှာ တွေ့လိုက်ရသော ပရိသတ်မှာလည်း မခြားနှင်နှင်ပေတည်း။

စလွယ်သွယ်ပြောင်း ဇောင်းနားရှောင်းဖြင့်၊ ဖော့လုံးခေါင်းပေါင်းဖြူဖြင့်၊ သိုရင်းစလွယ်ဖြင့်၊ မောက်တို၊ မောက်လူ၊ ကိုယ်ကျပ်လက်စည်းဖြင့်၊ တောက်ပြောင်ထည်ဝါကြကုန်သော မှူးမတ်ဗိုလ်ပါများ မဟုတ်ကြပါလေ။

အညာတဘက် ခေါင်းပေါင်း၊ ဖျင်ကြမ်း ခါးတိုအကျီ၊ မန်ကျည်းစေ့ ကွက်တုံး ပဆိုး၊ ရိုးတိရိုးချာလှစွာသော တောသူတောင်သား ပရိသတ်များ။

"မင်းသမီးကြီး ရောက်လာပလား"

သလွန်ထက်ဆီမှ အသံကို ကြားလိုက်ရသည်။ အဖ၏ မှာကြားချက်အရ သလွန်ထက်မှ ပုဂ္ဂိုလ်ကို ကျွန်ုပ် မော်မကြည့်ရဲ။ "မော်ဖူးစေ" အမိန့်မရသေး။ ဦးကြီးသာဇံ နောက်ပါးမှာသာ ခပ်ယို့ယို့ ဒူးတုပ်ထိုင်နေလိုက်သည်။

"မင်းသမီးကြီး"

"ဘုရား"

ဦးကြီးသာဇံက ဘုရားထူးသည်။ ကျွန်ုပ် ပြုံးမိသည်။ စင်တာ်မင်းသမီးကြီး ဦးကြီးသာဇံကို မက္ခရာမင်းသားက 'မင်းသမီးကြီး'ဟု ရင်းနှီးပွင့်လင်းစွာ

http://www.nyisay.com



ချစ်စနိုးခေါ်သည်ပဲ။

"ညော့သည်အသစ် ပါလာသလား"

"ပါလာပါတယ် ဘုရား"

"မှန်းစမ်း"

"မော်ဖူးလိုက်၊ မော်ဖူးလိုက်"ဟု ဦးကြီးသာဇံက ကျွန်ုပ်ကို နားနားကပ် ပြောသည်။ ကျွန်ုပ် မော်ကြည့်လိုက်သည်။

ပခုံးကျယ်ကျယ်၊ လည်ပင်းတုတ်တုတ်၊ မေးရိုးကားကား၊ ကျင်စွယ်နှုတ်ခမ်းမွေး၊ နက်မှောင်မျက်ခုံး၊ ကျယ်ပြန့်သော နဖူး၊ ခေါင်းပေါင်းပဝါဆင်မထားသော သျှောင်၊ ပါးလျားစေ့စပ်သော နှုတ်ခမ်း၊ စူးရှမျက်လုံးများကို တွေ့လိုက်ရသည်။

နှုတ်ခမ်းက တင်းတင်းစေ့ထားသော်လည်း မျက်လုံးများက ပြုံးနေသည်။

မှုန့်တမှုန်မီးရောင်အောက်မှာပင် ဝင်းဝါဖြူဖွေးသော အသားအရေကို အထင်အရှား တွေ့နေရသည်။ အသားဖြူသောကြောင့် မျက်ခုံးများမှာ ပို၍ မည်းမှောင်ပေါ်လွင်နေကြသည်။

အို . . . ငါ့ရဲ့ မက္ခရာမင်းသားကြီးပါလား။

ကျွန်ုပ်မပြုလိုက်ရသော အသံတစ်သံကို ကျွန်ုပ်ရင်ထဲမှာ ကြားလိုက်ရသည်။ ဟုတ်သည်။ ငါ့ရဲ့ မက္ခရာမင်းသားကြီး . . . ။

"သက်သက်သာသာ နေပေ့၊ ကဲ . . . ဆိုစမ်း၊ မင့်အကြောင်း မင်းပဲ ပြောပြစမ်း"

မင်းသားကြီးက ကျင်စွယ်နှုတ်ခမ်းမွေးကို လက်ဖြင့်သပ်ရင်း ဆိုသည်။ မက္ခရာကိုယ်တော်ကြီးရှေ့ ရောက်လျှင် ကြောက်ဒူးတုန်နေလိမ့်မည်ဟု ထင်သော်လည်း တကယ့်တကယ်မှူ ကြောက်ခြင်းထက် လေးစားခန့်ညားခြင်းက ပိုနေသည်။ ထို့ထက်မှူ ရင်းနှီးမြတ်နိုးခြင်း။

"ငဖေလို့ ခေါ်ပါတယ် ဘုရား။ ဦးရောက်၊ ရှင်မယ်ဒွေးတို့သားပါ။ အဝဇာတိ အမရပူရမှာ ကြီးပြင်းပြီး အခု အချုပ်တန်းမှာ နေပါတယ်ဘုရား။ မိရိုးဖလာ အချုပ်အလုပ်ပညာ တတ်သော်လည်း တေးချင်းလင်္ကာဖွဲ့ဆိုခြင်းအမှုမှာသာ မွေ့လျော်ပါတယ် ဘုရား"

"ပြီးခဲ့တဲ့ ပွဲကြည့်ဆောင် သဘင်တုန်းက မင်းသမီးကြီးဆိုတဲ့ တေးထပ်ဟာ မင်းရေးတာဆို"

http://www.nyisay.com



"ဟုတ်ပါတယ် ဘုရား"

"ငါ့ဆီကို မင်း ဘာကြောင့်လာသလဲ"

မမျှော်လင့်သော မေးခွန်းကြောင့် ရုတ်တရက် ဘာဖြေရမှန်း မသိ။ ဦးကြီးသာဇံက နောက်မှ လက်ဖြင့်ကုတ်သည်။ ပြောသာပြောလိုက်ဟူသော အဓိပ္ပာယ်။

"အမှုတော် ထမ်းချင်ပါတယ်ဘုရား"

"မင်းက စာဆိုပဲ၊ ဓားဆိုတာ ကညစ်ထက် လေးတယ်ကွ"

ကိုယ်တော်ကြီးသည် ကွမ်းနံပ်ကို စမ်းသပ်နေပြီဟု နားလည်လိုက်သည်။

"ခေါင်းပေါင်းစ ဝဲဘက်ကို ချထားပါတယ် ဘုရား"

လစ်လပ်နေသော ယာပခုံးထက်တွင် ဓားထမ်းနိုင်ပါသည်ဆိုသော အဓိပ္ပာယ်။

"နှုတ်စလျှာစကတော့ အထက်သားကပဲ၊ ကညစ်သမား ဒီလောက် သွေးရှိလိမ့်မယ် မထင်ဘူး"

ကိုယ်တော်ကြီးသည် ရာဇက္ကန္ဓြေဆိုသည်ကိုပင် နားမလည်သည့်အလား ဟက်ဟက်ပက်ပက် ရယ်လေတော့သည်။ ထို့နောက် ကျင်စွယ်နှုတ်ခမ်းမွေးကို ခပ်ဖွဖွသပ်လိုက်ခြင်းဖြင့် သူ့အရယ်ကို ရပ်တန့်လိုက်သည်။

"ငဖေ နားထောင်စမ်း"

လေသံ နက်ရှိုင်းလာသည်။

"ရဲမက်ရင်ပြင်နဲ့ စက်ပစ်ကွင်းမှာ ပြင်းပြင်းထန်ထန် လေ့ကျင့်လိုက်ရင် ဓားသာမက လှံရေး၊ မြင်းရေး၊ ဆင်ရေး အားလုံးဟာ ကျွမ်းကျင်တဲ့ သူရဲကောင်းတစ်ယောက် ဖြစ်လာနိုင်တာပဲကွ။ သို့ပေမယ့် မင်းလို ကညစ်တစ်ချောင်းကို ကိုင်နိုင်ဖို့အတွက်ကတော့ ခုနင်ကလို လေ့ကျင့်လို ရတာမျိုးမဟုတ်ဘူး။ ကညစ်သမားဖြစ်ဖို့ ရှားသကွ သိလား"

"မှန်ပါ့ဘုရား"

ကြက်သီးမွေးညင်းများက ဖြေလိုက်သော အဖြေပင်။

"မင်းကို အချုပ်တန်းဆရာဖေအဖြစ်နဲ့ပဲ ငါ မြင်ချင်တယ် ငဖေ"

"ကိုယ်တော်ကြီး ရှိနေပါလျက်ကနဲ့ ငဖေ အမှုတော်မထမ်းရဘူးဆိုတာမျိုး အဖြစ်မခံချင်ပါဘုရား"

"အင်း . . . ငယ်လဲ ငယ်သေးသကိုး၊ ကောင်းပြီလေ ဒီလိုလုပ်ရမယ်၊

http://www.nyisay.com



နားထောင်"

"အမိန့်တော်အတိုင်း တည်ပါ့မယ်ဘုရား"

"မင်းအသက် ငယ်ပေမယ့် ရင့်ကျက် ကျယ်ပြန့်တဲ့ နှလုံး မင်းမှာရှိနေတာပဲ။ မင်းက စာဆိုပဲ၊ ငါပြောမယ့်စကားတွေကို သွေးနဲ့နားထောင်ပြီး မှတ်ထား။ မက္ခရာမင်းသားရဲ့ အဆောင်ကိုင် သူရဲငဖေဆိုတဲ့ ကမ္ပည်းများ ကျန်ရစ်မယ် ထင်သလား၊ မင်းဘာသာမင်း ငါ့အမှုတော်ကို သက်ငင်ဆံပြတ် ဘယ်လောက်ထမ်းရွက် ထမ်းရွက် ငဖေဟာ မက္ခရာရဲ့သစ္စာကို မှတ်သားလောက်အောင် ထမ်းဆောင်ခဲ့တယ်လို့ ဘယ်သူကမှ အရေးအရာထားမှာ မဟုတ်ဘူး။ အချုပ်တန်းဆရာဖေဆိုတဲ့ စာဆိုတစ်ဦးကိုသာလျှင် နှောင်းကာလမှာ အရေးအရာထားကြမှာ။ ငါပြောတာ နားလည်လား"

"နားလည်ပါတယ် ဘုရား"

"ကောင်းပြီ၊ မင်း ငါ့ဆီမှာ အဆောင်ကိုင်အဖြစ် အမှုတော်ထမ်း၊ တစ်ချိန်တည်းမှာပဲ မင်း စာတွေဆက်ပြီး ဆို၊ ဆက်ပြီး ရေးရမယ် ကြားလား။ ဓားကိုင်ထားလို့ ကညစ်မကိုင်အားပါဘုရားလို့ မပြောနဲ့၊ ဓားပါ ပြန်ရုပ်သိမ်းပစ်မယ် နားလည်လား"

"အမိန့်တော်အတိုင်း တည်ပါမယ် ဘုရား"

"ကောင်းပြီ၊ ကဲ . . . ဖြတိုက်က ငထွန်း၀ ဆိုစမ်း၊ မင့်ကိစ္စ"

ကျွန်ုပ်၏ကိစ္စ ပြီးစီးလေပြီ။ ကိုယ်တော်ကြီးကို လက်အုပ်ချီရင်း နောက်သို့ဆုတ်ကာ ရှေ့မှောက်မှ ခွာခဲ့သည်။ အပြန်လမ်းတွင် ဦးကြီးသာဇံက ကျွန်ုပ်၏ပခုံးကို ပုတ်၍ စကားတစ်ခွန်း ပြောလေသည်။

"ကိုင်း . . . မင်းစကားအတိုင်း ခါးပုံစသိမ်း၊ ခါးတောင်းကျိုက်ပေတော့ဟေ့။ ခု . . . မင်း မက္ခရာရဲ့ အဆောင်ကိုင် ဖြစ်သွားပြီ"

ကျွန်ုပ်၏ရယ်မောသံကြောင့် ကျုံးရေပြင်တွင် လှိုင်းများ ထသွားသည်ဟု ထင်မိတော့သည်။

၄

"ခါးတောင်းကျိုက်၊ ပိတုန်းပိတ်ကယ်နှင့် ကျုံးထိပ်က ငဖေ၊ ကုန်းပြိတ္တာတစ္ဆေလို၊ အသရေဟိတ်နွမ်း . . . "

http://www.nyisay.com



မကွာရာကိုယ်တော်ကြီးထံတွင် အဆောင်ကိုင်အဖြစ် ကျွန်ုပ် အမှုထမ်းခဲ့ပြီး ရက်သတ္တတစ်ပတ်အကြာတွင် ထွက်ပေါ်လာသော ကိုပုည၏တေးထပ်။

သည်တေးကို ကျွန်ုပ်ထံ ဆောင်ယူလာသူကား အလ္လကပ္ပမြို့စား၏ သားတပယ်မင်းသား ဖြစ်လေသည်။ တပယ်မင်းသားသည် မင်းသားဟုဆိုစေကာမူ အစွန်အဖျားကျသော ထီးသွေးနန်းသွေးသာ ဖြစ်သည်။ တပယ်သည် ကိုပုညကို မနှစ်မြို့။ တစ်ခါက ကိုပုညကို မင်းသားအခေါ်လွှတ်ရာ ကိုပုညက "မင်းသားအစစ်တွေအတွက် စာတွေပေတွေ ရေးနေရတယ်၊ ယမနေမင်းသား ခေါ်တာ မလာနိုင်သေးဘူး ပြောလိုက်"ဟု ဆိုဖူးသဖြင့် မင်းသားနှင့် ကိုပုညတို့ စိတ်ဝမ်းမသင့်ကြ။

"ကြည့်စမ်းပါ ဆရာဖေရယ်၊ ဒီတေးထပ်ဟာ တမင်သက်သက် ချိုးနှိမ်ဖိနှိပ်ထားတာပဲ။ ဆီးစေ့နဲ့ မြင်းမိုရ်ရွှယ်သလို၊ ခင်းဆိုဖွယ် ကြောင်ကျားနဲ့ ဖားခြသေ့ ရွှေဟင်္သာ၊ ကျီးနက်ပြိုင်ကာ၊ နဂါးနဲ့ တီပမာလို၊ ရယ်စရာ သောက်ရှူးမို့လေး . . . တဲ့၊ ရိုင်းလိုက်တာဗျာ"

မင်းသားလေးမှာ ကိုပုညကိုလည်း မနှစ်မြို့။ ကျွန်ုပ်ကိုလည်း ပုဂ္ဂိုလ်ရင်းစွဲရှိပြန်သဖြင့် တေးထပ်အပေါ်တွင် မကျေမနပ် ဖြစ်နေလေသည်။

"ပြန်ရေးစမ်းပါ ဆရာဖေရယ်၊ သင်းဟာ ခမည်းတော် ရွှေနန်းရှင်မင်းတရားကြီးရဲ့ ရွှေနားတော်ရောက် စာဆို၊ မင်းလှသခ်ယာဘွဲ့ရ ဆိုပြီး တဆိတ်မာန မိုးထိုးနေချင်တယ်။ သင်း ငယ်ကျိုးငယ်နာကိုဖော်ပြီး ရေးလိုက်စမ်းပါ။ နန်းတော်ဝင်ရင် သူ့ညာလက်ကို အင်္ကျီလက်ရှည်နဲ့ ဖားလျားချပြီး ဝှက်ထားရတာ အားလုံးအသိ"

မင်းသား၏ မခံချင်စိတ်က ကျွန်ုပ်ဆီသို့ ကူးစက်လာသည်။ ကိုပုညကျွန်ုပ်အပေါ် သည်မျှဖိနှိပ်နေခြင်းကို သည်းမခံနိုင်တော့။ မယင်းတော်အတွက် ကြင်ဖော်ကွဲငိုချင်းကို သူ "သည်တစ်ည၊ ညီမနှင့် တန်ရလေ . . . "ဟု ဖျက်ဆီးရေးသားကတည်းက သင်းကို ကျွန်ုပ် အမှတ်အတေးထားခဲ့သည်။

"ကဲ . . . မင်းသား ခဏလေး၊ တေးထပ်တစ်ပုဒ် စပ်လိုက်ဦးမယ်"

ကညစ်သွားသည် ပေရွက်ပေါ်တွင် တရိပ်ရိပ် ပြေးသွားလေသည်။

". . . ကဗျာစီ မောင်ပုည၊ ဆောင်ဂုဏ်ပြထုတ်လျှင်၊ တောင်ချိုက ပုတ်သင်လို၊ ကုပ်ခွင်သိမ် လက်သေး၊ မင်းမြှောက်လို့ သင်းလောက်ကျော်သည်၊ ထွင်းဖောက်ကော်ညာဏ်မျိုးနှင့် ဝေး . . . "

http://www.nyisay.com



ဤတေးထပ်က သူ့ကို အထိနာစေဟန် တူသည်။ သူ့ဆီမှ ဆတူတန်ပြန် ပြင်းထန်သော တေးထပ်များ ပေါ်ထွက်လာသည်။

သူ့ဆီက ပြန်လွှတ်သော တေးထပ်တစ်ပုဒ်မှာမူ ဒေါသသင့်လွန်းလှသည်။ ကြမ်းတမ်းသော ဥပမေယျများကို သူမို့ သုံးရဲသည်။ ကျွန်ုပ်မှာကား သူ့တေးထပ်၏အဆုံးပိုဒ် "... စပ်ဖဲအတွင်းခံ၊ ရိုင်းမိုက်တဲ့ညဏ်၊ မိုးကြိုးနဲ့ အီးသံလို ခရီးမှန် ကွာလွန်းလှလေး ..."ကို ဖတ်ရင်း ရယ်လည်းရယ်မိသည်။ ဥပစာ ဥပမာရွေးပုံ ထိလွန်းဆတ်လွန်းလှသောကြောင့် သူ့စာဆိုညဏ်ကို အတွင်းကျိတ် လေးစားမိရင်းမှာပင် အောင့်သက်သက် ဖြစ်မိသည်အမှန်။

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်ပျော်သည်။

စိတ်လှုပ်ရှားစရာ၊ စိတ်ဝင်စားစရာ စိုပြည်သော လောကတစ်ခုအတွင်း နှလုံးမွေ့လျော် ပျော်ပါးကျက်စားနေရသည်။ လေးစားမြတ်နိုးသော မကွေးရာ ကိုယ်တော်ကြီးထံ ခေါ်ထမ်း၍ အမှုထမ်းလိုက်၊ ကိုပုညနှင့် တေးထပ်တွေ အပြိုင်အဆိုင် ပစ်လွှတ်လိုက်။ အို ... ပြီးတော့ ကျွန်ုပ် အချုပ်တန်းဆရာဖေထံပါးမှာလည်း တပယ်မင်းသားတို့လို အစွန်အဖျား မင်းသားများသာမက လင်ပန်းမိဖုရား၏ သမီးတော် ရွှေဂူမြို့စား၊ စလင်းစုဖုရားတို့လို ရွှေနန်းတော်ထွက် အချက်အချာ မင်းသမီးများ၊ လူပျိုတော်သားများ၊ အပျိုတော်များကလည်း "ဆရာဖေ စာစပ်ပေးပါ၊ ဆရာဖေ တေးထပ်ရေးပေးပါ"ဟု ဝိုင်းဝိုင်းလည် တောင်းနေကြသည် မဟုတ်လား။

မယ်ဖွဲ့၊ မောင်ဖွဲ့ သစ္စာတိုင်တေးထပ်များသည် ကျွန်ုပ်၏ ကညစ်ဖျားမှတစ်ဆင့် မိုးရေကိုသောက်ချိုးရသော ပန်းငုံများကဲ့သို့ အပြိုင်းအရိုင်း ပွင့်အာလာကြသည်။

ရွှေကျင်ခတ် ပဝါပိုင်းတွေ၊ ချိတ်ပုဆိုးတွေ၊ အသပြာတွေ၊ ဘယက်လည်ဆွဲတွေ၊ လက်စွပ်တွေ ကျွန်ုပ်ဘေးမှာ ညဏ်ပူဇော်ခအဖြစ် တဖွဲဖွဲရောက်လာကြသည်။

အသက်ကလည်း နှစ်ဆယ့်ခြောက်နှစ်အရွယ်။ ကဗျာစျာန် စာညဏ်အတောက်ပဆုံးအချိန်၊ ပြိုင်ဘက် ကိုပုညကလည်း ဘုန်းမိးနေလ စန်းထချိန်။

စုတ်ရော၊ လာဘ်ပါ ဝင်သည့်အချိန်ဟု ဆိုရတော့မည်။ အဖနှင့်အမိတို့ စီစဉ်ပေးမှုဖြင့် ကျွန်ုပ်၏ ဇာတိ အင်းဝသူဖြစ်သော ရှင်မယ်ပုံနှင့် အကြောင်းဆက် ပေါင်းဖက်ရပြန်သည်။

http://www.nyisay.com



တေးထပ်၊ ဆုလာဘ်ပဏ္ဏာ၊ ပြိုင်ဘက်ကိုပုည၊ ဇနီးရှင်မယ်ပုံ၊ နာမည်ကျော်ကြားခြင်း . . . အလုံးစုံ ပြီးပြည့်စုံသည်။

ဩော် . . . ပကတိ နှစ်လိုဖွယ် လောကကြီးပါတကား။

၄

မည်းနက်သော ကံကြမ္မာကောင်သည် သူ၏ ချွန်မြကောက်ကွေးသော လက်သည်းတို့ဖြင့် ရိုင်းစိုင်းစွာ ကုတ်ခြစ်ပြီ။ နှစ်ဆယ့်ရှစ်ခုနှစ်သည် ကျွန်ုပ်အတွက်၊ အို . . . အားလုံးအတွက် မုန်တိုင်းအစပျိုးသော နှစ်။ ကျွန်ုပ် အသက်ကလည်း နှစ်ဆယ့်ရှစ်နှစ်။

မင်းတရားကြီးသည် မန္တလေးတောင်ခြေရင်းတွင် မဟာလောကမာရဇိန်ဘုရားကြီးကို တည်ဆောက်တော်မူရင်း နန်းမြေဘုံသာ ယာယီစံနန်းတော်၌ စံမြန်းနေသည်။ ကျွန်ုပ်တို့အားလုံး မဟာလောကမာရဇိန် ဘုရားကြီး တည်ဆောက်ရေးသို့ အာရုံရောက်နေစဉ်မှာပင် နန်းတော်၏အတွင်းဆီက မထင်မှတ်သော အခြင်းအရာတစ်ခု ပေါ်လာခဲ့လေသည်။

မြင်ကွန်းနှင့် မြင်းခုံတိုင် ညီနောင်နှစ်ပါး။

အရေးတော်ပုံ မည်သို့စတင်၍ မည်မျှရှုပ်ထွေးသွားခဲ့ကြောင်း ကျွန်ုပ်စေ့စေ့ငငမသိ။ ကျွန်ုပ် သိလိုက်သောအချိန်တွင်ကား ကျွန်ုပ်သည် ငှက်ကြီးတောင်ကိုစွဲကာ မက္ခရာကိုယ်တော်ကြီးနောက်ပါးမှ လိုက်ပါနေပေပြီ။

"စံနန်းတော်အနောက်ဘက်ကို ထွက်သွားပြီ၊ လိုက်ကြ လိုက်ကြ"

"ပွဲတော်အဆောင်ဝမှာ ဆီးပြီး လုပ်ကြကြ"

"ငပိုက်ကြီး၊ ဘုရင်လာပြီ မလွတ်စေနဲ့"

ရှုပ်ထွေးဆူညံသော အသံများကို ကြားရသည်။ မင်းလမ်းမများပေါ်မှာ ဖုန်တထောင်းထောင်း၊ မြင်းစီး၊ ဓားလွတ်ကိုင် ရဲမက်များ အထွေးထွေး အယှက်ယှက်။

"ခမည်းတော်ဘုရားရဲ့ နောက်က မခွာနဲ့၊ ထပ်ကြပ်လိုက်ရမယ်။ ရှေ့တာမြောင်းမှာ လုပ်ကြံသူရှိနိုင်တယ်"

မက္ခရာကိုယ်တော်ကြီး၏ အသံနက်ကြီးကိုလည်း ကြားနေရသည်။

ဝေးလံသော ရှေ့ဆီတွင် ဘဝရှင်မင်းတရားကြီးကို ဖုန်လုံးများအကြား

http://www.nyisay.com



တွေ့နေရသည်။ တောင်ဘက် တာကွင်းထဲတွင်ကား မြင်းခုံတိုင်မင်းသား၏ တပ်သားများနှင့် ကိုယ်ရံတော်တပ်တို့ ခုတ်နေကြပြီ။

ကျွန်ုပ်ကား မက္ခရာ၏ အဆောင်ကိုင်။ မင်းသားကြီး၏အမိန့်တော်အတိုင်း အခြားအဆောင်ကိုင်များနှင့်အတူ ဓားလွတ်ဆွဲ၍ မင်းတရားကြီးနောက်က ပြေးလိုက်နေရသည်။ လုပ်ကြံသူများနောက်ဘက်မှ ဝင်လာလျှင် ကျွန်ုပ်တို့ အဆောင်ကိုင်တပ်ဖွဲ့နှင့် တွေ့ရမည်။ စိတ်လှုပ်ရှားစွာဖြင့် ထူးဆန်းသောအတွေ့အကြုံကို သိမှတ်နေမိသည်။

တာမြောင်းသို့ ရောက်လာသည်။

"ခမည်းတော် . . . ခမည်းတော် အဲဒီမှာ လုပ်ကြံသူရှိနိုင်တယ်။ ရှေ့ဆက်မသွားပါနဲ့၊ ရပ်နေပါ . . . ရပ်နေပါ"ဟု မက္ခရာမင်းသားကြီး၏ အော်သံကို ကြားရသည်။ ကျွန်ုပ်တို့တပ်ဖွဲ့ အပြင်းချီသွားရသည်။ သူ့လူကိုယ့်လူ ရှုပ်ထွေးနေသောကြောင့် လုပ်ကြံသူများကို ခွဲခြားမရ။

မင်းတရားကြီးကား မက္ခရာကိုယ်တော်ကြီး၏ သတိပေးအော်ဟစ်သံကို ကြားဟန်မတူ။ တာမြောင်းဆီသို့သာ အားသွန်၍ ပြေးနေရရှာသည်။ ကိုယ်ရံတော်မြင်းစီးတပ်ဖွဲ့မှာလည်း မြင်ကွန်းတပ်နှင့် အသဲအမဲ တိုက်နေရသဖြင့် မင်းတရားကြီးထံ မြင်းတစ်စီးမျှ ရောက်မလာ။

မင်းတရားကြီး တာမြောင်းထိပ်ပေါ်သို့ ရောက်သွားသည်ကို တွေ့လိုက်ရသည်။

တာမြောင်း၏ တစ်ဘက်ဆီမှ ထွားကျိုင်းလှသော ခန္ဓာကိုယ်ကြီးတစ်ခု ဘွားခနဲ ပေါ်လာသည်။ နီကြန်သော နောက်ခံနေရောင်ကြောင့် သွင်ပြင် မသဲကွဲစေကာမူ အရိပ်မည်းကြီးကို ကြည့်၍ ကျွန်ုပ် သိလိုက်သည်။

ငပိုက်ကြီး။

လက်နက်တစ်စုံတစ်ရာ မပါဘဲလျက် လက်နက်အစုံအလင်ပါသူကို အသေတိုက်နိုင်သည့် သူရဲပါးကွက်သားကြီး။

မင်းတရားကြီးသည် ငပိုက်ကြီး၏ သန်မာသောလက်များအတွင်းသို့ ကျရောက်တော့မည်။ ကျွန်ုပ်တို့အားလုံး စိုးရိမ်ထိတ်လန့်စွာ အော်ဟစ်၍ တာမြောင်းဆီသို့ ပြေးတက်ခဲ့ကြသည်။ သို့သော် လမ်းခုလတ်တွင် မြင်ကွန်းမင်းသား၏ ဓားလွတ်ကိုင်ရဲမက်များက တစ်ဟုန်ထိုး ဖြတ်တိုက်သည်။ မင်းတရားကြီးနှင့် ငပိုက်ကြီးတို့ဆီ မရောက်အောင် ကျွန်ုပ်တို့ကို အလုံးအရင်းဖြင့် ဝင်ခုတ်

http://www.nyisay.com



ကြသည်။ ဓားချက်အချို့ ကျွန်ုပ်၏ ပခုံး၊ လက်ပြင်၊ လက်ဖျံများသို့ ထိသည်။ ဒဏ်ရာနှင့် သွေးကို ဂရုမထားအား။ မျက်နှာချင်းဆိုင် ရန်သူကိုလည်း ယှဉ်၍ ခုတ်မနေအား။

ဆို့ဆီးယှက်နွယ်နေသော ဓားသွားများအကြားမှ ဇွတ်ဖောက်ထွင်းကာ တာမြောင်းထိပ်ဆီသို့သာ တက်ရတော့သည်။ ဓားလွတ်ကို စကြာပမာ ဖြစ်စေကာ ရန်သူများရှဲသွားအောင် တိုက်ကွက်ဆင်ရတော့သည်။

တာမြောင်းထိပ်ဆီသို့ ရောက်ခဲ့ကြပြီ။

မက္ခရာမင်းသားကြီး၊ မင်းသားကြီး၏ ကိုယ်ရံတော် ဗိုလ်မှူးနှစ်ယောက်နှင့် ကျွန်ုပ် အပါအဝင် အဆောင်ကိုင်လေးဦးမျှသာ။ ကျန် ရဲမက်များကား တာမြောင်းအနိမ့်ပိုင်း ကွက်လပ်တွင် ထိုးကြ၊ ခုတ်ကြဆဲ။ သွေးများသည် ချွေးစေး၊ ဖုန်မှုန့်များနှင့်ရောကာ အမြင်အာရုံတွင် ဝေဝါးပိတ်ဖုံးနေတော့သည်။ မောဟိုက်ခြင်းကား အဆမတန်။ ကျွန်ုပ်၏ ဓားကိုင်လက်ဖမိုးတွင်လည်း ဒဏ်ရာတစ်ချက် ပြင်းပြင်းရထားသည်။ အရိုးများကွဲကြေမတတ် နာကျင်ကိုက်ခဲနေသည်။

တာမြောင်း၏ ဟိုမှာဘက် ဆင်ခြေလျှောဆီသို့ အားတင်း၍ ကြည့်လိုက်သည်။ ငပိုက်ကြီး၏ သန်မာသော လက်ချောင်းများအကြားတွင် ကံတော်ကုန်နေမည့် မင်းတရားကြီး၏ ရုပ်အလောင်းကိုသာ မြင်ယောင်နေသည်။

သို့သော် . . . ကိုယ့်မျက်စိ ကိုယ်ပင် မယုံချင်။

ငပိုက်ကြီးကိုလည်း တွေ့ရသည်။ မင်းတရားကြီးကိုလည်း တွေ့ရသည်။ မင်းတရားကြီးသည် ငပိုက်ကြီး၏ ပခုံးပေါ်တွင် အစွင့်သား။ ငပိုက်ကြီးက မင်းတရားကြီးကို ပခုံးပေါ်ထမ်း၍ လမ်းမဆီသို့ ပြေးသွားနေသည်။ ဘယ်လိုနည်း။ ငပိုက်ကြီးသည် သူ့ မြင်ကွန်းသစ္စာကို ဖောက်ကာ မင်းတရားကြီးသစ္စာသို့ ကူးပြောင်းပြီလား။

တွေဝေအံ့ဩနေချိန် မရလိုက်။

"ဆက်လိုက်၊ လမ်းမအထိ ဆက်လိုက်။ ဟိုမှာ အနောက်ဝန်ရဲ့ မြင်းလာနေပြီ"

မက္ခရာမင်းသားကြီး၏ အမိန့်သံနှင့်အတူ ကျွန်ုပ်တို့ တာမြောင်းလမ်းအတိုင်း တစ်ရှိန်ထိုး ဆင်းလိုက်ကြရပြန်သည်။ ခြေလှမ်းတိုင်းတွင် တစ်ကိုယ်လုံးရှိ ဒဏ်ရာများမှ သွေးများ တပွက်ပွက် ယိုစီးနေသည်ကို သတိထားမိသည်။

http://www.nyisay.com



သို့သော် နာကျင်ခြင်းကို မောဟိုက်ခြင်းက လွှမ်းမိုးသွားချေပြီ။

လမ်းမအရောက်တွင် ကျွန်ုပ်၏ ဒူးများ ညွတ်ခွေကျသွားသည်။

ယာဘက်သို့ အရှိန်နှင့်ပစ်ကျလေရာ ပခုံးလက်ပြင် ဒဏ်ရာထဲသို့ ကျောက်စရစ်မှုန့်များ ပက်သွင်းလိုက်သည်သို့ ရှိချေသည်။ မျက်လုံးများ ပြာသွားသည်။ အသည်းနှလုံးသည် ခံတွင်းပေါက်မှ ခုန်ထွက်တော့မတတ် မောဟိုက်နေသည်။

သတိလစ်တော့မည်ဟု သိနေရင်းမှာပင် ကိုယ်တော်ကြီး၏ အသံကို ကြားလိုက်ရသည်။

"အနောက်ဝန် ဦးတူ၊ ခင်ဗျားမြင်း ပေးစမ်း။ ခမည်းတော်မြင်းပေါ် တက်ပါ။ အရှေ့တံခါးက ဝင်မယ်။ ဒဏ်ရာရတဲ့ ရဲမက်တွေ အားတင်းပြီး လိုက်ခဲ့ကြဟေ့၊ ငဖေကော . . ငဖေ၊ သတိမေ့သွားပြီလား၊ ငဖေကို ထမ်းခေါ်ခဲ့ကြ"

ကျွန်ုပ် သတိမရတော့။

၄

အဖြစ်အပျက်များသည် လေပြင်းမိသော တိမ်တောင်များနှယ် တရိပ်ရိပ် လျှင်မြန်ကြချေသည်။

အရေးတော်ပုံကြီးတွင် မင်းတရားကြီး အသက်ချမ်းသာရာ ရသော်ငြား အိမ်ရှေ့စံ ကနောင်မင်းကား လုပ်ကြံသူ ငဖြူးသီး၏ ဓားချက်ဖြင့် ကံတော်ကုန်ခဲ့ရှာသည်။ ငပိုက်ကြီးမှာ မင်းတရားကြီးကို လုပ်ကြံရန် တာမြောင်းအတွင်းမှာ ပုန်းကွယ်ချောင်းမြောင်းနေခဲ့သော်လည်း ရုတ်တရက် တွေ့လိုက်ရသောအခါ မင်းတရားကြီး၏ အရှိန်အဝါကြောင့် သတိကင်းကွာလျက် လုပ်ကြံရမည့်အစား ပခုံးပေါ်ထမ်း၍ ပို့ပေးခဲ့သည်ဟု သိရသည်။ ငပိုက်ကြီးလည်း လွတ်မြောက်သွားသည်။ မြင်ကွန်း မြင်းခုံတိုင်တို့လည်း တိမ်းရှောင်သွားသည်။ အိမ်ရှေ့စံ ကနောင်မင်းသား၏ သားတော် ပတိမ်းစားလည်း ခမည်းတော်၏ တပ်ဖွဲ့များကို သိမ်းသွင်းကာ ရွှေဘိုသို့ ထွက်သွားပြန်သည်။ ကနောင်မင်း၏ ကံကြွေးမြို့များဖြစ်ကြသော တပယင်း၊ ပဥ္စာလ၊ တောင်တပြင်၊ တိုင်တားမင်းသား၊ တောင်ဆင်းမင်းသား တို့ကလည်း လူသူစုရုံးကာ ပုန်စားရန် အသင့်ပြင်ကြတော့သည်။

တောင်ပြုး၊ မင်းကွန်း၊ အမရပူရများအထိ ချီကာ နေပြည်တော်ကို လေး

http://www.nyisay.com



ဘက်လေးတန် ဝိုင်းထားနိုင်သည်အထိ ပတိမ်းမင်းသား လုပ်ကြံလာနိုင်လေသည်။ တောင်တပြင်တပ်၊ ပဉ္စာလတပ်၊ တပယင်းတပ်များ ဗိုလ်ပါ တောင့်တင်းလှသည်။

မက္ခရာကိုယ်တော်ကြီး၏ တပ်ကို ပလိပ်ရွာအထိ ချီ၍ သူပုန်ရန်ဖြိုခွင်းရန် မင်းတရားကြီး အမိန့်တော်မှတ်သည်။ ကျွန်ုပ်လည်း မက္ခရာတပ်နှင့်အတူ ပလိပ်ကြောင်း ချီရလေသည်။ ကညစ်နှင့်လက် ဝေးခဲ့ပြီ။ စစ်သားကြီးလုံးလုံး ဖြစ်ခဲ့ပြီ။ ဓားရိုးနှင့်သာ ပွန်းတီးခဲ့ရပြီ။ သို့သော် မမျှော်လင့်ဘဲ မက္ခရာတပ်နှင့် ပလိပ်ကြောင်း စစ်ထွက်ခဲ့ရသည့်အဖြစ်က ကျွန်ုပ်၏ ဟဒယသို့ လန်းဆတ်စွာ ရိုက်ခတ်လာသည်။

"ပလိပ်ကြောင်း အောင်ပန်းခွေ၊ မောင်ထမ်းချေစေဘိ၊ ညောင်ရမ်းဆွေ ရဝိက၊ ပကတိသက်သေ၊ ရန်သူတော် ရွှေဘိုဘွား၊ ဖေကိုယ်စား တိုက်ခဲ့ရသလေ. . ."

တေးထပ်အစပိုဒ်၏ စာလုံးများက ရင်ထဲမှာ သန္ဓေတည်ခဲ့သည်။

သည်ကာလတွေအတွင်း ကိုပုညတစ်ယောက်ကော အဘယ်သို့ ရှိချေသည် မသိ။ သူ့မှာက လက်မသန်စွမ်းသူမို့ ဓားကိုင်နိုင်ကောင်းမှ ကိုင်နိုင်ရှာပေမည်။ အရေးတော်ပုံ၏ ရှည်လျားရှုပ်ထွေးသော အမြစ်အနွယ်များကြားမှ ကိုပုညတစ်ယောက် လွတ်ကင်းပါလေစ။ သူ လွတ်ကင်းပါစေ။ သူ စာတွေ၊ ဘဗျာတွေ၊ ပြဇာတ်တွေ ရေးနိုင်၊ ဆိုနိုင်၊ စပ်နိုင်ပါစေ။ ငြိမ်းချမ်းပကတိရှိစွာ သူ့ကဗျာ၌ ပျော်မွေ့ပါစေဟု ပြိုင်ဘက်ကြီးအတွက် ကျွန်ုပ် ဆုတောင်းမိခဲ့သည်။

"ကျုပ်က ကညစ်လဲကိုင်၊ ဓားလဲကိုင်ပေမယ့် ကိုရင်ကတော့ စာဆိုသက်သက်ဖြစ်ဖို့အတွက် လူဖြစ်လာသူပါ ကိုပုညရယ်။ ကိုရင်ဟာ ကျုပ်နဲ့ ပြိုင်ဘက်ပေမယ့် ဒီလောကမှာ ကျုပ် အလေးစားဆုံး လူနှစ်ယောက် ရှိပါတယ်။ အဲဒါကတော့ မက္ခရာမင်းသားကြီးနဲ့ ကိုရင်ပါ"ဟု ကျွန်ုပ် သတိရတိုင်း မြည်တမ်းခဲ့မိလေသည်။

သို့သော် . . .

အရေးတော်ပုံကြီးတွင် ကိုပုညသည် မင်းကြီး မဟာသက်တော်ရှည် အရာကို ပေးမည်ဆိုသည့် စကားကြောင့် မြင်ကွန်းကို အခါပေးသည်ဆိုကာ မြို့ဝန် ဦးသာအိုး၏ လက်ချက်ဖြင့် . . .

ကျုပ် နှမြောလိုက်ပါဘိ ကိုပုညရယ် . . .။

---

**ရန်အောင်စာပေ-၂**

http://www.nyisay.com



မယ်ဖွဲ့၊ မောင်ဖွဲ့၊ ဘုရားတိုင်ဘွဲ့ တေးထပ်တွေ၊ ယိုးဒယားနိုင်၊ ရတနာနဒီလို မော်ကွန်းတွေ၊ ဝိဇယ၊ ပဒုမ၊ ရေသည်၊ ကောသလ၊ ကုသမင်းလို ပြဇာတ်တွေ၊ မေတ္တာစာတွေ၊ ဒုံးချင်းတွေ၊ ရတုပိုဒ်စုံတွေ၊ ဆေးကျမ်းတွေ၊ ဗုံကြီးသံတွေ၊ ဗေဒင်လက်္ကာတွေ၊ အစုစု အထွေထွေ အံ့မခန်းစာမျိုးစုံကို ရေးဖွဲ့ခဲ့တဲ့ ကိုရင့် ဘဝ နိဂုံးဟာ အရုပ်ဆိုးအကျည်းတန်လွန်းခဲ့ပါလား။ ဒါပေမယ့် . . .

ကိုရင် အချိန်ကောင်းမှာသေခဲ့တယ်လို့ ကျုပ် ပြောပါရစေတော့။ သေသူကို ရှင်သူက တ,ရပါလိမ့်ဆိုသလို ကျွန်ုပ်တို့ ရှင်လျက် ကျန်သူတွေမှာတော့လေ . . .။

၄

လငပုပ်ဖမ်းသည့် မြင်ကွင်းကမူ ကြည့်ပျော်ရှုပျော် ဖြစ်ဦးမည်။

ယခုကား နိုင်ငံချဲ့ မျက်နှာဖြူမျိုးက သာကီမျိုးတို့ မြန်မာကို ဝါးမျိုသည့်အဖြစ်။ တစ်စပြီးတစ်စ၊ တစ်ရစ်ပြီးတစ်ရစ် ချဉ်းနင်းဝင်ရောက်ကျူးကျော်ခြင်း။

နန်းတွင်းအရေးတွေကို ကျွန်ုပ် စေ့စေ့ငငမသိရိုးအမှန်ပင်။

ကင်းဝန်၊ တိုင်တား၊ ရေနံချောင်းမင်းကြီးတို့၏ ထီးရေးနန်းရေး သေနင်္ဂများကိုလည်း ကျွန်ုပ် စိတ်ရှုပ်သည်။ အိမ်ရှေ့စံ ကနောင်မင်းကြီး ကံတော်ကုန်ပြီးသည့် နောက်ပိုင်းလည်း ထီးမွေနန်းမွေခံဟူ၍ မရှိ၊ သုံးဆယ်မင်းသားကို နန်းမွေဆက်ခံစေလိုသူများလည်း ရှိသည်။ အချို့ကလည်း ညောင်ရမ်းမင်းသား၊ အချို့ကလည်း ကျွန်ုပ်၏ မက္ခရာမင်းသားကြီး။

ရွှေပိန်းချ နန်းတော်တိုင်လုံးကြီးများနောက်ကွယ်တွင် သူ့လူ၊ ကိုယ့်လူ အစုစုအရုံးရုံး တီးတိုးရေရွတ်ရှိကြသည်။ ရှုပ်ထွေးကျယ်ပြန့်လွန်းသော သူတို့၏ ထီးရေးနန်းရေးကို ကျွန်ုပ် စိတ်မဝင်စားချင်တော့။ ကျွန်ုပ်နှင့် မသက်ဆိုင်။

သို့သော် . . .

ကျွန်ုပ်တို့အားလုံးနှင့် သက်ဆိုင်သော အခြင်းအရာတစ်ခုကိုမူ မျက်ဝါးထင်ထင် မျက်မှောက်ပြုကြရလေသည်။

ယင်းကား အခြားမဟုတ်၊ အစော်ကားခံရခြင်းပေတည်း။

ထိုနေ့က မိတ်ဆွေ ဗြတိုက်စာရေး ကိုထွန်းဝနှင့် ကျွန်ုပ် အတူတူရှိသည်။ ကိုထွန်းဝဘေးတွင် ဗြတိုက်အမှုထမ်းများ၊ ဟိုဘက်ဆီတွင်မူ နန်းတော်စောင့်ကိုယ်ရံတော်တပ်ဖွဲ့များ၊ မြင်းစီးသူရဲများ။ ကျွန်ုပ် ညာဘက် တမျှော်တခေါ်တွင်

http://www.nyisay.com



အသီးသီးသော မင်းသားတို့၏ အဆောင်ကိုင်များ၊ လူပျိုတော်သားများ ရှိနေကြသည်။

ဝန်ကြီး၊ မှူးကြီးများနှင့် အရေးပါသော ရွှေနန်းတော်အရာရှိကြီးများမှာမူ ရွှေနန်းတော်၏ လှေကားမုခ် တစ်ဖက်တစ်ချက်စီတွင် အစီအရီ နေရာယူထားကြသည်။ မက္ခရာမင်းသားကြီး၏ ထွားကျိုင်းလှသော အရပ်အမောင်းမှာ အခြားမင်းသားများအပေါ်တွင် ကဲမိုးနေသည်။

မင်းတရားကြီးကမူ နန်းတော်လှေကားခုံ၏ အမြင့်ဆုံး စကြီနေရာတွင် စံမြန်းနေသည်။ ဆင်ဖြူမရှင် မိဖုရားကြီးကို ဝဲဘက်တွင် တွေ့ရသည်။ ထူးခြားချက်ကား ဆင်ဖြူမရှင် မိဖုရားကြီးဘေးတွင် သီပေါမင်းသားကိုပါ တွေ့ရခြင်းပင်။ သီပေါသည် အခြားမင်းသားများကဲ့သို့ လှေကားတစ်လျှောက် ကွက်လပ်လမ်းမ၏ တစ်ဖက်တစ်ချက်တွင် နေရာယူထားခြင်း မရှိ။ နန်းတော်ပေါ် ရောက်နေသည်။

ကိုထွန်းဝက ကျွန်ုပ်ကို လက်တို့၍ ပြောလေသည်။

"တွေ့လား၊ သီပေါက သီးသန့်နေရာရောက်နေတယ်"

"ဟုတ်တယ်၊ ကျုပ်လဲ သတိထားမိတယ်"

"အဲဒါ . . . ဆင်ဖြူမရှင် ထိပ်ထားကြီးက ခေါ်ထားတာ"

"ဟုတ်လား"

"ဘာဖြစ်လို့လဲ သိလား၊ ကိုရင်ဖေ"

"သီပေါက စာတတ်ပေတတ် ပိဋကတ်သမားပဲ။ ပြီးတော့ လူအေးပဲ။ တခြားသားတော်တွေလို လှုပ်လှုပ်ရှားရှား မရှိဘူး။ သီပေါကို သနားလို့နေမှာပေါ့ ကိုရင်ထွန်းဝရဲ့"

"အင်း . . . ဟုတ်မှာပါလေ"

လှုပ်လှုပ်ရွရွဖြစ်သွားသဖြင့် ကျွန်ုပ်တို့ စကားစ ပြတ်သွားသည်။ ရှေ့ဆီသို့ ကြည့်လိုက်သောအခါ အဖြူနှင့်အပြာ ရောနေသော အရောင်များ ရွေ့လျားနေသည်ကိုသာ ဝိုးတဝါး တွေ့ရလေသည်။

"လာကြပြီနဲ့တူတယ်ဗျို့"

ကိုထွန်းဝ၏ စကားအဆုံးသတ်ကို ချက်ကျညီညာ မြင်းခွာသံများက လွှမ်းသွားသည်။ ကျွန်ုပ်တို့အားလုံး အသံလာရာဆီသို့ ကြည့်လိုက်သောအခါ . . . .

http://www.nyisay.com



ရှေ့ဆုံး မြင်းဖြူကြီးပေါ်မှ ဆင်းနေသော မျက်နှာဖြူအရာရှိတစ်ယောက်ကို ထင်ထင်ရှားရှား တွေ့လိုက်ရသည်။ သူ့ပခုံးထောက် ပန်းပွားများက ရွှေရောင်၊ သိုရင်းလို ခပ်ဆန်ဆန် အင်္ကျီရှည်က အပြာရောင်။

ပုဆိုးမပါသော ဘောင်းဘီအဖြူရောင် ခပ်ကျပ်ကျပ်၊ ဦးပေါင်းမှာ ငှက်မွေးတွေက တဖွားဖွား။

"ကြည့်ရတာ မျက်စိရှုပ်လိုက်တာဗျာ"

ကိုထွန်းဝက ကျွန်ုပ်ကို မကြည့်ဘဲ ပြောသည်။ "ဘောင်းဘီကလဲ တဆိတ် ကျပ်လွန်းတယ် ထင်ပါတယ်။ ခြေနင်းကလဲ ဒူးခေါင်းထိ အရောက်၊ ရှည်လိုက်တာ လွန်ပါရော။ အသားရောင်က နီစပ်စပ်နဲ့ ထမင်းရည်ပူလောင်ထားသလိုပဲ"

ဖြတိုက်စာရေး ကိုထွန်းဝကား တစ်ဖက်သား၏ အသွင်အပြင်၊ အဆင်တန်ဆာ စသည်တို့၌ အလွန်စူးစမ်း ကြည့်မြင်တတ်သူ ဖြစ်သည်။ သူ့ထင်မြင်ချက်ကို ကျွန်ုပ် စကားမပြန်နိုင်။ လက်ကောက်ဝတ်ပေါ်ထိ စွပ်ထားသော လက်အိတ်အဖြူကို ချွတ်နေသည့် ထိုမျက်နှာဖြူကြီးထံမှာသာ အာရုံရောက်နေသည်။

"အရပ်အမောင်းတွေကတော့ တယ်ကောင်းသနော်။ ကျုပ်တို့ဆီက မကွေးရာမင်းသားကြီးနဲ့မှ ယှဉ်နိုင်လိမ့်မယ် ထင်တယ်"

"တိတ်စမ်းပါ ကိုထွန်းဝရယ်"

မျက်နှာဖြူသည် နန်းတော်သူ နန်းတော်သားများ ဝဲယာတွင် ရပ်လျက်ရှိသော လမ်းကြားအတိုင်း လျှောက်လာလေသည်။ ကျွန်ုပ် တစ်ခု သတိထားမိသည်။ ဝဲယာက မင်းညီမင်းသား၊ မှူးမတ်များ၏ မျက်နှာလည်း သုန်သုန်မှုန်မှုန်။ လျှောက်လာသော ထိုမျက်နှာဖြူနှင့် သူ့နောက်တော်ပါ မျက်နှာဖြူများ၏ မျက်နှာများမှာလည်း သုန်သုန်မှုန်မှုန်။ လှိုက်လှဲနွေးထွေးမှု အလျှင်းမရှိ။

"ဘယ်သူတဲ့ ဒီမျက်နှာဖြူကြီးရဲ့နာမည်က"

"ကာနယ်ဖိုက်တဲ့ဗျ။ ကာနယ်ဖိုက်တဲ့ . . . . "

မကွေးရာကိုယ်တော်ကြီး ပြောပြထားသဖြင့် ထိုနာမည်ကို ကျွန်ုပ် မှတ်မိနေသည်။ သူကား အောက်မြန်မာပြည်မှ ရန်ကုန်အရေးပိုင်ဆိုသူပင်။

"အင်း . . . နှစ်ပြည့်တစ်ပြည် ရွှေလမ်းဖောက်မယ့် မျက်နှာတွေတဲ့ ဗျာ"

ကိုထွန်းဝက တဖျစ်တောက်တောက် ပြောနေပြန်သည်။ သူပြောနေချိန်မှာပင် ကာနယ်ဖိုက်နှင့် သူ့လူများက ကျွန်ုပ်တို့ရှေ့မှောက် ဖြတ်သွားကြသည်။

http://www.nyisay.com



လှေကားခုံရင်းသို့ ရောက်သည်။ ကာနယ်ဖိုက်က ဒူးတစ်ဖက်ထောက် တစ်ဖက်ထောင်ကာ အလွန် အကြည့်ရခက်သော အနေအထားမျိုးဖြင့် မင်းတရားကြီးကို ဦးညွှတ်လေသည်။

ဤခဏတွင် ကျွန်ုပ်တို့အားလုံး ထူးထူးခြားခြား တိတ်ဆိတ်သွားကြသည်။ ငြိမ်သက်သော တိတ်ဆိတ်ခြင်းမဟုတ်ဘဲ အဆုံးစွန်သော ဆူညံမှု၏ ဟိုမှာဘက်က တိတ်ဆိတ်ခြင်းပင်ဖြစ်ကြောင်း ကျွန်ုပ် ခံစားမိနေသည်။

ဒူးထောက်ရာမှ သူ ပြန်ထသည်။

ငှက်မွေးဖားရရား ဦးပေါင်းအနားကျယ်ကြီးကို ချွတ်လိုက်သည်။

သူ့ဦးပေါင်းကို လက်တစ်ဖက်ဖြင့်ကိုင်ကာ ရင်ဘတ်ပေါ်သို့ အုပ်၍ ခြေစုံရပ်သည်။ ထို့နောက် ကိုယ်ကို ရှေ့သို့ကိုင်း၍ ညွှတ်လိုက်သည်။

အပြုံးတစ်ခု သူ့မျက်နှာပေါ် ကျလာသည်။

သို့သော် နှစ်မြို့ဖွယ် မကောင်း။

ထို့နောက် . . . .

သူ နန်းတော်လှေကားထစ်များအတိုင်း တစ်ထစ်ချင်း၊ တစ်ထစ်ချင်း နင်းတက်သွားသည်။

ကိုထွန်းဝထံမှ သားရဲတွင်းထဲက ထွက်လာခါစ ကျားတစ်ကောင်၏ ဝမ်းခေါင်းခြစ်သံမျိုး ကြားလိုက်ရလေသည်။

ကျွန်ုပ်မူကား . . . .

သင်း ခြေတစ်လှမ်း နင်းတက်သွားလေတိုင်း သင်း၏ ခြေလှမ်းသည် နန်းတော်လှေကားခုံမဟုတ်ဘဲ ကျွန်ုပ်၏ နှလုံးသားများအပေါ်သို့ နင်းဖြတ်သွားသည့်အလား။

သင်း . . . ဖိနပ်မချွတ်။

မျက်စိအစုံကို တင်းတင်းကျပ်ကျပ် ပိတ်လိုက်ရသည်။ မျက်လွှာနှစ်ခုတို့အပိတ်တွင် အံသွားချင်းလည်း ထိကပ်မိကြသည်။ ဆို့နစ်နေသော လည်ချောင်းထဲမှ အသံတစ်ခုခုကို ရိုင်းရိုင်းပျပျ လွှင့်မထုတ်မိစေရန် အသက်ရှူရပ်ထားရသည်။

တဂေါက်ဂေါက် ခွာသံကိုပင် ရွံရှာဖွယ် ကြားယောင်နေရသလို။

"ကိုရင်ထွန်းဝ၊ ကျုပ် . . . ပြန် . . . တော့ . . . မယ်"

လူအုပ်ထဲမှ ဖဲ့ထွက်လိုက်တော့သည်။

http://www.nyisay.com



"ခြေထောက်တင် မဟုတ်တော့ဘူးဗျာ၊ အခုဟာက ခေါင်းအထိ . . . ခေါင်းအထိ . . . "

ကိုရင်ထွန်းဝ သည်လောက် ရှုးရှုးရှဲရှဲဖြစ်နေသည်ကို တစ်ခါမှ မတွေ့ဖူးခဲ့။ အသားလတ်သော သူ့မျက်နှာတစ်ပြင်လုံး သွေးရောင်ထနေသည်။ မျက်လုံးသူငယ်အိမ်များ ဆောက်တည်ရာ မရ။

"ဘာဖြစ်လာတာလဲ ကိုရင်ထွန်းဝ"

"ဘယ်လောက် စော်ကားသလဲ၊ ကိုရင် ကြားပြီးပလား"

"ဘာလဲ"

"ကိုရင့် ကာနယ်ဖိုက်ဆိုတဲ့ မျက်နှာဖြူ အရေးပိုင်လေ။ ဖိနပ်စီးရတာနဲ့တင် အားမရဘူး၊ အခု ထီးပါဆောင်းချင်သတဲ့"

"ဘယ်လိုဗျ"

"ရတနာပုံနေပြည်တော်အတွင်း အလည်အပတ်ထွက်ရာမှာ သူလဲ မင်းတစ်ပါးမို့ ရွှေထီးနှစ်လက် ဆောင်းသတဲ့။ အဲဒါ ဆောင်းခွင့်တောင်းတော့ မင်းတရားကြီးကလဲ ခွင့်ပြုလိုက်သတဲ့"

"ဘာ"

"မဟာမိတ်အချင်းချင်းမို့ သက်ညှာတဲ့သဘောနဲ့ ရွှေထီးနှစ်လက်မိုးပြီး သွားလာခွင့် ပေးလိုက်ပြီတဲ့ ကိုရင်ဖေရဲ့"

ရာသီဘွဲ့ တေးထပ်တစ်ပုဒ်ကို ရေးထားလက်စ ပေရွက်သည် ကျွန်ုပ်လက်ထဲ၌ဖျစ်ဖျစ်မြည်ကာ ကျိုးကြေသွားလေသည်။ ရွှေထီး။ ဘုရင်မင်းမြတ်၊ လောကသမုတိနတ်၏ အဆောင်အယောင်။ ကိုယ့်အမျိုး ကိုယ့်ဘုရင်၏ အခမ်းအနား အထိမ်းအမှတ်။

တောက်တစ်ချက် ခေါက်လိုက်မိသည်ထင်သော်လည်း အသံသည် ရင်ထဲမှာသာ ပဲ့တင်မြည်နေသည်။ အပြင်သို့ ထွက်မလာ။ ကိုရင်ထွန်းဝကိုလည်း မမြင်။ ဟင်းလင်းပြင် ဖြစ်နေသည်။

ပထမဆုံး သတိထားမိသည့်အရာမှာ လက်များ ဆတ်ဆတ်တုန်နေခြင်းပင်။

"ဘယ်သူမှ မကျေနပ်ကြဘူး၊ မင်းတရားကြီး စိတ်သဘောနုလွန်းလှတယ်လို့ အားလုံးက ပြောနေကြတယ်။ မျက်နှာဖြူတွေကလဲ တရားလွန်လွန်း အားကြီးလာပြီ"

http://www.nyisay.com



"ကိုရင်ထွန်းဝ"

"ဘာလဲ ကိုရင်ဖေ"

"ကျုပ် ကိုယ်တော်ကြီးဆီ ဝင်လိုက်ဦးမယ်၊ လိုက်မလား"

"လိုက်မယ်ဗျာ"

မကွေးရာမင်းသားကြီးကို အဆင်သင့် တွေ့ရသည်။ အတွင်းအခန်းအထိ ကျွန်ုပ် ဝင်သွားလိုက်သည်။ ကိုယ်တော်ကြီးအပါးတွင် တွေ့လိုက်ရသူကား ယောမင်းကြီး။

"ငဖေ ဘာဖြစ်လာသလဲ"

ယောမင်းကြီး၏ အရှိန်အဝါကို ရှိန်းနေသည့်ကြားထဲက ကျွန်ုပ် ကစဥ့်ကလျား ပြောမိတော့သည်။

"သင်းတို့ ရွှေထီးနှစ်လက် ဆောင်းတာကို ဒီလိုပဲ ကျွန်တော်မျိုးတို့"

ကိုယ်တော်ကြီး မျက်လုံးများ ဝင်းခနဲ ဖြစ်သွားသည်။

"အချုပ်တန်းက မောင်ဖေဆိုတာလား၊ ခေါင်းအေးအေးထားစမ်း သူငယ်၊ ဒီမယ် . . . နားထောင်စမ်း။ မင်း အသက် သုံးဆယ်လောက်ပဲရှိဦးမယ်၊ တို့များလဲ ဒါကိုပဲ ဆွေးနွေးတိုင်ပင်နေကြတယ်။ သင်းတို့ဟာ တို့ကို ဒေါသမဖြစ်ဖြစ်အောင် ဆွပေးနေကြတာ၊ နားလည်လား။ ဒေါသကိုမျိုသိပ်ဖို့ ပြောတာ မဟုတ်ဘူး။ နည်းလမ်းမှန်ကန်စွာ ပေါက်ကွဲစေရမယ်။ ဗြိတိသျှတွေဟာ လူသူလက်နက်အင်အား တို့ထက် အများကြီးသာနေတယ်။ ပြီးတော့ နိုင်ငံချဲ့ဝါဒကို သင်းတို့က တို့မြေပေါ်မှာ လာပြီး မျိုးစေ့ချနေကြတာ။ ဒေါသရှေ့ထားရင် သွေးဆူရင် သေနင်္ဂမှားနိုင်တယ်၊ ကြားလား သူငယ်"

အေးအေးဆေးဆေး တည်ငြိမ်သော ဤအသံသည် ယောမင်းကြီးထံမှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။ ယောမင်းကြီး၏ ပကတိ ငြိမ်သက်လွန်းသော အသံသည် ကျွန်ုပ်၏ ဒေါသမီးတောက်အပေါ်သို့ ဆင်ခြင်ဉာဏ်တည်းဟူသော ရေဖြင့် ဖျန်းလိုက်သကဲ့သို့ပင်တည်း။

" . . . ဒီသတင်းကို ကြားလိုက်ရတဲ့အချိန်မှာ ပေါက်ကွဲမှုဒေါသနဲ့အတူ မင်းသားဆီ မင်းတို့ ဝင်လာတာကိုတော့ ငါ သဘောကျတယ်။ မင်းတို့မှာ အသိတရား မဆိတ်သုဉ်းပါဘူး၊ နားထောင်စမ်း သူငယ်၊ လူ့ကိုယ်ခန္ဓာမှာ အတွင်းဓာတ်တွေ ခိုင်ခံ့နေသမျှ ကာလပတ်လုံး ဗဟိဒ္ဓပယောဂ ရောဂါဝေဒနာဆိုတာ ဝင်မလာနိုင်ဘူး။ အေးကွဲ့၊ အဇ္ဈတ္တမှာ တစ်ခုခု ဖောက်ပြန်လာရင်တော့

http://www.nyisay.com



အပြင်က ဥတု၊ အာဟာရ ပယောဂကြောင့် ဓာတ်တွေ ယွင်းဖျက်သွားကြရတယ်။ ရောဂါတွေ ကပ်ငြိလာရတယ်။ နောက်ဆုံး ဆေးမသင့်ခဲ့ရင် အသက်ပါ ဆုံးရှုံးနိုင်တယ်၊ ဟုတ်တယ် မဟုတ်လားဟေ့"

"ဟုတ်ပါတယ် မင်းကြီးဘုရား"

"အေး . . . ဒီအတိုင်းပဲ မှတ်ထား၊ ငါတို့ရဲ့ အခြေအနေဟာ အတွင်းဓာတ်လေးပါး ဖောက်ပြန်နေတဲ့ ကိုယ်ခန္ဓာကြီးလိုပဲ။ ဗြိတိသျှဟာ ဗဟိဒ္ဓပယောဂ၊ ငါတို့ အခု ဦးစွာကုသကြရမှာက မိမိရဲ့ အဇ္ဈတ္တဖောက်ပြန်မှု"

ယောမင်းကြီး၏ စကားလုံးများသည် ကျွန်ုပ်၏ နှလုံးအိမ်အတွင်းသို့ အဆုပ်လိုက် ပစ်သွင်းလိုက်သည့်နှယ်ပင်။

"ငဖေ"

"ဘုရား"

ကိုယ်တော်ကြီးက ပြတ်တောင်းမာကျောစွာ ခေါ်သည်။

"မင်း စာတွေ ဆက်ရေးဖြစ်ရဲ့လား"

ကိုယ်တော်ကြီးကို ကျွန်ုပ် မညာချင်။

"အရေးကျဲလွန်းလို့ နည်းနေပါတယ် ဘုရား"

"မဖြစ်ရဘူး၊ မင်းဟာ စာဆိုပဲ၊ မင်းကို အချုပ်တန်းဆရာဖေလို့ ခေါ်ကြတာ မဟုတ်လား။ မင်းနှလုံးအပေါ် ထိခိုက်လာသမျှ အားလုံးကို မင်းစာဖွဲ့ပေါ့ကွ၊ ဒါ . . . မင်းအလုပ်ပဲ"

"မှန်ပါ့ဘုရား"

ယောမင်းကြီးက ကျွန်ုပ်ကိုပြုံးကြည့်သည်။ အားထားလောက်ဖွယ်သော အပြုံး။

"မင်းသား အမိန့်ထားတာ အမှန်ဆုံးပဲ။ လောကမှာ မင်းလုပ်နိုင်တာ၊ လုပ်စရာ တစ်ခုတည်းသော အလုပ်ဟာ ဒါပဲ"

ပုဂ္ဂိုလ်ကြီးနှစ်ဦးရှေ့မှောက်တွင် ကျွန်ုပ်၏ တည်ငြိမ်မှု ပြန်ရလာလေသည်။

"ကိုင်း . . . ကိုကြီးလှိုင်၊ ကျုပ်တို့ စကားဆက်ကြဦးစို့"

ကိုယ်တော်ကြီးက ယောမင်းကြီးဘက်သို့ လှည့်ထိုင်လိုက်သည်။

ကျွန်ုပ်တို့ လက်အုပ်ချီ၍ ပြန်လာခဲ့ကြသည်။

အပြန်လမ်းတစ်လျှောက်လုံး ကိုယ်တော်ကြီးနှင့် ယောမင်းကြီးတို့၏

http://www.nyisay.com



စကားများကို အထပ်ထပ် သိမှတ်ပွားများနေမိသည်။

ရွှေနန်းတော်အထက် ကောင်းကင်တစ်ခွင်ကား မှိုင်းမှုန်နေပေပြီ။

၄

ရှင်မယ်ပုံက ချည်ချောစောင်ကို အချိုးကျခေါက်ပြီး အဝတ်ထပ်၏ အပေါ်ဆုံးမှာ တင်လိုက်သည်။ ထို့နောက် ထန်းခေါက်ဖာအဖုံးကို ပိတ်လိုက်လေသည်။

"အဝတ်အစားကတော့ ပြည့်စုံပြီ မောင်ကြီး၊ ဆေးဘူးတွေကိုတော့ ပတ္တူကြိုးသိုင်းအိတ်ထဲမှာပဲ ကွမ်းအစ်နဲ့အတူ ရောထည့်လိုက်မယ်နော်"

"ရှင်မ ကြိုက်သလိုသာ ထည့်လိုက်ကွာ၊ သူတို့အောက်ပြည်က အညာထက် ပိုအေးတယ် ပြောတယ်၊ အနွေးထည်လေးတော့ စုံစုံစေ့စေ့ ထည့်ပေးလိုက်"

"ပါ,ပါတယ် မောင်ကြီးရဲ့၊ ဒါပေမယ့် လူတောသူတောဝင်တဲ့ အနွေးထည်ဆိုလို့ တစ်ထည်ပဲရှိတာ၊ စလင်းစုဖုရား ချီးမြှင့်တဲ့ သားမွေးပွ အညိုရောင်လေ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ"

ကျွန်ုပ်မှာလည်း တစ်ခါမျှ ခရီးရှည် ဝေးဝေးလံလံ မသွားဖူးသေး။ ဇနီးသည် ရှင်မယ်ပုံမှာလည်း ခရီးသွား အဝတ်အစား အသုံးအဆောင်ကို မစီစဉ်တတ်သေး။

"လူလေး၊ ဇဝက်သာဗူး မမေ့နဲ့နော်"

"မမေ့ပါဘူး အမရဲ့"

အမိက မမြင်မစမ်းနှင့် ကျွန်ုပ်တို့အနား ကပ်လာသည်။ အမိအသက်ပင် ခြောက်ဆယ်ကျော်ပြီဖြစ်သည်။

"ကိုရင်ရောက်များရှိရင် ငါ့သားကြီး၊ ငါ့သားကြီးနဲ့ ဘယ်လောက်များ ဝမ်းသာရှာလိမ့်မလဲ။ အခုလို အောက်ပြည်အောက်ရွာကို ဇာတ်စီးဘဝနဲ့ သွားရတယ်ဆိုတာများသိရင် မိုး ဒူးနဲ့တက်တိုက်လိုက်မယ့် အမျိုး၊ ဩော် . . . ကိုရင်ရောက်၊ ကိုရင်ရောက်"

အကျီလက်ဖြင့် အမိက မျက်ရည်စမ်းစမ်းသုတ်ရင်း ညည်းရှာသည်။

http://www.nyisay.com



အဖ ကွယ်လွန်ခဲ့သည်မှာ ငါးနှစ်ကျော်ခဲ့ပေပြီ။

"အရီးကလဲ ခရီးသွားမယ့်လူ နောက်ဆံငင်အောင်"

ရှင်မယ်ပုံကပြောမှ အမိလည်း စိပ်ပုတီးကိုင်၍ ဘုရားစင်ဘက်သို့ ထွက်သွားလေသည်။ အမိသည် ကျွန်ုပ်၏ ခရီးအတွက် ဘေးကင်းရန်ရှင်းစေကြောင်း ဆုတောင်းတော့မည်။

"ဆရာဖေ . . . ဆရာဖေ . . . သွားကြစို့ဗျို့၊ ဒီမှာ ကိုစံတုတ်တို့ ရောက်လာကြပြီ"

ဝိုင်းအပြင်မှ အော်ခေါ်သံ ကြားရသည်။ အိမ်နောင် ကိုစံတုတ်၏ တပည့်လက်ထောက်မင်းသား၏ အသံ။

"လာပြီဗျို့ . . . ခဏလေး"

ဦးစွာ ဘုရားစင်ကို ဦးချသည်။ ထို့နောက် အမိ၊ ထို့နောက် အဖကို ရည်စူးလျက်။ အမိက ရှည်လျားစွာ ဆုပေးနေသည်ကို စောင့်ရပြန်သည်။ အမိ ဆုပေးပြီးသောအခါ ရှင်မယ်ပုံက ကျွန်ုပ်ကို ကန်တော့လေသည်။

"မောင်ကြီး၊ ရေမိုးချိုး အစားအသောက် ဆင်ခြင်နော်၊ မှာလိုက်ပါပေရဲ့၊ ဝမ်းတို့၊ ဆီးတို့လည်း ဂရုစိုက်ဦးတော့၊ တေဆေးကိုလည်း မန်ကျည်းစေ့နှစ်စေ့ လောက်တော့ ညတိုင်း မျှိမျှိပေး သိလား"

"အေးပါကွာ၊ ကျုပ်များ ကလေးကျနေတာပဲ"

"ဆရာဖေ၊ ဗျို့ . . . ဆရာဖေ"

"လာပြီဗျို့ . . . လာပြီ"

ဝိုင်းအပြင်သို့ ကျွန်ုပ် ထွက်လာသောအခါ အထုပ်အပိုးများ ချိတ်ဆွဲထားသော မြင်းကိုယ်စီဖြင့် လူအုပ်ကို တွေ့လိုက်ရသည်။ မြင်းစီးသမားများ အကြားတွင် ထူးထူးခြားခြား ချောမောလှပသော လူတစ်ယောက်ကိုလည်း တွေ့ရသည်။ သူ့အသွင်မှာ တကယ့် မင်းညီမင်းသားနှင့် မခြား။ ကိုယ်နေဟန်ထားကလည်း သိုက်မြိုက် ခန့်ညားလှပေသည်။ သူကား အိမ်နောင်ကိုစံတုတ်ပင် ဖြစ်သည်။

ကိုစံတုတ်က ကျွန်ုပ်ကို ပြုံး၍ နှုတ်ဆက်သည်။ ကိုစံတုတ်သာမက အားလုံး၏ မျက်နှာပြင်များပေါ်တွင်လည်း တက်ကြွလန်းဆန်းသော အပြုံးများကို တွေ့နေရသည်။ စင်စစ် သူတို့မှာ ဇာတ်ကြီးအဖွဲ့ဝင် သဘင်သည်များဖြစ်သည်။ သို့သော် ယခုအချိန်တွင်မူ သူတို့သည် သာမန် ဇာတ်ကြီးသဘင်သည်

http://www.nyisay.com



များ မဟုတ်။ သံခင်းတမန်ခင်း အဆောင်အယောင်နီးပါးရှိသော အဖွဲ့ ဖြစ်နေပေသည်။

"ဆရာကတော် သင်္ဘောဆိပ် လိုက်မပို့တော့ဘူးလား ဆရာဖေ"

"မပို့နဲ့တော့လို့ မှာခဲ့တယ် ကိုစံတုတ်ရေ၊ ခမျာ နေ့စေ့ လစေ့ကြီး မဟုတ်လား"

"အင်း . . . ဟုတ်ပေမပေါ့လေ၊ ကိုင်း . . . ဂေါဝိန်ဆိပ် ဆင်းကြစို့လား"

တပည့်တစ်ယောက် ယူလာသော မြင်းပေါ်သို့ ကျွန်ုပ် တက်လိုက်သည်။ အရက်တက်လေပြည်ကို တစ်ဝကြီး ရှိုက်သွင်းလိုက်သည်။ အင်အားသစ်တို့ဖြင့် တစ်ကိုယ်လုံး လန်းဆန်းသွားလေသည်။

"လာဗျို့ ကိုစံတုတ်"

ဂေါဝိန်ဆိပ်ကမ်းပါးတွင် မြင်းများကို ထားခဲ့ပြီး ကျွန်ုပ်တို့ မြစ်ဆိပ်သို့ ဆင်းခဲ့သည်။ နူးညံ့ရှုတ သဲပွင့်များ၏ အထိအတွေ့သည် နှစ်ခြိုက်စရာ။ မြစ်ဆိပ် သောင်ပြင်စပ်တွင် ဇာတ်သေတ္တာကြီးများကို အစီအရီ ချထားသည်။ အစောင့်ရဲမက်များကိုလည်း ကမ်းနားဆင်ခြေလျှောတစ်လျှောက် တမျှော်တခေါ်ကြီး တွေ့နေရသည်။ နေရောင်ကား ထွက်ပြူစ၊ တန်ဆောင်မုန်းလဆန်း ခါစရက် ဖြစ်သော်လည်း မြစ်ဆိပ်မှာ မြူတို့ ဆို့ဆိုင်းနေပေပြီ။ မြစ်ပြင်တကြောမှာလည်း နှင်းငွေ့နှင်းခိုးတို့ ခိုးယှက် လွန့်လူးနေကြပေပြီ။

ကုန်းပေါင် ပျဉ်ပြားထိပ်တွင် ပုပ္ပားဝန်ထောက်မင်း ဦးမှုန်ကို တွေ့လိုက်ရသည်။ ပုပ္ပားဝန်ထောက်သည် ရေညှိရောင်သားမွေးကွပ် ကတ္တီပါဝတ်ရုံကြီးဖြင့် ခန့်ညားလှသည်။

"ဇာတ်ကြီးအဖွဲ့ ရောက်လာကြပြီလား"

"ရောက်လာပါပြီဘုရား"

"ဇာတ်စီး ငဖေကော"

"ပါပါတယ် ဘုရား"

"အေး . . . ငဖေ၊ မင်းကို ကိုကြီးလှိုင်က မေးနေတယ်။ သွားတွေ့ချေဦး"

"မှန်ပါ့ဘုရား"

ဇာတ်သေတ္တာကြီးများကို ကွေ့ပတ်လျက် တစ်ဘက်သို့ လျှောက်လာခဲ့သည်။ မြစ်ဆိပ် သစ်တုံးကြီးတစ်တုံးပေါ်တွင် ထိုင်နေသော ယောမင်းကြီးရှေ့သို့ ဝင်ခဲ့သည်။

http://www.nyisay.com



"ငဖေ လားဟေ့"

"မှန်ပါ့ဘုရား"

"မှာစရာ တစ်ခုရှိတယ်၊ နားထောင်စမ်း။ အခု မင်းဟာ ရိုးရိုးစာဆို တစ်ယောက်အဖြစ်နဲ့တင် မဟုတ်ဘဲ ဇာတ်စီးအဖြစ်နဲ့ အောက်ပြည်ကို လိုက်ရမှာ။ မင်းမှာ အရွယ်နဲ့မလိုက် ကြီးမားတဲ့ တာဝန်တစ်ခု ပါလာတယ်ဆိုတာကို မြဲမြဲမှတ်ထား။ ငယ်စိတ်ငယ်မာန်ကို သတိနဲ့ထိန်း၊ သူတို့နိုင်ငံမှာ အပြောအဆို အနေအထိုင် သတိထား၊ မင်းက အပြောအဆို ပိရိမှ ဇာတ်ကြီးအဖွဲ့ဝင်တွေလဲ နေရာကျမှာ ကြားလား"

"မှန်ပါ့ဘုရား"

"အခု ဒဂုံ ဆံတော်ရှင်ဘုရား ထီးတောင်တင်ပွဲအတွက် မင်းတို့ သွားကြရမယ့် အခြေအနေအရပ်ရပ်ကို မင်း သဘောပေါက်ရဲ့လား"

မင်းကြီး၏ အမေးစကားမှာ အဓိပ္ပာယ်ကြွယ်လွန်းလှသည်။ အခြေအနေဖြစ်ရပ်ကလည်း အဓိပ္ပာယ်ကြွယ်ခဲ့သည်ပင်။ ယောမင်းကြီးသည် ဘာကြောင့် အထူးတလည် ကျွန်ုပ်ကို ခေါ်တွေ့လေသနည်း။ ထီးတော်တင်ပွဲ၏ နောက်ကွယ်တွင် ယောမင်းကြီး စကားတစ်ခုခု အမှာအကြား ရှိလိုသလား၊ ကျွန်ုပ် မတွေးတတ်။

"ငဖေ"

အတွေးတွင် နစ်နေသည်ဖြစ်၍ ကျွန်ုပ် ရုတ်တရက် လန့်သွားသည်။

"နားထောင်စမ်း၊ မင်းတို့ကသာ ခရီးထွက်ဖို့ အရေးနဲ့ အလုပ်ရှုပ်နေလို့ မသိတာ၊ ရွှေမြို့တော်မှာ ခု ကောလာဟလတွေ ဖြစ်နေတယ်။ ခု ထီးတင်တဲ့ ကိစ္စမှာ မြန်မာတွေဟာ ဗြိတိသျှပိုင် အောက်ပြည်အောက်ရွာ သူ့ဒေသက ဆံတော်ရှင်ဘုရားမှာသာ ထီးတင်နိုင်ပြီဆိုရင် သင်းတို့သိမ်းထားတဲ့ အောက်ပြည်ကို အလွယ်နဲ့ ပြန်ရနိုင်မယ်လို့ စိတ်ဓာတ်တက်ကြွနေကြတယ်။ ထီးဆိုတာ ဘုန်းတန်ခိုးတေဇာပဲ မဟုတ်လား။ မြန်မာတို့ရဲ့ အထွဋ်အမြတ်ပဲ မဟုတ်လား။ သင်းတို့ပိုင်နက်မှာ ထီးတင်ရရင် မြန်မာ့ဘုန်းအောက် သင်းတို့ ဝပ်ကျိုးရောက်ရှိရမယ်လို့ တွက်နေကြတယ်။ ထီးတင်ခြင်းအမှုဟာ ဗြိတိသျှအပေါ် ဓာတ်စီးဓာတ်ရိုက်သလို ဖြစ်မယ်လို့ တွေးကြတယ်။ ဗြိတိသျှတွေ အညွန့်ကျိုးမယ်၊ မြန်မာ့ဘုန်းမီးနေလ တောက်ပမယ်လို့ အတိတ်နိမိတ် ကောက်ကြတယ်"

ကျွန်ုပ်၏ ဒူးအောက်မှ သဲပြင်သည် ရုတ်ခြည်းပင် ကျောက်ဖျာကြီး

http://www.nyisay.com



တစ်ချပ် ဖြစ်သွားသလို ထင်မိသည်။

"ရွှေမြို့တော်မှာဖြစ်နေတဲ့ အဲဒီ ကောလာဟလဟာ ရန်ကုန်မှာရှိတဲ့ မွန်မြန်မာတွေဆီကိုလဲ ကူးစက်သွားတယ်။ ထီးတော်တင်ပွဲရဲ့ နောက်ကွယ်က တိုင်းပြည်ရေးရာ အမှုတွေပဲ"

"ကျွန်တော်မျိုး နားလည်ပါပြီ မင်းကြီးဘုရား"

"အေး . . . ပြည့်စုံသွားအောင် ငါ ဆက်ပြောလိုက်ဦးမယ်။ ဒီ ဓာတ်စီး ဓာတ်ရိုက်ကိစ္စဟာ ဗြိတိသျှမင်းတွေ နားလည်း ပေါက်သွားတယ်။ သင်းတို့ မျက်လုံးပြူးသွားကြတယ်ကွဲ့။ နေပြည်တော် ထီးတင်အဖွဲ့ကို ရန်ကုန်ခေါ်မိတာ မှားပြီလို့ တွက်ကြတယ်။ ဒါပေမယ့် အမှုက လက်လွန်နေပြီ။ ဒါကြောင့် သူတို့ ဘာမှ မတတ်သာဘဲ ခွင့်ပြုလက်စနဲ့ ခွင့်ပြုလိုက်ရတယ်။ မင်းတို့အဖွဲ့ ရန်ကုန် ရောက်ရင် ပယောဂတွေ ကပ်ငြိလာစရာ အကြောင်းရှိတယ်။ အနည်းဆုံးတော့ မင်းတို့အဖွဲ့ရဲ့ နေထိုင်စားသောက်ရေးကို ကသိကအောက် လုပ်လိမ့်မယ်။ ဆက် ဆံရေး ညှဲ့ဖျင်းလိမ့်မယ်။ မင်းတို့ စိတ်ထွက်အောင် လုပ်ကြလိမ့်မယ်။ ဒါကို အတတ်နိုင်ဆုံး သည်းခံကြ၊ မသိကျိုးကျွံနေကြ။ ထီးတင်ပွဲ အထမြောက်ရေးကို သာ အာရုံထားကြ၊ ကြားလား ငဖေ"

"ကောင်းလှပါပြီ ဘုရား"

"ရေနန်းစကြာ"ထံမှ ဥသြဆွဲသံ ပေါ်လာသည်။

"ကဲ . . ကဲ သွားတော့ ငဖေ၊ အနုပညာရှင်ဆိုတာ မမေ့မလျော့သော သတိကို ထားရှိရတယ်၊ ဒီစကား မြဲမြဲမှတ်ထား"

မင်းကြီးကို ဦးချနှုတ်ဆက်၍ ကျွန်ုပ် ကုန်းပေါင်စပ်သို့ ဆင်းခဲ့သည်။

မြူငွေ့နှင်းငွေ့များကို ထိုးခွင်းဖောက်ခဲ့လျက် 'ရေနန်းစကြာ'သည် မြစ် လယ်သို့ စတင်ရွေ့လျားခဲ့ပေသည်။ သင်္ဘောလက်ရန်းတွင် ရပ်လျက် နေပြည် တော်ဘက်ဆီသို့ ကျွန်ုပ် နှုတ်ဆက်ကြည့် ကြည့်လိုက်သည်။ ကမ်းလုံးညွတ် ပရိသတ်၊ ဝေါဝိန်ကမ်းပါးစောက်၊ စိမ်းညို့ ကုက္ကိုပင်တန်း။

အရှေ့ဘက် မိုးကောင်းကင်၏ တက်သစ်ဆဲ နေရောင်ရွှေခြည်နောက်ခံ တွင် နန်းတော်၏ ပြာသာဒ်စုလစ်မွမ်းချွန်များ။

တေးထပ်တစ်ပိုင်းတစ်စက အလိုလို ရင်ထဲဝင်လာသည်။

"သုံးခုနှစ် ကုလားပြည်မှာ၊ ဇယားကြေ ဓာတ်စီးလို့ ဇာတ်ကြီးနှင့် သင်းတို့ နိုင်ငံ၊ ကူးခဲ့ရပြန်"

http://www.nyisay.com



တိုက်တိုက်ဆိုင်ဆိုင်ပင် ဤနေ့ကား ကျွန်ုပ် သုံးဆယ့်သုံးနှစ်တိတိ ပြည့်သောနေ့။ ၁၂၃၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း နှစ်ရက် ဖြစ်နေလေသည်။

၄

လဆန်းဆယ်ရက်နေ့တွင် ကျွန်ုပ်တို့ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ခဲ့ကြသည်။ အရပ်ရပ် စုစုပေါင်း ငါးသိန်းငါးသောင်းကျော် ကုန်ကျသော ထီးတော်ကို 'ထီးဖြူတော်ရုံ'တွင် ခေတ္တနားနေ ပူဇော်ကြသည်။ ထို့နောက်မှ ကျောင်းအမ သူဌေး ဒေါ်မယ်ချက် လှူသော ထီးတော်ရုံသို့ ပြောင်းရွှေ့နေရာချသည်။ တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းသည်ဟု ဆိုရတော့မည်။ ယောမင်းကြီးကား ရှေ့ရေး ကြိုတင်သိမြင်လေစွ။

လူပေါင်း တစ်ရာ့နှစ်ဆယ်ပါဝင်သော ကျွန်ုပ်တို့အဖွဲ့ကို ချထားပေးသည့် တည်းခိုစခန်းမှာ ဆံတော်ရှင်စေတီနှင့် ဝေးကွာလှသည်။ ခြေကျင်သွား၍ မဖြစ်။ သို့သော် ကျွန်ုပ်တို့လို အဖွဲ့သားများကို ထားဘိဦး၊ ခေါင်းဆောင်ဖြစ်သော ပုပ္ပားဝန်ထောက်မင်းကိုပင် ဗြိတိသျှတို့သည် ယာဉ်ရထား ပေးမထားချေ။ ဆက်ဆံရေးနှင့် ကျွေးမွေးဧည့်ခံရေးတို့မှာလည်း ရန်ကုန်မှ မွန်တိုင်းရင်းသား၊ မြန်မာတိုင်းရင်းသား အိမ်ခံများသာ မရှိပါက ကျွန်ုပ်တို့ အလွန်ဒုက္ခရောက်ကြရမည်မှာ သေချာသည်။

ထီးတော်တင်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပရန် မူလ စီစဉ်မြရှိသော်လည်း ဗြိတိသျှတို့သည် အကြောင်းအမျိုးမျိုးပြကာ နေ့ရွှေ့ညရွှေ့ လုပ်နေကြပြန်သည်။ ယောမင်းကြီး၏ အမှာအကြားသာ မရှိခဲ့လျှင် ကျွန်ုပ်ကိုယ်တိုင်လည်း ဇာတ်စီးတာဝန်သာ မယူခဲ့ရလျှင် တစ်ခုခု ပေါက်ကွဲလေမည်လားမသိ။ အနည်းဆုံးတော့ တင်းကျပ်ဆို့နင့်လာကြကုန်သော ဝေဒနာတို့ကို တေးထပ်များအဖြစ်သို့ ကူးပြောင်းကာ သဘင်သည်များအား ရွတ်ဆိုစေမည်ဖြစ်သည်။ သို့သော် မင်းကြီးစကားကို နှလုံးသွင်းကာ တစ်ခုခု စိတ်လှုပ်ရှားရတိုင်း ဇာတ်အဖွဲ့ဝင်များကို ဇာတ်စာများ ချပေးခြင်း၊ ပြင်ဆင်ပေးခြင်း စသည်တို့ဖြင့် အချိန်ကုန်လိုက်ရပေသည်။

နောက်ဆုံးတွင်ကား နတ်တော်လဆန်း ဆယ့်နှစ်ရက်နေ့တွင်မှ ထီးတော်ကို အပြီးတိုင် တင်နိုင်ခဲ့လေသည်။ ထီးတင်ပွဲကား မကြုံဖူးလောက်အောင်

http://www.nyisay.com



စည်ကားလှချေသည်။ ကျွန်ုပ်တို့အဖွဲ့လည်း ကြာကြာဆက်မနေ၊ လပြည့်နေ့တွင် ရတနာပုံသို့ ပြန်ခဲ့ကြတော့သည်။

မူလရည်ရွယ်ရင်း ထီးတော်တင်ပွဲကား အထမြောက်ခဲ့ပြီ။

အသွားခရီးနှင့် အပြန်ခရီးကို နှိုင်းယှဉ်ကြည့်သည်။

တူညီချက်တစ်ခု၊ ခြားနားချက် တစ်ခု။

တူညီချက်ကား အသွားတုန်းကလည်း ယူကြုံးမရ ဒေါသ၊ အပြန်မှာလည်း ယူကြုံးမရ ဒေါသ။

ခြားနားချက်ကား အသွားတုန်းကထက် အပြန်မှာပါလာသော ယူကြုံးမရ ဒေါသက ပို၍ ကြီးထွားလာခြင်း။

၄

"ဟင် . . . မယင်းတော်"

ဝိုင်းတံခါးရှေ့တွင် လှည်းယာဉ်တစ်စီး ရပ်လိုက်သံနှင့်အတူ ဝိုင်းထဲသို့ ဝင်လာသော ယင်းတော်မလေးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် ကျွန်ုပ် အံ့အားသင့်သွားသည်။ အဆောင်အယောင် မပါ၊ တပည့်လက်ထောက် မိန်းမဖော်တစ်ယောက်သာ ပါလာသည်။

"အိမ်ပေါ်တက် မယင်းတော်၊ ဘယ့်နှယ် အကြောင်းမကြား ဘာမကြား"

ယင်းတော်မလေးသည် ကြွင်နှင်းဆန်သော ခြေလှမ်းဖြင့် လှေကားထစ်များကို တက်လာပြီးနောက် ကော်ဇောပေါ်တွင် ကန္နေ့ကြီးစွာ ပုံ့ပုံ့ထိုင်လိုက်သည်။ မိန်းမဖော်က နံ့သာဖြူယပ်တောင်ဖြင့် သူ့ကို ခတ်ပေးလေသည်။

"ဆရာဖေ့ကို ပင့်ရမှာအားနာလို့ ကိုယ်တိုင်ပဲ အရောက်လာခဲ့တော့တယ် ဆရာဖေ"

ပကတိအားဖြင့် ရှိထားပြီးအပြုံးကို ဆင်လျက် ပြောလေသည်။

"ပြောပါ မယင်းတော်"

"တပို့တွဲလထဲမှာ မယင်းတော်တို့အဖွဲ့ ရန်ကုန်ကို ဆင်းရလိမ့်မယ် ဆရာဖေ၊ ကိစ္စကတော့ အင်္ဂလိပ်အစိုးရထံက မင်းတရားကြီးဆီကို မေတ္တာရပ်ခံစာ တစ်စောင် ရောက်လာတယ်။ အိန္ဒိယဘုရင်ခံချုပ်ဆိုလား၊ နာမည်တော့ မယင်းတော် မခေါ်တတ်ဘူး၊ အဲဒီ ဘုရင်ခံချုပ်တစ်ယောက် ရန်ကုန်ရောက်

http://www.nyisay.com



လာမယ်တဲ့။ သူ့ကို ဧည့်ခံဖို့ ရွှေမြို့တော်က သဘင်အဖွဲ့တစ်ခုကို စေလွှတ်ပေးဖို့ မေတ္တာရပ်ခံသတဲ့။ အဲဒီကိစ္စအတွက် မနေ့ညကပဲ ပွဲကြည့်ဆောင်မှာ မင်းတရားကြီးနဲ့ ဝန်ကြီးမှူးကြီးတို့ ဆွေးနွေးကြပြီးတဲ့နောက် ခုမနက် ညီလာခံမှာ မင်းတရားကြီး အမိန့်တော် ထွက်လာတယ်။ အမိန့်တော်အရ မယင်းတော်တို့အဖွဲ့ သွားရမယ်လေ"

"ကျုပ်က ဘာလုပ်ပေးရမှာလဲ မယင်းတော်"

ယင်းတော်မလေးက အပြုံးကို မဆိုစလောက်လျှော့ကာ ပို၍လေးနက်သောအသံဖြင့် . . .

"မယင်းတော်ရဲ့အဖွဲ့မှာ ဇာတ်စီးအဖြစ် အုပ်ချုပ်လိုက်ပါဖို့ ဆရာဖေကို ယောမင်းကြီး၊ မက္ခရာကိုယ်တော်ကြီးနဲ့၊ ပုပ္ပါးဝန်ထောက်မင်းတို့က အမိန့်ချလိုက်ကြတယ်။ ဒီအကြောင်းကို မယင်းတော်ကိုယ်တိုင် ဆရာဖေ့ဆီ သွားပြောပါလို့လဲ မက္ခရာကိုယ်တော်ကြီးက အမိန့်ထားလိုက်တယ် ဆရာဖေ"

နံ့သာဖြူယပ်တောင်မှ မွှေးရနံ့သည် ချိုအီမွှန်းကျပ်လာသည်။

"တခြားလူပြောရင် ဆရာဖေ စောဒကတက်ချင် တက်မယ်တဲ့၊ အမိန့်တော်ဆိုပြီး ထုတ်ဆင့်လိုက်ရင်လဲ အမိန့်တော်မို့သာ နာခံလိုက်ရတယ်၊ ဆရာဖေ ဘဝင်ကျမှာ မဟုတ်ဘူးတဲ့၊ မယင်းတော်ကိုယ်တိုင် ပြောရင်ဆိုရင်တော့ အနုပညာသမားချင်း ဆိုပြီး . . . . "

ကွန်ုပ် နှစ်နှစ်ခြိုက်ခြိုက် ရယ်ပစ်လိုက်သောကြောင့် ယင်းတော်မလေး၏စကားမှာ တစ်ပိုင်းတစ်စဖြင့် ပြတ်သွားလေသည်။ ယင်းတော်မလေးက ကွန်ုပ်ကို အထူးအဆန်းသဖွယ် ကြည့်နေသည်။

"သည်းခံပါ မယင်းတော်၊ ကျုပ် ရယ်တာက မယင်းတော်ရဲ့စကားကို ပြက်ရယ်ပြုတဲ့သဘောမျိုး မဟုတ်ပါဘူး၊ တကယ့်ကို သဘောကျမိလို့ပါ"

"ဘာကို သဘောကျတာလဲ ဆရာဖေ"

ယင်းတော်မလေးကား ပွဲကြည့်ဆောင်၏ မီးရောင်ပြင်ပတွင် တကယ်ရှိုးသားရှာသော မိန်းမသားပါပေ။

"မင်းကြီးဦးဘိုးလှိုင်နဲ့ ကိုယ်တော်ကြီးတို့ရဲ့ အစီအမံကို သဘောကျတာပါ။ အမိန့်တော်နဲ့ ခိုင်းရင်လဲ ကျုပ် နာခံရမှာပါ။ ဒါပေမယ့် ကျုပ်ကို ဘဝင်ရှင်းအောင် အမိန့်တော်ကို မယင်းတော်ဆီကတစ်ဆင့် သိမ်သိမ်မွေ့မွေ့လေး ဆင့်လိုက်တာလေ၊ မယင်းတော်ကလဲ အကုန်အစင် ဖွင့်ပြောပြတော့တာကိုး။

http://www.nyisay.com



ကိုယ်တော်ကြီးတို့ အတွင်းစကား ကျိတ်မှာလိုက်တာကိုတောင်မှ မယင်းတော်က ဖွင့်ပြောတယ်။ ဒါကို သဘောကျလို့ပါဗျာ"

"ဆရာဖေ လိုက်မှာမဟုတ်လားဟင်"

အလိုလို သက်ပြင်းချလိုက်မိသည် ထင်သည်။

"အမှန်ပြောရရင်တော့ ကျုပ် သင်းတို့နိုင်ငံကို မလိုက်ချင်တော့ဘူး မယင်းတော်။ ထီးတင်ပွဲကိစ္စနဲ့ ရောက်ခဲ့ကတည်းက သင်းတို့နဲ့ ကျုပ် တယ်ပြီး မဆက်ဆံချင်တော့ဘူး။ ကျုပ်စိတ်က တော်တော်ရယ်၊ မနည်းကျိတ်မှိတ် မျို သိပ်ခဲ့ရတာ၊ အခုတော့လဲ မလိုက်လို့ ဖြစ်မလား မယင်းတော်၊ အမိန့်တော်ဟာ အမိန့်တော်ပေါ့၊ ဒါပေမယ့် ညင်သာချိုမြသော အမိန့်တော်လေ . . . "

"ဆရာဖေ လိုက်မှ လိုက်ပါ့မလားလို့ မယင်းတော် စိတ်ပူလိုက်ရတာ. . "

"စိတ်ချမ်းသာပေတော့ မယင်းတော်ရေ့၊ ဒါနဲ့ . . . ဘယ်တော့သွားရမှာ တဲ့လဲ"

"တပို့တွဲလဆန်းလို့ ပြောတာပဲ ဆရာဖေ၊ ရက်တော့ အတိအကျ မသိ သေးဘူး"

တပို့တွဲလဆန်း တစ်ရက်နေ့တွင် ကျွန်ုပ်သည် ယင်းတော်မလေးတို့ ဇာတ်အဖွဲ့၏ ဇာတ်စီးအဖြစ် ပါဝင်လိုက်ပါလျက် ရန်ကုန်သို့ ဆင်းခဲ့ရပြန်လေသည်။

၄

ချုပ်တီးမျိုသိပ်နိုင်စွမ်းသမျှ အားလုံး လွင့်စင်သွားကြသည်။

ဤအချိန်တွင် လက်ထဲမှာ ဓားတစ်စင်း ရှိမနေခြင်းသည် အားလုံး အတွက် ကံကောင်းသည် ဆိုရမည်။ ဓားသာ ရှိနေပါက . . .

ကျူကျူကျာကျာ နိုင်လှသော ခရာသံနှင့် တဒုန်းဒုန်း ဘင်ထုသံတို့သည် နားထဲသို့ စူးရှစွာ တိုးဝင်နေသည်။ ချက်ကျညီညာ ခြေလှမ်းများက ရွှံရှာစရာ ကောင်းလှသည်။ အနားအမြှုစင်း ဘောင်းဘီပြာများ၊ ပြောင်လက်သော လည် ရှည်ဖိနပ်များ၊ ကျောကုန်းနောက် ပခုံးအထက်တွင် အစွန်းထွက်နေသော သေ နတ် လှံစွပ်များ၊ ဦးထုပ်ရှည်များ။

အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မေယိုးသည် ဗြိတိသျှ အရာရှိများကို ခြုံရယ် နှုတ်ဆက်ကာ ခေါင်းတခါခါ လည်တခါခါဖြင့် အထဲသို့ ဝင်လာသည်။

http://www.nyisay.com



ထို့နောက် . . .

ကတ္တီပါဖုံး ခင်းထားသော နောက်မှီမြင့်မြင့် ကုလားထိုင်ပေါ်သို့ အစွင့်သား တက်ထိုင်ကာ လက်တန်းများပေါ်သို့ တံတောင်ဆစ်နှစ်ဖက် ထောက်သည်။ ခြေထောက်အစုံကို ဖွင့်၍ ဆန့်တန်းကာ တစ်ခုပေါ် တစ်ခု ချိတ်သည်။ သူ့ခေါင်းပေါ်က ပန်းပွားတပ် ဆွဲလေယပ်ကြီးများ စတင်လှုပ်ရှားသည်။ သူ့ရှေ့စားပွဲပုများပေါ်တွင်ကား အရောင်စုံ အရက်ပုလင်းများ စီရရီ။

မျက်နှာဖြူ မိန်းမတစ်ယောက်က သူ့ရှေ့သို့ ခါးကိုင်းရပ်ကာ ဝိုင်ကလပ်ကို လှမ်းပေးသည်။ သူ ယူသောက်သည်။ ပိုးပဝါစဖြင့် သူ့နှုတ်ခမ်းမွေးများကို သုတ်သင်သည်။ ထို့နောက် ကြီးစွာသော ပီတိကို စားသုံးနေဟန်မျိုးဖြင့် သူ မျက်လုံးအစုံကို မှေးမှိတ်သည်။

သင်း . . . ၏ လှုပ်ရှားမှုတိုင်းကို အစုံအစေ့ ကျွန်ုပ် လိုက်ကြည့်သည်။

နဂါးတစ်ကောင် ဖြစ်လိုက်ရလျှင် ကောင်းလေစွ။

မျက်လုံးတွင်းမှ၊ နှာခေါင်းတွင်းမှ၊ အာခံတွင်းမှ မီးလျှံမီးညွန့်များ တညီးညီး တထိန်ထိန် ပစ်လွှတ်လိုက်စမ်းချင် . . .။

သင်း . . . တစ်ကိုယ်လုံး ပြာအတိဖြစ်သွားအောင် . . .။

သင်းအတွက် ကုလားထိုင်ခင်းထားသည့် နေရာသည် ပြီးခဲ့သည့် ဒဂုံဆံတော်ရှင် ထီးတော်တင်ပွဲတုန်းက ထီးတော် ခေတ္တစံပယ်တော်မူသည့် နေရာ။ သင်း အနားယူသည့်နေရာသည် ထီးတော်တင်ပွဲတုန်းက ထီးဖြူတော်ရုံအဖြစ် ဆောက်လုပ်ထားသည့်နေရာ။ ဒါတင်မက . . . ဒါတင်မက . . .။

သင်း၏ ခေါင်းအထက် ဆွဲလေယပ်နှစ်ချပ်၏ အထက်မှာက . . .

ဝဲတစ်လက်၊ ယာတစ်လက် ထီးဖြူနှစ်လက်။

မျက်လုံးသွေးကြောများ တင်းမာလာကြပြီဟု သိနေသည်။ မြင်ကွင်းသည် အနီရောင်။

၄

" . . . အင်္ဂလိပ်အစိုးရ၏ မဟာမိတ်နိုင်ငံတို့ကလည်း ကြေကွဲဝမ်းနည်းကြမည်ဟု ယုံကြည်သည်။ မြန်မာနိုင်ငံနှင့် အထက် ယခင်က ထားရှိခဲ့သော မဟာမိတ်သဘောအတိုင်း မပြောင်းမလဲ မြဲမြဲခိုင်မြဲစေပါမည်"

ရန်အောင်စာပေ-၂

http://www.nyisay.com



"အင်္ဂလိပ် ဘုရင်ခံမင်းမြတ် လော့ဒ်မေယိုး၏ နေရာတွင် မြင့်မြတ်လှသော လော့ဒ်နေပီးယား အော့မာခြစ်စတောင်းအား ဆက်လက်၍ ခန့်ထားတော်မူကြောင်း"

ဖြတိုက်စာရေး ကိုထွန်းဝ၏ စာဖတ်သံသည် နားထောင်ကောင်းလွန်းပေစွ။

"ရန်ကုန်မြို့ကထုတ်တဲ့ မြန်မာဂေဇက် သတင်းစာကို ပြန်ဖတ်စမ်းပါဦး ကိုရင်ထွန်းဝရဲ့"

"အာ . . . ဒီသတင်းကို ကျုပ် ဖတ်ပြနေတာ သုံးခါရှိပြီကော ကိုရင်ဖေ"

"ထပ်ဖတ်စမ်းပါ၊ ထပ်ဖတ်စမ်းပါ၊ ကျုပ် နားထောင်ရတာ အရသာရှိလွန်းလို့၊ ကျယ်ကျယ်လေးဗျ နော်၊ အားရပါးရလေး . . . . "

သတင်းစာကို ဖြန့်လျက် ကိုရင်ထွန်းဝ ဖတ်သည်။

" . . . . အင်္ဂလိပ် ဘုရင်မကို ကိုယ်စားပြု၍ အိန္ဒိယပြည်ကို အုပ်စိုးတော်မူသော ဘုရင်ခံချုပ်ကြီး ရစ်ချတ်ဆောက်သဝယ် မူရာကီမေယိုးသည် ခရစ်နှစ် ၁၈၇၂ ခု၊ ဖေဖေါ်ဝါရီလ ၅ ရက်၊ ၁၂၃၃ ခု၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့တွင် မြန်မာပြည် ရန်ကုန်မြို့သို့ တိုင်းခန်းလှည့်လည်ခြင်းခရီး ပြီးဆုံးခဲ့၍ မော်လမြိုင်မြို့တွင် တစ်ထောက်နားနေ၊ လည်ပတ်ကာ ကပ္ပလီကျွန်း၊ ပို့ဗလဲယားဟုခေါ်သော မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း . . . "

"အင်း . . . ဟုတ်ပြီ၊ ပို့ဗလဲယားကို ရောက်ပြီ"

". . . လော့ဒ်မေယိုးသည် ကပ္ပလီကျွန်း ပို့ဗလဲယားမြို့ရှိ ရာဇဝတ်သားများ ထားရှိရာ အကျဉ်းစခန်းကို စစ်ဆေးပြီးနောက် ဆိပ်ကမ်းသို့ ပြန်လာစဉ် စိတ်ဖောက်ပြန် သော့သွမ်းနေသော ရာဇဝတ်အကျဉ်းသား တစ်ဦးသည် ဘုရင်ခံချုပ်၏ နောက်မှ တိတ်တဆိတ်လိုက်ပါလာပြီး အစောင့်အရှောက်များကြားမှ ပင် ဘုရင်ခံချုပ်အပေါ် ခုန်အုပ်ကာ ဓားဖြင့် ထိုးသတ်လိုက်သောကြောင့် ဘုရင်ခံချုပ် ကွယ်လွန်အနိစ္စရောက်သွားကြောင်း၊ ထို စိတ်ဖောက်ပြန်သော့သွမ်းနေသော ရာဇဝတ်အကျဉ်းသားမှာ ပထန်လူမျိုး ရှိတ်အလီဆိုသူ ဖြစ်ကြောင်း . . . "

အေးစက်နေပြီဖြစ်သော ရေနွေးကြမ်းကို ကောက်မော့လိုက်သည်။

ခါးသက်သက် ရွှေဖီမိုးလွတ်သည် လျှာရင်းမှတစ်ဆင့် တစ်ကိုယ်လုံးသို့ အရသာပြည့်ဝစွာ စီးဆင်းသွားလေသည်။

http://www.nyisay.com



"တယ်ကောင်းဗျာ . . . ကိုရင်ထွန်းဝ"

"ကျုပ် ယူလာတဲ့ လက်ဖက်ခြောက်လား . . . "

"အဲဒါကလဲ ကောင်းတာပဲ။ ကိုရင်ထွန်းဝဖတ်လိုက်တဲ့ သတင်းက ပို ကောင်းသေး။ တဆိတ်ဗျာ . . . ခါးပန်းပေါ်က ပေနဲ့ ကညစ်ကလေး လှမ်းလိုက်စမ်းပါ။ ကျုပ် လှုပ်လှုပ်ရှားရှား မလုပ်ချင်လို့၊ ဒီအတိုင်း ငြိမ်နေချင်လို့"

ကိုရင်ထွန်းဝက ကညစ်ကို လှမ်းပေးရင်း . . .

"အရေးထဲ ကိုရင်ဖေက စာစပ်ဦးမလို့လား"

"စာဆိုတာ အရေးထဲကျမှ စပ်ရတာဗျ၊ ကိုင်း . . . ပေနဲ့ကညစ်ကို ကိုရင်ပဲ ကိုင်ဗျ၊ ကျုပ်ရင်ထဲမှာ စာလုံးလေးတွေ ပေါ်နေတယ်၊ လှုပ်လိုက်ရင် ပျောက်သွားမှာစိုးလို့၊ ကျုပ်က ရွတ်ပေးမယ်၊ ကိုရင် လိုက်ရေးဗျာ"

"ကိုင်း . . . ရွတ်ဗျား . . . ရွတ်ဗျား . . . "

မိမိရေးစပ်သော တေးထပ်ကို မိမိဘာသာ ရွတ်ဆိုခြင်းဖြင့် မိမိအသံကို မိမိ ပြန်ကြားနေရခြင်း၌ သည်တစ်ခါလောက် တစ်ခါမျှ သုတိသာယာ နာပျော်ဖွယ် မရှိခဲ့ဖူးချေတကား။

". . . ထီးဖြူရုံပြသာဒ်နှင့်၊ မအပ်သည့်အရာ၊ လာဒ်ဆိုသည့် မိစ္ဆာမှာ၊ ပိတ်ရှာပြီ ဇီဝိ၊ ဘုန်းမတန့် ဘုန်းတန့်ကြွံတယ်၊ ဆုံးရှုပ်နာမ် သွားပေ့ါဝိစိ၊ မင်းတုတု ခွေးသေသေ၊ သွေးတွေတွေ ယိုဘိ၊ လာဒ်ရန်ကို ဆဒ္ဒန်ဖိ၊ နတ်ဖန်သည့် ဘုန်းတော်၊ ကျွန်းစကြာပုတစ်လွှားမှာ၊ ရွှေဓားသွား သတ်ရလိမ့်မနော်။ လှေကားဆက် တက်အပေါ်မှာ၊ ထီးဖြူတော်နှစ်လက်ကြောင့်၊ သင့်အသက် ထွက်လွယ်စေ၊ ဓားနှစ်ချက်မွှေ၊ လေးလက်ဖြင့် လေးချက်မွှေမယ်၊ ဘေးသက်သေ လက်ငင်းကွဲ့လေး . . . . "

၄

ဟစ်လို့သာ ရယ်လိုက်ချင်တော့သည်။ ပြော် . . . ငါနှယ် အခုမှ ပညတ်သွားရာ ဓာတ်သက်ပါ ပါကကောဟုလည်း ညည်းမိတော့သည်။ အချုပ်တန်းရောက်ရတော့သည်ပဲ။ အမိန့်တော်ကြောင့် စံမြန်းရသော အချုပ်မှာ သက်သာချောင်ချိစွာ နေရသော ဖွားဖက်ကျော်တန်း အချုပ်ဖြစ်သော်လည်း အချုပ်ကား အချုပ်ပင်ဖြစ်သည်။

http://www.nyisay.com



အင်း . . . ရှင်မယ်ပုံကိုသာ သနားမိတော့သည်။ သူ့ခမျာ တက်မတတ်ငိုရှာသည်။ တေးထပ်တစ်ပုဒ်ကြောင့် အချုပ်ခံရသည်ဆိုတာကိုလည်း သူ နားမလည်တတ်ရှာ။ မျက်ရည်လည်ရွဲ သူ ကျန်ရစ်ရှာသည်။

ကျွန်ုပ်၏ 'ထီးဖြူရုံပြသာဒ်နှင့်' သည်လောက်ထိ ရောက်သွားလိမ့်မည်ဟု မထင်ရိုးအမှန်။ ယခုမူ ဤတေးထပ်ကို ဇာတ်အဖွဲ့များကလည်း သီဆိုကြသည်။ ကာလသားတွေကလည်း ဗုံထောက်သံပြု၍ ဝိုင်းဖွဲ့ဆိုကြသည်။ သူဌေး၊ ဆင်းရဲသား၊ တောင်သူလယ်လုပ်၊ ဓားမခုတ်မကျန်၊ ကလေးလူကြီး၊ ယောကျ်ားမိန်းမ မရွေး 'ထီးဖြူရုံ'သည် ရေပန်းစားသွားသည်။ နေပြည်တော်တစ်လွှားသည်မျှ ရေပန်းစားသွားမည်ဟုလည်း မထင်မိ။ သည့်ထက်မူ ဤတေးထပ်၏ဂယက်သည် အောက်ပြည်က အင်္ဂလိပ်တို့ထံအထိ ရောက်သွားလိမ့်မည်ဟုလည်း မထင်မိ။ စင်စစ် 'ထီးဖြူရုံပြသာဒ်'သည် နေပြည်တော်သူ နေပြည်တော်သားတို့ ကိုယ်စား ကျွန်ုပ်က ရေးဖွဲ့သွားဖြစ်သော တေးထပ်။ စင်စစ် ဤတေးထပ်သည် ကျွန်ုပ်၏ တေးထပ်မဟုတ်။ အားလုံး၏ တေးထပ်။ ဒါကို မိစ္ဆာကောင်မျက်နှာဖြူတွေက မကြိုက်။ ဩော် . . . မင်းတရားကြီးကလည်း ဘဝင်တော်မကျ။ သည့်ထက်မူ အင်္ဂလိပ်မင်းတို့က မင်းတရားကြီးထံသို့ 'မဟာမိတ်ဖြစ်သော အင်္ဂလိပ်တို့အပေါ် မဖွယ်ရာသော အသုံးစကားတို့ဖြင့် အကျိုးယုတ်အရှက်ကွဲအောင် ရေးထားသည့် . . . ဆရာဖေဆိုသူအား အပြစ်ပေးပါမည့်အကြောင်း' ကန့်ကွက်စာတစ်စောင် ပေးလိမ့်မည်ဆိုခြင်း . . .။ ထို့နောက်မင်းတရားကြီးကလည်း မဟာမိတ်ထုံး နှလုံးမူကာ 'လွှတ်တော်က စစ်ဆေးအပြစ်ပေးစေ . . .'ဟု အမိန့်တော်မှတ်ခြင်း။ ထို့နောက်မူ . . . ဖွားဖက်ကျော်တန်းအချုပ်သို့ ကျွန်ုပ် ရောက်ခဲ့ရခြင်း။ သည်မျှ တသီတတန်းကြီး ဖြစ်မည်ဟု ကျွန်ုပ် မထင်ခဲ့မိ။

သို့သော် ထင်တာတွေ မထင်တာတွေကို ဖယ်ရှား၍ ပကတိဖြစ်ရပ်မှန်ကို ကြည့်လိုက်သောအခါတွင်ကား ကျွန်ုပ်သည် တေးထပ်တစ်ပုဒ် ရေးစပ်သည့်အပြစ်ကြောင့် အပြစ်ဒဏ်ကို ခံနေရသော အချုပ်သားတစ်ဦးအဖြစ် ကိုယ့်ကိုကိုယ် တွေ့လိုက်ရချေသည်။

အချုပ်ကျပုံကလည်း မခံချိမခံသာ ဖြစ်စရာ။

ယာဘက်လက်တစ်ဖက်တည်းကိုသာ ထိပ်တုံးခတ်ထားသည်။

တကယ့် တကယ်သာ ထိပ်တုံးခတ်နိုင်လျှင် ကျွန်ုပ်၏ ရင်ကိုခွဲ၍ နှလုံး

http://www.nyisay.com



သည်းပွတ်ကို ထိပ်တုံးခတ်ရပေမည်။ လက်ကို ခတ်ချင်းခတ်လျှင် ကိုရင်ထွန်းဝကိုသာ ခတ်သင့်သည်။ ကျွန်ုပ်ရွတ်ပေးသည်ကို သူ လိုက်ရေးရသည် မဟုတ်ပေလား။

"ဆရာဖေ . . . ဖြတိုက်စာရေးကြီး ဦးထွန်းဝ လာတယ်ဗျို့"

အချုပ်စောင့် ရဲမက်လေးက ပျဉ်ပြားတိုင်များအကြားမှ ကျွန်ုပ်ကို ပြုံးကြည့်ကာ အော်ပြော၏။

"လွှတ်လိုက်လေကွာ"

ကိုရင်ထွန်းဝ ဝင်လာသည်။ အချုပ်ကျသူကို လာတွေ့သော သူ့မျက်နှာမှာလည်း ပြုံးစေ့စေ့။ အချုပ်သား ကျွန်ုပ်ကလည်း ပြုံးစေ့စေ့။

ကိုရင်ထွန်းဝက ထိပ်တုံးထဲက ကျွန်ုပ်၏ ယာလက်ကိုကြည့်၍ . . .

"အမှန်က အဲဒီနေရာမှာ ကျုပ်လက် ရှိရမှာဗျ"

"ဟုတ်တာပ . . . ဟုတ်တာပ၊ ကိုရင်က ရေးတဲ့သူကိုး . . . "

ကျွန်ုပ်တို့ ရယ်ဖြစ်ကြလေသည်။

"ကိုရင့်ကို ပြစရာရှိတယ်ဗျ"

"ဆို . . . "

ကိုရင်ထွန်းဝက စာရွက်လိပ်တစ်လိပ်ကို ဖြန့်သည်။ ကျွန်ုပ်၏ ထိပ်တုံးပေါ်သို့ တင်ပေးသည်။ သူ့လက်ရေးများ . . .

"ပခန်းမင်းကြီးကနေပြီး နေပြည်တော် အင်္ဂလိပ်အရေးပိုင်ဆီ ပို့တဲ့ ပြန်ကြားစာလေ။ ကျုပ် ကူးယူလာခဲ့တာ၊ ကိုရင် ဖတ်ရအောင်လို့"

"ပခန်းမင်းကြီးက အရေးပိုင်ထံ ပေးစာ၊ ၁၂၃၄ ခု၊ နယုန်လဆန်း ၉ ရက်"

"အန္တမံကျွန်းတွင် အိန္ဒိယဘုရင်ခံ အနိစ္စရောက်သည်ကို ကျိုးယုတ်ရှက်ရသိချင်းဆိုသူ ငဖေကို အကျဉ်းချထား စီရင်ကြောင်း။ ဇာတ်ရုပ်စုံ၊ ပုံအတီးအကတို့ကိုလည်း ကဆို မရှိစေရအောင် . . . "

စာရွက်ကို ပြန်လိပ်လိုက်သည်။ ဖတ်မနေချင်။

"ရှင်မယ်ပုံ ဘာမှာလိုက်သေးသလဲ ကိုရင်ထွန်းဝ၊ နေကောင်းကြရဲ့လား"

"နေကောင်းကြပါတယ်၊ ဇဝက်သာဗူးနဲ့ ကွမ်းသီးစိတ်တွေ ပေးလိုက်တယ်"

http://www.nyisay.com



"အင်း . . . ကျုပ် ဘယ်တော့များမှ အချုပ်က လွတ်မလဲ မသိဘူး၊ ဘာများ ကြားမိသေးလဲ ကိုရင်ထွန်းဝ"

"ဘာမှ မကြားမိဘူးဗျာ"

"အင်း . . . "

ပေါ့ပါးနေခဲ့သော ရင့်မှာ ချက်ချင်း ပြန်၍ လေးလံသွားပြန်သည်။

ကျွန်ုပ်၏အမှုသည် ဘယ်သို့သောအမှုနည်း၊ ဘယ်လိုပြစ်ဒဏ် ချမည်နည်း၊ ဘယ်တော့ အချုပ်မှလွတ်မည်နည်း၊ အဘယ်သူ စီရင်မည်နည်း။

အချုပ်တန်းဆရာဖေ၏အမှုကို မင်းတရားကြီးလည်း မစီရင်နိုင်၊ ဟိုးအောက်ပြည်က အင်္ဂလိပ်မင်းလည်း မစီရင်နိုင်။ မယင်းတော်တို့ ဇာတ်ပွဲထဲက လို သိကြားမာယိန် တာဝတိံက ဆင်း၍ရှင်းလည်း လင်းလိမ့်မည် မဟုတ်။

မိမိအမှုကို မိမိကိုယ်တိုင် စီရင်မှသာ ပြီးမြောက်တော့မည်ဟု ကျွန်ုပ် နားလည်လိုက်သည်။ ကျွန်ုပ်မှာ အပြစ်မရှိကြောင်း၊ ကျွန်ုပ်သည် အပြစ်ကျူးလွန်သူ မဟုတ်ကြောင်း၊ ဟိုးယခင် ရှေးအထက်ကာလကတည်းက ကျွန်ုပ် အမှုတော်ထမ်းရွက်ခြင်းများကို အောက်မေ့ဆင်ခြင်သင့်ပါကြောင်း။

ရွှေနားတော် ပေါက်အောင် ကြိုးစားတော့မည်ဟု ကျွန်ုပ် ဆုံးဖြတ်လိုက်သည်။ မင်းတရားကြီးကလည်း ယခုအထိ ကျွန်ုပ်ကို အရေးတော် မထားသေး။

"ကိုရင်ထွန်းဝ ခဏလေးဗျာ၊ ကျုပ် စာလေးတစ်ပိုဒ်လောက် စပ်လိုက်ချင်လို့"

"အရေးထဲများဗျာ"

"လုပ်ပြန်ပြီ၊ အရေးထဲမို့ပေါ့ဗျာ"

ပေနှင့်ကညစ်ကို ကိုင်ခွင့်ပြုသော ဖွားဖက်ကျော်တန်း အချုပ်မှူးကိုပင် ကျေးဇူးတင်ရပေတော့မည်။ ကျွန်ုပ် ပိုင်ဆိုင်သမျှမှာ လောကတွင် ဤအရာနှစ်ခုသာ ရှိချေသည်။

တစ်ထောင့်နှစ်ရာ နှစ်ဆယ့်ရှစ်ခုနှစ်က အရေးတော်ပုံအကြောင်းကို သတိရလိုက်သည်။ ကနောင်မင်းသားကြီး လုပ်ကြံခံရစဉ်က တောင်မျက်နှာ တံခါးအနီးတွင် မက္ခရာမင်းသားကြီးထံ အမှုတော်ထမ်းခဲ့ပုံ၊ ပလိပ်စစ်ကြောင်း ချီခဲ့ရပုံ၊ သုံးဆယ့်သုံးခုနှစ်မှာ ရာမဇာတ်ကြီးအဖွဲ့နှင့် ဇာတ်စီးအဖြစ် ထီးတင်ပွဲ လိုက်ပါခဲ့ပုံ၊ သည်ဖြစ်ရပ်များကို အတိတ်ကြောင်း လှန်လိုက်တော့မည်။

ကောင်းပြီ၊ တေးထပ်ကို ဘာနှင့် စမည်လဲ။

http://www.nyisay.com



အကောင်းဆုံး စကားလုံးကို စဉ်းစားရသည်။ ရပြီ။

"သမုတိအတွက် ဝေက်က ဒဏ်ခံ၊ အထက်က အတန်တန်ကို ရွှေနန်းစံ မသိ၊ ရှစ်ခုနှစ်တောင် မျက်နှာတွင် မက္ခရာမင်းနှင့်ပါရှိ ပလိပ်ကြောင်း အောင် ပန်းခြွေ .... ..... ..... ..... ..... .........

...... ...... ....... ......."

"ကိုင်း . . . ကိုရင်ထွန်းဝ၊ ဒါကို တောင်ခွင်မြို့စား ရွှေတိုက်ဝန်မင်း မဟာမင်းထင်စည်သူဆီ အရောက်ပို့ပေးဗျာ"

"ယခုဖြင့် ကောင်းမွေလန်တယ်၊ ဆိုးမွေခံ ထိပ်တုံးနှင့်လေး"ဟု ချထား သော တေးထပ်ကို ကိုရင်ထွန်းဝလက်သို့ အပ်လိုက်သည်။ ပေရွက်ပေါ်တွင် ကျွန်ုပ်၏ ယုံကြည်မှုများ အပြည့်အဝ ပါသွားသည်။

မကြာမီမှာပင် အချုပ်မှ ကျွန်ုပ် လွတ်ခဲ့လေသည်။

၄

မင်းမှုထမ်း ကံဇာတာ တက်လာပေပြီ။

ရွှေတိုက်ဝန်မင်းမှတစ်ဆင့် မင်းတရားကြီးနားသို့ ကျွန်ုပ်သတင်း ပေါက် ကြားသွားသည်။ တန်ခိုးအာဏာ ပြချင်တတ်ကြသော တံခါးနီး အမှုတော်ထမ်း များကို ဂရုစိုက်စရာမလိုတော့ဘဲ မင်းတရားကြီး၏ လေသာဆောင်တွင် အမှု တော်ထမ်းအဖြစ် ဝင်ထွက်ခွင့် ရခဲ့လေသည်။

အဖ မျှော်လင့်ခဲ့သော မင်းပေါက်စိုးပေါက် မင်းမှုထမ်းဘဝကို ကျွန်ုပ် ရချေပြီ။ သို့တစေ . . . အကောင်းအဆိုး နှစ်စွန်းနှစ်ခွ ဒွန်တွဲလေသော ကျွန်ုပ်၏ ဇာတာပေလော မပြောတတ်။ ဘဝကိုယ်နှိုက်ကလည်း ဓားထမ်းလိုက်၊ ကညစ် ကိုင်လိုက်။ လန်းဆန်းဝေဖြာနေသော ကံကြမ္မာပွင့်ချပ်နှင့် အတူ ညှိုးလျော်နွမ်း ရိလာသော ကံကြမ္မာဖူးငုံက ကျွန်ုပ်၏ ရင်ခွင်တွင် တူယှဉ်တကွ ထွက်ပြူလာ ကြတော့သည်။

မင်းတရားကြီး ကံတော်ကုန်သည်။

ကျွန်ုပ်၏ မက္ခရာကိုယ်တော်ကြီးနှင့်တကွ ညောင်ရမ်း၊ သုံးဆယ် စသော မင်းသားကြီးများကို လွန်မြောက်ကျော်လွှား၍ သီပေါမင်း ထီးနန်းစံသည်။ ကင်းဝန်၊ တိုင်တား၊ ရေနံချောင်း၊ ဆင်ဖြူမရှင် မိဖုရားကြီး . . . ထီးရေးနန်းရေး

http://www.nyisay.com



ရှုပ်ထွေးလှသည်။ ဘုရင့်သွေးတော်များကို သွေးချောင်းစီး လုပ်ကြံမှုကြီး ဖြစ်ပေါ်လာသည်။ ညောင်ရမ်းမင်းသားသည် သတ်ပွဲကြီးမှ လွတ်ထွက်ကာ ဘင်္ဂလားပြည်သို့ ထွက်ပြေးတိမ်းရှောင်သွားသည်။ စလင်းစုဖုရားလည်း အမည်မျှပင် မကြားရတော့။

ရွှေနန်းတော်အထက်က ကောင်းကင်တစ်ပြင်တစ်ခွင်လုံး ပိန်းပိတ်သားမည်းမှောင်လာချေသည်။

ညောင်ရမ်းကို ကင်းဝန်မင်းက စာဖြင့် အဆက်အသွယ်ယူကာ ထီးနန်းသိမ်းရန် တိတ်တဆိတ် စေလွှတ်သည်။ သို့သော် အင်္ဂလိပ်တို့က ထိုစာကို လျှို့ဝှက်ရယူမိသွားပြီး ကင်းဝန်မင်းထံ ညောင်ရမ်းမင်းသား စာပြန်လေဟန် အကောက်ကြံသည်။ နေပြည်တော်သို့ အင်္ဂလိပ်သင်္ဘောများ ဆန်တက်လာသည်။ ညောင်ရမ်းမင်းသား ပါလာသည်ဟု ဆိုသည်။ သို့သော် မင်းသားအစစ် မဟုတ်၊ စကားပြန် မောင်ဘသန်းဆိုသူကို မင်းသားဟန်ဆောင်ထားစေသည်ဟု ကြားရသည်။

သို့သော် သင်္ဘောများကား ဆန်တက်လာကြချေပြီ။ အားလုံး အသိနောက်ကျပြီ။ အားလုံး မှားကုန်ကြပြီ။

"လက်နက်တော်ထိန်ညီ၊ အိန္ဒြေစစ်သည်၊ အလိမ်နှင့်ညစ်သည်ကို၊ သစ္စာတည်ထင်လို့၊ မင်းမှူးမတ်ကြံသည်ကိုမှာ၊ ရန္တပိုထုံးနှင့်ပုံသို့ . . . "

ကစဥ့်ကလျား ဝါးစည်းပြေခဲ့ရသော မြင်ကွင်းများ။

"မခုခံနှင့်၊ ခုခံလျှင် သူပုန်"

ကင်းဝန်၏ အငိုက်မိခံရသော အမှားမှ ထွက်ပေါ်လာသည့် တစ်ချက်လွှတ်အမိန့်။ ကျောက်မြောင်းဝန်ကို အင်္ဂလိပ်တို့ထံ လွှတ်၍ စစ်ပြေငြိမ်းစကားဆိုစေခြင်း၊ စကားအရေးအရာ မပြတ်မသား ရှိဆဲမှာပင် ရတနာပုံနေပြည်တော်ကို အင်္ဂလိပ်စစ်တပ်များက ချဉ်းကပ်ကြသည်။

ဓားဆွဲ၍ ထွက်တိုက်လိုသည့် စုဖုရားလတ်။

သို့သော် . . .

ဗိုရိုလှည်းနှင့် မင်းမိဖုရားနှစ်ပါး။

ကြေကွဲသော နှလုံးသွေးတို့ဖြင့် လေးဆစ်ငိုချင်းတစ်ပုဒ် ရေးရုံမှအပ ဘာမျှ မတတ်နိုင်တော့သော ကျွန်ုပ် အချုပ်တန်းဆရာဖေ။

မြတ်ကောဇာ လှစ်ဆို၍ ပြရမှာဖြင့်၊ သတ်ဇော္ဇာ အစ်ကိုကျခါမှ၊ ခေတ်

http://www.nyisay.com



ညိုလှ မြန်မာပြည်၊ (အိုကွယ်) ဟစ်ငိုစရာ အခါပေ။ . . . မသွေမစောင်းပေဘူး၊ ရေကြောင်းဗျူဟာချိ၍၊ တူရာသီဆန်းရက်ငါးမှာ၊ နယ်ခြားမြေ ကျောက်တိုင်ရပ်ဆီက၊ ကင်းတပ်သခ်ျောကိုနော်ကွယ်၊ ခွင်းဖြတ်ဝင်မွှေ . . . "

မြန်မာ့ကင်းတပ် အထပ်ထပ်ကို သင်းတို့ ခွင်းဖြတ် မွှေနှောက်ကြချေပြီတကား။

၄

ကွန့်ပ်နှင့် သက်တူရွယ်တူချင်း မတိမ်းမယိမ်းရှိလေသော ကိုထွန်းဝ၏ အသွင်သည် နှစ်ပေါင်းများစွာ အိုမင်းရင့်ရော်နေတော့သည်။

ဝေရီမှိုင်းမှုန် မျက်လုံးများဖြင့် သူ ကွန့်ပ်ကို ကြည့်နေသည်။

"ဘာမှ ကြည့်မနေနဲ့တော့၊ စဉ်းစားမနေနဲ့တော့ ကိုရင်ထွန်းဝ၊ အားလုံး ဖရိုဖရဲ ဖြစ်ကုန်ကြပြီ။ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း ဆိုသလို ကျုပ်ဘဝက ပိုဆိုးသေးတယ်။ အခုကြည့်စမ်း၊ အချုပ်တန်းတစ်ခုလုံးလည်း မီးလောင်သွားပြီ။ အခု ဟေမာဇလ သုံးဆယ်စော်ဘွားကြီး ဝင်းထဲမှာ သူများတံစက်မြိတ်အောက် ဖျာခင်းပြီးနေကြရတယ်။ မီးလောင်မြေမှာ အိမ်ပြန်ဆောက်ဖို့ကြိုးစားပေမယ့်လည်း မိစ္ဆာကောင်တွေက သူတို့စခန်းနဲ့ နီးနေလို့ သွပ်မိုးပျဉ်ကာပဲ ဆောက်ရမယ်တဲ့လေ။ တစ်ဝမ်းတစ်ခါးတောင် အနိုင်နိုင်ဖြစ်နေတဲ့ ကျုပ်တို့အဖို့ ဘယ်မှာ သွပ်မိုး၊ ပျဉ်ကာ ဆောက်နိုင်မလဲဗျာ။ ကျုပ်လဲ အနှစ်သုံးဆယ်နီးပါး နေခဲ့တဲ့ ကျုပ်ရဲ့ မြင်းကုန်းနှီးတန်းလေးကို သံယောဇဉ် ရှိတာပေါ့၊ ဒါပေမယ့် ကျုပ် ခြံမြေဝိုင်းကလေးပေါ်မှာတောင် ကျုပ် အိမ်ပြန်မဆောက်နိုင်တဲ့ဘဝ"

အသံမတုန်မိအောင် လက်သီးဆုပ်လိုက်ရသည်။

"အခု တောင်ပိုင်စော်ဘွားကြီးကတော် ဒေါ်ညွှန့်ညွှန့်ဆီကို တစ်ထောင့်ငါးရာနဲ့ ရောင်းလိုက်တော့မယ်။ ရှင်မယ်ပုံတို့ကိုလဲ ရောင်းရသမျှ ငွေ အကုန်ပေးပြီး ဟေမာဇလက သူ့အမျိုးများရှိရာပဲ သွားနေခိုင်းလိုက်တော့မယ်"

"ကျုပ်ဘဝကလဲ ကိုရင်နဲ့ မခြားပါပဲဗျာ။ အောက်ခြေက ခုတ်လှဲခံလိုက်ရတဲ့ သစ်ပင်ကြီးတစ်ပင်လို"

ကိုရင်ထွန်းဝ မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာသည်။

"တိတ်စမ်းပါဗျာ၊ ကျုပ်တို့ တစ်မျိုးလုံး ငိုနေကြရတာပါ။ ကျုပ်စိတ်ကူးက ဒီလိုဗျ"

http://www.nyisay.com



အားမတန်တော့။ သို့သော် . . . မာန်မလျှော့စတမ်း။ သူတစ်ပါးလက်အောက်၊ အမျိုးက သူ့ကျွန်။ တောမီးလောင်လို့ တောကြောင်တွေကလည်း လက်ပန်းပေါက်ခတ်၊ ကလိန်ခြံ စားပြတွေကလည်း သောင်းကျန်း၊ မြန်မာတွေလည်း စည်းကမ်းပျက်ကုန်ကြပြီ။ ကိုယ့်အမျိုး ကိုယ် မယုံချင်၊ အမေကျော် ဒွေးတော်လွမ်း၊ စည်းလုံးမှုက မရှိ။ တောက် . . . တွေးမိတိုင်းဗျာ . . . အသည်းတင်မက၊ အရိုးပါနာတယ်၊ အရိုးပါ နာတယ် . . . ကျုပ် . . .

အစိုင်အခဲဝေဒနာကို နှုတ်မှ မဖွင့်နိုင်တော့။

"ဒီတော့ ကိုရင်ဖေ ဘာလုပ်ချင်လို့လဲ"

ကြေကွဲနာကြည်းခြင်း၏ တစ်ဖက် အဆုံးစွန်သို့ လွန်မြောက်သွားလေသော တစ်နေရာဆီတွင် တွေ့ရှိရသည်ကား စွေးစွေးနီသော သွေး၊ ဇာတိသွေး။

"မြင်စိုင်းမင်းသားဟာ ဆီးပင်ကြီးကနေပြီး ကျောက်ဆည်ဘက်ကို လူသူစုရုံးပြီး ထွက်သွားပြီ။ လဲချားမိဖုရားရဲ့ သားတော် ကြည့်မြင်တိုင်မင်းသားလဲ တောင်တွင်းကြီးဘက် ထွက်သွားပြီ။ ကိုရင် ကြားရဲ့လား။ ရမည်းသင်းဘက်မှာ မျက်နှာဖြူကို ခံချနေတဲ့ လယ်ဝန်ဟောင်း ဗိုလ်စံထွန်း၊ ဗိုလ်အေး၊ ရှမ်းပြည်မှာ ဝန်းသိုစော်ဘွား၊ အို . . . နေရာအနှံ့ဗျာ၊ နေရာအနှံ့၊ ဓားမတစ်ချောင်းရှိရင် အဲဒါကို လက်နက်ပြုပြီး သူ့ကျွန်ဘဝက ရုန်းထွက်မယ့် ကျုပ်တို့ရဲ့ ညီအစ်ကိုတွေ"

ကိုရင်ထွန်းဝ မျက်လုံးများ အရောင်တောက်လာသည်။

"ကျုပ်ကတော့ ဒီမှာ လုံးဝ မနေချင်တော့ဘူး၊ ဒီမှာ ဖြစ်နေတာတွေက"

ရုတ်တရက် သတိရလိုက်သောကြောင့် ပေရွက်တစ်ရွက်ကို လှမ်းယူလိုက်သည်။

"ညက တစ်ညလုံး အိပ်လို့မရဘူး။ ကျုပ်ရင်ထဲမှာ ပြောင်းဆန်နေတယ်။ ဒါကြောင့် လင်းအားကြီးမှာ ဟောဒီစာတစ်ပုဒ် ရေးပစ်လိုက်ရတယ်၊ နားထောင်ကိုရင်၊ ကျုပ် ဖတ်ပြမယ်"

"မြန်မာတွေ စည်းကမ်းဖောက်၊ ထီးနန်းပျောက်ဖြစ်ပြီ၊ မှိုးငြိမ်းထောက်အသစ်မှိုတယ်၊ ညစ်ပလီလူမျိုး၊ မိပစ်လို့ ဖရှောင်သွေသည်၊ ဂွကောင်တွေ ခွေးပြစ်ပေါ့ဗျိုး . . . . "

"ပေစမ်းဗျာ၊ ကျုပ်ကိုယ်တိုင် ဖတ်စမ်းမယ်"

ကိုရင်ထွန်းဝက ပေရွက်ကို လှမ်းဆွဲလေသည်။ ထို့နောက် သူ ပါးစပ်

http://www.nyisay.com



တလှုပ်လှုပ်ဖြင့် ဆက်ဖတ်တော့သည်။ နှစ်ခေါက်သုံးခေါက် ထပ်ဖတ်လေဟန် ရှိသည်။ သက်ပြင်းကြီးတစ်ချက် လေးပင်စွာချပြီးနောက် . . .

". . . တယ်မိုက်ပါလား ကိုရင်၊ ကိုရင့်ရင်ထဲ အတော်ကြီးကို အစိုင်အခဲ ကြီးဟန် တူတယ်၊ ဘာတဲ့ . . . တွေးမိတိုင်း အရိုးနာသည်၊ အမျိုးပါ ဆဲချင်ပေါ့ လေး . . . ဆိုပါလား၊ အင်း . . . ပြောစရာကလည်း ဖြစ်နေပြီမှုကိုး"

"ကဲ . . . ဒါတွေ ထားတော့၊ ကျုပ် အစီအစဉ်က . . . "

၄

ရန်ကင်းတောင်အကွေ့ တောင်ကုန်းငယ်ပေါ်တွင် မြင်းဇက်ကို တွန့် လိုက်သည်။

အနောက်အရပ်ဆီသို့ မျှော်ကြည့်လိုက်သောအခါ . . .

နှင်းငွေ့မြူစတို့ အောက်ဝယ် တိတ်ဆိတ်စွာ လဲလျောင်းနေသော ရွှေမြို့ တော်ကြီးကို ဝိုးတဝါး၊ မှုန်တရိ တွေ့ရလေသည်။ ပစ္စင်၊ ပြအိုး၊ ပြာသာဒ်၊ နန်း မြို့ရိုး၊ ကျုံးရေပြင်၊ ကုက္ကိုပင်တန်း၊ တမာတန်း၊ မန်ကျည်းရိပ် . . . .။

ရင်နှင့်မဆန့်သော အလွမ်းသည် ကျိုးကြေမတတ် တင်းထားသော အံ သွားတို့ကို တိုက်စားသွားခဲ့ချေပြီ။

ပူနွေးမျက်ရည်စများကို ပါးပြင်နှစ်ဖက်တွင် သည်အတိုင်းရှိစေလိုက် သည်။ ကျုပ် မျက်ရည်မသုတ်တော့ဘူး၊ ရွှေမြို့တော်ကြီးရေ။ ခင်ဗျားကို ကျုပ် ဒီမျက်ရည်တွေနဲ့ပဲ နောက်ဆုံး နှုတ်ဆက်ခဲ့ရမှာ။ ကျုပ် ငိုလိုက်ပါမယ်။ ခင်ဗျား ချစ်တဲ့ အချုပ်တန်းဆရာဖေ ငိုလိုက်ပါ့မယ်။

တောင်ဘက်ကျုံးထိပ်ကား သည်နေရာလောက်တွင် ရှိချေမည်။

မြင်းကုန်းနှီးတန်း၊ အချုပ်တန်း၊ ကွန့်ပ် အနှစ်သုံးဆယ်လုံးလုံး နေထိုင် ခဲ့သည့်ဒေသ။ အချုပ်တန်းဆရာဖေ ဟူသော ဒေါသကြီးတတ်သည့် စာဆိုတစ် ယောက်ကို လူလားမြောက်စေသည့် ဒေသ။ နှုတ်ဆက်လိုက်ပါပြီ အချုပ်တန်း ရယ် . . .။

ရှင်မယ်ပုံ၊ သားလေး မောင်ရွှေရ . . .။

ယောမင်းကြီး၊ မက္ခရာမင်းသားကြီး။

"စာဆို ဆိုတာ ဘာပဲဖြစ်နေနေ စာကို ဆိုရမယ်ကွ၊ နားလည်လား"

http://www.nyisay.com



"လူလေး၊ ဇဝက်သာဗူး မမေ့နဲ့နော်"

"ကဲ . . . ကဲ. . . သွားတော့ ငဖေ၊ အနုပညာရှင်ဆိုတာ မမေ့မလျော့သောသတိ အမြဲရှိအပ်တယ်ကွဲ့"

"ဆရာဖေ့ကို ပင့်ရမှာအားနာလို့ မယင်းတော်ကိုယ်တိုင်ပဲ အရောက်လာရတော့တယ် ဆရာဖေရေ့ . . . "

"လေးလက်ဖြင့် လေးချက်မွှေမယ်၊ ဘေးသက်သေ လက်ငင်းကွဲ့လေး"

အို . . . မျက်ရည်ပူတို့သည် ကုန်ခမ်းနိုင်ဖွယ် မရှိတော့။ ကျပါစေ၊ ကျပါစေ ဆရာဖေ။ မျက်ရည်ရဲ့အလုပ်ဟာ ငိုကြွေးခြင်း၊ ငိုကြွေးခြင်းရဲ့ ရတနာဟာ မျက်ရည်။

မင်း . . . ဒီတစ်ခါငိုပြီးရင် နောက် ငိုဖို့ အခွင့် မရတော့ဘူး။

နှင်းမြူတို့ ကွဲစပြုလာပေပြီ။

နေခြည်သည် ရွှေနန်းတော်၏ စုလစ်မွမ်းချွန်ကို ထင်ထင်လင်းလင်း တောက်ပစေတော့မည်။ ရွှေရောင်ဝင်းသော နန်းတော်ဦးကင်းအထွတ်။

ဧရာဝတီ . . .။ ကြေကွဲဖွယ် ပြဇာတ်များကို အစဉ်အမြဲ ပြောပြနေမည့် ဧရာဝတီ . . .။

ရှိုက်ငိုကောင်း ရှိုက်ငိုနေမည့် ဂေါဝိန်ဆိပ်ကမ်း။

သူ့ကျောကုန်းအပေါ်မှ နယ်ခြဲ့စစ်သင်္ဘောများကို ပုတ်ချရန်အလို့ငှာ အုံ့မခန်း လှိုင်းလုံးကြီးများဖြင့် တဝုန်းဝုန်း မာန်ဖီကောင်း မာန်ဖီနေမည့် ဂေါဝိန်ဆိပ်ကမ်း . . .။

ဒဂုံဆံတော်ရှင် ထီးတော်ကို ပို့ဆောင်ပေးသည့်၊ ယင်းတော်မလေး ဇာတ်အဖွဲ့ကို ပို့ဆောင်ပေးသည့် ရေနန်းစကြာသင်္ဘော။

ဩော် . . .

ကိုပုည။

ခင်ဗျား ဝိညာဉ်ဟာ ခင်ဗျားချစ်တဲ့ ရတနာပုံ ရွှေမြို့တော်ရဲ့ အပေါ်မှာ အခုထိ ဝဲပျံနေဦးမယ်ဆိုရင် ဟောဒီ ရန်ကင်းတောင်အစပ်က အချုပ်တန်းဆရာဖေဆိုတဲ့ ခင်ဗျားရဲ့ ပြိုင်ဘက် စာဆိုရှိရာကို လှမ်းကြည့်လိုက်စမ်းပါ ကိုပုညရယ် . . .။

ခင်ဗျားရဲ့ တေးထပ် တစ်ပိုင်းတစ်စကို ကျုပ် နှလုံးထဲက ရွတ်ဆိုနေပါတယ်။

---

http://www.nyisay.com



"ဟုတ်ပလေ၊ နှုတ်ချွေဟရမှာဖြင့်၊ ပုဇွေစ ထင်ရဲ့လေ၊ ကောသလရယ်လို့၊ လောကတွင် အသရေလျှမ်းပါတဲ့၊ ရွှေနန်းစံရာ နရိန်မှ၊ ခါကြိမ်လျှင် ဖျက်စမြဲပေမို့၊ စွဲမိသံဝေ . . . "

ခွင့်လွှတ်ပါ ကိုပုညရယ်၊ ကျုပ် . . . ကျုပ် . . . ဆက်ဆိုလို့ မရတော့ပါဘူး။

ကျုပ်လေ . . .

"ကိုရင်ဖေ"

"ဟင် . . . "

"အို . . . ကိုရင် ငိုနေတယ်"

". . . . . . . "

"ကိုရင်ဖေ ငိုတာ ကျုပ် တစ်ခါမှ မတွေ့ဖူးဘူး ကိုရင်"

"ကိုရင်ထွန်းဝ"

"ဗျာ"

"ကျုပ်မျက်ရည်ကို ကိုရင် အခု ပထမဆုံး တွေ့ဖူးတာပဲ မဟုတ်လား၊ ကောင်းပြီ၊ အဲဒါဟာ နောက်ဆုံးအကြိမ်ပဲလို့ နားလည်လိုက်"

"ဗျာ"

"ရွှေမြို့တော်ရှိရာ အနောက်ဘက်ကို ကျုပ် အခု မျက်နှာမူထားတယ်။ အဲဒီအချိန်မှာ ကျုပ်ပါးပြင်ပေါ်မှာ မျက်ရည်တွေ၊ ဒါပေမယ့် . . "

နှင်းဆမ်းလေပြည်ကို တစ်ဝကြီး ရှိုက်သွင်းလိုက်သည်။ မျက်ရည်စတို့ ရောက်နေသည့်နေရာမှာပင် ချက်ချင်း ခြောက်သွေ့သွားကြဟန် တူသည်။

"ရွှေမြို့တော်ကြီးကို မျက်နှာလွှဲပြီး အရှေ့အရပ်ကို မျက်နှာမူလိုက်တဲ့ တဒင်္ဂကစပြီး ကိုရင် ကျုပ်မျက်ရည်တွေကို နောက် ဘယ်သောအခါမှ တွေ့ရတော့မယ် မဟုတ်ဘူးမှတ်ပါ ကိုရင်ထွန်းဝ"

နေခြည်တစ်မျှင် ပါးလျားသေးသွယ်စွာ ကွန့်ပ်တို့နှစ်ဦးကြားသို့ ထိုးဝင်ကျရောက်လာသည်။

"သုံးဆယ်စော်ဘွားကြီးက ကျုပ်တို့ကို ဖက်လှဲတကင်း ကြိုမှာပါ။ မိစ္ဆာကောင်တွေကို မောင်းထုတ်ဖို့၊ ကိုယ့်မြေပေါ် ကိုယ်ရပ်ပြီး၊ ကိုယ့်လေကို ကိုယ် သန့်ရှင်းစွာ ရှူရှိုက်နိုင်ဖို့အတွက် ကျုပ်တို့ သုံးဆယ်စော်ဘွားကြီးနဲ့ စီစဉ်စရာတွေ အများကြီး"

http://www.nyisay.com



"ဟော . . . အခုချက်ချင်းပဲ ကိုရင်ဖေ ပြုံးလိုက်ပါပကော"

"ကျုပ်မျက်ရည်တွေ အကုန်အစင် ငိုပြီးပြီလေဗျာ"

"ဘယ်လို . . . "

"ကဲ . . . မြင်းဇက်ကိုဖွင့်၊ တစ်ဆင့်တက်၊ တစ်တောင်ကျော်ကြစို့၊ ကိုရင်ထွန်းဝရေ . . . "


ဇက်ကြိုးကို တုပ်ဆွဲလိုက်သဖြင့် မြင်းသည် ပတတ်ရပ်ကာ ကျယ်လောင်စွာ ဟီလိုက်သည်။ မြင်းဟီသံသည် ရန်ကင်းတောင်စောင်း ကျောက်နံရံများဆီသို့ ပဲ့တင်ရိုက်ကာ တစ်တောလုံး ဆူသွားလေသည်။

တောအုပ်ကိုဖောက်လျက် ကောင်းစွာ ဆင်းဖြာနေပြီဖြစ်သော နေခြည်နုအမျှင်တန်းများ ကြားထဲသို့ မြင်း လှည့်လိုက်သည်။

တစ်ဟုန်ထိုး . . . ကုဆုန်စိုင်း . . . . ။

▼

# တတိယမြောက် အရိန္ဒမာ



http://www.nyisay.com



## တတိယမြောက် အရိန္ဒမာရုပ်ပုံလွှာ

အကြွင်းမဲ့ တိတ်ဆိတ် ငြိမ်သက်နေတယ်။

ရွှေရောင်ဝင်းဝင်း၊ လင်းထိန်တောက်လက်တဲ့ နန်းဦးဆောင်ထဲမှာ အမှောင်တိုက်တစ်ခု တအိအိ ထိုးဖောက်ဆင်းသက်နေတယ်။ မိုးနှောင်းဆောင်းဦးရဲ့ ဝင်းပတဲ့ နံနက်ချိန်ဟာ ညဥ့်အဖြစ် အလိုလိုပြောင်းလဲနေတယ်။ သက်ရှိလူသားတွေက အဝိညာဏကဖြစ်သွားကြပြီး နန်းဦးဆောင်ရဲ့ ရွှေပိန်းချတိုင်လုံး၊ မကရ်းကွက် မျက်နှာကြက်ပိမာန်၊ ရွှေရေးခြယ်နံရံ စတဲ့ သက်မဲ့တွေက သဝိညာဏက ဖြစ်နေကြတယ်။

တိတ်ဆိတ်ခြင်းထဲက ကျယ်လောင်မှု၊ ရှင်သန်မှုထဲက သေဆုံးခြင်း၊ အလင်းရောင်ထဲက အမှောင်တိုက်၊ နံနက်ခင်းထဲက ညဥ့်သန်းခေါင် အရာခပ်သိမ်းမှာ ဆန့်ကျင်မှုတွေဟာ တစ်ခုကို တစ်ခုစီးမျောဖြတ်သန်းနေကြတယ်။

ကညင်ဆီမီးတိုင်ရဲ့ မီးလျှံများဆီက ခိုးယှက်လွန့်လူးနေတဲ့ မီးခိုးငွေ့တန်းကလေးထဲမှာ စကားပြောသံ ရှိနေသလား။

http://www.nyisay.com



ဒါဟာ အိပ်မက်တစ်ခု မဟုတ်ပေဘူး။ ဒါဟာ ဝိညာဉ်လောက မဟုတ်ဘူး၊ ဒါဟာ တကယ်ဖြစ်နေတာ။ ဟုတ်တယ်၊ ဒါဟာ တကယ်ကြုံတွေ့နေရတဲ့ တကယ့်အဖြစ်။ မလွှဲမရှောင်သာ လက်ခံယူလိုက်ရတဲ့အဖြစ်။ အိပ်မက်တစ်ခု ဖြစ်ပါစေလို့ ငါ ဆုမတောင်းချင်ဘူး၊ တကယ်ဖြစ်နေတာကို ငြင်းဆန်လွှဲဖယ်လို့မရဘူး။ ဒါကို ငါ ရင်ဆိုင်ရမယ်။

သည်နေရာဟာ အရိမဒ္ဒနာပူရရဲ့ နန်းဦးဆောင်။ "မဟာသိရိအနိရုဒ္ဓဒေဝ"ဘွဲ့ခံ ငါ့ရဲ့ နန်းဦးဆောင်၊ ငါ့ရှေ့မှောက်မှာ အားလုံး စုံညီ ရှိနေကြတယ်။ မှူးမတ်ကလန် သံပျင်တွေက ကြမ်းပြင်မှာ ခစားနေကြတယ်၊ လက်ယာဘက်မလှမ်းမကမ်းမှာ "သင်ဖမ တရားသူကြီးအဖွဲ့" ရှိနေတယ်၊ ရှေ့တည့်တည့်မှာ "သားတော် စောလူးမင်းသား" ခစားနေတယ်။ ငါ့ရဲ့ လက်ဝဲဘက်မှာတော့ "ခင်ဦး" ထိုင်နေတယ်၊ လက်ယာထောင့် ကြက်သွေးရင့် ကတ္တီပါဖုံတွေပေါ်မှာလဲ ငါ့ရဲ့ လက်ရွေးစင် သူရဲကောင်းတွေ ခစားနေတယ်၊

ငါ့ရဲ့ သူရဲကောင်းတွေ ငထွေ၊ ငလုံးနဲ့ ငဖီး သုံးယောက်။ ဟုတ်တယ်၊ သုံးယောက်တည်းပဲလေ။

ထိပ်ဆုံးက ကတ္တီပါဖုံ တစ်ခုမှာတော့ ထိုင်သူမဲ့ လစ်လပ်နေတယ်၊

ထိုင်သူမဲ့ လစ်လပ်နေတဲ့ နေရာ၊ အမြဲတစေ ထိုင်သူရှိခဲ့တဲ့ ဒီနေရာဟာ အခုတော့ ပိုင်ရှင် ပျောက်ဆုံးနေတယ်။ လစ်ဟာနေတဲ့ ဒီကတ္တီပါဖုံဟာ ငါနဲ့ တကွသော နန်းဦးဆောင်တစ်ခုလုံးကို ပြက်ရယ်ပြုနေပြီလား။

အို . . .

ငါ့လက်ဝဲဘက် သလွန်တော်ဆီက ရှိုက်သံတစ်ခု ပေါ်လာပါလား။

http://www.nyisay.com



ကိုယ်ကိုမယိမ်း၊ မျက်နှာကို မတိမ်းဘဲ ငဲ့စောင်းကြည့်လိုက်မိတယ်။

မြစိမ်းဝတ်စုံနဲ့ မဏိစန္ဒာမင်းသမီးကို ရိပ်ခနဲ တွေ့လိုက်ရတယ်။ ဪ . . . ပြင်ပြင်စိမ်းတဲ့ မြစိမ်းရောင်ကိုမှ မင်း တမင်ရွေးချယ်ပြီး ဝတ်ဆင်လာခဲ့သလား ခင်ဦးရယ်။ မြစိမ်းရောင်ထဲမှာ မင်းဟာ ငါ့ကိုလည်း မကြည့်၊ နန်းရင်ပြင်ကိုလဲ မကြည့်၊ ပကတိ ငြိမ်သက်မှုနဲ့ မျက်လွှာချထားတယ်လား။

မဏိစန္ဒာခင်ဦးရယ်၊ မျက်လွှာချထားပေမယ့် မင့်အမြင်အာရုံထဲမှာ ဘာရှိနေမယ်ဆိုတာ ငါ သိလိုက်ပါရဲ့ . . . ငါသိလိုက်ပါရဲ့ ခင်ဦးရယ် . . .။

မျက်လွှာကိုပင့် မျက်လုံးကိုဝင့်ပြီး တစ်ခုသောနေရာဆီကို လှမ်းကြည့်ဖို့ ငါ မင်းကို ခွင့်ပေးနေပါတယ်။ ခွင့်ပြုနေပါတယ်။ ကြည့်လိုက်လေ ခင်ဦး။

မင်း ကြည့်ချင် မြင်ချင်နေမယ့်သူလေ၊ နှုတ်ဆက်အကြည့်၊ တမ်းတအကြည့်နဲ့ မင်း ကြည့်ချင်နေမှာပါ။ အို . . . သို့ပေမယ့် မင်း ကြည့်ရက်မှာ မဟုတ်ဘူးပေါ့နော်၊ ဟုတ်ပေတာပေါ့ ခင်ဦးရယ်။

မင်း ကြည့်ချင် မြင်ချင်တဲ့သူဟာ ငလုံး၊ ငထွေ၊ ငဖီး သူရဲကောင်းသုံးယောက်တို့ရဲ့ ထိပ်ဆုံးနေရာကတ္တီပါဖုံပေးမှာ အခါတိုင်း အမြဲရှိနေကျ၊ ထိုင်နေကျဖြစ်ပါရက်နဲ့ အခုအချိန်မှာ သူ့နေရာသူ မရှိလေဘဲ . . . ဟိုး . . . နန်းဆောင်နံရံဆီမှာ . . .

ရဲရဲနီအဆင်းရှိတဲ့ နှောင်ကြိုးနဲ့ အထပ်ထပ် ရစ်ပတ်တုပ်နှောင်ခံထားရတဲ့ ရာဇဝတ်သား၊ အရိမဒ္ဒနာပူရမှာ ဖြစ်လေ့ရှိတဲ့ မြေမှု၊ အမွေမှု၊ ကျွန်မှု၊ ခိုးမှု စတဲ့ အပြစ်တကာတို့ထက် ကြီးကျယ်သော အပြင်းထန်ဆုံး အပြစ်ကြီးကိုမှ ကျူးလွန်ထားတဲ့ ရာဇဝတ်သား၊ ရာဇအာဏာ မင်းဘဏ္ဍာကိုမှ ထိခိုက်ပုတ်

http://www.nyisay.com



ခတ်ထားလေတဲ့ ရာဇဝတ်သား၊ "မဟာသီရိအနိရုဒ္ဓါဒေဝ"ဘွဲ့ခံ ဘုရင်မင်းမြတ်ရဲ့ သက်ဦးဆံပိုင် အာဏာတော်ကို မထေမဲ့မြင် ပြုလေတဲ့ ရာဇဝတ်သား၊ သေမင်းရဲ့ ဝတ်ရုံသင်တိုင်းစကိုမှ မရွံ့မရှား၊ လက်ဖျားနဲ့ တို့ထိ ကျီစယ်မိလေတဲ့ ရာဇဝတ်သား။

အဲဒီ ရာဇဝတ်သားဟာ ငါနဲ့ မျက်နှာတူရူ နန်းဦးဆောင်နံရံမှာ နှောင်ကြိုးအထပ်ထပ်နဲ့ ရှိနေတယ်လေ။ မင်း သူ့ကို မကြည့်ရက်ဘူး မဟုတ်လား ခင်ဦး။

အို . . . မကြည့်ရက်တာ မင်းတစ်ယောက်တည်း မဟုတ်ပါဘူး ခင်ဦးရယ် . . .။

ငထွေ၊ လုံး၊ ငဖီးတို့သုံးဦးသားလည်း သက်ပြင်းကို မရှိုက်၊ ခေါင်းငိုက်စိုက်နဲ့ မှုးမတ်ကလန် သံပျင်တွေကလည်း မလှုပ်မရှား စကားမဆို၊ သင်ဖမတရားသူကြီးအဖွဲ့ကလည်း တုံဏှိဘာဝေ အားလုံး အားလုံး ပါပဲလေ။

အသေလိုဖြစ်နေကြတဲ့ နန်းဦးဆောင်ထဲမှာ လှုပ်ရှားနေတာဆိုလို့ ကညင်ဆီမီးတိုင်ထိပ်က လူးလွန့်ခိုးယှက်နေတဲ့ မီးခိုးငွေ့တန်းဖြူဖြူလေးတစ်ခုပဲရှိတယ်။ လှုပ်ရှားမှုတွေ ပျောက်ဆုံးနေကြပေမယ့် အသံတွေကတော့ ရှိနေတယ်။ ဒါပေမယ့် ဒီအသံတွေကို ပကတိ နားနဲ့ မကြားနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ အထွေထွေအပြားပြားသော ဝေဒနာတို့ရဲ့ ရိုက်ခတ်မှုကြောင့် ပြင်းပြင်းပြပြ လှုပ်ခုန်နေကြတဲ့ ရင်ထဲက နှလုံးခုန်သံတွေ ဖြစ်နေလို့ပဲ။

တစ်စုံတစ်ခုသော အချိန်ကာလဟာ နီးကပ်လာပြီ၊

ဖမ်းယူတားဆီးထားလို့ မရနိုင်တဲ့ ကာလအလျဉ်။ ပစ္စုပ္ပန်ဟာ ရှိနေဆဲ

http://www.nyisay.com



မှာပဲ အတိတ်ဖြစ်သွားတယ်။ အနာဂတ်ကို မျက်မှောက်ပြုသွားတယ်။ ကာလ သုံးပါးဆက်စပ်မှု၊ ဆက်သွယ်မှု သန္တတိဓမ္မတရား။ ဘာပဲဖြစ်ဖြစ် အချိန်တစ် ချိန်ကိုတော့ ရောက်ရှိဖြတ်သန်းရတော့မယ်၊

လှုပ်လှုပ်ရွရွ ဖြစ်စပြုလာတဲ့ သားတော်စောလူးမင်းသားဟာ ခစားရာ ကနေပြီး အကဲမရတဲ့အကြည့်နဲ့ တစ်ချက် လှမ်းကြည့်တယ်။ ငါ မဆိုစလောက် လှုပ်ရှားမှုနဲ့ ခေါင်းဆတ်ပြလိုက်တယ်၊

စောလူးမင်းသားရဲ့ နှုတ်ခမ်းတွေ ပွင့်လာတယ်။

“အရိမဒ္ဒနာပူရ ရွှေပြည်ကြီးသခင် မဟာသိရိအနိရုဒ္ဓါဒေဝဘွဲ့ခံ မြတ် သော ခမည်းတော်မင်းကြီးရဲ့ ခြေဖဝါးတော်အောက် ဦးတိုက်ခစား ရောက်ရှိ ကြပြီဖြစ်သော မှူးမတ်ကလန် သံပျင်၊ သင်ဖမ တရား၊ သူရဲကောင်းသားတို့ ကိုယ်စား သားတော် လျှောက်ကြားတိုင်တည်အပ်ပါတယ်”

သားတော်စောလူးမင်းသားရဲ့ အသံဟာ ထုံးစံအတိုင်း ပြာအက်အက် ကွဲရှရှပေမယ့် တုန်ယင်ထစ်ငေါ့ခြင်း အလျဉ်းမရှိဘဲ သွက်လက် ထက်မြနေ တယ်။

“ဘုန်းတော်ကြီးသော ရေမြေသနင်း ခမည်းတော် မင်းတရားကြီး၏ အမိန့်တော်ဖြင့် အရိမဒ္ဒနာပူရ စစ်သည်တော်များအား စစ်ကူတောင်းခံရာ ဉဿာပဲခူးမင်းထံကို သေနင်္ဂအကူအပံ့ ချီတက်ခဲ့ကြပါတယ်”

အင်း . . . အရိမဒ္ဒနာပူရမှာ ဘယ်တုန်းကမျှ မပေါ်ပေါက်ခဲ့ဖူးတဲ့ မြင် ကွင်းပါပဲလား။ နေရာက နန်းဦးရင်ပြင်၊ သဘင်က တရားစီရင်ရေး၊ တရားစီ ရင်ရေးသဘင်ဖြစ်ပေမယ့် ရှိခဲ့သမျှ တရားစီရင်မှုတွေနဲ့ မတူလေဘူး။ သင်ဖမ

http://www.nyisay.com



တရားအဖွဲ့ဟာလည်း နေရာမှာပဲ အစွဲအမြဲထိုင်လို့၊ စွဲချက်တင် အပြစ် သမုတ်သူဟာ ခါတိုင်းဆိုရင် တရားသူကြီးအဖွဲ့ထဲက တစ်ယောက်ယောက်။ ဒါမှမဟုတ် ကလန်သံပျင် တစ်ယောက်ယောက်။ အခုတော့ စီရင်ချက် စွဲဆိုလျှောက်ထားသူက ဘုရင့်သားတော် စောလူးမင်းသားကိုယ်တိုင်၊ အမှုကလည်း ကြီးလေးလွန်းတဲ့ ရာဇဘဏ္ဍာကို ကျူးနင်းစော်ကားမှု၊ အစွဲခံရတဲ့ ရာဇဝတ်သားကလည်း အခြားသူမဟုတ် . . .။

"ဘုန်းတော်ကြောင့် ဂွမ်း စစ်သည် ရန်သူများကို တပ်တော်က အောင်မြင်စွာနှိမ်နင်းနိုင်ခဲ့ပြီးနောက်မှာ ဥဿာပဲခူးမင်းဟာ ဘုန်းတော်ကြီးဘုရားရဲ့ မဟာကျေးဇူးတော်ကို ဦးခိုက်ညွတ်နူးစွာနဲ့ ရွှေငွေဘဏ္ဍာ၊ ရတနာများ၊ ကျေးကျွန်အမှုလုပ်များ၊ ပစ္စည်းဥစ္စာ လက်ဆောင်ပဏ္ဏာများကို ဆက်သခဲ့ပါတယ်။ ဒီ လက်ဆောင်ပဏ္ဏာတော်များအနက်မှာ အဖိုးအနဂ္ဃဖြတ်လို့မရတဲ့ တစ်ခုသော ပဏ္ဏာတော် ပါရှိခဲ့ပါတယ်။ အဲဒီ ပဏ္ဏာတော်ကတော့ . . . "

သားတော် စောလူးမင်းသားရဲ့အသံဟာ ပိုပြီးကျယ်လောင်လာတယ်။ အမူအရာကလည်း ပိုပြီးတက်ကြွလာတယ်။ နှုတ်က တသွင်သွင်ထွက်လာတဲ့ စကားလုံးတွေဟာ မလှုပ်ရှားနိုင်တော့တဲ့ အမဲတစ်ကောင်ကို လှံလျှင်တွေနဲ့ တစ်ချောင်းပြီးတစ်ချောင်း စိမ်ပြေနပြေ ထိုးစိုက်နေသလိုပဲ။ အခွံနွှာပြီးတဲ့ အုန်းသီးတစ်လုံးကို တစ်ဆုပ်ပြီးတစ်ဆုပ် အမျှင်အဆံ ဆွဲခွာနေသလိုပဲ။ မစီးဆင်း မလှည့်ပတ်နိုင်တဲ့ ရေသေ ရေအိုင်ငယ်တစ်ခုအတွင်းကို ကျောက်တုံးတွေ တစ်တုံးပြီးတစ်တုံး တဝုန်းဝုန်းပစ်ချနေသလိုပဲ။

ဖြစ်ခဲ့တဲ့အပြစ်ကလည်း အဖြစ်မှန်၊ အမှုကလည်း ကြီးလေးတဲ့ ရာဇဝတ်

http://www.nyisay.com



ပြစ်မှု။ ဒီအထဲမှာ စောလူးမင်းသားရဲ့ စွဲချက်ဆိုစကားလုံးတွေကလည်း ချွန်မြစူးရှ။

စောလူးမင်းသားရဲ့ လျှောက်ထားစွဲဆိုချက်တွေကို မတားမြစ် မပိတ်ပင်သာဘူး။ ဘုန်းတော်ကြီးလှသော ရေမြေသနင်း ပြည့်ရှင်မင်းဆိုတဲ့ ငါ . . . ။ အရိမဒ္ဒနာပူရ တစ်ပြည်လုံးရဲ့ အသက်ဦးဆံကို ပိုင်စိုးတယ်ဆိုတဲ့ ငါ . . . ။ တတ္တဒေသလို့ခေါ်တဲ့ ခန်းခြောက်ရာအရပ်၊ လောလောပူတဲ့ အရပ်၊ သဲကန္တာရနဲ့ ဆူးပင်တွေ၊ မြေရိုင်းတွေကို ခုတ်ထွင်ရှင်းလင်းစေပြီး ဆည်မြောင်းတွေ၊ တာတမံတွေ ဖြစ်ပေါ်လာအောင် လုပ်နိုင်ခဲ့တဲ့ ငါ၊ သဘာဝကို အောင်နိုင်ခဲ့တယ်ဆိုတဲ့ ငါ၊ နှုတ်ဖျားနဲ့ လက်ညှိုးထက်မှာ အကြွင်းမဲ့ အမိန့်ကို ချိတ်ဆွဲစေစားနိုင်တဲ့ငါ၊ မဟာသိရိအနုရုဒ္ဓါဒေဝဘွဲ့ခံ ငါဟာ အခု ဘာတတ်နိုင်သေးသလဲ။

စောလူးမင်းသားရဲ့ နှုတ်ကိုတောင် မပိတ်ဆီးနိုင်တဲ့ အဖြစ်။

ရာဇပလ္လင်ပေါ်မှာ ဒီအတိုင်းထိုင်၊ လျှောက်တင်သမျှ စကားလုံးတွေကို ဒီအတိုင် လက်ခံနားထောင်၊ တိတ်ဆိတ်ငြိမ်သက်ခြင်းထဲမှာ အားလုံးသောမှူးမတ်၊ ကလန်သံပျင်၊ သင်ဖမ အဖွဲ့၊ သူရဲကောင်းအဖွဲ့တွေနဲ့ အတူ မလှုပ်မရှန်းသာ လိုက်ပါ နာခံနေရတဲ့ အနုရုဒ္ဓါမင်းမြတ် . . . ။

သားတော် စောလူးရယ်၊ အားလုံးသိကြပြီးသားအဖြစ်တွေကို မင်း ဘာကြောင့် ဒီလောက် နှိုက်နှိုက်နှဲနှဲ လျှောက်ထားစွဲဆိုနေရတာလဲ။ အေးလေ . . . လျှောက်ထားစွဲဆိုရလောက်အောင်လဲ ဖြစ်ခဲ့ကြပြီကိုး။

မင်း ဆွဲချက်သံတွေကို ငါ နားထောင်နေရပေမယ့် မကြားချင်လှဘူး။

တရိပ်ရိပ်နဲ့ ငါ့အတွေးဟာ မဝေးကွာသေးတဲ့ အတိတ်ဆီကိုလည်း

http://www.nyisay.com



ကျက်စားကွန့်မြူးသွားကြတော့တယ်။ မဝေးကွာသေးတဲ့ အတိတ်ဆီကိုလေ . . ။

၄

## (၀) ဝထမ အရိန္ဓာ

မြင်းပေါ်ကို ခုန်တက်ပြီးပြီးချင်းမှာပဲ မြင်းဝမ်းဗိုက်ကို ဖနောင့်နဲ့ ခပ်ဆတ်ဆတ် တို့ခတ်လိုက်တယ်။ အလိုလိုက် အကြိုက်သိတဲ့ မြင်းကြီးဟာ တစ်ချက်ကလေးမျှ မဆိုင်းမရွံ့ဘဲ ဝုန်းခနဲ ခြေအသွက်နှင်တော့တယ်။

ဝတ်ရုံသင်တိုင်းစဟာ လည်ကုပ်ကျောပြင်ရဲ့ နောက်မှာ တဖျပ်ဖျပ်လွင့်နေတယ်။ မြင်းအရှိန် ပြင်းသည်နှင့်အမျှ ဝတ်ရုံဟာ လေအဝင့်မှာ မရပ်မနားလွင့်လို့။ တူရူက ပြေးဝင်လာတဲ့ လေပူတွေဟာ မျက်နှာတစ်ပြင်လုံးကို ပြေးဆောင့်ပြီး ပါးပြင်နှစ်ဘက်ဆီကနေ ပွတ်တိုက်သွားကြတယ်။ တစ်စတစ်စ မြင့်တက်လာနေတဲ့ နေလုံးရဲ့အပူရှိန်တွေကလည်း မျက်နှာ၊ လည်ပင်း တစ်ဝိုက်ဆီကို ပြင်းပြင်းထန်ထန် ကြပက်နေတယ်။

ဝတ်ရုံစရဲ့ တဖျပ်ဖျပ် လှုပ်ခါသံနဲ့ မြင်းခွာသံ တဖြောင်းဖြောင်း။

ထနောင်း၊ ဆူးရစ်၊ ကြက်လျှာ၊ နဂါးသန်လျက်၊ ရှားစောင်းနဲ့ ကန္တာရပင်တွေကြားထဲကနေပြီး မြင်းကို ဇက်ကုန်ဖွင့် ဒုန်းစိုင်းခဲ့တယ်။ အပူငွေ့တွေ တရှိန်ရှိန် တက်ပျံနေတဲ့ တမ္ဗဒီပရှုခင်းဟာ မြင်းရဲ့ဝဲယာမှာ လည်ပတ်ပြီးကျန်ရစ်ခဲ့တယ်။ ပူစမ်းပါစေလေ။ နေပူ၊ လေပူ၊ ကန္တာရအပူ။ ဒီအပူတွေကို မမှုနိုင်

http://www.nyisay.com



လောက်အောင် ရင်တွင်းအပူက လောင်မြိုက်နေတယ်။ မီးလျှံတစ်ခုဟာ ရင်ထဲမှာ အရှိန်အဟုန်ပြင်းစွာနဲ့ တောက်လောင်နေတယ်။ ဟုတ်တယ်၊ မီးလျှံတစ်ခု။ ဘယ်အပူနဲ့မှမတူတဲ့ မီးလျှံ၊ ဒေါသမီးလျှံ။

မီးလျှံမီးနွယ်တွေ တွန့်တွန့်တက်နေတဲ့အထဲမှာ မျက်နှာတစ်ခုပေါ်လာတယ်။ မီးတောက်တရှဲရှဲကြားမှာ အဲဒီမျက်နှာက တဟဲဟဲရယ်နေတယ်။ ထူထဲကော့ပျံတဲ့ မျက်ခုံးတွေ၊ ကျဉ်းမြောင်းတဲ့ မျက်လုံးတွေ၊ ဝအစ်မို့ဖိုင့် မျက်ခွံတွေနက်မှောင်သေးမျှင် ကျင်စွယ်နှုတ်ခမ်းမွှေးနဲ့ မျက်နှာတစ်ခု၊ ထူထဲစွတ်စိုနေတဲ့နှုတ်ခမ်းတွေကို အားပါးတရဖွင့်ပြီး တဟဲဟဲ ရယ်နေတယ်။ အမုန်းစိတ်၊ အမျက်ဒေါသစိတ်တွေက တားဆီးမရအောင် ဆူပွက်လှိုက်လျှံလာတယ်။

ရယ်ထားလိုက်စမ်း၊ ရယ်လိုက်စမ်းပါ နောင်တော် စုက္ကတေးရယ်။ အဲဒီရယ်သံကို အပြီးတိုင် ချုပ်ငြိမ်းပေးဖို့ ကျုပ်လာပါပြီ။ နောက်ဆုံးအကြိမ်အဖြစ်အားရအောင် ရယ်ထားလိုက်စမ်းပါ။ မကြာမီမှာ ဒီလောကကြီးကနေ ထာဝရပျောက်ကွယ်သွားရတော့မယ့် ရယ်သံအဖြစ် ကျုပ် နောက်ဆုံးအခွင့်အရေးကိုပေးနေပါတယ်

ရေမရှိတော့တဲ့ သဲချောင်းတစ်ခုကိုဖြတ်၊ ရှားစောင်းကြက်လျှာပင်တွေပေါက်နေတဲ့ ခင်တန်းတစ်ခုကို ကျော်၊ ဆူးတွေ၊ ချုံတွေနဲ့ မိုးနှံချုံတွေ ထူပျစ်နေတဲ့ တာရိုးကိုတက်ပြီး ပြန်အဆင်းမှာတော့ ဟိုမလှမ်းမကမ်းမှာ မြင့်မားတဲ့ ကမ်းပါးတစ်ခုကို ဘွားခနဲတွေ့လိုက်ရပြီ။

မြေနီဖုန်မှုန့် ထောင်းထောင်းထတဲ့ တမ္ဗဒီပဒေသရဲ့ ကွင်းပြင်ကို မြင်းဇက်ကုန်ဖွင့်ဒုန်းစိုင်းလိုက်ပြီး နောက်မှာတော့ ကမ်းပါးစောက်ရဲ့ ခြေရင်းကို

http://www.nyisay.com



ရောက်လာတယ်။

တစ်ချက်ကလေးမှ မဆုတ်မဆိုင်းဘဲ မတ်စောက်တဲ့ ကမ်းပါးထက်ကို ဒုန်းစိုင်းတက်ခဲ့တယ်။ ချွေးသံအရွဲရွဲမြင်းကြီးဟာ သခင့်အလိုကျ တစ်ပြေးတစ်လှမ်းစာမျှ ခြေမတွန့်၊ ဇက်မရွံ့ဘဲ ကမ်းပါးစောက်အတိုင်း ပြေးတက်တယ်။ မြေနီဖုန်မှုန့်တွေဟာ အလုံးအရင်းနဲ့ လိုက်ပါလာကြတယ်။ တစ်ကိုယ်လုံးလည်း ကြေးနီရောင်တောက်နေပြီထင်ရဲ့။

ကမ်းပါးထိပ်မှ မြင်းခြေအစုံရပ်မိပြီ။ ဒါပေမယ့် ဝတ်ရုံသင်တိုင်းစကတော့ တဖျပ်ဖျပ်လွင့်နေဆဲ။ ဧရာဝတီမြစ်ပြင်ဆီက တိုက်ခတ်နေတဲ့ လေပြင်းထဲမှာ မြင်းလည်ဆံမွေးတွေတောင် တဖွားဖွားလွင့်လို့။

မျက်စိမဆန့် တစ်ပြန့်တစ်ကြော မြင်လိုက်ရတဲ့ ဧရာဝတီနဲ့ အနောက်ဘက်မြင်ကွင်း တောင်တန်းတွေဆီကို အာရုံမရောက်နိုင်ဘူး။ အပြင်မီး အတွင်းမီးကြောင့် ပူလောင်မောဟိုက်နေတာကိုလည်း အပန်းမဖြေနိုင်သေးဘူး။

ဆန့်ကျင်ဘက်အရပ်ဆီက ပေါ်ထွက်လာမယ့် 'ရန်သူ'ကိုပဲ မျက်ခြည်မပြတ် စောင့်ကြည့်နေလိုက်တယ်။ မြေနီမှုန့်၊ သဲမှုန့်တွေ ထောင်းထောင်းစေ့စေ့ထပ်ျနေတဲ့ ကမ်းပါးထိပ်မှာ ဘယ်သူမှ မရှိပါလား။ ရန်သူဟာ ရင်ဆိုင်ရမှာကို ကြောက်လို့ ပုန်းရှောင်နေပြီလား။ တိုက်ခိုက်ဖက်မဲ့ ရန်သူကို မိုက်မဲစွာ စောင့်နေပြီလား။ လာလေ . . . ထွက်ခဲ့လေ။ နောင်တော် စုက္ကတေး . . . ကျုပ်စောင့်နေတယ်။ အနော်ရထာ စောင့်နေတယ်လေ။ ခမည်းတော် ကျောင်းဖြူမင်းနဲ့ မယ်တော်တို့အတွက် လက်စားချေဖို့ ပြီးတော့ ဘုရင်စုက္ကတေးရဲ့ စိန်ခေါ်ချက်ကို တုံ့ပြန်ဖို့အတွက် ကျုပ် အသင့်ရောက်နေပြီလေ။

http://www.nyisay.com



စောင့်ရကျိုးနပ်သွားတယ်။ မြင်းဟီသံတစ်ချက်နဲ့အတူ ဟိုးတစ်ဘက် ကမ်းပါးထိပ်ကို မြင်းတစ်စီး တက်လာတယ်။ အုန်းခွံရောင် မြင်းကြီးမှာ ကကြိုး တန်ဆာအပြည့်အစုံနဲ့။ မြင်းပေါ်မှာ ပါလာသူက ငါ အင်မတန် တွေ့ချင်နေတဲ့ နောင်တော် စုက္ကတေး။

"ဟေး . . . ညီသား အနော်ရထာ"

ကမ်းပါးထိပ်ကို တဟူးဟူးဖြတ်တိုက်လာတဲ့ လေပြင်းထဲမှာ နောင်တော် စုက္ကတေးရဲ့ အသံက စူးစူးနင့်နင့် လွင့်လာတယ်။ ဒေါသမီးလျှံကို ပိုပြီး တောက် လောင်အောင် ထိုးဆွပေးလိုက်တဲ့ စိန်ခေါ်သံပဲ။

"ဟေး . . . ညီသား အနော်ရထာ၊ အဆင်သင့်ဖြစ်ပြီလား . . . ဟား . . ဟား . . . ဟား . . . "

နောင်တော် စုက္ကတေးရဲ့ ရယ်သံ၊ ပြီးတော့ 'ညီသား'လို့ ခေါ်လိုက်တဲ့ အသုံးအနှုန်းဟာ နာကြည်းမုန်းတီးဖွယ် အရာအားလုံးကို တစ်စစီ တစ်မျှင်စီ အထပ်ထပ် ဆွဲဖော်လိုက်တာပဲ။ ခမည်းတော်ကို သင်းနဲ့ သင်းအစ်ကို ကျည်စိုး တို့နှစ်ဦး ပေါင်းပြီး နန်းချခဲ့တာ။ ပြီးတော့ ငါ့ရဲ့မယ်တော်ကို သင်း စုက္ကတေး က . . .

"ရန်မီးရန်စ ပြတ်ပါစေတော့ သားတော်။ ဘုရင်ဖြစ်ချင်သူကို ဘုရင် ဖြစ်ခွင့်ပေးလိုက်ပါ။ မင်းအဖြစ်ဆိုတာဟာလဲ အပရိဟာနိယ တရား ခုနစ်ပါး နဲ့ မပြည့်စုံရင် အပြစ်ကြီးလေးလွန်းလှပါတယ်။ စုက္ကတေး အပေါ်မှာ ဘာမှ အမျက်အာဃာတ မထားပါနဲ့လို့ ဆုံးမဖူးတဲ့ ခမည်းတော်ရဲ့စကားကို ကြားယောင်လိုက်မိတယ်။ ဒါပေမယ့် စိတ်ထဲကပဲ ခမည်းတော်ကို တောင်းပန်

http://www.nyisay.com



လိုက်တယ်။ ခမည်းတော်က အသက်အရွယ်ကြီးသူပီပီ ရန်မီးရန်စကို ငြိမ်းသတ်နိုင်ပေမယ့် သားတော်ကတော့ ဒီမီးလျှံကို ဆက်လက်တောက်လောင်အောင် လုပ်ရမှာပဲ ခမည်းတော်။ ဟုန်းဟုန်းတောက်လောင်လာမယ့် ဒီရန်မီးလျှံထဲမှာ ခမည်းတော်ကို နန်းကချ၊ မယ်တော့ကို အမွေသိမ်းရုံတင်မက သားတော်အပေါ် မှာပါ အစခပ်သိမ်း ဖိနှိပ်စော်ကားလာတဲ့ စုဏ္ဏတေးကို သားတော် မီးရှို့မြှိုက်ပစ်ရမှာပဲ။ အရိမဒ္ဒနာပူရထီးနန်းဟာ သင်းနဲ့မတန်၊ သားနဲ့သာ ထိုက်တန်စေရမယ် ခမည်းတော် . . . လို့"

"ဟေး . . . အနော်ရထာ ဘုရင်မင်းမြတ်ကို မင်း ဒူးထောက်တောင်းပန်မလား၊ ရှုးမိုက်စွာနဲ့ စီးချင်းတိုက်မှာလား"

သူယုတ် စုဏ္ဏတေးကို စကားနဲ့တုံ့ပြန်မနေတော့ဘူး။ ကမ်းပါးတစ်ဘက်မှာ အစွင့်သားရှိနေတဲ့ သင်းဆီကို ဦးတည်ပြီး မြင်းဇက်ကုန် ဖွင့်ဝင်လိုက်တယ်။ စုဏ္ဏတေးကလည်း သူ့မြင်းကို တူရှုဦးတည်ပြီး ဒုန်းစိုင်းလာတယ်။ မြေနီမှုန့်တွေ၊ သဲမှုန့်တွေ ထောင်းထောင်းကြားမှာ တစ်စတစ်စ တိုးချဉ်းနီးကပ်လာတဲ့ ရန်သူ့ရုပ်ပုံကို မျက်တောင်မခတ်ကြည့်ရင်း လှံလျှင်ကို တင်းတင်းဆုပ်ကိုင်လိုက်တယ်။ လောဟာသတ္တုနဲ့ ကြေးနီရောစပ်ပြီး လက်ကိုင်ရိုးထဲမှာ အပြည့်အသိပ် ခေါင်းပိတ်စီမံထားတဲ့ လှံအလျှင်ဟာ လက်ထဲမှာ စေးစေးပိုင်ပိုင်နဲ့ ဆုပ်အား ဆအားကောင်းလှတော့တယ်။

သင်း တဖြည်းဖြည်း နီးကပ်လာပြီ။ လူရုပ်လူလုံးသဲကွဲလာပြီး တောက်ပြောင်ပြိုးပြက်တဲ့ ကိုယ်ကျပ်သင်တိုင်းဝတ်စုံနဲ့ ဘုရင်တစ်ပါးရဲ့ အဆောင်အယောင်ကို အပြည့်ဝတ်ဆင်စီရင်လာတဲ့ စုဏ္ဏတေး . . . ။

http://www.nyisay.com



မြင်းနှစ်စီးဟာ အနေတော်အကွာအဝေးကို ရောက်ကြပြီ။ လှံလျင်တစ်ချောင်းကို ပစ်လွှတ်ထိုးစိုက်ဖို့အတွက် အကောင်းဆုံးအနေအထား။ စုက္ကတေးရဲ့ လှံကိုင်လက်အပေါ်ကို မြှောက်ဝင့်လာတာ တွေ့ရတယ်။ သင်းလဲ အဌာရသ ကျွမ်းပြီးသား ဘုရင်တစ်ပါးပေပဲ။ လှံလျင်တစ်ချောင်းအတွက် အတွက် လိုအပ်တဲ့ အကွာအလှမ်းကို သင်းလည်း ကောင်းကောင်းသိပေတာပဲ။

ပခုံးအထက်နားအထိ မြှောက်ထားတဲ့လှံလျင်ကို လက်ဆန့်တန်းပြီး ပင့်မြှောက်ချိန်ရွယ်လိုက်တယ်။ အဟုန်အပြင်းဆုံးစိုင်းနေတဲ့ မြင်းကြီးရဲ့အရှိန်ကြောင့် လက်ထဲကလှံ အချိန်အရွယ်မပျက်ရအောင် သတိထားရတယ်။ လှံရိုးအပေါ် ကျစ်ကျစ်ပါအောင်ဆုပ်ထားတဲ့ လက်ချောင်းတွေ၊ ပြီးတော့ မရွေ့မတိမ်း တည့်မတ်စွာ ပျံသန်းသွားရမယ့် လှံသွားအပေါ်မှာ အာရုံကို စုစည်းထိန်းချုပ်လိုက်တယ်။

ဒီအချိန်မှာဒေါသစိတ်ကို ဖယ်ရှားထား။ တစ်ဘက်ရန်သူရဲ့ ကဲ့ရဲ့လှောင်ပြောင်မှုတွေကို အာရုံမပြုနဲ့။ ပစ်စိုက်ရမယ့် ရန်သူ၊ သို့မဟုတ် ပစ်ကွင်းရယ်၊ လှံသွားရယ်၊ လှံရိုးပေါ်ကို လက်ချောင်းတွေရယ်၊ မနောအာရုံကို ဒီသုံးခုအပေါ်မှာ တစ်ပြေးတည်းထား၊ တစ်သမတ်တည်းထား၊ စိတ်မလှုပ်ရှားနဲ့။ မပူလောင်နဲ့။ သတ်ဖြတ်သုတ်သင်ဖို့ ဆန္ဒအား မကြီးနဲ့။ ပစ်ကွင်းရယ်၊ လှံသွားရယ်၊ လှံရိုးပေါ်က လက်ချောင်းတွေရယ် . . . ဒါပဲ။

စုက္ကတေးရဲ့ လက် အပေါ်မြှောက်လာတယ်။ နေရောင်မှာ သူ့လှံသွားပြက်ကနဲ တစ်ချက်လက်တယ်။ စောင့်နေကြတဲ့ အချိန်အပိုင်းအခြားကလေးကို ရောက်ပြီ။ လှံကို ပစ်လွှတ်ကြမယ့် ပစ္စက္ခတဒင်္ကာလကလေး၊ အရာခပ်သိမ်း

http://www.nyisay.com



ကို ဆုံးဖြတ်မယ့် သေးငယ်သော ကာလအပိုင်းအခြားကလေး။

အတည်ငြိမ်ဆုံးအာရုံကို အစက်အပြောက်ကလေး တစ်ခုအထိ ရောက်ရှိအောင် စုစည်း။ မပြတ်မလပ် နိုးကြားသော သတိကိုဖွင့်၊ အထပ်ထပ် အကြိမ်ကြိမ် လေ့ကျင့်ပြီးအပ်သော အဆအလွတ်၊ အချိန်အရွယ်၊ အပစ်အရိုက်တွေကို နှလုံးသွင်း ပခုံး၊ လက်ရုံးနဲ့ လက်မောင်း ကြွက်သားအားတွေကို အပြည့်အဝသုံးပြီး လက်ကိုနောက်က ရှေ့လွှဲအယမ်း၊ ဆုပ်ကိုင်ထားတဲ့ လက်ချောင်းတွေကို လှံရိုးပေါ်ကနေ ဖြေအလွှတ်၊ တစ်ချိန်တည်း။

ဒီအချိန်မှာပဲ လက်ခနဲ အရောင်ပြက်နဲ့အတူ ရန်သူဆီက လှံလျှင်ကလဲ တည့်တည့်မတ်မတ် ပျံသန်းဝင်ရောက်လာနေတယ်။

ဝဲပခုံးပြင်ထဲမှာ ပူခနဲ ဖြစ်သွားတယ်။

သင်း . . စုက္ကတေး ဆီမှာတော့ မသဲမကွဲ စူးစူးဝါးဝါး အော်လိုက်တဲ့ အသံနက်ကြီးတစ်ခု ပေါ်လာတယ်။ ရဲခနဲ ဖြာလာတဲ့ ပခုံးထက်က သွေးတွေကို လက်ဝါးနဲ့ လှမ်းအုပ်ရင်း ရန်သူရှိရာကို ကြည့်လိုက်တော့ . . .

စုက္ကတေးဟာ လူရောမြင်းပါ ကမ်းပါးထိပ်ကနေ အဆီးအတားမဲ့ ကစဉ့်ကလျား ဖရိုဖရဲ လွင့်စဉ်ကျသွားတာကို တွေ့လိုက်ရတယ်။ ကမ်းပါးထိပ်မြင်တွင်းကနေ သင်းပျောက်ကွယ်မသွားခင် နောက်ဆုံးမြင်လိုက်ရတာကတော့ သူ့ရင်ဝမှာ စူးဝင်စွဲမှန်သွားတဲ့ ငါပစ်လွှတ်လိုက်တဲ့ လှံလျှင်။

ဧရာဝတီဟာ အရိမဒ္ဒနာပူရ မြေပေါ်က မကောင်းမှုတစ်ခုကို သယ်ဆောင်သွားပြီး ထီးနန်းကို အကြောင်းပြုပြီး ငါ့ခမည်း ငါ့အမိနဲ့ငါ့ကို စိတ်ရောကိုယ်ပါ ပုတ်ခတ်နှိပ်နှယ်တဲ့ သူယုတ်မာတစ်ဦးကို ဧရာဝတီရေအလျဉ်က

http://www.nyisay.com



ဆောင်ကြဉ်းပေးသွားပြီ။

စုက္ကတေးရဲ့လှံဟာ ငါ့ဝဲပခုံးကိုသာ ထိမှန်ပွတ်တိုက်စေခဲ့ပေမယ့် ငါ့ရဲ့ လှံသွားကတော့ အညစ်အကြေးများ ခိုအောင်နေတဲ့ သူ့နှလုံးသားကို တည့်မတ်စွာ စွဲဝင်သွားခဲ့လေတယ်။ ဒါဟာ တရားကိုစောင့်တဲ့ လောကသဘောကြောင့်လား။ သင်းဘုန်းကံ ကုန်ဆုံးချုပ်ငြိမ်းချိန် ရောက်လို့ပဲလား။ ဒါမှမဟုတ် လှံလျှင်အရာမှာ တုယှဉ်ဖက်မဲ့တဲ့ ငါ့ရဲ့ ကျွမ်းကျင်မှုကြောင့်ပဲလား။ ဒါမှမဟုတ် ဒီအရာတွေအားလုံးပေါင်းကြုံ ဆုံစည်းလိုက်တာပဲလား။

ဆူဝေတဲ့ ဒေါသကြောင့် တသွင်သွင် စီးအန်ထွက်ကျနေတဲ့ သွေးတွေကို မသုတ်သင်နိုင်အားသေးဘူး။ အရိမဒ္ဒနာပူရဘက်ကို မြင်းစိုင်းခဲ့ရပြန်တယ်။ နန်းတော်ဆီကို မဟုတ်ဘူး။ စုက္ကတေးမင်း မရှိတော့တဲ့ ရာဇပလ္လင်ဆီကို မဟုတ်ဘူး။ မြို့စွန် သိမ်ကျောင်းလေးတစ်ခုမှာ ရှိနေတဲ့ ရသေ့ရဟန်းပြုနေသော ခမည်းတော် ကျောင်းဖြူမင်းဆီကို။

"လူဝတ်လဲပြီး ထီးနန်းပလ္လင်တော်ပေါ် ပြန်ကြွတော်မူပါဘုရား" လို့ ခမည်းတော်ကို လျှောက်ရမယ်။

မတရား အသိမ်းပိုက်ခံရတဲ့ ထီးနန်းကို တရားသော စီးချင်းတိုက်ပွဲတစ်ခုနဲ့ ပြန်ပြီး အရယူခဲ့ပြီ။ လစ်လပ်သွားတဲ့ ရာဇပလ္လင်ထက် ခမည်းတော်ကို ပြန်တင်ပေးရမယ်။

"အင်း. . . . အရိမဒ္ဒနာပူရ တစ်ခွင်လုံး သိမ့်သိမ့်တုန်သွားစေတဲ့ ငါ့ရဲ့ ပထမဆုံးသော အရိန္ဒမာ လှံချက်"

၄

http://www.nyisay.com



## (၂) ဒုတိယ အရိန္ဒမာ

" သမထီးဒေသ အရေးတော်ဟာ လတ်တလော ဖြေရှင်းဆောင်ရွက်တော်မူရမယ့် အရေးတော်ဖြစ်တယ်လို့ ယူဆပါတယ် ဘုရင်မင်းမြတ်"

ငဖီးက အားလုံးကို ကိုယ်စားပြုပြီး လျှောက်တင်လာတယ်။ ငထွေနဲ့ ငလုံးတို့က ငဖီးရဲ့စကားကို ထောက်ပံ့အားပေးဟန်နဲ့ ခတ်မဆိတ် ရှိနေကြတယ်။ ငယ်ရွယ်သူများ ဖြစ်ပေမယ့် ငထွေနဲ့ ငလုံးတို့ရဲ့ နုပျိုခြင်းထဲမှာ လေးနက်မှုတွေ ရှိနေကြလေတယ်။ သူတို့အထဲမှာ အသက် အကြီးဆုံးလဲဖြစ်၊ လူကြီးဆန်ဆန် တွေးခေါ်ပြုမူတတ်တဲ့ သဘာဝလဲရှိတဲ့ ငဖီးဟာ သူ့လျှောက်တင်ချက် ခိုင်မာကြောင်းကို သက်သေပြုတဲ့ အနေနဲ့ မျက်တောင်မခတ် စူးစူးရဲရဲကြည့်နေတယ်။

"ငထွေနဲ့ ငလုံး ဘယ်လိုသဘောရကြသလဲဟေ့"

"ညောင်ဦးကြီးနဲ့ တစ်ထပ်တည်းပါပဲ ဘုရင်မင်းမြတ်"

"ကျွန်တော်မျိုးလဲ ဒီအတိုင်းပါပဲ ဘုရင်မင်းမြတ်"

ပြုံးမိတယ်။ နိုင်ငံတော် ပျိုးထောင်ရေးမှာ လက်မွန်မဆွ ပါဝင်ခဲ့တဲ့ လက်ရုံးသူရဲကောင်းတွေမို့သာ၊ သူတို့ကို ငဖီး၊ ငထွေ၊ ငလုံးဆိုပြီး တရင်းတနှီး ခေါ်ဝေါ်သုံးနှုန်းနေတာ၊ အမှန်ကတော့ သူတို့တတွေဟာ အရွယ်ငယ်သလောက် တာဝန်ကြီးကြီးတွေကို ထမ်းဆောင်နေကြတဲ့ အရိမဒ္ဒနာပူရ တပ်မမှူးကြီးတွေပါလား။

"ငဖီး၊ သမထီးဒေသက မင်းနောက်ဆုံးရခဲ့တဲ့သတင်းတွေကို ဆိုစမ်း"

"သမထီးဒေသမှာ သစ်လုံးတပ် အခိုင်အမာ စွဲနေကြတဲ့ အရည်းရဟန်း

http://www.nyisay.com



တွေဟာ အခုအချိန်မှာ မတာယန ဂိုဏ်းတစ်ခုအဖြစ်သာ မကတော့ဘဲ မြို့ငယ်တစ်မြို့၊ တပ်မကြီး တစ်တပ်အသွင်ကို ဆောင်နေပါပြီ။ တပည့်လက်သား ဂိုဏ်းဝင်တွေဟာလဲ သောင်းနဲ့ချီရှိနေကြပါပြီ။ ဆင်စီး၊ မြင်းစီး၊ အဲမောင်း လှံထိုး၊ စစ်ချီ၊ စစ်တက်၊ သေနင်္ဂပညာတွေကိုလဲ စနစ်တကျသင်ကြားပို့ချ ပေးနေကြပါတယ် ဘုရင်မင်းမြတ်”

အရိမဒ္ဒနပူရရဲ့ အရှေ့တောင်ဘက် အရပ်ဆီက အရည်းရဟန်းတို့ရဲ့ သမထီးဒေသဟာ ဒီအတိုင်းဆိုရင် အရေးမယူ ဂရုမထားဘဲနေလို့ မရတော့ဘူးလို့ တွေးမိတယ်။ ငဖီးက သူ့လျှောက်တင်ချက်ကို ခဏရပ်အနားမှာ စိတ်မြန်ကိုယ်မြန်ရှိလှတဲ့ ငထွေက ဆက်ပြီးလျှောက်တင်လာတယ်။

“ဘုရင်မင်းမြတ်၊ အရည်းရဟန်းတွေဟာ ဆေးဝါးကုသခြင်းအတတ်၊ အင်းအိုင်ခလှဲ့ လက်ဖွဲ့မန္တရားအတတ်မှာလဲ နှံ့စပ်ကျွမ်းကျင်သူတွေ ဖြစ်ကြပါတယ်။ ခိုဝင်လာတဲ့ တပည့်ဂိုဏ်းသားတွေလဲ တစ်နေ့တခြား များပြားလာပါတယ်။ သမထီးဒေသတစ်ဝိုက်က တမ္ဗဒီပသားတွေဟာလဲ သူတို့ကို အရှင်သခင်ကြီးတွေလို အားထားလေးစားနေကြပါတယ်”

ငလုံးက ငထွေကို ငဲ့စောင်းကြည့်တယ်။ ငထွေကလဲ ပြန်ကြည့်တယ်။ ပြီးတော့ နှစ်ဦးသား ငဖီးကို တိုင်ပင်ဟန်နဲ့ လှမ်းကြည့်ပြန်တယ်၊ ငဖီးက ခေါင်းညိတ်ပြတယ်၊ နောက်ထပ်တစ်ခုခုလျှောက်တင်စရာအတွက် သူတို့ချင်း ညှိနှိုင်းနေကြတဲ့သဘောမျိုး၊ ငထွေက လျှောက်တင်စကားကို ဆက်တယ်။

“သို့ပေမယ့် ဘုရင်မင်းမြတ်၊ ပန်းဦးလွှတ်ပူဇော်ပွဲအပါအဝင် အချို့သော မဖွယ်မရာဓလေ့များကြောင့် သူတို့အရည်းရှင်ကြီး ဂိုဏ်းထဲမှာလဲ အုပ်စုအသင်း

http://www.nyisay.com



ကွဲပြားနေကြတယ်လို့ သတင်းရပါတယ်"

တစ်နေ့ထက်တစ်နေ့ ဆိုးရွားလာတဲ့ သမထီးအရည်းရဟန်းတို့ရဲ့ သတင်းကို နားထောင်ရတာဟာ သစ်ငုတ်တိုမီးမြှိုက်ထားတဲ့ မီးခိုးနံ့ရှူရှိုက်ရသလို စူးဝါးခါးသီးလာတယ်။

"သားတော် ထီးလှိုင်ရှင် အခစား ဝင်ရောက်လာပါတယ် ဘုရင်မင်းမြတ်"

တံခါးစောင့် ရဲမက်ရဲ့ အသံနှင့်အတူ၊ ထီးလှိုင်ရှင် ဝင်လာတယ်။ နုနယ် လန်းဆန်းပြီး ဓားအိမ်က ချွတ်လိုက်ခါစ ဓားတစ်စင်းလို အမြဲတက်ကြွဖျက်လတ် နေတဲ့ သားတော်ကျန်စစ်သားဟာ ငဖီးရဲ့ နံဘေးက သူ့အတွက် သတ်မှတ်ထား တဲ့ နေရာမှာဝင်ထိုင်ပြီး လက်အုပ်ချီတယ်။

"သမထီး သတင်းထူးသလားဟေ့၊ သားတော်ထီးလှိုင်ရှင်"

"ထူးပါတယ် ခမည်းတော် မင်းမြတ်၊ နက်ဖြန်မွန်းတည့်မှာ သူတို့ဟာ သူတို့လုပ်နေကျ မဟာယဇ်ပူဇော်ပွဲကို ကျင်းပကြပါလိမ့်မယ်၊ သမထီးခေါင်း ဆောင်ရှင်ကြီး ဟတ္ထိက အရှင့်ကို ဒီယဇ်ပွဲ တက်ရောက်ဖို့လဲ ဖိတ်ကြားလိုက်ပါ တယ်"

"မဟာယဇ်ပွဲ ဟုတ်လား"

"ဟုတ်ပါတယ် ခမည်းတော်မင်းမြတ်၊ သုံးနှစ်တစ်ကြိမ်ကျင်းပတဲ့ ပွဲကြီး ပါ။ ဒီပွဲမှာ သူတို့ဟာ တိရစ္ဆာန်တွေရဲ့ လည်ချောင်းသွေးနဲ့ ယဇ်ပူဇော်ကြမယ်၊ အောင်သေ သောက်စားကြပါ့မယ်။ ပြီးတော့ အရည်းရဟန်းတွေကို ဂိုဏ်းရာထူး အဆင့်ဆင့်တက်ပေးကြပါမယ်။ အမှန်ကတော့ သမထီးရဲ့ အင်အားကို လက် ရုံးဆန့်တန်းပြတဲ့ ဘုန်းတန်ခိုးပြပွဲပါပဲ"

http://www.nyisay.com



ဆူဝေလာတဲ့ စစ်သွေးတွေရဲ့ တဒိတ်ဒိတ်တိုးဆောင့်သံကို ခံစားရင်း အမိန့် ပေးလိုက်တယ်။

"စစ်အင်္ဂါအပြည့်အစုံဆင်ယင်ပြီး သမထီး မဟာယဇ်ပွဲကို သွားကြမယ်။ ဆိုင်ရာ ဆိုင်ရာအားလုံး နိုးကြားနေကြစေ"

အင်း . . . အပြစ်မဲ့ တမ္ဗဒီပသားတွေ သွေးမြေမကျစေဖို့တော့ အစွမ်းကုန်ကြိုးစားရမှာပဲ။

၄

သမထီးဒေသဟာ ဒီလောက်ကြီးကျယ်ခမ်းနားလိမ့်မယ်လို့ မထင်မိခဲ့ဘူး။ အရည်းရဟန်းတို့ရဲ့ စခန်းဟာ အခြေစိုက်စခန်းမြို့တစ်ခုလို ဖြစ်နေတယ်။ ဘာသာအယူဝါဒတစ်ခုကို ထူထောင်ထားတဲ့ ကျောင်းတော်ကြီးနဲ့ မတူဘဲ စစ်အင်္ဂါလေးပါးနဲ့ ဖွဲ့စည်းထားတဲ့ စစ်တလင်းခံတပ်ကြီးနဲ့ တူနေတယ်။

အဝေးဆီမှာ မြင်နေရတဲ့ မုခ်တိုင်ကြီးနှစ်ခုမှာလဲ ဟင်္သာဒါးရောင်းနဲ့ ရဲရဲနီလို့။ ရွှေပိန်းချနေရာတွေမှာလဲ ဝင်းထိန်လို့။

"သတိမြဲမြဲစွဲထားတော်မူပါ ခမည်းတော်မင်းမြတ်။ သမထီးဂိုဏ်းနဲ့ အရိမဒ္ဒနာပူရ ဘုရင်မင်းမြတ်တို့က မကြာခင်ရင်ဆိုင်တွေ့ရတော့မှာ ဖြစ်ပါတယ်"

ဘေးချင်းယှဉ်လျက် အသားကျစီးလာတဲ့ မြင်းပေါ်ကနေပြီး ထီးလိုင်ရှင်က သတိပေးစကားဆိုတယ်။ သူ့အကြည့်တွေကတော့ သမထီးမုခ်ဦးတွေဆီကိုပဲ စူးစူးရဲရဲ။

http://www.nyisay.com



"ငါ့ဘေးမှာ မင်းရယ်၊ ငဖီးတို့တတွေရယ် ပါနေသားပဲ။ သားတော်ထီးလှိုင်ရှင်၊ မင်းတို့နဲ့ အတူတကွ ရှိနေသရွေ့ ဘယ်အန္တရာယ်မျိုးကိုမှ ငါမစိုးရိမ်ပါဘူး"

"သမထီး အရည်း ရဟန်းတွေဟာ စွမ်းရည်ပြည့်ဝသလောက် အင်မတန်လဲ ပရိယာယ်ကြွယ်ဝကြပါတယ်။ ခမည်းတော်မင်းမြတ်။ ပြီးတော့ ဒီဒေသဟာ သူတို့ရဲ့ ပိုင်နက်ထဲမှာ ဖြစ်နေတယ်ဆိုတာကိုလည်း သတိမြဲမြဲစွဲစေချင်ပါတယ်"

သမထီးမုခ်ဦးရှေ့ကို ရောက်ခဲ့ကြပြီး မုခ်ဝမျက်နှာစာရဲ့ တစ်ဘက်တစ်ချက်စီမှာ ကြီးမားတဲ့ ရုပ်တုကြီးနှစ်ခုကို ဘွားခနဲ တွေ့လိုက်ရတယ်။ ရုပ်တုကြီးတွေရဲ့ မျက်နှာကို အစိမ်းရောင်သုတ်ခြယ်ထားတယ်။ မျက်လုံးကြီးတွေက ဟင်္သပဒါးရောင်နဲ့ ရဲရဲနီနေတယ်။ ရုပ်တုကြီးတွေရဲ့ မျက်နှာကို အစိမ်းရောင်သုတ်ခြယ်ထားတယ်။ မျက်လုံးကြီးတွေမှာ လက်ရှစ်ဘက်ရှိတယ်။ လက်တိုင်းမှာ လက်နက်တစ်မျိုးစီ ကိုင်စွဲထားတယ်။ ရုပ်တုကြီးတွေရဲ့ ရှေ့မှောက်က အုတ်ခွက်ကြီးတွေထဲမှာလဲ အငွေ့တလူလူနဲ့ မီးခိုးဖြူတွေ ထောင်းထောင်းထနေတယ်။

မုခ်ဝအနီး တစ်ဘက်တစ်ချက်မှာ အဲမောင်းလှံရှည်ကိုင် အရည်းတွေဟာ လှံသွားတွေကို အထက်မြှောက်ပြီး အော်ဟစ်ကြွေးကြော်နေကြတယ်။

"ငါတို့ရဲ့ သမထီးက ဘုရင်အနိရုဒ္ဓါကို ကြိုဆိုပါတယ်"တဲ့။

"တွေ့လား ခမည်းတော်မင်းမြတ်၊ ဘုရင်တစ်ပါးကို ကြိုဆိုပုံက လှံသွားအပေါ် မြှောက်ပြီး ကြိုဆိုနေကြတယ်"လို့ ထီးလှိုင်ရှင်က လေသံနဲ့လှမ်းပြော

http://www.nyisay.com



တယ်။ အန္တရာယ်ဒေသထဲကို ချင်းနင်းထိုးဝင်သွားနေရတဲ့အတွက် အာရုံတွေဟာ အလိုလို တက်ကြွနိုးကြားနေတယ်။

မုခ်ဝတံတိုင်းရဲ့ အတွင်းဘက်ကို ရောက်သွားတယ်ဆိုရင်ပဲ မြင်ကွင်းဟာ အပြောင်းကြီး ပြောင်းလဲသွားတော့တယ်။ အဆောက်အအုံတွေရဲ့ နံရံတွေကို အနီရောင်ခြယ်ထားတယ်။ အရှယ်အစားအမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုး ရုပ်တုကြီးတွေဟာ အဆောက်အအုံတွေကြားမှာ နေရာအနှံ့ ပြည့်နှက်နေတယ်။ စစ်ရေးလေ့ကျင့်ကွင်းတွေကိုလည်း စနစ်တကျ တည်ဆောက်ထားတယ်။ လေ့ကျင့်ကွင်းတိုင်းမှာ အရည်းရဟန်းဂိုဏ်းသားတွေဟာ အစုလိုက် အစုလိုက် လေ့ကျင့်နေကြတယ်။

မြင်းကို ဇက်ကုန်ဖွင့်ဒုန်းစိုင်းရင်း စက်ကွင်းတိုင်ဆီကို လှံရှည်နဲ့ ပစ်စိုက်နေကြတဲ့သူတွေ၊ ဖျင်ငယ်ပိုင်း ကိုယ်လုံးတီးနဲ့ နပန်းသတ်နေကြသူတွေ၊ ဟိုတစ်ဘက်ဆီက ဆင်အော်သံတွေ . . . ။

"ဘုရင်မင်းမြတ် ရောက်လာမယ့်အချိန်ကိုရွေးပြီး သူတို့အင်အားကို ထုတ်ပြနေကြတာပါ။ တစ်နည်းအားဖြင့်တော့ ဒါဟာ ခြိမ်းခြောက်လိုက်တာပါပဲ"

ငဖီးက တိုးတိုးကပ်ပြောတယ်။

"အင်အားပြ ခြိမ်းခြောက်တယ်ဆိုကတည်းက သမထီးအရည်းဂိုဏ်းဟာ တို့ကို အရေးတယူ သတိထားတယ်လို့ သဘောထားလိုက်ပေါ့ကွယ်"လို့ ငဖီးကို နှစ်သိမ့်လိုက်ရတယ်။ တပ်မမှူးတွေနဲ့ စကားဆက်ပြီး မပြောသာဘူး။ မလှမ်းမကမ်းမှာ အသင့်စောင့်ကြိုနေတဲ့ သမထီးခေါင်းဆောင် ရှင်ကြီးဟတ္ထိကကို

http://www.nyisay.com



တွေ့လိုက်ရတယ်။

နက်ပြာရောင် သင်တိုင်းဝတ်ရုံကြီးထဲကနေ လက်ကိုဖွင့်ထုတ်ပြီး ရှင်ကြီး ဟတ္တိက အသံဝါကြီးနဲ့ လှမ်းအော်တယ်။

"ဘုရင်မင်းမြတ်ကို ကြိုဆိုပါတယ်။ မြင့်မြတ်တဲ့ သမထီးဒေသက သင့်ကို ကြိုဆိုပါတယ်"

လက်နက်မျိုးစုံကို ကိုင်ဆောင်ထားတဲ့ အရည်းဂိုဏ်းဆရာတွေ၊ တပ်သားတွေကြားမှာ ရှင်ကြီးဟတ္တိကရဲ့ ကိုယ်လုံးကြီးဟာ ထိုးထွက် ကဲမိုးနေတယ်။ နေရောင်အောက်မှာ သူ့ရဲ့ နီမြန်းတဲ့ အသားအရေနဲ့ မည်းနက်ထူပျစ်တဲ့ မုတ်ဆိတ်ပါးမြိုင်းမွေးတွေကြောင့် သူဟာ မုန်ဝအနီးက ရုပ်တုကြီးတွေနဲ့ တူနေတယ်။

"ဘုရင်မင်းမြတ်ရဲ့ လက်ရွေးစင် တပ်မမှူးကြီးတွေ အခုလို ရောက်လာတဲ့အတွက် ငါတို့သမထီးက ဂုဏ်ယူပါတယ်။ ဘယ်နှယ့်လဲ ဘုရင်မင်းမြတ်၊ ငါတို့ သမထီးဟာ ပျော်စရာမကောင်းဘူးလား"

ပျော်စရာ မကောင်းဘူးလား၊ သူ့မေးခွန်းကို စိတ်ထဲကလိုက်ပြီး ရေရွတ်မိတယ်။ မဖွယ်ရာတဲ့ အမေးစကားပေပဲ။ လူအပေါင်းတို့ရဲ့ ကိုးကွယ်ဆည်းကပ်ခြင်းကို ခံယူထားတဲ့ သမထီး ပရိဝုဏ်ဟာ စင်စစ်တော့ အေးချမ်းခြင်း၊ နှလုံးမွေ့လျော်စရာဖြစ်ခြင်း၊ တည်ငြိမ်ရှင်းသန့်ခြင်းစတဲ့ စကားလုံး ဝိသေသတွေကိုသာ ဆောင်သင့်တယ်။ 'ပျော်စရာ'ဆိုတဲ့ စကားလုံးဟာ မအပ်စပ်တဲ့ စကား။

"သင်တို့ ရှင်ကြီးတွေနဲ့ သမထီးဂိုဏ်းသားတွေ အဖို့တော့ ပျော်စရာဒေသကြီးတစ်ခု ဖြစ်ပါလိမ့်မယ် ရှင်ကြီးဟတ္တိက"

http://www.nyisay.com



ရှင်ကြီးဟတ္တိကရဲ့ မျက်နှာကြီး မည်းခနဲ ဖြစ်သွားတယ်။ ဒီစကားရဲ့ နောက်ကွယ်မှာ ဘယ်လိုအဓိပ္ပာယ်တွေ ဆောင်နေတယ်ဆိုတာကို သူ ရိပ်စားမိသွားတယ်။ ဒါပေမယ့် ရှင်ကြီးဟတ္တိကဟာ အမူအရာ ပျက်သွားတဲ့ သူ့မျက်နှာကို ချက်ချင်းပဲ ပြင်ပြီး တဟားဟားရယ်တယ်။

"ဟား . . . ဟား ဟား . . . ကျုပ်တို့အတွက်သာမကပါဘူး၊ ဘုရင်မင်းမြတ်လည်း ဒီဒေသရဲ့ ပျော်စရာကောင်းပုံကို မကြာခင် တွေ့ရပါလိမ့်မယ်လေ၊ ကိုင်း . . . ငါတို့ရဲ့ ဧည့်ခံကြိုဆိုမှုကို ခံယူဖို့ မြင်းပေါ်က ဆင်းကြပါဦး"

အားလုံး မြင်းပေါ်က ဆင်းလိုက်ကြတယ်။ အရည်းတစ်ယောက်က မြင်းတွေကိုသိမ်းဖို့ ဇက်ကြိုးတွေဆီ လက်လှမ်းလိုက်တယ်။ ဒါပေမယ့် ငထွေက . . .

"မလုပ်နဲ့ . . . မလုပ်နဲ့ ရှင်ကြီး၊ ကျွန်တော်တို့မြင်းတွေက သခင်ကလွဲပြီး ဘယ်သူ့ကိုမှ ဇက်အကိုင်မခံဘူး။ သူတို့ကို ဇောင်းထဲ ထည့်ထားစရာလဲ မလိုဘူး၊ ဒီအတိုင်းပဲ ဇက်လှန်ထားလို့ရပါတယ်"

အဓိပ္ပာယ်ပါလှတဲ့ ငထွေရဲ့ စကားအဆုံးမှာ မြင်းဇက်ကိုင်မယ်ပြင်တဲ့ အရည်းက ရှင်ကြီးဟတ္တိက မျက်ခုံးထူကြီးနှစ်ဘက်ကို တွန့်ပြီး ခဏလောက်တွေသွားတယ်။ ပြီးမှ . . .

"ဒါဆိုရင်လည်း ဒီအတိုင်းပဲ လှန်ထားလိုက်ပါလေ။ ဟော့ . . . မြင်းတွေကို မသိမ်းနဲ့တော့။ ငါတို့က ငါတို့ရဲ့ တိုက်ဆင်တွေ လေ့ကျင့်ရင်းနဲ့ အော်ကြရင် ဆင်အော်သံတွေကို သင်းတို့မြင်းတွေ လန့်ကုန်ကြမှာစိုးလို့ပါ"

"ကျုပ်တို့မြင်းတွေဟာ ဘာကိုမှ မလန့်တတ်ကြဘူး ရှင်ကြီး"

http://www.nyisay.com



ဓားအိမ်ထဲက ဓားကို ထုတ်လိုက်သလို ရှင်ကြီးဟတ္ထိကရဲ့ အကြည့်က ငထွေဆီကို စူးခနဲ ရောက်သွားတာ တွေ့လိုက်ရတယ်။ ငထွေရဲ့ တန်ပြန်အကြည့်ကလည်း တစ်ဘက်ဓားသွားကို ဓားသွားနှင့်ပင် တုံ့ပြန်ခုခံလိုက်သလိုပဲ။

အခြေအနေဟာ ရုတ်တရက်ကြီး တင်းမာမသွားသင့်သေးဘူးလို့ သဘောရလိုက်တယ်။ ဒါဟာ လုံလောက်တဲ့ ပေါက်ကွဲမှုအတွက် စနက်မဟုတ်သေးဘူး။ မဖြစ်သင့်ဘူး၊ ဒီအခြေအနေကို ဝင်ထိန်းနိုင်မယ့်သူက ငါပဲရှိတယ်။

"ကိုင်း . . . မြင်းတွေအကြောင်း ထားလိုက်ကြပါ။ ရှင်ကြီးဟတ္ထိက . . သင်တို့ရဲ့ မဟာယဇ်ပွဲ အစီအစဉ် မစသေးဘူးလား"

ရှင်ကြီးဟတ္ထိကဟာ ပရိယာယ်ကြွယ်စွာနဲ့ တင်းမာသွားတဲ့ သူ့မျက်နှာထားကို ချက်ချင်းပဲ ပြန့်ကားတဲ့ အပြုံးတစ်ခုနဲ့ ပြောင်းလဲလိုက်တယ်။ ထူထပ်မည်းနက်တဲ့ မုတ်ဆိတ်ဖွားဖွားကို လက်နဲ့သပ်ချတယ်။

"ငါတို့ရဲ့ မဟာယဇ်ပွဲကြီးကို လေးရက်ကျင်းပတယ်။ ဘုရင်မင်းမြတ်၊ ဒီနေ့ဟာ စတုတ္ထနေ့နဲ့ နောက်ဆုံးနေ့ပဲ။ ပြီးခဲ့တဲ့ သုံးရက်လုံးမှာ လိုအပ်တဲ့ မန္တာန်ရွတ်ပွဲတွေ၊ ဆုတောင်းပွဲတွေကို ငါတို့ ရွတ်ဖတ်ပြီးခဲ့ကြပြီ။ ဒီနေ့ဟာတော့ မဟာယဇ်ပွဲရဲ့ နောက်ဆုံးအနေနဲ့ အကြီးကျယ်ဆုံးနေ့လဲ ဖြစ်တယ်။ ဒါကြောင့်လဲ ဘုရင်မင်းမြတ်နဲ့ သူ့ရဲကောင်းတပ်မှူးကြီးတွေကို ငါတို့က အထူးဖိတ်ကြားလိုက်တာပေါ့။ ကဲ . . . အသေးစိတ်တွေကို သွားရင်းလာရင်း ငါ ရှင်းပြမယ်။ ပြီးတော့ လျှို့ဝှက်လေးနက်မှုတွေကိုလည်း သင်တို့ မြင်ကြရမယ်။ အခုတော့ ငါတို့ရဲ့ ဧည့်ဆောင်ခန်းမဆီ လိုက်ခဲ့ကြပါဦး။ အရိမဒ္ဒနာပူရရဲ့ ဘုရင်မင်းမြတ်

http://www.nyisay.com



ကို ငါတို့ အထူးဧည့်ခံပြုစုပါရစေဦး”

ဧည့်ဆောင်ခန်းမဆီသွားရာလမ်းတစ်လျှောက် ဝဲယာတစ်ဘက်တစ်ချက်ဆီကို အမိအရ ကြည့်ရှုလေ့လာခဲ့တယ်။ ရှင်းသန့်ဖြောင့်ဖြူးတဲ့ လူသွားလမ်းတစ်ဝိုက်ကို အကောင်းဆုံး ပြင်ဆင်မွမ်းမံထားတယ်။ ပန်းခြံတွေ၊ ရေကန်တွေ၊ လှေကားထစ်တွေ၊ ပန်းရုံမုခ်ဦးကုန်းတွေ တစ်ခုနဲ့တစ်ခု အကြားမှာ ရုပ်တုတွေကို အနှံ့အပြား ထုလုပ်စိုက်ထူထားကြတယ်။ ပုံသဏ္ဍာန်အရွယ်အစားအမျိုးမျိုးရှိကြတဲ့ ဒီရုပ်တုတွေမှာ တူညီတဲ့ အရာကတော့ အစိမ်းရောင် သုတ်ခြယ်ထားတဲ့ မျက်လုံးနဲ့ လက်နက်တွေကို ကိုင်ဆောင်ထားခြင်းပဲ။

ဒီရုပ်တုတွေဟာ သမထီးဂိုဏ်းက ကိုးကွယ်တဲ့နတ်ဒေဝတာတွေနဲ့ အစောင့်အရှောက်ထားတဲ့ တန်ခိုးရှင်တွေရဲ့ ရုပ်တုတွေဖြစ်ကြောင်း ရှင်ကြီးဟတ္ထိက ရှင်းပြတယ်။ ရုပ်တုကြီးတွေရဲ့ ခြေလက် မျက်နှာ အနေအထားတွေဟာ ခက်ထန်ခြင်း၊ ကြမ်းကြုတ်ခြင်းကို ဆောင်နေကြတယ်။

“ကမ္ဘာလောကကြီးရဲ့ သဘာဝအခြင်းအရာတိုင်းမှာ လျှို့ဝှက်တဲ့ တန်ခိုးအင်အားတွေရှိနေကြတယ် ဘုရင်မင်းမြတ်။ မြေမှုန်ကလေးတစ်မှုန်ကနေ တောင်ကြီးတစ်တောင်အထိ၊ မြက်ပင်ကလေး တစ်ပင်ကနေ သမုဒ္ဒရာကြီးတစ်စင်းအထိ၊ သူ့သဘောနဲ့သူ လျှို့ဝှက်တဲ့တန်ခိုးစွမ်းအားတွေ ကိန်းအောင်းနေကြတယ်။ ဒီလျှို့ဝှက်တန်ခိုးစွမ်းအားတွေကို လူသားတွေဆီ ကူးစက်လာအောင် ငါတို့ သမထီးအရည်းတွေက ဓာတ်သဘောချင်း ဆက်သွယ်ပေးနိုင်တယ်။ ဒီလို ကူးစက်ဆက်သွယ်မှုရအောင် လူသားတွေက ပြင်းထန်တဲ့အကျင့်ကို ကျင့်ရတယ်။ အစွမ်းထက်တဲ့ ဂါထာမန္တရားတွေကို ရွတ်ဖတ်ရတယ်။ ကျင့်ကြံအား

http://www.nyisay.com



ထုတ်မှုနဲ့ ဂါထာမန္တရားတွေ အင်အားကောင်းလာသည်နှင့်အမျှ သဘာဝရဲ့ တန်ခိုးတွေဟာလည်း လူသားရဲ့ ဝိညာဉ်ထဲကို ရောက်ရှိလာတယ်။ နောက်ဆုံးမှာတော့ နတ်ဒေဝတာ၊ တန်ခိုးရှင်တွေနဲ့ တိုက်ရိုက်ဆက်စပ်သွားတဲ့အထိ လူသားဟာ မြင့်မားထူးချွန်သွားတယ်။ လူသားရဲ့ ဝိညာဉ်ဟာ မြင့်မြတ်လာတယ်" ရှင်ကြီးဟတ္ထိကဟာ ရှိရင်းစွဲ သူ့အသံဝါ အသံနက်ကြီးထက်ပိုပြီး ကျယ်လောင်နက်ရှိုင်းအောင် အားထုတ်ပြီး ပြောပြနေတယ်။

"သမထီးဂိုစ်းရဲ့ အဓိက အနှစ်သာရက ဘာလဲ"

တဝေါဝေါ ထိုးဆင်းလာတဲ့ ရေတံခွန်ကြီးတစ်ခု ပြုန်းခနဲ ရပ်တန့်သွားသလိုပဲ။ အားပါးတရ ရှင်းပြနေတဲ့ သူ့စကားအလျဉ်ကို ဒီလို မေးခွန်းတစ်ခုနဲ့ ဖြတ်ဝင်ထိုးဖောက်လိမ့်မယ်လို့ သူ မျှော်လင့်ထားပုံမရဘူး။ ခဏနေမှ သူ ဖြေတယ်။

"ငါတို့ သမထီးဂိုဏ်းရဲ့ အဓိက အနှစ်သာရက ခန္ဓာကိုယ်ကို ပြင်းပြင်းထန်ထန် ညှဉ်းဆဲလေလေ၊ ဝိညာဉ်ဟာ မွန်မြတ်မြင့်မားလေလေပဲ ဘုရင်မင်းမြတ်"

"ဒါဆိုရင် သင်တို့ သမထီးဂိုဏ်းရဲ့ ခေါင်းဆောင် ရှင်ကြီးတွေ၊ ဂိုဏ်းချုပ်တွေ၊ ဂိုဏ်းထောက်တွေဟာ ခန္ဓာကိုယ်ကို အပြင်းထန်ဆုံးညှဉ်းဆဲနှိပ်စက်ထားပြီးသား၊ ဒါကြောင့်လည်း ဝိညာဉ်ဟာလဲ အမြင့်မားဆုံး မွန်မြတ်ပြီးသား၊ ပုဂ္ဂိုလ်တွေဖြစ်တယ်လို့ ယူဆနိုင်သလား ရှင်ကြီး ဟတ္ထိက"

"အား . . . ဘုရင်မင်းမြတ်က အင်မတန် စဉ်းစားဉာဏ်ထက်မြက်ပေတာပဲ။ ငါတို့ သမထီးခေါင်းဆောင်တွေဟာ ခန္ဓာကိုယ်ကို အပြင်းထန်ဆုံး ညှဉ်း

http://www.nyisay.com



ဆဲပြီးသား။ ဝိညာဉ်ကလည်း အမြင့်မားဆုံး မွန်မြတ်ပြီးသားပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်။ ငါတို့အားလုံးဟာ ဗောဓိသတ္တတွေပဲ"

"ဘယ်လို . . . "

"ငါတို့ဟာ တန်ခိုးအကြီးဆုံး နတ်ဘုရားအလောင်းအလျာတွေ ဖြစ်ကြတယ်"

"ဟုတ်လား၊ ဒါဆိုရင် ဗောဓိသတ္တဖြစ်တဲ့ သင်တို့ရှင်ကြီး ခေါင်းဆောင်တွေမှာ မကောင်းမှုဆိုတာ မရှိတော့ဘူးပေါ့"

"မကောင်းမှုတွေကို ငါတို့ ဆေးကြောသုတ်သင်ပြီးသားဖြစ်တယ်"

"လူသာမန်လို ညစ်ညမ်းနိမ့်ကျတဲ့ ခံစားစံစားမှုတွေလဲ မရှိတော့ဘူးပေါ့။ ဟုတ်လား ရှင်ကြီး ဟတ္ထိက"

ညော့်ဆောင်ခန်းမဆီကို ချီးကွေ့ဝင်မယ့် လမ်းခုလတ်ထောင့်မှာ သူ့ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားတယ်။ မျက်ခုံးထူကြီးတွေအောက်က ကြေးနီ ရောင်မျက်လုံးကြီးတွေကလဲ စဉ်းငယ် မှေးကျဉ်းသွားတယ်။

"ညော့်ဆောင်ခန်းမထဲရောက်တော့မှ ဆက်ပြောကြတာပေါ့ ဘုရင်မင်းမြတ်။ ငါတို့ရဲ့ကျင့်စဉ်တွေဟာ တော်ရုံလူနားမလည်နိုင်လောက်အောင် လျှို့ဝှက်နက်နဲတယ်။ အမှန်တော့ တစ်စုံတစ်ယောက်က ရှင်းပြတာထက် ကိုယ်တိုင်ကျင့်ကြံကြည့်မှသာ နားလည်သဘောပေါက်နိုင်တာမျိုး၊ ကိုင်း . . . လာပါ ဘုရင်မင်းမြတ်၊ ညော့်ဆောင်ခန်းမထဲ ဝင်ကြဦးစို့"

ညော့်ဆောင်ခန်းမရဲ့ တံခါးဝအဝင်မှာ နောက်က ကပ်လျက်လိုက်ပါလာတဲ့ ထီးလှိုင်ရှင်က တီးတိုးလေသံနဲ့ ပြောလာတယ်။

http://www.nyisay.com



"တစ်စထက် တစ်စ တင်းမာအောင် ချည်နှောင်နေတဲ့ ခမည်းတော်ရဲ့ စကားလုံးတွေဟာ ပြောင်မြောက်လိုက်ပါဘိတော့တယ်"

၄

အသံဝါကြီးတွေနဲ့ ရွတ်ဖတ်နေကြတဲ့ သူတို့ရဲ့ ဂါထာမန္တာန်တွေကိုလဲ မကြားလိုဘူး။ ရုပ်တုကြီးတွေရှေ့မှောက်က အငွေ့ထောင်းထောင်းထနေတဲ့ ယဇ်ခွက်မီးခိုးလုံးတွေကိုလဲ မမြင်လိုဘူး။ နက်ပြာသင်တိုင်းရှည်ကြီးတွေအောက်က လက်အစုံကို အထက်ဆီ ပင့်မြောက်ဆုတောင်းနေကြတဲ့ အရည်းဂိုဏ်းအုပ်တွေကိုလဲ မတွေ့လိုဘူး။ ရင်ထဲမှာ နာကျင်နေတယ်။ နှလုံးသားတွေ ကျိန်းစပ်နေတယ်။

ယဇ်ပွဲကျင်းပတဲ့ ကွင်းပြင်ရဲ့တစ်ဘက်၊ သစ်လုံးတွေ ကာရံထားတဲ့ ခြံထဲက ယဇ်ကောင်တွေကို မကြည့်ချင်အဆုံး တွေ့ရတယ်။ မကြာခင်မှာ လည်ချောင်းသွေးနဲ့ အပူဇော်ခံရတော့မယ့် ယဇ်ကောင်တွေ။ သိုးနှစ်ရာ၊ ဆိတ်နှစ်ရာ၊ နွားနှစ်ရာ။ အမိပ္ပာယ်မဲ့ သတ်ဖြတ်ခြင်း၊ တိရစ္ဆာန်တွေရဲ့ အသက်ကို အချည်းနှီးသတ်ဖြတ်ခြင်း။

လည်ချောင်းသွေးတွေကို ထည့်ခံမယ့် ကျောက်အင်တုံကြီးဟာ ရုပ်တုကြီးရှေ့မှာ ခံတွင်းကိုဖြဲဟ ကြိုလင့်နေတဲ့ သတ္တဝါကြီးတစ်ကောင်အလား။ သနားစရာ တိရစ္ဆာန်တွေရဲ့ လည်ချောင်းသွေးကို သောက်မယ့် ဓားကောက်ကြီးတွေဟာ အရည်းဂိုဏ်းသားတွေလက်ထဲမှာ တဝင့်ဝင့်။

http://www.nyisay.com



"ငါတို့လိုပဲ ကျင့်ကြံမယ်ဆိုရင် ဘုရင်မင်းမြတ်လဲ ဗောဓိသတ္တဖြစ်ခွင့်ရှိတယ်။ ဘုရင်မင်းမြတ်ဖြစ်နေတဲ့အတွက် ဗောဓိသတ္တဖြစ်ဖို့ ပိုပြီးနီးစပ်တယ်။ ဘာကြောင့်လဲဆိုတော့ သင့်မှာ ယဇ်ပူဇော်ဖို့ တိရစ္ဆာန်တွေလဲ လိုသလောက် ရနိုင်လို့ပဲ"

ရှင်ကြီး ဟတ္ထိကရဲ့ စကားကို မကြားယောင်ပြုလိုက်တယ်။ စက်ဆုပ်ခြင်းက တစ်စထက် တစ်စ အရှိန်မြင့်မားလာနေတယ်။ အနားမှာထိုင်နေတဲ့ လေးလုံးဆီကလဲ ကြိတ်မနိုင်ခဲမရ သက်ပြင်းချသံတွေကို ကြားနေရတယ်။ ယဇ်ကောင်ဖြစ်နေရှာတဲ့ သိုးတွေ၊ ဆိတ်တွေ၊ နွားတွေကိုကြည့်ပြီး သူလဲ အကြီးအကျယ် ထိခိုက်ခံစားနေရမှာပဲ။ သူတာဝန်ယူနေတဲ့ အရှေ့ဘက် သေရောက်တော လယ်ကွင်းတွေကို သူ သတိရနေရှာမယ်။ ရေကောင်းစွာ မရသေးတဲ့ သေဘာက်တောင်ခြေ လွင်ပြင်က ပတ်ကြားအက် လယ်တွေမှာဆိုရင် ဒီသိုးတွေ၊ ဆိတ်တွေ၊ နွားတွေဟာဆိုရင် အကောင်းဆုံး အလုပ်လုပ်နိုင်မယ်။ ယဇ်ခွက်ရှေ့မှောက်ရောက်နေရတဲ့ ဒီတိရစ္ဆာန်တွေကို သူလယ်ယာမြေတွေမှာသာ အသုံးချလိုက်ရရင် . . .။

"ငါတို့ရဲ့ မဟာယဇ်ပွဲမှာ ဒီနေ့ ယဇ်ကောင်နှစ်ရာဆီကို ပူဇော်ကြမယ်လေ။ သိုးနှစ်ရာ၊ ဆိတ်နှစ်ရာ၊ နွားနှစ်ရာ။ ဘာကြောင့်လဲဆိုတော့ ဒီပွဲမှာ ဂိုဏ်းအုပ်နှစ်ရာကို တင်မြှောက်ချီးမြှင့်ပေးမှာမို့ပဲ။ တေရဝီသခင်မရဲ့ ရုပ်တုရှေ့မှာ သူတို့ကို သိဒ္ဓိတင်ပေးတော့မယ့် တိရစ္ဆာန်တွေရဲ့ လည်ချောင်းသွေးနဲ့ ပူဇော်တဲ့ ယဇ်ကို ဘေရဝီအရှင်မဟာ သိပ်သဘောကျနေတယ်။ ရုပ်တုတော်ရဲ့ လက်ခြောက်ဘက်အနက် ဘယ်ဘက်လက်တစ်ဘက်ကို ကြည့်ပါလား။ အဲဒီလက်

http://www.nyisay.com



ထဲမှာ ကိုင်ထားတာ မျိုးစေ့ခွက်ပဲ။ ဒီခွက်ထဲကို ယဇ်ပူဇော်တဲ့ သွေးထည့်ပေးရတယ်။ ပြီးတော့ အဲဒီသွေးနဲ့ မြေပြင်ကို ပက်ဖျန်းပေးလိုက်ရင် ဘေရဝီအရှင်မရဲ့ တန်ခိုးတော်ကြောင်း မိုးလေဝသ ကောင်းလာမယ်၊ ကောက်ပဲသီးနှံတွေ ဖြစ်ထွန်းလာမယ်"

ဘေးနားက လှုပ်လှုပ်ရှားရှားအသံတစ်ခုကို ကြားလိုက်ရလို့ ငဲ့စောင်းကြည့်လိုက်တော့ သားတော် ထီးလှိုင်ရှင်၊ ခုံရှိုးပေါ်မှာ သူ့လက်ရောက်နေတယ်။

ဒါပေမယ့် သူ့ခမည်းတော် ဘုရင်မင်းမြတ်ဆီက ဘာအမိန့်၊ ဘာအချက်ပေးမှုမှမရသေးလို့ အံကိုကြိတ်ပြီး ဓားရိုးကိုသာ တင်းတင်းဆုပ်ထားရရှာ တယ်။

"ယဇ်သွေးနဲ့ ရုပ်တုတော်ရဲ့ ညာလက်တွေကို ပက်ဖျန်းပေးလိုက်ခြင်းအားဖြင့် စစ်အောင်နိုင်မှုနဲ့ ဘုန်းလက်ရုံးကြီးထွားမှုဆိုတဲ့ အကျိုးတွေရလာမယ်။ ဟော . . . အခု ငါတို့ဂိုဏ်းသား အရည်း လက်ထောက်တွေ ရွတ်ဖတ်နေကြတာဟာ ဘေရဝီအရှင်မကို ပူဇော်တဲ့ဂါထာပဲ။ နားထောင်လို့ မကောင်းဘူးလား ဘုရင်မင်းမြတ်"

အရိမဒ္ဒနာပူရရဲ့ အလယ်ပိုင်း ပူပြင်းခြောက်သွေ့တဲ့ တမ္ဗဒီပ ဒေသတွေကိုလဲ မြင်ယောင်နေတယ်။ ရေရှားပါးပြီး မိုးခေါင်တဲ့ အဲဒီဒေသက တိုင်းသားပြည်သူတွေအတွက် ထွက်ယက်စိုက်ပျိုးဖို့၊ မွေးမြူဖောက်ကားဖို့ အလွန်အသုံးဝင်ရမယ့် သိုးတွေ၊ ဆိတ်တွေ၊ နွားတွေဟာ အခုတော့ လက်ခြောက်ဘက်ရှိတဲ့ ရုပ်တုကြီးတစ်ခုရဲ့ရှေ့မှောက်မှာ လည်ကိုစင်းလို့ လည်ချောင်းသွေးအဖောက်ခံဖို့ အခိပ္ပာယ်မဲ့ ရောက်ရှိနေရသတဲ့လား။

http://www.nyisay.com



"မွန်းတည့်ပြီးမကြာခင် အပူဆုံးအချိန်မှာ ဒီလည်ချောင်းသွေး ယဇ်ပူဇော်ပွဲကို စတင်မှာပဲ။ နေအပြင်းဆုံးအချိန်ဆိုတော့ လည်ချောင်းသွေးတွေက လဲ ပိုပြီး လတ်ဆတ်တယ် မဟုတ်လား။ ကဲ . . . ဘုရင်မင်းမြတ်နဲ့ သူ့ရဲကောင်း တပ်မှူးကြီးတွေကို နောက်ထပ် ပြစရာတစ်ခုရှိသေးတယ်။ ငါတို့ ဟိုဘက် အဆောင်တွေဆီ သွားကြရအောင်"

ဧည့်ဆောင်ခန်းမရဲ့ တစ်ဘက်ဆီကို လာခဲ့ကြရပြန်တယ်။ ဒီဘက်နေရာဟာ သစ်ပင်ပန်းမန်တွေ၊ ဥယျာဉ်ခြံတွေနဲ့ ပိုပြီး စိမ်းစိုသာယာနေတယ်။ ရေကန်ငယ်တွေ၊ ရေတံခွန်အသေးစားတွေကိုလဲ ကျောက်တောင်တွေ၊ ကျောက်ဂူတွေနဲ့ ပြုလုပ်ဖန်တီးထားတယ်။ သြော် . . . ဆူးရစ် ချုံနွယ်နဲ့ ထနောင်းပင်တွေ၊ ဆူးခက်တွေ၊ ကန္တာရပင်တွေ၊ ရှားစောင်းပင်တွေကြားထဲ အရိမဒ္ဒနာပူရ တိုင်းသားပြည်သူတွေက ပင်ပန်းကြီးစွာ လုပ်ကိုင်နေထိုင်ကြချိန်မှာ သမထီး ဒေသကတော့ အိပ်မက်ဘုံတစ်ခု ဖြစ်နေတာပါလား။ ယဇ်ပူဇော်မယ့် တိရစ္ဆာန်တွေကို ဒီရှင်ကြီး လူယုတ်မာတွေဟာ တိုင်းသားပြည်သူတွေဆီကနေ အဓမ္မ ခြိမ်းခြောက်ပြီး လုယူသိမ်းဆည်းထားခဲ့ကြတာပါလား။ ရုပ်တုရှေ့က ကျောက်ခွက် ယဇ်ပလ္လင်ထက်မှာ တိရစ္ဆာန်တွေရဲ့ လည်ချောင်းသွေးနဲ့အတူ အရိမဒ္ဒနာပူရ ပြည်သူတွေရဲ့ မျက်ရည်စက်တွေဟာ ဘယ်လောက်များ ပါဝင်နေကြမလဲ။

"သြော် . . . ဟိုက အမိုးပြာပြာနဲ့ အဆောင်လေးတွေကိုတွေ့ကလား ဘုရင်မင်းမြတ်"

ရေကန်ငယ်တွေရဲ့ အလယ်မှာ တံတားခင်းပြီး ဆောက်ထားတဲ့ အဆောင်ငယ်လေးတွေရှိရာကို ရှင်ကြီး ဟတ္ထိက,က ညွှန်ပြတယ်။ လှပတဲ့

http://www.nyisay.com



အဆောင်ငယ်လေးတွေကို မြင်လိုက်ရပေမယ့် ရက်စက်ကြမ်းကြုတ်တဲ့ အချုပ်ထောင် နှောင်အိမ်တွေပဲလို့ စိတ်ထဲက အလိုလို သိလိုက်တယ်။

"သင်ခွင့်ပြုမယ်ဆိုရင် သင်နဲ့ နှစ်ဦးတည်း ပြောလိုပါတယ် ဘုရင်မင်းမြတ်"

"ကျွန်ုပ်နဲ့ ကျွန်ုပ်ရဲ့ သူရဲကောင်းတပ်မှူးတွေအကြားမှာ ဘာတစ်ခုမှ လျှို့ဝှက်ထားစရာ မရှိဘူး ရှင်ကြီး ဟတ္တိက။ သူတို့ရှေ့မှာပဲ သင် ပြောစရာရှိတာ ပြောနိုင်တယ်"

အချိန်ကာလတစ်ခုကို သည်းခံစောင့်ဆိုင်းနေရတဲ့အတွက် ကြွပ်ဆတ်နေတဲ့ စိတ်ဟာ ပေါက်ကွဲလုမတတ် ဖြစ်သွားတယ်၊ ဒါကြောင့် လေသံဟာ တင်းမာသွားတယ်။ ရှင်ကြီး ဟတ္တိကလဲ ဟန်ဆောင်ချိတ်ဆွဲထားတဲ့ အပြုံးတွေ ပြုတ်ကျလုမတတ် ဖြစ်သွားဟန်တူတယ်။ ဒါပေမယ့် သူက . . .

"အေးလေ . . . သင်တို့က သမထီးရဲ့ ညှဲ့သည်တော်တွေဖြစ်နေတယ်။ ညှဲ့သည်တော်တွေရဲ့ အလိုဆန္ဒကို ငါတို့ မဆန့်ကျင်သင့်ပေဘူး။ ဒါပေမယ့် ဘုရင်မင်းမြတ် . . . သင်နဲ့ သင့်တပ်မှူးတွေအကြားမှာ လျှို့ဝှက်ထားစရာ မရှိပေမယ့် အခု ငါပြောဖို့ကိစ္စကတော့ သင်နဲ့ငါ နှစ်ဦးအကြားမှာပဲ ပြောစရာဖြစ်နေတယ်"

"အမိုးပြာပြာနဲ့ ရေကန်အလယ်က အဆောင်ငယ်တွေ အကြောင်းလား"

သင်းမျက်လုံးတွေမှာ ကောက်ကျစ်တဲ့ အရိပ်အငွေ့တွေ ရိပ်ခနဲ သမ်းသွားတယ်။

"သင်နဲ့ငါ နှစ်ကိုယ်ကြားပဲ ပြောမှဖြစ်မှာ ဘုရင်မင်းမြတ်"

http://www.nyisay.com



"ဒါဆိုလဲ မပြောနဲ့တော့။ သူ့ရဲကောင်းတပ်မှူးတွေ မသိစေလိုတဲ့ အကြောင်းကို ကျွန်ုပ်တစ်ဦးတည်းအနေနဲ့ နားမထောင်ချင်ဘူး"

"ဒါဆိုလဲ ပြီးတာပဲလေ"

တစ်စတစ်စ တင်းမာလာပြီဆိုတာကို နှစ်ဘက်စလုံး သိနေကြတယ်။ ဒါပေမယ့် ပေါက်ကွဲဖို့အတွက် စနက် လိုအပ်နေသေးတယ်။ ပြီးတော့ . . .

သမထီးဂိုဏ်းထဲမှာ သားတော် ထီးလှိုင်ရှင် အစီအစဉ်နဲ့ လျှို့ဝှက်ပို့ လွှတ်ထားတဲ့ အရိမဒ္ဒနာပူရ အထောက်တော်တွေဟာလဲ ယဖ်ပွဲကြောင့် အလုပ် များနေကြတယ်။ သူတို့ အသင့်မဖြစ်သေးဘူး။ အားလုံး အဆင်သင့်ရှိချိန်ကို စောင့်ရမယ်။ တိုက်ပွဲကို ဖွင့်လှစ်မယ်။ အရေးကြီးတဲ့ အချိန်ကာလတစ်ခု။

"ရေကန်အလယ်က အမိုးပြာပြာ အဆောင်ငယ်လေးတွေဟာ သင်တို့ ရဲ့ကျင့်စဉ်နဲ့ ပတ်သက်နေသလား"

ရှင်ကြီး ဟတ္ထိကရဲ့ အမျက်ဒေါသကို နှိုးဆွပေးတဲ့အနေနဲ့ ဒီစကားကို ပြန်ကောက်လိုက်တယ်။ နေရောင်မှာ ထောင်လိုက်တဲ့ ဓားသွားတစ်ခုလို သင်း မျက်လုံးတွေ ဝင်းခနဲ ဖြစ်သွားတယ်။ သင်းက လည်ချောင်းသံကြီးနဲ့ ဖြေတယ်။

"နှစ်ကိုယ်ကြား၊ နှစ်နားမဟုတ်ဘဲနဲ့ ငါ ပြန်မဖြေနိုင်ဘူး"

"ကောင်းပြီလေ၊ ဒီအကြောင်းကို မေ့ထားလိုက်ကြတာပေါ့ ရှင်ကြီး ဟတ္ထိက"

စကား ပြန်မလာဘူး။ "ဒီအကြောင်းကို မေ့ထားလိုက်ကြတာပေါ့လို့" တမင် ပြောလိုက်ပေမယ့် "ဒီအကြောင်းဟာ" ဘယ်တော့မှ၊ ဘယ်လိုမှ၊ ဘယ် သောအခါမှ မေ့လို့မရနိုင်တဲ့ အကြောင်းဆိုတာ သင်ရော၊ ကျွန်ုပ်တို့အားလုံး

http://www.nyisay.com



ရော၊ ပြီးတော့ ဟောဒီ အရိမဒ္ဒနာပူရ တစ်ဝန်းလုံးရော သိနေကြပါတယ် ရှင်ကြီး ဟတ္ထိကရယ်။

ဒီ အမိုးပြာပြာ အဆောင်ငယ်လေးတွေရှိရာ ရေကန်တွေထဲက ရေတွေဟာ တကယ်တော့ မျက်ရည်တွေပါ။ မျက်ရည်တွေပါ။ အရိမဒ္ဒနာပူရတစ်ဝန်းမှာရှိတဲ့ လှပနုနယ်တဲ့ 'ကညာ'လေးတွေရဲ့ မျက်ရည်ပါ။ ဒီအဆောင်ငယ်လေးတွေမှာ သင်းတို့ ဝါးမျိုသောက်သုံးမယ့် ပန်းပွင့်ကလေးတွေ ရှိနေတယ်ဆိုတာ ကျွန်ုပ် သိတယ် ရှင်ကြီး ဟတ္ထိက။ နိမ့်ကျတဲ့ ကိုယ်ကာယအမှုကို ဦးစွာဆောကြောပေးမယ်ဆိုတဲ့ အယူဝါဒနဲ့ 'ပန်းဦးလွှတ်ပူဇော်ပွဲ'ဆိုတာတွေ ကျင်းပရာနေရာတွေပါ။

မွန်းတိမ်းစအချိန်၊ ဟိုးဘက်ကွင်းပြင်ထဲက ယဇ်အပူဇော်ခံ သိုးတွေ၊ ဆိတ်တွေ၊ နွားတွေကို သူတို့ လည်ချောင်းသွေး ဖောက်ကြတော့မယ်။ ဒီအချိန်မှာပဲ သမထီးဂိုဏ်းထဲကို လျှို့ဝှက်စေလွှတ်ထားတဲ့ အရိမဒ္ဒနာပူရ အထောက်တော်တွေကလဲ . . . ။

ပေါက်ကွဲမှုအတွက် စနက်တံကို မီးရှို့ရတော့မယ့် အချိန်ဟာ တဖြည်းဖြည်း နီးကပ်လာပြီ။

သခွတ်ပင်ကြီးကို ဝိုင်းရံအော်ဟစ်နေသူတွေ၊ အကိုင်းအခက် တဖြောင်းဖြောင်း ကျိုးသံတွေ၊ ပင်စည်ပေါ်တက်ပြီး တုန်တုန်ယင်ယင်နဲ့ အော်နေတဲ့ ရှင်ကြီး တိက္ခ၊ အားလုံး ရှုပ်ထွေးနေတဲ့ကြားထဲမှာ ဘေးနားက တစ်စုံတစ်ယောက်က မြားတစ်စင်းရဲ့ လျှင်မြန်မှုမျိုးနဲ့ ရှင်ကြီးတိက္ခရှိရာ ပင်စည်ပေါ်ကို ခုန်ဝင်သွားတယ်။

http://www.nyisay.com



လုံး . . . ။

အားလုံး အံ့အားသင့်နေကြချိန်မှာ လေးလုံးဟာ ရှင်ကြီးတိက္ခလက်ထဲက နွံ့ချပ်ကြီးကို လုယူလိုက်တယ်။ ပြီးတော့ သူ့အသံဟာ အားလုံးကို ဖောက်ထွင်း လွှမ်းမိုးသွားတယ်။

"ကျုပ်ဟာ အနိရုဒ္ဓါ ဘုရင်မင်းမြတ်ရဲ့ တပ်မှူးတစ်ဦးပဲ။ ဟောဒီ အရိမဒ္ဒနာပူရ တစ်ဝန်းလုံးမှာရှိနေတဲ့ လယ်ယာတွေကို တာဝန်ယူစိုက်ပျိုးဖို့ ဘုရင်မင်းမြတ်က ကျုပ်ကို အမိန့်တော်ချထားတယ်။ ကျုပ်ဟာ အရိမဒ္ဒနာပူရ ရဲ့ မြေကြီးကိုဖက်ပြီး မွေးဖွားကြီးပြင်းလာတဲ့သူ။ ဘယ်ဒေသမှာ ဘယ်လိုမြေကြီး အမျိုးအစားရှိတယ်ဆိုတာ ကျုပ် သိတယ်"

သတ်မှတ်ထားတဲ့အချိန် ကျရောက်လာပြီ။ အပြင်းအထန်ဆုံး ပေါက်ကွဲမှုဆီကို တဒင်္ဂတိုင်းတာ ရွေ့လျားနေပြီ။

ပင်စည်ကို ဝိုင်းရံနေကြတဲ့ ရှင်ကြီးတွေဆီက အသံတွေ အုတ်အုတ် ကျက်ကျက် ထွက်လာတယ်။ အရာအားလုံးဟာ ချက်ချင်း ရှုပ်ထွေးသွားတယ်။ ရှင်ကြီးတိက္ခက လေးလုံးအပေါ် ခုန်အုပ်လိုက်တယ်။ အနားမှာရှိတဲ့ ရှင်ကြီးတွေ က လေးလုံးကို တိုက်ခိုက်ဖို့ တစ်ဟုန်ထိုး တက်သွားကြတယ်။ ဒါပေမယ့် လေးလုံးက မူလနေရာမှာ မရှိတော့ဘူး။

"သမထီးကို စော်ကားတဲ့ အရိုင်းအစိုင်းတွေ"

"ဘုရင်နဲ့ သူ့လူတွေကို သတ်ကြဟေ့"ဆိုတဲ့ အသံတွေ။

ဝတ်ရုံအောက် ခါးကြားထဲက တံပိုးကို ထုတ်လိုက်တယ်။ လျှို့ဝှက် အထောက်တော်တွေကလည်း သမထီးဂိုဏ်း တပ်ဝင်းကြီးအတွင်းရဲ့ နေရာတိုင်း

http://www.nyisay.com



ကနေပြီး ငါ့တံပိုးသံကို နားစွင့်နေကြပြီ။ တံပိုးသံ၊ တိုက်ပွဲ အချက်ပေးသံ။

တံပိုးသံဟာ သမထီး ပရိဝုဏ်တစ်လျှောက် လွင့်ပျံသွားတယ်။

ထောင်သောင်းချီရှိတဲ့ သူတို့ရဲ့ သမထီး တပ်ကြီးထဲမှာ အနီရုဒ္ဓါနဲ့ သူ့တပ်မှူးလေးဦးတို့ဟာ မိုက်မဲစွာနဲ့ တိုက်ပွဲကို ဖွင့်လှစ်လိမ့်မယ်လို့ မျှော်လင့်မထားကြတဲ့ ရှင်ကြီးတွေဟာ တံပိုးသံကြောင့် အံ့အားသင့် ကြက်သေ သေသွားကြတယ်။ ဒါပေမယ့် တပ်ဝင်းနေရာအသီးသီးက တစ်ခဲနက် ပေါ်လာတဲ့ ကြွေသံတွေကို ကြားလိုက်တဲ့အခါမှာ သူတို့ ချက်ချင်းပဲ အဖြစ်မှန်ကို နားလည်သွားကြတယ်။

၄

ကောင်းစွာ လေ့ကျင့်သင်ကြားပေးထားတဲ့ မြင်းတွေဟာ တံပိုးသံအဆုံးမှာပဲ သခွတ်ပင်ရှိရာကို ဒုန်းစိုင်းပြေးဝင်လာကြတယ်။ သမထီးတပ်ဝင်းထဲ ဝင်ခဲ့စဉ်က ဒီအတိုင်း ကြိုးဖြေပြီး လှန်ထားတဲ့ စစ်မြင်းကြီးတွေပြာ ရောက်ရာအရပ်ကနေပြီး သခင်တွေရှိရာကို ရောက်လာကြတယ်။

မြင်းပေါ်ကို ခုန်တက်လိုက်ချိန်မှာ သားတော် ထီးလှိုင်ရှင်၊ ငဖီး၊ ငထွေနဲ့ ငလုံးတို့လဲ အသီးသီး အသက မြင်းပေါ်ရောက်နေကြပြီ။ အလုံးအရင်းနဲ့ဝိုင်းအုံတိုက်ခိုက်လာကြတဲ့ အရည်းရှင်ကြီးတွေကို မြင်းရော၊ လူပါ တိုက်ခိုက်ကြရတယ်။ ရန်သူကို ဖောက်ထွက်နိုင်ဖို့အတွက် မြင်းဇက်ကိုလဲ မနားတမ်းလှည့်ဆွဲနေရတယ်။

http://www.nyisay.com



ဝိညာဉ်လောကနဲ့ ဆက်သွယ်ရာလို့ခေါ်တဲ့ သခွတ်ပင်ဝိုင်း မြေတလင်း ကွက်လပ်ဟာ ချက်ချင်းပဲ စစ်မြေပြင် ဖြစ်သွားတယ်။ အဲမောင်းလှံတွေဟာ အရှိန်ပြင်းစွာနဲ့ မျက်နှာနား၊ လည်ပင်းနားကနေ ပျံသန်းသွားကြတယ်။ ရှင်ကြီး တွေရဲ့ တိုက်ခိုက်မှုဟာ ဒေါသနဲ့ယှဉ်တဲ့အတွက် ပိုပြီး ပြင်းထန်နေတယ်။ သင်း တို့ဟာ တိုက်ခိုက်မှုအရာမှာ ကျွမ်းကျင်ထက်မြက်ကြသူတွေဖြစ်ကြောင်း တွေ့ ရတယ်။ စောစောက အသံနက်၊ အသံဝါကြီးတွေနဲ့ ဂါထာမန္တာန် ရွတ်ဖတ်နေ ခဲ့ကြသူတွေဟာ ချက်ချင်းပဲ စစ်ပွဲဝင် နတ်ဘီလူးတွေလို သဲကြီးမဲကြီး တိုက်ခိုက် ကြတယ်။

မြင်းဇက်ကို ဝဲယာ၊ ရှေ့နောက် ဆွဲလှည့်ရင်း၊ ဓားကိုလဲ အဆက်မပြတ် ဝှေ့ယမ်းထိုးခုတ်နေရတယ်။ အချို့ ရှင်ကြီးတွေဟာ မြင်းကို ဦးတည်တိုက်ခိုက် ကြပေမယ့် ရှေ့ခြေအစုံနဲ့ ပြင်းပြင်းထန်ထန် ခွာစုံမြှောက် ပေါက်ချနေတဲ့ မြင်းကြီးနဲ့ ကျွမ်းကျင်မှုအောက်မှာ သူတို့ ကစဉ့်ကလျား ဖြစ်ကုန်ကြတယ်။

တိုက်ပွဲဟာ သမထီးတပ်ဝင်းကြီးတစ်ခုလုံးဆီကို ချက်ချင်း ကူးစက်သွား တယ်။ နေရာများစွာမှာ ဟစ်အော်ကြုံးဝါးသံတွေ၊ လက်နက်ချင်း ထိခတ်သံ တွေ ပေါ်ထွက်နေတယ်။ ကြိုတင်ပို့လွှတ်ထားတဲ့ လျှို့ဝှက်ရဲမက်တွေကတော့ ဆင်ကျုံးကို စီးနင်းတိုက်ခိုက်နေကြပြီ၊ စစ်အနံ့ကို ရတဲ့ သမထီး တိုက်ဆင်တွေ မြှုးအော်သံဟာ မြေပြင် သိမ့်သိမ့်တုန်မတတ်ပဲ။

သားတော် ထီးလှိုင်ရှင်နဲ့ သူ့မြင်းအနီးမှာ ရန်သူ ရှင်ကြီးတွေဟာ အများ ဆုံး ဝိုင်းအုံစုပြုံ တိုက်ခိုက်နေကြတယ်။ ထီးလှိုင်ရှင်မှာ သိပ် အန္တရာယ်ကြီးနေ ပြီ။ သူ့မြင်းဟာ လေးဘက်လေးတန်က ရန်သူတွေကို ရင်ဆိုင်နေရတဲ့အတွက်

http://www.nyisay.com



အရပ်အနားမရှိ ဝဲယာရှေ့နောက် လှည့်ပတ်နေရပြီ။

သားတော် ထီးလှိုင်ရှင်ရဲ့ အန္တရာယ်၊ နိုးကြားနေတဲ့ စစ်ပွဲအသိရဲ့ လှုံ့ဆော်ချက်က နောက်ထပ် အန္တရာယ်တစ်ခုရဲ့ အနံ့အသက်ကို ရလိုက်တယ်။

လေးဘက်လေးတန်က ရန်သူတွေထက် ပိုပြီး ကြောက်စရာကောင်းတဲ့ အန္တရာယ်။

အမြင့်ဆုံး သခွတ်ပင်ပေါ်ကို လှမ်းကြည့်လိုက်တယ်။ သစ်ကိုင်းခွဆုံထက်မှာ အကျအန နေရာယူပြီး သားတော်ထီးလှိုင်ရှင်ဆီကို ပစ်လွှတ်ဖို့ ချိန်ရွယ်နေတဲ့ အဲမောင်းလှံကြီးတစ်ခု။ အဲမောင်းလှံကြီးကို ကိုင်ပြီး ချိန်ဆနေသူက ရှင်ကြီးဟတ္ထိက။

ဝိုင်းအုံနေတဲ့ ရန်သူတွေကို အတင်းဖောက်ထွက်ပြီး သခွတ်ပင်ကြီးရှိရာကို ဒုန်းစိုင်းနှင်ခဲ့တယ်။ သခွတ်ပင်ကြီးဆီရောက်ဖို့ မလှမ်းမကမ်းအလိုမှာပဲ လက်ထဲက 'အရိန္ဒမာ'ကို ပစ်လွှတ်လိုက်တယ်။ သခွတ်ပင်ပေါ်က အသံနက်ကြီးတစ်ခု ပေါ်လာတယ်။ ရှင်ကြီးဟတ္ထိကဟာ ကစဉ့်ကလျား လွင့်ကျလာတယ်။ သင်း မြေပေါ်အရောက်မှာပဲ သင်းလဲကျနေရာအနီးထိ မြင်းကိုနှင်၊ မြင်းပေါ်က ခုန်ဆင်း၊ ပြီးတော့ သင်းရဲ့ လည်မျိုကို ဓားမြောင်နဲ့ ထောက်ထားလိုက်ပြီး . . .

"သင့်လူတွေကို အညံ့ခံဖို့ အခုချက်ချင်း အမိန့်ပေးလိုက်စမ်း၊ အနိရုဒ္ဓါရှေ့မှာ ဒူးထောက်လိုက်ကြဖို့ အခုပြောလိုက်စမ်း . . . ၊ ဒီလိုမှမဟုတ်ရင် သင်တို့ရဲ့ မဟာယဇ်ပွဲမှာ သင်တို့ လည်ချောင်းသွေးနဲ့ ဆေးပြီးသားဖြစ်သွားမယ်"

ဓားဦးချွန်ကို စပါးလုံးတစ်ထောက်စာလောက် ဖိပေးလိုက်တယ်ဆိုရင်ပဲ

http://www.nyisay.com



ရှင်ကြီးဟတ္ထိကဆီက အသံ ထွက်ကျလာတယ်။

"ရပ် . . . . ရပ်ကြ၊ တိုက်ပွဲရပ်ကြတော့။ ငါတို့ ရှုံးပြီ . . . "

၄

သမထီးတိုက်ပွဲအကြောင်း စားမြုံ့ပြန်မိကြတိုင်း သားတော်ထီးလှိုင်ရှင်ဟာ လှိုက်လှဲတဲ့အသွင်နဲ့ တဖွဖွ တသသ ပြောလေတယ်။

"ရှုပ်ထွေးနေတဲ့ တိုက်ပွဲအလယ်ကနေ ရအောင်ဖောက်ထွက်နိုင်တာကို ထားပါတော့ ခမည်းတော်။ ဒုန်းစိုင်းနေတဲ့ မြင်းပေါ်ကနေပြီး မြင့်မားတဲ့ သခွတ်ပင်ပေါ် တစ်နေရာက လှုပ်ရှားနေတဲ့ ပစ်ကွင်းကိုမှ ခမည်းတော် အမိအရ စွဲဝင်အောင် ပစ်လွှတ်နိုင်တာကတော့ . . . "

"မင်းကို ကယ်ချင်တဲ့စိတ်က ဦးဆောင်နေလို့ ဖြစ်မှာပါ ထီးလှိုင်ရှင်"

"အံ့ဩလောက်တဲ့ လှံချက်ပါပဲ ခမည်းတော် ဘုရင်မင်းမြတ်ရယ်"

ငဖီးက တွေးတွေးဆဆ ဆိုတယ်။

"ရှင်ကြီးဟတ္ထိကကို အစတုံး မစီရင်ဘဲ ပြင်းပြင်းထန်ထန် ဒဏ်ရာရရုံလောက်သာ ပစ်စိုက်ခဲ့တာကိုလဲ ကျွန်တော်မျိုး သဘောကျနေတယ်"

"သင်းတို့ကို အစတုံးစီရင်လိုက်လို့ မဖြစ်သေးဘူးလေ။ တိုက်ပွဲကို ရပ်ခိုင်းဖို့၊ အညံ့ခံဖို့အတွက် သင်းကို အမိန့်ပေးခိုင်းရဦးမယ် မဟုတ်လား"

"ဘုရင်မင်းမြတ်မှာ ဒါ့ထက် လေးနက်တဲ့ ရည်ရွယ်ချက်လဲ ရှိပါတယ်၊ ဒါကြောင့် ရှင်ကြီးဟတ္ထိကကို အဆုံးမစီရင်ခဲ့တာပါ။ ဒါကို ကျွန်တော်မျိုး သိပါ

http://www.nyisay.com



တယ်”

ငထွေက မျက်နှာထား ခပ်တည်တည်နဲ့ ဝင်ပြောတယ်။

“မင်းက ဘာကိုသိတာလဲ။ စကားအကောင်းကို ဆိုပါ ငထွေရယ်”

ငလုံးက သတိပေးတယ်။ ငထွေ နောက်ပြောင်ကျီစယ်တတ်တာကို သိနေကြတယ်။

“စကားအကောင်း ဆိုမလို့ပါကွာ။ ရှင်ကြီးဟတ္ထိကကို ဘုရင်မင်းမြတ်ဘာကြောင့် အဆုံးမစီရင်ခဲ့သလဲ ဆိုတော့ . . . ”

ဆင်ကျုံးဘက်ဆီက ဆင်အော်သံတွေ လွင့်လာတယ်။

“ဟော . . . ကြားလား၊ ငါတောင် ပြောစရာမလိုတော့ဘူး။ အဲဒါသာဓကပဲ။ ရှင်ကြီးတွေက ဆင်တင်းကုပ်။ ဆင်ကျုံးတွေထဲမှာ ဆင်အမှုထမ်းအဖြစ် ဆက်ပြီး အသုံးချနေရတယ်လေ”

ငထွေရဲ့စကားအဆုံးမှာ အားလုံး လွတ်လပ်စွာ ရယ်မောလိုက်ကြတယ်။ သားတော် ထီးလှိုင်ရှင်ကတော့ တဖွဖွ ရေရွတ်နေဆဲ။

“အရိမဒ္ဒနာပူရကို ခမည်းတော်ဘုရင်မင်းမြတ် ပြုစုပျိုးထောင်ရာမှာ သမထီးတိုက်ပွဲဟာလဲ အလွန်အရေးပါတဲ့ အရေးတော်တစ်ခုအဖြစ် ပါဝင်နေတယ်။ သမထီးတိုက်ပွဲအကြောင်းပြောရင် ခမည်းတော်ရဲ့ လှံချက်ဟာလဲ အဓိကအကျဆုံးနေရာက ပါဝင်နေတယ်”

အင်း . . . သမထီးတိုက်ပွဲကို အကြောင်းပြုပြီး ပြောစမှတ်ဖြစ်ခဲ့ပြန်တဲ့ ငါ့ရဲ့ ဒုတိယမြောက် အရိန္ဒမာလှံချက်။

၄

http://www.nyisay.com



## (၇) တတိထ အရိန္ဓာ

မဝေးကွာလှသေးတဲ့ အတိတ်ဖြစ်ရပ်တွေဟာ လတ်ဆတ်ပူနွေးစွာ ထိကပ်နေဆဲဖြစ်တယ်။ ကာလအပိုင်းအခြားအားဖြင့် မကွာလှမ်းလှသေးပေမယ့် ဖြစ်ရပ်တွေကတော့ အတိတ်နဲ့ပစ္စုပ္ပန် ကွာခြားလွန်းလှချည်လား။

သားတော်စောလူးမင်းသားရဲ့ လျှောက်တင်စကားတွေဟာ ပိုပြီး ပြင်းထန်ဝေဆာလာတယ်။

"ရာဇဓမ္မ၊ တူသမ္မနှင့်၊ လူများဦးကိုင်၊ ထွတ်ဖူးတိုင်သည့်၊ စိုးပိုင်ဘဝ၊ မင်းထိုမျှတို့၊ နှိမ့်ချထိုက်စွာ၊ သူယုတ်မာကို အာဏာနှိပ်ပြီး၊ ချီးမြှောက်ထိုက်ငြား၊ သူကောင်းများအား၊ မြှောက်စားကြည်ဖြူ၊ ချီးမြှောက်မှုဖြင့်၊ မကောင်းသူပယ်၊ ကောင်းသူကယ်သည့်၊ ဘုန်းကြွယ်သက္ကာ၊ ဒေဝိန္ဒ . . . ဆိုတဲ့ စကားရပ်အတိုင်း ခမည်းတော်ဟာ ချီးမြှောက်ထိုက်သူ၊ ဖိနှိပ်ထိုက်သူများကို တိကျစွာ ခွဲခြား အရေးယူ အုပ်စိုးခဲ့တာ အရိမဒ္ဒနာပူရတစ်ပြည်လုံးရှိ တိုင်းသားပြည်သူတို့ သိနားလည်ကြပြီးဖြစ်ပါတယ် ခင်မည်းတော် ဘုရင်မင်းမြတ်"

"စောလူးမင်းသား၊ မင်း ဒီလောက် စကားပရိယာယ် ကြွယ်ဝပြီး၊ ဒီလောက် ခမ်းနားစွာ လျှောက်ထားစွဲဆိုတတ်မယ်လို့ ငါ မထင်ခဲ့ဘူး"

"ထီးနန်းသခင် ပြည်ကြီးရှင်တို့ ဆင်မြန်းအပ်ရာသော နဝရတ် ကိုးသွယ် အကြောင်းကိုလဲ ခမည်းတော်ကိုယ်တော်တိုင်နဲ့တကွ ဟောဒီနန်းဦးဆောင်မှာ ရှိနေကြတဲ့ သင်ဖမ တရားအဖွဲ့၊ သူရဲကောင်းအဖွဲ့နဲ့ မှူးမတ်ပညာရှိတွေအားလုံး သိကြပြီးသားဖြစ်ပါတယ် ခမည်းတော်။ အမှူးအမတ်သည် ပြည်၏ ဦးကင်း၊

http://www.nyisay.com



မဟာထေရ်သည် ပြည်၏တံခွန်၊ ပုရောဟိတ်သည် ပြည်၏မျက်စိ၊ သံတမန် အထောက်တော်သည် ပြည်၏နား၊ မင်းညီမင်းသား ဆွေတော်များသည် ပြည်၏ အစွယ်အသွား၊ သားသမီးရတနာသည် ပြည်၏မျက်နှာ၊ သူဌေးသူကြွယ်သည် ပြည်၏ ဝမ်း၊ သူရဲကောင်းတို့သည် ပြည်၏လက်၊ ဆင်မြင်းရထားတို့သည် ပြည်၏ခြေ ဆိုပြီး မင်းတို့ ဝတ်ဆင်အပ်သော နဝတ် ကိုးပါး ရှိပါတယ်"

တတ်ကျွမ်းစေ့စပ်လှချည်လား သားတော် စောလူးရယ်။ တင်းတင်း ချည်နှောင်ပြီးသား ရာဇဝတ်ကြိုးကိုမှ မင်း အထပ်ထပ် ရစ်ပတ်နေလေရော့ သလား။

အခုအရေးမှာတော့ အရိမဒ္ဒနာပူရရဲ့ မင်းညီမင်းသားတစ်ပါးအနေနဲ့၊ သူရဲကောင်းတစ်ဦးအနေနဲ့၊ သံတမန် အထောက်တော်တစ်ဦးအနေနဲ့ သုံးဌာန သုံးဘဝကို ကိုယ်စားပြုသူကိုယ်တိုင်က မဖွယ်မရာဖောက်ဖျက်ခဲ့ပြီမို့ ပြည်ရဲ့ အစွယ်အသွား၊ ပြည်ရဲ့ လက်၊ ပြည်ရဲ့ နားတွေသာ ဂုဏ်သတင်း ညှိုးငယ် မှေးမှိန်စရာ ဖြစ်လာပါပြီ ခမည်းတော်မင်းမြတ်"

အားလုံး မရှုန်းသာ မလှုပ်သာတဲ့အဖြစ်ကို သက်ဆင်းကြရပြီ။ ဒီကံကြမ္မာရဲ့ လှည့်စားမှုကြီးကို မဟာအနိရုဒ္ဓါဒေဝတွဲ့ခံတဲ့ ငါ ဘာမှ မတတ်နိုင်ပါလား။

"လောကအရေး၊ ဓမ္မအရေး၊ ရာဇအရေး အရေးသုံးပါးစုံလင်စွာနဲ့ ခပ်သိမ်းသော အရိမဒ္ဒနာပူရသားတို့ကိုယ်စား သားတော် အစုံအစေ့ လျှောက်ထားစွဲဆိုပြီးပါပြီ။ ဒါကြောင့် . . . "

စောလူးမင်းသားရဲ့ အသံဟာ တိတ်ဆိတ်မှုထဲမှာ ပိုပြီး ကျယ်လောင်လာတယ်။

http://www.nyisay.com



"အရိမဒ္ဒနာပူရ တပ်မမှူး သူရဲကောင်း ထီးလှိုင်ရှင်အား ကြီးလေးသော ရာဇဒဏ် ချမှတ်စီရင်ပေးတော်မူဖို့ တရားမျှတမှု အားလုံး ကိုယ်စား သားတော် စောလူးမင်းသား လျှောက်ထားစွဲဆိုလိုက်ပါတယ် ခမည်းတော် ဘုရင်မင်းမြတ်"

တိုးညင်းလွန်းတဲ့ ရှိုက်သံတစ်ချက်ကို ငါ ကြားလိုက်မိသလား။ သြော် . . . ခင်ဦး မဏိစန္ဒာ၊ မင့် ရှိုက်သံကို ငါ ကြားလိုက်ရပါတယ်ကွယ်။

ရှေ့တူရူ ကလန်သံပျင် အမှုးအမတ်များရဲ့ နောက်မှာ ထီးတည်း တည်ရှိနေတဲ့ သားတော်ထီးလှိုင်ရှင်ဆီကို လှမ်းကြည့်လိုက်တယ်။ ထီးလှိုင်ရှင်ကတော့ မျက်နှာမဖော်စတမ်း ခေါင်းငုံ့နေလေတယ်။ ထီးလှိုင်ရှင်ရယ် . . . မင်းချစ်တဲ့ အရိမဒ္ဒနာပူရကိုတောင် မင်း မကြည့်ချင်တော့ဘူးလား။ အရိမဒ္ဒနာပူရက မင်းကို မမုန်းတီးပါဘူး။ အနိရုဒ္ဓါဘုရင်မင်းမြတ်နဲ့အတူ အစအဆုံး လက်တွဲပြီး ဒီရွှေပြည်ကြီးအတွက် မင်း ရွပ်ရွပ်ချွံချွံ ပွဲဝင်ခဲ့တာတွေကို တိုင်းသားပြည်သူအားလုံး သိကြပြီးသားပါ ထီးလှိုင်ရှင်။ မင်းအပေါ်ကို ဘယ်သူမှ နာကြည်းမှုမရှိကြပါဘူး။ မင်းဟာ တိုင်းသားပြည်သူက ချစ်ခင်တဲ့ သူရဲကောင်းအမတ်စစ်သည်တစ်ယောက်ပါ ထီးလှိုင်ရှင် . . ။

မင်း အခုပြုလိုက်မိတဲ့ အပြစ် . . . အို . . . အပြစ်တဲ့လား။ နှလုံးသည်းပွတ်ရဲ့အရေးကိစ္စဟာ အပြစ်ဆိုတဲ့ အမည်နာမနဲ့ ထိုက်တန်သတဲ့လား။ မင်းမှာ အပြစ်မရှိဘူး၊ အပြစ်မရှိဘူး ထီးလှိုင်ရှင်။ မင်းမှာ ဘာအပြစ်မှ မရှိဘူး။ မင်းဟာ ငယ်ရွယ်နုပျိုပြီး ရဲစွမ်းသတ္တိရှိတဲ့ သူရဲကောင်းလုလင်တစ်ယောက် ဖြစ်တယ်။ မင့်ရင်ထဲမှာ ချစ်ခြင်းမေတ္တာဆိုတာ ရှိနေတယ်။ နေအရုဏ်နဲ့ ထိတွေ့တော့မှ နိုးထလာတဲ့ ပန်းပွင့်တစ်ပွင့်လို မင့်ရင်ထဲက မေတ္တာတရားဟာလဲ ကြာ

http://www.nyisay.com



မြင့်စွာ အိပ်မောကျနေရာကနေပြီး နိုးကြားလာခဲ့ပေတာပဲ။ ဒါကို ငါက အပြစ်လို့ မမြင်ပါဘူး ထီးလှိုင်ရှင် . . .။

"မှားတယ် . . . ထီးလှိုင်ရှင်မှာ အပြစ်ရှိတယ်"

အို . . . စွပ်စွဲသံ တစ်သံက ချက်ချင်း ပေါ်လာပါလား။ ဒီအသံဟာ ဝေးစွာသော အရပ်ဆီကနေ လွင့်ပျံလာတာလား။ နီးကပ်လွန်းသော နေရာကနေ ထွက်ပေါ်လာတာလား။ အို . . . ဒီအသံဟာ အခြား ဘယ်သူ့အသံမှ မဟုတ်ပေဘူး။ ငါ့အသံပေပဲ။

"ဘုရင်တစ်ပါးက ဘုရင်တစ်ပါးဆီကို ပဏ္ဏာတော်ဆက်သလိုက်တဲ့ သမီးကညာအပေါ် ကျူးလွန်ထိပါးခြင်းဟာ အပြစ်မဟုတ်လို့ ဘာဖြစ်ရဦးမှာလဲ။ ထီးလှိုင်ရှင်မှာ ကြီးစွာသောအပြစ်ရှိတယ်။ သူဟာ ဥဿာမင်းထံ ပို့လွှတ်တဲ့ စစ်ကူတပ်မရဲ့ ခေါင်းဆောင်လဲဖြစ်တယ်။ ဘုရင့်သားတော်တစ်ပါးအဖြစ်လဲ ကိုယ်စားပြုရတယ်။ ဥဿာကို ကျူးကျော်တဲ့ ဂျွမ်းစစ်သည်တွေကို တိုက်ခိုက်နှင်ထုတ်နိုင်တဲ့အတွက် ဥဿာဘုရင်က ပို့ဆက်လိုက်တဲ့ ပဏ္ဏာတော်၊ ဘဏ္ဍာတော်မှန်သမျှ တစ်စွန်းတစ်စ မထိခိုက်စေရအောင် ထိန်းသိမ်းစောင့်ရှောက်လာရမယ့် သံတမန်ကြီးလည်း ဖြစ်တယ်။ ဒီလိုအခြေအနေမျိုးမှာမှ သူဟာ ဥဿာဘုရင်ရဲ့ သမီးတော် မဏိစန္ဒာကို ကျူးလွန်ထိပါးခဲ့တာဖြစ်တယ်။ ဒါ့ထက်ကြီးလေးတဲ့ အပြစ် မရှိနိုင်တော့ဘူး။ ထီးလှိုင်ရှင်မှာ အပြစ်ရှိတယ်၊ ကြီးစွာသော အပြစ်ရှိတယ်"

ရေမြေ့ရှင် အနိရုဒ္ဓါဒေဝဘွဲ့ခံ ဘုရင်တစ်ပါး။ ဒါပေမယ့် ငါ့အသံကို ငါ တိတ်ဆိတ်သွားအောင် အမိန့်မပေးနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီ

http://www.nyisay.com



အသံကိုယ်၌သည်ပင်လျှင် ဘုရင်တစ်ပါးရဲ့ ရာဇအသံ ဖြစ်နေလို့ပဲ။

"အို . . . သားတော် ထီးလှိုင်ရှင်မှာ အပြစ်မရှိပါဘူး။ သူဟာ မဏိစန္ဒာကို ချစ်ခဲ့တာပါပဲ။ မဏိစန္ဒာကလဲ သူ့ကို ချစ်ခဲ့တာပဲ။ သူတို့ ချစ်ခင်နှစ်သက်ကြတာပဲ။ ချစ်ခြင်းမေတ္တာကို အပြစ်ဆိုရမလား"

တီးတိုးဖျော့တော့တဲ့ အသံတစ်သံက လျှောက်လဲချေပလာပြန်တယ်။ ဒါပေမယ့် ဘုရင်မင်းမြတ်ရဲ့ အသံက အဆမတန် ပိုမိုကျယ်လောင်မြည်ဟည်းလှလေတယ်။ အသံနှစ်သံ တစ်လှည့်တစ်ပြန်စီ ရင်ထဲမှာ ပေါက်ကွဲနေတယ်။

"ထီးလှိုင်ရှင်မှာ အပြစ်ရှိတယ်လို့ သင် တိကျပြတ်သားစွာ မြင်ပါအနိရုဒ္ဓါ။ သင်ဟာ နောင်တော် စုက္ကတေးရဲ့ စော်ကားမှုကို တုံ့ပြန်ဖြေရှင်းခဲ့တဲ့ လူငယ်တစ်ဦးမဟုတ်တော့ဘူး။ စုက္ကတေးရဲ့ ဟေး . . . ညီသားအနော်ရထာလို့ အခေါ်ခံရတဲ့အရွယ် မဟုတ်တော့ဘူး။ သင်က မဟာအနိရုဒ္ဓါဒေဝဘွဲ့ခံ ပြည်ကြီး အရှင်သခင် ဖြစ်နေပြီ။ ဘုရင့်ဘဏ္ဍာတော်ကို ကျူးလွန်ထိပါးသူတစ်ဦးအပေါ် ဘုရင်တစ်ပါးအနေနဲ့ သင် ကြည့်မြင်ရလိမ့်မယ်။ ဒါပေမယ့် . . . ဒါပေမယ့် ထီးလှိုင်ရှင်က အစားထိုးမရနိုင်သော သူရဲကောင်းတစ်ယောက်ပါ။ ပြီးတော့ သူနဲ့ မဏိစန္ဒာမင်းသမီးတို့ဟာလဲ တစ်ဦးကို တစ်ဦးချစ်ခင်စုံမက် . . . "

"မဟုတ်ဘူး၊ ထီးလှိုင်ရှင်ဟာ ဥဿာဘုရင့်သမီးတော်လဲဖြစ်၊ ရာဇပဏ္ဏာတော်လဲဖြစ်၊ နှစ်ပြည့်တစ်ပြည် ချစ်ကြည်မှုရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ မဏိစန္ဒာမင်းသမီးကို ကျူးလွန်ထိပါးသူသာ ဖြစ်တယ်"

အားလုံးတိတ်ကြစမ်း၊ ငါ့ရဲ့ အသံနှစ်သံကို ငါကိုယ်တိုင်ပဲ မောင်းနှင်ခြောက်လှန့်ပစ်လိုက်တယ်။ အသံတွေအားလုံး စဲသွားတယ်။ နန်းဦးဆောင်မြင်

http://www.nyisay.com



ကွင်းကို ဖြန့်ကြက်ကြည့်တယ်။ မျက်လုံးအစုံပေါင်း များစွာတို့ရဲ့အကြည့်ဟာ ငါ့ဆီကို စူးဝင်ထိမှန်နေကြတယ်။ အို . . . ကမ္ဘာလောကတစ်ခုလုံးက ငါ့ကို စူးစိုက်ကြည့်နေကြသလား။

ကျူးလွန်သူက ထီးလှိုင်ရှင်၊ အကျူးလွန်ခံ မင်းပဏ္ဍာက ဘုရင့်သမီး မဏိစန္ဒာ၊ မင်းဘဏ္ဍာကို ပိုင်စိုးသူက ငါ။ အရေးတော်ကြီးတစ်ခုလုံးအတွက် အားလုံးကို ကိုယ်စားပြုတယ်ဆိုပြီး လျှောက်ထားစွဲဆိုသူက သားတော် စောလူး မင်းသား။

အရာခပ်သိမ်းဟာ ငါ့ထံမှာ ဥသုံ တည်မိနေပြီ။

သံခင်းတမန်ခင်းနဲ့ ဆက်သပို့လွှတ်လိုက်တဲ့ ဘဏ္ဍာတော်၊ ပဏ္ဍာတော် အပေါ်ါ ထိပါးသူတစ်ဦးကို အရေးတော်မယူဘူးဆိုရင် အရိမဒ္ဒနာပူရဟာ တရား မဲ့တိုင်းပြည်ဖြစ်တော့မယ်။ ငယ်ရွယ်နုပျိုကြတဲ့ ထီးလှိုင်ရှင်နဲ့ မဏိစန္ဒခင်ဦးတို့ ရဲ့ နှလုံးသားများကို အလေးဂရုပြုလိုက်မယ်ဆိုရင် ဥဿာဘုရင်နဲ့တကွသော တစ်ပြည်သားတွေက အမျက်ခြောင်းခြောင်း ထွက်ကြတော့မယ့် မဟာအနိရုဒ္ဓါ အုပ်စိုးနေတဲ့ အရိမဒ္ဒနာပူရမှာ ဆင်ခြင်တုံဉာဏ်နဲ့ တရားစီရင်မှုထက် ခံစားမှု က ပိုပြီး အဓိကကျသတဲ့လို့ ကမ္ဘာလောက,က သောသောညံအောင် ဆိုကြ တော့မယ်။

ဒါပေမယ့် သားတော်ထီးလှိုင်ရှင် ဖြစ်နေပြန်တယ်။ အခြားတစ်ပါးသူ မဟုတ်လေဘူး။ ညာလက်ရုံးမက အားထားရတဲ့ ရင့်ကျက်ပြည့်ဝတဲ့ သားတော် ထီးလှိုင်ရှင်။

နန်းဦးဆောင်မှာရှိနေကြတဲ့ အမှူးအမတ်၊ ကလန်သံပျင်၊ သင်ဖမ

http://www.nyisay.com



တရားသူကြီးအဖွဲ့၊ သားတော် စောလူးမင်းသား၊ ပြီးတော့ . . . ညှိုးငယ်စွာ တင်းမာနေကြတဲ့ ငဖီး၊ ငထွေနဲ့ ငလုံး။ ပြီးတော့ . . . ရှိုက်သံကို ထိန်းချုပ်နေရရှာတဲ့ မဏိစန္ဒာ။ ပြီးတော့ ဘာကိုမျှ မမြင်၊ ဘာကိုမျှ မကြားတော့ဟန်နဲ့ ရှေ့တူရူ နန်းဦးဆောင်နံရံမှာ ရှိနေတဲ့ သားတော် ထီးလှိုင်ရှင်။

ငါ . . . ဆုံးဖြတ်ရတော့မယ်။

၄

ကောက်ကျစ်စဉ်းလဲသော စက္ကတေးကို ဖြိုခွင်းခဲ့တဲ့ အရိန္ဒမာ။

သမထီးတိုက်ပွဲကို အောင်ပွဲနဲ့ အဆုံးသတ်စေခဲ့တဲ့ အရိန္ဒမာ။

မဟာအနိရုဒ္ဓါဒေဝကို ခွင့်လွှတ်လိုက်ပါတော့ မဏိစန္ဒာရယ် . . . ။

ငါ့ကို . . . ခွင့်လွှတ်လိုက်ပါတော့ သားတော် ထီးလှိုင်ရှင် . . . ။

အရိန္ဒမာလှံကို ဒုတိယအကြိမ် ငါ အသုံးပြုခဲ့စဉ်က သခွတ်ပင်ပေါ်က ရှင်ကြီးဟတ္ထိကကို ဖြိုခွင်းပြီး မင့်ကို ငါ ကယ်ဆယ်ခဲ့တယ်။ ကယ်ဆယ်ခွင့်ရခဲ့တယ်။ သမထီးတိုက်ပွဲရဲ့ အဲဒီ အရိန္ဒမာလှံချက်ကိုလဲ မင်း တဖွဖွ တသသ ပြောမဆုံး ရှိခဲ့တယ်။ သားတော် ထီးလှိုင်ရှင် . . . ။

အခုလဲ အဲဒီ အရိန္ဒမာပါပဲ သားတော်။

အရိန္ဒမာကို ငါ ဆွဲနုတ်ကိုင်စွဲလိုက်တယ်။

ဆွဲနုတ်လိုက်တဲ့အချိန်မှာ ငါ့နှလုံးသားတွေလဲ ဆတ်ဆတ်ခါ နာကျင်သွားခဲ့တယ် သားတော်။ ဘာကြောင့်လဲဆိုတော့ အရိန္ဒမာဟာ ငါ့ရင်ကို ဦးစွာ

http://www.nyisay.com



စူးဝင်ခဲ့ပြီးသားဖြစ်လို့ပဲ။

ဘယ်တုန်းကနဲ့မှ မတူ အရိန္ဒမာလုံ့ဟာ ငါ့လက်ထဲမှာ အဆပေါင်းများစွာ လေးလံနေတယ်။ လုံ့ရိုးကို ဆုပ်ကိုင်ထားရတဲ့ ငါ့လက်ချောင်းတွေအပေါ် ငါ စက်ဆုပ်မိတယ်။ ဘာကြောင့်လဲဆိုတော့ အရိမဒ္ဒနာပူရရဲ့ အရှင်သခင် လက်ချောင်းတွေ ဖြစ်နေလို့ပဲ သားတော်။

အရိန္ဒမာလုံ့ကို အသုံးပြုရာမှာ မင်းရဲ့ ခမည်းတော်ဟာ ထိမှန်စွဲဝင်စေလိုတဲ့ ဘယ်နေရာကိုမဆို တစ်ဆံခြည် မလွဲစေရအောင် ကျွမ်းကျင်ပြီးသားဆိုတာ မင်း အသိဆုံးပါ သားတော် ထီးလျှိုင်ရှင်။

လုံ့ကို ဆုပ်ကိုင်ချိန်ဆနေချိန်မှာ မင်းက ငါ့ကို တစ်ချက် လှမ်းကြည့်တယ်။

ငါ့မျက်လုံးတွေက တစ်ဆင့် ငါ့ရင်ထဲက နှလုံးအထိ ထွင်းဖောက်မြင်နိုင်အောင် မင်း ကြည့်လိုက်စမ်းပါ သားတော်။ မင့်ခမည်းတော်ရဲ့ နှလုံးသားတွေ ကြေကွဲတုန်ယင်နေတာကို မင်း တွေ့ရပါလိမ့်မယ်။

လုံ့ရိုးကို လက်ချောင်းတွေရဲ့ အဆုပ်အကိုင်ကနေ လွှတ်ခွာဖို့ လုံ့ကို လေထဲ ဝဲပျံ့သွားစေဖို့ ငါ အဆမတန် ကြိုးစားနေရတယ် သားတော်။

သည့် အရိန္ဒမာဟာ မင်းရဲ့နှလုံးသွေး၊ မဏိစန္ဒာရဲ့ နှလုံးသွေးကို ရက်စက်စွာ သောက်သုံးမယ့် အရိန္ဒမာလို့ မင်း မြင်နေပြီလား။ အသေအချာ ကြည့်လိုက်ပါ သားတော်။ မင်းဆီကို ဝဲပျံ့မလာမီကတည်းက လုံ့ဖျား သွေးစွန်းခဲ့ပါပြီ။ 'ခမည်းတော်ဘုရင်မင်းမြတ်'လို့ မင်း ချစ်ခင်မြတ်နိုး လေးစားစွာ ခေါ်ခဲ့တဲ့ ငါ့ရဲ့ နှလုံးသွေးတွေလေ။

http://www.nyisay.com



အရိန္ဒမာလှံကို ငါ ပစ်လွှတ်တော့မယ် သားတော်။

မင်းအပေါ်မှာ အထပ်ထပ်တုပ်နှောင်ထားတဲ့ နှောင်ကြိုးစတွေရဲ့ အဓိက အကျဆုံး အထုံးအဖွဲ့ပေါ်ကို ဒီလှံသွား တည့်တည့်မိမိ စွဲဝင်ပါလိမ့်မယ်။ ငါ့ရင်ထဲမှာ မုန်တိုင်းတွေ တိုက်ခတ်နေပေမယ့် မင်းကို ချစ်ခင်တဲ့ သံယောဇဉ်ကြောင့် ငါ့လက်တွေ တည်ငြိမ်နေအောင် လိုရာပစ်မှတ်ကို တည့်မတ်စွာ စွဲဝင်အောင် ငါ တည်ဆောက်နိုင်မှာပါ။

နှောင်ကြိုးစတွေရဲ့ အထုံးအဖွဲ့ကို ထိဝင်စွဲမှန်လိုက်တာနဲ့ မင်းဟာ အထပ်ထပ် နှောင်ကြိုးတွေကနေ ချက်ခြင်း ပြေလျော့ လွတ်မြောက်သွားပါလိမ့်မယ်။ ဒီအခါမှာ ငါ့ရဲ့ အရိန္ဒမာကိုပဲ မင်း ကောက်ယူဆွဲကိုင်ပြီး ဟောဒီ နန်းဦးဆောင်ကနေ လွတ်ရာကျွတ်ရာ ထွက်ခွာသွားပေတော့ သားတော်။ ငါ့မျက်လုံးတွေနဲ့ ပြောနေတဲ့ စကားတွေကို နားလည်နိုင်ပါစေ သားတော်ရယ် . . .။

အရိန္ဒမာလှံကို ငါ ပစ်လွှတ်လိုက်ပြီ . . . သားတော် ထီးလှိုင်ရှင်။

▼

တောဝယ်ကကြမ်းမောတယ်လာ့ ပန်း
ချော့မယ်ထစမ်း



http://www.nyisay.com



## တောဝယ်ကကြမ်း၊ မော်တယ်လာ့ပန်း ချော့မယ် ထစမ်း

ခံစားခဲ့ရဖူးသော ဝေဒနာတကာတို့ထက် ပို၍ ပြင်းထန်သော ဝေဒနာ။

ဒဏ်ရာအထပ်ထပ် ရခဲ့လေသော ရင်သည် နောက်ထပ် မည်သည့် ဝေဒနာမျိုးကိုမှ ထိမထင် မတုန်လှုပ်နိုင်တော့ဟု မှတ်ယူခဲ့သည်။ ဘယ်လို ပရိဝေဒမှ တိုးမပေါက်၊ ထိုးမရောက်နိုင်တော့ဟု ထင်ခဲ့သည်။ နည်းနည်းနောနော ဆင်းရဲခြင်းတွေလားကွယ်။ ကြည့်ပါဦး။

ချစ်ခင်ပွန်း လယ်တော်အုပ် မောင်ကြီးနှင့်လည်း ရှင်ကွဲ သေကွဲ ခွဲခဲ့ရပြီ။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။

ရနောင်ကိုယ်တော်ကြီးထံတွင် မနမ်းသော်လည်း ပင့်သက်ရှူခဲ့ရပြီ။

အပိယေဟိ သမ္ပယောဂေါ ဒုက္ခော။

ကြောက်စရာကောင်းလှသော မင်းပြစ်ရာဇဝတ်သင့်၍ ကြိမ်ဒဏ်ဆယ့်သုံးချက်တိတိလည်း အရိုက်ခံရဖူးပြီ။ ရာဇတောဝါ။

အသက်ခုနစ်ဆယ်ကျော် အရွယ်၏ ဇရာဒုဗ္ဗလနှင့်တကွ ဗျာဓိ၊ နာခြင်း ဆင်းရဲခြင်းကိုလည်း ခံစားနေရပြီ။ အပ်ချစရာမရှိလောက်အောင် မွမွကြခဲ့သော သည်းပွတ်နှလုံးသည် ဒဏ်ရာတို့၏ ဖိစီးနင်းချေမှုအောက်တွင် ထုံကျဉ်ကိုက်ခဲခြင်း၏ ဟိုမှာဘက် အသားမာပင် တက်ပြီဟု ထင်ခဲ့သည်။

အို . . . မဟုတ်ပါလား။ အထင်တွေ မှားယွင်းခဲ့ပါပကောလား။

ဆင်ခိုးမလေးရယ် . . .၊ မင်းသမီးကြီး မဆင်ခိုးရယ်၊ လောကခံကို နင်

http://www.nyisay.com



အကြိမ်ကြိမ်အဖန်ဖန် ထွက်ဝင်လှုပ်ရှား တွေ့ကြုံများခဲ့ပြီဆို၊ ဒဏ်ရာဒဏ်ချက်ကို ဟန်မပျက် ပြုံးနိုင်ပြီဆို၊ အခုတော့ . . . . အခုတော့ . . . .။

၄

(၁)

"အကြွားဖြပ်ကာ . . . ဇာတ်လောက် ငွေမကုန် . . . ဟိုးရှေးက ရှေးက ကကြပုံ . . အလှိုင်းအဝါ . . . ဆိုင်းမပါ ဒုံဒုံသဘော . . . ဗုံရှည်လိုပတ်တောရယ်နဲ့ . . . ဟော . . . ဟော . . ကလို့ခုန် . . . တော . . . . တော . . . တောကျလို့ဒုံ . . . ဗေပိန့်ဗုံ . . . ဟပ်ချိုး ဟပ်ချိုး . . . ပလို့ မောင်ရိုးလေလေ့ . . . ဗေ့ပိန်ဗုံ . . . "

အို . . . ကြည်လို့ကောင်းလိုက်တာဟယ်။ မင်းသားက မဲပုဆိုးနဲ့ ကြက်မြီးခါးတောင်းကျိုက်နဲ့။ ထိုင်မသိမ်းက အောက်ခံအင်္ကျီလဲ မပါဘူး။ ဒါပေမယ့် သူ့အသားက ဝါဝင်းနေတော့ ဗိုက်နဲ့ခါးပေါ်နေတာတောင် ကြည့်လို့ သိပ်လှတာပဲ။

"ပုဆိုး ထဘီ ပဝါကမကုန်၊ ရိုးပလီတာကအစုံ . . . အသပြာရရုံ . . . တစ်မျိုးအတည်တာများအစုံ . . . ဒါက တစ်ဖုံ . . . စောင်ကြမ်းပိုက်ဆီး နမလိုက်ကြီးကိုခြုံ . . . ပလုံ . . . မောင်ရိုလေလေ့ . . . ဟေ့ . . . ဗေ့ပိန်ပုံ. . . "

ဗုံရှည်ကို တဗေ့ဗေ့ တပိန့်ပိန် တဗုံဗုံ တီးလိုက်တာများ ဗုံရှည်သံကြီးက နားထဲတင်မကဘူး၊ ရင်ခေါင်းထဲအထိ တုန်ခါတွန်းထိုး ဝင်လာတာပါလား။ အေးဟယ် . . . အဆိုကလဲကောင်း၊ ဗုံရှည်တီးတာကလဲ ကောင်း။

"ထည့်ကာ . . . ထည့်ကာ လင်းကွင်းမှာတော့ အမှင်းတွေပုံ . . . ဟင်းတွေပုံ နှိုက်ကြတဲ့ လူကုန် လူကုန် . . . ဇာတ်ဆရာအနု . . . ဖက်ခြောက်လိပ်မပေးနိုင်လို့ . . . ဆေးရွက်ကြီးကိုငုံ . . . ဗေ့ပိန့်ဗုံ . . . "

ဟယ် . . . လင်ကွင်းထဲ ထမင်းထည့်စားကြသတဲ့။ ပျော်စရာကြီးနေမှာပဲ၊ ပြီးတော့ ဆိုသွားပုံကလဲကြည့်ပါဦး။ ထမင်းကို 'အမှင်း'တဲ့။ ပိလဲ မပိဘူး။ အေးလေ . . . တမင် မပီချင်ဟန်ဆောင်ဆိုတာ နေမှာပါ။ ရယ်ချင်လိုက်တာ။ ဒါပေမယ့် မရယ်တော့ပါဘူး။ အားနာစရာ။ မင်းသားက အသံသိပ်ကောင်းတာ။

http://www.nyisay.com



လှည်းဝိုင်းနောက်နားက လှည်းပန်းတောင်းအထိ မှန်သွားတဲ့အသံမျိုးဆိုတာ ဒါမျိုးနေမှာပါပဲနော်။

“မင်းသမီး . . . မင်းသား သစ္စာထားပုံ . . . မလေးခင် ဖြူဖြူနုစ် . . ချစ်လိုက်ပါတဲ့ အာရုံ အာရုံ . . . ရွှေမြင်းမိုရ်တစ်တောင်လုံးကို တုံးမှတ်ပါလို့ ခုန် . . . ဇေ့ပိန့်ဖုံ”

ဟော . . . ဟော . . . မင်းသားက လက်ပိုက်ပြီး သီချင်းဆိုနေရာကနေ ဟိုငုတ်တိုင်မှာ ပစ်ထားတဲ့တန်းဆီ လျှောက်သွားပြီး ဘာလုပ်တာပါလိမ့်။ ဩော် တန်းနားက ခုံပေါ်မှာ တင်ထားတဲ့ လေးကောက်ကြီး သွားယူတာကိုး။ လေးကောက်ကြီးကိုင်ပြီး ဘာလုပ်ဦးမှာပါလိမ့်တော်။ အဘတို့ပြောတဲ့ ရာမဇာတ်တော်ထဲကလို လေးတင်ခန်းများ လုပ်မလို့လားမသိဘူး။ အယ် . . . လေးတင်ခန်းတော့ မဖြစ်နိုင်ဘူး။ သူ့မှာ ဟို ရာမခေါင်းမှ ဆောင်းမထားဘဲ။ ပြီးတော့ သမင်ခေါင်းဆောင်းထားတဲ့သူလည်း မရှိဘူး။ ဒါဖြင့် သူက လေးကောက်ကြီးနဲ့ ဘာလုပ်မှာလဲ။ ဟော . . . လေးကောက်ကြီးကို ခေါင်းပေါ်မှာ ဝဲဝဲပြီး လှည့်နေလိုက်တာ ကြည့်လို့ကောင်းလိုက်တာ။

“လေးကောက်ကြီးရယ်နဲ့ သူ့ဟန်သွင်ပုံ ကိန်းကျပ်ကျပ်နဲ့ ဗိန်းပတ်ပတ်ဖုံ . . . အတီးသမားတွေက . . . မင်းသမီးထဘီပေါက် လေးကောက်ကြီးနဲ့ ချိတ်ကာဆွဲတော့ တစ်ပွဲလုံးညံလို့ . . . တစ်ပွဲလုံးဆူလို့ . . . သိမ့်သိမ့်တုန် . . . မင်းသမီးပေါင်နား မင်းသားကပ်တော့ . . . အရင်းအဖျားမှတ်သတဲ့ . . . အစဉ်းစားကျပ်သတဲ့ . . . ပတ်ပလာလို့ ပိန်ဖုံ . . . ”

ဟောတော့် . . . မင်းသမီးထဘီပေါက် လေးကောက်ကြီးနဲ့ ချိတ်ကာဆွဲတဲ့။ ရယ်စရာကြီးနော်။ သူတို့မို့ ဆိုတတ်ပလေတယ်။ ဟန်ပန်မှင်မောင်းကလဲ ကောင်းပါ့တော်။

ဒီအထဲမှာ အောက်ခံမပါတဲ့ ကိုယ်လုံးက အသားတွေကလဲ ဝင်းဝါလို့။ ဟော . . . ထိုင်မသိမ်းကြီးကို လှန်ပြီး ဗိုက်ပြင်ကြီးကို ကုတ်နေပါရောလား။ ဟယ် . . . သူ့ရင်မှာ၊ သူ့ဗိုက်မှာ၊ သူ့ခါးမှာ ဆေးနီမင်သေတွေ ထိုးထားလို့ပါလား။ လှလိုက်တာတော်။ အသားကဖြူဖြူ၊ ဆေးနီမင်ကြောင်တွေကလဲ ထိုးထားလိုက်တာ ရဲရဲကိုတွတ်လို့။

ဩော် . . . ဒါကြောင့် သူ့ကို မြေဝိုင်းမင်းသား ဆေးနီမောင်မောင်တုတ်လို့ ခေါ်ကြပေတာကိုး။

http://www.nyisay.com



အဲတော် . . . မင်းသား ဆေးနီမောင်မောင်တုတ်က လေးကောက်ကြီး ကိုကိုင်၊ သီချင်းဆိုပြီး ဘာမှမလုပ်ဘဲ ဒီအတိုင်းလက်ပိုက်နေပါကလား။ ဒါဖြင့် ဘယ်သူက ကမှာပါလိမ့်။ ဩော် . . . ဩော် . . . မင်းသမီးက ကမှာကိုး။ မင်းသမီးက ဘယ်သူလဲ၊ မှန်း . . . မစိန်ဖော့ဆိုတာနဲ့ တူရဲ့။

ဟုတ်ပ့ါ၊ မစိန်ဖော့ပေ့ါ။ နံကွဲထဘီနဲ့ ထိုင်မသိမ်းနဲ့၊ မဲထဘီနဲ့ ပဝါရှည် ခြုံလို့၊ အံမယ် . . . ပြောင်းဖူးဖက်ကြီး ဖွာနေလိုက်တာများ မိုးခိုးထောင်းထောင်း ထလို့။ ပြောင်းဖူးဖက် ဖွာပုံကိုက အကဲပါလိုက်တာနော်။ အေးလေ . . . သူက မင်းသမီးဟာကိုး။

ဟော . . . သူ ကပြီ၊ သူ ကပြီ။ ကြည့်လို့ကောင်းလိုက်တာ။ နှဲကြီးကလဲ ချွဲပ့ါတော်။ ဗုံရှည်နဲ့ လင်းကွင်းကြီးကလဲ တဗိန့်ဗိန့် တရှဲရှဲနဲ့ နားထောင်ရတာ ရင်ကို တုန်တုန်သွားတာပဲ။

အင်း . . . ထည့်ကာ ထည့်ကာ လင်းကွင်းမှာတော့ အမှင်းတွေပုံ၊ ဟင်း တွေပုံ၊ နှိုက်ကြတဲ့ လူကုန် လူကုန်ဆိုတဲ့ အပိုဒ်ကို ကနေတာပဲ။ မစိန်ဖော့ကြီး ကနေလိုက်တာ ဝိုင်းလို့၊ ပဝါရှည်ကြီးကလည်း ဝဲလို့။ ဩော် . . . ဒါကြောင့်လဲ ဆေးနီမောင်မောင်တုတ်နဲ့ မစိန်ဖော့တို့ နာမည်ကျော်ပေတာပဲနော်။ အားကျ လိုက်တာဟယ်။ ဗုံရှည်ဝိုင်းနဲ့ မြေဝိုင်းအဖွဲ့ထဲ လိုက်ရရင် သိပ်ကောင်းမှာပဲ။ ကလည်း ကရသေး၊ မြို့တကာ နယ်တကာအနှံ့လဲ ရောက်ရှိသေး။ ပျော်စရာ ကြီး။ ငါတော့ ကြီးရင် မင်းသမီးလုပ်မှာပဲ။ ကောက်စိုက်ပျိုးနုတ်နဲ့တော့ အချိန် ကုန် မခံနိုင်ပေါင်။ ရွံ့ထဲ၊ ဗွက်ထဲ ဆင်းမနေချင်ပေါင်၊ တကယ် . . . တကယ်။ တောသူ တောသူဘာသာ နေတာမဟုတ် ပြောချင်ပြော၊ ကျေးလူးကန်းတာ မဟုတ်ပါဘူးတော်။ ဒီက မင်းသမီးပဲ လုပ်ချင်တာ၊ ဟောဟိုက မစိန်ဖော့ကြီး တို့လိုလေ။

ဟော . . . မစိန်ဖော့ကြီးတောင် ကလို့ပြီးသွားပြီ။

သူတို့ဇာတ်ထုပ် ဆက်ခင်းမှာနဲ့တူတယ်။ ဘာဇာတ်ထုပ်ပါလိမ့်။ ဟိုဒင်း ငွေတောင်ပြည်ကို မင်းသမီးလေးပြန်သွားတော့ မင်းသားလေးက လိုက်ရှာတဲ့ ဇာတ်ထုပ်ဟာ ဘာတဲ့၊ ဩော် . . . သုဓနုနဲ့ ဒွေးမယ်နော်။ အဲဒါခင်းရင် သိပ် ကောင်းမှာပဲ။ အဲဒီဇာတ်က သိပ်လွမ်းစရာကောင်းတာ။

ကပါစေတော်၊ သုဓနုနဲ့ ဒွေးမယ်နော် ကပါစေ။

၄

http://www.nyisay.com



"ဟဲ့ . . . မရွှေမြင်၊ ထ . . . ပြန်ကြမယ်"

ကြည့်ကောင်းဆဲ၊ တွေးကောင်းဆဲမှာပင် အမေ့အသံနှင့်အတူ ခြုံထားသော ရှောစောင်ကို ဆတ်ခနဲ အခွာချခံလိုက်ရသည်။ ဒူးကွေးပြီးပိုက်ထားသော လက်အစုံလည်း အလိုလိုပြေကျသွားကာ လဲပြိုမတတ် ယိမ်းယိုင်သွားသည်။ သည်တော့မှပင် စိမ့်နေအောင် အေးနေမှန်း သတိထားမိတော့သည်။

"မရွှေမြင် . . . ထလေ၊ ဟိုမှာ အရီးလေးတို့တောင် ပြန်နှင့်ကြပြီး ဆွမ်းချက်ရဦးမှာဟဲ့"

တကတည်းမှပဲတော်၊ ပွဲကြည့်ကောင်းပြီဆိုရင် အမေတို့က လုပ်ပြီဟု နှုတ်ခမ်းစူကာ ဇွတ်ပေထိုင်နေလိုက်သည်။

"ရော် . . . ဖင်မြဲနေလိုက်တာ၊ သူ့ကိုယ်သူ မြေဝိုင်းမင်းသမီးများ မှတ်နေသလားမသိဘူး။ ထဟဲ့ . . . ကလေးမရဲ့၊ ပြန်ရအောင်"

"နေပါဦးအမေရဲ့ . . . ဟိုမှာ ဇာတ်ထုပ်ခင်းတော့မယ့်ဥစ္စာကို"

"ဟဲ့ . . . ဇာတ်ထုပ်ခင်းတာ နင်နဲ့ဘာဆိုင်လို့လဲ၊ ဟိုမှာ ကြည့်စမ်း . . . ခုနစ်စင်ကြယ်တောင် အမြီးထောင်နေပြီ"

"မထူးပါဘူးအမေရယ် . . . ဇာတ်ထုပ်အပြီးထိ ကြည့်ကြရအောင်ပါ"

"အလိုတော် . . . အားအားလျားလျား ကြည့်မနေနိုင်ပါဘူး။ ကဲပါအေ ထစမ်းပါ၊ ဒီကောင်မလေးက"

ပြောပြောဆိုဆို အမေက စောင်တွေကို လုံးထွေးသိမ်းကာ ဖာထဲ ထည့်လိုက်သည်။ အမေ့ကို မျက်စောင်းတစ်ချက်ထိုးကြည့်ရင်း နှုတ်ခမ်းကို ချွန်ထွက်နေအောင် စူထားလိုက်သည်။

"တစ်ခါတလေ ပွဲကြည့်ရတာလေးများ သူများတွေ"

"မိရွှေမြင် . . . ဘာတွေ ပွစိပွစိ လုပ်နေတာလဲ၊ လူပုံကြီးထဲ ထိပ်အခေါက်မခံချင်နဲ့နော် . . . ဟင်း"

ထဘီကိုခါဝတ်ရင်း ခပ်ဆောင့်ဆောင့် ထပစ်လိုက်သည်။ မြေဝိုင်းပွဲကွက်လပ်ဘေးရှိ ဝါးပိုးတိုင် နှစ်တိုင်ဆီသို့ ကြည့်လိုက်သောအခါ ပွဲဆက်ကြည့်ချင်စိတ်က ပိုများလာသည်။ ကြည့်ပါဦး၊ တိုင်ထိပ်ပေါ်က အင်တုံထဲကို လူတစ်ယောက်က ရေနံချေးတွေ ထပ်ဖြည့်ပေးနေသည်။ ထမင်းခြောက်နှင့် မြိတ်စာဖြတ်စများကိုလည်း ထပ်ထည့်သည်။ အင်တုံထဲက လွှစာနှင့် ဝါစေ့တွေကို တုတ်တစ်ချောင်းဖြင့် မွှေဆွပေးသည်။ သည်တော့ အင်တုံထဲက မီးတောက်မှာ

http://www.nyisay.com



တဖျပ်ဖျပ်နှင့် ပို၍ အရှိန်ကောင်းလာကာ မီးရောင်က ပိုလို့လင်းလာသည်။

ကဲ . . . ကြည့်ပါဦး၊ မီးရောင်ကိုမြင့်လိုက်ပြီ။ သူတို့ ဇာတ်ထုပ်ကို သေချာကကြတော့မည်။ သည်အချိန်ကျကာမှ ပွဲခင်းက ထ၊ အိမ်ပြန်ဆွမ်းချက်ရမယ်ဆိုတော့ ဟင်း . . . ။

"ကိုင်း . . . မအတ္တ၊ သမင်လည်ပြန်နဲ့ သံယောဇဉ်နောက်ဆံ တင်းမနေနဲ့။ ဒီလောက်အဖြစ်သည်းနေရင် ကျုပ်က မြေဝိုင်းဇာတ်အဖွဲ့ထဲ တစ်ခါတည်း ထည့်လိုက်မှာသိလား"

အမေ့ဆူသံကို အရအမိနင်းကာ ပြောချလိုက်သည်။

"ထည့်လိုက်လေ . . . အခုထည့်လိုက်၊ ကျုပ်က အခုလိုက်သွားမှာ။ ဆေးနီမောင်မောင်တုတ်အဖွဲ့၊ မစိန်ဖော့အဖွဲ့ထဲ လိုက်သွားမှာ"

အမေ့မျက်နှာပေါ်က တမင်တင်းထားသော အသွင်များ ပြေလျော့သွားကာ အမေ ဟက်ခနဲ ရယ်သည်။

"ဟောဒီကောင်မလေးဟာ ရှူးလဲ ရှူးပါ့တော်၊ ကဲ . . . လာပါသမီးရယ်၊ ဆွမ်းချက်အမီလေး အမေ့ကို ကူပါဦး။ နောက်ညကျတော့ ဟိုဘက်ရွာကို လိုက်ကြည့်ပေါ့နော်၊ သမီးလေး မရွှေမြင်က လိမ္မာပါတယ်"

အလိမ္မာသုံးပြီး အမေချော့မှန်း သိပေမယ့် စိတ်ကောက်တော့ နည်းနည်း ပြေသွားသည်။ ဟိုဘက်ရွာကို လိုက်ကြည့်ပေါ့ဟူသော စကားကြောင့်လည်း ကျေနပ်ချင်သွားသည်။

"ဒါပဲနော် . . . ကျုပ်က တကယ်သွားကြည့်မှာ။ မိုးအလင်းကြည့်မှာ"

"ဟယ် . . . ကြည့်ရပါမယ် ပြောနေမှ။ အကန်းတက်လို့ . . . ငါ"

ရှယ်လက်သော အမေ့လက်ကို ဇက်ကလေးပုပြီး ငုံ့ရှောင်လိုက်ရသည်။ စိတ်ကောက်ချင်လို့သာ ကောက်ရပေမယ့် အမေ့ကိုတော့ ကြောက်သားပင်။

တလင်းပြန့်သော မြေဝိုင်းပွဲခင်းကို ကျောခိုင်းခဲ့ရပြီ။ ကန်သင်းရိုးတွေပေါ်က ဖြတ်လျှောက်ခဲ့သည်။ ကြယ်စုံဝင်းသော ဆုံးစမဲ့ကောင်းကင်ပြင်ကြီးကို ကြည့်ကာ ရင်ထဲမှာ ယားကျိကျိဖြစ်လာသည်။ မီးတောက်တွေ တဖွားဖွား လွင့်တက်လာသည့် အင်တုံ။ ရေနံချေးမှိုင်းတွေ တလိပ်လိပ်ကြားမှ ပြောင်းဖူးဖက်ကြီး မီးတဖွားဖွားနှင့် မင်းသမီး မစိန်ဖော့။ သူ့ရင်ဘတ်နှင့် ခါးပြင်မှ ဆေးနီမင်သေ့များကို တမင် ထုတ်ထုတ်ပြချင်လို့ ထိုင်မသိမ်းကိုလှန်ပြီး မယားဘဲနှင့် ကုတ်ကုတ်ပြတတ်သည့် မင်းသား ဆေးနီမောင်မောင်တုတ်။ ပြီးတော့ တပိန့်

http://www.nyisay.com



ဖိန့် ဗုံရှည်သံ၊ တရှဲရှဲ လင်းကွင်းသံ၊ တအီအီနဲ့သံကြီး၊ တချွင်ချွင် သံလွင်စည်သံ၊ တဖြောက်ဖြောက် ဝါးလက်ခုပ်သံ။

လတ်ဆတ်ပူနွေးဆဲ အာရုံရိပ်များက ဝါးပိုးတိုင်ထိပ်ရှိ အင်တုံထဲက ရေနံချေးမှိုင်းတွေလို ရင်ထဲမှာ တလိပ်လိပ်တက်လာသည်။ မျက်စိမဆုံ တပြန့်တပြော ကောင်းကင်ပြင်ကြီးကလည်း စိတ်ရှိတိုင်း လွင့်ပါးပျံသန်းချင်စရာ။ လင်းလက်ပြိုးပြက် ကြယ်ပွင့်လေးတွေကလည်း လက်ဆန့်တန်း ဖမ်းဆွဲချင်စရာ။

အပျော်စိတ်လား၊ အလွမ်းစိတ်လား မသိနိုင်တော့။

အားပါးတရ တစ်ခုခုကို အသံကုန် ဟစ်ကြွေးချင်လာသည်။ ရင်ထဲက တစ်ဆင့်၊ လည်ချောင်းကတစ်ဆင့် နှုတ်ဖျားသို့ ရောက်လာသည်။ ကိုယ့်ကိုကိုယ် သတိမထားမိခင်မှာပင် စူးစူးသေးသေးအသံက နှုတ်ဖျားမှ ထွက်လွင့်သွားသည်။

"ထည့်ကာ . . . ထည့်ကာ လင်းကွင်းမှာတော့ အမှင်းတွေပုံ . . . ဟင်းတွေပုံ နှိုက်ကြတဲ့ လူကုန် . . . လူကုန် . . . ဇာတ်ဆရာအနုံ ဖက်ခြောက်လိပ်မပေးနိုင်လို့ . . . ဆေးရွက်ကြီးကို ငုံ . . . ဗေ့ပိန်ဗုံ"

စာသားတွေ၊ သံစဉ်တွေ အလိုလိုနေရင်း ပေါ်လာသည်။

"မင်းသမီး . . . မင်းသား သစ္စာထားပုံ၊ မလေးခင် ဖြူဖြူနုစ် . . . ချစ်လိုက်ပါတဲ့ အာရုံအာရုံ . . . ရွှေမြင်းမိုရ်ရဲ တစ်တောင်လုံးကို တုံးမှတ်ပါလို့ ခုန် . . . ဗေ့ပိန်ဗုံ"

ဆိုလို့ ကောင်းလိုက်တာ။ ကိုယ့်ကိုယ်ကို မင်းသမီး မစိန်ဖော့လို့ ထင်လာသည်။ ဒါပေမယ့် ဆေးနီမောင်မောင်တုတ်က မရှိလေတော့ မင်းသား အစားကိုယ်တိုင်ပဲ ဆိုမယ်လေ။

"လေးကောက်ကြီးရယ်နဲ့ သူ့ဟန်သွင်ပုံ . . . ကိန်းကျပ်ကျပ်နဲ့ ဗိန်းပတ်ပတ်ဗုံ . . . အတီးသမားတွေက . . . မင်းသမီးထဘီပေါ်က် လေးကောက်ကြီးနဲ့ချိတ်ကာဆွဲတော့ တစ်ပွဲလုံးညံလို့ . . . တစ်ပွဲလုံးဆူလို့ . . . သိမ့်သိမ့်တုန် . . . မင်းသမီးပေါင်နား မင်းသားကပ်တော့ . . . အရင်းအဖျားမှတ်သတဲ့ . . . အစဉ်းစားကျပ်သတဲ့ . . . ပတ်ပလာလို့ ပိန်ဗုံ . . . "

ဟိုးအထက်ဆီက နဂါးငွေ့တန်းကြီး တစ်ချက်လွန့်သွားလေသလား၊ ပြိုးပြက်ကြယ်ကလေးတွေကကော လင်းလက် တစ်ချက် မှိတ်တုတ်တစ်ချက် ကခုန်နေကြလေသလား။ အနောက်ယွန်းယွန်းကောင်းကင်ဆီမှ လဝန်းကြီးကကော "တယ်ဟုတ်ပါလား မရွှေမြှင်ကလေးရေ"ဟု ပြောရင်း ပြုံးကြည့်နေသလား။

http://www.nyisay.com



ပျော်လိုက်တာ။

ထည့်ကာ . . . ထည့်ကာ လင်းကွင်းမှာတော့ အမှင်းတွေပုံ . . . ဟင်းတွေပုံ။

ထည့်ကာ . . . ထည့်ကာ လင်းကွင်းမှာတော့ အမှင်းတွေပုံ . . . ဟင်းတွေပုံသတော့်။

၄

(၂)

"ဒီအတိုင်းဆိုရင်တော့ လယ်ထဲ ချောင်းထဲနဲ့ မတော်ပေဘူးအမိရေ။ အမိ သမီးက ကြာလေ တောင်သူတောင်သားနဲ့ မတူလေဖြစ်နေပြီ"

"ကိုရင်နော် . . . သမီးက နဂိုကတည်းကမှ ဆိုပါမယ်၊ ကပါမယ် တကဲကဲ ဖြစ်နေတာ။ လယ်ထဲချောင်းထဲနဲ့ မတော်ဘူးလို့များ သူ့ သွားမပြောလိုက်ပါလေနဲ့တော်။ ဟိုမှာက ပန်းပင်စိုက် မြေဝိုင်းဇာတ်ကြည့်ပြီးကတည်းက မင်းသမီးစိတ်ပေါက်နေတာကလား"

"ဟဲ့ . . . အမိရဲ့၊ တောင်သူတောင်သားရဲ့ သားသမီးဟာ တောသူတောင်သားပဲ ဖြစ်ရမယ်လို့ ဘယ်သင်းက ဆိုသလဲ။ ညည်းတို့ အဲဒါတွေ ခက်တာပ။ ကိုယ်က လယ်ထဲချောင်းထဲ ဆင်းရပေမယ့် ကိုယ့်သားသမီးက ဆင်းချင်မှ ဆင်းမှာပေါ့။ သမီး နဖူးရေဒူးရေကို ကြည့်ပါလား။ အသားညိုချောလေး၊ နွဲ့နွဲ့နှောင်းနှောင်းလေးရယ်"

"အလိုတော် . . . သမီးအကြောင်းကို အမေလုပ်တဲ့ကျုပ်က အသိဆုံးပါ။ တော့်သမီးက ဇာတ်ကချင်နေတာ။ ကျုပ်သိတာပေါ့။ အချိန်ရှိသရွေ့ သီချင်းလေးတအေးအေးနဲ့ . . . "

"အေးလေ . . . အဲဒါကြောင့် ပြောတာပ။ သင်းကလေး ဝါသနာနဲ့ အစွမ်းအစကို ကြည့်ပြီး မြေတောင်မြှောက်ပေးရမှာ မဟုတ်လား။ ညည်းသမီးကို ဒီတောင်တွင်းကြီးမှာ ထားနေလို့ကတော့ တို့လိုပဲ လယ်သမား၊ ချောင်းသမားပဲဖြစ်မှာ"

"ကျုပ်သိပါတယ်၊ ကိုရင်ရယ်။ သမီးက ငယ်သေးလို့ပြောနေတာပါ"

http://www.nyisay.com



"ခက်ပါပြီကော အမိရယ်။ မြေတောင်မြှောက်တယ်၊ ရေလောင်းတယ် ဆိုတာ အပင်နုစဉ်လုပ်ရတာမျိုး မဟုတ်လား။ ဒီလိုအချိန်ဟာ အကောင်းဆုံး အချိန်ပဲ အမိရဲ့"

အဘနှင့် အမေတို့၏ တီးတိုးစကားကို ထရံနားကပ်၍ နားထောင်ရင်း မရွှေမြင် ရင်ဖိုရလေသည်။ သမီးအပေါ် တင်းကျပ်ချင်သော်လည်း အမေ့ သဘောထားမှာ အဘ စကားလုံးများအောက်တွင် လိုက်လျောညီထွေရှိနေသ ဖြင့် အားတက်ရပြန်သည်။ အမှန်ကတော့ အဘပြောသလိုပင် လယ်ထဲ၊ ချောင်း ထဲ ဆင်းချင်စိတ် လုံးဝမရှိ။ တောတောင်ကို ချစ်ခင်သော်လည်း သည်နေရာ၊ သည်ဝန်းကျင်၌ အရိုးထုတ်မသွားချင်။

နတ်မောက်၊ တောင်တွင်းနယ်ကို ဇာတိချက်ကြွေအဖြစ် တွယ်တာမိ သော်လည်း အတွေးတို့က ရတနာပုံမင်းနေပြည်သို့သာ ရောက်ရောက်နေတတ် သည်။ မင်းနေပြည်တစ်ဝိုက်တွင် လှည့်လည်နေကြသည်။ ပန်းပင်စိုက်၊ မြေဝိုင်း ဇာတ်အဖွဲ့တွေကိုပဲ မြင်ယောင်၊ ကြားယောင်နေမိသည်။

ပြောင်းဖူးဖက်ကြီးကို အငွေ့ တထောင်းထောင်းထအောင် တစ်ချက်ဖွာ ထဲ့ကာ လေးကောက်ကြီးနှင့် မင်းသားအနီးမှာ လှပစွာကသွားသော မင်းသမီး မစိန်ဖော့၏ရုပ်သွင်ကို အာရုံထဲမှ ဖျောက်၍မရ။

မှေးစင်းလာသော မျက်ခွံအစုံကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း အိပ်ချင် စိတ်ကို နှင်ပစ်ဖို့ကြိုးစားသည်။ နားထဲတွင်တော့ "ထည့်ကာ ထည့်ကာ လင်းကွင်း ရယ်နဲ့ . . . အမှင်းတွေပုံ . . . ဟင်းတွေပုံ"တေးက သဲ့သဲ့ကြားနေ ဆဲပင်။

မှေးကနဲ ပျော်ကာနီးတွင် အမေ့အသံကို မရွှေမြင် ကြားဖြစ်အောင် ကြားလိုက်လေသည်။

"ဆရာတော်ဆီကို သွားလျှောက်ပြီး သမီးဇာတာလေးဘာလေး စစ်ဆေး ကြည့်ကြတာပေါ့တော်၊ သိပ်တော့ အလျင်မလိုပါနဲ့ဦး"

ပန်းပင်စိုက် မြေဝိုင်းမင်းသမီး ဖြစ်ရပါလို၏ဘုရားဟု စိတ်ထဲမှ အာရုံ ပြုရင်း အိပ်ပျော်စပြုသည်။ အိပ်မက်ထဲမှာ လေးကောက်ကြီးကိုင်ထားသော မင်းသား ဆေးနီမောင်မှောင်တုတ်နှင့် တွေ့ရဦးမည်မှာ သေချာသည်။

၄

http://www.nyisay.com



အဘနှင့် အမေတို့ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြသည်ကို မရွှေမြင်ကလည်း အရအမိ မြင်လိုက်သည်။ ဆရာတော်က ထွေးခံထဲသို့ ဖွမ်ခနဲ ကွမ်းတံထွေး ထွေးသည်။

"မင်းပေါက်စိုးပေါက်ဖြစ်မယ်၊ နာမည်ကျော်ကြားမယ်။ အနုပညာနဲ့ အကျိုးပေးမယ်။ ဇာတာက ဒီအတိုင်း ပြသဟ။ ဒါပေမယ့် မင်းပြစ်မင်းဒဏ် နည်းနည်းရှိနေတယ်။ ဒါပေမယ့်လဲ မစိုးရိမ်နဲ့လဟ။ မင်းမိဖုရား အကြီးအကဲက ကျောထောက်နောက်ခံ ရှိနေတယ်။ နင်တို့ စိတ်ကူးမလွဲကြနဲ့။ ကလေးကို ကိုယ့်ရင်ခွင်ထဲ ကိုယ် သိမ်းမထားကြနဲ့။ တစ်ရွာပြောင်း သူကောင်းဖြစ်မယ့် ဇာတာရှင်။ နောက် အမည်တစ်မျိုးနဲ့ ဟိုးဟိုးကျော်မယ့်ကလေး။ ကိုင်း . . . ငါလဲ အဲဒီလောက်ပဲ မြင်တယ်။ ငါ အခုပြောတာတွေကတော့ မြေကြီးလက်ခတ်မလွဲဘူး။ ကျန်တဲ့ နင်တို့ လောကီကိစ္စတွေတော့ ငါလည်း နားမလည်ဘူး"

ဝပ်နေ၍ ခေါင်းပြန်မော့လိုက်ချိန်တွင် ဆရာတော်သည် အတွင်းခန်းထဲသို့ ကြွသွားပြီဖြစ်သည်။ အဘနှင့် အမေတို့သာ တစ်ယောက်ကိုတစ်ယောက် ငေးကြောင်ကြည့်နေကြဆဲ။ ခဏကြာမှ အမေက သက်ပြင်းရှိုက်သံတစ်ဝက်၊ အားတက်အသွင် တစ်ဝက်ဖြင့် . . .

"ကဲပါတော် . . . ကျုပ်လည်း နောက်က တကောက်ကောက်လိုက်ရတော့မှာပေါ့။ ကလေးက ငယ်သေးတော့ တစ်ယောက်တည်း စိတ်ချလက်ချ မလွှတ်ရဲဘူး"

"ဟ . . . လိုက်ရမှာပေါ့ အမိရဲ့၊ မင်းသမီးအမေဆိုတာ ထဘီထုပ်၊ ဖာထုပ်ဆွဲပြီး နောက်က လိုက်ရစမြဲပဲ မဟုတ်လား"

အဘက ပြောရင်း ရယ်သည်။ သည်တော့မှ အမေလည်း ရယ်သည်။ သည်တော့မှပင် မရွှေမြင်လည်း ရယ်ဖြစ်တော့သည်။ အို . . . ရယ်သည်မှ အားတက်ရွှင်လန်း မြူးထူးကြည်နူးစွာ ရယ်ခြင်းဖြစ်သည်။

ဆရာတော် ဇာတာကို တွက်ချက်စစ်ဆေးလိုက်သည့်အထဲမှ အနုပညာနဲ့ အကျိုးပေးမယ်။ နာမည်ကျော်ကြားမယ်ဟူသော အချက်နှစ်ချက်ကို ထပ်ကာ ထပ်ကာ ကြားနေသည်။ အခြားဟောချက်တွေကို သတိမထားမိ။ သည်အထဲတွင် အမေက ထဘီထုပ်၊ ဖာထုပ်ဆွဲပြီး နောက်ကလိုက်ဦးမည်ဆိုတော့ အို . . . မြေဝိုင်းမင်းသမီးဖြစ်ဖို့ မဝေးတော့ပါကလား။

၄

http://www.nyisay.com



ရိတ်သိမ်းထားပြီးစ တလင်းပြင်မှာ လရောင်မျှဖြင့်ပင် အမှိုက်တစ်မျှင်ကို မြင်သာသည်အထိ ပြန့်ပြူးရှင်းသန့်နေမည်။ တလင်းပြင်၏ ဟိုဘက်သည်ဘက်ထိပ်တွင် ဝါးပိုးတိုင်နှစ်တိုင် စိုက်ထားသည်။ ဝါးတိုင်ထိပ်မှာ အင်တုံတစ်လုံးစီ။ အင်တုံထဲမှာတော့ ထမင်းခြောက်နှင့် ရေနံချေးများ ထည့်ထားသည်။ မြေဝိုင်းအဖွဲ့သားတစ်ယောက်က သည်လောက်နှင့်အားမရနိုင်သေးဟုဆိုကာ အင်တုံထဲသို့ လွှစာများ၊ ဝါစေ့များ ထပ်ထည့်ပေးသည်။ ပြီးတော့မှ ရက်ကန်းစင်မှ ချည်စောင်ပုဆိုးများရက်ရာတွင် ယဉ်သွားနှင့် နူတ်အဖျားမှာ ကျန်ရစ်ခဲ့သော ချစ်စလွတ်၊ စောင်မြိတ်စ ဖြတ်စများကို မီးစာအဖြစ် ရေနံချေးမှာစိမ်သည်။

ရေနံချေးဝနေသော မြိတ်စာဖြတ်စ မီးစာကို မီးရှို့လိုက်သောအခါ မီးရောင်သည် တလင်းပြင်အနှံ့ လင်းခနဲ ပြန့်သွားလေသည်။ ရိုးစင်းလှပသော မြေဝိုင်းဇာတ်ကွင်း တလင်းပြင်ကလေး။

မြေဝိုင်းဇာတ်ထွက်ဖို့ အချိန်တော်ပြီ။

တလင်းပြင်ကကွက်၏ အလယ်မှာ စိုက်ထားသော တိုင်ထက်၌လည်း သပြေခက်များ၊ အုန်းခက်များ အလုံအလောက် ရှိနေပြီ။

လက်ဝဲဘက်ချောင်တွင် သပေါ့ဖျာကိုခင်းလျက် မရွှေမြှင် နေရာယူထားသည်။ ထဘီထုပ်နှင့် ဖာကို ဖွင့်လိုက်သည်။ အမေကတော့ အနားမှာထိုင်ကာ ပြောင်းဖူးဖက်ကို မီးခိုးထောင်းထောင်းထအောင် ဖွာနေသည်။ အမေ့မျက်နှာထားကိုကြည့်ပြီး မရွှေမြှင် ရယ်ချင်နေသည်။ မင်းသမီးအမေပေါ့လေ။ သူ့ကိုယ်သူ မင်းသမီးအနားမှာထိုင်ပြီး မျက်နှာကြီးကို စူပုပ်ထားလိုက်သည်မှာ သမီးအနား ယင်ဖိုတောင် မသန်းရဟူသော ပုံစံမျိုး။

မရွှေမြှင် ဖြီးလိမ်းပြင်ဆင်ရမည်။ နံကွဲထဘီကို ဦးဆုံး စဝတ်သည်။ ပြီးမှ ထိုင်မသိမ်းဝတ်သည်။ ပဝါရှည်ကတော့ ထွက်ကာနီးမှပဲ ခြုံတော့မည်။ ကိုယ့်အလှည့်မရောက်ခင်မှာ ပွဲကြည့်ရပေမည်။ ဇာတ်အုပ် ကိုဖိုးမှိုက သင်ကြားပေးထားသည့် စကားရှိသည်။ 'ဇာတ်ပညာကို တတ်ချင်ရင် ပွဲကြည့်မပျင်းနဲ့'တဲ့။

ညဦးဦး ဧည့်ခံဆိုင်းအတွက် တလင်းပြင်နောက်ပိုင်းတွင် ခင်းထားသော ဆိုင်းဝိုင်းဆီမှ ခုနစ်သံချီစမ်းလိုက်သည်။ ခုနစ်သံချီကို မရွှေမြှင်နားစွဲအောင် စိုက်စိုက်မတ်မတ် နားစွင့်ထောင်သည်။ ပတ်မအရှန်းနှင့် လင်းကွင်း အနားခတ်သံတို့ကို အဆစ်နှင့်တကွ မှတ်သည်။ ခုနစ်သံချီ၏ စူးလွင်သော ဆိုင်းသံသည် မရွှေမြှင်ရင်ထဲသို့ တစ်ဝက်၊ မြေဝိုင်းကွင်းပြင်၏ အထက်ကောင်းကင်သို့

http://www.nyisay.com



တစ်ဝက် ထိုးဖောက်ပျံ့လွင့်လေသည်။

ခုနစ်သံချီပြီးတော့ အပျိုတော ဆယ့်နှစ်ခန်းထွက်သည်။ နတ်ချင်းနှင့် နတ်ပစ်သံတွေက မြိုင်မြိုင်ဝေစီ။ သည်မှာတော့ မြေဝိုင်းသဘင်လောက၏ နာမည်ကြီး အပျိုတော် အရီးမယ်မှုံ ပညာစွမ်းပြလေသည်။

အရီးမယ်မှုံရှိနေသော အဖွဲ့ထဲသို့ လိုက်ပါခွင့်ရသည့်အတွက် မရွှေမြင် သိပ်ကံကောင်းသည်ဟု ဆိုရမည်။ အရီးမယ်မှုံ ဆိုတာ ကတာကို တစ်ချိန်လုံး ထိုင်ကြည့်ရင်း မရွှေမြင် ပညာတွေ အများကြီးရသည်။ နရီစည်းထဲမှာ လှပစွာ အကြိုကပုံနှင့် စည်းသုတ်ထဲမှာ ဝိုင်းနေအောင် ထဘီနားခတ်ပုံတို့ကို အဓိက ထား၍ မရွှေမြင် ပညာယူသည်။

"ရွှေပြုံးကို သွားမယ်လို့ . . . နပ်ခါးတဲ့သုံးတောင် . . . ပြောင်လောက် အောင်သွေး . . . ကျောက်ဖျဉ်ကြီးရယ် မှန်ဘီးကို ယူခဲ့ပါ့ . . . ညိုနွဲ့ရဲ့လေး"

နတ်ချင်းအဆုံးပိုဒ်အပြီး တပေါင်အပိုဒ်တွင် အရီးမယ်မှုံတို့ ထဘီနား ကို ဖျပ်ဖျပ်ပါအောင် ခတ်ရင်း သွက်သွက်ကြီးကသွားလိုက်သည်မှာ ပန်းစုံ တောထဲက လိပ်ပြာတစ်ကောင်အလားပင်။

"မချစ်ဘူးလား . . . မကြိုက်ဘူးလား . . . သောက်ခေါင်ကျူးတဲ့ မင်း ညီနောင် . . . ရွှေပြုံးသူများ မောင် . . . ရှက်တတ်ရင် ရှောင်ကြတော့ . . . ပုဆိုးစွန်တောင် သက်တန့်ကွေး . . . ဘိုးတော်ကြီး မြေး"

ဆိုင်းသမားတွေနှင့် အရီးမယ်မှုံ အပေးအယူလုပ်ပြီး တပေါင်ကို မြူးနေ အောင် ဆိုကြ၊ တီးကြ၊ ကကြပေပြီ။

"ကျွန်တော်လေ ရွှေပြုံးသား . . . ကျွန်တော်လေ ရွှေပြုံးသား"

အပိုဒ်နှင့် ချသွားပြီးသောအခါ မြေဝိုင်းတလင်းပြင် ရှေ့ပိုင်းရှိ ထိုင်ပရိ သတ်များနှင့် ဟိုးနောက်ဘက် လှည်းဝိုင်း ပရိတ်သတ်များဆီက လက်ခုပ် ဖြောင်းဖြောင်းသံ၊ လက်ခေါက် ရှီးရှီးသံတွေ ပေါ်လာသည်။

အပျိုတော်ဆယ့်နှစ်ခန်း ပြီးလျှင် ထုံးစံအတိုင်း ဝန်လေးပါး ထွက်တော့ မည်။ ရာဇသတ်၊ ဓမ္မသတ်တွေ သူတို့ ဆွေးနွေးကြတော့မည်။ ဇာတ်အုပ် ကိုဖိုးမှို၏ မြေဝိုင်းအဖွဲ့ထဲက ဝန်လေးပါးမှာ တကယ့် စာတတ်ပေတတ် ဇာတ် သမားကြီးတွေ ဖြစ်သည်။ သူတို့မို့ ရာဇသတ်၊ ဓမ္မသတ်ကြီးတွေအကြောင်းပြော ကြပြီဆိုလျှင် နားထောင်လို့ မငြီး။ နတ်မောက်၊ တောင်တွင်းတစ်ဝိုက်သာမက ဟိုးဘက် အမရပူရ စစ်ကိုင်းအထိ ဂုဏ်သတင်းမွှေးပျံ့သည်။ ပြောစမှတ်

http://www.nyisay.com



စကားလည်းရှိသည်။

"ရတနာပုံနေပြည်တော် နန်းတော်ထဲက တကယ့် ဝန်ကြီးမှူးမတ်တွေ တောင် ရာဇသတ်၊ ဓမ္မသတ်တွေနဲ့ ပတ်သက်ပြီး ဒီဇာတ်ထဲက ဝန်လေးပါး လောက် ကျွမ်းကျင်မယ် မထင်ဘူး"တဲ့.

သည်တော့ ဝန်လေးပါး၏ စကားပြောခန်းပေမယ့် မရှေ့မြင် ပျင်းချိန် မရ။ ငေးနေအောင် နားထောင်နေမိသည်သာ။ အမေဆိုလျှင် ပိုကြိုက်သည်။ လက်ချောင်းကြား ညှပ်ထားသော ပြောင်းဖူးဖက်ကို ပါးစပ်နားမှာတော့၊ မီးသေ နေသည်ကို မီးညှိဖို့ မေ့ကာ သည်အတိုင်းကြီး ရှိုက်ရှင်းဖွာရင်း ဝန်လေးပါး အခန်းကို ကြည့်တတ်လေသည်။

ဝန်လေးပါးတို့ ဆွေးနွေးပြီးနောက် သမားစဉ်အတိုင်း လက်စွဲ လူပျို တော်များ ထွက်လာသည်။ ဝန်နှင့် လူပျိုတော်သားတို့ တွေ့ကြသည်။ သည် အခန်းရောက်ပြီဆိုမှဖြင့် အမေတို့ ပြောင်းဖူးဖက်ကို အောက်ချကာ ခွက်ထိုး ခွက်လန် ရယ်ပေပြီ။

"ရုံထုကုရွှေ၊ ရုံရွှေဗိုလ်ထု၊ အရှုရာခံ၊ စံရာဥကင်၊ မင်းရင်ပြင်မှာ၊ ရွှေဥ ကင်ဘုံပျံ၊ ညီလာခံ စုံငုပါလျှက်၊ ငါတို့မရောက်၊ နောက်ကျနေပါမလားရယ်လို့၊ အရေးတော်ယူပြီး ရမထာရွှေကြိမ် ရေစိမ်လို့ ဆုံးမမှုဖြင့် လူလုံးမလှဘဲနေ ရော့မယ်။ နေမိုးရည်ရော် အချိန်ဖြင့် တော်ပြီ၊ သွားလေဦးမှ ရေးတော်ပုံလှမယ်"

လူပျိုသားနှစ်ယောက် စအထွက်ကတော့ ကြွေရရ စာနှင့်ပေနှင့် ဖြစ် သည်။

"ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်၊ မင်းနွယ်ကိစ္စ များ တတ်လှသတဲ့၊ မင်းမှုထမ်းဆိုတာ ကမ်းနားသစ်ပင်လိုပဲ၊ ကမ်းပါးသစ်ပင်တို့ မည်သည် နေ့ပြိုမည်မသိ၊ ညဉ့်ပြိုမည်မသိ၊ အရှင်တလည် မချစ်ကြည်က မည်မသင့်ငြား၊ လည်နှင့်ဓားတဲ့၊ အရှင်မုန်းက ကာသိကရာဇ်လုံး ပျက်ပျက်ပြုန်း ဆိုတာလို . . . "

အတည်အခန့် ရွတ်နေရာမှ တဖြည်းဖြည်းဖောက်လာသောအခါ ပရိ သတ်မှာ တအုန်းအုန်း ပွဲကျတော့သည်။

အမေလည်း ရယ်ရင်းမောရင်းဖြင့် တဖြည်းဖြည်းရှေ့တိုးသွားလိုက်သည် မှာ ဝန်ကြီး၏ သိုရင်းကို လှမ်းဆွဲလို့ရသည်အထိ ရှေ့ဆုံးရောက်သွားသည်၊ သမီး မင်းသမီးကို ယင်ဖိုတောင်မသန်းရဆိုတဲ့ ယက္ခကုမ္ဘန်လို ဝန်းရံစောင့်ကြပ်

http://www.nyisay.com



နေသည့်အဖြစ်ကိုလည်း အမေ မေ့သွားသည်။ မရွှေမြင်ကတော့ လက်ဝဲချောင် သပေါ့ဖျာပေါ်မှ မရွှေ့သား အလှည့်စောင့်ရသည့် မင်းသမီးလေ။

ဝန်နှင့် လူပျိုတော်သားတို့ တဝါးဝါးဖြစ်နေသော ထိုအချိန်မှာပင် မရွှေမြင်ထိုင်နေသည့် ဖျာအနီးသို့ အသံတစ်သံ ရောက်လာလေသည်။

"မရွှေမြင် . . . ကျုပ် စကားပြောပါရစေနော်"

မရွှေမြင် မော့်ကြည့်လိုက်သည်။

ပဝါပတ်ပေါင်းတွင် ခေါင်းပေါင်းစကို တွဲရရွဲချလျက်၊ မဲပုဆိုး ခါးပုံစကို လည်တွင် ပြန်သိမ်းချိတ်ဆွဲလျက်၊ ပင်နီရင်စေ့ ခါးတိုအကျီထက်မှာ လက်ဝဲရင်အုံပေါ် လက်တင်လျက် ယောကျ်ားတစ်ယောက်၏ ပြုံးစစမျက်နှာ။

"အခွင့်ပေးရင်တော့ အရေးစကား ဆိုပါရစေ မရွှေမြင်။ ကျုပ်နာမည်က မောင်ညိုပါ။ လယ်တော်အုပ်အရာနဲ့ အမှုတော်ထမ်းပါတယ်။ ဇာတိက နတ်မောက်ရဲ့ ဟိုဘက်က လဲဘူးရိုးမဆီကပါ။ မရွှေမြင် ကတဲ့ ဟောဒီမြေဝိုင်းပွဲကို ကျုပ် လိုက်ကြည့်တာ သုံးခါရှိပါပြီ"

အမေ၊ အမေကလဲတော် . . . ဘယ်ရောက်နေတာလဲ။ အရေးထဲဆို အမေက ပျောက်နေပြီဟု မရွှေမြင် အော်ခေါ်မိသော်လည်း အသံက မထွက်လာ။ ခက်လိုက်တာ။ ကြောက်လဲ ကြောက်လိုက်တာ။ လူပျိုလူရွယ်တစ်ယောက်၏ နှစ်ကိုယ်ကြား စကားပြောခြင်းကို တစ်ခါမှ မကြုံစဖူး။

"လယ်တော်အုပ်အရာနဲ့ အမေအိုကြီးကို လုပ်ကျွေးနေပါတယ် မရွှေမြင်။ အသောက်အစား၊ အပျော်အပါးလဲ ကင်းသူပါ"

အို . . . ဒုက္ခပါပဲတော်။ ဘာတွေလာပြောနေမှန်းလဲ မသိ။ မျက်လုံးအကြည့်တွေကလဲ တိုင်ထိပ်အင်တုံထဲက ရေနံချေး မီးရောင်အောက်မှာ စူးစူးရှရှ ရှိလွန်းလှပါ့တော်။

မရွှေမြင် ခေါင်းငုံ့ပစ်လိုက်ရသည်။ ရှက်စိတ်က တစ်ကိုယ်လုံးအနှံ့ ပြန့်သည်။ သပေါ့ဖျာစွန်းကိုပဲ လက်သည်းနှင့် အတွင်သား ကုတ်ခြစ်နေမိသည်။

"ကျုပ် ပွဲပြီးအထိ ကြည့်နေမယ်နော်။ ဟောဟိုထောင့်က လှည်းဟာ ကျုပ်လှည်းပါပဲ။ ဒါပဲနော်။ ကျုပ် ခုလိုလာတာကို မရွှေမြင့်အမေ အရီးလေးဒေါ်ကြေးယုံကို ပြန်တိုင်မှာလားဟင်"

ဒုက္ခပါပဲနော်၊ အမေ့နာမည်ကိုတောင် သူ သိနေပါရောလား။ လယ်တော်အုပ်တဲ့။ ဒါဆို သူက မင်းပေါက်စိုးပေါက်၊ မင်းမှုထမ်းကြီးပေါ့။ မရွှေမြင်ကြောက်

http://www.nyisay.com



ပါတယ်။ ခက်တော့တာပဲ။ ဒီည ကောင်းကောင်းကလို့မှ ရပ့ါမလားမသိ။

"ကျုပ် သွားမယ်နော်"

ယောင်ယမ်းပြီး တစ်ချက်မော့အကြည့်တွင် အရောင်လက်နေသော သူ့မျက်လုံးတွေကို အတိုင်းသား တွေ့ရပြန်သည်။ ချက်ချင်း ခေါင်းပြန်ငုံ့လိုက်သည်။

အို . . . အရေးထဲမှာ ဝန်နဲ့ လူပျိုတော်သားတွေ နန်းတော်ထဲရောက်၊ အပျိုရံရွှေတော်တွေနဲ့တွေ့ပြီး ပြက်လုံးတွေထုတ်နေကြတာက . . .

"ရွှေမှုန် ငွေမှုန် ပန်းဝတ်ကယ် စုံသလေလေ့ . . . ထုံလေ မာလာမာလာ သင်းပျံ့တော့တယ် . . . အို . . . ရွှေကြက်ရုံးမှာလ . . . အို ငွေကြက်ရုံးမှာလ . . . ပျားပိတုန်းက ပျံတော့တယ်"

ရှက်ပါတယ်ဆိုနေမှ ဒီလက်စွဲ လူပျိုကြီးကလဲနော်၊ မရွှေမြင်နဲ့ ဟို လယ်တော်အုပ်ကိုများ မြင်သွားလေသလား မသိ။

"တို့တော့မယ်တဲ့ ဆိတ်တော့မယ် . . . ဆိတ်တော့မယ်တဲ့ တို့တော့မယ် . . . ဘယ်ခြောက်ကာ ညာကဖမ်း . . . နမ်းမိလိမ့်မယ်၊ လေးတောင်ပြည့် ခန်းသာလယ် ငါးတောင်ပြည့် ခန်းသာလယ် . . . မောင်မောင်ရွယ်သည့် စံပယ်ကုံး အလိုဗျာ . . . မင်းဘယ်သို့တုံး"

## (၃)

"မင်းကတော် စိုးကတော်ဖြစ်ရမယ်လို့ ဇာတက ပြထားတာဟာ လယ်တော်အုပ်လောက်နဲ့တော့ မဖြစ်သေးဘူးဟ။ သမီးက ထီးပေါက်နန်းပေါက် အထိ ဖြစ်ရမှာ"

ဟု အဘက ပြောသည်။ အမေကလည်း . . .

"ငယ်သေးတယ် သမီးလေးရယ် . . . သိပ်ငယ်သေးတယ်၊ ပြီးတော့ မြေဝိုင်းမင်းသမီး မရွှေမြင်ဆိုပြီး နာမည်လေးက တစ်ရှိန်ထိုး တက်နေချိန်၊ အညွန့်ကလေး အဟုန်ကောင်းနေချိန်"ဟု ပြောသည်။

သို့သော် မောင်မောင့်ကို ချစ်လိုက်ပါတဲ့ သည်အာရုံကြောင့် ရွှေမြင်းမိုရ်ရိ တစ်တောင်လုံးကို တုံးမှတ်လို့ ခုန်ခဲ့ပြီ။ မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးငှက်ရှင် အဘနှင့် အမိတည်းဟူသော သံယောဇဉ်ကို တုံးမှတ်ကာ ခုန်ခဲ့ပြီ။ ချစ်

http://www.nyisay.com



သော ကိုရင်ညိုနောက် ကောက်ကောက်ပါ လိုက်ခဲ့ပြီ။

အဘနှင့် အမေတို့စကား ပယ်ရှားမိခဲ့သည်ကြောင့် ရှိုက်ငင်ယိုစီးခဲ့သော မျက်ရည်တွေကို ကိုရင်ညိုက တယုတယ သုတ်ဖယ်ပေးလိုက်သောအခါ ပါးပြင်ပေါ်မှ မျက်ရည်စများလည်း သွေ့ခြောက် ရပ်တန့်သွားကြလေသည်။

ချစ်ခင်ပွန်းနှင့်အတူ နတ်မောက်၏ ဟိုးတစ်ဘက် ရိုးမနားက လဲဘူးလယ်တော်ဝိုင်းများရှိရာသို့ မရွှေမြင် လိုက်သွားသည်။ ရေနံချေးအင်တုံ မီးရောင်တို့မှ တရှိန်ရှိန်တောက်လဲ့နေသော မြေဝိုင်းဇာတ်တလင်းပြင်ကို ကျောခိုင်းခဲ့သည်။ ချစ်သူ့မျက်နှာကား တစ်ရွာမက တစ်ကမ္ဘာ တစ်လောက အို . . . စကြဝဠာလို့ပင် မရွှေမြင်ထင်သည်။

သည်လိုနှင့် သားကြီး ညာဘွားကို ဖွားမြင်ခဲ့သည်။

တစ်သားမွေး တစ်သွေးလှလေသော ဆုတောင်းကောင်းကြောင့် မရွှေမြင် အပေါ် လယ်တော်အုပ် ချစ်ခင်ပွန်းက အချစ်အကြင်နာတွေ ပိုလို့သာ လာခဲ့သည်။

သို့သော် ဥဿုံပြိမ်သက်နေသော အိမ်ထောင်ရှင်ဘဝကို တည်ထောင်တော့မည်ဟု ကြံကာမှ ဘဝတစ်ချိုးသည် တစ်ချိုးကွေ့ ပြောင်းခဲ့ပြန်လေသည်။

လဲဘူးရွာ ဘုရားပွဲသို့ ရောက်လာသော မြေဝိုင်းဇာတ်ထဲမှ နာမည်ကျော် ဆရာမွန်းကြီးသည် မရွှေမြင်ကို တွေ့သွားသည်။

"ဟ . . . ဒီကလေးမဟာ တောင်တွင်းကြီး မရွှေမြင်ဆိုတဲ့ မင်းသမီး မဟုတ်လား။ ဘာရယ် . . . အိမ်ထောင်ရက်သားကျပြီး ဒီရောက်နေတယ် ဟုတ်စ။ အလိုလေး . . . ငါ့လူတို့ရယ်၊ သစ်ခေျာတောမှာ ပေါက်တယ်ဆိုပေမယ့် အဲဒီသစ်ချောရဲ့ ဂုဏ်သတင်းဟာ တောထဲမှာနေလို့ကတော့ ဘယ်တော့မှ မသင်းဘူးမှတ်၊ ကြည့်စမ်း . . . နှမြောစရာကောင်းလိုက်တာ။ စန္ဒကူးဟာ တောထဲမှာ သန္ဓေယူပေမယ့် ရွှေနန်းတော်ရဲ့ ပြသာဒ်မွှမ်းချွန်မှာ စံပယ်ရတာ ကလား လူတို့ရဲ့၊ ဟေ့ . . . လယ်တော်အုပ် ကိုရင်ကလေး ဘယ့်နှယ် . . . ဘယ့်နှယ့် အဖိုးတန်ရတနာကို လက်ဝါးပေါ် တင်ပြမထားဘဲ လက်သီးထဲ ထည့်ဆုပ်ထားရတာလဲ။ အလိုလေး လူတို့ရယ် . . . ရတနာကို ရတနာမှန်း မသိလိုက်ကြတာ"

စင်စစ် ဆရာမွန်းကြီးနှင့် မတွေ့ခင်ကတည်းကပင် မရွှေမြင်၏ သွေးထဲမှ အနုပညာတို့သည် အဟုန်ပြင်းစွာ လှည့်လည်စီးဆင်းနေနှင့်ကြပြီ။ ခိုးရာ

http://www.nyisay.com



လိုက်ခဲ့စဉ်က ဖာထဲမှာပါလာသော ထိုင်မသိမ်း၊ ရင်စည်း၊ မဲထဘီနှင့် ဆာပါ ပဝါတို့ကို ထုတ်ထုတ်ကြည့်မိသည်မှာ အကြိမ်ပေါင်း မရေတွက်နိုင်တော့ပြီ။

"ကဲ . . . ဘယ့်နှယ်လဲ လယ်တော်အုပ်ကလေးရဲ့ ကောင်းကင်ပေါ်က လဆိုတာ လောကဓာတ်တစ်ခုလုံးကို အေးမြတဲ့ အလင်းရောင်ပေးနေတာ မဟုတ်လား။ လမင်းကြီးဆိုတာ လူအများကို စိတ်ကြည်နူးစေရမယ်။ ကိုရင့်ဟာက လယ်တော်အုပ် ကတော်လေးကို တစ်ယောက်တည်း အလှကြည့်နေလေတော့ လမင်းကြီးကို ဘယ်သူမှ မမြင်စေရ၊ ငါတစ်ယောက်တည်း ကြည့်မယ်ဟ ဆိုသလို ဖြစ်နေပြီ။ မရွှေမြင့်ဟာ လမင်းကြီးဗျ၊ လမင်းကြီး။ ကိုရင်က ဒါကို တစ်ဦးတည်းပိုင်ချည်း လုပ်မထားစမ်းပါနဲ့၊ လောကဓာတ်မှာ ထွန်းလင်းစမ်းပါစေ၊ တောက်ပစမ်းပါစေ။"

ဆရာမွန်းကြီးစကားကို နားထောင်ရင်း ပြောချက်ကတော့ ပိုင်ပါပေ့ဟု မရွှေမြင့် တွေးမိသည်။ ခင်ပွန်းသည်ကိုရင်ညိုက ဆရာမွန်းကြီးစကားကို ဘာပြန်ပြောရမှန်း မသိ ဖြစ်နေဟန်ဖြင့် ရှေ့မှ ကွမ်းအစ်ကို အဖုံးဖွင့်သည်။ ဆရာမွန်းကြီးက ပါးစောင်ထဲရှိ ကွမ်းဖတ်များကို ထွေးခံထဲသို့ ထွေးထည့်ကာ နွေးစရေနွေးကြမ်းဖြင့် ပလုပ်ကျင်းသည်။ ခံတွင်း အပြီးသတ် ရှင်းသည့်အနေဖြင့် ပြောင်းဖူးဖက်ကို တစ်ချက်ကောက်ဖွာသည်။ ပြောင်းဖူးဖက် မီးအစွဲညီအောင် တဖူးဖူး လှည့်မှုတ်ရင်း ဆက်ပြောပြန်သည်။

"ကျုပ်တို့သဘင်လောကမှာလဲ မြေဝိုင်းဇာတ်ဟာ တစ်ခေတ်ပြောင်းနေပြီဗျ။ ဟိုတုန်းကလို ရိုးပြတ်တလင်းပြင်တွေ့ရင် ခွင်လုပ်၊ ပန်းပင်စိုက်ပြီး ပန်းပင်လှည့်ကတဲ့ မြေဝိုင်း မဟုတ်တော့ဘူး။ ဗုံရှည်တီး၊ လင်းကွင်းတီး မင်းသားနဲ့ မင်းသမီးနဲ့ လက်စွဲနဲ့ လူလေးငါးခြောက်ယောက်ပဲ ပါတဲ့ မြေဝိုင်း မဟုတ်တော့ဘူး"

မီးစွဲညီ ပြောင်းဖူးဖက်ကို ရဲခနဲနေအောင် အားပါးတရ ဖွာလျက် . . .

"က,တဲ့သူရော၊ တီးတဲ့လူပါ ဆိုရင် မြေဝိုင်းအဖွဲ့သားဟာ လူဆယ့်လေးငါးယောက်ဖြစ်နေပြီဗျ။ ဆိုင်းဝိုင်းဆိုရင်လဲ စပေါ်ဦးစတုန်းကလို ပါချည်ပါခဲ့ မဟုတ်တော့ဘူး။ လခြမ်းဝိုင်းနဲ့ ကြေးဝိုင်းနဲ့ ဖြစ်နေပြီ။ ညလုံးပေါက် မိုးစင်စင်လင်းတဲ့အထိလဲ ကနေကြပြီ။ မြေဝိုင်းတစ်ခေတ် အခုလို စန်းလင်္ဂါတာ ကောင်းလာချိန်မျိုးမှာမှ ကျုပ်သမီး မရွှေမြင့်တို့က ဒီ လဲဘူးရွာကလေးမှာ လာပြီး ဇာတ်မြုပ်နေရတယ်လို့။ အင်း . . . စဉ်းစားပေါ့ လယ်တော်အုပ်မင်းလေးရယ်"

http://www.nyisay.com



ဆရာမွန်းကြီး၏စကားသည် ကိုရင်ညို့ မေတ္တာစေတနာမီးခဲပေါ်မှ ပြာများကို ဖူးခနဲ မှုတ်ပေးလိုက်သော စကား။ သည့်ထက်မူ မရွှေမြင်၏ သဘင်ဗိဇ သဘင်ပါရမီတို့ကို မြေဝိုင်းကညင်ဆီ မီးတိုင် ရေနံချေးခွက်ထဲ လဲဝါစေ့များ ထည့်ကာ ပေါက်ပေါက်ဖောက် မီးရှိန်မြင့်လိုက်သည့်အလား ရဲခနဲ၊ လင်းခနဲ ဖြစ်သွားစေသော စကား။

"ဘယ်လိုလဲ . . . လယ်တော်အုပ်ကလေး၊ ဘယ်လိုလဲ မရွှေမြင်"

ရေနွေးကြမ်းပန်းကန်ထဲမှ လက်ကျန်တစ်ဝက်ကို အားပါးတရ မော့ချလိုက်ပြီးနောက် ဆရာမွန်းကြီးက ဇနီးမောင်နှံတို့၏ မျက်နှာများကို တစ်လှည့်စီကြည့်၍ မေးသည်။

မရွှေမြင်နှင့် ကိုရင်ညို အကြည့်ချင်းတိုက်ဆုံသည်။ ထက်သန်သော မျက်လုံးနှစ်စုံ အပြန်အလှန် ထွင်းဖောက်သည်။ တက်ကြွသော အပြုံးကိုယ်စီတို့ ဖြစ်ပေါ်သည်။

ကိုရင်ညို ခေါင်းဆတ်အညိတ်တွင် မရွှေမြင် ကြည်နူးအားတက်အပြုံးဖြင့် တုံ့ပြန်သည်။

ϟ

(၄)

"စခန်းဘွေချာ . . . အပန်းဖြေကာ . . . ငယ်ဗျာ . . . ငါး . . . ငါး. . . ငါး . . . ငါး ငါး . . . လှမ်းခြေတစ်ထွာက အိုလေး . . . ထထပါဦးတော့ . . . ခင်ရေ့ . . . "

မင်းသားအဆိုပိုဒ်အစတွင် မရွှေမြင်က တစ်ဘက်သို့လှည့်ထိုင်ကာ ပြောင်းဖူးဖက်ကြီး ဖွာနေလိုက်သည်။ မင်းသမီးကြီး မစိန်ဖော့၏ အမူအရာကို မရွှေမြင် အမှတ်တရအတုခိုးသည်။ သို့သော် မစိန်ဖော့က အသက်အရွယ်ကြီးရင့်သူ၊ မရွှေမြင်က အခုမှ အသက်နှစ်ဆယ်ကျော်၊ အလှသွေးတို့ စွေးစွေးဖွံ့နေချိန်။ ပြီးတော့ . . . တသားမွေး၍ တသွေးလှထားသူ။

စုံမြိုင်လယ် . . . လင်သယ် ထူမယ်ဗျ . . . ထကွယ် . . . ကြွကွယ် အလှမယ်. . . နှမရယ် နှမလေးရဲ့ သက်လျှာ ခင်ရယ် . . . ။

http://www.nyisay.com



မင်းသားက အနားကပ်လာသည်နှင့်အမျှ မရွှေမြင်က ပဝါတစ်ကမ်း လက်တစ်လှမ်း ပို၍ဝေးအောင် တိုးရွှေ့သည်။ မင်းသားကို ကျောခိုင်းသည်။ ပြောင်းဖူးဖက် မီးခိုးထောင်းထောင်း အဖွာမပျက်။

တောငယ်ကကြမ်း . . . မောတယ်လာ့ပန်း . . . ချောမယ် ထစမ်း . . . တိုးလေကွာ . . . ရွှေ့လေဆီသို့ လှမ်း . . . ။

မင်းသား၏အဟဲကို မရွှေမြင်က အသံမထွက်ဘဲ မျက်နှာအမူအရာ အချွဲဖြင့် ရှုပ်ခံထားလိုက်သည်။

စခန်းလေ . . . အတော်ကွာ နော်ဗျာ . . . နာဂရာရွှေပြည် နီးပါပေါ့ . . . စခန်းလေး လေး . . . အတော်ကွာနော်ဗျာ . . . နာဂရာရွှေပြည် နီးပါပေါ့ . . . ရွှေပဝါရင်မှာ စည်းပါလို့ . . . လက်ကိုင်ဆောင် ရွှေထီးရယ်နဲ့ . . . အပြီးပရင်မှာ ခင်ကညာ . . . မေတဆွဲကို ဖေတွဲခေါ်ပါ့ . . . ဗျာငါး . . . ဆာငါး . . . ညာဘွားမိတ်ကလျာ . . . ဗျာ ငါး ငါး ငါး ငါး . . . ဆာ ငါး ငါး . . . ငါး ငါး . . . ညာဘွား မိတ်ကလျာ ရိပ်ဆာယာ . . . နန်းမအလယ် တစ်ဆိတ်စာလှမ်းပကွယ် . . . မိတ်ကလျာ ပန်းသလားကွယ် . . . ဘမရာရွှေပြည်ကိုလေး . . . အပျို့ကို . . . အစ်ကို သနားလိုက်ပါရဲ့ . . . ကျောက်ခလုတ်တွေက များသနဲ့ . . . မောင်ဘုရားက ပိုက်ခဲ့မယ် . . . ထ ထ ထ နှမ လိုက်ခဲ့ကွယ် . . . ။

အဆိုပိုဒ်အပြီးတွင် နှဲကြီးက ချွဲပျစ်ပျစ် စဝင်သည်။ ကြေးဝိုင်းတို့က တို့ဆိတ်ပေးသည်။ ဗုံရှည်က ဗိန့်ဗိန့်ဟည်းသည်။ ပတ်လုံးသားရင်ပြင်ပေါ်က သံစဉ်များ ဖူးပွင့်လာကြသည်။

အတောထဲတွင် မရွှေမြင် သည်မှာဘက် ပြန်လှည့်လာသည်။ ပြောင်းဖူးဖက်ကို ဟန်ပါပါ အောက်ချသည်။ ထိုင်ရာမှ မထသေး။ ဒူးတုပ်လျက် ပုံ့ပုံ့ကျုံ့ကျုံ့ အနေအထား။

မင်းသားဘက်ဆီသို့ မျက်လုံးတစ်ချက်ဝင့် မျက်နက်တစ်ချက် ထောင့်ကပ်ကာ ဝေ့သည်မည်ကာမတ္တအကြည့် ဝေ့လိုက်သည်။ မရွှေမြင်၏ နာမည်ကျော်အကြည့်၊ ကညာကြည့်၊ ဗျာပါကြည့်။ သို့သော် ချစ်စဖွယ်၊ သနားစဖွယ်သော အမူအရာ။

ကန္တတောအလယ် ပြည်တော်ပြန်ခရီးလမ်းတစ်နေရာမှာ စခန်းတစ်ထောက်၊ လမ်းတစ်လျှောက်မှာ ဖဝါးတော်နုနု သွေးခြည်ဥကာ မောဟိုက်နွမ်း

http://www.nyisay.com



နယ်စွာဖြင့် ရှေ့ခရီးမဆက်နိုင်တော့သော မယ့်ဖြစ်အင်။

ပရိသတ်ဘက်သို့ မရွှေမြင် မျက်နှာမူသည်။

မင်းသားဘက်သို့ မခို့တရို့ကြည့်သည်။

မရွှေမြင်အဆိုပိုဒ် စသည်။

ကညာမေ . . . ဗျာကေစိုက်ကယ်က ကြိုက်လှတယ် . . . လိုက်ပါ့မယ်တော့် . . . ကညာမေ ဗျာကေစိုက်ကယ်က ကြိုက်လှတယ် . . . လိုက်ပါ့မယ်တော့် . . . ကညာမေ ဗျာကေဝိုက် ငိုက် ငိုက် ငိုက် ကယ်က ကြိုက်လှတယ် . . . လိုက်ပါ့မယ်တော့် . . . ။

"ငိုက် ငိုက် ငိုက် ငိုက်"အပိုဒ်တွင် မရွှေမြင် မေးငိုက်သံကို အပီဆိုသည်။

"အိမ်း . . . မရွှေမြင်တို့ နာမည်ကြီးတာလဲ မပြောနဲ့၊ ရုပ်ကလဲ အသားလေးညိုစိမ့်စိမ့်၊ ကွမ်းတစ်ကမ်းအလှ၊ မျက်နှာလေးကလဲ ကရုဏာအခံ၊ အကြည့်ကလဲ သနားကြည့်၊ ဆိုလိုက်ပြန်တော့လဲ အသံက မြေကျလဲသာ၊ တပေါင်လဲပဲ့၊ ပီလဲ ပီ မြည်လဲမြည်ဆိုတဲ့ အသံမျိုးကို . . . အင်း . . . "

ဘေးမှ ထိုင်ကြည့်နေသော ဆရာမွန်းကြီးက အနားမှ လက်စွဲလူပြက်ကို လှမ်းပြောလေသည်။

"ဟုတ်တယ်ဆရာကြီးရဲ့၊ မရွှေမြင်ဟာ . . . "

"တိတ် . . . တိတ် စကားမပြောနဲ့၊ ဟိုမှာ ဆက်ဆိုတော့မယ်"

လူပြက်စကားကို ဆရာမွန်းက တားလိုက်သည်။

မရွှေမြင်၏ သီချင်းသံ စီစီဝေဝေ လွင့်လာပြန်သည်။

"ကန္တာလယ် . . . ကြမ်းတယ် ဘုရာ့ . . . မြန်စွာတကယ် လှမ်းမယ်ပ . . . ကန္တာ ကန္တာ ကြမ်းတယ် ဘုရာ့ . . . မြန်စွာ မြန်စွာ လှမ်းမယ်ပ . . . ဝသုန်ကျေးက မာတယ်၊ အသားပုံလေးတွေ နာလှ . . . နာလှ . . . "

ခြေဖမိုး၊ ခြေမျက်စိကို လက်ချောင်းလေးများဖြင့် လှမ်း၍ ဖွဖွအုပ်ကိုင်ကာ မျက်နှာလေးကို မဆိုစလောက် ရှုံ့မဲ့လိုက်သောအသွင်ကား ပရိသတ် အားလုံး၏ရင်ကို ဖိုစေသော အသွင်။

"ဝသုန် . . . ဝသုန် ကျေးက မာတယ် . . . အသားပုံလေးတွေ နာလှ . . . နာလှ"

နာကျင်မှုဖြင့် ပင်ပန်းနေရာမှ ချက်ချင်းပင် အားယူမဲ့တင်းသော အမူ

http://www.nyisay.com



အရာသို့ ပြောင်းသွားသည်။

"တယ် . . . ငယ် ငယ် ငယ် . . . တယ် . . . ငယ် ငယ် ငယ် . . . မြေတလင်းမှာ ခြေဆင်းထိုင်တော့မယ် . . . "

ခြေအစုံဆင်းကာ မြေပြင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည့် အသွင် ပရိသတ်ဆီမှ ဝေါခနဲအသံများ ထွက်လာလေသည်။

နေညိုညို ရွှေကိုယ်မယ်က ပန်းသလားဗျာ . . . လှမ်းပဲ့ကွယ် . . . မြန်းကြမယ် ပြည်ဌာနဆီသို့ . . . မနေးရောက်တစ်ခဏ . . . ချွေးတစ်ပေါက်ကျအို . . . ခင်ရဲ့ ဆေးသောက်ကြပါစို့ဗျာ . . .။

မြေဝိုင်းစခန်းချလိုက်သည်။ ဦးရစ်ခေါင်းပေါင်းများ၊ ပိုးပဝါများ၊ မြေဝိုင်းကခွင်ထဲသို့ တသောသော ကျလာသည်။ လက်ခုပ် လက်ခေါက်သံများ တဖြောင်းဖြောင်း တရွှီးရွှီး။

"မရွှေမြင့် . . . တောင်တွင်းကြီး မရွှေမြင့်"

ကာလသားများအုပ်စုဆီက သံပြိုင်အော်ကြသည်။

"လယ်တော်အုပ် ကိုရင်ညိုရေ . . . မနာလိုဘူးဗျို့"

ဝါးခနဲ ရယ်ကြသည်။

"တောင်တွင်း မရွှေမြင့်ရေ၊ မင်းကို အပျိုစင်နဲ့ မလဲနိုင်ဘူးဗျား"

"မလဲနိုင်လဲ မရဘူးမှတ်ဗျား . . . ကိုရင့်ကို လယ်တော်အုပ်က ဓားနဲ့လိုက်မျာပ"

"လိုက်လဲ လိုက်ပစေဗျို့ . . . မရွှေမြင့်ရေ ကယ်ပါဦးလို့ တစ်ချိုးတည်းပြေးမှာပေါ့ . . . "

"ဟ . . . ဘယ်အထိ ပြေးမှာတုံး ဟလူရဲ့"

"ရိုးမတောင်ခြေက လဲဘူးရွာအထိလေ"

"ဟား . . . ဟား . . . ဟား . . . ဟား"

အပျိုစင်မဟုတ်မှန်း၊ လယ်တော်အုပ်ကတော်မှန်း အစင်းသိနေကြသော ကာလသားများက အတိုင်အဖောက်၊ အချီအချ၊ နောက်နေကြသဖြင့် ပရိတ်မှာ တဝါးဝါးဖြစ်နေလေသည်။

"မရွှေမြင့်ရေ့ . . . လဲဘူးရွာကို မပြန်ပါနဲ့တော့ဗျာ။ ကျုပ်တို့ ရတနာပုံနေပြည်တော်မှာပဲ နေပါတော့"

တစ်ထောင့်မှ အသံ ထွက်လာပြန်သည်။ တစ်ဘက်ထောင့်ဆီမှ အသံ

http://www.nyisay.com



တစ်သံက ပြန်အော်မေးသည်။

"ယောက်ဖရဲ့ မရွှေမြင့်ကို နေပြည်တော်ခေါ်ထားပြီး နင်က ဘာလုပ်ကျွေးမှာလဲ"

"ဟာလိုလေး . . . ခက်ခက်လွှန်းလို့ သူ ကလေရာနောက် ထဘီဖာထမ်းလိုက်မှာပ"

တအုန်းအုန်း ရယ်ကြပြန်လေသည်။

"အားကိုးရသဟေ့ . . . ပြောင်းဖူးဖက်ဖိုးတောင် မတတ်နိုင်ဘဲနဲ့"

"ရပါသကောဗျာ၊ ဆရာမွန်းကြီးဆီက တောင်းမှာပေါ့"

လက်စွဲလူပြက်များပင် မဝင်သာတော့။ မရွှေမြင့်ကို အကြောင်းပြု၍ တစ်လှည့်စီ၊ တစ်ပြန်စီ လှမ်းအော်နေကြသော ကာလသားပရိသတ်ဖြင့်ပင် မြေဝိုင်းပွဲသည် စိုပြည်နေလေသည်။

· မရွှေမြင့်ကား သုဓနု၊ ဒွေးမယ်နော် ဇာတ်ထုပ်အတွက် အသင့် ဖြီးလိမ်းပြင်ဆင်ရင်း ကြည်နူးစွာနားစွင့်နေသည်။

"သမီး မရွှေမြင့် . . . အဘမပြောလား၊ ခုဆို ရတနာပုံမင်းနေပြည်အထိ သမီးနာမည် ရောက်လာပြီ မဟုတ်လား"

အနားသို့ရောက်လာသော ဆရာမွန်းကြီးကို မရွှေမြင့် လက်အုပ်ချီလိုက်သည်။ ကျေးဇူးရှင်အဘ။ ပတ္တမြားကို နွံထဲမှ ဆွဲထုတ်ပေးသောအဘ။

"ညည်း . . . မင်းပေါက်စိုးပေါက် ဖြစ်ဦးမှာပဲ"

ဆရာမွန်းကြီးက လေးနက်စွာဆိုကာ ပွဲခင်းဘက် လှည့်ထွက်သွားသည်။ "မင်းပေါက်စိုးပေါက် ဖြစ်ဦးမှာပဲ" ခမ်းနားလွန်းလှသော နိမိတ်စကားကြောင့် ဝမ်းသာခြင်းနှင့်အတူ ရင်ထဲမှာ ထိသွားသည်။ ဘာကြောင့်မှန်းမသိ၊ အားတက်ွှလန်းခြင်း၏ နောက်ပါးဝယ် စိုးနှောင့် ကြောင့်ကြခြင်းက မသိမသာ ကပ်လျှက်လိုက်ပါလာသလိုလို။

အို . . . အောင်မြင်ကျော်ကြားမှုဆိုတာ တစ်ခုခုကို အလျော်ပြန်ပေးရတဲ့ လောကဓံတရားပေပဲလား မရွှေမြင့် မပြောတတ်ပါရှင်။

၄

http://www.nyisay.com



(၅)

အမြင့်ဆုံးသစ်ပင်သည် ပို၍လေအတိုက်ခံရလေသည်။

မဝံ့မရဲဖြင့် တစ်ချက်မျှ မော်ကြည့်ပြီးနောက် ချက်ချင်းပင် မရွှေမြင် ခေါင်းငုံ့၊ မျက်နှာချလိုက်ရသည်။ သို့သော် တွေ့လိုက်ရသော မျက်နှာရုပ်ပုံက အကြောက်တရားနှင့် ယှဉ်လျက် အာရုံထဲသို့ ကပ်ငြိလိုက်ပါလာသည်။

ကျေးတစ်ရာခေါင်းပေါင်းနှင့် ခေါင်းပေါင်းစ တွဲရရွဲ။ နားသယ်ဆံစများ အကြားမှ ထိုးထွက်နေသော နားရွက်များတွင် ကြီးမားသော ပတ္တမြားနားတောင်းကြီးများ။ သိုးမွေးပွ သိုရင်းဖျင်။ ရဲရဲနီ ကြက်သွေးရင့် ချိတ်ပုဆိုး။

ဖိတ်လက်တောက်ပြောင်သော ဝတ်စုံများနှင့် လိုက်ဖက်ညီစွာပင် ထို အဆောင်အယောင်များကို ဝတ်ဆင်ထားသူကလည်း စူးစူးရဲရဲ နိုင်လွန်းလှချေ သည်။

ထူထဲမည်းနက်သော မျက်ခုံးနှစ်ဘက်မှာ အတွင်းတွင် ငိုက်ကျ၍ ဘေး နှစ်ဘက်သို့ ကော့ပျံသွားသည်။ ရက်စက်ခြင်း၏ သရုပ်ပေပဲလား။ မျက်ခွံသို့ မဆိုစလောက် အုပ်ကျနေသော မျက်လုံးအစုံသည် မသိတတ်နိုင်သော အခိုး အငွေ့တို့ဖြင့် ရီဝေတောက်ပြောင်နေကြသည်။ ထွင်းဖောက် တိုးလျှိုးအကြည့် တို့သည် ထိုမျက်လုံးအစုံဆီမှ မြားတံများလို စူးခနဲ တန်းခနဲ ထိုးထိုးကျလာတတ် ကြသည်။ ပါးလျ၍ တင်းတင်းစေ့သော နှုတ်ခမ်းများမှာလည်း အတန်သဖြင့် စိုစွတ်နေကြကာ သေးမျှင်ကော့ပျံ နှုတ်ခမ်းမွေးများအောက်တွင် တိရရိပေါ်လွင် နေသည်။ ထိုနှုတ်ခမ်းများသည် အမိန့်တစ်စုံတစ်ခုကို ပေးရန်သာ ဖွင့်ဟလှုပ် ရှားတတ်ဟန်ဖြင့် ပကတိ စေ့တင်းနေကြသည်။

အကြောက်မပြေနိုင်သေးသော ရင်တုန်ပန်းတုန် စိတ်ဖြင့် မရွှေမြင် ခေါင်းငုံ့နေဆဲမှာပင် အမိန့်အာဏာငွေ့ပါသော အသံက ဟိန်းထွက်လာသည်။

"တောင်တွင်းကြီး မရွှေမြင်တဲ့လား"

နားဝတွင်ကပ်လျက် ထစ်ချုန်းပေါက်ကွဲသည့် အလားပင်။

"မကြောက်ပါနဲ့ကွယ်၊ ဟဲ . . . ဟဲ . . . မော်ဖူးစမ်းပါ"

အမိန့်အာဏာကို ငြင်းဆန်ခုခံရန် အင်အားအလျဉ်းမရှိ။ ငုံ့ထားသော မျက်နှာကို ခက်ခဲပင်ပန်းစွာ ပြန်မော့ရသည်။ သို့သော် မြားသွားတွေလို စူးမြ သော ထိုမျက်လုံးကြီးများကို မကြည့်ရဲသဖြင့် မျက်လွှာကို ပိတ်ထားမိသည်။

http://www.nyisay.com



ကြောက်လန့်ခြင်းဖြင့် တစ်ကိုယ်လုံး အရည်ပျော်ကျသွားတော့မည်ဟု ထင်ရသည်။ ရွှေရေးသစ်စေးနံ့၊ အမွှေးဆီရနံ့တို့ဖြင့် ကြိုင်လှောက်နေသော နန်းဆောင်၏ ထူးခြားသောရနံ့တို့သည်လည်း ပီဘိ သူစိမ်းပြင်ပြင်။

"ဖွင့်ကြည့်စမ်ပါဦး မရွှေမြှင်လေးရဲ့"

မျက်စိအစုံကို အဖွင့်တွင် ကြောက်ရွံ့မှုက တစ်ရှိန်ထိုးကြီးထွားလာသည်။ မျက်လွှာပိတ်ထားခဲ့သည့် အချိန်အတွင်းတွင် နန်းဆောင်၏ အခြေအနေသည် ပြောင်းလဲသွားခဲ့ပေပြီ။

သဉ္ဇာလီအနီးတွင် စောစောက ခစားနေကြသည့် မှူးမတ်ဗိုလ်မင်းများ၊ ရံရွှေကိုယ်လုပ်တော်များ တစ်ယောက်မှ မရှိကြတော့။ တိတ်ဆိတ်နေသော အဆောင်တော်အတွင်းဝယ် နှစ်ဦးတည်း။

သဉ္ဇာလီမှ သူ . . . သူ . . . ထလာသည်။ အပါးသို့ တိုးချဉ်းလာသည်။

ပခုံးနှစ်ဘက်ကို တင်းတင်းကျပ်ကျပ် အဆုပ်ကိုင်ခံလိုက်ရသည်။ တစ်ကိုယ်လုံး သွေးလှည့်ရပ်ကာ အေးခဲသွားပြီထင်သည်။ နီစပ်စပ် မျက်နှာပြင်ကြီးက နီးကပ်စွာဝဲလာသည်။ ဆေးရည်နံ့ထောင်းထောင်းရှူရှိုက်ရသည်။

"မရွှေမြှင်၊ မင်းဟာ သဇင်ပန်းပဲ။ သဇင်ပန်းဆိုတာ နန်းနဲ့ပဲထိုက်တယ်။ တော်ဝင်ပန်းဟာ ဘောက်မဲ့ကြောင့် မြေဝိုင်းဇာတ် တလင်းပြင်တွေကြားထဲ ရောက်နေရမှာလဲ။ မြတ်နိုးတော်မူလို့ ကောက်တော်မူခြင်းခံရတဲ့အတွက် မင်း ဝမ်းသာပေတော့ မရွှေမြှင်"

"မင်းလေးဟာ ကိုယ်တော်ရဲ့စိတ်ကို ယူကျုံးဆွဲငင်နိုင်စွမ်းတဲ့ အလှလေးပဲ။ မင်း မြေဝိုင်းဇာတ်ထဲ ပြန်မသွားရတော့ဘူး။ ရနောင်ဇာတ်တော်ကြီးရဲ့ နန်းဆောင်မှာပဲ စံမြန်းရမယ်။ မင်းအလှ မင်းအနုပညာကို ငါတစ်ကိုယ်တည်းပဲ ခံစားမယ်။ ရနောင်မောင်မောင်တုတ် တစ်ဦးတည်းသာ ပိုင်ဆိုင်ခွင့်ရှိမယ်ကြားလား၊ ဟဲ . . . ဟဲ"

"ဘုရား၊ ဘုရား၊ မောင်ကြီးကိုရင်ညိုရေ . . . မတတ်နိုင်တော့ဘူးလား၊ ကျွန်မလေ . . . ကျွန်မ"

ကြက်သွေးရင့်ကတ္တီပါကော်ဇောသည် မျက်ရည်နှစ်စက်ကို အပြီးတိုင် စုပ်ယူသောက်မျိုလိုက်လေသည်။

၄

http://www.nyisay.com



(၆)

အမိန့်အာဏာသည် ဘဝတစ်ခုလုံးကို ချေမှုန်းတိုက်စားသွားလေသည်။ အို . . . ဘဝတစ်ခုလုံး မကပါဘူးလေ။ ဘဝ လေးခုပါ။ မရွှေမြင်၊ မောင်ကြီးကိုရင်ညို၊ ပြီးတော့ သားကြီးညာဘွားနဲ့ သားငယ် သက်ထား။ လေးယောက်သော လူတို့၏ လေးခုသောဘဝ။

"ဟော့ . . . မရွှေမြင်၊ မင်းယောကျ်ား လယ်တော်အုပ်တွေ ဘာတွေ အေးဖယ်ထားလိုက်၊ ကွာရှင်းလိုက်။ မင့်ယောကျ်ားနေတဲ့ ဒေသက ဘာလဲ . . . အဲလဲဘူးရွာတဲ့လား၊ အဲဒီရွာကို လူလွှတ်ပြီး ကွာရှင်းကြောင်း သဝဏ်စေလိုက် . . . ဒါပဲ"

ငှက်ပျောတောထဲကို လက်နက်စကြာယန္တရားတစ်ခု ဝင်ရောက်ထိုးခွဲသွားသည်ကမှ မြင်လို့ကောင်းဦးမည်။ ယခုတော့ . . .။

ဓားသွားက ကုပ်ပေါ်ဝဲရုံမက ထိထိရှရှ တင်ကာထားလေသောအဖြစ်မို့ နှလုံးသည်းပွတ်ကို ရင်မှ ထုတ်ယူပေးလိုက်ရတော့သည်။ သို့မဟုတ်ပါက မောင်ကြီးကိုရင်ညို၊ သား ညာဘွားနှင့် သက်ထားတို့မှာ ဩဇာအာဏာအောက်တွင် အသက်ပျောက်သွားနိုင်သည်။

"ကိုယ်တော်ကြီးဘုရားရဲ့ အမိန့်ကို မလွန်ဆန်ဝံ့ပါဘုရား။ သို့သော် ငယ်လင်ငယ်မယားဖြစ်သည့်အတွက် ဘုရားကျွန်မကိုယ်တိုင် ရွာ ခေတ္တပြန်ခွင့်ပြုတော်မူဖို့ . . ."

"ဘာ . . . ရွာပြန်ပြီး ဘာလုပ်ဦးမှာလဲ"

"သနားတော်မူပါ ကိုယ်တော်ကြီးဘုရား။ လူမမည် သားနှစ်ယောက်ကို လုပ်ကျွေးစောင့်ရှောက်ဖို့ ကိုယ်စား မိန်းမတစ်ဦးကို ဘုရားကျွန်မ ကိုယ်တိုင်ရှာပြီး အပ်နှင်းပေးပါရစေ ဘုရား"

နှုတ်ခမ်းမွေးကို အတန်ကြာပွတ်သပ်ကာ ငြိမ်သက်နေပြီးမှာ ရနောင်မောင်မောင်တုတ် အေးစက်စွာ အမိန့်ပြန်လေသည်။

"ကောင်းပြီ မရွှေမြင် . . . မင့်ကို မြတ်နိုးတော်မူလွန်းလို့ ခွင့်ပြုလိုက်တယ်။ မင့်စကားအတိုင်း ကတိတည်ပါစေ။ မင်းကို အသွားအပြန် ငါးရက်ပဲ ခွင့်ပြုလိုက်မယ်။ အေး . . . ငါးရက်ပဲနော် . . . ဟဲ . . . ဟဲ ရနောင်က မြတ်နိုးတော်မူလွန်းလို့ ခွင့်ပြုလိုက်တယ်အောက်မေ့ . . . နားလည်လား"

http://www.nyisay.com



နှုတ်က 'မြတ်နိုးတော်မူ'ဟူသော စကားကို ပြောနေစဉ် ရနောင် မောင်မောင်တုတ်လက်မှာ ကျောက်စီဓားရိုးပေါ်သို့ ရောက်နေလေသည်။

"နားလည်လားဟေ့ . . . မရွှေမြင်"

ဓားအိမ်ထဲမှ ဓားသွားကို ဆွဲမထုတ်စေကာမူ နန်းဆောင်တစ်ခုလုံး ဟိန်းသွားအောင် အော်ငေါက်လိုက်သော အသံကပင် ဓားလွတ်တစ်စင်းလို ထက်မြနေလေသည်။

"မှန်ပါ့ဘုရား . . . မှန်ပါ့ဘုရား"

အုပ်ချီထားသော လက်အစုံထက်သို့ မျက်ရည်ပေါက်တို့ ကျရပြန်ပေပြီ၊

၄

ချစ်ခြင်းတို့ဖြင့် အပြန်အလှန်တည်အပ်သော အကြည့်နှစ်ခုကြားတွင် ရာဇအာဏာသည် ပိုင်းခြားနေသည်။ စီးသွန်ကျသော မျက်ရည်တို့သည် ကျောက်စီဓား၏ အသွားကြောင့် ခြောက်သွေ့ ငွေ့ပျံသွားသည်။

မောင်ကြီးကိုရင်ညိုလည်း ဘာမှ မပြောနိုင်။ အံကိုသော်မှ မကြိတ်။ တက်ကိုသော်မှ မခေါက်နိုင်။ ကြေကွဲပျက်ပြုန်းခြင်းနှင့် အကြောက်တရားတို့၏ ဖိနှိပ်နင်းခြေမှုအောက်ဝယ် စကားလုံးများပျောက်ဆုံးကာ ဆုပ်ကိုင်မိကြသော လက်တို့သည်သာ တဆတ်ဆတ်တုန်ယင်နေကြသည်။

"မရွှေမြင်ကို ခွင့်လွှတ်လိုက်ပါတော့ မောင်ကြီးရယ်"

ဟူသော အသံသည် နှလုံးကိုကြိတ်ခြေ၍ ထွက်ပေါ်လာရသဖြင့် တိုးတိမ်မှိန်ပျော့နေသည်။ မောင်ကြီးကိုရင်ညိုကား ဝေဒနာကို အစွမ်းကုန် မျိုသိပ်နေရဟန်ဖြင့် စကားတစ်ခွန်းမှ မဆိုနိုင်။ ထာဝရလွှတ်ပေးရတော့မည် ချစ်ဇနီး၏ လက်အစုံကိုသာ နောက်ဆုံးအကြိမ်အဖြစ် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။

သား ညာဘွားနှင့်သက်ထားတို့ကား မိဘနှစ်ပါးထံမှ ကူးစက်သွားသော ဝေဒနာအရှိန်ဖြင့် တိတ်ဆိတ်ငြိမ်သက် ညှိုးရော်နေကြလေသည်။

"သေကွဲ ကွဲရတာထက်စာရင် ရှင်ကွဲ ကွဲရတာကမှ တော်လို့မ်ဦးမယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်ပြီး အခုလို . . . "

"တော်ပါတော့ မရွှေမြင်ရယ်၊ ကျုပ် နားလည်ပါတယ်။ ဆက်မပြောပါ

http://www.nyisay.com



နဲ့တော့။ မင်းမိန့်အာဏာကို ကျုပ်တို့က ဘာများ လွန်ဆန်နိုင်ဦးမှာလဲ။ ရနောင့်ဓား ဘယ်လောက်ထက်တယ်ဆိုတာ ကျုပ်တို့အသိပါ"

"မောင်ကြီးရယ်၊ သား ညာဘွားနဲ့ သက်ထားတို့နှစ်ယောက်အတွက်ပါ မရွှေမြှင် အခုလိုစီစဉ်တာကို လက်ခံပါနော်။ မောင်ကြီးနဲ့ သားတို့ကို လုပ်ကျွေးပြုစုဖို့ ကျွန်မကိုယ်တိုင် အပ်ခဲ့ပါရစေနော်"

"ရနောင် ကောက်တော်မူတဲ့ ကတော်စိုးမယားဖြစ်သွားလို့ မင်းလဲ စီမံတာတွေ၊ ခန့်ခွဲတာတွေ လုပ်တတ်နေပြီလား မရွှေမြှင်ရယ်"ဟု လယ်တော်အုပ်ကိုရင်ညို ပြောလိုက်ချင်သော်လည်း ပြောမထွက်။ ဆရာမွန်းကြီးကို ရည်စူးတိုင်တည်ကာ "အဘရေ . . . အဘပြောခဲ့သလို အဘသမီး မရွှေမြှင်ဟာ မင်းပေါက်စိုးပေါက်တော့ ဖြစ်ခဲ့ပါပြီ။ ဒါပေမယ့် သူ့ မင်းပေါက်စိုးပေါက်က ကျုပ်တို့နှလုံးသွေးတွေ ပေါက်ပေါက်ကျရတဲ့ အဖြစ်ပါလားဗျာ"ဟုလည်း အော်လိုက်ချင်သည်။ သို့သော် မအော်သာ၊ မလှုပ် မရှုန်းသာ။

ရှူးသွားကြရင်ကောင်းမယ် မရွှေမြှင်ရေ . . . အားလုံး ရှူးသွားကြရင်ကောင်းမယ်။ အို . . . အခုလဲ မင်း သွေးရှူးသွေးတန်း စီစဉ်နေတာ မဟုတ်လား။ ဘာတဲ့ . . . ချစ်လင်နဲ့ သားနှစ်ယောက်အတွက် မိန်းမတစ်ယောက်ကို ဝတ်ပြုလုပ်ကျွေးဖို့ ရှာပေးခဲ့မယ်တဲ့ . . . ဟုတ်စ။ မင့် နှလုံးသားကို မင်း ကိုယ်တိုင်ထုတ်ယူပြီး ယဇ်ပူဇော်နေတယ်ဆိုတာကိုကော မင်း သိရဲ့လား မရွှေမြှင် . . . မြေဝိုင်းမင်းသမီး မရွှေမြှင် . . . ။

နှုတ်မှ မပွင့်သာသော စကားလုံးများဖြင့် ရင်သည် ပေါက်ကွဲမတတ်တင်းကျပ်လာသည်။ ယောကျ်ားတန်မဲ့ ငိုကြွေးရအောင်ကလည်း ညာဘွားနှင့်သက်ထား သားနှစ်ယောက်ရှေ့တွင် ဖအေ့မျက်ရည်တို့ကို မပြလို။

"ရနောင်ကိုယ်တော်ကြီးက ငါးရက်ခွင့်ပေးလိုက်တယ် . . . မောင်ကြီးကိုရင်ညို"

ဆုပ်ကိုင်ထားသောလက်ကို လွှတ်ဖြေကာ ကိုရင်ညို အတွင်းခန်းထဲသို့ ဝင်သွားသည်။ အမှန်တော့ ဆောက်တည်မဲ့အဖြစ်ဖြင့် မရွှေမြှင် ရှေ့မှောက်မှာ ဆက်မနေနိုင်တော့သောကြောင့် ဖြစ်သည်။

ကိုရင်ညို မျက်ကွယ်ရောက်တော့မှ မရွှေမြှင် မျက်နှာကို လက်ဝါးနှစ်ဘက်သို့ အပ်သည်။ ပခုံးအစုံတို့ သိမ့်သိမ့်လှုပ်သည်။ သည်းထန်စွာ ချုံးပွဲချငိုဖြစ်သည်။ ရှိုးသား အေးချမ်းခဲ့လေသော ဘဝလေးသည် ထိုမျက်ရည်များ၏

http://www.nyisay.com



တိုက်စားဖျက်ဖြိုခြင်းအောက်ဝယ် အပြီးတိုင် ကြေပျက်သွားရလေတော့မည်။

ၐ

(၇)

လဲဘူးတစ်ရွာလုံး အုတ်အုတ်သဲသဲ ဖြစ်သွားသည်။

လယ်တော်အုပ် ကိုရင်ညို၏အိမ်ရှေ့တွင် ရွာသူရွာသားအားလုံး စုရုံးရောက်ရှိနေသည်။ အတိုးတိုး အဖွေ့ဖွေ့ အလုအယက် ရောက်လာကြသောလူစုလူဝေးသည် ကိုရင်ညို၏ အိမ်ရှေ့အရောက်တွင် အလိုအလျောက် မြေပြင်ထက်သို့ ဒူးတုပ်ပျပ်ဝပ်သွားကြသည်။

မမေ့နိုင်ပါ။ မရွှေမြှင် ဘယ်တော့မှ မမေ့နိုင်ပါ။

သည်လောက်ထိ ကြီးကျယ်သွားလိမ့်မည်ဟုလည်း မရွှေမြှင် မထင်ခဲ့မိပါ။ အခုတော့ . . .

ကြက်သွေးရင့် ကိုယ်ကျပ်ဝတ် ရဲမက်များအလယ်တွင် ရာဇအာဏာကို ကိုယ်စားပြုသော 'ကျိုင်း'တစ်ခုက ထိုးထွက်လျက်ရှိသည်။ ကျိုင်းတွင် စည်းနှောင်ထားသော ရဲရဲနီ ပဝါစသည် လေတွင် ဖျပ်ဖျပ်လှုပ်ယမ်းလျက်။ ကျိုင်းရှေ့တွင် စလွယ်သွယ်ပျောင်း၊ ဓားနားထောင်းဖြင့်၊ သိုရင်းဖြူဖြူဖြင့်၊ ဖော့လုံးခေါင်းပေါင်းစထောင်ဖြင့် ဝန်တစ်ပါးက ခမ်းနားသိုက်မြိုက်သောဟန်ဖြင့် မတ်တပ်ရပ်လိုက်သည်။ အမိန့်တော် ထုတ်ပြန်သည့် ထိုဝန်၏ နောက်ဘက်တွင်ကား . . .

ကကြိုးတန်ဆာ အစုံအလင်ဖြင့် ဆင်ကြီးတစ်ကောင်သည် မြေပေါ်တွင် ဒူးထောက် တုပ်ဝပ်လျက်ရှိချေသည်။

ဖော့လုံးခေါင်းပေါင်းစထောင်ဖြင့် ဝန်မင်းသည် ရှေ့နောက်ဝဲယာတွင် ဒူးတုပ်နေကြသူများ အားလုံးကို တစ်ချက် ဖြန့်ကျက်ကြည့်ကာ စာချွန်သဝဏ်ကို ဖြန့်လိုက်လေသည်။

ရွှေနန်းတော်ရှိ ရနောင်ကိုယ်တော်ကြီး၏ အမိန့်အာဏာအား ကိုယ်စားပြုသော ထိုစာချွန် ထုတ်ဆင့် ဖတ်ကြားသံကို မရွှေမြှင် မကြားရဲတော့ပါ၊ မကြားလိုတော့ပါ။

http://www.nyisay.com



နားနှစ်ဘက်ကို လက်ဖဝါးဖြင့် မအုပ်ရဘဲလျက် အမိန့်ပြန်သံသည် နားတွင်းသို့ မဝင်ရှိချေသည်။ အမိန့်ပြန်သံသည် အဝေးဆီမှ လွင့်မျောလာသလိုလို အနီးတွင် ပေါက်ကွဲနေသလိုလို တိုးတိမ်သွားလိုက်၊ ကျယ်လောင်လာလိုက်။

အသိနှင့်သတိသည် ကိုယ်တွင်မကပ်တော့ဟု ထင်ရသည်။ ကိုယ့်စိတ်နှင့်ကိုယ် ဘာကိုမှ မပြဋ္ဌာန်း၊ မလှုပ်ရှားနိုင်တော့သောဘဝတွင် အရိုးအဆစ်တို့ ကျိုးကြေအောင် ကိုင်အရိုက်ခံလိုက်ရသည့် မြွေတစ်ကောင်နှယ် မခြား ရှိလေသည်။

အမိန့်ပြန်စာချွန် မည်သို့ ပြီးဆုံးသွားသည်ကိုပင် မသိတော့။

မိမိစိတ်နှင့် မိမိကိုယ် ဘာကိုမှ မစိုးပိုင်တော့သော ဘဝတွင် ဘာကိုမှ အမှတ်မထားမိနိုင်။ ချစ်ခင်ပွန်း ကိုရင်ညို၊ သား ညာဘွားနှင့် လူမမည် လသားအရွယ် သက်ထား၊ သားနှစ်ယောက်တို့၏အသွင်။ အို . . . တစ်ခဲနက် ဝိုင်းအုံနေကြသော လဲဘူးရွာသူရွာသားတို့၏ မျက်နှာများ၊ အားလုံး အားလုံးသည် ပိပြင်ပြတ်သားခြင်း မရှိတော့ဘဲ တစ်သားတည်းမခြား ထွေပြားမှုန်ရီနေသည်။

နှစ်ခုတည်းကိုသာပဲ မရွှေမြင် သတိရတော့သည်၊

ဆင်ကျောကုန်းအလယ်က ပုခက်ထဲသို့ တက်ထိုင်လိုက်ရခြင်းနှင့် ငြိမ့်ခနဲ လှုပ်သွားသော ဆင်ကြီး၏ ပထမခြေလှမ်း။

သည့်နောက်တွင်မူ . . .

တဲတဲမျှင်မျှင်ကလေးသာ ကျန်တော့သော ဘဝဟောင်း ကြိုးကလေးတစ်မျှင်သည် ထောင်းထောင်းပြတ်ထွက်သွားကာ ဘယ်သောအခါမှ နောက်ကြောင်းသို့ မပြန်နိုင်တော့သော ဘဝသစ်ထဲသို့ ဥသုံ့ဇကန် ရောက်ရှိသွားသည်၊

လဲဘူးရွာ ရိုးမတောင်ခြေနှင့် တစ်စတစ်စ ဝေးကွာခဲ့သည်နှင့်အမျှ ရတနာပုံမင်းနေပြည်ဆီသို့ တဖြည်းဖြည်းနီးကပ်လာသည်။ အားလုံးကို ထားရစ်ခဲ့ရပြီ။ ရိုးသားအေးချမ်းသောဘဝ၊ ချစ်ခင်ပွန်းနှင့် သားနှစ်ယောက်၊ ပြီးတော့ မြေဝိုင်းမင်းသမီး တောင်တွင်းကြီး မရွှေမြင်ဟူသော ဘဝ။ အားလုံး . . . အားလုံး . . . ။

ရနောင်ကိုယ်တော်ကြီး၏အမိန့်ဖြင့် လဲဘူးရွာသို့ ဆင်တစ်စီးစေလွှတ်ကာ ပြန်လည်ခေါ်ဆောင်ခြင်းခံခဲ့ရပြီးသည်၏ အခြားမဲ့၌မူ . . .

"မရွှေမြင်"ဟူသော အမည်ပျောက်ကာ . . .

---

http://www.nyisay.com



"ဆင်ခိုးမလေး"ဟူသော အမည်သစ် ရောက်ခဲ့လေသည်။

၄

(၈)

အဖြစ်အပျက်တွေက မြန်လွန်းလှသည်။

ကိုယ်တိုင်သော်မှပင် မရွှေမြင်ဘဝမှသည် 'ဆင်ခိုးမလေး'ဘဝသို့ ရောက်ခဲ့ရသည်ဖြစ်သောကြောင့် တရိပ်ရိပ်ပြောင်းနေကြသော ဖြစ်ရပ်တို့ကို မအံ့သြမတုန်လှုပ်ချင်တော့။

ဓားထက်သော ရနောင်သည် ပို၍ ထက်သော ဓားအောက်တွင် သူ့ဓားသွား အဖွဲ့ခံလိုက်ရသည်။ ရာဇဒဏ်သင့်ကာ အကျဉ်းချခံရစဉ် ရနောင်သည် သူ့ကိုယ်သူ ကတ်ကြေးဖြင့် ထိုးသတ်အဆုံးစီရင်လိုက်သည်။ ဥပဒ္ဒေဝကက ဘုန်းမီးနေလကို ဝါးမြိုသွားခဲ့သည်။ သည်တွင် ပင်စည်လဲတော့ ကိုင်းဖျားတွေပါ ကျိုးပဲ့ခဲ့ရသည်။

ဆင်ခိုးမလေးသည်လည်း တစ်မျိုးတစ်ဖုံ ကြံရာပါဖြစ်နိုင်သည်။ သို့သော် ကိုယ်တိုင် မသိလိုက်ဘဲ အရေးတော်တွင် ပါဝင်ခဲ့ရသည်ဟု ယူဆထောက်ထားဖွယ်ရာများ တွေ့သောကြောင့် သက်ညှာစွာဖြင့် ကြိမ်ဒဏ် ဆယ့်သုံးချက် သင့်ခံစေရန် အမိန့်တော်ချလိုက်သည်။

ကြိမ်ရိုက်ပါးကွက်အာဏာသားသည် ဆင်ခိုးမလေး၏ အဆိုအက၊ အလှကို မြတ်နိုးလေးစားသူဖြစ်လေသည်။ ထို့ကြောင့် မရွှေမြင်၏ ကျောပေါ်သို့ ကျလာသော ကြိမ်ချက်များသည် ပြောပလောက်အောင် မပြင်းထန်ကြ။ သို့သော် ကြိမ်ဒဏ်မခံရမီကတည်းက မရွှေမြင်မှာ နာကျင်ခြင်းကြီးစွာ နာခဲ့ရပါပြီ။ အရိုးအရေတို့ကို မဆိုထားဘိ၊ ခန္ဓာကိုယ်ထဲမှ နှလုံးသားသည်ပင် လောကဓံ၏ ကြိမ်ချက်များကြောင့် ဖူးယောင် ကွဲကြေခဲ့ရပါပြီ။

လေထဲတွင်ဝဲသွားပြီး ကျောပြင်ဆီ ကျလာအံ့သော ကြိမ်တို့၏ လှုပ်ရှားမြှောက်ချီသံ တရွှီရွှီသည် လောကဓံတရား၏ ဟားတိုက်ရယ်မောမှုလောက် မပြင်းထန်ပါ။ မကျယ်လောင်ပါ။

တစ်စက်တစ်ပေါက်မှ မျက်ရည်မကျဘဲ ကြိမ်ဒစ်ကို ဆင်ခိုးမလေး ခံယူ

http://www.nyisay.com



ခဲ့လေသည်။

ဤသို့ဖြင့် နောက်ဆုံး ကြိမ်ချက် ကျောပြင်ထက်တွင် ကျရောက်ပြီးနောက်တွင်မှ လောကစံတရားသည် မရွှေမြင်ကို အလျော်ပြန်ပေးလိုက်ပြန်လေသည်။

အနိမ့်ဆုံးဆီသို့ ရက်စက်စွာ ဆွဲခေါ်ချပြီးကာမှ ပခုံးထမ်းတင်ကာ အမြင့်ဆီသို့ တွန်းထိုးမြှင့်မြှောက်ပေးတတ်လေသော ကံကြမ္မာကား အကျီစားကြမ်းလှချေသည်။ ဝဲကတော့ဖြင့် စုပ်ယူပြီးကာမှ လှိုင်းခေါင်းထက်တွင် ချီပိုးကာ ကမ်းစပ်ကျွန်းသောင်သို့ ပို့ဆောင်ပေးပြန်ချေပြီ။

ကံကြမ္မာကိုသာ ယိုးဖွဲ့ရတော့မည်။ သို့သော် မရွှေမြင်ကတော့ မတုန်လှုပ်ချင်တော့ပါ။ အငိုရော၊ အရယ်ပါ ပျောက်ဆုံးခဲ့ပြီးဖြစ်သော မရွှေမြင်သည် ကံဇာတာ မျက်နှာသာပေးခြင်းအပေါ် ဘယ်လိုမှ မတိမ်းမူး မယစ်မျောတော့။

ရွှေနန်းတော်၏ အထက်ဆုံး စားပိုင်ရှင် မိဖုရားခေါင်ကြီး စုဖုရားလတ်၏ အမိန့်တော်ကို ပကတိသော အနေအထားဖြင့်ပင် မတုန်မလှုပ် ခံယူလိုက်လေသည်။

စုဖုရားလတ်သခင်၏ အမိန့်တော်ကား . . .

"ရနောင်လူမိုက်ရဲ့ ကိစ္စမှာ ဆင်ခိုးမလေးပါ ကြုံရာပါအဖြစ် အပြစ်ခံရသတဲ့လား။ မဖွယ်ရာလိုက်လေ၊ သင်းတို့ ယောကျ်ားကြီးတွေ အမှုပွေ အနေရှုပ်တိုင်း မိန်းမသားတွေကို ဘောက်မဲ့ကြောင့် ပြဿနာထဲ ဆွဲဆွဲသွင်းနေရတာလဲ။ ဆင်ခိုးမလေးကို အခု အပြစ်ကလွတ်၊ အဆောင်အယောင်အားလုံး ပြန်ပေး၊ နိုင်ငံတော်မှာ ဆင်ခိုးအပြင် မင်းသမီးမရှိစေနဲ့"

"ဆင်ခိုးအပြင် မင်းသမီးမရှိစေနဲ့"ဟူသော အမိန့်တော်သည် ရတနာပုံနေပြည်တော်တစ်ဝန်းလုံးသို့ ချက်ချင်း ကူးပျံ့ ရိုက်ခတ်သွားသည်။

အာဏာစက်တို့ ထက်လှဘိခြင်း။ တစ်ခွန်းမျှသော တစ်ချက်လွှတ် အမိန့်နောက်တွင် 'ဆင်ခိုးမလေး'၏ ဘဝသည် ဖိတ်ဖိတ်ရွှန်းမြ တောက်ပလာခဲ့ရပြန်လေပြီ။

၄

ရာမဆရာ ဦးဖိုးမြရှေ့တွင် 'မဆင်ခိုး' ဒူးတုပ်သည်။ ပုံ့ပုံ့ကျုံ့ကျုံ့ထိုင်ကာ လက်အုပ်ချီသည်။ ဘေးတွင် ထိုင်နေသူကား ရွှေနန်းတော်သို့ ငယ်စဉ်က

http://www.nyisay.com



တည်းက ရောက်နှင့်ကာ နန်းသုံးတော်ဝင် ထင်ရှားနေသော မင်းသမီး 'ယင်းတော်မလေး'ဖြစ်လေသည်။

"ဆင်ခိုးမ ရွှေမြှင်၊ အီနောင်နဲ့ သခ်ပတ္တထဲက စာတွေ ရလောက်ပြီ ထင်တယ်"

"ရပါပြီ အဘ"

ဆရာဦးဖိုးမြမှာ အလိုအလျောက်ပင် ဇာတ်ဟန်ပါနေသည်။ စုဖုရားလတ်သခင်၏ အမိန့်တော်ဖြင့် ဆရာဦးဖိုးမြထံ ပညာဆက်သင်ခဲ့ရာ သုံးနှစ်သုံးမိုးပင် ပြည့်တော့မည်။

"ဒီကအစ်မတော်ရဲ့ ကျေးဇူးတွေလည်း အများကြီးပါပါတယ်"

ယင်းတော်မလေးဘက်လှည့်ကာ မရွှေမြှင် ပြုံး၍ ပြောသည်။ စင်စစ်မူ ယင်းတော်မလေးသည် မရွှေမြှင်ထက်စော၍ ရွှေနန်းတော်မှ မြှောက်စားခြင်းခံရသူဖြစ်လေသည်။ နန်းမူနန်းရာပါနေသော ယင်းတော်မလေးသည် မရွှေမြှင်ထက် အသက်တစ်နှစ် ပိုကြီးသည်။ အေးဆေးငြိမ်သက်သော အသွင်ကို ဆောင်သည်။

ယင်းတော်မလေးက မရွှေမြှင်ကို အသာအယာ ပြုံးကြည့်နေသည်။ ရွှေနန်းတော်သို့ အဦးစော ရောက်သူ။ နန်းသုံးတော်ဝင် မြှောက်စားခြင်းခံခွင့်ရသူဟူ၍ ယင်းတော်မလေးမှာ သွေးကြီးသောစိတ် မရှိ။ ကြင်နာတတ်သော မယင်းတော်ကို မရွှေမြှင် လေးစားမိပါသည်။

"ဒီည ရွှေနန်းတော် ပွဲကြည့်ဆောင်မှာ သခင်နှစ်ပါး ပွဲကြည့်ထွက်တောမူမယ်။ ထိပ်စုဖုရားလတ်သခင် အမိန့်တော်အရ မဆင်ခိုးက အီနောင်ဇာတ်မှာ ပွတ်စပါးနေရာက ထွက်ရလိမ့်မယ်။ အသင့်ပြင်ထားတော့"

ဆရာဦးဖိုးမြကို ကန်တော့၍ မရွှေမြှင် ပြန်ခဲ့သည်။ 'ဆင်ခိုးအပြင် မင်းသမီးမရှိစေနဲ့' ဟူသော အမိန့်တော်နှင့် အတူ လျှမ်းလျှမ်းတောက်ခဲ့လေသော ဘဝတွင် မရွှေမြှင် ငြိမ်သက်စွာပင် နေထိုင်ခဲ့သည်။

အရှင်မွေး၍ နေ့ချင်းကြီးခဲ့သော်ငြား ရင်ထဲမှ ကွဲကြေနေသောနှလုံးသားများကိုမူ ဘယ်အမိန့်အာဏာကမှ ကုစားပေးနိုင်လိမ့်မည် မဟုတ်။ ထိပ်စုဖုရားသခင်မ၏ ခွင့်ပြုချက်အရ ငယ်လင်ခင်ပွန်း လင်တော်အုပ် ကိုရင်ညိုနှင့် ပြန်ပေါင်းခွင့်ကြုံသော်လည်း ကိုရင်ညိုကား ဤလောက၌ မရှိတော့ပြီ။ နှလုံးသည်းပွတ်တို့သည်လည်း သက်ဝင်လှုပ်ရှားခြင်း မရှိတော့ပြီ။

http://www.nyisay.com



ဆင်ခိုးမလေးအဖြစ် ဆိုဖို့ ကဖို့က လွဲပြီး ဤလောက၌ မရွှေမြင် ဘာကိုမှ အာရုံမဝင်နိုင်တော့ပြီ။

ဆရာဦးဖိုးမြ၊ အီနောင် ဦးစံတုတ်၊ ဦးမြဒင်၊ ကိုကြီးညို၊ ဆရာရိုက်၊ ဆရာမွန်း၊ ဦးဘအို၊ အီကင်း ဦးမောင်မောင်ကြီး၊ ယင်းတော်မလေး၊ မသောင်၊ မဖောင်၊ မမြ၊ မကွမ်းငုံ၊ မစိန်ဖော့ စသော နန်းတွင်းသဘင်သည်ကြီးများ။ ပြီးတော့ ရွှေနန်းတော်ပွဲကြည့်ဆောင် လက်ယာလက်ဝဲတော်ဆိုင်း၊ အီနောင်၊ ဣန္ဒာဝုမ၊ သခ်ပတ္တ၊ ရာမ၊ ဒွေးမယ်နော် . . . မရွှေမြင်၏ ကမ္ဘာမှာ သည်အရာများ ဖြင့်သာ ဖွဲ့စည်းထားတော့သည်။

မိမိစိတ်၊ မိမိကိုယ် ဘာကိုမှ မပိုင်ဆိုင်သောဘဝ၌ ချစ်သောအနုပညာ ထဲသို့သာ အရာခပ်သိမ်း မြှုပ်နှံထားလိုက်တော့သည်။ ချစ်သူနှင့် ကွေကွင်း၊ မချစ်သူနှင့်နေခြင်း၊ လောကဓံတရားတို့၏ နှိပ်စက်ဖိထောင်းမှုအောက်တွင် အနုပညာသည်သာ မရွှေမြင်၏ အားကိုးရာ၊ လဲလျောင်းနားခိုရာ တစ်ခုတည်း သော အခြားအပ မရှိနိုင်သော လောကကမ္ဘာ။

ပြင်စည်မင်းသားကြီး စီရင်ထုံးဖွဲ့တော်မူသော ယိုးဒယားကြေးတီးချက် ထဲမှ အပိုဒ်တစ်ပိုဒ်ကိုသာ မရွှေမြင် တိုးတိုးလေး ဆိုညည်းနေမိလေသည်။

"မှော်ရုံမြိုင် . . . ညာပင်တိုင်နန်းမယ် . . . ရှာရန်လမ်းကာ ပန်းကာ ပူပန် . . . လွမ်းဝှန်ဖျာပါကြွယ် . . . ဘယ်ဝယ်ခေါ်တယ် . . . မျှော်ယောင်ယမ်း နတ်နန်းရွှေတောင်သီတာ . . . အိုင်မှာဖီလာ . . . စီကာသွယ်ဖြာ ဖော်နှော သက်လှယ် . . . ငှက်ကယ်မူရာ . . . မြူးတယ် ပျူငှာသံသာ သံချို . . . လွမ်း ပိုအောင်ပင် ရွှေဘဝင် လွန်ကြည်ကွဲ . . .

ဎ

(၉)

ဆိုနေ ကနေရင်းမှာပင် မရွှေမြင်မျက်စိရှေ့၌ ရွှေနန်းတော် ဥကင်ပြသဒ် သည် ပြိုလဲသွားသည်။ စိန်မှန်ကင်းသည် မြေသို့ ဗုန်းဗုန်းလဲကျသွားသည်။ တိုင်းရေးပြည်ရာတွေကို မရွှေမြင် နားမလည်ပါ။ ထီးကျိုးစည်ပေါက် ကျွန်သ ဘောက်ဘဝ ရောက်သွားရသည့် ဘဝထဲတွင် မရွှေမြင်သည် အလိုလိုပါသွား

http://www.nyisay.com



သည်။

အရှင်နှစ်ပါးကို ရတနာဂီရိသို့ ခေါ်ဆောင်သွားပြီဟု သိရချိန်တွင် မရွှေမြင်သည်လည်း အားလုံးထဲက တစ်ယောက်အဖြစ်ဖြင့် သူ့ကျွန်ဖြစ်သွားလေသည်။

သမီးတော် နားထွင်းမင်္ဂလာအတွက် ရတနာဂီရိသို့ လိုက်ပါရမည်ဟူသော အမိန့်တော် ထွက်လာသောအခါ ကျေးဌားရှင်စုဖုရားလတ် သခင်မကို ဖူးတွေ့ရတော့မည်ဟု မရွှေမြင် ဝမ်းသာဝမ်းနည်းဖြစ်ကာ ငိုကြွေးခဲ့ရသည်။

ရတနာဂီရိစံအိမ်တော်တွင် သခင်မခြေကို ဦးတိုက်ကာ ရှိုက်ငိုခဲ့ရသည်။ "ဆင်ခိုးရယ် လောကဓံတရားပေါ့။ တရားနဲ့ဖြေစမ်း။ ကဲ . . . ထ ထ၊ မန္တလေးမြို့ဘွဲ့ နန်းသိမ်းယိုးဒယားဆိုပြီး အခစားဆက်စမ်း"ဟု သခင်မက အမိန့်တော်ရှိသည်။ မရွှေမြင် မျည်ရည်စတွေဖြင့်ပင် အဆိုအကတို့ကို တဝကြီး ဆက်သခဲ့ရလေသည်။

ရတနာဂီရိတွင် အရှင်နှစ်ပါးကို ထားရစ်ကာ ပြန်လာခဲ့ပြီးနောက်တွင် မရွှေမြင် ရတနာပုံနေပြည်တော်၌ မနေနိုင်တော့။ ချီးမြှောက်သည့်အရှင်လည်း မရှိတော့။ ရွှေနန်းတော်ကြမ်းပြင်တွင် ခွာသံပြင်းပြင်းနင်းကာ ဥဒဟိုလျှောက်နေကြသည့် စစ်ဖိနပ်ခွာသံတို့အကြားတွင် ဆင်ခိုးမလေး မနေနိုင်တော့။

နန်းတွင်း ပွဲကြည့်တော်ဆောင်လည်း ပျောက်ကွယ်သွားသည်။ မျက်နှာဖြူကတော်စိုးတို့၏ ဖန်ခွက်ထိသံ၊ ဂါဝန်နားတို့ ပွတ်တိုက်သံ၊ သောသောညံညံ ရယ်မောသံတို့ကို မရွှေမြင် မကြားလို၊ မမြင်လိုတော့ပါ။

ချစ်ခင်လေးစားရသော 'မယင်းတော်'ခမျာလည်း ပါတော်မူပြီး ခုနစ်နှစ်လောက်တွင် မျက်စိတစ်ဖက် ကွယ်ခဲ့ရှာပြီးဖြစ်သည်။ အို . . . ကြည့်လေ မြင်လေရာတိုင်း ပျက်စီးခြင်း၊ ဆိတ်သုဉ်းခြင်း၊ ချုပ်ငြိမ်းခြင်း၊ သူ့ကျွန်ဘဝမှ အနိဋ္ဌာရုံတွေ။

"အားကိုးရာ ညောင်ပင်ကြီး လဲပြိုခဲ့ပါပြီ။ အဆို အက အနုပညာကလွဲလို့ ဘာတစ်ခုမှမတတ်တဲ့ မရွှေမြင်အဖို့ မင်းနေပြည်ကိုစွန့်ပြီး အောက်ပြည်အောက်ရွာကိုပဲ ပြောင်းဖို့ရှိပါတော့တယ်"

အားလုံးကို အပြီးတိုင် နှုတ်ဆက်ခဲ့လေသည်။

အားလုံး ကျန်ရစ်ခဲ့ပေပြီ။

၄

http://www.nyisay.com



(၁၀)

ခံစားခဲ့ရဖူးသာ ဝေဒနာတကာတို့ထက် ပို၍ပြင်းထန်သော ဝေဒနာ၊ ဒဏ်ရာအထပ်ထပ် ရခဲ့လေသော ရင်သည် နောက်ထပ် မည်သည့်ဝေဒနာမျိုးကိုမှ ထိမထင် မတုန်လှုပ်နိုင်တော့ဟု မှတ်ယူခဲ့သည်။ ဘယ်လိုပရိဒေဝမှ တိုးမပေါက်၊ ထိုးမရောက်နိုင်တော့ဟု ထင်ခဲ့သည်။

နည်းနည်းနောနော ဆင်းရဲခြင်းတွေလားကွယ်၊ ကြည့်ပါဦး။

ချစ်ခင်ပွန်း လယ်တော်အုပ် မောင်ကြီးနှင့်လည်း ရှင်ကွဲ သေကွဲကွဲခဲ့ရပြီ။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခာ။

ရနောင်ကိုယ်တော်ကြီးထံတွင် မနမ်းသော်လည်း ပင့်သက်ရှူခဲ့ရပြီး အပိယေဟိ သမ္ပယောဂေါဒုက္ခော။

ကြောက်စရာကောင်းလှသော မင်းပြစ်ရာဇဝတ်သင့်၍ ကြိမ်ဒဏ်ဆယ့်သုံးချက်တိတိလည်း အရိုက်ခံခဲ့ရဖူးပြီ။ ရာဇတောဝါ။

အသက်ခုနစ်ဆယ်ကျော်အရွယ်၏ ဇရာဒုဗ္ဗလနှင့်တကွ ဗျာဓိ နာခြင်း ဆင်းရဲကိုလည်း ခံစားနေရပြီ။

အပ်ချစရာမရှိလောက်အောင် မွမွကြဲခဲ့သော သည်းပွတ်နှလုံးသည် ဒဏ်တို့၏ ဖိစီးခြေနင်းမှုအောက်တွင် ထုံကျဉ်ကိုက်ခဲခြင်း၏ ဟိုမှာဘက် 'အသားမာ' ပင် တက်ခဲ့ပြီဟု ထင်ခဲ့သည်။

အို . . . မဟုတ်ပါလား၊ အထင်တွေ မှားယွင်းခဲ့ပါပကောလား။

ဆင်ခိုးမလေးရယ်၊ မင်းသမီးကြီး မဆင်ခိုးရယ်၊ လောကခံကို နင် အကြိမ်ကြိမ်အဖန်ဖန် ထွက်ဝင်လှုပ်ရှား တွေ့ကြုံရှာခဲ့ပြီဆို၊ တော်ရုံဒဏ်ချက်ကို ဟန်မပျက် ပြုံးနိုင်ပြီဆို၊ အခုတော့ . . . အခုတော့ . . . ။

ယိုယွင်းသော အနုပညာလောကကို ဘွားခနဲ တွေ့လိုက်ရသည်။ ထွေးရောယှက်တင် ယဉ်ကျေးမှုလောင်းရိပ်အောက်တွင် သမားစဉ်တွေ ပျောက်ဆုံးနေသည်။ အဆိုအက၊ ဝတ်စားဆင်ယင်မှု၊ အတီးအမှုတ်တူရိယာ၊ ကပြသီဆိုသူများကလည်း ဖောက်ပြန်၊ ပွဲကြည့်ပရိသတ်ကလည်း ဖောက်ပြန်။

http://www.nyisay.com



အရှက်အကြောက်ကင်းသော တင်ဆက်မှုများကို သဘင်မှု အနုပညာဟု ခေါင်းစီးတပ်ပြနေကြသည်။

ခမ်းနားကြီးကျယ်ခဲ့လေသော၊ ရိုးရာအစဉ်အလာ ကြီးမားခဲ့လေသော သဘင်မှု အနုပညာသည် သည်လိုနှင့်ပင် အဝါးမျိုခံရမည်လား၊ သည်လိုနှင့်ပဲ လုံးပါးပါးရတော့မည်လား။

အောက်ပြည်အောက်ရွာသို့ ရောက်ခဲ့ပြီးနောက်တွင် မရွှေမြင် အပြောင်းလဲကြီး ပြောင်းသွားခဲ့လေပြီ။

ဟိုး . . . ငယ်စဉ်တောင်ကျေး ကလေးဘဝ၊ အမေ့လက်ကိုဆွဲ၊ အမေခေါ်ရာနောက် တကောက်ကောက်လိုက်၊ ရိုးပြတ်ကွင်းတွေထဲက ပန်းပင်လှည့် မြေဝိုင်းဇာတ်တွေကို ကြည့်ခဲ့သည့် အချိန်မှစ၍ လတွေ၊ နှစ်တွေ၊ အချိန်ကာလတွေ အများကြီးကို မရွှေမြင် အားငယ်စွာ ဖြတ်သန်းခဲ့ပါသည်။ ရိုးသားအေးချမ်းစွာ ရှင်သန်ခဲ့ပါသည်။

မြေဝိုင်းမင်းသမီး တောင်တွင်းကြီး မရွှေမြင်ဘဝ၊ နေပြည်တော်ရောက် မရွှေမြင်ဘဝ၊ ပြီးတော့ လယ်တော်အုပ်ကတော် ဘဝ၊ ပြီးတော့ . . . ရနောင်၏ သိမ်းပိုက်ခြင်းကို ခံရပြီး 'ဆင်ခိုးမလေး'ဘဝ။ သည့်နောက် စုဖုရားလတ်သခင်မ မြှောက်စားခြင်းခံခဲ့ရသော နန်းတွင်းသဘင် အနုပညာရှင်ဘဝ။ ဘဝလေးတွေ ဘယ်သို့ပြောင်းပြောင်း၊ ဝေဒနာဒဏ်ရာတွေ ဘယ်သို့ရရ . . . မရွှေမြင်၏ ရိုးသားအေးချမ်းသော ပင်ကိုသဘာဝသည် ပြောင်းလဲတိမ်းစောင်းခြင်း မရှိခဲ့။

အားငယ်တတ်သော၊ ကြောက်ရွံ့တတ်သော မရွှေမြင်။ အခု အသက်ခုနစ်ဆယ်အရွယ် စွန်းလာပြီး ဇရာဒုက္ခလကို ခံစားရတော့မှ မရွှေမြင် ပြောင်းလဲသွားပါပြီ။

အဘွားရွှေမြင်တစ်ယောက် လူသာအိုသော်လည်း စိတ်တို့ နုပျိုခဲ့ပြီ။ မခံချင်စိတ်၊ နှမြောတသစိတ်တို့ဖြင့် ဘွားရွှေမြင်၏ ရင်ထဲမှ အနုပညာနှလုံးသားသည် အားသစ်အင်သစ်ဖြင့် နှလုံးသားအသစ် ဖြစ်ခဲ့ပါပြီ။

ပျက်ယွင်းတိမ်ကောခြင်း အငွေ့အသက်များ ဖုံးလွှမ်းစပြုလာသည့် သဘင်မှု လောကကြီးကို ကြည့်ရင်း ဘွားရွှေမြင် ရင်ထဲမှာ နှလုံးသားအသစ် ဖြစ်ထွန်းသည်။

အောက်ပြည်အောက်ရွာမှ ဒူးပေါ်ပေါင်ပေါ် အက၊ သံသေးသံကြောင် အဆို၊ စည်းကျိုးဝါးပျက် အတီးတို့ကို ဘွားရွှေမြင် တိုက်ခိုက်ရလိမ့်မည်၊

http://www.nyisay.com



ဘွားရွှေမြှင် မအိုသေးပါ။

ငယ်နုစဉ်တုန်းကလို လွင့်လွင့်စာစာ မရှိတော့စေကာမူ ပီဆဲ၊ မြည်ဆဲ အသံဖြင့် ဘွားရွှေမြှင် သီချင်းတောင် ဆိုလိုက်သည်။

ဆုတ်ကပ်ခါ အချိန်နဲ့ တွေ့ကြုံပြီမို့ . . . .

လုပ်တတ်ရာ မသိမ်မွေ့တာကိုမှ . . .

ဣန္ဒြေရတယ်ထင့် . . .

ဆင်ခိုးမလေး ဘွားရွှေမြှင်၏ စိန်ခေါ်တေးသည် ပွဲခင်းထဲသို့ ရိုက်ခတ်သွားသည်။

သိက္ခာပျက် အရှူးတမျှကဲ့သို့ . . .

ဝိဇ္ဇာထွက် ဘီလူးကသလို . . .

(ကျွန်မ ဆင်ခိုးမလေးတို့မှာဖြင့်လေ . . . )

ဒူးကြွလို့မှ မထောင်ဝံ့ပါပြီကပဲ . . .

သည်တေးအပြီးတွင် ဘွားရွှေမြှင်သည် မြေဝိုင်းသစ္စာထားကို တခမ်းတနားကြီး တင်ဆက်ဦးမည်။

ဆင်ခိုးမလေး၏ နာမည်ကျော်သီချင်းကို ဆိုရဦးမည်။ မင်းသားက 'အလှကလေးရဲ့ သက်လျှာမေရယ် . . . တောဝယ်ကကြမ်း . . . မောတယ်လှာ ပန်း . . . ချောမယ် ထစမ်း . . . 'ဟူ၍ ကန္တာတောကြမ်းမှ မင်းသမီးကိုခေါ်မည်။

သည်အခါတွင် ဘွားရွှေမြှင် အမေ ဆင်ခိုးတို့က . . .

ကန္တာအလယ် ကြမ်းတယ်ဘုရား . . .

မြန်စွာ တဖာယ် လှမ်းမယ်ပ့ါ . . .

ကန္တာ ကန္တာ ကြမ်းတယ်ဘုရား . . .

မြန်စွာ . . . မြန်စွာ . . . လှမ်းမယ်ပ့ါ . . .

ဝသုန်ကျေးက မာတယ် . . . မာတယ် . . .

အသားပုံလေးတွေ . . . နာလှ . . . နာလှ . . .

ဘယ်လောက်ပင် ကြမ်းပါစေ၊ ဘယ်လောက်ပင် အသားတွေ နာပါစေ။

---

http://www.nyisay.com



"တယ် ငယ် ငယ် ငယ်
တယ် ငယ် ငယ် ငယ်
မြေတလင်းမှာ ခြေဆင်းထိုင်တော့မယ်"

▼

# နတ်သျှင်သူကြောင့်တရေးမှောက်ခဲ့



http://www.nyisay.com



# နတ်ရှင်သူ့ကြောင့် တရေးမှောင့်ခဲ့

*မဟာစေတီ၊ မွေသရိ၏၊ မြေညီခင်းပြန့်၊ တလင်းသန့်ဝယ်၊ နှင်းပန့်တပဲ၊ ဝတ်ဖြူလဲနှင့် နန်းထဲနန်းလေ့၊ သိမငွေ့ဘဲ၊ ချမ်းမြေ့စိတ်ကြည်၊ ပီတိရည်ဖြင့်၊ ခိုင်တည်နှလုံး၊ တဖြောင့်သုံး၍၊ နှောင်ထုံးကေမင်၊ လျှောဖြေချင်လည်း၊ နတ်ရှင်သူ့ကြောင့်၊ တစ်ရေးမှောင့်ခဲ၊ မဖြောင့်ပျံ့လွင့်၊ နှောင်ကြိုးဝင့်သည်၊ လူ့လင့်ငွေမျက်ရည်တကား။*

*(ဓာတုကလျာ)*

(၁)

အလုံးအရင်း အလုအယက် တက်ပျံနေကြသော မီးခိုးလုံးကြီးများသည် ကြည့်နေရင်းမှာပင် မြင့်မားကောင်းကင်ယံထက်၌ ကျဲပါးပျောက်လွင့်သွားကြသည်။ ထင်းပုံဆီမှ စတက်လာခါစတွင် ထူပျစ်မည်းမှောင်သောအဆင်း၊ တစ်စတစ်စ အပေါ်တက်လွင့်လာချိန်တွင် ခဲပုပ်လို ညိုဖျော့ဖျော့အဆင်း၊ အထက်ဆီသို့ ပို၍ မြင့်တက်သွားချိန်တွင်ကား ဖြူလျော်သော တိမ်မီးခိုးအဆင်း၊ တစ်ဒင်္ဂပဟန်အတွင်းမှာပင် အဆင်အသွေး အမျိုးမျိုး ပြောင်းလဲသွားကြသော မီးခိုးလုံးများကို ကြည့်ရင်း ရုပ်နာမ်တရား၏ သန္တတိသဘောကို ထိပ်ထား ဆင်ခြင်စေ၍ နေမိတော့သည်။ မမြဲသောတရား၊ ဆင်းရဲခြင်းတရား၊ အစိုးမရခြင်းတရား၊

http://www.nyisay.com



လက္ခဏာရေးသုံးပါးသည် ထိပ်ထားမျက်မှောက်တွင် အထင်အရှား ပြဆိုနေပြီ။ ဘုရား . . . ဘုရား . . . ဘုရား . . . . ။

မြင့်မားကောင်းကင်ထက်ဆီ ပျံတက်သွားကြလေကုန်သော ဤမီးခိုးငွေ့တို့သည် လေထုအာကာသအတွင်းဝယ် ပျောက်ပျက်ကွယ်ပ သွားကြတော့သည်။ သြော် . . . ဘယ်အရာသည် မြဲပါသလဲ။ ဘယ်အရာသည် ချမ်းသာခြင်းပါလဲ၊ ဘယ်အရာသည် အစိုးရနိုင်ပါသလဲ။

ပျောက်ပျက်ကွယ်ပသွားကြတော့မည့် ဤမီးခိုးငွေ့များနှင့်အတူ "မောင်တော် ဥပရာဇာ"၏ ရုပ်ကလာပ်သည်လည်း ဓာတ်သဘောအစုအဝေး အဖြစ်မှအပ ဘာတစ်ခုမျှ မကျန်ရစ်တော့ပြီ။ "မဟာဥပရာဇာ မင်းကြီးစွာ" ဆိုသည့် အမည်နာမကိုသာလျှင် ပညတ်ကလေးတစ်ခုအဖြစ် လူတို့ တသသ ရေရွတ်ကြလေမည်။ သည်အမည်နာမသည်လည်း အချိန်ကာလ၏ တိုက်စားခြင်းအောက်တွင် ပွန်းရိပျောက်ဆုံးသွားမည်သာ။

ထိပ်ထား သက်ပြင်းတစ်ချက် ရှိုက်မိပါသည်။

အကင်းမသေတတ်သေးသော မီးခိုးငွေ့အနံ့ကို ရသည်။ စူးရဲသီးမွှန်ခြင်း မဖြစ်ရလေအောင် မီးခိုးနံ့သင်း သက်ပြင်းလေကို ထိပ်ထား အသာအယာ မှုတ်လွှင့်လိုက်ရသည်။ သက်ပြင်းလေနှင့်အတူ ထိပ်ထား၏ ဘဝတစ်ခုလည်း အတူပါရှိလွင့်စင်သွားပြီဟု ဆင်ခြင်မိပြန်သည်။

မရှိတော့ပြီ။ မောင်တော်ဥပရာဇာ မရှိတော့ပြီ။ ထိပ်ထားသည်လည်း အိမ်ရှေ့မိဖုရား မဟုတ်တော့ပြီ။ ဆယ့်တစ်နှစ်ကာလမျှ အကြောင်းဆက်ပေါင်းဖက်ခဲ့ရလေသော ဘဝတစ်ခုသည်လည်း ကုန်ဆုံးခဲ့လေပြီ။

မောင်တော် မင်းကြီးစွာအတွက် ထူးထူးခြားခြား ထိခိုက်ဆို့နစ်ခြင်း မရှိလေသော ထိပ်ထားအဖြစ်ကို ထိပ်ထားသာ အသိဆုံးဖြစ်သည်။ စျာပနသဘင်တော် အခမ်းအနားသို့ တက်ရောက်ကြသော ဟံသာဝတီနန်းတော်သူ နန်းတော်သားတို့ကတော့ ထိပ်ထားကို စိုးရိမ်ကြီးစွာ အကဲခတ်နေကြပေမည်။ မုဆိုးမဖြစ်သွားရသော ထိပ်ထားကို ကရုဏာသက်နေကြပေမည်။

အထူးသဖြင့် မျက်ရည်တစ်ပေါက်မှ ကျမလာသည့် ထိပ်ထားအဖြစ်ကို ကြည့်ကာ ထိပ်ထား ဆို့ဆို့နစ်နစ်ဖြင့် သောကပရိဒေဝ အစိုင်အခဲကြီးကို လေးလံသိပ်သည်းစွာ ခံစားနေရပြီဟု ထင်ကြရှာပေမည်။ မှန်သောစကားဆိုရပါမူ မောင်တော် ဥပရာဇာ ကျဆုံးခြင်းအတွက် ထိပ်ထား တုန်လှုပ်ချောက်ချားမိ

http://www.nyisay.com



သည်မှာ အမှန်ပါ။ စစ်မြေပြင်တွင် ရန်သူ့စိန်ပြောင်းဖြင့် ဆင်ဦးကင်းထက်မှာ ပင် ကျဆုံးသွားခဲ့ရှာသော မောင်တော့်အတွက် ထိပ်ထား ထိခိုက်ဝမ်းနည်းရပါ သည်။ ဥပေစ္ဆာဒကဲဖြင့် ကံတော်ကုန်ရှာသောကြောင့်လည်း ပို၍ စိတ်လက် မကောင်းဖြစ်ရပါသည်။

သို့သော် ဤအရာအားလုံးကို ထိပ်ထားက ဘယ်သို့များ ပြုပြင်စီရင်နိုင်ပါ သလဲ။ အိမ်ရှေ့စံမိဖုရားတည်းဟူသော အာဏာတော်ဖြင့် ထိပ်ထားသည် ဘယ် အရာများကို မိမိသဘောအလိုကျ ဖန်တီးကိုင်တွယ်နိုင်ပါသလဲ။ အို . . . မိဖုရား ဟူသော အဖြစ်ကို ထားပါဦး။ မိန်းမသားတစ်ဦးအနေဖြင့်ပင် ထိပ်ထားသည် ထိပ်ထား၏ဘဝ၊ ထိပ်ထားနှင့် ပတ်သက်ဆက်နွယ်နေကြကုန်သော ဘဝများကို ဘယ်လောက်ထိများ ရွေးချယ်တည်ဆောက်နိုင်ခဲ့ပါသလဲ။

ထိပ်ထားသည် ရွေးချယ်သူ မဟုတ်၊ အရွေးချယ်ခံရသူသာ။

ထိပ်ထားလည်း ပြုပြင်ဖန်တီးသူ မဟုတ်၊ ပြုပြင်ဖန်တီးခြင်းခံရသူသာ။

ရှင်သန်နေသော အရာများကိုပင် မပိုင်နိုင်သည့် ထိပ်ထားသည် သေခြင်း မရဏတရားကြီးကို ဘယ်လိုများ ပိုင်နိုင်ပါမည်လဲ။ အနတ္တသဘောကို ထိပ်ထား သည် ဘဝနှင့်ရင်း၍ နားလည်ခဲ့ရပါသည်။

အဆုံးစွန်စကားကို ဆိုလိုက်တော့မည်။ ရာဇာဓာတုကလျာဟူသော အမည်သည်ပင်လျှင် ထိပ်ထားကိုယ်ထိပ်ထား ရွေးချယ်မှည့်ခေါ်ရသည် မဟုတ် ပါ။ ဟံသာဝတီနေပြည်တော် မဟာစေတီ၏ သရီရဓာတ်တော် ဌာပနာပူဇော်ပွဲ အခါသမယတွင် ဖွားမြင်ခဲ့သူဖြစ်ခြင်းကြောင်း ထိပ်ထားကို ခမည်းတော်ဘုရင့် နောင်မင်းတရားကြီးက "ရာဇာဓာတုကလျာ"ဟု မှည့်ခေါ်ခြင်း မဟုတ်ပါလား။ လောကအလယ်တွင် မိန်းမသားတစ်ဦးအဖြစ် အသက်ရှင်ဖို့ ရောက်ရှိလာချိန် ၏ ကနဦးအစကပင် ထိပ်ထားသည် အဆုံးဖြတ်ခံ၊ အရွေးချယ်ခံ၊ ဖန်တီးပြုပြင် ခံဘဝသို့ ရောက်ရှိခဲ့ရပါသည်။

အမည်နာမကိုပင်လျှင် ကိုယ်တိုင် ရွေးချယ်သုံးစွဲခွင့်မရှိခဲ့သော မိန်းမ သားတစ်ယောက်က မင်းမိဖုရားတည်းဟူသော အာဏာတော်ဖြင့် အရာရာကို ချုပ်ကိုင်စီရင်နိုင်မည်ဆိုခြင်းမှာ မဖြစ်နိုင်စေကောင်းသော အရာသာပင်။ မရဏတရားကိုလည်း ထိပ်ထားသည် ငယ်စဉ်ကတည်းက မျက်ဝါးထင်ထင် ကြုံခဲ့ရသည်။ ထိပ်ထား ငယ်စဉ်ကတည်းကပင် မယ်ဖုရား ကံတော်ကုန်ခဲ့သည်၊ ပင်တိုင်စံ ဧကရီအဖြစ် စံနေတော်မူခဲ့သည်မှန်သော်လည်း ထိပ်ထား အသက်

http://www.nyisay.com



နှစ်ဆယ်ကျော်မှာပင် ခမည်းတော်မင်းတရားကြီး နတ်ရွာစံခဲ့ပြန်သည်။

ငါးဆူဒါယကာမင်းကြီး ဟံသာဝတီနန်းကို စိုးစံပြီး သားတော် မင်းကြီးစွာ အိမ်ရှေ့ဥပရာဇာဖြစ်သည့် အချိန်မှာပင် ထိပ်ထားသည် အိမ်ရှေ့စံ မိဖုရားဖြစ်ခဲ့ရသည်။ မိန်းမသားအများစုတို့ လိုချင်တောင့်တရှိကုန်ကြသော ဥပရာဇာ၏ ဒေဝီမိဖုရားအဖြစ်ကိုလည်း ထိပ်ထားသည် ကိုယ်တိုင်ဖန်တီးခြင်း မပြုရပါဘဲ ကံကြမ္မာ၏ ထားရာနေ စေရာသွား စီရင်ချက်များဖြင့် အလိုအလျောက် ရောက်ခဲ့ရသည်။

ယခု မောင်တော် ဥပရာဇာသည် စစ်မြေပြင်တွင် ကျဆုံးခဲ့ပြန်ပြီ။

ပြင်ပတွင်ကျဆုံးသော မင်းဆွေစိုးမျိုးတို့၏ ရုပ်ကလာပ်ကို မြို့တွင်းသို့ မယူဆောင်ရ၊ မြို့ပြင်မှာသာ သဂြိုဟ်ရမည်ဟူသော သာကီနွယ်တို့၏ ထုံးစလေ့အရ မောင်တော်ဥပရာဇာကို မြို့ပြင်တောအုပ်အတွင်း၌ သူတို့ချာပနသဘင်ကျင်းပကြသည်။ နတ်ရွာစံ အိမ်ရှေ့မင်း၏ မိဖုရားအဖြစ် ထိပ်ထားသည် ချာပနအခမ်းအနားသို့ တက်ရောက်ခဲ့ရသည်။

ထိပ်ထား သည်းထန်စွာ ရှိုက်ငိုလိမ့်မည်ဟု သူတို့ ထင်နေကြသည်လား။ အို . . . သည်တစ်ခါတော့ သူတို့ မြင်ချင်ဖြစ်စေချင်သော အနေအထားကို ထိပ်ထား မဖော်ပြနိုင်တော့ပါ။ မငိုချင်သော ထိပ်ထားထံမှ မျက်ရည်ကို သူတို့ တွေ့ရမည် မဟုတ်ပါ။ အမြဲတစေ ပြုပြင်စီရင်ခြင်းကို ခံခဲ့ရသော ထိပ်ထားသည် ယခုအခါတွင်မတော့ ကိုယ်တိုင် ခံစားမှုဝေဒနာကို အမှန်အတိုင်းသာ ဖော်ပြလိုက်တော့မည်။

ထိပ်ထား မငိုချင်ပါ။ ထို့ကြောင့် မျက်ရည်လည်း ကျမလာပါ။

သူ့အတွက် မျက်ရည်စက် ကျမလာခြင်းကြောင့် မောင်တော်ဥပရာဇာ၏ ဝိညာဉ်သည် ထိပ်ထားကို နာကြည်းခွင့်လွှတ်နိုင်ပါစေ။ မျက်ရည်ဟူသည်မှာ နှလုံးသည်းပွတ်ကို ကြိတ်ချေခြင်းခံရရာမှ စိမ့်ယိုထွက်ပေါ်လာသည့် ဝေဒနာရေအကျန်ဟု ထိပ်ထားသဘောပေါက်မိသည်။ ယခု ထိပ်ထား၏ နှလုံးသည်းပွတ်မှ ဘာမျှ ထိခိုက်နာကျင်ခြင်းမရှိပါ။ ထိပ်ထားခံစားနေရသည်မှာ အသိဉာဏ်တရား၏ ရှုပ်ထွေးမည်းမှောင်ခြင်းသာ ဖြစ်သည်။

စစ် . . . စစ်ပွဲ . . . . ။ ဆွေတော်မျိုးတော်တို့အချင်းချင်း မာန်၊ မာန၊ အာဃာတ၊ ဒေါသ၊ မစ္ဆရိယများ၏ ပူလောင်ခြင်းဖြင့် တိုက်ခိုက်သတ်ဖြတ်ကြသောစစ်ပွဲ။ အတိုင်းတိုင်းအပြည်ပြည် ပြည့်ရှင်တို့၏ တန်ခိုး၊ အာဏာ ဖက်ပြိုင်

http://www.nyisay.com



အံ့တုကြလေသော စစ်ပွဲ။ ဘုန်းစက်နယ်နိမိတ် တိုးချဲ့ထူထောင်ကြလေသော စစ်ပွဲ . . .။ အမိရင်ခွင်မှ သားကို၊ ဇနီးရင်ခွင်မှ လင်သည်ကို၊ နှမရင်ခွင်မှ မောင်ဘွားကို၊ ရက်စက်သော လက်တံရှည်ကြီးများဖြင့် ဆွဲငင်ကာ သွေးပင်လယ်ထဲသို့ ပစ်ချတတ်သည့် စစ်ပွဲ။ ထိုစစ်ပွဲများကို အကြောင်းပြုကာ ယောကျ်ားကောင်းတို့သည် အသက်ဆုံးခဲ့ကြရလေပြီ။ သည်အထဲတွင် မောင်တော်ဥပရာဇာသည်လည်း အပါအဝင်ဖြစ်ခဲ့ရပေပြီ။

ထိတ်လန့်တုန်လှုပ်ခြင်းမှတစ်ပါး အခြားဝေဒနာ မရခဲ့လေသော ထိပ်ထားသည် ငိုကြွေးရန်ကို သတိမရပါ။ မောင်တော့်အတွက် ထိပ်ထားမှာ မျက်ရည်မရှိပါ။ "ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ အပိယေဟိ သမ္ပယောဂေါ ဒုက္ခော" ဝဲသြယထဲတွင် ထိပ်ထားသည် နစ်မြုပ်ကူးခတ်နေတတ်ကျင့် ရခဲ့ပြီလား မသိတော့ပါ။

အို . . . ခွင့်လွှတ်တော်မူပါ မောင်တော်ဥပရာဇာ။

မျက်ရည်သည် နှလုံးသည်းပွတ်၏ ရတနာဖြစ်ပါသည်။

ထိုနှလုံးသည်းပွတ်၏ မြင့်မြတ်နက်ရှိုင်းသော တစ်နေရာတွင် . . . . ချစ်ခြင်းမေတ္တာဟူသော အမြုတေတစ်ခု ကိန်းဝပ်ပါသည်။ နှလုံးသည်းပွတ်ကို ဆွဲကိုင်ခါရမ်းခြင်းခံရကာ အမြုတေချစ်ခြင်းမေတ္တာကို ထိခိုက်သောအခါမှသာ မျက်ရည်တို့သည် စိမ့်ယို ကျဆင်းလာနိုင်ပါမည်။

ခွင့်လွှတ်တော်မူပါ မောင်တော်ဥပရာဇာ၊ မောင်တော့်အတွက် ထိပ်ထားမှာ မျက်ရည်ကျစရာ မရှိပါ။ စစ်မြေပြင်တွင် ကျဆုံးခဲ့သော ယောကျ်ားကောင်းတစ်ယောက်၊ ဆယ့်တစ်နှစ်မျှသော ကာလပတ်လုံး မိမိ၏လင်သည်အဖြစ် ပေါင်းသင်းခဲ့ရသော ယောကျ်ားတစ်ယောက်အဖြစ်ဖြင့်သာ ထိပ်ထားနှမြောတသ ဖြစ်ရပါသည်။

မောင်တော့်ဝိညာဉ် ကောင်းသောသုဂတိသို့ လားစေကြောင်း ဆုတောင်းရုံမျှအပ ထိပ်ထား ဘာမျှ မလုပ်နိုင်။ ငိုကြွေးခြင်းဖြင့် ထိပ်ထား မညာချင်ပါ။ မျက်ရည်စဖြင့် ထိပ်ထား မလိမ်လိုပါ။ ဟံသာဝတီတစ်နန်းတော်လုံးက ဝိုင်းဝန်းစူးစိုက်နေကြချိန်တွင် ထိပ်ထားသည် ပြကတေ့ မှန်ကန်သော ဝေဒနာဖြင့်သာ နေလိုပါသည်။ ထိပ်ထား မငိုပါ။ ငို၍ မရပါ။

၄

http://www.nyisay.com



(၂)

မီးကြွင်းပြာစများကို ရဲမက်အစုက ထိုးဖွငြိမ်းသတ်နေကြချိန်အထိ ထိပ်ထား နေရာမှ မရွှေ့မိသေးပါ။ အိမ်ရှေ့ဥပရာဇာအား နောက်ဆုံးအဖြစ် ဦးညွှတ်ပူဇော်ကြသည်။ တံပိုးခရာသံများလည်း ဆွဲဆွဲငင်ငင် ညည်းတွားသံများ အဖြစ် ပျောက်ကွယ်လွင့်စဲသွားကြပေပြီ။

နောက်ဆုံးနှုတ်ဆက်သည့်အနေဖြင့် ထိပ်ထားလည်း မြေပြင်ပေါ်သို့ ပုဆစ်ဒူးတုပ် ထိုင်ချလိုက်သည်။ ပြုခဲ့သမျှ ကောင်းမှုအဖို့ဘာဂကို တမလွန်မှ မောင်တော်ဥပရာဇာအတွက် အမျှအတန်းပေးဝေရန် ထိပ်ထား အာရုံပြုရပါ မည်။

"ဒုက္ခ ပတ္တာစ နိဒုက္ခာ၊
ဘယပတ္တာ စ နိဗ္ဗယာ၊
သောကပတ္တာစ နိသောကာ၊
ဟောန္တုသဗ္ဗောဝိ ပါဏိနော . . . "

မောင်တော်အား ရည်စူးလျက်ပင် သတ္တဝါအားလုံးတို့အား ဒုက္ခ၊ သောက၊ ဘယာဘေးတို့မှ ကင်းဝေးကြစေကြောင်းငှာ ထိပ်ထား မေတ္တာပို့ရပါသည်။ ပျပ် ဝပ်ဖွဲ့ခွေ ဤအနေအထား ထိပ်ထား ပြန်ထလိုက်ချိန်ကစပြီး ထိပ်ထားသည် ဘဝသစ်တစ်ခုသို့ ရှေးရှုရတော့မည်။ အိမ်ရှေ့စံ၏ မိဖုရားဟူသော ဘဝဟောင်း ကို ဤတောအုပ် သုသာန်မြေတွင် ထားခဲ့ရတော့မည်။ မိမိကိုယ်မိမိ မပိုင်စိုး သော မိန်းမသားဘဝတွင် အတွေ့အကြုံသစ် များစွာဖြင့် ထိပ်ထား ဆက်လက် ရှင်သန်ရတော့မည်။

မျက်စိအစုံကို မှေးမှိတ်၍ အာရုံပြုနေခိုက်မှာပင် ထိပ်ထားအနီးသို့ တိုးချဉ်းလာသော ဖွဖွခြေသံကို ကြားရသည်။ ရံရွှေတော်တစ်ဦးဦး၊ သို့မဟုတ် နန်းတွင်းအမှုထမ်း တစ်ဦးဦး ဖြစ်ပေမည်။ ထိပ်ထား အာရုံပြုနေသည်ကို အနှောင့်အယှက်မဖြစ်စေလိုသည့် ထိုခြေသံရှင်သည် ထိပ်ထားဘေးတွင် မြေ ပြင်သို့ အသာအယာ ထိုင်ချလိုက်ဟန် တူပါသည်။

"ပုည ဘာဂ မိဒံ စည သမံ
ဒဒါမ ကာရိတံ။
အနုမောဒန္တု တံသဗ္ဗေ၊ မေဒနီ
ဌာတု သက္ခိကေ . . . "

---

http://www.nyisay.com



မေတ္တာပို့ အမျှဝေပြီးသည်နှင့် ထိပ်ထား မျက်လုံးအစုံ ဖွင့်လိုက်သည်။ ဘေးဘက်တွင် ထိုင်နေသူထံ အသာအယာ ငဲ့စောင်းကြည့်လိုက်သည်။

"အို . . ."

တောက်ပစူးရဲသော မျက်လုံးအစုံ။ သို့သော် မှိုင်းဝေ့ကရုဏာ အကြည့်။ နုပျိုတက်ကြွသော မျက်နှာသွင်ပြင်။ သို့သော် ရင့်ကျက်ကျနွေ လက္ခဏာ။

"ထိပ်ထားအစ်မတော် အတော်ပင်ပန်းလှပါပြီ။ အဆောင်တော်ကို ပြန်ပြီး အနားယူပါတော့၊ ဈာပနသဘင်လည်း ပြီးသွားပါပြီ ထိပ်ထား အစ်မတော်"

ထိပ်ထား စကားတုံ့မဆိုနိုင်ခင်မှာပင် သူ စကားဆက်ပြန်သည်။

"စစ်ကြောင့်ဖြစ်လာရတဲ့ သွေးညီနို့တွေနဲ့ အတိပြီးသောလေကို ရှူရှိုက်နေရတဲ့အထဲမှာ ခုလို မီးခိုးငွေ့တွေကို ထပ်မံရှိုက်ရပြန်တယ်ဆိုတော့ ထိပ်ထား အစ်မတော် ရင်ထဲမှာ ရှုပ်ထွေးနောက်ကျိခြင်းမက နောက်ကျိနေတော့မှာပဲ၊ ဟောဒီမှာ . . . "

သူ တစ်စုံတစ်ခုကို ကမ်းလာပြန်ပါသည်။

အိုး . . . စန္ဒကူးယပ်တောင်လေး။

"ဘဝတစ်လျှောက်လုံးမှာရှိခဲ့တဲ့ ထိပ်ထားအစ်မတော်ရဲ့ အမောတွေကို အကုန်အစင် ဖယ်ဖျောက်မပေးနိုင်သေးသော်လည်း အခိုက်အတန့်အားဖြင့်တော့ ဒီယပ်တောင်လေးဟာ ထိပ်ထားအစ်မတော်ကို သက်သာရာရစေပါလိမ့်မယ်။ လက်ခံတော်မူပါ အစ်မတော်"

သူကမ်းသည်ကို လှမ်းဖို့ ထိပ်ထားလက်တွေ အသင့်ဖြစ်နေခဲ့သည်လား၊ သတိမပြုမိအားပါ။ စန္ဒကူးယပ်တောင်လေးက ထိပ်ထားလက်ထဲ ရောက်လာပါသည်။ ဖြန့်ဖွင့်လှုပ်ခတ်ခြင်းပင် မပြုသေးဘဲနှင့်ပင် ယပ်တောင်လေးဆီမှ စန္ဒကူးနံ့သည် ဝေ့ဝိုက်သင်းပျံ့လာလေသည်။

"ဒီအချိန်၊ ဒီနေရာမှာ၊ ဒီစကားကိုပဲ နောင်ဆိုခဲ့ပါရစေ ထိပ်ထားအစ်မတော်၊ စန္ဒကူးယပ်တောင်ကို လက်ခံသိမ်းပိုက်တော်မူတဲ့အတွက်ပဲ နောင် ကျေနပ်လှပါပြီ"

ဒူးထောက်ထိုင်နေရာမှ သူ ပြန်ထပါသည်။ ထိပ်ထား သူ့ကို မော်မကြည့်မိပါ။ စန္ဒကူးယပ်တောင်လေးကိုသာ အငိုင်သား ကြည့်နေမိသည်။

"နောင်သွားမယ် ထိပ်ထားအစ်မတော်၊ ညဥ့်ဦးညီလာခံမှာ စစ်ရေးဆွေးနွေးပွဲ ရှိပါတယ်၊ ထိပ်ထားအစ်မတော် တက်ရောက်ဖြစ်မယ်လို့ ထင်ပါတယ်၊

http://www.nyisay.com



ခွင့်ပြုပါနော်"

တရွေ့ရွေ့ သူ့ခြေသံပျောက်ကွယ်သွားသည်အထိ ထိပ်ထား နေရာမှာပင် အစွဲအမြဲ ထိုင်နေမိပါသည်။ အို . . . မောင်တော်ဥပရာဇာ၏ ရျာပနတွင် အသိတရားအားဖြင့်သာ ထိခိုက်ကြေကွဲနေခဲ့လေသော ထိပ်ထား၏ရင်မှာ ယခုမှပင် တစ်စုံတစ်ရာသည် မျှင်းမျှင်းတွဲ့တွဲ့ လှုပ်နွဲ့သွားပါကလား။ ခွင့်လွှတ်တော်မူပါ မောင်တော်ဥပရာဇာ။ နှလုံးသားကား လိမ်ညာ၍ ရစကောင်းသောအရာ မဟုတ်ပါချေ။ မိန်မသားတို့သည်လည်း နှလုံးသားအမူ အစုစုနှင့်ပတ်သက်လာလျှင် မလိမ်ညာတတ်ပါချေ။ သိမ်မွေ့သော ဝေဒနာသည် ပကတိ အမှန်အတိုင်းသာ ထွက်ပေါ်လာတတ်ကြပါသည်လေ။

မောင်ငယ်တော် "နတ်ရှင်နောင်"၏ စန္ဒကူးယပ်တောင်လေးကို ထိပ်ထား ဖြန့်ဖွင့်လိုက်မိပါသည်။ သင်းသင်းမွှေးမြရနံ့က အယာအယာ စီးမျောလာပါသည်။ ဖြန့်ဖွင့်ထားသော်လည်း သည်ယပ်တောင်လေးကို ထိပ်ထား မခတ်ရဲသေးပါ။ သို့သော် သူ့စကားသံများကတော့ ဝေလွင့်လာနေဆဲပါ။

"ဒီအချိန်၊ ဒီနေရာမှာ၊ ဒီစကားကိုပဲ နောင်ဆိုခဲ့ပါရစေ"တဲ့။

ဩော် . . . နတ်ရှင် . . . သူ့ကြောင့် . . . . ။

(၃)

ကံတော်ကုန် ဥပရာဇာ၏မိဖုရားအဖြစ် တက်ရောက်လာရသော်လည်း စင်စစ် စစ်ရေးညီလာခံဟူသည်မှာ ထိပ်ထားအတွက် မအပ်စပ် မဆီလျော်လှပါ။ သို့သော် သည်ဘုရင်၊ သည်ထီးနန်းနှင့် သည်ရာဇာ မျိုးနွယ်အတွင်းမှာမှ မိန်းမသားဖြစ်လာရသော ထိပ်ထားသည် သည်လိုညီလာခံမျိုးကို ရှောင်ကွင်း၍ မရနိုင်ပါ။

"တိုက်ပွဲအခင်းအကျင်းနဲ့ ဖြစ်ပျက်ပုံအလုံးစုံကို နတ်ရှင်နောင် တင်ပါစေ။ သူဟာ အနီးကပ် အတွင်းကျဆုံး တပ်မင်းဖြစ်ပါတယ်။ နတ်ရှင်နောင်လောက် ဘယ်သူမှ ပြည့်စုံအောင် တင်နိုင်လိမ့်မယ် မဟုတ်ဘူး"

ထိပ်ထား၏အစ်ကိုတော် ဇင်းမယ်ဘုရင် နော်ရထာစော ကိုယ်တိုင်ဆိုသော စကားဖြစ်ပါသည်။ ထိပ်ထား နားစွင့်နေလိုက်ပါသည်။ ပြည်ဘုရင် မင်းကြီးနှောင်း၊ ဇင်းမယ်ဘုရင် နော်ရထာစော အစရှိသော ရာဇာမင်းတို့အလယ်

http://www.nyisay.com



တွင်း မောင်ငယ်တော် နတ်ရှင်နောင် နေရာယူလိုက်ပါသည်။

တပ်မင်းတာဝန်နှင့်မမျှ ငယ်လွန်းလှသော သူ့အသွင်မှာ ယခုလိုဆိုတော့လည်း ကြွားရွှား တကယ့် မင်းယောကျ်ားကြီးတစ်ဦးပါပေ။

"အယုဒ္ဓယဘုရင် ဖြနရာဇ်ရဲ့ စီးချင်းတိုက်ပွဲစိန်ခေါ်ချက်ကို ရရှိတဲ့အခါမှာ ကျွန်တော်အပါအဝင် တပ်မင်းအားလုံးကရော၊ ဥပရာဇာကိုယ်တော်တိုင်ကပါ လက်ခံပြန်ကြားလိုက်ပါတယ်"

စန္ဒကူးယပ်တောင်ပေးစဉ်က သူ့ကိုယ်သူ "နောင်"ဟု အယဉ်အကျေး သုံးခဲ့လေသော လေသံမျိုး၊ အသွင်အပြင်မျိုး မဟုတ်တော့ပါ။

"ဥပရာဇာက ဆင်တော် ရဲဘုန်းစုံကို စီးပါတယ်။ ကုန်းလတ်မှာ တုရင်ဗလကို တင်ပါတယ်။ ဥပရာဇာရဲ့ လက်ယာဘက်မှာ ပြည်ဘုရင် မင်းကြီးနှောင်း အင်အားစုံညီနဲ့ နေပါတယ်။ ကျွန်တော်က လက်ဝဲဘက်မှာပါ။ ကျွန်တော်က ဆင်တော် ဥပေါ်သထကို စီးပါတယ်"

စကားပြောနေရင်းဖြင့်ပင် သူသည် ရှိရင်းစွဲအသက်ထက် ပို၍ ရင့်ကျက်ခိုင်မာလာသည်ဟု ထိပ်ထား ထင်မိပါသည်။

"ဥပရာဇာရဲ့ ငယ်ကျွန်တော် ဇာပရိုစားက ဆင်တော် ပေါက်ကျော်ဇေယျကိုစီးပြီး မနီးမဝေးမှာ တပ်စွဲထားပါတယ်။ အားလုံး သိကြတဲ့အတိုင်း ဆင်တော်ပေါက်ကျော်ဇေယျဟာ အင်အားအလွန်ကြီးတဲ့အပြင် အတိုးအဝှေ့ အင်မတန်သန်တဲ့ တိုက်ဆင်စစ်စစ်ပါ။ အဲဒီအချိန်က ပေါက်ကျော်ဇေယျဟာ မုန်လဲ ပြင်းနေတဲ့အတွက် မျက်နှာကို ပုဆိုးစနဲ့ ဖုံးထားရပါတယ်။ ဒါတောင်မှ ဇာပရိုစားဟာ ချွန်းတဖွင့်ဖွင့်နဲ့ သူ့ရဲ့ ပေါက်ကျော်ဇေယျကို မနည်းကြီး နှိမ်နေရတယ်"

"အယုဒ္ဓယဘုရင် ဖြနရာဇ်ဟာ ငယ်စဉ်က ဟံသာဝတီမှာ နေသွားဖူးတယ် မဟုတ်လား"

ပြည်ဘုရင် မင်းကြီးနှောင်း၏ မေးခွန်းဖြစ်ပါသည်။

"ဟုတ်ပါတယ်၊ သူ ဟံသာဝတီမှာ နေစဉ်က သေနင်္ဂဗျူဟာကို ဥပရာဇာနဲ့အတူ သင်ယူခဲ့ပါတယ်။ ဥပရာဇာနဲ့ ဖြနရာဇ်တို့ဟာ တစ်ယောက်အရည်အသွေး တစ်ယောက် သိကြသူတွေပါ။ တိုက်ရည်ခိုက်ရည် အရာမှာလည်း မတိမ်းမယိမ်း ရှိကြသူတွေပါ။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ဥပရာဇာအတွက် စိုးစဉ်းမျှ ကျွန်တော်တို့ စိတ်မပူကြပါဘူး"

သူ့အသံ မဆိုစလောက် လှိုက်လှိုက်လှဲလှဲ ဖြစ်လာသည်ဟု ထိပ်ထား

http://www.nyisay.com



ထင်ပါသည်။

"ဖြနရာဇ်က သူ စီးနေကျ ဆင်တော် ဖြလစုံကို စီးပြီး ထွက်လာပါတယ်။ စထွက်ကတည်းက ချွန်းဖွင့်ပြီး ဥပရာဇာဆီ တစ်ရှိန်ထိုး ဝင်တော့တာပဲ။ ဥပရာဇာကလည်း ရဲဘုန်းစုံကို ချွန်းဖွင့်ပြီး တူတူချီပါတယ်။ ဒီအချိန်မှာပဲ . . . "

သူ ပြောနေပုံမှာ မာန်ပါလွန်းလှသဖြင့် တိုက်ပွဲမြင်ကွင်းကို ထိပ်ထား အာရုံတွင် အထင်အရှား တွေ့လာရပါသည်။

"ငယ်ကျွန် ဇာပရိစားက ဖြနရာဇ်ကို တိုက်ဖို့ ပေါက်ကျော်ဇေယျရဲ့ မျက်နှာက ပုဆိုးကို ဖွင့်လိုက်ပါတယ်။ အဲဒီမှာတင် တိုက်ပွဲအခြေအနေဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲဖန်တီးဖို့ ဖြစ်လာရပါတယ်။ အမှန်တော့ ဇာပရိစားရဲ့ အပြစ်မဟုတ်ပါ"

တိတ်ဆိတ်စွာ နားစွင့်နေကြသူအားလုံးကို သူက တစ်ချက် ဝေ့ကြည့်ပြီးမှ စကားဆက်ပါသည်။

"မုန်ပြင်းနေတဲ့ ပေါက်ကျော်ဇေယျဟာ မျက်နှာက ပုဆိုးကို ခွာလိုက်တာနဲ့ ဖြနရာဇ်ဆီ မဝင်၊ ဖြလစုံကို မဝေ့ဘဲ နောက်ကြောင်းပြန်လှည့်ပြီး ဥပရာဇာရဲ့ ရဲဘုန်းစုံကိုသာ အတင်းဝေ့ပါတော့တယ်။ ဥပရာဇာလည်း ဖြနရာဇ်ကို အသာထားပြီး ပေါက်ကျော်ဇေယျကိုပဲ ရင်ဆိုင်ရပါတယ်။ ဒီအချိန်မှာပဲ ဥပရာဇာရဲ့ ရဲဘုန်းစုံကလည်း 'က'လည်သွားပြန်ပါတယ်"

သက်ပြင်းချသံများ ထွက်ပေါ်လာပါသည်။ သည်အထဲတွင် ထိပ်ထား၏ သက်ပြင်းချသံလည်း အပါအဝင်ပါ။

"ပေါက်ကျော်ဇေယျက မုန်ပြင်းနဲ့ အတင်းဝေ့၊ ရဲဘုန်းစုံကလဲ 'က'လည်သွားနဲ့ ကသောင်းကနင်းဖြစ်နေချိန်မှာ ဥပရာဇာကိုယ်တော်က ဦးကင်းထက်မှာ စီးတော်ဆင်ကိုသာ အရအမိ ထိန်းနေရပါတယ်။ ဒီအချိန်မှာပဲ ရန်သူ့ဘက်က လွှတ်လိုက်တဲ့ စိန်ပြောင်းဟာ ဥပရာဇာကိုယ်တော်ကို တိုက်ရိုက်ထိမှန်သွားခြင်း ဖြစ်ပါတယ်။ ဆင်ဦးမှာပဲ ကိုယ်တော် နတ်ရွာစံ ကံတော်ကုန်ပါတယ်"

တိုးတိမ်ချင်သော စကားသံအဆုံးနှင့်အတူ ထိပ်ထားဆီသို့ လှမ်းကြည့်လိုက်သော သူ၏ တောင်းပန်အကြည့်များကို တွေ့လိုက်ရသည်။ ထိပ်ထား မျက်လွှာချလိုက်ရပါသည်။

"ကုန်းလယ်စီးတဲ့ တုရင်ဗလက ဒါကို အခြေမပျက်အောင် ထိန်းသိမ်းပြီး ရဲဘုန်းစုံကို ချုံမှာ မှီနေစေခဲ့ပါတယ်။ ဖြနရာဇ်ဟာ ဥပရာဇာ ကျဆုံးသွား

http://www.nyisay.com



ကြောင်း မသိပါဘူး။ ကျွန်တော်တို့ တိုက်ဆင်ချင်း အထွေးထွေးအယှက်ယှက် ဖြစ်နေတာကို တွေ့ပြီး အံ့အားသင့်နေပါတယ်။ ဒီလို မမျှော်လင့်ဘဲ ထွေပြား သွားတဲ့အခြေအနေတွေကို ကျွန်တော် အရအမိ ယူလိုက်ပါတယ်။ ကျွန်တော် စီးတဲ့ ဥပေါသထကို ချွန်းဖွင့်ပြီး ပြနရာဇ်ဆီ အတင်းဝင်လိုက်တယ်။ အယုဒ္ဓယ တပ်တွေက သူတို့သခင်ရှေ့က ဆို့ဆီးဖို့ ကြိုးစားကြတယ်။ ဒီအချိန်မှာပဲ တိုက် ပွဲဟာ ချက်ချင်း အရှုပ်ထွေးဆုံး အကြမ်းတမ်းဆုံးအဖြစ် စတင်တော့တာပါ။ ရန်သူ့တပ်တွေကို အတင်းဖောက်ပြီး ဆင်တော် ဥပေါသထနဲ့ တရကြမ်းတင်ပေ မယ့် ပြနရာဇ်နားကို ကျွန်တော် မချဉ်းသာပါဘူး။ ဒါပေမယ့် ပြနရာဇ်ကလဲ ကျွန်တော့်ကို လှံတစ်ပစ်၊ မြားတစ်ကမ်းအကွာ အရောက်မခံဘူး။ ကျုံးနားအထိ အရောက် ဆုတ်သွားတယ်။ ဒီအချိန်မှာ ပြည်ဘုရင် မင်းကြီးနှောင်းနဲ့ ဇင်းမယ် ဘုရင် နော်ရထာစောတို့လည်း သင်းနောက်ကို ထပ်ကြပ် လိုက်တိုက်ကြပါ တယ်။ ဒါပေမယ့် ပြနရာဇ်က ကျုံးကို ဖြတ်မိသွားပြီး မြို့တွင်းဝင်သွားတယ်။ ပြနရာဇ် အထဲရောက်သွားပြီးလို့ မြို့တံခါးပိတ်တာ တွေ့ရတော့မှ ကျွန်တော် လဲ ဥပေါသထကို နောက်ပြန်လှည့်ခဲ့ရတယ်၊ ဒါပေမယ့် . . . . "

သူ့ လက်သီးအစုံ တင်းတင်းဆုပ်သည်ကို တွေ့လိုက်ရပါသည်။

"ထုံးဘိုစားနဲ့ ဝင်းရော်စား နှစ်ယောက်ကတော့ ရန်သူကို လိုက်တိုက် ရင်းနဲ့ ရန်သူ့နယ်မြေထဲ ကျွံဝင်သွားကြပြီ။ ခုချိန်လောက်ဆိုရင် သူတို့နှစ်ယောက် က ရန်သူ့တပ်ထဲမှာ ရန်သူကို အကြီးအကျယ် ဒုက္ခပေးရင်းနဲ့ အသက်သွေးကို စတေးပြီးကြပြီ။ ထုံးဘိုစားနဲ့ ဝင်းရော်စားတို့ရဲ့ သူရဲကောင်းဝိညာဉ်ကို ကျွန်တော် ဒီနေရာကနေ ဦးညွတ်ပူဇော်လိုက်ပါတယ်"

မောင်တော်ဥပရာဇာ ကျဆုံးခန်းနှင့် တိုက်ပွဲအကြောင်းကို ပြောပြနေ သော သူ့အသွင်နှင့် လေသံမှာ စစ်အကြောင်း အစီရင်ခံနေခြင်းနှင့် မတူဘဲ လင်္ကာရှည်တစ်ပုဒ်ကို ရွတ်ဆိုနေသော စာဆိုတော်တစ်ယောက်နှင့် တူနေသည် ဟု ထိပ်ထား ထင်မိပါသည်။

"ဥပရာဇာ ကံတော်ကုန်ပြီးတဲ့နောက် အလောင်းတော်ကို ရပ်ဝေးမှာ မသင်္ဂြိုဟ်ဘဲ နေပြည်တော်ပြန်ယူဖို့နဲ့ နောက်နှစ် မိုးအစဲမှာမှ စစ်ပွဲအသစ်ပြန် စဖို့ ပြည်ဘုရင် မင်းကြီးနှောင်းက ခေါင်းဆောင်အမိန့်ချမှတ်တဲ့အတွက် ကျွန်တော်တို့ တပ်ပြန်ဆုတ်ခဲ့ကြခြင်း ဖြစ်ပါတယ်"

"စစ်ရေးဆွေးနွေးပွဲမှာ အကြံပေးစရာများ ရှိကြသေးသလား"

http://www.nyisay.com



ပြည်ဘုရင် မင်းကြီးနှောင်းက အားလုံးကို စေ့စေ့စပ်စပ် လိုက်ကြည့်ရင်း ဆိုပါသည်။ အချိန်အတန်ကြာသည်အထိ မည်သူမျှ စကားမဆိုကြ။ ငြိမ်သက် ခြင်းကို လှုပ်နှိုးလိုက်သောအသံမှာ (သူ) နတ်ရှင်နောင်၏ အသံသာဖြစ်ပါလေ သည်။

"ဖြနရာဇ်ကို ကျွန်တော် စိတ်မချဘူး။ သူဟာ မော်လမြိုင်စားနဲ့လည်း အကျွမ်းဝင်တယ်၊ ဟံသာဝတီကို သူ ထိပါးလာလိမ့်မယ်လို့ ကျွန်တော် တွက် နေမိပါတယ်။ ကျွန်တော်တို့အားလုံး စစ်အင်အားအပြည့်နဲ့ အမြဲ အဆင်သင့် ရှိနေအပ်တယ်လို့ သဘောရပါတယ်"

"နတ်ရှင်ငယ် ပြောတာ မှန်တယ်"

အစ်ကိုတော် ဇင်းမယ်ဘုရင်က အားပါးတရ ဝင်ပြောပါသည်။

အသက်အရွယ် ကြီးရင့်ကြကုန်သော ဘုရင်ခံချုပ်များအလယ်တွင် အငယ်ဆုံးဖြစ်သော မောင်တော်နတ်ရှင်နောင်၏ အရေးပါ အရာရောက်မှုကို ထိပ်ထား အံ့ဩမိရပါသည်။ တောင်ငူမင်းသားလေး၏ ဘုန်းစွမ်းလက်ရုံးသတင်း ကို ထိပ်ထား ကြားသိပြီးဖြစ်သော်လည်း ဤမျှ ပွဲလယ်တင့်နေမည်ဟု ထိပ်ထား မထင်မိခဲ့ပါ။

"ပြီးခဲ့တဲ့ စစ်ပွဲမှာ ကျွန်ုပ်တို့ အရေးကျခဲ့ပေမယ့် ဥပရာဇာရဲ့အသက်ကို ပေးလိုက်ရတယ်။ ဒီအပေါ်မှာ ဖြနရာဇ်ဟာ အားယူပြီး ထိုးစစ်ဆင်လာနိုင် တယ်၊ ယောက်ဖတော် ဥပရာဇာဟာ ဆင်ထက်မှာ ဆိုးဆိုးရွားရွား ကံတော်ကုန် . . . . ၊ ဩော် . . . "

အစ်ကိုတော် ဇင်းမယ်ဘုရင် နော်ရထာစောက ပြောလက်စ စကားကို ရပ်ကာ ထိပ်ထားဆီသို့ လှမ်းကြည့်ပါသည်။ ထိပ်ထားရှေ့တွင် မောင်တော် ဥပရာဇာအကြောင်းကို နှုတ်ထွက်စကား ဆက်လိုရန် အားတုံ့အားနာ ဖြစ်ဟန် တူပါသည်။

"နှမတော်လေး . . . မာတုကလျာ၊ အိမ်ရှေ့စံမိဖုရားတစ်ပါးအနေနဲ့ စစ် ရေးဆွေးနွေးပွဲ တက်ရောက်လာတာကို အစ်ကိုတော်တို့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် နှမတော်လေး ပင်ပန်းလှပါပြီ၊ အဆောင်တော်ပြန်ပြီး အနားယူစေလို ပါတယ်"

ဘုရင်ခံချုပ်များနှင့် တပ်မင်းများအားလုံး ထိပ်ထားဘက်သို့ လှမ်းကြည့် ကြပါသည်။ အစ်ကိုတော်ကို ထိပ်ထား ကျေးဇူးတင်မိပါသည်။ စင်စစ်မူ စစ်သံ

http://www.nyisay.com



ဖန်ဖန်မြည်နေသော ဤနေရာမှာ ထိပ်ထားကိုယ်တိုင်လည်း ဆက်မနေချင်တော့ပါ။ သူတို့ မင်းယောက်ျားကြီးတွေ၏ သွေးစကား၊ သံစကားများကို ထိပ်ထား ဆက်လက် နားမထောင်ရဲပါ။

အားလုံးထဲတွင် အသက်အငယ်ဆုံးနှင့် အတက်ကြွဆုံးဖြစ်နေသော မောင်ငယ်တော် နတ်ရှင်နောင်၏ စစ်သွေးကြွ အမူအရာများကို ထိပ်ထား ဆက်လက် မကြည့်ရဲတော့ပါ။

"ကျေးဇူးကြီးလှပါတယ် အစ်ကိုတော်"

လက်အုပ်ချီနှုတ်ဆက်ကာ ညီလာခံ အဆောင်တွင်းမှ ထိပ်ထား ထွက်ခွာခဲ့ပါသည်။ စက်ရာဆောင်သို့ ထိပ်ထား မဝင်နိုင်သေးပါ။ သည်မျှ မထိတ်သာ မလန့်သာ အခြေတွင် နှစ်ခြိုက် မွေ့လျော်အိပ်စက်ခြင်းကို ထိပ်ထား ရနိုင်မည် မဟုတ်ပါ။

ထိပ်ထား ဘုရားဆောင်သို့ ဝင်ရပါဦးမည်။

စစ်ရေးဆွေးနွေးပွဲ တက်ရောက်ရာတွင် ဆင်ယင်ခဲ့သော မြတဘက်အစိမ်းရင့်ကို ပယ်ရှားလျက် ယောဂီပဝါကို ထိပ်ထား ရစ်သိုင်းခြုံလွှားလိုက်ပါသည်။ သည်လိုအချိန်တွင် မေတ္တာပို့အမျှဝေရန်မှတစ်ပါး ထိပ်ထား အခြားပြုဖွယ် မရှိနိုင်ပါပေ။

> "ကလျာရွှေညီ။ ။ နန်းကေသီတို့၊ ဦးချီလက်စုံ၊ ရှိပဒုံဖြင့်၊ ခိုလှုံဖြိုဖြို၊ ခစားကြ၍၊ ဂီတသံအေး၊ ငြိမ့်လေးညှင်းတွဲ့၊ နန်းဟန်ဖွဲ့လျက်၊ ကန့်ကယ၊ ဖြေဖျော်ကြလည်း သောကကိန်းအောင်း၊ ပူလက်မောင်းကြောင့်၊ ပျော်ကြောင်းမမြင်၊ ပူကြွေးတင်၍၊ မရွှင်လျက်နှင့်၊ ရွှင်ယောင်ကျင့်သည် . . . ခုဖြင့် ဖြေခက်သည်တကား"

ဝေဒနာတို့က ဝန်းဖွဲ့ရိုက်ခတ်လာကြသောအခါ စကားလုံးလေးများသည် အလိုလို စီးသွန်လာတတ်ကြပါလေသည်။ ရွှေညီလာနန်းတွင်း စံမြန်းနေရသော်လည်း ထိပ်ထား မမွေ့လျော် မပျော်ပိုက်ပါ။ မင်းမိဖုရား၏ စည်းစိမ်တော်အားလုံးသည် ထိပ်ထားအတွက် ပကတိ ခြောက်သွေ့နေကြပါသည်။

မိန်းမသားပီပီ အားငယ်တတ်ခြင်းဟု ဟံသာဝတီတစ်နန်းတော်လုံးက

http://www.nyisay.com



ဆိုလာကြလျှင်လည်း ထိပ်ထား မျက်နှာငယ်ကာပင် နေရတော့မည်။ ရာဇာဓာတု ကလျာ မင်းသမီးသည် တုဘက်လွတ်ကင်း လှပချောမောသည်ဟု သူတို့အားလုံးက ထိပ်ထားကို ချီးပကြပါသည်။ သူတို့အားလုံး ဂုဏ်ပြုချီးမြှင့်ကြလေကုန်သော အလှအဖွဲ့များတွင် မောင်ငယ်တော် နတ်ရှင်နောင်၏အဖွဲ့က သရဖူဆောင်း တံခွန်စိုက်ဖြစ်ပါလိမ့်မည်။

"တင့်လှပေဟန်၊ ဖက်မဲ့ရန်တည့်၊
ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့၊
ပြာပြာလက်လက်၊ မွတ်မွတ်ရေးချေ၊
ထုံးနေမကျော၊ ပန်းရောဆံကြာ၊
ကျတိုင်းသာလျှင်၊ ရွှေဝါဖိတ်ရှင်း၊
ထည့်ချင်းစံပယ်၊ နံ့ကြွယ်လှိုင်ကြူ၊
မဥ္ဇူမျက်မည်း၊ ပေါ်ထပ်စည်းနှင့်၊
မရည်းမထင်၊ ဖြုတ်ချည်းမြင်က၊
နတ်ပင်ယိုးမှား၊ ဝိုးဝါးတွေးချွတ်၊
စိတ်လုံးညွှတ်သည်။ ။
ဘုံထွတ်နန်းတောင် နေတို့လော"

လှပချောမောခြင်းကို မိန်းမသားတိုင်းက တန်ဖိုးထားတတ်ကြပေမည်။ အဆင်းလှခြင်းသည် မိန်းမတို့၏ ဥစ္စာမည်ချေသည်။ သို့သော် ပန်းပွင့်၏အလှသည် ဝတ်ရည်သုံးမည့် ပိတုန်းကို ဖိတ်ခေါ်သောအရာ ဖြစ်ပြန်ပါသည်။ ရွှေသမင်၏ ဦးချိုသည် မုဆိုး၏မြားတံကို ဖိတ်ခေါ်သော အရာ ဖြစ်လာပါသည်။ ဟင်းလျာဘောဇဉ်၏ ရနံ့သည် ခပ်ယူစားသောက်မည့်သူကို ဖိတ်ခေါ်သော အရာဖြစ်လာပါသည်။ ထိုနည်းတူစွာ ထိပ်ထား၏အလှသည်လည်း . . . .

လောကဓံတရားသည် ထိပ်ထားအား လှပချောမောခြင်း၊ နန်းစည်းစိမ်၌ ခံစားစေခြင်း၊ ဘုရင့်သမီးတော်ဖြစ်ခြင်းတည်းဟူသော အရာတို့ကို ပေးအပ်ချီးမြှောက်ခဲ့ရိုးအမှန်ပင် ဖြစ်ပါသည်။ သို့သော် ထိုဂုဏ်ပုဒ်များအားလုံးအတွက် ထိပ်ထားထံမှ 'အလျော်'ပြန်ယူလေသလား မဆိုနိုင်ပါ။

ကလေးငယ်အရွယ်ကတည်းက မယ်တော် နတ်ရွာစံခဲ့သည်။ ထိပ်ထား သိတတ်လာသောအရွယ်တွင် ခမည်းတော်မင်းတရားကြီး နတ်ရွာစံခဲ့သည်။ စိပ်

http://www.nyisay.com



ပုတီးနှင့် ရိပ်ကြီးခိုရန် အခွင့်မသာသောအခြေတွင် ထိပ်ထားသည် ဘုရားကျောင်းဆောင်ထဲတွင်သာ အနေများခဲ့သည်။ ရတနာသုံးပါးသည်သာ ထိပ်ထားအတွက် ခိုနားလဲလျောင်းရာ မဟာအာဝါသအဖြစ် ကိုးကွယ်ဆည်းကပ်ခဲ့သည်။

သို့သော် ပင်တိုင်စံဒေဝီဘဝတွင် ထိပ်ထား ငြိမ်းအေးချမ်းမြစွာ စံမနေလိုက်ရပါ။ ဥပရာဇာ မင်းကြီးစွာသည် အိမ်ရှေ့စံမိဖုရားကို လွန်မြောက်လျက်၊ မင်းမိန့်အာဏာကို ယောက်ျားသြဇာတို့ဖြင့် ထိပ်ထားကို သိမ်းပိုက်ခဲ့ချေသည်။ ထိုစဉ်က ထိပ်ထားမှာ အသက်နှစ်ဆယ့်နှစ်နှစ် အရွယ်သာ ရှိပါသေးသည်။ အိမ်ရှေ့စံဥပရာဇာ ရင့်မကြီးဖြစ်လျက်၊ မိဖုရားထင်ရှားရှိလျက် အချစ်၏ကျေးကျွန်ဘဝသို့ သက်ဆင်းရရှာသည်ဟူသော ကရုဏာစိတ်ဖြင့် ထိပ်ထားသည် ဥပရာဇာအလိုသို့ လိုက်မိခဲ့ပါသည်။ သနားမိခြင်းသည် မိန်းမသားတို့နစ်မွန်းစေဖို့အတွက် စတင်ပေါ်ပေါက်သော နွံအိုင်ကမ်းစပ် ဖြစ်လေသလား ထိပ်ထား မသိတော့ပါ။

ထိပ်ထားကို အကြောင်းပြု၍ ဥပရာဇာနှင့် မိဖုရားတို့ အချင်းများကြကာ အိမ်ရှေ့စံမိဖုရား၏ တိုင်တန်းမှုဖြင့် အင်းဝနှင့် ဟံသာဝတီ ငြိုးသူရန်ဘက်ဖြစ်ကြသည်ကိုလည်း ထိပ်ထား ဘယ်သို့မျှ မတတ်နိုင်ပါ။ အို . . . အင်းဝဘုရင်နှင့် ဟံသာဝတီဘုရင်တို့ စီးချင်းထိုးကြသည်အထိပင် အခြေဆိုးရွား ပြင်းထန်ခဲ့ပါသေးသည်။ ပြည်တွင်းစစ်ရေးကို အကြောင်းပြု၍ အယုဒ္ဓယဘုရင် ပြနရာဇ်ကလည်း ပြင်ပမှ စစ်ပြုလာခဲ့ပြန်ပါသည်။ ဘုရား . . . ဘုရား . . . ။ ရှုပ်ထွေးလာကြသော သည်အရေးတွေအားလုံးအတွက် ပင်မအကြောင်းတရားမှာ ထိပ်ထား၏ အလှဖြစ်ရတော့မည်လား။ မိန်းမသားတစ်ဦး၏အလှသည် လောကကို ဤမျှပင် အရုပ်ဆိုးစေသည်လား ထိပ်ထား ဘာမှ မပြောချင်တော့ပါ။

ထိပ်ထားတစ်ခုပဲ သိပါတော့သည်။ ရတနာသုံးပါးသည်သာခိုအောင်းရာ။

ယခုလည်း မောင်တော်ဥပရာဇာ ကျဆုံးသွားခဲ့ပြီဖြစ်သောကြောင့် 'မုဆိုးမမိဖုရား'အဖြစ် ထိပ်ထား အေးဆေးစွာ စံနေရတော့မည်ဟု ထင်ခဲ့မိသည်မှာ မဟုတ်ပြန်လေ။ ဟံသာဝတီ အိမ်ရှေ့စံဖြစ်လာခဲ့သော အင်းဝမင်းရဲကျော်စွာထံမှ လက်မောင်းလက်ရုံး ဖြုန်းဖြုန်းခတ်သံကို ကြားရပြန်ပါပြီ။

ရာဇဓာတုကလျာကို သူ သိမ်းပိုက်မည်တဲ့။

သည်လောက မြေကမ္ဘာမှာ ထိပ်ထားအတွက် လုံခြုံရာ အဘယ်မှာရှိတော့သလဲ။ အို . . . ချစ်သောသူနှင့် ကွေကွင်း၊ မချစ်သောသူနှင့်အတူ နေခြင်း။

http://www.nyisay.com



သည်ဆင်းရဲဒုက္ခတရားသည် ထိပ်ထား၏ကိုယ်ပွား ဖွားဘက်တော်ပင် ဖြစ်လေသလား။

"မြလွှာဝေစီ၊ နွေခင်္ဂီဝယ်၊ ရွှေဖီသင်းပျံ့၊ နှင်းရနံ့နှင့်၊ ခင်းညှဲ့မြေဇာ၊ လေညှင်းလာက၊ ရွှေမာလာငုံ၊ ပန်းဝတ်မှုန်တို့၊ ကြွေတုံ့သက်ဆင်း၊ ကိုက်ငုံကင်းနှင့်၊ အင်ကြင်းဖြူနီ၊ ရိုးတံချီလျက်၊ သံညီဥသြ၊ နှုတ်ချိုနှော၍၊ တောင်တောသာခွင့်၊ ရာသီဖွင့်သည်၊ နုရင့်နွေစက်လည်တကား"

ရတု၏ ပထမအပိုဒ်အကျမှ 'ခုဖြင့် ဖြေခက်သည်တကား'အတွက် ဒုတိယအပိုဒ်အချ 'နုရင့်နွေစက် လည်တကား'ဆိုသော စာလုံးလေးများကို ထိပ်ထားနှလုံးသွေးဖြင့် ရင်း၍ ရရှိလိုက်ပါသည်။

အို . . . အနုပညာလိပ်ပြာငယ်သည် ထိပ်ထား၏ နှလုံးအိမ်နံရံအတွင်းဝယ် ဖျတ်ဖျတ်လွန့်လူး ပျံသန်းနေကြပြီ။ နှလုံးသားသည် လက်ချောင်းဖျားလေးများနှင့် ပေါင်းဝင်စီးဆင်းကြပြီ။ "ကလျာရွှေညီ မြလွှာဝေစီ . . . . " နန်းဆောင်အဝေးဆီသို့ ထိပ်ထား ငေးမျှော်ကြည့်မိပါသည်။ ဟိုအဝေးတွင် သပ္ပာယ်စွာသော စေတီတော်ကြီး . . . မဟာစေတီ။

"မဟာစေတီ၊ မွေသရီ၏၊ မြေညီခင်းပြန့်၊ တလင်းသန့်ဝယ်၊ နှင်းပန့်တပဲဝတ်ဖြူလဲနှင့် နန်းထဲနန်းလေ့၊ သိမငွေ့ဘဲ၊ ချမ်းမြေ့စိတ်ကြည်၊ ပီတိရည်ပြင့်၊ ခိုင်တည်နှလုံး၊ တစ်ဖြောင့်သုံး၍၊ နှောင်ထုံးကေမင်၊ လျှောဖြေချင်လဲ. . . . "

မဟာစေတီတော်ကြီး၏ ဗုဒ္ဓရိပ်၊ ဓမ္မရိပ်တွင် ထိပ်ထား မွေ့လျော်ချင်ပါသည်။ နန်းဓလေ့ကို မသိမငွေ့တော့ဘဲ ဝတ်ဖြူလဲလျက် ချမ်းမြေ့သော ပီတိသဒ္ဓါတို့ဖြင့်သာ ဓာတ်တော်ဌာပနာတော်တို့ ရှေ့မှောက်ဝပ်စင်း ရောက်လိုလှပါသည်။

". . . ခိုင်တည်နှလုံး၊ တစ်ဖြောင့်သုံး၍၊ နှောင်ထုံးကေမင်၊ လျှောဖြေချင်လဲ . . . "

အိုး . . . ။ စန္ဒကူးယပ်တောင်ကလေးက အာရုံရိပ်မှာ ဖျတ်ခနဲ၊ သူ့ကိုယ်သူ 'နှောင်'တဲ့၊ 'ထိပ်ထားအစ်မတော်'တဲ့။

"နှောင်ထုံးကေမင်၊ လျှောဖြေချင်လဲ၊ နတ်ရှင်သူ့ကြောင့်၊ တစ်ရေးမှောင့်ခဲ့၊ မဖြောင့်ပျံ့လွင့်၊ နှောင်ကြိုးဝင့်သည်။ ။ လူ့လင့် ငွေမျက်ရည်တကား"

http://www.nyisay.com



ထိပ်ထားဟာ ပူလောင်သောအချစ်ကိုသာ မလွှဲမဖယ် လက်ခံခဲ့ရသူပါ။ မိမိရဲ့နှလုံးသားကို မေ့ပျောက်ပြီး အခြားတစ်ပါးသူရဲ့ ရွေးချယ်စီရင်ခြင်းကိုသာ မတုံ့မပြန် ခံစားခဲ့ရသူပါ။ ထိပ်ထားလိုချင်တဲ့ ချစ်ခြင်းမေတ္တာ၊ ထိပ်ထားအပ်နှင်းချင်တဲ့ ချစ်ခြင်းမေတ္တာ၊ နှစ်ကိုယ်တူ ချမ်းမြေ့နိုင်မယ့် မေတ္တာအာဝါသ၊ နူးညံ့တဲ့ ရင်ခွင်၊ နွေးထွေးတဲ့ ချစ်ရိပ်ကွန်းသာ . . . ။

ချစ်သောသူနှင့် ကွေကွင်း၊ မချစ်သောသူနှင့်နေခြင်း ဆင်းရဲဒုက္ခနှစ်ပါးကို ထိပ်ထားဆီက ဖယ်ခွာသန့်စင်ပေးကြပါ . . . . ။

ထိပ်ထားလေ . . . .

ፋ

(၄)

အဖြစ်အပျက်တွေက မြန်ဆန်လွန်းလှပါသည်။

မောင်ငယ်တော် နတ်ရှင်နောင်တို့ တောင်ငူသို့ ပြန်သွားပြီး မကြာမီမှာပင် အရေးအခင်းတို့က တရစပ် ပေါ်ပေါက်လာကြပါသည်။ စစ်ရေး ညီလာခံတွင် သူ ကြိုတင်ပြောခဲ့သလိုပင် ဖြနရာဇ်သည် မော်လမြိုင်စားနှင့် ပူးပေါင်းကာ ဟံသာဝတီကို ချီလာပြန်ပါသည်။ ဟံသာဝတီက ဘုရင်ခံချုပ်များထံ စစ်ကူတောင်းပါသည်။ မောင်ငယ်တော် နတ်ရှင်နောင်၏ ခမည်းတော် တောင်ငူဘုရင်ခံချုပ် မင်းရဲသီဟသူ ကိုယ်တော်ကြီးလည်း ထိပ်ထားတို့ ဟံသာဝတီသို့ စစ်ကူရောက်ပါသည်။ တောင်ငူတပ်မှူးတစ်ဦးမှတစ်ဆင့် ဆက်သလာသော သူ့ရတုသဝဏ်ကိုလည်း ထိပ်ထား ရရှိခဲ့ပါသည်။

"တောင်ညာနန်း၌၊ တင်ပေထိုက်ဟု၊ ဝိုက်ဝိုက်လည်လည်၊
ဆည်ဆည် ဖြေဖြေ၊ ပြေစိမ့်ဖြားယောင်း၊ ညွှတ်ခွင့်တောင်းလည်း၊
သံညောင်းရိပ်ခြည်၊ မဟာသည်ကြောင့်၊ ကြိုးမည်မလာ၊ နှစ်ကြာ
ကျူးမြင့်၊ လင့်လှည့်ခဲ့ဘိ၊ လွမ်းစောင့်ထိမှူ၊ ဆကဲချစ်ဝန်၊ လေး
သောဟန်ကို . . . "

သူ့ ချစ်သဝဏ်လွှာကို ထိပ်ထားဖတ်ကာ သက်ပြင်းသက်မ အသာအယာ ဖွဖွချနေရသော အချိန်မှာပင် စစ်ရေးတို့က ရှုပ်ထွေးလာကြပါလေသည်။

ဟံသာဝတီကို စစ်ကူပေးရန် ချီတက်လာမည့်အစား ပြည်ဘုရင် မင်းကြီး

http://www.nyisay.com



နှောင်းသည် တောင်ငူကို ဝင်ရောက်တိုက်ခိုက်သည်တဲ့။ အဓိကအကြောင်းက ဟံသာဝတီမင်းကြီး ငါးဆူဒါယကာ နန္ဒဘုရင်၏ သားတော်ငယ် မင်းကြီးနှောင်းသည် သူ့ကို အိမ်ရှေ့မပေးဘဲ လူသွမ်းလူရမ်း အင်းဝမင်းရဲကျော်စွာကို အိမ်ရှေ့ပေးသောကြောင့် ဟံသာဝတီကို ထောင်ထားခြားနားဖို့ အစပျိုးကာ တောင်ငူကို သိမ်းယူခြင်းဖြစ်သည်တဲ့။ မြို့စောင့်တပ်လောက်နှင့်သာ ကျန်ရစ်ရှာသော မောင်ငယ်တော် နတ်ရှင်နောင်အတွက် ထိပ်ထား ကြီးစွာ ပူပန်သောကရောက်ရ ပါတော့သည်။ သို့သော် ထိပ်ထား ရင်အေးရပါသည်။ မောင်ငယ်တော် နတ်ရှင်နောင်ကို မင်းကြီးနှောင်း ယှဉ်မရဘဲ ဆုတ်ခွာသွားသည့်သတင်းကို ကြားရပါသည်။

သို့ပါသော် ထိပ်ထား ရင်အေးရသည်မှာလည်း ခေတ္တမျှသာပင်။ ငါးဆူဒါယကာ နန္ဒဘုရင်မင်းကြီးသည် ဟံသာဝတီထီးနန်း လုံခြုံရေးအတွက် အစီအမံတစ်ခုကို အမိန့်ချမှတ်တော် မူပြန်ပါသည်။ သူတို့ တိုင်းရေးပြည်ရာ ရှုပ်ထွေးပါဘိခြင်း။

"တောင်ငူဘုရင်ခံချုပ်၏ သားတော်ကြီး နတ်ရှင်နောင်၊ ညောင်ရမ်းဘုရင်ခံချုပ်၏ သားတော်ကြီး သခင်လတ်၊ ဇင်းမယ်ဘုရင်ခံချုပ်၏ သားတော်မင်းသား ဖရဆုလောင်တို့ စီးတော်ဆင်များနှင့်အတူ ဟံသာဝတီသို့ ဆက်သလာရောက် အမှုတော်ထမ်းကြစေ"

သည်အမိန့်သည်ပင်လျှင် အကြောင်းထင်နေသော ဟံသာဝတီအရေးတော်ကို အစိတ်စိတ်အကွဲကွဲ ဖြစ်သွားစေသည့် စနက်တံ ဖြစ်လာခဲ့ပါသည်။

ညီတော်၊ နောင်တော်၊ တူတော်၊ ဦးရီးတော်များ စိတ်ဝမ်းကွဲကြပါပြီ။

"ငါ့သားတော် နတ်ရှင်နောင်ကို ဟံသာဝတီမှာ အကျယ်ချုပ်နဲ့ ခေါ်ထားချင်လို့ ဒီအမိန့်ကို နောင်တော် ငါးဆူဒါယကာ နန္ဒဘုရင်က ထုတ်ပြန်တာပဲ"

တောင်ငူဘုရင်ခံချုပ် မင်းရဲသီဟက ဤသို့ ကြုံးဝါးပါသည်။

စစ်သွေးတို့ တက်ကြွနေသော ထိုကြုံးဝါးသံအဆုံးဝယ် တောင်ငူနှင့် ဇင်းမယ်တို့ ပူးပေါင်းကာ ဟံသာဝတီနန်းကို ခြားနားကြပါလေသည်။ ရခိုင်ဘုရင်မင်းရာဇာကြီးလည်း တောင်ငူ၊ ဇင်းမယ်နှင့် ပူးပေါင်းကြပါလေသည်။ သည်အချိန်တွင် ဟံသာဝတီမှာလည်း ယိမ်းယိုင်ပြိုနဲ့လာပါသည်။

"တောင်ငူတပ်ကို နတ်ရှင်နောင် ဦးစီးပြီး ချီတက်လာပြီ"

http://www.nyisay.com



"ရခိုင်ဘုရင့်သားတော် ဥပရာဇာဟာ သန်လျင်ကို သိမ်းပိုက်လိုက်ပြီ"

"နတ်ရှင်နောင်ရဲ့ တပ်တွေဟာ ဟံသာဝတီအနားထိ ရောက်လာပြီ၊ ကောလိယ အရပ်မှာ စခန်းချတပ်စွဲပြီ"

"တောင်ငူဘုရင်ခံချုပ်က ဟံသာဝတီရဲ့ အရှေ့ဘက်၊ ရခိုင်ဥပရာဇာ တပ်က တောင်ဘက်၊ နတ်ရှင်နောင်က မြောက်ဘက် အသီးသီး တပ်စွဲပြီး ဟံသာဝတီနေပြည်တော်ကို ပိတ်ဆို့ဝန်းရံလိုက်ကြပြီ"

"ဟံသာဝတီ အိမ်ရှေ့စံ မင်းရဲကျော်စွာဟာ တောင်ငူဘက်ကိုခိုလှုံပြီ"

စင်စစ် မြန်ဆန်လွန်းလှသော အဖြစ်အပျက်များ၏ နောက်ဆုံးတစ်နေ့ ဝယ် ဟံသာဝတီ ထီးနန်းရှင် ငါးဆူဒါယကာသည် တောင်ငူဘုရင်ခံချုပ်ထံ အညံ့ခံလိုက်ပါတော့သည်။ ထိပ်ထားတို့၏ ဟံသာဝတီ ကျသွားပါပြီ။ မောင် ငယ်တော် နတ်ရှင်နောင်သည် အိမ်ရှေ့စံ ဥပရာဇာအဖြစ်ကို ရရှိသွားပြီဖြစ်ပါ သည်။

ငါးဆူဒါယကာ နန္ဒဘုရင် အရှုံးပေးလိုက်ခြင်းအတွက် ဟံသာဝတီ ထီးနန်းကို ရရှိသွားပြီဖြစ်ပါသည်။ ထိုနည်းတူစွာ သားတော်ဖြစ်သော နတ်ရှင် နောင်သည် အိမ်ရှေ့စံ ဥပရာဇာအဖြစ်ကို ရရှိသွားပြီဖြစ်ပါသည်။

ငါးဆူဒါယကာ နန္ဒဘုရင် အရှုံးပေးလိုက်ခြင်းအတွက် ထိပ်ထား ဝမ်းနည်း ရမည်လား၊ ထိပ်ထားတို့ ဟံသာဝတီ ကျသွားသည့်အတွက် ဝမ်းနည်းရမည်လား၊ လူရမ်းလူသွမ်း ဥပရာဇာ အင်းဝ မင်းရဲကျော်စွာ၏ ဘေးရန်မှ လွတ်မြောက်ခွင့် ရလာသည့်အတွက် ထိပ်ထား ဝမ်းသာရမည်လား၊ မောင်ငယ်တော် နတ်ရှင် နောင်တို့ အောင်ပွဲခံရသည့်အတွက် ဝမ်းသာရမည်လား . . . အို . . . သူတို့ မင်းယောက်ျား စစ်ပွဲဝင်သူရဲကောင်းကြီးများ၏ သေနင်္ဂပရိယာယ်တွေကို ထိပ်ထား နားလည်နိုင်စွမ်း မရှိတော့ပါ။

ထိပ်ထားသိသည်မှာ တစ်ခုသာ ရှိပါသည်။ သည်တစ်ခုအတွက်လည်း ထိပ်ထား နှလုံးစိတ်ဝမ်း ချမ်းမြေ့အေးဆေးရပါသည်။

ညီတော်၊ နောင်တော်၊ တူတော်၊ ဦးရီးတော်တို့အချင်းချင်း ဖက်ပြိုင်ကြ လေသော စစ်ပွဲကြီး ပြီးဆုံးသွားပါပြီ။ သွေးချင်းစပ် မျိုးချင်းထပ်ကြလေသော သူတို့အချင်းချင်းကြားက သွေးပေး သွေးယူ ရန်ပွဲကြီးများ အဆုံးသတ်သွားကြ ပြီ။ သားတို့၏ မိခင်၊ မောင်တို့၏ နှမ၊ ခင်ပွန်းသည်များ၏ ဇနီးတို့အတွက် ကောင်းစွာအိပ်စက်ခြင်းကို ရကြပြီ။ ဆင်၊ မြင်း၊ ကျွဲ၊ နွားတို့ အသေအပျောက်

http://www.nyisay.com



စဲသွားကြပြီ။ လယ်ယာချောင်းမြောင်းတို့တွင် ထွန်ယက်စိုက်ပျိုးသူများ၊ ကျောင်းကန်ဘုရားတို့တွင် ရှိခိုးပူဇော်သူများ စည်ကားဝေဆာကြပြီ။

"စစ်"ဟူသော အသံ ဆိတ်ချိန်တွင် ဆည်းလည်းသံ၊ ခေါင်းလောင်းသံ၊ ကြေးစည်သံများက ပန်းနုသင်းသော လေပြည်တွင် လွင့်ဝဲရိုက်ပျံ့တော့မည်။

"တစ်ဆယ့်နှစ်ခွေ၊ မြုလည်ရေဦ၊
ယဉ်တွေသီတာ၊ တော်မျက်နှာက၊
အာကာကွန်တက်၊ တိမ်သို့ယှက်မျှ၊
ကျောက်စက်ဝှန်ချာ၊ ဆင်ကလာ၍၊
လက်ယာရုံရစ်၊ နီလာမြစ်သို့၊
ရှင်ချစ်ဘုန်းဝှန်း၊ ပြုံးရိပ်ညွန့်ကြောင့်၊
စင်သန့်ချမ်းကြည်၊ ပြုံးချောင်းမည်သား၊
မြရည်ယှက်သန်း၊ သိင်္ဂါနန်းတက်၊
တစ်သန်းလျှံထွေ၊ တည့်မွန်းနေသို့၊
သရေမမွ၊ ခကြစိုးဆောင်၊
တည်ခဲ့ထောင်သည်၊
ညီနောင်စုံ ရှင်တော်တကား . . . "

အစရှိသော မောင်ငယ်တော်နတ်ရှင်နောင်၏ မြတ်စောညီနောင် ဘုရားတိုင်ရတုမျိုးကို ရှင်းသန့်နှလုံးဖြင့် ရွတ်ဆိုသီကြွေးနိုင်ကြတော့မည်။

အို . . . ထိပ်ထား ကုသိုလ်ကံတို့ ရေသာတစ်လှည့် ရောက်တော့မည် ထင်ပါသည်။ ငြိမ်းအေး ချမ်းမြေ့ကြပါစေ၊ ငြိမ်းအေးချမ်းမြေ့ကြပါစေ။

ဖ

(၅)

ငါးဆူဒါယကာ နန္ဒဘုရင်၏ အညံ့ခံပွဲနှင့် မရှေးမနှောင်းမှာပင် တောင်ငူဘုရင်ခံချုပ် မင်းရဲသီဟသူကိုယ်တော်ကြီးသည် ဟံသာဝတီနန်းသိမ်းပွဲကို ကျင်းပခဲ့ပါသည်။ ထိုနေ့သည်ပင်လျှင် မောင်ငယ်တော်နတ်ရှင်သည်လည်း

http://www.nyisay.com



ဟံသာဝတီဥပရာဇာအဖြစ် ခံယူလိုက်သောနေ့ ဖြစ်ပါသည်။

ထိုမျှသာ မကပါ။ ထိုနေ့သည် . . . .

နန်းတက်နန်းသိမ်းပွဲသို့ တက်ရောက်မည်ဟူသော အမိန့်တော်ကြောင့် ထိပ်ထား အဆောင်တွင်းက အသင့်ပြင်နေစဉ်မှာပင် သူ ရောက်လာပါလေသည်။

ချပ်ဝတ်မိန်ညို၊ မောက်တို မောက်လှူဖြင့်၊ ပတ္တမြားကျောက်စီဓား၊ အဲ မောင်းလှံများဖြင့်သာ အမြဲလိုလိုတွေ့ရဖူးသော သူ့ကို ထိပ်ထား ရုတ်တရက် မမှတ်မိချင်စရာပါပင်။

ပန်းကြိုးသီဖောက်၊ နီလာဖျော့ရောင်ပုဆိုး၊ ငွေရောင်လင်းလက်သော ခေါင်းပေါင်းပဝါ၊ ပုလဲရတနာတို့ဖြင့် ဆင်ယင်လာသော 'သူ့'ကို တောင်ငူတပ်မှူးချုပ်ကြီး နတ်ရှင်နောင်အဖြစ် ထိပ်ထား မမြင်မိပါ။ အဆောင်တော်အတွင်းသို့ တိမ်တိုက်တစ်ခုပမာ ဝင်ရောက်လာသော သူ့အသွင်မှာ တကယ်ပင် လန်းဆန်းနုပျိုနေပါသည်။ စစ်ပွဲဝင် မင်းယောက်ျားတစ်ဦးအနေဖြင့် နေလောင်သော မျက်နှာ၊ ညိုမောင်းသော အသားအရေ၊ နှစ်အနည်းငယ်အတွင်းမှာပင် ထွားကျိုင်းလာသော ကိုယ်ခန္ဓာတို့ကြောင့် တကယ့် မင်းယောက်ျားသားကြီးဟု ထင်စရာရှိသော်လည်း ရွှန်းလက်စိုမြဲဆဲ သူ့မျက်လုံးများကမူ သူ၏ ငယ်နုဂုဏ်ကို အတိုင်းသား ဖော်ပြနေကြပါသည်။

"ထိပ်ထားအစ်မတော်"ဟု သူ ခေါ်လိုက်ပုံကလည်း စစ်နိုင်သူ၏ ဝင့်ကြွားသော လေသံ စိုးစဉ်းမျှမပါဘဲ တစ်စုံတစ်ခုကို ကျိုးနွံစွာ တောင်းခံနေသူလို နွဲ့ပျောင်း လေးဆေးလှပါသည်။

"နောင် ဆက်ခဲ့ဖူးတဲ့ စန္ဒကူးယပ်တောင်လေး ရှိသေးလား ထိပ်ထား အစ်မတော်"

ထိပ်ထား ရှက်စနိုးဖြင့် မဖြေမိပါ။ သို့သော် အကြည့်လျင်သော သူက သဉ္ဇာလီခေါင်းရင်းရှိ ကလပ်ပေါ်မှ ယပ်တောင်လေးကို တွေ့သွားပါသည်။ ယပ်တောင်လေးကို သူ လှမ်းယူကာ ပြန်ဖွင့်ပါသည်။

"နောင်ကိုယ်တိုင် ထိပ်ထားအစ်မတော်ကို ဒီယပ်တောင်လေးနဲ့ ညင်းညင်းမွှေးမွှေး ယပ်တော်သွင်းပေးဖို့ ခွင့်ပြုမလားဟင်"

ထိပ်ထား ဘာပြောရမည် မသိတော့ပါ။ သူကတော့ စန္ဒကူးယပ်တောင်လေးကို အသာအယာ လှုပ်ယမ်းနေပါပြီ။ ပျံ့သင်းရနံ့နှင့်အတူ ချိုအေးသော

http://www.nyisay.com



လေအရှိန်ဖြင့် ထိပ်ထားနဖူးဆံစတို့လည်း လွင့်နေပါပြီ။

"ကျေးစေရတု၊ မယ်ဖွဲ့ရတု၊ ဘုရားတိုင်ရတုတွေကို နောင် ရေးစပ်ပြီး ပို့ဆက်ရဦးမှာလားဟင်"

သူ့အကြည့်ကို ထိပ်ထား ပြန်မတုံ့ရဲပါ။

"နှစ်ကာလတွေ ရှည်ကြာလှပါပြီ ထိပ်ထားအစ်မတော်ရယ်၊ 'တင့်လှပေဟန် ဖက်မဲ့ရန်တည့်'ရတုကို နောင် စတင်ရေးစပ်ခဲ့တဲ့အချိန်က စပြီး တွက်ရင် . . . "

"အို . . . တော်ပါတော့ မောင်ငယ်တော်"

"မောင်ငယ်တော်လို့ အခေါ်မရှိသင့်တော့ပါဘူး ထိပ်ထား အစ်မတော်ရယ်"

ပျံ့လွင့် ထွေပြားချင်သောစိတ်ကို ထိန်းချုပ်ဖို့ ထိပ်ထား ကြိုးစားလိုက်ပါသည်။ ကိုယ့်ထက် ငယ်ရွယ်သူရှေ့တွင် ထိပ်ထား သည်မျှ မတိမ်းမူးသင့်ပါ။

"မောင်ငယ်တော်ပဲ ခေါ်ရလိမ့်မယ်၊ အသက်ချင်းက . . . "

"အသက်အရွယ်၊ တောင်ငူနဲ့ ဟံသာဝတီ၊ စစ်ရှုံးသူနဲ့ စစ်နိုင်သူ အစရှိတဲ့ ခပ်သိမ်းသောအရာတွေ အားလုံးဟာ ချစ်ခြင်းမေတ္တာရဲ့ ရှေ့မှောက်မှာ ဘာတစ်ခုမှ မရှိတော့ဘူး ထိပ်ထားအစ်မတော်"

ပြောရန်စကားတို့ ဆွံ့ရှာလွန်းရပြန်ပါသည်။

"ဥပရာဇာ နတ်ရှင်နောင်ရဲ့ မိဖုရားအဖြစ်ကို လက်ခံပါတော့ အစ်မတော်ရယ် . . . "

စန္ဒကူးယပ်တောင်လေးကိုပင် ထိပ်ထား ရှက်နိုးလှပါတော့သည်။

ဩော် . . . နှောင်ထုံးကေမင်၊ လျှောပြေချင်လည်း၊ နတ်ရှင်သူ့ကြောင့် တစ်ရေးမှောင့်ခဲ့ . . . ။

"ဒီနေ့ကိုရောက်ဖို့အတွက် နောင် ရက်တွေ၊ လတွေ အများကြီး စောင့်ခဲ့ရတာပါ ထိပ်ထားအစ်မတော်ရယ်"

"ပျပျမွှေး၍ ပိုက်ထွေးရင်ငွေ့၊ တူစက်လေ့ကို၊ အောက်မေ့မြင်
ယောင်၊ ရှင်မောင်ခေါ်တမ်း၊ ဖော်ငယ်ကျွမ်းဟု၊ အလွမ်းရှည်ဖြင့်၊
ကြာသည်နှင့်သော်၊ ထပ်ဆင့်ဗျာပါ၊ မပျော်စွာ၍၊ အခါသရစ်၊
ဆောင်းမျိုးနှစ်လည်း၊ အဖြစ်သည်နှယ်၊ မနှစ်ဖွယ်တည့်၊ သက်
လှယ်နှောင်နှင့်၊ ကြင်ပေတင့်စွ၊ မျက်ပွင့်စံတည်၊ မျိုးချစ်ရည်သည်၊

http://www.nyisay.com



လွမ်းသည်သူမတန်တကား . . . ”

စစ်ရက်ကာလ၊ ခွဲခွာခဲ့ရအချိန်များအတွင်း သူ ရေးစပ်သီကုံးခဲ့ရသော ရတုများကို ယခုတိုင် သူ တဖွဖွ ရွတ်ဆိုပြနေဆဲပင် ရှိပါလေသည်။

“လွမ်းရက်တွေ ကုန်ဆုံးခဲ့ပါပြီကွယ်၊ ထိပ်ထားလဲ အခုအခါ ဟံသာဝတီ အိမ်ရှေ့စံဥပရာဇာ နတ်ရှင်နောင်ကိုယ်တော်ရဲ့ မိဖုရားဖြစ်နေရပြီ မဟုတ်လား။ အလွမ်းငွေ့၊ အဆွေးငွေ့တွေသန်းတဲ့ ရတုတွေကို ဘာဖြစ်လို့ ထပ်ပြီး ရွတ်ဆို နေရတာလဲ”ဟု ထိပ်ထားက ပြောသောအခါ သူက . . .

“နှစ်ကိုယ်အတူ စံနေရပြီဖြစ်ပေမယ့် နှစ်ရှည်လများ ခံစားခဲ့ရတဲ့ အလွမ်း ထုထည်ကြီးလွန်းလှတယ် ထိပ်ထားအစ်မတော်၊ နောင့်ရင်ထဲမှာ အခုထိ အကင်း မသေတတ်ကြသေးဘူး”ဟု ဆိုပါသည်။

စစ်ပွဲတွေ အကြိမ်ကြိမ်ဝင်ခဲ့ပြီး စစ်ဘုရင်ကြီးအဖြစ် ရင့်ကျက်ခက်မာနေ စေကာမူ သူ့မျက်လုံးသားသည် သူ၏ ပျိုမျစ်ခြင်းကို အတိုင်းသား ဖော်ပြနေကြ ပါသည်။ ဪ . . . အချစ်တို့ဖြင့် ထုံမွှမ်းကြလေသောအခါ ချစ်သူ၏ အကြည့် တို့သည် ပို၍ ရွှန်းလက်တောက်ပ နေကြပါလေသည်။

ထိပ်ထား၏ လက်အစုံကို အသာအယာဆုပ်ကိုင်ကာ သူသည် အဝေး ဆီသို့ ငေးကြည့်နေတတ်ပြန်သည်။ မမြင်ရသော တစ်နေရာဆီသို့ ငေးကြည့် နေသယောင်ယောင်ပင်၊ သူ့မျက်လုံးတို့သည် မသိမသာ ရီဝေနေကြပြန်လေ သည်။ ထိပ်ထားလည်း သူ့လက်ချောင်းတွေကို တင်းတင်းဖိဖိ ပြန်၍ ဆုပ်ကိုင် ထားမိပြန်ပါသည်။ သည်အခါတွင် ချစ်သူ၏ နွေးထွေးသန်မာသော လက် ချောင်းများဆီမှတစ်ဆင့် ချစ်ခြင်းနှင့် ခွန်အားတို့သည် ထိပ်ထားထံသို့ ရှိန်းရှိန်း မြမြ စီးပျံ့လာကြသည်ဟု ခံစားရလေသည်။

ဪ . . . နတ်ရှင်မောင်တော်၏ ဓားကိုင်သောလက်၊ ကညစ်ကိုင် သောလက်၊ စစ်တိုက်သောလက်၊ ရတုသီသော လက်၊ အကြမ်းတမ်းဆုံး စစ်နှင့် အနူးညံ့ဆုံးအချစ်တို့ကို တစ်ပြန်တစ်လှည့်စီ မွေးဖွားနေသော ချစ်သူ၏ လက် တွေ . . .

ချစ်သူကိုရှေ့မှာထားနေရင်းကပင် သူသည် စစ်ကို တွေးနေသလား။ ဟုတ်မှာပါလေ . . . စစ်ပွဲကာလ စစ်မြေပြင်ကြားထဲမှလည်း သူသည် ကျေးစေ ရတုတွေ ရေးသီကာ အချစ်ကို တွေးနေတတ်သူပေပဲ။

“နောင် . . . ဘာတွေတွေးနေသလဲဟင်”

http://www.nyisay.com



တစ်မျှော်တစ်ခေါ် အကြည့်ကို သိမ်းကာ သူ ထိပ်ထားဘက်သို့ လှည့်လာပါသည်။ ထိပ်ထား၏ မျက်နှာတစ်ပြင်လုံးကို သူ တစေ့စပ်စပ် သုံးသပ်ကြည့်ရှုပြန်ပါသည်။

"နွေရက်နီးလျှင် အစချီတဲ့ နောင့် စစ်ချီတက်ရတုကို ထိပ်ထားအစ်မတော် မှတ်မိမှာပေါ့နော်။ တပေါင်းလထဲတုန်းက နောင် ရေးစပ်ပြီး ထိပ်ထားအစ်မတော်ဆီ ပို့ခဲ့တယ်လေ"

ထိပ်ထား ပြုံး၍ ခေါင်းညိတ်ပြလိုက်ပါသည်။ အချစ် အလွမ်းတွေဖြင့် ရက်ဖောက်သီကုံးထားအပ်သော သူ့ရတုတွေအားလုံးကို ထိပ်ထား နှုတ်တက်အာဂုံဆောင်ထားသည်ပဲလေ။

"ကြွေရွက်ပြီးလျှင်၊ ပန်းသစ်ပင်လည်း၊ မင်းလွင်လေနှင့်၊ နှုတ်ထည့်
လင့်သို့၊ ရင့်သည်ကားလည်း၊ ခဝဲညွှန့်ကိုက်၊ နွေသို့လိုက်၍၊
ကျွမ်းတိုက်ခါသင့်၊ ဆင့်လတော့မည်၊ မြင်လသည်ကြောင့်၊
ရွှေပြည်တောင်ငူ၊ နန်းမြင့်သူကို၊ တရူ ဆိုတမ်း၊ မေတ္တာမွှမ်း၍၊
စစ်လမ်းမြေတာ၊ ချီလေရာဝယ်၊ နီလာရိုးရဲ၊ ရွှေခဲတချို့၊ ညို့ညို့
လူလူ၊ အူရရူလျှင်၊ မဥ္စူပင်လုံး၊ ပွင့်ရောင်ဖုံးသည်။ ။ တော
လုံးလွမ်းဖွယ် မြင်လတည်း . . . "

နွေရက်နီးလျှင် အစချီသော သူ့ပိုဒ်စုံရတု၏ ဒုတိယပိုဒ်ကို ထိပ်ထား ရွတ်ဆိုပြလိုက်ပါသည်။ သူ့မျက်နှာမှာ သွေးရောင်တွေဖြစ်သွားသည်ဟု ထိပ်ထား ထင်ပါသည်။

"ထိပ်ထား အစ်မတော်ရယ်၊ ချစ်မြတ်နိုးရသူကိုယ်တိုင်ရဲ့ နှုတ်ဖျားကနေ ကိုယ့်ရဲ့ရတုစာကို ခုလိုရွတ်ပြတာ ကြားရတော့ နောင် ဘယ်လောက်ကြည်နူးသလဲဆိုတာ ထိပ်ထား အစ်မတော် သိမှာပါနော်"

"ချစ်ခြင်းမေတ္တာနဲ့ ထိတွေ့တဲ့အခါမှာ အနုပညာဟာ ပိုပြီး စူးရဲထက်မြက်လာတတ်တယ် မဟုတ်လား နောင်"

"ဟုတ်တာပေါ့၊ ဒီသဘောအတိုင်းပဲ၊ ယောကျ်ားတို့ရဲ့ စိတ်မနောဟာလဲ စစ်နဲ့ထိတွေ့တဲ့အခါမှာ ပိုပြီး စူးရဲထက်မြက်လာတတ်တယ် ထိပ်ထား အစ်မတော်"

စစ်။ သည်စကားလုံး ကြားရပြန်ပြီ။

ထိပ်ထား သက်ပြင်းရှိုက်မိပါသည်။

http://www.nyisay.com



"စစ် . . . တဲ့လား နောင်၊ ဒီစစ်ကို နောင် တွေးနေတုန်းပဲလား . . . ဟင်"

"နားထောင်စမ်းပါ ထိပ်ထား အစ်မတော်၊ ဟံသာဝတီဘုရင် ငါးဆူဒါယကာ နတ်ရွာစံသွားပြီဖြစ်ပေမယ့် စစ်ဟာ မပြီးသေးဘူး။ ဟံသာဝတီထီးနန်းကို အကြောင်းပြုပြီး တောင်ငူ၊ ပြည်၊ ရခိုင် ဘုရင်ခံချုပ်တွေအကြား စစ်ရေးတွေ ထွေပြားခဲ့တာလဲ ထိပ်ထား အစ်မတော် အသိပဲလေ။ သည်အရေးမှာ ဟံသာဝတီ နန်းကို ပြိုင်ဖက်တွေကြားထဲက မရရအောင် နောင်တို့ သိမ်းပိုက်ခဲ့ရတယ်။ ဒီကြားထဲမှာ အသုဒ္ဓပြနရာဇ် အရေးကလဲ အေးသေးတာ မဟုတ်ဘူး။ နောင်ဟာ အခုအခါမှာ ဟံသာဝတီရဲ့ အိမ်ရှေ့ဥပရာဇာ ဖြစ်လာပေမယ့် အရေးတော်တွေက မပြီးဆုံးသေးဘူး။ ညောင်ရမ်းစား မင်းရဲနန္တမိတ်ကလဲ အင်းဝကိုအသစ်တည်ပြီး ညောင်ရမ်းဆက်ကို အစပျိုးနေတယ်။ ဘိုးတော် ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး ပြုစုပျိုးထောင်ခဲ့တဲ့ နိုင်ငံတော်ကြီးဟာ တစ်စုတစ်စည်းတည်းအဖြစ်ကို မရောက်သေးဘူး ထိပ်ထား အစ်မတော်၊ နောင် တစ်နေ့ ဟံသာဝတီပြည့်ရှင် ဘုရင်ဖြစ်တော့မယ့် ဥပရာဇာတစ်ဦးအနေနဲ့ ဒီအရေးတွေကို အခုကတည်းက နောင် တာဝန်ယူပြင်ဆင်ထားရလိမ့်မယ်။ နောင့်လက်ထက်မှာ ဘုရင်ခံချုပ်တွေ၊ မြို့စားတွေ၊ ဓားတစ်စင်း၊ မြင်းတစ်ဇက်ကိုယ်စီနဲ့ မငြိမ်မသက်ဖြစ်နေကြမှာကို နောင် အဖြစ်မခံနိုင်ဘူး။ နောင့်လက်ထဲမှာ . . . "

သူ့စကားကို ခေတ္တရပ်ကာ ထိပ်ထား၏ ပခုံးကို တင်းတင်းစွေ့စွေ့ ပွေ့ဖက်လျက် . . .

"နောင့်လက်ထက်မှာ ဟံသာဝတီ လက်နက်နိုင်ငံတော်ကြီးဟာ ခိုင်မာတောင့်တင်းပြီး သာယာအေးချမ်းနေစေရမယ်၊ ထိပ်ထား အစ်မတော် ဦးစီးတဲ့ ဘာသာ သာသနာအရေးတွေနဲ့ စိုပြည်နေစေရမယ်။ အနုပညာရှင်တွေဟာလဲ အပြိုင်းအရိုင်း ဖူးပွင့်စေရမယ်။ တိုင်းသားပြည်သူတွေဟာလဲ တေးဂီတသံတွေကို နားဆင်၊ ဘုရားကျောင်းကန်တွေကို သွားရောက်ပူဇော်ကြပြီး ဟံသာဝတီကိုလဲ မြေပြင်ပေါ်က နတ်ဘုံနန်းကြီးဖြစ်စေရမယ်"

"မောင်တော် နတ်ရှင်ရယ် . . . "

ထိပ်ထား ရင်ထဲမှာပင် ရေရွတ်မိပါတော့သည်။ အနာဂတ်ကို တည်ဆောက်နေသည့် သူ့စိတ်ကူးများကို ထိပ်ထား နားလည်တွေ့မြင်နေမိပါသည်။ ရည်ရွယ်ချက် ပြင်းထန်သည့် မင်းပျိုမင်းလွင်။ သူ၏ တက်ကြွအားမာန်ကို ထိပ်ထား စာနာမိပါသည်။

http://www.nyisay.com



"ထိပ်ထား အစ်မတော်၊ ငြိမ်းအေးသာယာတဲ့ တိုင်းပြည်ကြီးဖြစ်လာစေရေးအတွက် စစ်ပွဲတွေကို ဆက်ဆင်နွဲရဦးမှာပဲ"

ထိပ်ထား နားမလည်ပါ။ ငြိမ်းအေးမှုကို စစ်ဖြင့်တည်ဆောက်၍ ရသလား။ စစ်တို့ကင်းရှင်းသော ကာလကို စစ်ဖြင့် တည်ထောင်ရသလား။ အခြားနည်းလမ်း မရှိတော့ဘူးလား။ အို . ... ထီး၊ နန်းရေး၊ စစ်ရေးတို့ ရှုပ်ထွေးလှသော လောကဘုံ၏ ပရိယာယ်ဝေဝုစ်ကို ထိပ်ထား အသိ မမိနိုင်တော့ပါ။

"သည်တော့ လိုအပ်တဲ့အချိန်တိုင်းမှာ နောင် စစ်မြေပြင်ကို ထွက်ရဦးမှာပဲ၊ ခမည်းတော်ကလည်း သက်တော်ရင့်လာပြီ၊ ညီတော်တွေဖြစ်ကြတဲ့ မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်တို့ကလည်း အသက်အရွယ်တွေငယ်ကြသေးတယ်။ သားတော်ကြီးဖြစ်တဲ့ နောင့်ပခုံးပေါ်မှာ ဒီအရေးတွေ ကျရောက်နေကြတယ်။ ဒီတာဝန်တွေ ထမ်းရွက်ဖို့ နောင် အင်အားကောင်းရမယ်။ သည်တော့ ဖြစ်လာနိုင်သေးတဲ့ စစ်ပွဲတွေအတွက် နောင် စစ်ထွက်ရဦးမယ်။ ဒီအခါမှာ မလွှဲသာမရှောင်သာ ထိပ်ထား အစ်မတော်နဲ့ ခွဲခွာရဦးမယ်။ စစ်မြေပြင် တပ်တော်ဦးကနေပြီး ထိပ်ထား အစ်မတော်ဆီကို ကျေးစေရတုတွေ၊ စစ်ချီရတုတွေ နောင် ရေးသီဆက်သရဦးမယ်။ ဒါကြောင့် အခုလို ရင်ခွင်ထဲမှာ ချစ်တဲ့သူကို ပွေ့ပိုက်ထားနေရတာတောင်မှ အလွမ်းရိပ်တွေက နောင့်ရင်ထဲမှာ ညှို့ဆဲပျို့ဆဲ ရှိနေတယ်"

သူ့ရင်ခွင်ထဲသို့ ထိပ်ထား ပို၍ တင်းကျပ်စွာတိုးဝင်ကာ သူ့နှလုံးသားများနှင့် အနီးကပ်ဆုံးနေရာတွင် မျက်နှာအပ်ထားမိပါတော့သည်။ ဩော် . . သူ့နှလုံးခုန်သံ စည်းနရီချက်တိုင်းကို "စစ်၊ အချစ်"ဟူသော အသံနှစ်မျိုးဖြင့် ထိပ်ထား ကြားမိနေပါကလား။

ꩾ

(၆)

ဗလီတံနှင့် သစ်သားလုံးတို့ ဖြောင်းခနဲ ထိရိုက်သံအဆုံးတွင် ဟေးဟေးဝူးပါးအော်လိုက်ကြသော ဩဘာသံများက ကွင်းပြင်အနှံ့ တပြန့် လွင့်စဉ်သွားပါသည်။ ဖောင်းဝတ်မြင်းကြီးသည်လည်း အရှိန်ပြင်းစွာ ပြေးနေပါသည်။ မြင်း

http://www.nyisay.com



ပေါ်တွင်ကား မောင်တော် နတ်ရှင်နောင်။

ဗလီတံကို ကိုင်မြှောက်ရင်း မြင်းဇက်ကို သူ အကုန်ဖွင့်သည်။ သူ့ရင်မှာ စည်းထားသော ရွှေကျင်ခတ်ပဝါသည်လည်း လေတွင် တဖျပ်ဖျပ် လွင့်ဝဲလှုပ်ခတ်နေလေသည်။ သည်ပဝါက ထိပ်ထားပဝါ။

"ထိပ်ထား အစ်မတော်ရဲ့ ပဝါကို ရင်မှာစည်းထားရရင် နောင် ပိုပြီး အားရှိလာတယ်။ ထိပ်ထား အစ်မတော်ကိုယ်တိုင် နောင်နဲ့အတူ မြင်းပေါ်လိုက်ပါလာပြီး နောင့်ရင်ခွင်ထဲကနေ အားပေးနေသလိုပဲ"ဟု ပြောကာ ပဝါကို သူ တောင်းခဲ့ပါသည်။ ကွင်းစပ်၏ လေးဘက်လေးတန် ပရိသတ်ထံမှ တစ်ခဲနက် အသံများကား မြေပြင်သိမ့်တုန်မတတ် အခြားမလပ် ထွက်ပေါ်နေဆဲပါပင်။ "ဥပရာဇာကိုယ်တော်ကြီး၊ ဥပရာဇာကိုယ်တော်ကြီး"ဟူသော ကြွေးကြော်သံသည် အကျယ်လောင်ဆုံးပင် ဖြစ်ပါလိမ့်မည်။

ဂူလီသဘင် ကျင်းပသည့်ကွင်းပြင်သည် ညီညာပြန့်ပြူးသော ကွင်းပြင်မဟုတ်ပါ။ ချိုင့်ဝှမ်း တောင်ကမူတို့ ထူထပ်သောနေရာ ဖြစ်ပါသည်။ သို့သော် သည်နေရာကို သူ တမင်ရွေးချယ်ကာ ဂူလီသဘင် ကျင်းပခြင်းဖြစ်ပါသည်။

"ခင်းမြေညီပြန့်တဲ့ ကွင်းပြင်ဆိုရင် မင်းသားတွေအတွက် မြင်းစီးရတာ လွယ်တယ်၊ စစ်မြေပြင်မှာ မြင်းစီးခဲ့တဲ့သူတွေပဲ၊ မြင်းဇက်ကို သူတို့ အသာလေး ကိုင်နိုင်ကြပေမယ့် အခုလို ကျင်းချိုင့်တွေ၊ တောင်ကမူတွေနဲ့ဆိုတော့ သူတို့ ထင်သလောက် မလွယ်တော့ဘူးလေ။ ခက်ခက်ခဲခဲမရှိတော့ ပိုပြီး တန်ဖိုးရှိတာပေါ့။ မဟုတ်ဘူးလား ထိပ်ထား အစ်မတော်"

ဂူလီသဘင် မစမီက ထိပ်ထားထိုင်နေရာ စင်မြင့်ဆီသို့ သူ့မြင်းလေး ဘက်ကျစီးလာကာ ထိပ်ထားကို သူပြောခဲ့သည်။

"ခက်ခဲမှ ပိုတန်ဖိုးရှိတယ်ဆိုတာကို အစ်မတော် အသိဆုံးပါ။ ထိပ်ထား အစ်မတော် ပိုင်ဆိုင်ရရေးမှာ နောင့်အတွက် ဘယ်လောက် ခက်ခဲခဲ့ရသလဲ မဟုတ်ဘူးလားဟင်"

ထိပ်ထား ရှက်စနိုးဖြင့် မျက်နှာအောက်ချမိချိန်မှာ သူ တဟားဟားရယ်မော၍ ကွင်းစပ်ဆီသို့ မြင်းကို နှင်သွားပါသည်။

နေပူကျဲကျဲ ကုန်းကမူ ချုံဖုတ်ပေါများသော ကွင်းပြင်ကျယ်ကြီးထဲတွင် သူတို့ မင်းယောက်ျားကြီးများ ဂူလီကစားနေကြပုံမှာ အားရစရာကောင်းလှပါသည်။ ကျင်းချိုင့်ကမူများအကြားတွင် မြင်းကို ရှေ့နောက်ဝဲယာ ဇက်ကြိုးဆွဲ

http://www.nyisay.com



ကာ တုံ့ကာဖြင့် ကစားကြရသော ပွဲဖြစ်ပါသည်။ မြင်းဇက်အလှည့် ကျွမ်းကျင်ရသလို ဗလီတံဖြင့် ဂူလီတုံးကို ထိမှန်အောင် ရိုက်နိုင်ဖို့ဆိုသည်မှာလည်း လွယ်ကူသောအရာ မဟုတ်ပါ။ လိုအပ်သောနေရာရောက်အောင် ဂူလီရိုက်ဖို့ အခြားတစ်ဖက် ပြိုင်ဘက်၏ ဗလီတံကြားထဲမှ သစ်သားလုံးကို အရအမိလုယူဖို့ဆိုသည်မှာလည်း ကျွမ်းကျင်လွန်းမက ကျွမ်းကျင်မှသာလျှင် အထမြောက်နိုင်မည်ဖြစ်ပါသည်။ အချို့မင်းသားများ ဗလီတံ လွတ်ကျကြသည်။ အချို့မှာမြင်းဇက်ကို မနိုင်မနင်းဖြစ်ကာ ဂူလီတခြား မြင်းတခြား ဖြစ်ကြသည်။ အချို့မှာမူ ဂူလီကိုမထိဘဲ မြေစိုင်ခဲများကိုသာ တဖွားဖွား ရိုက်မိကြသည်။ ဤသို့ မြင်းပေါ်မှကသူ၊ ခေါင်းပေါင်းပြုတ်ကျသူ၊ ဗလီတံကျိုးသူများဖြင့် အရှုပ်ရှုပ်အထွေးထွေး ရှိကြရာတွင် ပရိသတ်အဖို့မှာလည်း တအုံးအုံး ရယ်မောကြရပါသည်။

သည်သဘင်တွင် အလှပဆုံး ကစားပြသွားသူမှာ (သူ) မောင်တော် နတ်ရှင်နောင်ပင် ဖြစ်ပါသည်။

ဗလီတံနှင့် မြင်းများ အထွေးထွေးအယှက်ယှက် ရှိနေရာတိုင်းတွင် သူရောက်နေတတ်သည်။ ထို့နောက် ဖြောင်းခနဲအသံနှင့်အတူ မြင်းအုပ်ထဲမှ လွှားခနဲ ခုန်ထွက်လာသည်မှာလည်း သူ့မြင်းပင် ဖြစ်လေသည်။ အခြား မင်းသားများ မလိုက်လာနိုင်မီမှာပင် သူ့မြင်းသည် တစ်ဖက်စည်းတိုင်ရှေ့သို့ ရောက်နှင့်နေပြီ။ သူသည် မြင်းကို အကြော့စီးကာ ဗလီတံကို လှပစွာဝှေ့ယမ်းလိုက်ပြီးနောက် ဂူလီကို အသာအယာပင် တို့ဆတ်လိုက်ပါသည်။

ပရိသတ်၏ ဩဘာသံများကား အခြားမလပ်တော့ပါပြီ။

သူက ရင်မှာစည်းထားသော ပဝါစတစ်ဖက်စွန်းကို ကိုင်မြှောက်ကာ ဝှေ့ယမ်းပြပါသည်။ နေပူတံလျှပ်များကို ထွင်းဖောက်လျက် တရိပ်ရိပ်တွေ့နေရသော သူ့အသွင်ကား ထိပ်ထားအတွက် သူရိယနတ်လုလင် တစ်ပါးနှင့် မခြားတော့ပါ။

အို . . . ဘုရား . . . ဘုရား . . . ဘုရား . . . ။

တင့်တယ်စွာသော သူ့အသွင်ကို ကြည့်နေစဉ်မှာပင် ထိပ်ထား တစ်ကိုယ်လုံး အေးစက်လာပါသည်။ ရုတ်ချည်းပင် အသက်ရှူကျပ်လာကာ တစ်စုံတစ်ရာသည် ဦးခေါင်းတွင်းသို့ ထိုးဆောင့်လာသလိုလို မြင်ကွင်းအားလုံး ဝေဝါးကာ ဂူလီသဘင်ကွင်းပြင်သည် ထိပ်ထားအာရုံ၌ ဦးစိုက်ကျွမ်းပြန် ဖြစ်လာပါသည်။ မျက်စိနှစ်ဖက်ကို ပြင်းစွာ အပုတ်ခံလိုက်ရသလို အလင်းစက်တို့ ဖျတ်


ဘုန်းတော်ကြီးထီးတစ်ရာ
စင်္ကြာစိုးမိုးပြဟ္မာ

http://www.nyisay.com



ခနဲ ဝင်းသွားကာ . . . တစ်ဆက်တည်းမှာပင် အမှောင်တိုက် ထွန်းပေါ်လာသည်။

"ထိပ်ထားသခင်မ . . . "ဟူသော ရှံရွှေတော်၏ စိုးရိမ်တကြီးအော်သံ တစ်ချက်ကိုသာ နောက်ဆုံးကြားလိုက်ရပြီးနောက် ထိပ်ထား ဘာကိုမှ မသိတော့ပါ။

ဏ

(၇)

ဘုရား . . . ဘုရား . . . ဘုရား . . . ။

အမြင်အာရုံတို့ မကြည်လင်တော့ပါ။ မောဟိုက်ခြင်းသည် ရင်နှင့်မဆံ့ ဖြစ်နေပါပြီ။ တစ်လောကလုံး အရှိန်ပြင်းစွာ လည်ပတ်ဝေ့ယမ်းနေပါပြီ။

"ထိပ်ထား . . . အစ်မတော်၊ နောင် ရှိနေတယ်နော် . . . သတိရပြီလားဟင် . . . "

နောင် . . . မောင်တော်နတ်ရှင်နောင်ရယ် . . . ထိပ်ထားကိုယ်ထဲက သွေးတွေ ဆုတ်ကုန်ပြီ ထင်ပါရဲ့၊ ထိပ်ထား မောလိုက်တာ နောင်ရယ် . . .၊ မောင်ငယ်လေးရယ်၊ ထိပ်ထား ဘာကိုမှလည်း သဲသဲကွဲကွဲ မမြင်ရတော့ဘူး နောင်ရဲ့၊ ထိပ်ထားကို သူတို့ အဝေးဆီကနေ ကြည့်နေကြတယ်၊ ထိပ်ထားလက်ကို ဆွဲထားပါ နောင်ရယ် . . . ။

ရွှေကျင်ခတ်ပဝါလေးကို နောင့်ရင်မှာ စည်းထားသေးလားဟင် . . .၊ 'တင့်လှပေဟန်၊ ဖက်မဲ့ရန်တည့်၊ ခြောက်တန်နတ်ရွာ . . . 'ရတုကို ရွတ်ပြပါဦး နောင်ရယ် . . . ။

စန္ဒကူးယပ်တောင်လေးကော နောင်ရယ် . . . ထိပ်ထားကို စန္ဒကူးယပ်တောင်လေးနဲ့ အသာအယာခတ်ပေးပါလား နောင်ရယ် . . ၊ နောင့်ရင်ခွင်ထဲမှာ ထိပ်ထား ငြိမ်းအေးချမ်းမြေ့ရစေမယ်ဆို၊ ထိပ်ထား ရင်တွေပူလှပြီ . . . နောင်ရဲ့။

အို . . . အသံ မထွက်နိုင်တော့ပါလား။ ထိပ်ထားပြောသည်ကို သူ မကြားနိုင်တော့ပါ။ သူ . . . သူပြောသည့် စကားများကို ထိပ်ထား သဲသဲကွဲကွဲ မကြားနိုင်တော့။

"ထိပ်ထားအစ်မတော်ရယ် . . . နောင်လေ . . . စန္ဒကူးယပ်တောင် . . ၊

http://www.nyisay.com



နတ်ရှင်သူ့ကြောင့် ရွှတ်ပါဦး . . . အစ်မတော်၊ ဟံသာဝတီနေပြည်တော်ကြီး . . . .၊ နောင်နဲ့အတူ . . . အဂ္ဂမဟေသီ မိဖုရား . . . "

အို . . . ထိပ်ထားအနားမှာ နောင့်အသံတွေ တဖြည်းဖြည်းဝေးဝေးသွားနေပြီကော နောင်ရယ် . . .။

လေးဆယ် . . . လေးဆယ်။ ထိပ်ထား အသက်လေးဆယ်ကျော်ခဲ့ပြီနော်၊ နောင်က အခုမှ အသက်အစိတ်သာသာ . . . အို . . .

ခုနစ်လ . . . ခုနစ်လပဲ ရှိပါသေးလား ချစ်တဲ့သူရယ်။ နှစ်ရှည်လများ ဝေးကွာနေခဲ့ကြရာက တူနှစ်ကိုယ် စံခဲ့ကြရတာဟာ ခုနစ်လပဲရှိပါသေးတယ် မရဏာသခင်ရယ်။ ထိပ်ထားတို့ သိပ်ချစ်မြတ်နိုးကြတာပါ။ ထိပ်ထားဟာ ချစ်သူနှင့် ကွေကွင်း၊ မချစ်သူနှင့် နေခြင်း ဆင်းရဲကို ခါးစည်းခံခဲ့ရတာပါ။ ချစ်တဲ့မောင်တော် နတ်ရှင်နောင်နဲ့အတူ နေပါရစေဦး . . .၊ ထိပ်ထားကို မခေါ်လိုက်ကြပါနဲ့ဦး . . . .။

နောင်ရယ် . . . ထိပ်ထားမျက်လုံးတွေ ပြာမှိုင်းလာကြပြီ။ နောင့်နှုတ်ခမ်းလေးတွေ လှုပ်နေတာကို ဝိုးတဝါးမြင်ရပေမယ့် နောင့်အသံကို ထိပ်ထား မကြားရတော့ဘူး နောင်ရဲ့ . . . .။

အို . . . နောင် . . . ငိုနေသလားဟင်၊ ဥပရာဇာစစ်သည်တော်ကြီးလေ နောင်ရဲ့၊ နောင် မငိုနဲ့လေ . . . ထိပ်ထား ပြုံးပြနေတယ်လေ . . .

ထိပ်ထား ယုံကြည်တယ် နောင်ရယ် . . . .။

ဟံသာဝတီနေပြည်တော်ကြီးကို ပြုစုပျိုးထောင်ချင်တဲ့ နောင်။

ရတုအလှတွေကို အံ့မခန်း ဖွဲ့နိုင်တဲ့ နောင်။

ဂူလီသဘင်ကို အံ့မခန်း ကစားနိုင်တဲ့ နောင်။

ပြီးတော့ . . . . ထိပ်ထားကို အတုမဲ့ ချစ်မြတ်နိုးရှာတဲ့ နောင် . . . ။

အဲသလို . . . စစ်သားကောင်းကြီး၊ အနုပညာသမားကြီး၊ ဂူလီကျွမ်းကျင်သူကြီး . . . . ပြီးတော့၊ လေးနက်ခမ်းနားစွာ ချစ်တတ်သူကြီး . . . နောင်ဟာ ဘယ်တော့မှ ဖောက်လွဲဖောက်ပြန် ဖြစ်လိမ့်မယ်မဟုတ်ဘူးလို့ ထိပ်ထား ယုံကြည်စိတ်ချသွားမယ်နော် . . .

ဒါပေမယ့် . . . နောင်ရယ် . . . မောင်ငယ်လေးရယ် . . . .

သေခြင်းတရားဟာ ရက်စက်လိုက်တာ. . . ။

ထိပ်ထားချစ်တဲ့ နောင့်ကို ထားခဲ့ရတော့မယ် အချစ်ရယ် . . . ။

---

**ရန်အောင်စာပေ-၂**

http://www.nyisay.com



အခုလေ . . . ဝေဒနာတွေအားလုံးဟာ ငြိမ်သက်သွားကြပြီ။

နောက်ဆုံးထွက်သက်ဟာ ထိပ်ထားဆီမှာ နီးကပ်လာပြီ။

မရတော့ဘူး အချစ်ရယ် . . .၊ ထိပ်ထား အားတင်းပေမယ့် မရတော့ဘူး . . .၊ မငိုနဲ့ နောင်ရယ်၊ ငိုမနေခဲ့နဲ့နော် . . . ။

ရတုတွေ ဆက်ရေး၊ စစ်ပွဲတွေ ဆက်တိုက်၊ ပြီးတော့ . . . မရှိတော့ပေမယ့် ထိပ်ထားကို ဆက်ပြီး ချစ်နေ . . . နော် . . . ။

သနားလိုက်တာ ချစ်သူရယ် . . .၊ လက်ရုံးကို ခိုင်ခိုင်တွဲလို့ ပွဲဝင်မယ့် မောင်တော့်ကို ထိပ်ထား အားပေးခွင့် မရတော့ဘူးကွယ်။

အို . . . ဘုရား . . . ဘုရား . . . ဘုရား . . . ။

ရွှေကျင်ခတ်ပဝါလေးကော . . .၊ စန္ဒကူးယပ်တောင်လေးကော . . .၊ ယူခဲ့ပါဦး နောင်ရယ် . . .

ထိပ်ထား ပြုံးပြခဲ့မယ်နော် . . . ဒါပေမယ့် ချစ်သူရယ် . . .

"မဟာစေတီ၊ မွေသရီ၏ ချမ်းမြေ့စိတ်ကြည် . . . ပီတိရည်ဖြင့် . . . နှောင်ထုံးကေမင်၊ လျှောဖြေချင်လဲ၊ နတ်ရှင် . . . သူ့ကြောင့် . . . တစ်ရေး . . . မှောင့် . . . ခဲ့ . . . နတ်ရှင် . . . သူ့ . . . ကြောင့် . . . တစ် . . . ရေး . . . မှောင့် . . . ခဲ့ . . . နတ်ရှင် . . . သူ့ . . . ကြောင့် . . . "

▼

http://www.nyisay.com



# ဘုန်းတော်ကြီး ထီးတစ်ရာ စကြာစိုး မိုးပြဖွာ

"ညာဘက်လက်နဲ့ယူ၊ လက်ညှိုးကို ကော့နေအောင် ဆန့်ထုတ်ထား၊ ဟုတ်ကပြီ၊ ကဲ သောင်းရွှေလယ်အပိုဒ် စလိုက်တာနဲ့ တစ်သောင်းသော စကြာဝဠာအဝှန်းကို ညွှန်ပြသလို ကောင်းကင်ကို လက်ညှိုးညွှန်ရင်းဝိုက်သွား၊ မင်းရဲ့ လက်ညှိုးသွားရာ မျဉ်းတစ်လျှောက်ဟာ စက်ဝိုင်းသဏ္ဌာန်ရှိစေရမကွယ့်။ ကဲ လုပ်စမ်း၊ ကြေးဝိုင်းက သောင်းရွှေလယ်ပိုင်စိုး မိုးနတ်ကယ်အပိုဒ်ကို တီးလဟဲ့"

"ရွှေသည်းကျွမ်းမျှ လွမ်းရတယ်အပိုဒ်ဆက်ကူး၊ အဲဒီမှာတော့ ကိုယ့်ရင်ဘတ်ပေါ် လက်ဝါးနဲ့အသာဖိ၊ မျက်နှာက မှိုင်ထားနော်။ ပခုံးနှစ်ဘက်ကို အထက်ပင့်ပြီးမှ သက်ပြင်းချသံ၊ ရှိုက်ဟန်နဲ့ အောက်ပြန်ချ၊ ဘယ်လက်က မျက်ရည်သုတ်ဟန်ယူသွား၊ အင်း . . . ဟုတ်ကပြီ၊ အဲဒါက ရွှေသည်းကျွမ်းမျှ လွမ်းရတယ်ကို သရုပ်ဖော်တဲ့ ကကြိုးကွယ့် မှတ်ထား"

"ပူပုံပွေလို့သာအပိုဒ် ဆက်ကူးမယ်နော်။ ဟဲ့ . . . ဟဲ့ . . . ခွင်ကို ပျက်မသွားစေနဲ့၊ ပျော့ထား၊ ပျော့ထား၊ ဟန်ပြောင်းတယ်ဆိုတာ သာမန်လှုပ်ရှားမှုလို ဗိုးခနဲ၊ ဇတ်ခနဲ ပြောင်းမသွားရဘူး။ ဒါ ကနေတာနော်၊ လမိုင်းသွင်းထား၊ ကဟန်ကကြိုးနဲ့ တောက်လျှောက် လှုပ်ရှားနေတာ၊ ဟန်တစ်ခုကနေ တစ်ခုပြောင်းတယ်ဆိုတဲ့နေရာမှာ တိမ်တောင်တိမ်လိပ်များ သဏ္ဌာန် ပြောင်းသွားသလို သိမ်သိမ်မွေ့မွေ့နဲ့ တရိပ်ရိပ်ကလေး ပြောင်းမှန်းမသိ ပြောင်းရတယ်။ ကဲ ကြေးနောင်က လုပ်စမ်း၊ ပူပုံပွေလို့သာ ကြွေမည့်နှယ်"

http://www.nyisay.com



ဘေးမှ ထိုင်ကြည့်နေရင်း ကျွန်ုပ် အသက်ရှူရတာပင် မွန်းကျပ်လာ၏။ အကသင်ဆရာကြီး အိနောင် ဦးစံတုတ်မှာလည်း ချွေးတလုံးလုံး၊ အကသင်နေသော မောင်ဘအိုလည်း ချွေးတွေရွှဲနစ်နေပြီ။ သူတို့အစား မောလိုက်ပါဘိ။ အိနောင်ဦးစံတုတ်က သောင်းရွှေလယ် သီချင်းစာသားများကို အသေးစိတ်တစ်ခုမျှ မလွတ်စေရအောင် ဖိဖိစီးစီးသင်နေသည်။ မောင်ဘအိုတစ်ယောက်တော့ နည်းနည်းလေးမျှ မှားမည်မကြံနဲ့၊ အိနောင်ဦးစံတုတ်ဆိုတာ အိနောင်ဇာတ်ထွက် ကကြိုးတွေနဲ့ပတ်သက်လာရင် လုံးဝ အတိမ်းအစောင်းခံသူမှ မဟုတ်တာကလား။ ဟင်း . . . ဟင်း . . . မောင်ဘအို၊ မင်းသားမောင်ဘအို အမောဆို့ပြီး နေရာမှာတင် ပစ်လဲကျသွားလိုက်စမ်းကွာ၊ မသနားပေါင်။ သင်းလှလှကြီး ဒုက္ခရောက်မှ ဟင်း . . . ဟင်း . . .။ မင်းက အိနောင်မင်းသားဖြစ်ချင်သူကိုးကွ။

"ဟော့ မောင်ရွှေအိုး . . . "

ဆရာကြီး ဦးစံတုတ်၏ ငေါက်သံကြောင့် ကျွန်ုပ် လန့်သွား၏။

"မင့်အာရုံတွေ ဘယ်လွင့်နေသလဲ၊ ဒီမှာ ငါ အကသင်နေတာကို မင်းက စိတ်မရောက်ဘူး။ တွေးချင်ရာတွေးနေတဲ့ပုံက မင်းမျက်နှာပေါ်မှာ ပေါ်နေတယ်။ ငါ ပြောထားတယ် မဟုတ်လား၊ ကိုယ်ကရမယ့် ဇာတ်ရုပ်မဟုတ်ပေမယ့် သင်တာ ပြတာကို ဘေးက အားလုံးလိုက်ကြည့်၊ လိုက်မှတ်ကြပါလို့"

ဦးစံတုတ်၏ စူးစူးရဲရဲ မျက်လုံးကြီးများကို ရင်မဆိုင်ရဲသောကြောင့် ကျွန်ုပ် မျက်နှာငုံ့ငိုက်ထားလိုက်၏။ လူဘုံအလယ်မှာ အကြိမ်းမောင်းခံရပြန်ပြီ။

"မင်း နေရာမှာ ဒူးထောက်လိုက်စမ်း မောင်ရွှေအိုး . . . "

မတတ်သာတော့ပြီ၊ အိနောင်ဦးစံတုတ်ဆိုတာက တော်ဝင်နန်းသုံး မင်းသားကြီး၊ သဘင်ဝန်တမျှ အာဏာပြင်းလှသူ၊ သူမကျေနပ်လျှင် ရွှေနန်းတော် ပွဲကြည့်ဆောင်အရိပ်ကိုပင် နင်းခွင့်ရတော့မည် မဟုတ်။

ဦးစံတုတ်၏ ငေါက်ငမ်းသံကို ခေါင်းငုံ့လျက် နားထောင်ရတော့သည်။

"သဘင်အနုပညာနဲ့ ပတ်သက်လာရင် ငါဟာ တစ်ရွေး၊ တစ်စေ့လေးမှ အတိမ်းအစောင်းမခံနိုင်ဘူးဆိုတာ မင်းတို့ မသိကြသေးဘူးလား။ အခုသင်ပေးနေတဲ့ဟာကော တော်ရုံဇာတ်ထုပ် မှတ်လို့လား၊ အိနောင်ကွ။ ဣန္ဒာဝုဓ အိနောင်ဇာတ်ထုပ်ကြီး။ ရက်ပေါင်းလေးဆယ် က,ရမယ့် ဇာတ်ထုပ်၊ အဖွဲ့သားနှစ်ရာကျော်ပါတဲ့ ဇာတ်ထုပ်၊ ပြီးတော့ ငါတို့အဖွဲ့ ကရမယ့် ပွဲကလည်း ကြည့်ဦး . . . "

http://www.nyisay.com



စိတ်ပျက်လက်ပျက်ဖြင့်ပင် ဒူးထောက်လျက်သား နာခံရတော့မည်။

"အနောက်ဇာတ်ရုံတော်ကြီးကွ၊ ရွှေ့လ၊ တပို့တွဲလမှာ သမီးတော်ငယ် မြတ်ရတနာ နားထွင်းမင်္ဂလာသဘင်ကွ၊ နားလည်လား . . . "

ဦးစံတုတ်၏ ကြိမ်းမောင်းသံက ကျွန်ုပ်နှင့် နီးကပ်စွာ ထွက်ပေါ်နေ၏။

"မောင်ရွှေအိုး၊ သဘင်အနုပညာကို မင်းက ဘာများမှတ်နေသလဲ။ အိနောင်ဇာတ်ထုပ်ကို ဘာများမှတ်နေသလဲ၊ ငါ့ကိုကော ဘာများမှတ်နေသလဲကွ ဟင် . . . "

သွားပါပြီ၊ သွားပါပြီ၊ အဖွဲ့သားစုံစုံညီညီရှေ့မှာ အဆူအငေါက် ခံရလေခြင်း၊ တောက် . . . ဒါ သင်းကြောင့်၊ ဟိုအကောင် မောင်ဘအို။

"ကိုယ်နဲ့မဆိုင်တဲ့ ဇာတ်ရုပ်ပေမယ့် သင်တာကြားတာကို အာရုံအကြည့်နဲ့ လိုက်မှတ်ရတယ်ကွ။ ဘာလဲ . . . မင်းက အိနောင်ဇာတ်ထုပ်ထဲမှာ စရကားမင်းသားနေရာ နေရတယ်ဆိုပြီး ပေါ့လျော့ချင်သလား"

"မ . . . မဟုတ်ပါဘူး ဆရာကြီး၊ မပေါ့လျော့ရဲပါဘူး ခင်ဗျ"

ဇာတ်ထုပ်ထဲမှာ ကိုယ်ရထားသော စရကားမင်းသား နေရာလေး ပျောက်ပျက်သွားမှာစိုးသဖြင့် အလန့်တကြား ပြောလိုက်မိသည်။

"အေး . . . ဒါနောက်ဆုံးအကြိမ်ဖြစ်ပါစေ မောင်ရွှေအိုး၊ မင်းကို ငါ သတိထားမိတာ နှစ်ကြိမ်သုံးကြိမ် ရှိပြီ။ ပညာအပေါ်မှာ မင်း အလေးထားမှု လျော့နေတယ်။ နောက်တစ်ခါဆိုရင်တော့ ငါ အခုလို ဆူနေမှာ မဟုတ်တော့ဘူး။ သဘင်ဝန်လက်ထဲပဲ အပ်လိုက်တော့မယ်၊ ကြားလား . . . "

"နောက် . . . နောက်ဆုံးအကြိမ် ဖြစ်ရပါစေမယ် ဆရာကြီးခင်ဗျား၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ဘုရား၊ ဘုရား၊ သဘင်ဝန်လက်ထဲ အပ်လိုက်တော့မည်တဲ့။ အလိုလေး ဒီလောက်ထိတော့ မလုပ်လိုက်ပါနဲ့၊ ငါ့ဘဝ ရည်မှန်းချက်တွေ အကုန်ပြိုကျပျက်သွားမှာ၊ သဘင်ဝန်ကိုယ်တိုင် စီရင်ပြီဆိုရင်တော့ ဟောဒီ ရွှေနန်းတော်ကြီးထဲ ယောင်လို့တောင် ခြေချရတော့မှာ မဟုတ်၊ ဒါဆိုရင် . . .

"ကောင်းပြီ၊ ဒူးထောက်ဖြုတ်၊ နေရာမှာပြန်ထိုင်၊ ကဲ . . ကြေးဝိုင်းက လောင်းနေနွယ်ပိုင်ဆုံး၊ ဘုန်းများမယ် အပိုဒ် ဆက်တီး၊ ဟေ့ မောင်ဘအို၊ ဒီဘက်ကိုလာ"

သူတို့ ဆက်လက် တီးကြ ကကြ သင်ကြသည်။ ကျွန်ုပ်မှာတော့ ရေ

http://www.nyisay.com



အလောင်းခံလိုက်သော မီးကျီခဲလို ဖြစ်နေမည် ထင်သည်။ သောင်းရွှေလယ် သီချင်းသွားနှင့် အကသင်နေသည်ကို မျက်လုံးတွေကသာ ကြည့်နေစေရကာမူ ရင်ဘတ်ထဲမှာတော့ ပူလောင်ကျိန်းစပ်နေသည်။ တောက် . . . မင်းက အသာစီး ရနေချိန်ကိုးကွ၊ မောင်ဘအိုရဲ့ . . . နေနှင့်ဦးပေါ့ကွယ် . . . ။

သည်အကောင် မောင်ဘအိုကား ကျွန်ုပ်အတွက် အဘက်ဘက်မှ ရန်သူ အဖြစ် မွေးဖွားလာသူပင် ဖြစ်သည်။ လူပုံကြည့်တော့ မထုံတက်တေး လူအေး၊ လူရိုးပုံ ဖမ်းနေသည်။ အမျိုးဇာတိကလည်း မထင်ရှား၊ အညတြ၊ ရွှေဘိုနယ် တောရွာတစ်ရွာမှ နေပြည်တော်သို့ စွန့်စားတက်လာသည်ဟု ဆိုသည်။ ဘာတဲ့ ရည်ရွယ်ချက်က ရွှေနန်းတော်သုံး သဘင်အနုပညာရှင်ကြီး ဖြစ်ချင်လို့ ဆိုလား။ သည်အကောင်က လူတိုင်းနှင့်တည့်အောင် ပေါင်းတတ်တော့ အိမ်နောင် ဦးစံ တုတ် ဇာတ်အဖွဲ့ဝင် ဖြစ်သွားသည်။

ယခု ကုက္ကန္ဓာဝုဓ ဇာတ်ထုပ်ကြီးက,ဖို့ အကြောင်းပေါ်လာသောအခါ ရာရာ စစ သင်းက အိမ်နောင်မင်းသားနေရာမှာ ခေါင်းဆောင်ဖြစ်သွားသည်။ လူကြီး တွေကလည်း သင်းကို တဆိတ် မျက်စိကျလွန်းသည်။ သဘင်ဝန်ကရော၊ ဦးစံတုတ်ကရော သင်းကို အလားအလာ အလွန်ကောင်းသည်တဲ့။

အလားအလာ ကောင်းတာ မကောင်းတာတွေ ထားလိုက်စမ်း။ အရေး ကြီးတာက သည်အကောင်က အိမ်နောင်မင်းသားဖြစ်သွားတော့ ပွတ်စပါးမင်း သမီးအဖြစ် ကပြရမယ့် 'ပိုးဥ'ကလေးက အလိုလို သင်းနဲ့ တွဲမိသွားသည်ပေါ့။

ပိုးဥ၊ ပိုးဥ။ ငါ မြတ်နိုးစွဲလန်းရသူကလေး။ နာမည်နဲ့လိုက်အောင် နုနု ရွရွ ကျက်သရေနဲ့ ပြည့်စုံသူကလေး။

တောက်၊ သည် ပစ္စန္တရစ်သား ဘအိုအကောင် ရောက်မလာခင်က ဆိုလျှင် ပိုးဥတည်းဟူသော နှင်းဆီငုံကလေးသည် မောင်ရွှေအိုးတည်းဟူသော ကျွန်ုပ် ပျားပိတုန်း၏ ပျံဝဲမှုကို အလိုက်သင့် ငိုက်လင့်ခဲ့သည်။ ဟင်း . . . ဟင်း ပြီးတော့ သဘင်ဝန်၏ တူနှစ်ဝမ်းကွဲတော်သော ကျွန်ုပ်နှင့် တူမသုံးဝမ်းကွဲသော ပိုးဥဆိုတော့ ဘာများ မနီးစပ်စရာ ရှိသေးသလဲ။

ကြည့်စမ်းပလေ။ မောင့်ရွှေအိုးဟူသော ကျွန်ုပ်သည်ကား ရတနာပုံ ရွှေ မြို့တော်ကြီးမှာ ချက်မြှုပ်သူဖြစ်သည်။ မြို့တော်ကြီးသား စစ်စစ်ဖြစ်သည်၊ ပြီးတော့ သဘင်ဝန်၏ တူတော်စပ်သူအဖြစ် နန်းတွင်းပွဲကြည့်ဆောင်မှာ တစ်စ တစ်စ နေရာရခဲ့သူဖြစ်သည်၊ ရွှေနန်းသုံး အဆောင်အယောင်တွေဖြင့် မျက်စိ

http://www.nyisay.com



ရည် နားရည်ဝနေသူ ဖြစ်သည်။ အရိုက်အရာ ဆက်ခံကြစတမ်းဆိုလျှင် ကျွန်ုပ်ကား တစ်နေ့မှာ ရွှေနန်းတော်ကြီး၏ လက်ထက်တော်သုံး သဘင်ဝန်အထိ ဖြစ်လာနိုင်တဲ့သူ။

ဟဲ . . . ဟဲ ပိုးဥလေးနဲ့လည်း အကြောင်းဆက်ပေါင်းဖက်၊ သဘင်ဝန်ဆိုတဲ့ ရာထူးဌာနန္တရကြီးနဲ့ ရွှေနန်းတော်ထဲမှာ ပပလွှားလွှား။

အခုတော့ ကျွန်ုပ်၏ အိပ်မက်ရေဇလာအပြင်ထက်မှာ မောင်ဘအို အနုညာတကြောင့် ဝယက်ထခဲ့ရပြီ။ ဘာတဲ့ . . . ဣန္ဒာဝုဇာတ်ထုပ်မှာ သင်းက အိနောင်မင်းသားတဲ့၊ ပိုးဥကလေးက ပွတ်စပါး မင်းသမီးတဲ့၊ သွားပါလေရော။ ပို့ပြီး ဆိုးသွားသည်မှာ ကျွန်ုပ်မောင်ရွှေအိုးက စရကားမင်းသား နေရာတဲ့။

ဇာတ်ကွက်အရ အိနောင်မင်းသားသည် မံရာပြည်ကို ကျူးကျော်နှောင့်ယှက်သည့် ရန်သူများကို သုတ်သင်ရှင်းလင်းပေးခဲ့ရာ အိနောင်သည် သူရဲကောင်း ဖြစ်သွား၏။ မံရာမင်း၏ မြှောက်စားမှုဖြင့် ကူရေပံပြည် မပြန်ဘဲ မံရာပြည်တွင် ဆက်လက်နေထိုင်ခဲ့ရာမှ နန်းကိန္နရာအပါးမှ တစ်ဖဝါးမျှ မခွာချင်အောင် ဖြစ်နေခဲ့သည်။ ဒါကို ဒါဟာမင်းကြီးသိသောအခါ တူတော် အိနောင်မင်းသားအပေါ် လွန်စွာ ဒေါသထွက်ပြီး ပွတ်စပါးမင်းသမီးကို လာသံပြည့်ရှင်၏ ညီတော် စရကားမင်းသားနှင့် လက်ဆက်ပေးဖို့ စီစဉ်လိုက်သည်။ အမှန်ကား အိနောင်မင်းသားနှင့် ပွတ်စပါးမင်းသမီးတို့ လက်ဆက်ကြရန် ငယ်စဉ်ကတည်းက ကတိကဝတ် ရှိထားကြပြီးသား။

စရကားမင်းသားနှင့် ပွတ်စပါးမင်းသမီးတို့ လက်ထပ်သဘင် ကျင်းပရန် စီစဉ်နေချိန်ကျမှ အိနောင်က ရန်သူယောင်ဆောင် ရုပ်ဖျက်ဝင်လာပြီး ပွတ်စပါးကို ခေါ်ဆောင်သွားသည်။ စရကားမင်းသားက လက်လွတ်ကျန်ရစ် . . .။

ဤဇာတ်ထုပ်မှာ သင်းက အိနောင်၊ ပိုးဥကလေးကတော့ ပွတ်စပါးတဲ့၊ ဆိုးလိုက်တဲ့ကံ။ ကျွန်ုပ်မှာတော့ စရကားမင်းသားတဲ့။ တောက် . . .၊ ကောင်းလိုက်တဲ့နိမိတ်။ အင်းလေ . . . ဇာတ်ထုပ်က ဇာတ်ထုပ်ပါပဲ။ တကယ့်အပြင်လောကမှာ ဘယ်လိုလာမလဲဆိုတာ စောင့်ကြည့်စမ်းပါ မောင်ဘအိုရဲ့။

မင်းဟာ ဣန္ဒာဝုဇထဲမှာသာ ပွတ်စပါးနဲ့ တွဲရမှာပါကွာ၊ အပြင်မှာတော့ ပိုးဥကလေးဟာ သဘင်ဝန်ကတော်အဖြစ် ငါရဲ့ဘေးမှာ ဟင်း . . . ဟင်း . . . ဟင်း . . . ။

၄

http://www.nyisay.com



(၂)

"ဘယ့်နှယ်လဲ၊ ရွှေဘောတော်ကျပါရဲ့လား နှမရဲ့၊ ဟောဒါက အီစတန်ရေမွှေး၊ ဟောဒါကလဲ ပြင်သစ်ပြည်ကလာတဲ့ ပိုးပဝါပိတ်၊ ပိုးဥလေးအတွက် မောင်ကြီးကိုယ်တိုင် ပြင်သစ် သံတဲမင်းဆီက ဝယ်လာခဲ့ပါတယ်။ ပဝါပိုင်ကလေးကို ကိုယ်မှာ ကပ်ကြည့်စမ်းပါဦး။ ရေမွှေးကလည်း အနံ့ခံကြည့်စမ်းပါဦး။ အဖိုးထိုက် အဖိုးတန် ရေခြားမြေခြား တိုင်းတစ်ပါးဖြစ်တွေမို့ မောင်ကြီးက အထူးမေတ္တာ၊ စေတနာများနဲ့ ပဏ္ဏာဆက်သွင်းရခြင်းပါပဲ"

လက်ဆောင်တွေကိုတော့ ချထားလိုက်ပြီး ပိုးဥရှေ့မှာ ခပ်ယို့ယို့ရပ်လိုက်သည်။ အမှန်ကတော့ အီစတန်ရေမွှေးကို ပိုးဥ အနံ့ခံ ရှူရှိုက်ကြည့်နေစရာတောင် မလို။ ကွန့်ပ်တစ်ကိုယ်လုံး ထုံလှောက်နေအောင် ဆွတ်ဖျန်းလာခဲ့ပေသည်။

ပိုးဥက ပစ္စည်းများကို တစ်ချက် လှမ်းကြည့်၏။ ထို့နောက် မျက်နှာလွှဲသွားသည်။ သူ့ရဲ့ မျက်နှာလေး မသာမယာဖြစ်နေသလိုလို။ အဟင်း . . . ချော့ရပေဦးမည်။

"ဒါတင်မကသေးဘူး နှမရဲ့၊ အီနောင်ဇာတ်ထုပ်ကို တိုက်ရတာ မောရှာမယ်ဆိုပြီး အင်္ဂလန်ကျွန်းကလာတဲ့ ပန်းသီးများနဲ့ လက်ဖက်ရည်ချိုများလဲ တပည့်တစ်ယောက်ကို အခုပဲ ယူလာခိုင်းခဲ့ပါပြီ။ ပန်းသီးကလေးစားတော့ အားရှိ၊ လက်ဖက်ရည်ချိုကလေး သောက်လိုက်တော့ လန်းဆန်း သွားတာပေါ့ မိမိငယ်ရယ်"

ကိုယ့်ကိုယ်ကို မောင်ရွှေအိုးဟု မထင်တော့ဘဲ အီနောင်ထဲက စရကားမင်းသားဟုပင် အထင်ရောက်သွားတော့သည်။ တယ်ဟုတ်၊ ထီးသံ၊ နန်းသံ၊ ကြင့်နှုန်းဟန် အပြည့်၊ ဇာတ်ဟန်၊ သဘင်ဟန် အပြည့် . . . ။

"ပိုးဥ အဲဒါတွေ သုံးလဲ မသုံးချင်ဘူး၊ စားလဲ မစားချင်ဘူး"

ဟိုက် . . . ဘယ့်နှာပါလိမ့်၊ သူက ပွတ်စပါးမင်းသမီး မဆန်ပါလား၊ မျက်နှာထားကလဲ တင်းမာလို့၊ အို လက်ဆောင်ဆိုတာ ဘယ်မိန်းမသူ မမက်ဘဲရှိပါ့မလဲ၊ ဒါ တမင်သက်သက် မူနွဲ့ဟန်ပြနေတာ ဖြစ်မှာပါ။

"အို . . . အို . . ဘယ်ဟုတ်မလဲ နှမရယ်၊ မေတ္တာစေတနာအပြည့်နဲ့ ပဏ္ဏာဆက်လာသူရဲ့ စိတ်နှလုံးကို သိမှတ်ငဲ့ညှာပြီး အားတော်နာတယ်ပဲဆိုဆို၊

http://www.nyisay.com



လက်ခံတော်မူမှပေါ့ မိမိငယ်ရယ်၊ မောင်ကြီးရွှေအိုးရဲ့ ဟောဒီ ရင်ထဲ၊ အသည်းထဲ၊ ကလီစာထဲမှာ . . . "

"အို . . . စိတ်ညစ်လိုက်တာ၊ ဘယ့်နှာတွေ လာပြောနေမှန်းလဲ မသိဘူး။ ဒီမှာဖြင့် စိတ်အိုက်ရတဲ့အထဲ"

စိတ်ထဲမှာ ဖျင်းခနဲ ဖြစ်သွား၏။ ဒီက ဒီလောက် ထီးသံနန်းသံ လူယဉ်ကျေးဟန်နဲ့ ချော့နေတာများ၊ သူ ပက်ခနဲ ပြောလိုက်ပုံက နန်းတွင်းသဘင်သည် မဆန်ဘဲ ကျေးတောသံ ပေါက်နေသည်။

"ဘာတွေ စိတ်ညစ်စရာ၊ စိတ်အိုက်စရာ ရှိလို့လဲ ပိုးဥ"

ကိုယ့်ဘာသာကိုယ် လေသံပြောင်းသွားသည်ကိုလည်း ပြောပြီးမှ သတိထားမိလိုက်၏။

"အီနောင်ဇာတ်ထုပ်ကြီးပေါ့ မောင်ကြီးရွှေအိုးရဲ့၊ ဘာရှိရဦးမှာတုန်း"

"အီနောင်ဇာတ်ထုပ်ကြီးက ဘာဖြစ်လို့လဲဟင် . . . "

"ပိုးဥ ဇာတ်သာတိုက်နေရဟာ စိတ်မပါဘူး၊ ဆရာကြီးဦးစံတုတ်ကို ကြောက်လို့သာ . . . "

အလို . . . လုံးဝ မမျှော်လင့်မိသော စကားပါလား။ အီနောင်ဇာတ်တိုက်နေရတာကို စိတ်မပါ . . . တဲ့။ သူက ပွတ်စပါး မင်းသမီး။ ခေါင်းဆောင်မင်းသမီးပေပဲ၊ ဒါကိုများ စိတ်မပါဘူးဆိုတော့ အဟင်း . . . တန်တော့ ကိုယ့်ဘက်ကိုယ် ယက်တွေးတာ မဟုတ်ရပေါင်၊ ပိုးဥလေး ဟိုကောင် မောင်ဘအိုနဲ့ တွဲနေရတာကို စိတ်ညစ်လာတာ ဖြစ်ရမယ်။

"ဘယ်လိုကြောင့် စိတ်မပါရသလဲ ပြောစမ်းပါဦး နှမရယ်"

"အီနောင်ဇာတ်ကြီးက လူပေါင်းနှစ်ရာကျော်နဲ့ ရက်လေးဆယ်လောက် ကရတာ မောင်ကြီးရွှေအိုးအသိသားပဲ"

"သိသပါ့ဗျာ"

"ဒါက အကြောင်းမဟုတ်ပါဘူး။ အကြောင်းက ဒီဇာတ်ထုပ်ကြီးကို အမိန့်တော်အရသာ ဇာတ်တိုက်နေရတာ။ ဦးရိုးတော် သဘင်ဝန်ကော၊ ဆရာကြီးဦးစံတုတ်ကော သိပ် စိတ်ပါကြတာ မဟုတ်ဘူး"

"ဘာကြောင့်ပါလိမ့်၊ ထူးဆန်းလှပါကလား"

"မထူးဆန်းပါဘူး၊ အင်မတန် ရှင်းပါတယ်၊ အီနောင်ဇာတ်ဆိုတာ ဘုရင့်သားတော်၊ သမီးတော်တွေရဲ့ ချစ်ရေးကြိုက်ရေးတွေနဲ့ ရယ်ရွှင်ဖွယ် အပြောင်

http://www.nyisay.com



အပျက်တွေနဲ့သာ ဖွဲ့စည်းထားတာ မဟုတ်လား၊ ခုလို အချိန်မျိုးမှာ ဒီလို ဇာတ်ထုပ်မျိုး ကရမှာ အချိန်တွေ နှမြောစရာကောင်းလှတယ်လေ”

“ခုလို အချိန်မျိုး၊ ဟုတ်လား . . . ”

“ဟုတ်တယ်လေ မောင်ကြီးရွှေအိုးရဲ့၊ ခုလိုအချိန်မှာ ပိုးဥတို့ဟာ ဣန္ဒာဝုဓ အီနောင်ဇာတ်ထုပ် မကသင့်ဘူး။ ဝိဇယတို့၊ သတ္တဓနုတို့၊ အင်း . . . ရာမဇာတ်တို့ကိုသာ ကသင့်တာ”

ပိုးဥ၏စကားကို ကျွန်ုပ် နားမလည်နိုင်။ နန်းသုံးသဘင်သည် အဖွဲ့ပဲ။ အမိန့်တော်မှတ်ရာ ကရပေမပေါ့။ အနောက်ဇာတ်ရုံတော်ကြီးမှာလဲ အီနောင်က,ဖို့ အသင့်ဖြစ်နေပြီ။ ယာဘက် ဝဲဘက် ပွဲကြည့်ဆောင်တွေ၊ ထွက်တော်မူ ဝင်တော်မူ မင်းလမ်းတွေပင် အသင့်စီမံဆောက်လုပ်နေကြပေပြီ။

“ပိုးဥက ဖြစ်နိုင်ရင် ရွှေနန်းတော်ကထွက်ပြီး ပန်းပင်လှည့် မြေဝိုင်းမင်းသမီး ကပစ်လိုက်ချင်တာ”

အလိုလေး နားနှင့်ဆတ်ဆတ် တကယ်ကြားလိုက်ရတာမှ ဟုတ်ပါလေစ။ ပိုးဥ ဘယ်လိုပြောလိုက်ပါလိမ့်”

“ဟုတ်တယ်၊ မောင်ကြီးရွှေအိုးရဲ့၊ ဒီလိုကာလမျိုးမှာ ပိုးဥက နန်းတော်ထဲ မနေချင်ဘူး။ ပွဲကြည့်ဆောင်ထဲက စက်ယန္တရား ဇာတ်ရုံကြီးမှာ မကချင်ဘူး။ အရှေ့အနောက် လေးပြင်လေးရပ် ဇနပုဒ်တွေလှည့်ပြီး မြေဝိုင်းမင်းသမီး ကပစ်လိုက်ချင်တာ။ ဒါမှလဲ ပြည်သားပြည်သူ၊ တောင်သူလယ်လုပ် ဓားမခုတ်တွေနဲ့လဲ တရင်းတနှီး ထိတွေ့တော့မပေါ့။ ဒါမှလဲ အရေးကြုံရင် ကြုံသလို အသင့်ရှိတော့မပေါ့”

အလိုလေး၊ အလိုလေး. . . ။ သည်ကလေးမ ဘာတွေပြောနေသနည်း။ ကျွန်ုပ်ဘာကိုမှ နားမလည်။ ပိုးတောင့်တဲလေးလို ဖြူလွှနူးညံ့ချောမောလှသည့် သဘင်သည်မလေး၏ နှုတ်မှထွက်သော စကားလုံးများက သဘင်မဆန်၊ ဇာတ်မဆန်၊ ထီးသံကြငှန်းသံ မပါဘဲ ရွံ့စော်၊ တောစော်၊ တောင်စော် သင်းလှချည်လား။

“မောင်ကြီးဘအိုကလဲ ပြောတယ်လေ”

ဘအို၊ ဟင် . . . ရန်သူတော်၏နာမည် ပါလာလေပြီကော။

“တို့များရဲ့ ဇာတ်ခုံဟာ အရင်အဆက်ဆက်ကလို ရွှေနန်းတော်ကြီးရဲ့ လက်ယာဘက်အစွန်း မယ်တော်ဆောင်နဲ့ ကပ်လျက်အဆောင်၊ ပွဲကြည့်ဆောင်

http://www.nyisay.com



ဇာတ်ရုံတော်ကြီးမှာ မရှိသင့်တော့ဘူးတဲ့။ ဆရာကြီးအိနေ‌ောင် ဦးစံတုတ်တို့ မင်းသားကြီး ဦးစိန်အုပ်တို့ ဦးဘိုးကွန်းတို့တောင်မှ အပြင်ကတပည့်တွေကို ပညာဖြန့်ဝေနေကြပြီတဲ့။ အိကင်း ဦးမောင်ကြီး ဆိုရင်လည်း ရုပ်သေးစင်ကဆင်းပြီး ဒေါ်ထွေးလေးနဲ့တွဲလို့ မြေဝိုင်းဇာတ်ထဲ ဝင်တော့မယ်တဲ့၊ သဘင်ပညာရှင် မင်းသားကြီးတွေ အများကြီးပါ။ ဦးမြဒင်၊ ဦးကျီးညို၊ ဦးစိန္တ၊ ဦးစိန်ထိုက်တို့လဲ ပါတယ်တဲ့ . . . "

"ဘာတွေလဲ၊ ဘာတွေလဲ ပိုးဥ ရူးနေပြီလား . . . "

ဘာတွေမှန်း မသိသည့်ကြားက တစ်စုံတစ်ခုကိုတော့ ပြက်ခနဲ မြင်လိုက်မိသည်။ ဒါဟာ ရန်သူတော် မောင်ဘအိုရဲ့ စနက်ပဲ။ ဇနပုဒ်မှ တက်လာသော ဘအိုသည် ရွှေနန်းတော်ကြီးတွင် ကျွန်ုပ်ကို ယှဉ်လို့မရကြောင်း သဘောပေါက်လာသောကြောင့် ဇနပုဒ်သို့ ပြန်ဆင်းတော့မည်ပေါ့။ ပြန်အဆင်းမှာ ပိုးဥကို အရသုတ်သွားမည်ပေါ့။ ရိုင်းမိုက်လိုက်တဲ့အကြံ၊ ဒီအကောင် အိနေ‌ောင်၊ ပွတ်စပါး နှစ်ပါးသွားအကတွေ တိုက်နေစဉ် တစ်ချိန်လုံးလုံး ပိုးဥကိုကပ်နှူးနေသည်ပဲ။ အခုတော့ ပိုးဥသည် သင်း၏မှိုင်း မိနေပြီ။ သင်း အယုံသွင်းထားပြီ။

ပိုးဥ၏ ရှေ့တည့်တည့်တွင် ကျွန်ုပ် ခါးကိုကိုင်းညွတ်ကာ သူ့မျက်နှာလေးကို နီးနီးကပ်ကပ် စေ့စေ့ကြီး ကြည့်ပစ်လိုက်၏။

"ဒီမှာ ပိုးဥ၊ ဘာတွေမှ လျှောက်ပြောမနေနဲ့၊ ဘယ်သူ့စကားမှလဲ မယုံနဲ့၊ ရွှေနန်းတော်ထွက် သဘင်သည်၊ ကချေသည်ပီပီ ကိုယ့်ဘဝကိုယ်ပဲ စိတ်ဝင်စား၊ နောက်ဆုံးတစ်နေ့ သဘင်ဝန်ကတော် ဖြစ်ရမယ်လို့ စိတ်ကရည်ရွယ်ထား၊ ဒါပဲ ကြားလား"

ပြောလိုသည်ကို ပြောပြီးနောက် ကျွန်ုပ် လှည့်ထွက်လာခဲ့တော့၏။ သဘင်ဝန်ကတော်ဟူသော စကားလုံးကို ပြောထွက်သွားခြင်းအတွက် ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်အားရလှသည်။ သဘင်ဝန်၏ တူနှစ်ဝမ်းကွဲတော်စပ်သော ကျွန်ုပ်သည် တစ်နေ့ သဘင်ဝန်ဖြစ်လာမည်ဆိုသည့် အချက်ကို တစ်ကွက်ချန်၍ ပရိယာယ်စကား ပြောလိုက်ခြင်းလည်း ဖြစ်သည်။

တွေ့ကြသေးတာပ မောင်ဘအိုရယ် . . . ။

၄

http://www.nyisay.com



(၃)

"သဘင်ဝန်ဆိုတာ လွယ်မှတ်လို့၊ ရတနာပူရ အင်းဝဘုရင် ဘိုးတော်ဘုရား လက်ထက်တုန်းက မြေနန်းတော်မြောက်မှာ သဘင်ဝန် ဦးပိုးဖြူတို့ကို မင်းတရားအမိန့်နဲ့ ခေါ်တော်မူပြီး ပရပိုက်မူ၊ ပေမူတွေကို စစ်ဆေးစေခဲ့တဲ့ မှတ်တမ်း ရှိတယ်"

အဲဒီနောင်ဦးစံတုတ်က ဇာတ်တိုက်နားချိန်မှာ တပည့်လက်သားတွေကို ရှင်းပြနေသည်။ ကျွန်ုပ်က တိုင်ထောင့်တွင်ခိုကာ နေရာယူထားသဖြင့် ဆရာကြီးဦးစံတုတ် ကျွန်ုပ်ကို မမြင်နိုင်။ ရှေ့တန်းမှာထိုင်နေသော မောင်ဘအိုနှင့် သူ့အနီးမှ ပိုးဥတို့ဆီသို့ ကျွန်ုပ် မျက်တောင်မခတ်စတမ်း ကြည့်နေလိုက်၏။

"မင်းလှဥဇနာ ဦးပိုးဖြူတို့၊ ပန်းခုနစ်ရွာစား ဦးတုတ်တို့၊ ဇော်တဗန္ဓုလဘွဲ့ခံ ဦးသော်တို့၊ ရတနာပူရ ဦးနုတို့၊ ဦးအောင်ဗိုလ်တို့ဆိုတာ အင်မတန့်ကို အစဉ်အလာကြီးခဲ့တဲ့ သဘင်ဝန်တွေပဲ။ ဘုရင့်အာဏာတော် လွှဲအပ်ခြင်းခံရတာ၊ စင်ပေါ်စင်အောက် သဘင့်ရေးရာမှန်သမျှကို အာဏာပိုင်စိုးတာ၊ လက်အောက်ငယ်သားထဲက အပြစ်ရှိလို့များတော့ ရာဇဝတ်ရုံး၊ ဖြတ်ိုက်ရုံး၊ လွှတ်ရုံး တက်စရာမလိုဘူး၊ သဘင်ဝန်ကိုယ်တိုင်က ရိုက်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်၊ အပြစ်ပေးပိုင်ခွင့် ရှိတာကလား . . . . "

မျက်စိထဲမှာ ခါသာသိုရင်းအင်္ကျီ၊ နဖူးရွှေပြားကပ်၊ သိုင်းနီနှစ်ချက်ဖြင့် ဓားလွတ်ငွေအိမ်တို့ကို ဆင်သလာသော သဘင်ဝန်ကို မြင်ယောင်မိ၏။ တယ်ဟုတ်လိုက်ပါလား။ ရိက္ခာတော်ကလည်း တစ်လ ကျပ်တစ်ရာ၊ စည်းစိမ်ဥစ္စာ အာဏာအပြည့်။ ဟင်း . . . မောင်ရွှေအိုးတို့ သဘင်ဝန်ဖြစ်လာတဲ့ တစ်နေ့ တော့လား ဘအို ကျောကွဲပြီသာမှတ်။

"အေးကွယ်၊ ဒီလို ရာထူးဌာနန္တရ အဆောင်အယောင်တွေနဲ့ ပြည့်စုံသလို သဘင်ဝန်တစ်ယောက် ဖြစ်လာဖို့ဆိုတာလဲ လွယ်တာမှ မဟုတ်ဘဲ"

ဆရာကြီးဦးစံတုတ်၏ အသံက ပို၍ ကျယ်လောင်လာ၏။

"သဘင်လေးရပ်ကို စည်းမျဉ်းနဲ့တကွ ခွဲခြားသတ်မှတ်တတ်ရမယ်။ အနိဋ္ဌ၊ ဣဋ္ဌရွေးတတ်ရမယ်၊ စာပေပညာ ကဗျာဖွဲ့တတ်ရမယ်။ တူရိယာအစုံ တီးမှုတ်တတ်ရမယ်။ ဗုဒ္ဓဝင်၊ ရာဇဝင်၊ ထူပဝင်၊ မဟာဝင် စတဲ့ ဝင်ကိုးဝင်နှံ့စပ်ရမယ်။ ဘာသာသာသနာကို သဘင်နဲ့ လုပ်ကျွေးပြုစု ပူဇော်တတ်ရမယ်"

http://www.nyisay.com



စိတ်ရှုပ်စရာကြီး။ ဒါတွေကို ဆက်နားမထောင်ချင်တော့။ နားလည်း မလည်ချင်တော့။ သဘင်ဝန်ဖြစ်ဖို့အရေး ဒါတွေသာ ခရေစေ့တွင်းကျ လိုက်လုပ်နေရမည်ဆိုလျှင် ဆုံးနိုင်ဖွယ်မရှိတော့။ သွားစမ်းပါလေ့၊ ဒါတွေတတ်မှ သဘင်ဝန် ဖြစ်ရမှာလား . . . ။

"ကိုင်း၊ ညနေပိုင်းမှာ ဇာတ်တိုက်မယ်၊ ပွတ်စပါးမင်းသမီးနဲ့ အထိန်းတော်တွေ အဆင်သင့်ရှိနေကြ၊ တောအုပ်ထဲက ရထားပေါ်မှာ သန်လျက်တစ်စင်းနဲ့ ဝတ်စုံသုံးစုံတွေ့ခန်း၊ ပွတ်စပါးမင်းသမီးနဲ့ အထိန်းတော်တွေ မင်းသားအသွင် ရုပ်ဖျက်ခန်းတွေ ဆက်တိုက်မယ်၊ ကျန်တဲ့လူတွေ နားကြ"

ဆရာကြီးဦးစံတုတ် ထွက်သွားသည်။ ဇာတ်အဖွဲ့သားများလည်း အလျှို အလျှို ထသွားကြသည်။ ကျွန်ုပ်ကတော့ အခွင့်ကောင်းရလိုက်သည်။ ညနေပိုင်း ဇာတ်တိုက်ချိန်မှာ ကျွန်ုပ်မပါ၊ အင်း . . . အီနောင် မောင်ဘအိုလည်း မပါ။ စာရင်းရှင်းဖို့ အကောင်းဆုံးအချိန်ပဲ၊ တိုင်အကွယ်မှ မထသေးဘဲ ဆက်ထိုင်နေလိုက်သည်။ အတွင်းဘက်က ထလာသော မောင်ဘအို ကျွန်ုပ်ရှိရာ တိုင်အနီး ရောက်လာ၏။

"ခဏနေစမ်းပါဦး ရောင်းရင်း၊ စကားပြောစရာရှိလို့"

တိုင်နောက်မှ ဘွားခနဲပေါ်လာသည့် ကျွန်ုပ်ကို မောင်ဘအို လန့်သွားပုံရ၏။

"ဩော် . . . ကိုရွှေအိုးပါလား၊ ဘာများပါလိမ့်"

"ဒီမှာ . . . ကျုပ် ရှည်ရှည်ဝေးဝေး မပြောဘူး၊ ကိုရင့်ခြေလှမ်းတွေကို နောက်ဆုတ်လိုက်၊ ဒါပဲ"

"ဗျာ . . . "

"ကျုပ် မျက်နှာကို သေသေချာချာ ကြည့်ထား၊ သဘင်ဝန်ရဲ့ တူတော်တဲ့ မောင်ရွှေအိုး၊ တစ်ချိန်မှာ သဘင်ဝန်ဖြစ်လာမယ့်သူ၊ ပြီးတော့ ပိုးဥကို ဝန်ကတော် အရာထား မြှောက်စားမယ့်သူ၊ ရှင်းရဲ့လား။ ကိုရင့်လို ဇနပုဒ်အစွန်အဖျားက လူကို ကျုပ်က ဂရုစိုက်မယ်များ ထင်မနေနဲ့၊ ကိုရင့်ဘာသာ ကိုရင် ရွှံ့တော၊ နွံတောထဲ ပြန်ဆင်း၊ မြေကြီးပေါ် ကညင်ဆီမီးတိုင်စိုက်ပြီး တောထဲ တောင်ထဲမှာ မြေဝိုင်း ဆင်းကချင် ကပါ၊ ကျုပ်ရဲ့ ပိုးဥကို သွေးမဆောင်ပါနဲ့၊ သွေးမထိုးပါနဲ့ . . . "

မောင်ဘအို၏ မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ပြီးမှ သူ ဣန္ဒြေဆယ်

http://www.nyisay.com



လျက် . . .

"နေပါဦး ကိုရွှေအိုးရယ်၊ ခင်ဗျား ဘာတွေလာပြောနေတာလဲ . . . "

"ဒီမှာ အိနောင်ဇာတ်ထဲမှာသာ ဇာတ်ရုပ်အရ ပွတ်စပါးမင်းသမီးနဲ့ တွဲလို့ရမယ် မှတ်ပါ။ ရွှေနန်းတော်ထဲမှာ မောင်ရွှေအိုးကို လာမယှဉ်ပါနဲ့"

အားပါးတရ ပြောချအပြီးမှာ ကွန်ုပ် ချာခနဲ လှည့်ထွက်လာခဲ့၏။

ရန်သူတော်ကို စစ်ကြေညာအပြီးမှာ ကွန်ုပ်ဘက်က အချိန်ဆွဲနေ၍ မဖြစ်တော့။ သေနင်္ဂဗျူဟာတွေ ချမှတ်လုပ်ဆောင်ရတော့မည်။

သဘင်ဝန်ဖြစ်ရေး၊ တပည့်လက်သား စုရုံးရေး၊ ပြီးတော့ ပိုးဥအနီးမှ မောင်ဘအိုကို ဖယ်ရှားပစ်ရေး . . .။

၄

(၄)

"ဆရာ အိစတန်ရေမွှေးလေး ဆွတ်ဦးမလား"

"ဆွတ်မှာပေါ့ကွ၊ ပေး . . . ပေး၊ ဟိုကတ္တီပါခြေနင်း အနီရောင် အသစ်ထုတ်ထားလိုက်နော်၊ ငါ ပဝါပေါင်းတာကော ဟန်ကျရဲ့လားကွ"

"ဟန်ကျပါတယ် ဆရာ၊ အဲ ခေါင်းပေါင်းစလေးက နည်းနည်း ငိုက်များနေသလားလို့"

"ငိုက်နေတယ်ထင်ရင် ထောင်အောင်လုပ်စမ်းကွာ၊ ဩ . . . မင်းကိုယ်မင်းလဲ ရင်စေ့နဲ့ တောင်ရှည်နဲ့ လုပ်ခဲ့နော်၊ ပြီးတော့ ဟိုကျရင် ငါ့ကို ဆရာ၊ ဆရာ ခေါ်မနေနဲ့ဦး၊ ဘယ်လိုခေါ်ရမလဲ မှတ်မိရဲ့လား"

"မှတ်မိပါတယ် ဆရာရဲ့၊ မင်းဘုရားကလေးလို့ ခေါ်ရမှာမဟုတ်လား"

"အေး . . . ဟုတ်တယ်၊ မင်းဘုရားကလေးနော်၊ ပြီးတော့ စကားပြောရင်လည်း ဘုရားထည့်ပြော၊ ငါက ငါ့ကိုယ်ငါ ပွဲကြည့်ဆောင်တော် ဝန်ကလေးလို့ ပြောထားတာ"

တပည့်ဖြစ်သူ ငပြည့်ကို အသေအချာမှာရသည်။ ငပြည့်က ရှုးနှမ်းနှမ်းနိုင်သော်လည်း ကွန်ုပ်ခိုင်းသမျှ ရသောသူဖြစ်သည်။ သစ္စာရှိသူလည်း ဖြစ်သည်။ ငါ သဘင်ဝန်ဖြစ်တဲ့တစ်နေ့ မင်းက ပွဲမင်းပေါ့ကွာဟု ပြောထားရာ

http://www.nyisay.com



ပြည့်မှာ တဟီးဟီးနှင့် သဘောတွေကျနေတတ်လေသည်။

"ဆရာ၊ မြင်းတွေ ထုတ်ထားရတော့မလား"

"အေး၊ သြော် . . . ဟဲ့ နေဦးကွ၊ မြင်းတွေမပြင်နဲ့၊ ဟိုဒင်း၊ အဲ . . .၊ လှည်းယာဉ်ပဲ ပြင်လိုက်တော့"

ကျွန်ုပ် မြင်းမစီးတတ်သည်ကို ကိုယ့်ဘာသာကိုယ် မေ့နေသည်။ ဝေါ ယာဉ်သာ စီးခွင့်ရလျှင် ဘယ်လောက်ကောင်းလေမည်နည်း။ အခုတော့ လှည်း ဖြင့်ပင် သွားရတော့မည်။

အနောက်ပြင်ဘက် ထွက်ခဲ့ချိန်မှာ နေဝင်ဖျိုးဖျဖြစ်၍ လူလုံးသိပ်မကွဲ ချင်။ ဒီအချိန်ကိုပဲ ကျွန်ုပ် တမင်ရွေးထားခြင်း ဖြစ်သည်။ တော်ကြာ နန်းတွင်း သဘင်အဖွဲ့ထဲက မောင်ရွှေအိုးတစ်ယောက် ဝန်ကလေးအဝတ်အစားတွေဖြင့် လှည်းယာဉ်ကြီးစီးလို့ ဘာလုပ်တာပါလိမ့်ဟု ပြောနေကြဦးမည်။ ဟင်း . . . ဟင်း၊ ခရုမှာလဲ အဆံနဲ့၊ ရွှေအိုးမှာလဲ အကြံနဲ့ပါကွယ့်။

"ငပြည့်၊ မင်းဘုရားလေးနော်၊ ပါးစပ်က ခေါ်ကျင့်ရအောင် ရွတ်နေစမ်း။ ပြီးတော့ ဘုရားထူးဖို့လဲ ကျပ်ကျပ် သတိစွဲထား . . . "

"စိတ်ချပါ မင်းဘုရားလေးရဲ့"

ဟုတ်လိုက်လေခြင်း . . . ။

ဝိမင်းကလေး၊ ဝိမင်းကလေးဟု ခေါ်နေသော သူ့စကားနှုတ်ထွက်သံကို မနည်းကြီး နားထောင်ယူရသည်။ အတော်ကြီးကို စကားဝဲသည့် ကိုကြင်ဝှက် ပါလား။ ဝန်မင်းကလေးကိုပင် ပီအောင် မခေါ်တတ်။ သို့သော် စကားပြော အတော်တတ်သည်ကို တွေ့ရ၏။

သူတိုက်သော ဗျစ်ရည်ကို အတော်များများ သောက်ပစ်လိုက်၏။ ဝမ်းဘဲ ပေါင်းနှင့် ဝက်ပေါင်ခြောက်ဆိုတာကလည်း အတော်ကြီးကို အရသာရှိသည်။ ကိုကြင်ဝှက်ဧည့်ခံသော ထမင်းပွဲမှာ သိုက်မြိုက်ခမ်းနားလှပေသည်။ စိန့်တိုင်း ထွက် အဖြူရောင်ယမကာကလည်း ပြင်းရှပါဘိ။

"စုံးစောင်ပါ ဝိမင်းကလေး၊ ကြင်ဝှက်ရဲ့ စီတနာပါ၊ ဟဲ . . . ဟဲ"

အောက်လင်းမီးအရောင်အောက်တွင် ကိုကြင်ဝှက်၏ ရွှေသွားများမှာ လက်ခနဲ လက်ခနဲ ဖြစ်နေသည်။ သူ့မျက်နှာပေါ်မှ အပြုံးမှာ ရပ်နားသည် မရှိတော့သဖြင့် နဂိုကကျဉ်းသော မျက်ပေါက်များသည် ပွင့်ကို ပွင့်မလာတော့ ဟု ထင်ရသည်။

http://www.nyisay.com



"ဒီမှာ ကျုပ်စကားပြောတော့မယ် ကိုကြင်ဝှက်"

"အီမိန့်စိပါခမျာ၊ အီမိန့်စိပါ"

"ဟဲ့ ပြေည့်၊ ငါ အိုက်လှသကွယ့်"

"မှန်ပါ့ မင်းဘုရားလေး . . . "

ပြေည့်က နံ့သာယပ်ဖြင့် ယပ်ခတ်ပေးသည်။ ကျွန်ုပ်နှင့် ပြေည့်နှစ်ယောက်စလုံး ဇာတ်ဟန်ပေါက်နေကြပြီထင်သည်။ ကိစ္စမရှိ။ ကိုကြင်ဝှက်လေးစားခန့်ညားနေဖို့သာ အရေးကြီးသည်

"အင်း . . . ပြောရမယ်ဆိုရင် ကျုပ်အုပ်ချုပ်တဲ့ အနောက်ဇာတ်ရုံတော်မှာ လောကဓာတ်ပညာနဲ့ စီရင်တဲ့ ဇာတ်ခုံယန္တရားကြီးများ တည်ဆောက်ဖို့ ရှိနေတယ်။ ကပြအသုံးတော်ခံမယ့် ဇာတ်ထုပ်ကြီးများမှာ စက်သီးကြိုးတွေနဲ့ ကျောက်ဖျာကြီး ပွင့်ဟလာပုံတွေကို ထည့်သွင်းစီမံဖို့ လုပ်နေတယ်"

"အီမတန့်ကို ကြီးကျယ်မှာပေါ့နော်။ ဝိမင်းကလေး"

"ကြီးကျယ်တယ်ဆိုရင် အရှင်နှစ်ပါးနဲ့ သမီးတော်တွေ၊ ဆွေတော်မျိုးတော်တွေ ကိုယ်တော်တိုင်ရှုစားမယ့် ဇာတ်ရုံတော်ကြီးကို၊ သာမန်ပြည်သူ ပြည်သား လူထုတွေ ကြည့်ရတာ မဟုတ်ဘူး"

"ကြင်ဝှက် အများကြီး စိတ်ဝင်စားပါတယ် ဝိမင်းကလေး"

"အင်း၊ ဒီတော့ ခင်ဗျားက ဒီယန္တရားလောကဓာတ် ဇာတ်ခုံကြီးဆောက်တဲ့နေရာမှာ အရင်းအနှီးများ ထည့်သွင်းနိုင်မယ်ဆိုရင် ခင်ဗျားလဲ အများကြီး အကျိုးရှိမယ်။ ကျုပ်ပြောတာ ရှင်းရဲ့လား"

"အား . . . ရှင်းပါတယ်၊ ရှင်းပါတယ်၊ ကြင်ဝှက်ကလဲ ဝိမင်းကလေးကို တီခု အစနားခံပါရစေ"

"ဘာပါလိမ့် ပြောလေ"

"ဝိမင်းကလေး စိတဲ့အတိုင်း အီခု နီပြည်တော်ကီးမှာ ဘုရင့်ထီရုံဖွင့်ပြီးနောက် မင်းကီးများ၊ မြို့ဝီများကလဲ နေအိမ်ဝင်းမှာ ထီဒိုင်ရုံကီးများ ဖွင့်လှစ်ကြပါတယ်"

"အင်း . . . "

"အခုဆို ထီဒိုင် ခြောက်ဆယ်လောက် စိနေပါပြီ ဝိမင်းကလေး"

ဒါကို ကျွန်ုပ်သိထားသည်။ ပေါက်မြိုင်မင်းကြီးက ပေါက်မြိုင်ရုံ၊ လှေသင်းဝန်က လှေသင်းရုံ၊ ဖောင်းဝန်မင်းက ဖောင်းဝန်ရုံ၊ ရွှေတိုက်မင်းကြီးက ရွှေတိုက်

http://www.nyisay.com



ရုံ၊ မြို့တော်ရုံ စသဖြင့် ဒိုင်အလုံးပေါင်း ခြောက်ဆယ်မျှ ရှိနေပေသည်။ ထိုဒိုင်ရုံများမှာလည်း စျေးခေါ်သောအားဖြင့် ညစဉ် ပွဲတခြိမ့်ခြိမ့် ဧည့်ခံနေသည်။

ကိုကြင်ဝှက်က စိန့်တိုင်းဖြစ်အရက်ကို ကျွန်ုပ်ခွက်ထဲ လောင်းထည့်ပြီး . . .

"ကြင်ဝှက်လဲ ထီဒိုင်ရုံ ဖွင့်ထားပါတယ်။ ကြင်ဝှက်တော့ နာမည်မခံဘူးပေါ့ ဝိမင်းကလေးရဲ့၊ ဟဲ . . . ဟဲ၊ ဒီရုံမှာ ကြင်ဝှက်လဲ တခြားရုံတွေလို ဖောက်စယ်လာအောင်၊ လူစည်အောင် ပွဲခံချင်ပါတယ်။ ဝိမင်းကလေးအနေနဲ့ ဟဲ . . ဟဲ . . . "

"ဟဲ့ ပြေည့်၊ အိုက်လှသကွယ့်၊ ယပ်နာနာသွင်းစမ်း"

"မှန်ပါ့ မင်းဘုရားလေး"

စိန့်တိုင်းဖြစ် ပြင်းရှအရက်၊ ဖြစ်ရည်တို့ဖြင့် ကျွန်ုပ်တို့၏ စကားဝိုင်းမှာ ပို၍ အရှိန်ရလာ၏။ ကိုကြင်ဝှက်နှင့် ဆွေးနွေးရသည်မှာ တွင်ကျယ်လှသည်။ မကြာမီမှာပင် ကျွန်ုပ်နှင့် ကိုကြင်ဝှက်တို့အကြား ပဋိညာဉ်တစ်ခု ရခဲ့သည်။ သူနာမည်မခံသော ထီဒိုင်ရုံမှာ ပွဲသွင်းနိုင်ဖို့ ကျွန်ုပ်၏ ပန်တျာသဘင်အဖွဲ့ကို စေလွှတ်ပေးရမည်။

ဒါက ကျွန်ုပ်အတွက် အလွန်လွယ်သောကိစ္စ ဖြစ်သည်။ ဆရာကြီးဦးစံတုတ်၏ ဇာတ်အဖွဲ့သားများအနက် ကျွန်ုပ်နှင့် ပလဲနံပသင့်သော သဘင်သည်အချို့ရှိသည်။ သူတို့ကို ထီဒိုင်ရုံ လွှတ်ပေးလိုက်ရုံသာ။ ကပြတင်ဆက်မည့် အစီအစဉ်တွေကလည်း တကူးတကန့်ရှာဖို့ မလို၊ နန်းတွင်းဇာတ်ရုံမှာ ကနေသည့် ယိမ်းတွေ၊ သီချင်းတွေထဲက ဟိုတစ်ပုဒ် သည်တချို့ စပ်ဟပ်လိုက်လျှင် ပြီးသည်။ အကောင်းဆုံးကတော့ ထိုကိစ္စအတွက် ကိုကြင်ဝှက်က သဘင်သည်များကို ဆုကြေးပေးသည့်အထဲမှ ကျွန်ုပ်ကို သုံးပုံတစ်ပုံယူပါဆိုသောအချက်။

နောက်တစ်ချက်က ပိုကောင်းသည် အနောက်ဇာတ်ရုံတော်ကြီးမှာ လောကဓာတ်ပညာဖြင့် ယန္တရားဇာတ်ရုံကြီး တည်နေသည်ဆိုခြင်းမှာ အမှန်ဖြစ်ပါသည်။ ပါးနပ်သော ကိုကြင်ဝှက်ကလည်း ဒါကို သိထားသည်။ သို့သော် ဤကိစ္စမှာ နန်းတွင်းဗိသုကာများနှင့် လောကဓာတ်ယန္တရား ပညာရှင်များက သူ့နည်းနှင့်သူ တာဝန်ယူ အမှုတော်ထမ်းနေကြပြီး ဖြစ်သည်။ ဒါကိုတော့ ကိုကြင်ဝှက် မသိနိုင်။ ဘယ်သိနိုင်မည်နည်း။ ကျွန်ုပ်ကို ပွဲကြည့်ဆောင်တော်

http://www.nyisay.com



ဝန်ကလေးဟု သူသိထားသည်ကို။ ဝန်ကလေးပြောစကားကို သူ ယုံရပေမည်။ ပြီးတော့ ပြည့်ကလည်း တစ်ချိန်လုံးလိုလို ဘုရားထူးကာ ကောင်းကောင်းကြီး ဇာတ်ပို့ပေးနေသည်ကို . . . .။

နောက်ဆုံးမှာတော့ အချိန်တိုတိုအတွင်း ဆွေးနွေးညှိနှိုင်းပွဲက ပြီးစီးထမြောက်သွား၏။

ညစာစားပွဲအပြီးတွင် ဝင်းတံခါးဝအထိ လိုက်ပို့ရင်း ကိုကြင်ဝှက်က သူ့ရွှေသွားများကို ဖြီးပြကာ မပွင့်တော့သော မျက်ပေါက်များဖြင့် ပြောသည်။

"ဝီမင်းကလေးအတွက် ဖြစ်ပုလင်းများနဲ့ စိန့်တိုင်းဖြစ် ယမကာပုလင်းများ ထည့်ပေးလိုက်ပါတယ်။ ဟိုအထုပ်ကလဲ ဝီမင်းကလေးရဲ့ တပည့်ထံမှာ တစ်ပါတည်း ပါစီသွားပါပြီ"

သူပြောသော ဟိုအထုပ်ထဲမှာ ဒေါင်းဒင်္ဂါးသုံးရာထက် နည်းမည် မဟုတ်။ ဟဲ . . . ဟဲ . . . ရွှေအိုးအကြောင်း သိစေရမယ် ဘအိုရေ့။

၄

(၁)

အတော်ကြီးကို ဟန်ကျနေသည်။ သေနင်္ဂဗျူဟာတွေက အကွက်စေ့နေသည်။ ကိုကြင်ဝှက် နာမည်မခံသော ထီဗိုင်ရှုံကြီးမှာ ညဥ့်စဉ် ပွဲခြိမ့်ခြိမ့်ခံလျက် ဖောက်သည်တွေ၊ ထီထိုးသူတွေ တသောသော ဝင်နေသည်ဟု သိရသည်။ သဘင်သည်တွေရသော ညကြေး၏ သုံးပုံတစ်ပုံကလည်း ကျွန်ုပ်၏ ကတ္တီပါအိတ်ထဲသို့ တခွင်ခွင် လိမ့်ဝင်နေသည်။ ဟင်း . . . ဟင်း . . . ဟိုအနောက်တော်ရုံက ယန္တရားဇာတ်ခုံဆိုတာကြီးကတော့ ကိုကြင်ဝှက် ဘယ်သိနိုင်မလဲ၊ သူတို့တစ်တွေ အနားတောင် သီခွင့်မှ ရတာမဟုတ်။ သည်တော့ ကျွန်ုပ်ပြောသမျှကို ကိုကြင်ဝှက် ယုံရမည်ပေါ့။

အဆင်ပြေလွန်းမက ပြေနေတော့ တပည့် ပြည့်လည်း ဖြစ်ရည်စုပ်လိုက်၊ ဝမ်းဘဲပေါင်း ကိုက်လိုက်ဖြင့် အဆီတရွှဲရွှဲဖြစ်နေသည်။ သို့သော် တစ်ချက် တစ်ချက် သူမေးတတ်သည်။

"ဆရာ၊ လှံဖျား ပုစဉ်းနား၊ ကျီးကန်းကြောက်ချေးပါသလိုများ ဖြစ်နေမလား

http://www.nyisay.com



မသိဘူး။ ဆရာ့အစီအမံတွေက ကောင်းတော့ ကောင်းပါရဲ့၊ ဒါပေမယ့် တစ်ချက်ကလေး လွဲလိုက်ရင်တော့ ဒုက္ခလှလှကြီးရောက်မှာနော ဆရာရဲ့"

"ဟ . . . ဘာမှ တစ်ချက်ကလေး လွဲစရာမရှိဘူးကွ၊ ပြည့်ရ။ မင်းဆရာပါ၊ တစ်ချက်ခုတ် သုံးလေးငါးချက် ပြတ်ရမှာပါကွ"

"ကျွန်တော် စိုးရိမ်လို့ ပြောတာပါ၊ အခု ကိုကြင်ဝှက်ရဲ့ ထိပ်ပွဲရှုံခဲ့တဲ့ဆီ ဆရာလွှတ်ပေးနေတဲ့ သဘင်အဖွဲ့သားတွေဟာလဲ အမှန်ဆိုရင် မြို့တွင်းမြို့ပြင်မှာ ကခွင့်မရှိဘူး မဟုတ်လား။ ဆရာကြီးဦးစံတုတ် သိရင် မလွယ်ဘူးနော်။ သူတို့က အိမ်နောင်ဇာတ်အဖွဲ့ဝင်တွေဆိုတော့ နန်းတွင်း ဇာတ်ရုံမှာပဲ အသုံးတော်ခံကြရမယ့် အမှုတော်ထမ်းတွေ မဟုတ်လား"

"စိုးရိမ်ရန်ကော ပြည့်ရာ၊ ငါပိုင်လို့ လုပ်တာပေါ့ကွ၊ သူတို့ဟာ အပြင်မှာ ကခွင့်မရှိဘူးဆိုတာ ငါသိသားပဲ၊ ဒါကြောင့် ခေါင်းဆောင်မျက်နှာဖုံးစွပ်တွေ ကခိုင်းတာပေါ့"

"ဇာတ်ထုပ်တွေကလည်း အိမ်နောင်ထဲက ဇာတ်ကွက်တွေနော် ဆရာ"

"အေးလေ၊ ဆရာကြီးဦးစံတုတ်ရဲ့ အိမ်နောင်ထဲက ဟိုဟာနည်းနည်း၊ ဒီဟာနည်းနည်း စပ်ဟပ်ပြီး လုပ်ထားတာကွ၊ ဒါဟာ နန်းတွင်းအဖွဲ့ရဲ့ အိမ်နောင်ပါလို့ ဘယ်သူမှ မပြောနိုင်ဘူး၊ ဟဲ . . . ဟဲ . . . ငါပါကွ"

"ဟို ယန္တရားဇာတ်ခုံတော်ကြီးကိစ္စကကော ဆရာရယ်"

"ဟော့ ဒါကလဲ ကိုကြင်ဝှက်ရဲ့ လောဘကို ငါက ကောင်းကောင်းကြီး အသုံးချလိုက်တာပေါ့ကွ၊ ဒီငွေကို ငါ့ဆီ ပေးသွင်းထားပါတယ်လို့ ကိုကြင်ဝှက် ဘယ်အထောက်အထားနဲ့ ပြောမတုန်း၊ ဟဲ ဟဲ၊ ပိုင်ပြီးသားပါကွ"

"တပည့်ကြီးက စိုးရိမ်လို့ပြောတာပါ ဆရာ"

"ဘာမှ မစိုးရိမ်နဲ့ . . . ၊ ငါက အကုန်အကွက်ချပြီးသား၊ အခုဆိုရင် ငါ ကျွေးမွေးပေးကမ်းထားတဲ့ နန်းတွင်းဇာတ်အဖွဲ့သားတွေကလဲ ငါ့ဘက်သားတွေ ဖြစ်လာကြမှာပါ။ ဟဲ . . ဟဲ . . . ငါ့ဦးရီးတော်ကြီး သဘင်ဝန်ရာထူးက အနားယူတော့မှာလေ၊ အနီးစပ်ဆုံး ဆွေမျိုးဆိုလို့ ငါပဲ ဆက်ခံနိုင်သူရှိတာ၊ ဗြတိုက်တော်ကနေ ပြီး သဘင်ဝန်အသစ် ခန့်အပ်ဖို့ စစ်မေးရှာဖွေပြီဆိုရင် ငါ့နာမည်ပဲ စာရင်းပေါက်မှာ။ ဟဲ . . . ဟဲ . . . ဒီတော့မှ ပိုးဥလေးကို သဘင်ဝန် ကတော် တင်မြှောက်"

"အကွက်ကတော့ စေ့ပါပေ့ ဆရာရယ်"

http://www.nyisay.com



"အေးလကွယ့်၊ အကုန်စေ့ဖို့က တစ်ကွက်ပဲ ကျန်တော့တယ်"

"ဟုတ်လား၊ ဘယ်လိုတစ်ကွက်လဲ ဆရာ"

"ဟို ဂန်းမသား ဘေအိုပေ့ါကွာ၊ အီနောင်မင်းသားနေရာက ကရတယ်ဆိုပြီး ပိုးဥကို ငါ့လက်ထဲက လုမယ့်အကောင်၊ ဒီကောင့်ကိစ္စကို ရှင်းရဦးမယ်"

"ဘယ်လို ရှင်းမှာလဲ ဆရာ၊ တပည့်ကြီး ဘာလုပ်ပေးရမလဲ"

"အို . . . အို ဒီနေရာမှာ မင်းပါဖို့မလိုဘူး ပြေညို၊ ငါက သဘင်ဝန်အလောင်းအလျာပါကွ၊ ဇာတ်ရုပ်ချတတ်ပါတယ်၊ သူ့နေရာနဲ့သူ ဇာတ်ရုပ်ချပေးရမှာ၊ ဟင်း . . . ဟင်း"

"မပိုးဥကကော ဆရာ့ကို စိတ်ညွတ်ရဲ့လား၊ ကျွန်တော်ထင်တာကတော့ မောင်ဘအိုနဲ့ မပိုးဥဟာ အပြင်မှာလဲ အီနောင်နဲ့ ပွတ်စပါးဖြစ်နေသလားလို့"

"ဟော့ . . . ဟော့ ပြေညို၊ မင်းအထင်တွေ ရပ်တန်းကရပ်၊ ဒေါင်းဒဂ်ီးရယ်၊ သဘင်ဝန်ရာထူးရယ်၊ ဒီနှစ်ခုပေါင်းလိုက်ရင် ပိုးဥဟာ ငါ့ရင်ခွင်ထဲ ကျိန်းသေ ရောက်ကိုရောက်ရမယ်ကွ သိလား၊ ငါက စရကားမင်းသားနေရာ နေရပေမယ့် တကယ့် ဇာတ်ပေါင်းခန်းကျတော့ အီနောင်မင်းသားနေရာ ရောက်သွားမှာ သိလား"

"အကွက်ကတော့ စေ့ပါပေ့ ဆရာရယ်"

"သဘင်ဝန်အလောင်းအလျာကိုးကွယ်၊ ဟဲ . . . ဟဲ . . . ဟဲ . . . "

၄

(၆)

ထီးရုံဒိုင်တွေ ပိတ်ပစ်လိုက်ရပြီတဲ့။

နေပြည်တော်အတွင်းမှာ သတင်းတွေ အမျိုးမျိုးဖြစ်ပေါ်နေသည်။

ကင်းဝန်မင်းကြီး၊ တိုင်တားမင်းကြီး၊ ရေနံချောင်းမင်းကြီးတို့ အကြားသဘောထားတွေ ကွဲလွဲနေကြသည်တဲ့။ ဘာတွေမှန်းလဲ မသိ၊ ရွှေနန်းတော်မှာလည်း ပြင်သစ်သံတွေ အဝင်အထွက် များနေသည်။ ပွဲကြည့်ဆောင်တော်မှာလည်း ဟိုယခင်ကလို စည်စည်ကားကား မရှိ။ ဆရာကြီးဦးစံတုတ်လည်း အီနောင်ဇာတ်ကို အချိန်မှန် တိုက်မပေးတော့။ ဘာတွေ ဘယ်လိုဖြစ်နေကြသ

http://www.nyisay.com



နည်း။ ကျွန်ုပ်မသိ။

ထိရှဒိုင်တွေ ပိတ်လိုက်ရသောကြောင့် ကိုကြင်ဝှက်ထံ လွှတ်ပေးနေရသော သဘင်အဖွဲ့၏ ညကြေးသုံးပုံတစ်ပုံရနေသည့် ကိစ္စကြီး ဆုံးရှုံးသွားသည်။ သို့သော် အရေးမဟုတ်၊ ယန္တရားဇာတ်ခုံကြီးအတွက် ကျွန်ုပ် ရထားပြီးသား ဒေါင်းဒင်္ဂါးတွေက အထုပ်လိုက်ရှိသေးသည်။

ခက်နေသည်က ပိုးဉလေးကို တွေ့ခွင့်မရခြင်းပင်။ ညနေတိုင်းလိုလို ပိုးဉဆီ ကျွန်ုပ် သွားသည်။ သုံးခွန်းသောစကားကို အပြီးတိုင်ပြောကာ လူကြီးသူမများထံ နားဖောက်တော့မည်ဟူသော ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်ကိုယ် ကျွန်ုပ် ရဲဆေးတင်သွားလိုက်သည်။ ကိုကြင်ဝှက်နှင့် စီးပွားဖက် အဆက်ပြတ်သွားသော်လည်း သူ လက်ဆောင်ပေးခဲ့သော စိန့်တိုင်းဖြစ် ပြင်းရှအရက်ကတော့ ကျွန်ုပ်ထံမှာ ဆက်လက်ကျန်ရှိနေသည်။

စိန့်တိုင်းဖြစ် ပြင်းရှအရက်ဖြင့် ရဲဆေးတင်သွားသော်လည်း ပိုးဉက ကျွန်ုပ်ကို အတွေ့မခံ။ ပို၍ဆိုးသည်ကား သွားတိုင်းလိုလို ဟိုပစ္စန္တရစ်သား မောင်ဘအိုနှင့် ဆုံဆုံနေခြင်းပင်ဖြစ်၏။ မောင်ဘအိုသည် မြင်းတစ်စီးဖြင့် ရေးကြီးသုတ်ပျာ ဖြစ်နေသည်။ သူ့ကြည့်ရတာ နန်းတွင်းသဘင်အဖွဲ့သားနှင့် မတူဘဲ ရဲမက်တစ်ယောက်နှင့် တူနေသည်။

ဘာတွေ ဖြစ်ကုန်ကြပြီနည်း။ စိတ်ထွေထွေဖြင့် ပြင်းရှယမကာနှင့် ဗျစ်တို့ကို ရောစပ်ကာ တစ်ဝကြီး သောက်သောက်ပစ်လိုက်တော့သည်။ ဦးရိုးတော်သူ သဘင်ဝန်ထံ အခစားဝင်ဖို့ရှိသော်လည်း ဦးရိုးတော်မှာ ခရီးထွက်ထွက်နေပြန်သည်။

ရတနာပုံ ရွှေမြို့တော်ကြီးသည် ဖြစ်ရှိန်ဖြင့် ဝေသီနေသော ကျွန်ုပ်၏ မြင်ကွင်းထဲ၌ တရိပ်ရိပ် တလှုပ်လှုပ်ဖြစ်နေ၏။ ကောလာဟလတွေကလည်း တစ်ပုံတစ်ခေါင်း၊ မန္တလေးတောင်ခြေက ခြင်္သေ့ကြီးပဲ မျက်လုံးနီသလိုလို၊ နန်းတော်ပြသာဒ်ထဲမှာပဲ ပျားစွဲသလိုလို၊ ရန်ကင်းတောင်ဘက်မှာ လျှောင်လှုပ်သွားသလိုလို၊ ညဘက် တော်လဲသံကြားသည်ဟု ပြောသူက ပြော၊ အလကားလူတွေ ဘာတွေမှန်းလဲ မသိဘူး။

ကိုင်းကွာ၊ သူတို့ဘာသာသူတို့ ဘာဖြစ်နေနေ ကိုယ်လုပ်စရာရှိတာ ကိုယ်လုပ်။ လုပ်ဆို အခုလုပ်၊ အချိန်မဆွဲနဲ့၊ သဘင်ဝန်ဖြစ်ရေး၊ ပိုးဉလေးနဲ့ ရွှေဖူးစာဆုံဖို့အရေး။ ဟိုပစ္စန္တရစ်ကောင် ဘေအိုကို ရှင်းပစ်ရေး။ ဟုတ်ကပြီ။

http://www.nyisay.com



ဘေဘအိုကို ရှင်းပစ်ရမယ်။ ဒီတစ်ခုပဲ ကျန်တော့တယ်။

"ပြေည့်၊ ပြေည့် ငါပြောထားတဲ့ ဟိုလူတွေ သွားခေါ်စမ်း၊ အခုခေါ်ခဲ့ အခု"

ဎ

(၇)

ရွှေနန်းတော်၏ လက်ယာဘက်အစွန်ဆုံး မယ်တော်ဆောင်နှင့် ကပ်လျက် ပွဲကြည့်ဆောင်တော်ကြီးရှိသည်။ ပွဲကြည့်ဆောင်တော်ကြီးရှေ့တွင်ကား ထီးဖြူရုံဆောက်သည့် နေရာကွက်လပ်ကြီး၊ ထီးဖြူရုံမှာ သားတော်၊ သမီးတော်တို့ လက်ထပ်မင်္ဂလာ အခမ်းအနားမျိုး ကျင်းပလျှင် ဆံထုံး ထုံးခြင်း၊ နားသာ သွေးခြင်း၊ စသည့် မင်္ဂလာသဘင်များ ပြုလုပ်ရာနေရာဖြစ်၏။

အဝန်းအတောင် ငါးဆယ်၊ အချင်းအတောင် ငါးဆယ်၊ အမြင့်ပွဲကြည့်ဆောင်များဖြင့် မျက်နှာကျက်အုပ်မိုးလျက်၊ အထက်ပန်းဖူးအထွတ်များကို ရွှန်းနီလွှမ်းလေ့ရှိသည်။ မာသရဘက် ခေါင်းပေါင်းအုပ်တို့ကို ယပ်ကဲ့သို့ အတွန့်အတွန့်ပြုပြီးမှ ပတ်လည်ဆွဲကာ ထီးဖြူရုံတိုင်မှာလည်း ကတ္တီပါလွှမ်းကပ်လေ့ရှိသည်။ ပွဲကြည့်ဆောင်ကား ထီးဖြူရုံ အတွင်းရှေ့တည့်တည့်။

ထီးဖြူရုံကား အခမ်းအနားရှိမှ ဆောက်လုပ်ပြီး အခမ်းအနားပြီးလျှင် ပြန်၍ဖျက်သိမ်းကာ ရွှေတိုက်တော်၌ ထည့်သွင်းထားရသည်။

ယခု ထီးဖြူရုံကို ပြန်၍ ဖျက်သိမ်းနေဆဲအချိန်။

တိုင်လုံးများ၊ ကတ္တီပါလိပ်များ၊ ပိုးပဝါအုပ်များ၊ ဝါးပိုးများဖြင့် ရှုပ်ထွေးနေသည်။ ရှုပ်ယှက်ခတ်နေသော နေရာ၊ တော်တော်တန်တန် ရုတ်ရုတ်သည်းသည်းကိစ္စ ဖြစ်ခဲ့လျှင်လည်း ဘယ်သူမျှ မကြားနိုင်၊ မသိနိုင်သည့် အနေအထား။ သည်အနေအထားကိုပင် ကျွန်ုပ် ရွေးချယ်ထား၏။

အချိန်ကတော့ ဆည်းဆာညရီ၊ လဆုတ်ရက်ဖြစ်၍ လတော်တော်နှင့် မထွက်နိုင်သေး။ မှောင်ရီဝိုးဝါးမှာ ညီအစ်ကို မသိတသိအချိန်။ ကောင်းလှပေ၏။ သည်အချိန်ဆိုလျှင် ကျွန်ုပ်၏ လူများ ထီးဖြူရုံဖျက်ထားသည့် ဝါးလုံးပုံ ဟိုမှာဘက်တွင် နေရာယူပြီးသား ဖြစ်ရောမည်။

ဟင်း . . . ဟင်း၊ ပစ္စန္တရစ်သား ရန်သူတော် ဘေဘအိုတစ်ယောက် ဒီအချိန်ဆို သူ့မြင်းနှင့် သည်နေရာ ဖြတ်ပြန်နေကျလေ။ ဖျက်ထားစ ထီးဖြူရုံ

http://www.nyisay.com



အပုံအစတွေနေရာမှာ သည်အကောင် မြင်းဇက်ကို အရှိန်လျှော့စီးရစမြဲ။ ဒါကို ကျွန်ုပ် ချောင်းမြောင်းထောက်လှမ်း စုံစမ်းပြီးသား။

ဝါးလုံးပုံနားအရောက် မြင်းအရှိန်လျှော့၊ ဒီအချိန်မှာ ဝါးလုံးပုံကြီးက ရုတ်တရက် ပြိုကျလာ။ ဟိုအကောင့် မြင်းလန့်၊ တစ်ခါတည်း ဘာပြောကောင်း မလဲ၊ ဝါးလုံးပုံအကွယ်က ကျွန်ုပ်ငှားရမ်းထားသော လူမိုက်တွေက မှောင်ရိပ် ထဲက ခုန်ထွက်လာပြီး ဘေအိုရဲ့ ဦးခေါင်းကို ရိုက်ခွဲ။

ပွဲကြည့်ဆောင်၏ စနေထောင့်ကွယ်မှ ကျွန်ုပ် အရသာရှိစွာဖြင့် ပုန်းခို စောင့်ကြည့်နေလိုက်၏။

ဟော မြင်းခွာသံသဲ့သဲ့ ကြားရပြီ။ ဟင်း . . . ပိုးဥဆီက ပြန်လာတာ လေ။ အေး . . . နောက်တစ်နေ့ဆိုရင် မင်း အီနောင်ခေါင်းမကိုင်နိုင်ဘဲ တောင် စွပ် လို့ရမှာ မဟုတ်ဘူးကွ . . . ။

မြင်းခွာသံ တဖြည်းဖြည်းနီးလာပြီ။

ဟင်း . . . ဟင်း . . . မြင်းခွာသံ တခွပ်ခွပ်ပြီးရင် ငါ့လူတွေရဲ့ လက်သံ ကောင်းကောင်း၊ ဝါးရင်းတုတ်သံ တဖြောင်းဖြောင်းပေါ့ကွာ။

ဟော . . . ဝါးလုံးပုံ အလယ်ကနေ သင်းထွက်လာပြီ။

ငါ့လူများ ခုန်ထွက်ကြတော့လေကွာ။ ဘာလုပ်နေတာလဲ။

အား . . . ဟုတ်ကပြီ။ မည်းမည်း မည်းမည်းနဲ့၊ ဟာ၊ ဟာ၊ ကိုယ့်လူတွေ က တကယ့် ပါးကွက်အာဏာသားကြီးတွေ ကျနေတာပါလား။ ဟော ဟို အကောင် ဝါးလုံးပုံဘေးရောက်ပြီ၊ ဝါးလုံးတွေကို ဖြိုချပစ်ကြပါတော့လား။

ဟင် . . . ဘယ့်နှာပါလိမ့်၊ ဝါးလုံးပုံကြီးက ပြိုကျမလာပါလား။

ဟော့ . . . ဟော့ . . . ငါ့လူများ။

ဟိတ် . . . ဘယ်နှာကြောင့် ဟိုအကောင်ဆီမသွားဘဲ ငါ့ဆီလာနေ ကြတာလဲ . . . ။

မင်းတို့ရိုက်ခွဲရမှာက ဟိုကောင်ကွ၊ ဟော့ . . . ဟော့ . . . ။

အလိုလေး၊ ငါပါကွ၊ မင်းတို့လူမှား . . . ။

အား . . . အောင်မယ်လေးဗျ၊ သေပါပြီဗျ၊ ဟော့ ငါပါကွ၊ ငါ ရွှေအိုးလေ။ မင်းတို့ကို အသပြာပေးငှားတဲ့လူလေ . . . ။ လူမှားပြီး အား . . . အား . . . ။ ကယ်တော်မူကြပါ . . . ၊ ကယ်တော်မူကြပါ . . . ။

၄

http://www.nyisay.com



(၈)

အား . . . ကျွတ် . . . ကျွတ် . . . ကျွတ်၊ ငါသေတော့မယ်နဲ့ တူတယ်။ ငါ့ခေါင်းကို မြင်းတွေအများကြီး ဆောင့်အကန်ခံရသလား မသိဘူး။ ငါ ဘာဖြစ်သွားသလဲ၊ မှောင့်လိုက်တာလည်း မည်းလို့။ ပိန်းပိတ်သား၊ အံမယ်လေး နာလိုက်လေခြင်းဗျ။

"ပြေည့် . . . ပြေည့်"

"ဆရာ . . . ဆရာ . . . ကျွန်တော်ပြေည့်ပါ၊ ရှိပါတယ်"

"ပြေည့် ငါ ဘာဖြစ်သွားတာလဲ . . . "

"ဆရာ့ကို လူမိုက်တွေ ရိုက်သွားတာလေ"

"လူမိုက်တွေ၊ ဘယ်က လူမိုက်တွေလဲ"

"မောင်ဘအိုကို ရိုက်ဖို့ ဆရာငှားထားတဲ့လူတွေလေ၊ ဆရာ့ကို ရိုက်သွားတာ သူတို့ပဲပေါ့"

"ငါ . . . ငါ . . . လူမှားပြီး အရိုက်ခံရ"

"မဟုတ်ဘူးဆရာ၊ မှားပြီးအရိုက်ခံရတာ မဟုတ်ဘူး၊ တမင်ရိုက်သွားတာ"

"ဘာ . . . ဘာကွ"

"ဆရာငှားထားတဲ့ လူမိုက်တွေက ကိုကြင်ဝှက်ရဲ့ လူမိုက်တွေပဲ ဆရာ၊ ကိုကြင်ဝှက်က အသပြာတွေ အများကြီးထပ်ပေးပြီး ဟို ကိုဘအိုကို မရိုက်နဲ့၊ ဆရာ့ကိုပဲ ရိုက်ဆိုပြီး ထပ်ခိုင်းတာတဲ့။ ဟိုဒင်း . . . ယန္တရားဇာတ်ခုံအတွက် ဆိုပြီး ဆရာ သူ့ဆီက အသပြာသုံးရာ ယူသွားတဲ့ကိစ္စတဲ့ . . . "

"ဘာကွ . . . ၊ ဒါ . . . ဒါဖြင့် ဘအိုကော၊ ပိုးဥကလေးကော. . . "

"ဆရာ၊ အဲဒါတွေ မသိချင်ပါနဲ့တော့၊ အခုဟာက ကမ္ဘာမီးလောင်နေပြီ ဆရာရဲ့ . . . "

"ဘာတွေလဲကွ . . . "

"ဆရာသတိလစ်နေတာ လေးရက်ရှိပြီ၊ ဆရာ ဘာမှ မသိဘူး"

"ငါက ဘာသိရမှာလဲ၊ အခု ငါ အရိုက်ခံရတယ်၊ ငါ မကျေနပ်ဘူးကွ၊ ဘအိုကို ငါကိုယ်တိုင် သတ်မယ်၊ ပိုးဥကို သင်းခိုးပြေးသွားပြီ မဟုတ်လား၊ ငါ သဘင်ဝန်ဖြစ်ဖို့ ကိစ္စကိုလဲ . . . "

http://www.nyisay.com



"ဆရာ ဘာတွေပြောနေတာလဲ၊ ကိုဘအိုနဲ့ ပိုးဥတို့ မရှိကြတော့ဘူး၊ ရုပ်သေးအဖွဲ့နဲ့ အောက်ပြည်အောက်ရွာ စုန်သွားကြပြီ။ ဘယ်သူမှလဲ မရှိကြတော့ဘူး"

"ဟော့၊ မီးခိုးနံ့တွေပါလား၊ ဘယ်မှာ မီးလောင်နေသလဲ၊ ပြီးတော့ ငိုသံတွေ၊ အော်သံတွေပါလား၊ ဘာတွေဖြစ်နေကြတာလဲကွ . . . ဟင်"

"ဆရာ ဘာမှမသိဘူးနော်၊ ဒုက္ခပါပဲ၊ အရှင်နှစ်ပါး ပါတော်မူသွားပြီ ဆရာရဲ့ . . . "

"ဘာကွ၊ ဘာပါတော်မူတာလဲ"


"တစ်နန်းတော်လုံး ငရဲပွက်နေပြီ ဆရာရဲ့၊ ကျွန်တော်လဲ ဘာပြောရမှန်း မသိတော့ဘူး၊ ကျွန်တော် ပြေး . . . ပြေးတော့မယ်၊ ဟော . . . ကယ်ကြပါ၊ ဟိုမှာ လှံစွပ်သေနတ်ကြီးတွေနဲ့"

"ဟော့ . . . ငပြည့်၊ ငါ့ကို ခေါ်ပါဦး၊ ဟာ . . . ဒုက္ခပါပဲ၊ ဟေး . . . တဝ္ပပ်ဝွပ်နဲ့ ခြေနင်းသံတွေ ပြင်းလှချည်လားကွ၊ ငါ့ကို ဖြစ်နဲ့အရက် စပ်ပေးစမ်း၊ ငါ သဘင်ဝန်အလောင်းအလျာကွ၊ ဘာမှတ်သလဲ၊ ဟား . . . ဟား . . . ၊ငါ အိနှောင်ကွ၊ စရကားမင်းသား မဟုတ်ဘူး၊ ဘအို၊ ပိုးဥ မြေဝိုင်း က,မလို့ဆို၊ သွား . . . ကကြ၊ ကကြ၊ ငါက ရွှေနန်းတော်ပွဲကြည့်ဆောင်မှာ သဘင်ဝန်ဆိုတော့၊ ဟေး . . . မင်းတို့က ဘယ်က ဟာတွေလဲ . . . ၊ ငါ ရွှေအိုးကွ . . . ၊ နန်းတွင်းသဘင်သည်ကွ၊ သဘင်ဝန်ဖြစ်မယ့်သူကွ၊ အလိုလေး . . . ကယ်ကြပါ၊ ငပြည့်ရေ . . . ငပြည့် . . . ၊ ငါ့ကို လာခေါ်ပါဦး . . . ၊ ဟော ဘာသံလဲ၊ ဒါ . . . ဒါ . . . သင်္ဘောဥသြသံပဲ၊ ငါသိတာပေါ့ . . . ၊ ဘယ်ကလဲ၊ ဂေါဝိန်ဆိပ်က ဥသြသံ၊ အဲဒါ . . . ဘာဖြစ်တာလဲ၊ ဟော ဂေါဝိန်ဆိပ်က သင်္ဘောကြီး ဥသြသံ ထပ်ဆွဲပြန်ပြီ . . . ၊ ငပြည့် . . . ငပြည့် . . . ငါ့ကို . . . ကယ် . . . "

- *ဦးသော်ဇင်၏ပြဇာတ်ကထာ*
- *မြန်မာ့ဇာတ်သဘင် တစ်ခေတ်ပြောင်းလဲရေး*
- *သဘင်ဝန်ဦးနု၏မြန်မာ့သဘင်လောက စာအုပ်များကိုဖတ်ရှုကိုးကားပါသည်။*

▼

# သောင်းရွှေလယ်ပိုင်စိုး မိုးနတ်ဒေဝီ



http://www.nyisay.com



## သောင်းရွှေလယ်ပိုင်စိုး မိုးနတ်ဒေဝီ

ဆင်ဖြူရှင်လည်း၊ မြင်တော်မူလျှင်၊ ဗသုန်ဗန်စက်ကား၊ ငါ့သား
ဟုတ်မှန်သည်တည်း၊ငါ့ကို မတူစွာရှိ၏၊ ဦးခေါင်းဖွံ့သည်၊
ဆံတွန့်သည်၊ ခြေလက် ကြွမ်းသည်၊ သလုံးသားကြီးသည်၊
ရက်စက်ကြမ်းကြုတ်မည့် လက္ခဏာဆင်ရှိ၏'ဟု မပြတ်ထပ်ကာပင်
ဆိုတော်မူ၏။

*(ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း၊*
*စာ-၁၆၈၊ ၁၆၉*

"တလမည်ဒေါ . . . ခေါင်းငုံ့ပြီး ပုခက်ထဲမှာဝပ်နေလိုက်"

ဆင်ဦးကင်းဆီမှ လှမ်းအော်လိုက်သော သူ့အသံကြောင့် ကျွန်မမှာ ပုခက်ထဲသို့ တစ်ကိုယ်လုံးမြုပ်ဝင်သွားမတတ် ဝပ်ချလိုက်ရသည်။ ပုခက် နှုတ်ခမ်းဘောင်မှာ တင်းကျပ်စွာ ဆုပ်ကိုင်ထားရသည့် လက်နှစ်ဖက်ကိုတော့ ကျွန်မ မလွှတ်ရဲ . . .။

"လာပြန်ပြီဟေ့ . . . နောက်ထပ် သစ်ကိုင်းကြီးတစ်ခု၊ လုံး၀ ခေါင်း မဖော်နဲ့နော်၊ မင်းမျက်နှာလှလှလေး စုတ်ပြတ်သွားမယ်"

သူ့အသံနှင့် မရှေးမနှောင်းမှာပင် သစ်ကိုင်းကြီးတစ်ခုက အရှိန်ပြင်းစွာ

http://www.nyisay.com



ဖြင့် ကျွန်မခေါင်းပေါ်မှ ဖြုန်းဖြုန်းဖြင်းဖြင်း တိုးဝင်လာ၏။ သူသတိပေးသလို ခေါင်းမဖော်စတမ်း ပုခက်ထဲမှာ ဝပ်နေလိုက်သောကြောင့်သာ တော်သေး၏။ သို့မဟုတ်လျှင် သူပြောသလို ကျွန်မမျက်နှာလှလှလေး စုတ်ပြတ်သွားရုံသာမက ကျွန်မတစ်ကိုယ်လုံးပါ ဆင်ပေါ်မှနေ၍ ကစင့်ကလျား လွင့်စင်သွားမည်မှာ သေချာသည်။

သစ်ရွက်တွေက ပုခက်ထဲသို့ တဖြောဖြော ကျကြွေလာကြ၏။ ခေါင်းငုံ့ထားသဖြင့် လွတ်သွားသော်လည်း ပုခက်နှုတ်ခမ်းကို ဆုပ်ကိုင်ထားသော ကျွန်မ၏လက်ချောင်းများမှာကား သစ်ကိုင်း၏ ရိုက်ပုတ်မှုကြောင့် နာကျင်ကျိန်းစပ်သွားပေသည်။

တောင်တက်လမ်းအတိုင်း အဟုန်ပြင်းစွာ ပြေးတက်နေသော ဆင်ကြီးမှာ တစ်ကိုယ်လုံး ယိမ်းထိုးခါယမ်းနေ၏။ ပြေးနေသော ဆင်တစ်ကောင်၏ ကျောကုန်းထက်မှ ဆင်စီးပုခက်သည် ဤမျှ ဝရုန်းသုန်းကား လှုပ်ခါနေလိမ့်မည်ဟု ကျွန်မ ဘယ်တုန်းကမျှ မထင်ခဲ့ပေ။ ဆင်တစ်ကောင်၏ ကျောကုန်းပုခက်ထဲတွင် လိုက်ပါစီးနင်းရသော လူတစ်ယောက်အဖို့ ဤမျှခက်ခဲပင်ပန်းလိမ့်မည်ဟု ကျွန်မ မထင်ခဲ့။ အခုတော့ . . . .

ကြောက်လန့်ခြင်း၊ နာကျင်ခြင်းများဖြင့် ကျွန်မ၏ရင်သည် ဆို့ဆို့နစ်နစ်ဖြစ်လာသည်။ သူတစ်ယောက်လုံး ရှိပါလျက်နှင့် အားကိုးရာမဲ့သလို ခံစားလာရသည်။ သူ့ကိုချစ်မိတာ မှားပြီလားဟူသော အတွေးက ဝင်ရောက်လာသည်။ ကျွန်မ အသံကုန်ဟစ်၍ ငိုပစ်လိုက်ချင်သည်။

"လာပြန်ပြီဟေ့ . . . နောက်သစ်ကိုင်းတစ်ခု၊ သည်တစ်ခါတော့ ဆူးတွေပါလိမ့်မယ်၊ သတိထား . . . တလမည်ဒေါ"

ဆင်ဦးကင်းဆီမှ သူ့အော်သံ ပေါ်လာပြန်သည်။ သူ့အသံမှာ တက်ကြွခြင်းများဖြင့် ကျယ်လောင်နေသည်။ အမဲလိုက်ထွက်နေသည်ဟုများ သူ ထင်ထားသလား မသိ။ ဆင်ပုခက်နံရံကို ဆုပ်ကိုင်ထားသော ကျွန်မ၏ လက်များကိုလွှတ်၍ ပုခက်ထဲသို့ တစ်ကိုယ်လုံး နှစ်မြုပ်လိုက်ရသည်။

သစ်ရွက်တွေ၊ သစ်ကိုင်းအစတွေ တဖြောဖြော ကြွေကျလာပြန်သည်။ ပုခက်ထဲမှာ အခင်းများ၊ မှိုအုံးများ ခင်းထားသော်လည်း အားလုံး ဖရိုဖရဲဖြစ်နေပေပြီ။ ကျိုးပဲ့ကြွေကျလာသော သစ်ရွက်စ၊ သစ်ခက်စများကလည်း မြင်မကောင်းတော့။ အို . . . ကျွန်မ မှားပြီလား။

http://www.nyisay.com



"ကုန်းအဆင်းလမ်းရောက်ပြီဟေ့ . . . ငါ ကူးလာခဲ့တော့မယ်"

အော်သံနှင့် မရှေးမနှောင်းမှာပင် သူ ပုခက်ထဲသို့ရောက်လာသည်။

ရပ်တည်မနေနိုင်လောက်အောင် တလူးလူး တလိမ့်လိမ့်ဖြစ်နေသော ဆင်ကျောကုန်းပေါ်တွင် ဆင်ဦးကင်းနေရာနှင့် ဆင်ကျောကုန်းပုခက်နေရာတို့ကို ကျွမ်းကျင်စွာ ကူးချည်သန်းချည် လုပ်နေသော သူ့ကို ကျွန်မ အံ့ဩမိသည်။

"ရှေ့မှာတော့ လမ်းက ပြေသွားပါပြီ။ သစ်ကိုင်းတွေလဲ ဝင်တိုးစရာမရှိတော့ဘူး။ ဒီနေရာ တောတစ်ဝိုက်က လမ်းအင်မတန် ဆိုးတာလေ၊ အေးလေ လမ်းမှမဟုတ်ဘဲ၊ တောတောင်ခရီးကြမ်းပဲကိုး၊ ဒါပေမယ့် ဆင်သွားရင် လမ်းဖြစ်သတဲ့ . . .၊ မဟုတ်ဘူးလား . . . ဟား . . . ဟား . . . "

သူက ပုခက်နံရံကို ခြေဖြင့် ထိန်းထားရင်း မတ်တပ်ရပ်နေ၏။

ဩော် . . . တဟားဟား ရယ်နေနိုင်သေးသော သူပါလား . . .။ သူ့ရယ်သံနှင့်အမျှ ကျွန်မကတော့ ဟစ်၍သာ ငိုလိုက်ချင်တော့သည်။

"ဒီတောင်ကြောကို ငါ အမဲလိုက်ရင်း တစ်ခါရောက်ဖူးလို့ သိတာ၊ ဆင်ဦးစီးအကောင်က ဆင်သာ သိတာ၊ တောကျွမ်းတာ မဟုတ်ဘူး၊ ဒါကြောင့် ငါကိုယ်တိုင် ချွန်းဝင်ကိုင်ပေးရတာ၊ အဲ . . . ဆင်ကြီးကလဲ ဆိုးသကွ၊ ဆိုးဆိုးကျိုးထဲက အခုမှထုတ်လာတဲ့ ကောင်ကြီးကိုး"

တောတောင်အကြောင်း၊ ဆင်အကြောင်းတွေချည်း သူပြောနေပြီကော . . .။ ကျွန်မရင်ထဲမှာ တလှိုက်လှိုက် ဝမ်းနည်းလာသည်။ အမှန်က ဒီအချိန်မှာ သူ . . . ကျွန်မအနားမှာပဲ တစ်ချိန်လုံး ရှိနေရမည်။ မကြောက်နဲ့ . . . မကြောက်ပါနဲ့ကွယ်ဟု တဖွဖွ အားပေးစကားဆိုရင်း ကျွန်မကို သူ့ရင်ထဲမှာ ထွေးပွေ့ထားရမည်။ အခုတော့ . . . သူက . . .

"မင်း ဘာမှ မဖြစ်ပါဘူးနော် တလမည်ဒေါ၊ ခုနက ဆူးသစ်ကိုင်းကြီးဝင်လာတုန်းက ငါ အော်ပြီး သတိပေးလိုက် . . .၊ ဟင် . . . ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲ"

ရှေ့ဆီကြည့်ရင်း အားပါးတရ တဖောင်ဖောင်ပြောနေရာမှ သူသည် ကျွန်မကို တစ်ချက်စောင်းငဲ့ကြည့်မိသွား၏။ ထိုအခါမှပင် သူ့မျက်နှာမှာ စိုးရိမ်ပူပန်သော အရိပ်အငွေ့လေး ဖြတ်သန်းသွား၏။

"ဟင် . . . မျက်ရည်တွေ ဝဲလို့ပါလား တလမည်ဒေါ၊ ဘာဖြစ်လို့လဲ သိပ်ကြောက်နေသလား"

http://www.nyisay.com



သူ ကျွန်မလက်ကို လှမ်းအဆွဲ၊ ဆင်ပုခက်ကလည်း တစ်ချက်အလွှန့်မှာ သူ့ရင်ခွင်ကြီးထဲသို့ ကျွန်မ ရောက်သွားတော့သည်။

"ငိုတော့ မငိုလိုက်နဲ့နော် တလမည်ဒေါ၊ မင်္ဂလာဦးစွန့်စားခန်းခရီးဆိုတာ မျက်ရည် မကျကောင်းဘူးကွ၊ အဲ . . . ရှေ့လျှောက်လဲ ငါတို့မှာ စွန့်စားရမယ့်အရေးတွေ တစ်သီကြီး လာဦးမှာ၊ မင်းမျက်ရည်တွေကို သိမ်းထားဦး . . ဟုတ်လား"

ချစ်သူ၏ နှစ်သိမ့်စကား . . . ။ ကျွန်မ နှုတ်ခမ်းကို ကိုက်ထားလိုက်မိ၏။ မငိုလိုက်နဲ့တဲ့ . . . ။ ကောင်းပါပြီ။ ကျွန်မ မငိုပါ။ မျက်ရည်မကျစေရပါ။ ချစ်တဲ့သူရဲ့စကားကို ချစ်ခြင်းကြီးစွာဖြင့် ကျွန်မ နားထောင်ပါမည်။

"ကွမ်းတစ်ယာညက်လောက်ကြာရင် ရှေ့မှာသဲချောင်းလေးတစ်ခုကို ဖြတ်ရလိမ့်မယ်၊ အဲဒီနားက တောအုပ်မှာတော့ ပန်းတွေ ပွင့်တတ်တယ်၊ ဘာပန်းတွေလဲ ငါလဲ မသိဘူး။ ဆင်ကို ရေတိုက်ရင်းနဲ့ ငါတို့ခဏနားမယ်၊ အဲဒီမှာ မင်းလိုချင်ရင် ငါ ပန်းခူးပေးမယ်။ မင်းတို့မိန်းမသူတွေက ပန်းကြိုက်တတ်တယ် မဟုတ်လား"

သည်လိုဆိုတော့ ကျွန်မ၏ချစ်သူသည် ကျွန်မ ထင်သလောက် ကြမ်းခက် မာကြောသူမဟုတ်သေးပါလားဟု အောက်မေ့ရသည်။

ပုခက်ထဲရှိ သစ်ရွက်သစ်ကိုင်းစတွေကို ဖယ်ထုတ်ရင်း သူ ဆက်ပြောသည်။

"နန်းတော်ထဲမှာ ခုလောက်ဆိုရင်တော့ ငရဲပွက်နေလောက်ပြီ၊ ဟား . . . ဟား . . . ဟား . . . "

သည်တစ်ခါတော့ လွတ်လပ်ရဲတင်းစွာ ရယ်မောပစ်လိုက်သော သူ့ရယ်သံကြီးနှင့်အတူ ကျွန်မ ပြုံးလိုက်မိပေသည်။ နန်းတော်ထဲမှာ . . . ဟုတ်သည်၊ ခမည်းတော် ဆင်ဖြူရှင်၊ အရီးတော် မဟာဒေဝီ၊ ပြီးတော့ ညီမတော်လေး တလမည်သီရိတို့ကော . . . ။

ဗညားနွဲ့ကိုယ်တော် တလမည်ဒေါကို ဆင်ဖြင့် ခိုးပြေးသည်ဟူသော သတင်းက ဟံသာဝတီနန်းတော်လုံးသို့ ရိုက်ခတ်လှုပ်ခါနေလောက်ပေပြီ။ စောစောက ဟစ်၍ငိုလိုက်ချင်သော စိတ်များ ဘယ်ရောက်သွားသလဲမသိ . . ။ ထူးဆန်းသော ကိုယ်သင်းနံ့၊ သေရည်ငွေ့လေး ပါးပါးလျလျရှိသော ချွေးနံ့တို့ကို သူ့ဆီမှ ကျွန်မ နီးကပ်စွာ ရှူရှိုက်ရရှိနေသည်။ ချစ်သူ၏ ရင်ခွင်ကျယ်ကြီးထဲ

http://www.nyisay.com



သို့ ကျွန်မ ပိုမိုတင်းကျပ်စွာ တိုးဝင်လိုက်မိ၏။

"ခမည်းတော်က ငါ့ကိုပိုပြီး အချစ်တော်တိုးဦးတော့မှာ သေချာတယ်၊ သားလိမ္မာကိုးကွ . . . ဟား . . . ဟား . . . "

အို . . ရဲတင်းရိုင်းစိုင်းသော၊ ပွင့်လင်းကြမ်းတမ်းသော ဘုရင့်သားတော် စင်စစ်ဖြစ်ပါလျက် ဘုရင့်သားတော်နှင့်မတူသော ထီးမွှနန်းရာလုံးဝမရှိသော ဤဗညားနွဲ့ မည်သားကိုမှ ကျွန်မ အချစ်ကြီးချစ်ခဲ့မိခြင်းပါတကား . . . ။

ပန်းကလေးတစ်ပွင့်နှင့် ခြင်္သေ့ကြီးတစ်ကောင်တို့၏ ဖူးစာဆုံခန်း . . . ။

ကျွန်မရင်ထဲမှာ ကြောက်ရွံ့ခြင်း၊ ပျော်ရွှင်ခြင်းများ ရောပြွမ်းလာ၏။ ချစ်သူခေါ်ရာ လိုက်ခဲ့မိပြီဖြစ်သော ကိုယ့်အဖြစ်ကိုလည်း အံ့သြစွာ ကျေနပ်နေမိ၏။

အို . . . သူ့ဘဝထဲကို ငါ လုံးလုံးလျားလျား တိုးဝင်ခဲ့ပြီလေ . . . ။

သူ့ရဲ့ ကြီးမားကျယ်ပြန့် ကြမ်းတမ်းတဲ့ လက်ဖဝါးကြီးတွေထဲမှာ ငါ့ရဲ့ ဖြူဖျော့သေးသွယ် လက်ချောင်းလေးတွေကို ယုံကြည်ကိုးစားမှုကြီးစွာနဲ့ ထည့်သွင်းအပ်နှံခဲ့ပြီလေ . . . ။ ချစ်တဲ့သူနဲ့အတူ တစ်ဘဝလုံး . . . တစ်သက်လုံး အတူတူ။

အားကိုးခြင်းများဖြင့် ကျွန်မ သူ့ကို တင်းတင်းကြီးပွေ့ဖက်လိုက်မိ၏။

"ဟေး . . . ဟေး . . . ဘယ့်နှာကြောင့် ဒီလောက်ကြီး။ ဟာ . . . နှစ်ယောက်စလုံး ပုခက်ထဲက ပြုတ်ကျကုန်တော့မှာပဲ။ ဟော့ကောင်မလေး . . . ဘယ်လိုဖြစ်တာလဲကွ . . . ဟား . . . ဟား . . . ဟား"

(၂)

သဲချောင်းလေးသည် အတော်အတန် ကျယ်ပြန့်၏။ တောင်ကြောနှစ်ခုအကြား လျှိုလွင်ပြင်ငယ်လေးတစ်ခုဖြစ်ရာ ပြန့်ပြူးညီညာသော ဤနေရာလေးကို ကျွန်မ ချစ်သွားမိလေသည်။ ဒူးတုပ်ဝပ်ချပေးသော ဆင်ပေါ်မှ သူ့အကူအညီဖြင့် ကျွန်မ ခက်ခက်ခဲခဲ ဆင်းခဲ့သည်။ သူက ကျွန်မကို အရုပ်ကလေးတစ်ရုပ်နှယ် ဇွေ့ခနဲ မြှောက်ချီကာ ပုခက်ထဲမှ အောက်သို့ ချပေးသည်။ နူးညံ့ရှုတ သဲပြင်စပ်ပေါ်သို့ ကျွန်မ ခြေချလိုက်ချိန်မှာပင် ဒူးများခွေညွတ်ကာ ယိုင်လဲမတတ် ဖြစ်သွား၏။ သူက ကျွန်မကို ထိန်းထားရင်း ပြောသည်။

http://www.nyisay.com



"အို . . . အို . . . အတင့်မရဲလိုက်နဲ့ မဖုရား၊ ဒါ ဟံသာဝတီနန်းတော် ထဲက ပန်းဉယျာဉ် မဟုတ်ဘူးနော် . . . ၊ သဲချောင်းမှာ မျက်နှာလေးဘာလေး သွားသစ်၊ ခြေလက်သန့်စင်လိုက်၊ အခု မင်းတစ်ကိုယ်လုံး ကိုက်ခဲမနေဘူးလား . . . "

သူ့ကို ကျွန်မ စကားဖြင့်ပင် ပြန်အဖြေမပေးနိုင်တော့။ သဲပြင်တွင် ခြေ အချ ဒူးတွေညွတ်သွားသည်ကပင် အထင်အရှားဖြစ်၏။ သူပြောသလို တစ် ကိုယ်လုံး ကိုက်ခဲနေရုံသာမကဘဲ ထုထောင်းခံထားရသလို တစ်ကိုယ်လုံးမှာ နာကျင်နေသည်။

"ဆင်ကျောကုန်းပုခက်ထဲမှာ စီးလိုက်ရတာ လွယ်တာမှ မဟုတ်ဘဲ။ ပြီး တော့ တောတောင်ခရီးကြမ်း၊ ကဲ . . . ကဲ . . . သွား၊ ရေမိုးသန့်စင်လိုက်"

ဤခရီးလမ်းကြီးကို ကျွန်မ မမှုပါ။ ချစ်သူတစ်ယောက်လုံး၏ ခါးကိုဖက် ပြီး ကျွန်မ ဘာကိုမဆို ရင်ဆိုင်ရဲပါသည်ဟု ပြောမည်ကြံသော်လည်း သူက လှည့်ထွက်သွားသောကြောင့် ကျွန်မ ဘာမှ မပြောလိုက်ရတော့ . . . ။

"ဟေး . . . ကောင်ကြီး၊ ရေငတ်နေပြီလားကွ၊ လာ . . . လာ . . ငါ့သား ကြီး၊ သဲချောင်းထဲမှာ မင်းစိတ်ကြိုက်ရေချိုးစမ်း"

ဆင်ကြီး၏ နားရွက်ကို သူကိုင်လျက် ပြောနေ၏။ သူဆင်တွေကို ချစ် တတ်မှန်း ကျွန်မသိထားသည်။ သက်ပြင်းဖွဖွရှိုက်ရင်း သဲချောင်းရေစပ် အထက် ဖက်ဆီသို့ ကျွန်မ ထွက်လာခဲ့သည်။ သူ့ဆင်ကြီးနှင့် အချိန်ကုန်နေစဉ်မှာ ကျွန်မ ကို ဂရုစိုက်နိုင်မည်မဟုတ်တာ သေချာသည်။

တသွင်သွင် ချောင်းငယ်လေးသည် မှန်သားနှယ် ကြည်လင်လွန်းလှ၏။ ရေအောက်မှ ကျောက်စရစ်လုံးလေးများကို အတိုင်းသားမြင်နေရသည်။ ဒူးဆစ် မရှိတရှိ ရေထဲသို့ ဆင်းခါနီးတွင် သူရှိရာသို့ ကျွန်မ လှမ်းကြည့်မိသေးသည်။ ထမီစကို သလုံးသားပေါ်အောင် ပင့်လျက် သဲချောင်းရေထဲ လျှောက်သွားဖို့ အထိ ကျွန်မ အတင့်မရဲဝံ့သေး။ ဘာပဲဖြစ်ဖြစ် သူမြင်သွားမည်ကို ကျွန်မ ရှက် သည်။ သူကတော့ ချောင်းအလယ်မှာ သူ့ဆင်ကြီးနှင့် တဝုန်းဝုန်း ရေချိုးနေလေ ပြီ။ ဆင်ဦးစီးကတော့ ဆင်ကျောကုန်းပေါ်သို့ ရေများ ဖြန်းပက်ပေးနေလေ သည်။

အို . . . ချောင်းတစ်ဖက် ချုံပုတ်တန်းမှာ တောစံပယ်ပန်းလေးတွေ ဖွေး ဖွေးလှုပ်လို့ပါလား။ တောစံပယ်၏ အရိုင်းနံ့လေးက လွတ်လပ်စွာ ကျွန်မဆီသို့

http://www.nyisay.com



ပျံဝဲလာ၏။ ပန်းခူးပေးမည်ဟု သူ ကျွန်မကို ပြောခဲ့သည်။ သူ့ကိုလှမ်းခေါ်ရန် ကျွန်မ စိတ်ကူးလိုက်၏။ သို့သော် ဆင်ကြီး၏နှာမောင်းမှ စုပ်ယူပက်လိုက်သော တဖွမ်းဖွမ်းရေသံနှင့် သူ၏ တဟားဟားရယ်သံတို့ကို ကျွန်မ၏အသံလေးက ထိုးဖောက်နိုင်မည် မဟုတ်။ ပန်းခူးပေးမည်ဟူသော သူ့စကားကို သူ သတိရချင်မှ ရတော့မည်။ အို . . . ကိစ္စမရှိပါ။ ရုတ်တရက် ခေါင်းထဲဝင်လာသော အတွေးလေးတစ်ခုဖြင့် ကျွန်မ ပျော်ရွှင်သွားသည်။

တစ်ဖက်ကမ်းစပ်အထိ ကျွန်မ ကူးသွားမည်။ တောစံပယ်လေးတွေကို ကိုယ်တိုင်ပဲ ခူးဆွတ်မည်။ ပြီးတော့ ဖွေးဖွေးအုအု စံပယ်ပွင့်လေးတွေကို အထက် ဆိမ့်နေ၍ သူရှိရာသို့ ရေအစုန် မျှောချလိုက်မည်လေ . . .။

တသွင်သွင်စီးနေသော ရေအလျင်တို့က ကျွန်မ၏ခြေအစုံတို့ကို ပွတ်တိုက်ဖြတ်သန်းသွားကြသည်။ ဟံသာဝတီနန်းတော်ဆောင်ထဲမှာ မရနိုင်သော ထူးဆန်းလှပသည့် အတွေ့အကြုံပင်ဖြစ်၏။ တောစံပယ်နံ့တို့ကလည်း ရွှေရေး သစ်စေးနံ့၊ မြေနီနံ့နှင့် ချိုအီစူးရှသော ပန်းပေါင်းစုံနံ့သာတို့ဖြင့်သာ အမြဲတစေ ထိတွေ့ခဲ့ရသော ကျွန်မကို ထူးဆန်းစွာ နှုတ်ခွန်းဆက်နေကြသည်။

ဟေး . . . ရွှေနန်းတော်က မင်းသမီးလေးပါလား၊ ဘယ့်နှယ်လဲ ဘုရင့်သမီးတော်၊ ချစ်သူနောက် ခရီးကြမ်းကို ဝံ့ဝံ့စားစား လိုက်လာသတဲ့လား၊ မင်းတို့ မိန်းမသူလေးတွေဟာ အချစ်အတွက်၊ ချစ်သူအတွက်ဆိုရင် ဘာကိုမဆိုရင်ဆိုင်ဖြတ်သန်းရဲလာတော့တာပဲနော် . . .။

ဒါပေါ့ . . . စံပယ်ပန်းလေးတွေရဲ့ . . .။ ဟံသာဝတီရွှေနန်းရှင်ရဲ့ သားတော် ဗညားနဲ့ မင်းသားကိုမှ ကျွန်မက ချစ်မိတာကိုး . . .။ ကျွန်မရဲ့ ချစ်သူဟာ သိပ်ကိုသနားစရာကောင်းတဲ့ လူကြမ်းကြီးလေ။ အခု ချစ်တဲ့သူနဲ့ အတူ ဟံသာဝတီကိုစွန့်ခွာပြီး ဒဂုန်ကို ပြေးကြမလို့ရှင့်။ အချစ်ရဲ့စွန့်စားမှုထဲက ဘုရင့်သမီးတော်လေ . . .။ ဒါဟာ အချစ်ရဲ့ စွမ်းပကားပဲရှင့် . . .။

လေပြင်းလေး တစ်ချက်အသုတ်မှာ တောစံပယ်ပွင့်တွေ ယိမ်းထိုးသွားကြ၏။ ကျွန်မစိတ်ထဲမှ ပြန်ပြောလိုက်သော စကားကို သူတို့သဘောကျသွားခြင်း ဖြစ်ပေမည်။ စံပယ်ပွင့်လေးတွေကို ခူးရင်း ကျွန်မ ဆက်ပြောနေမိပြန်သည်။

ကျွန်မရဲ့ မောင်တော်ကြီးဟာ စိတ်ကြမ်းလူကြမ်းကြီး . . . တဲ့။ တစ်နန်းတော်လုံးက ပြောကြတာလေ . . .။ ဒါပေမယ့် သူဟာ တကယ် သနားစရာ

http://www.nyisay.com



ကောင်းတဲ့လူပါ။ သူ့ကို ခမည်းတော်ရွှေနန်းရှင်ကအစ မုန်းတီးနေတာ . . .။ သားတော်၊ သမီးတော်တွေထဲမှာ သူဟာ မျက်နှာအငယ်ရဆုံးပါ။ ဒါပေမယ့် ကြမ်းတမ်းရိုင်းစိုင်းတဲ့ သူ့ရဲ့နှလုံးသားကတော့ လှရှာပါတယ်။ ဒါကို ကျွန်မ တလမည်ဒေါ် အသိဆုံးပဲ။ နှလုံးသားဆိုတာ ချစ်သူချင်းသာ ဖောက်ထွင်းမြင်တတ်ကြတာ မဟုတ်လား . . .။ ပြီးတော့လေ . . . သူ ကျွန်မကိုလည်း သိပ်ချစ်ရှာတာ။

စံပယ်ပွင့်တွေ တစ်ထွေးတစ်ပွေ့ကြီး ရပေပြီ။ ရေစီးကြောင်းအတိုင်း မျှောချရန် ချောင်းအလယ်သို့ ကျွန်မ ပြန်လျှောက်ခဲ့သည်။ သူရှိရာ လှမ်းကြည့်လိုက်သောအခါ သူသည် ဆင်ကြီး၏ ကျောကုန်းပေါ် ရောက်နေသည်။ ဆင်ကြီးက နှာမောင်းကို အထက်သို့ ကွေ့ကောက်ပြီး သူ့ဆီသို့ ရေတွေမှုတ်ထုတ်နေသည်။ တဗွမ်းဗွမ်းရေသံ၊ တဟားဟား ရယ်သံများ။

စံပယ်ပွင့်လေးတွေကို ရေထဲသို့ ကျွန်မ ဖြန့်ကြဲချလိုက်၏။

ကျွန်မ၏ ချစ်ခြင်းများ၊ နားလည်ခြင်းများကို ဆောင်ယူသွားကြမည့် စံပယ်ပွင့်လေးတွေ သူရှိရာသို့ ရောက်သွားချိန်တွင် သူ ဘယ်သို့ တုံ့ပြန်လေမည်နည်း။ လှပ၍ စိတ်ဝင်စားဖွယ်ကောင်းသော ကျွန်မ၏စိတ်ကူးကို မိမိဘာသာ မိမိ သဘောကျနေမိ၏။

တောစံပယ်ပွင့်၊ လျှိုလွင်ပြင်ထဲက သဲချောင်းရေအလျဉ် ဆင်ကြီးနှင့်အတူ တပျော်တပါး ရေကစားနေသော စိတ်ကြမ်းလူကြမ်း ဗညားနွဲ့မင်းသား။

ကျွန်မ အိပ်မက်မျှပင် မက်ဖို့ စိတ်မကူးမိသော လှပထူးခြားသည့် အဖြစ်ကလေး။ ချစ်ခြင်း၊ နားလည်ခြင်းများဖြင့် ဖွဲ့စည်းထားသော ရင်ဖိုစရာ သည်အဖြစ်တွင် . . .။

တဝုန်းဝုန်းရေသံများ အဆမတန် ကျယ်လောင်လာသဖြင့် ကျွန်မ၏ အတွေးများက ဖရိုဖရဲ ပြတ်တောက်သွား၏။ သူရှိရာသို့ စိုးရိမ်တကြီး ကျွန်မ လှမ်းကြည့်လိုက်သောအခါ . . . ဘုရား . . . ဘုရား . . .။

ရဲမက်တွေ၊ မြင်းတွေ၊ အဲမောင်းလှံတွေ၊ ဓားသွားတွေ . . . သဲချောင်းသည် ငရဲပွက်သွား၏။ ရေဆန်အတိုင်း ချောင်းထဲတွင် တဝုန်းဝုန်း စိုင်းနှင်လာသော မြင်းတပ်ငယ်တစ်တပ် . . .။ ဟင် . . . ဟံသာဝတီနန်းတော်စောင့် တပ်ပါလား။

"ဗညားနွဲ့မင်းသား . . .၊ အခုအခံ မရှိပါနဲ့၊ ဟံသာဝတီ ဆင်ဖြူသျှင်

http://www.nyisay.com



မင်းတရားအမိန့်တော်ပါ”

အသံနက်ကြီးကို ကြားရသည်။ မြင်းတပ်က သူ့ကိုဝိုင်းရံလိုက်ကြသည်။ ကျွန်မ ချောင်းရေအတိုင်း တစ်ဟုန်ထိုး ပြေးလာခဲ့သည်။ နှုတ်မှ ဘာတွေအော်ဟစ်နေမှန်း မသိ။ မသတ်ကြပါနဲ့ . . . ၊ ငါ့မောင်တော် ဗညားနွဲ့ကို မထိကြနဲ့။ မောင်တော်ကြီး ပြေး . . . ပြေး . . . ၊ သူ့အော်သံကိုလည်း ဗလုံးဗထွေး ကြားနေရသည်။ တလမည်ဒေါ မလာနဲ့ . . . သည်ကို မလာနဲ့။

ဓားသွားချင်း ထိခတ်သံများ၊ ဆင်ကြီး၏ စူးနစ်ကျည်ကျာ အော်သံ၊ ရေသံတွေက တဝုန်းဝုန်း၊ မခုခံပါနဲ့ ကိုယ်တော်ကြီး၊ အထွေးထွေးအယှက်ယှက် မြင်းများ၊ တလမည်ဒေါ . . . မင်း လွတ်အောင်ပြေး၊ ဒီကို မလာနဲ့ . . . ။

ပြင်းထန်သော တိုက်ပွဲရှိရာသို့ ကျွန်မ ပြေးသွားနေမိသည်။ သို့သော် သူ့ကို မမြင်ရတော့ပေ . . . ။ မြင်းစီးရဲမက်များက သူ့ကို အထပ်ထပ်ဝန်းရံလိုက်ကြပေသည်။

“မောင်တော်ဗညားနွဲ့”

အသံကုန်အော်ဟစ်လိုက်မိစဉ်မှာပင် ကျွန်မ ခြေချော်လဲကျသွား၏။ အလူးအလဲ အစိုအစွဲဖြင့် ပြန်ထလိုက်ချိန်တွင် ကျွန်မရှေ့၌ မြင်းစီးရဲမက်များက ပိတ်ဆို့ကာဆီးထားလိုက်ကြပေပြီ။

“ကိုယ်တော်ကြီးကို အရှင်ဖမ်းခဲ့ဖို့ အမိန့်တော်ပါ သခင်မကလေး၊ သူဘာမှ မဖြစ်ပါဘူး၊ သခင်မလေးလဲ အကြည်အသာ ပြန်လိုက်ခဲ့ပါတော့၊ ရွှေနန်းရှင်က ကိုယ်တော်ကြီးကိုသာ မျက်တော်မူတာပါ”

ကြည်လင်သော သဲချောင်းရေသည်လည်း နောက်ခဲ့ပေပြီ။ ကျွန်မ၏ စံပယ်ပွင့်လေးတွေလည်း အပိုင်းပိုင်းအကြေကြေ ဖြစ်သွားခဲ့ပါပြီ။

(၃)

ငါ့သားတော် ဗောခုန်မှိုင်းသည် အရောင်အဆင်းလည်း ကောင်းသည်။ ဘုန်းကျက်သရေလည်း ရှိသည်။ ပြည်သားပြည်သူတို့နှင့် ညီမှုသင့်တင့်ရှိလမည် ဖြစ်ရကား ချင့်ကိုသာ မင်းပြုလေအံ့။

(ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း၊ စာ-၁၇၀)

http://www.nyisay.com



တလမည်သီရိက ကျွန်မလက်ဖဝါးများကို ဆုပ်နယ်ဖျစ်ညှစ်ရင်း ပြောနေ၏။

"အစ်မတော်ရယ်၊ သူတို့သားတော်၊ ခမည်းအဖချင်းဟာ ဒီလိုပဲ တခြိမ့်ခြိမ့်ဖြစ်နေကျ မဟုတ်လား။ အစ်မတော်လဲ သိသားနဲ့၊ ခမည်းတော်ကလဲ ကိုယ်တော်ကြီး ဗညားနွဲ့ကို အစကတည်းက မကြည်သာခဲ့တာ၊ ကိုယ်တော်ကြီးကလဲ ဆတ်ဆတ်ထိ မခံလေ၊ အခုလဲ အချိန်တန်တော့ အမျက်ပြေသွားမှာပါ။ သိပ်မငိုပါနဲ့၊ အစ်မတော် မကျန်းမမာ ဖြစ်မှာစိုးလို့ပါ"

ငိုရှိုက်ခြင်းမရှိဘဲနှင့် အချိန်နှင့်အမျှ မျက်ရည်ပူများက တသွင်သွင်စီးကျနေသော ကျွန်မ၏ မျက်လုံးအစုံမှာ ကျိန်းစပ်ပူလောင်နေပေပြီ။

ဒဂုန်သို့ ထွက်အပြေး၌ မောညွတ်အရပ်တွင် ကျွန်မတို့ကို ဖမ်းမိသွားပြီးနောက် ခမည်းတော်ရွှေနန်းရှင်သည် ကျွန်မ၏ချစ်သူကို ကြပ်တည်းစွာထားခဲ့လေ၏။ အရိုးတော် မဟာဒေဝီ အထပ်ထပ်လျှောက်တင် တောင်းပန်လွန်းမက တောင်းပန်သောကြောင့်သာ အကျဉ်းနှောင်အိမ်ထဲသို့ မထည့်ခဲ့ခြင်း ဖြစ်ပေသည်။ သို့သော် ခမည်းတော် မိန့်ချက်မှာ ပြင်းထန်လှဘိခြင်း . . .။

"အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့သူပဲ၊ ငါ့ကို သင်းက ခမည်းတော်လို့မှ အမှတ်မပြုတာ။ ငါကကော သားတော်လို့ အသိအမှတ်ပြုရဦးမှာလား . . ။ တလမည်ဒေါ်နဲ့ ရည်ငံရင်းစွဲရှိပြီဆိုရင် သူ့ရဲ့ အရိုးတော် မဟာဒေဝီကတစ်ဆင့် ငါ့နားပေါက်အောင် အကြည်အသာ လျှောက်ပါစေတော့လား။ အခုတော့ ဘုရင့်သားတော်တစ်ပါး လုပ်ရမယ့် အလုပ်မဟုတ်ဘူး။ တလမည်ဒေါ်ကို ဆင်နဲ့ တင်ခိုးပြီး ဒဂုန်ကိုပြေးဖို့ကြံတာဟာ ငါ့ကို မချစ်မထောက် နှလုံးနောက်အောင် ရိုင်းပျစွာ ပြုမူတာပဲ"

ညီမတော် တလမည်သီရိက ကျွန်မ ပါးပြင်ပေါ်မှ မျက်ရည်ပူများကို သုတ်ပေးသည်။ သူ့ခမျာမှာလည်း ကျွန်မကို အားပေးနှစ်သိမ့်နေရစေကာမူ ခမည်းတော် ဆင်ဖြူသျှင်ကို အသေအလဲ ကြောက်ရှာသူဖြစ်၏။

"မောင်တော်ကြီးနဲ့ တွေ့ရသေးလား ညီမတော်"

တလမည်သီရိ သက်ပြင်းတစ်ချက် ရှိုက်လျက် . . .

"ညီမတော် တွေ့ခွင့်မရဘူး။ သူ့စံအိမ်မှာပဲ သူ အကျယ်ချုပ်လိုနေရတယ်လေ။ အစောင့်အကြပ် ထူလွန်းတယ်။ တံခါးမှူးရဲမက် ပြောစကားအရတော့ အစ်မတော်ရဲ့ မောင်တော်ကြီးဟာ အဆောင်တော်ထဲမှာ ဘယ်သူ့ကိုမှ

http://www.nyisay.com



အဝင်မခံဘူးတဲ့။ ပြီးတော့ အချိန်နဲ့အမျှ လက်ရုံးလေ့ကျင့်နေသတဲ့"

ကျွန်မရင်ထဲမှာ တုန်ခါသွားရလေသည်။ ဒေါသကြီးတတ်သော ချစ်သူသည် တစ်စုံတစ်ရာ မကြားဝံ့မနာသာ ပေါက်ကွဲစွာ မလုပ်ပါစေနဲ့ဟုသာ ဆုတောင်းရတော့မည်။ ထိုအခိုက်မှာပင် အဆောင်ထဲသို့ အရီးတော် မဟာဒေဝီ ဝင်လာသည်။ အရီးတော်သည် အရွယ်နှင့်မမျှအောင်ပင် လှပစိုပြည်နေလေသည်။

"ဘာမှမပူပါနဲ့ တလမည်ဒေါ သမီးတော်ရေ၊ ညဲ့မောင်တော်ကြီးဟာ ကျန်းကျန်းမာမာနဲ့ပါ။ စိတ်ဓာတ်ကလဲ အရင်ကထက်တောင် တက်ကြွလန်းဆန်း နေပါသေးတယ်။ အရီးတော် အခုပဲ သူ့ဆီက ပြန်လာခဲ့တာ"

"သူ ဘာမှာလိုက်သေးသလဲ အရီးတော်"

"မှာလိုက်ပ့ါကွယ်၊ တလမည်ဒေါကို အားမွေးထားလို့ ပြောလိုက်ပါတဲ့၊ ပြီးတော့ ခြင်္သေ့ကြီးတစ်ကောင်ရဲ့ မာန်ဖိသံမျိုးနဲ့ ပြောလိုက်ပါသေး . . . "

"ဘာတဲ့လဲဟင် . . . အရီးတော်"

"သူ့စကားအတိုင်း ပြန်ရွတ်ပြမယ်၊ ကျုပ်ချစ်ရမယ့်သူဟာ ဒီလောကကြီးမှာ တလမည်ဒေါတစ်ယောက်တည်းသာ ရှိပေမယ့် ကျုပ် ကြောက်ရမယ့်သူကတော့ ဒီလောကကြီးမှာ တစ်ယောက်မှ မရှိဘူး အရီးတော် . . . တဲ့"

အလွမ်းများဖြင့် ပူလောင်နေသည့်ကြားမှ ကျွန်မရင်ဝယ် ပီတိဂယက်များ ဖြာဆင်းသွားလေသည်။

"ခမည်းတော်ကကော ဘာပြောသေးသလဲဟင် . . . အရီးတော်"

အရီးတော် မဟာဒေဝီ၏ ဖွေးအုနေသော မျက်နှာမှာ အနည်းငယ် ညှိုးသယောင်ဖြစ်သွား၏။ စိန်လည်တုန် ဘယက်ကို ပွတ်သပ်လျက် အရီးတော် ပြောလေသည်။

"ရွှေနန်းရှင် ကျန်းခံ့မသာဘူး၊ ခုချိန်မှာ မောင်တော် ဗညားဦး ရွှေနန်းရှင်ဟာ စကားတွေကို အလေးအနက် မိန့်တော်မူနေတယ်။ ကြားခဲ့ရတာက သိပ်တော့မကောင်းလှဘူး သမီးတော်၊ ဒါပေမယ့် . . . အေးလေ၊ သမီးတော် သိပြီးသားပဲ"

ဘုရား . . . ဘုရား၊ ခမည်းတော် ဘယ်သို့ ဆိုလိုက်လေသနည်း။

"ငါလွန်လျှင် ဗသုန်ဗန်စက်ကို မင်း မပြုစေနဲ့တဲ့။ ကြမ်းကြုတ်တဲ့ သူ့သဘာဝဟာ ပြည်သူပြည်သားတွေအပေါ် ချစ်ခင်သနားခြင်းလည်း ရှိမှာမဟုတ်ဘူးတဲ့"

http://www.nyisay.com



ဤစကားအတွက်တော့ ကျွန်မ မအံ့ဩတော့ပါ။ မွေးကတည်းက လျှာမှာ အစက်ပါသောကြောင့် ဗသုန်ဗန်စက်ဟု ငယ်နာမည်ရခဲ့သော မောင်တော်ကြီး ဗညားနွဲ့ကို ခမည်းတော်သည် အစဉ်တစိုက် မေတ္တာကင်းခဲ့ချေသည်။ သို့သော် ခမည်းတော်၏ စကားထဲတွင် လွဲမှားနေသော အရာတစ်ခုကား ရှိ၏။ ကျွန်မ၏ချစ်သူသည် စိတ်ကြမ်းကိုယ်ကြမ်းသမားကြီး ဖြစ်သည်မှာ မှန်သော်လည်း သူသည် ဟံသာဝတီတစ်လွှား၌ ပြည်သူပြည်သားတို့၏ ချစ်ခင်မှုကို ခံယူနိုင်သူ ဖြစ်နေပေသည်။ သူကိုယ်တိုင်ကလည်း ရွှေနန်းတော်အတွင်းမှာသာ မင်းသားတစ်ပါးနှင့် မတူဘဲ ကြမ်းထော်မာကျောနေသူ ဖြစ်သည်။ သူ၏ ပွင့်လင်းမာကျောသော စရိုက်ကလည်း ရဲမက်များ၊ ဆင်စီးသူရဲများ၊ မြင်းတပ်စစ်သည်များ၊ လယ်လုပ်ခားမခုတ် ပြည်သူများနှင့်ကား အဆင်ပြေ ညီညွတ်လှသည်။

"ရွှေနန်းရှင် အလိုအရတော့ ဗောခုန်မှိုင်းကို ထီးနန်းအပ်ချင်နေတယ်"

အရီးတော်က နံ့သာရှူဆေးဗူးကို နှာဝတွင်တေ့၍ ပြောပြန်၏။ ရာဇာဒေဝီ မိဖုရားကြီးမှ ဖွားမြင်သော ဗောခုန်မှိုင်းမင်းသားက ရုပ်ဆင်းတင့်တယ်သူ ဖြစ်သည်။ သို့သော် နုနယ်သိမ်မွေ့လွန်းလှသော ဗောခုန်မှိုင်းသည် ဥယျာဉ်တော်ထဲမှ ပန်းတမော့ ဆရာတို့ စိတ်ကြိုက်ထုလုပ်ထားသော ကျောက်ဆစ်ရုပ်တစ်ခုနှင့်သာ တူသည်ဟု ကျွန်မ ထင်၏။

"သမီးတော်ကိုကော ခမည်းတော်က ဘာမိန့်မှာသေးလဲဟင်"

"ညဲ့ကိုတော့ အထွေအထူး မမှာရှာပါဘူး။ အရီးတော် စံအိမ်တော်ဝင်းထဲမှာပဲ အစောင့်အကြပ်ထူထပ်စွာနဲ့ လုံခြုံသက်သာအောင် ထားတဲ့။ အင်း . . . ပြီးတော့ တစ်ခုမေ့နေတယ်၊ ဆင်တင်းကုပ်၊ ဆင်ကျုံးတွေကို ကြပ်မတ်ဂရုစိုက်တဲ့ . . . "

အရီးတော်သည် နံ့သာရှူဆေးဗူးကို ပိတ်ကာ ဆင်စွယ်ရိုးတပ် ရွှေနားကွပ် နံ့သာယပ်ဖြင့် ခတ်ပြန်လေသည်။ ခမည်းတော် ဆင်ဖြူရှင်၏ နှမတော်ဖြစ်လေသော အရီးတော် မဟာဒေဝီကား လှုပ်ရှားမှုတိုင်းမှာပင် ထီးမူနန်းဟန် ပါနေသောသူ ဖြစ်၏။

"အရီးတော်တစ်ယောက်လုံး ရှိပါတယ် တလမည်ဒေါ်ရယ်၊ ဘာမှ ပူပန်သောက မွေးမနေပါနဲ့၊ ကိုယ့်ကိုယ်ကိုယ်သာ အလှမပျက်အောင် မွေး၊ မိန်းမသူဆိုတာ အလှရှိနေသမျှ အဖိုးတန်နေတာပဲ"

http://www.nyisay.com



အရိုးတော်က ယပ်ကိုသိမ်းရင်း အတွင်းဆောင်ထဲသို့ ဝင်သွားလေသည်။ ညီမတော် တလမည်သီရိက ကွန်မ၏လက်ကို ဆုပ်ကိုင်လျက် . . .

"ကြားလိုက်လား အစ်မတော်၊ မိန်းမသူဆိုတာ အလှရှိနေသမျှ အဖိုးတန်နေတာပဲတဲ့ . . .၊ ဒီစကားကို ညီမတော်က ချွင်းချက်ထိုးရလိမ့်မယ်"

တလမည်သီရိ၏ ချစ်စရာ မျက်နှာဝိုင်းဝိုင်းလေးကို ကွန်မ ငေးကြည့်နေမိသည်။ သူ့မျက်လုံးလှလှလေးတွေမှာလည်း သောကအရိပ်လေးတွေဖြင့် ညိုညိုမှုန်မှုန်ရှိချေသည်။

"အလှဆိုတာ အဖိုးတော့တန်ပါရဲ့၊ ဒါပေမယ့် ရန်များလှတယ်။ အထူးသဖြင့် ညီမတော်တို့လို နန်းတော်ထဲက မိန်းမသူတွေ၊ ဘုရင့်သမီးတော်တွေဆိုရင် ဒီအလှဟာ ပိုပြီး အန္တရာယ်ကြီးတယ်၊ အဖိုးတန်တယ် ထားဦး၊ ဒီ အဖိုးတန်ရတနာကို သူတို့ မင်းယောက်ျားကြီးတွေကတော့ ဒီအလှကို သူတို့ရဲ့ လက်ဝတ်ရတနာလို သဘောထားကြတာပါပဲ အစ်မတော်ရယ် . . . "

ကွန်မ တလမည်သီရိကို ဘာမှ ပြန်မပြောမိပေ။ သူ့ခမျာမှာလည်း အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် ဇင်းမယ်မင်းနှင့် လက်ဆက်ရန် ခမည်းတော်ပို့ဆောင်ခဲ့ပြီးမှ ဇင်းမယ်မင်း အနေအပြော မသင့်မြတ်၍ ပြန်ခေါ်ယူထားခြင်းခံရသူ ဖြစ်၏။

"ရွှေနန်းတော်ကြီးထဲမှာ ဘယ်မိန်းမသားဟာ သူ့နှလုံးသားသူ စိုးပိုင်ခွင့်ရလို့လဲ အစ်မတော်ရယ်"

သူ့စကားကြောင့် ကွန်မရင်ထဲမှာ စူးခနဲဖြစ်သွားသည်။ ကွန်မချစ်သော မောင်တော်ကြီးဗညားနွဲ့ကတော့ သူတကာ မင်းယောက်ျားတွေလို မဖြစ်တန်ရာဟု တွေးမိသည်။ ဗညားနွဲ့မင်းသားသည် ရွှေနန်းတော်မှ မည်သူနှင့်မျှ မတူသူ။ အို . . . ကွန်မ၏ချစ်သူကို ကွန်မ ယုံစားထားပေသည်။

"ကဲ . . . အစ်မတော်ရယ် ဒါတွေ မတွေးကြပါစို့နဲ့၊ ညီမတော် မိကျောင်းသွားယူလိုက်မယ်တော်၊ အစ်မတော်ရဲ့ လက်သံကလေး နားမထောင်ရတာ ကြာပြီ"

တလမည်သီရိ ယူလာသော မိကျောင်းတူရိယာပေါ်မှ ကြိုးများကို အသံညှိရင်း ကွန်မစိတ်ကို တည်ငြိမ်အောင် ကြိုးစားလိုက်သည်။ မော်ဓောဆံတော်ရှင်ဘွဲ့နှင့် ဓမ္မဂီတကို တီးခတ်သီဆိုရန် စိတ်ကူးလိုက်သော်လည်း တကယ်တမ်းတီးဖြစ်သောအခါ တေးက တစ်မျိုး ဖြစ်သွား၏။

http://www.nyisay.com



"ဆင့်ကြွေးငယ် . . . ဝေးက ထင်မလွယ် . . . ကိုးနယ်ပြည့်သွန်းမည့် ပုံသာ . . . . ဖော်ကွာသူ ပူလွမ်းရေး . . . အို . . . နေနိုင် . . . ခွေယိုင် . . . ဆွတ်ဖျန်း . . . ဖြေဆည်နိုင်"

(၄)

ငါ့မြေးတော်ဖွားသည်မှာ နိမိတ်မထင်သဖြင့် အကြောင်း မယုဉ်ဘဲ အမျိုးအမည်ကိုလိုက်၍ ငါ့ခမည်းတော် ဗညားအဲ လောခံရကား ငါ့မြေးတော်ကို ဗောလောကြန်းတောဟု မှည့်၏။

(ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း၊
စာ-၁၇၁)

ဟံသာဝတီ မိုးကောင်းကင်သည် အုံ့ပျပျ ရှိလှသည်။

မြင့်စွာသော အထက်ဆီမှ အဇ္ဈာ၏ ပြာလဲ့လဲ့အဆင်းကို ညိုညိုမှောင်မှောင် တိမ်အစုကြီးတွေက ပိတ်ဆီးနေကြသည်။ ကောင်းကင်ကြီးသည် ဝေဒနာ တစ်စုံတစ်ခု ခံစားနေရသောအသွင်ဖြင့် မသာမယာ ဖွဲ့နေတော့သည်။ ဤမိုး ကောင်းကင်ကြီးအောက်မှ ကျွန်မတို့ ဟံသာဝတီရွှေနန်းတော်ကြီးမှာလည်း ထို့နှယ်ပင် ဖြစ်၏။ အုံ့ပျံ့ညိုမှိုင်း မျက်နှာများဖြင့် မိုးကောင်းကင်နှင့် ရွှေနန်း တော်ကြီးတို့သည် အထက်အောက် အပြန်အလှန် ကြည့်ငေးနေကြ သယောင်ပင်။

ခမည်းတော် ဆင်ဖြူသျှင်မှာ နာမကျန်းဝေဒနာက ဖိစီးလာသည်။ သို့ သော် သူ့သားတော်ကြီးနှယ် စိတ်ကြီးလှသော ရွှေနန်းရှင်သည် နန်းတော် အတွင်းအပ ရေးရာများကို မကျန်းမာသည့်ကြားမှ စီမံအုပ်ချုပ်နေသည်။ နန်း တော်ပြင်ပတွင် ဘာတွေဖြစ်နေသလဲဆိုတာကိုတော့ အရီးတော် မဟာဒေဝီထံ တွင် သိပ်သည်းလုံခြုံစွာနေနေရသော ကျွန်မအနေဖြင့် မသိနိုင်ပါ။ နန်းတော် အတွင်းမှာတော့ အပြောင်းအလဲတွေက ဖြစ်ပေါ်နေသည်။

ညီမတော် တလမည်သီရိသည် ဇင်းမယ်မင်းထံမှ ပြန်လာပြီးနောက်တွင် အေးဆေးလွတ်လပ်စွာ စံမနေရတော့။ သမိန်မရူက မင်းဆရာ မဟာသာမိနှင့် ချဉ်းကပ်၍ ရွှေငါးပိဿာ တင်ကာတောင်းသဖြင့် ခမည်းတော်သည် တလမည်

http://www.nyisay.com



သီရိကို သမိန်မရူလက်သို့ အပ်နှင်းခဲ့လေသည်။ ထိုမှသာမက သမိန်မရူ၏ ဖခင်ဖြစ်သူသည် အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရင်း ဆင်ဦးမှာပင် အသက်ဆုံးခဲ့ရသည်။ ထို့ကြောင့် မရူကို ချီးမြှောက်ရမည်ဟုဆိုကာ သမိန်မရူ နှင့် တလမည်သီရိတို့၏ လက်ထပ်သဘင်ကို ကြီးကျယ်စွာ ကျင်းပပေးခဲ့သည်။

ညီမတော် တလမည်သီရိကို ချီးမြှောက်ခြင်းအတွက် ကျွန်မ မုဒိတာပွား ရသော်လည်း ဤအဖြစ်က ကျွန်မ၏ချစ်သူ မောင်တော်ကြီးဗညားနွဲ့ကိုမူကား တိုက်ရိုက်ပုတ်ခတ်ထိပါးရာ ရောက်ခဲ့ပြန်၏။ အကြောင်းမှာ မရူကဲ့သို့သော ကျေးကျွန်တစ်ဦးကို သမီးတော်နှင့် လက်ဆက်စေကာ သဘင်ကြီးစွာ ကျင်းပပေး ချိန်၌ သားတော်ရင်းဖြစ်သော ဗညားနွဲ့နှင့် ကျွန်မတို့၏အရေးကိုမူ ခမည်းတော် သည် ပစ်ပစ်ခါခါ ပြုခြင်းပင်။

မောညွှတ်တောအုပ်တွင် အဖမ်းအဆီးခံခဲ့ရပြီးနောက် တစ်လကျော် လောက်တွင် မောင်တော်ကြီးဗညားနွဲ့နှင့် ကျွန်မတို့ ပြန်၍ ဆက်သွယ်မိခဲ့ကြ သည်။ အရီးတော် မဟာဒေဝီထံတွင် ကျွန်မ လုံခြုံကျုပ်တည်းစွာ နေနေရသော် လည်း အရီးတော်ဆိုတာက မောင်တော်ကြီး၏ ခေါင်းကိုင်မိခင် ဖြစ်လေသည်။ သူ့မယ်တော် သီရိမာလာဒေဝီမှာ သူငယ်စဉ်ကတည်းက ကွယ်လွန်ခဲ့လေရာ အရီးတော်သည် သူ၏ ကျွေးမိခင် ဖြစ်ခဲ့၏။ ထို့ကြောင့် အရီးတော်၏ စီမံမှု အောက်တွင် ကျွန်မတို့နှစ်ဦး ပြန်လည်ဆက်သွယ်နိုင်ခဲ့ကြသည်။ ဒါကို ခမည်း တော် တစ်စွန်းတစ်စသိသော်လည်း အထွေအထူး မဆိုတော့ပေ။ မောင်တော် ကြီးကမူ အံကြိတ်လျက် ရေရွတ်လေသည်။

"မရူနဲ့ တလမည်သီရိတို့ကိုသဘင် (၇)ရက်ခံပြီး လက်ထပ်ပေးချိန်မှာ ကျုပ်တို့နှစ်ယောက်က ခိုးကြောင်ခိုးဝှက် ဆက်သွယ်နေရတယ်။ မတရားလိုက် တာကွာ"

ကျွန်မ သူ့ကို အတတ်နိုင်ဆုံး နှစ်သိမ့်ရလေသည်။

"ခိုးကြောင်ခိုးဝှက် မဟုတ်တော့ပါဘူး မောင်တော်ကြီးရယ်၊ အရီးတော် ရဲ့ ခွင့်ပြုချက်နဲ့ ကျွန်မတို့ ခုလိုနေကြတာကို တစ်နန်းတော်လုံး သိနေကြပါပြီ။ ခမည်းတော်လည်း သိနေပါပြီ။ သိလျက်နဲ့ ခွင့်ပြုထားတာပါ"

ဒဏ်ရာရထားသော ကျားနာကြီးတစ်ကောင်လို သူ ရင်ခေါင်းသံကြီးနှင့် ညည်းတွားဟိန်းဟောက်ပြန်၏။

"အဲဒါပြောတာပေါ့၊ သမိန်မရူလို ကျေးကျွန်စာရင်းဝင်တစ်ယောက်ကို

http://www.nyisay.com



သူကောင်းပြုပေးလိုက်တာဟာ သားတော်ရင်းဖြစ်တဲ့ ငါ့ကို ထပ်ပြီး စော်ကား လိုက်တာပဲပေါ့"

သူ၏ တုတ်ခိုင်ကြီးမားလှသော လက်ချောင်းကြီးများကို ဖွဖွဆုပ်ကိုင်ထားရင်း ကျွန်မ ဘာပြောရမှန်းမသိတော့ဘဲ ဖြစ်သွားရလေသည်။

"မင်းကို ချစ်ရတာ ငါ့မှာ ပြဿနာကြီးငယ်တွေက များလိုက်ပါဘိ တလမည်ဒေါ်ရယ်၊ ငါကလဲ ဆင်တွေ၊ မြင်းတွေ၊ မားလှုံ့အဲမောင်းတွေကို ချစ်ရာကနေ ဘာကြောင့်များ မင်းကို ချစ်မိသွားသလဲ မသိဘူး"

ချစ်သူလူကြမ်းကြီးအပေါ် သနားလှစွာဖြင့် သူ့လက်ဖဝါးကို ကျွန်မပါးတွင် အပ်ယူထားလိုက်မိသည်။ သူ့လက်ဖဝါးကြီးကလည်း ကြမ်းတမ်းလှချေသည်။ ကျွန်မ၏ နုညက်ပါးပြင်ကို ထိုလက်ကြမ်းကြီးဖြင့် ပွတ်သပ်လျက် သူပြောသည်။

"ခမည်းတော် ရွှေနန်းရှင်ကိုယ်တိုင်က ငါ့ကို နှိမ့်နှိမ့်ချချ ဆက်ဆံလေတော့ တစ်နန်းတော်လုံးကလဲ ငါ့ဆိုရင် ရွံသလိုလို၊ ကြောက်သလိုလို၊ ရာဇဝတ်သားလိုလိုနဲ့ မြင်ချင်ကြတယ်၊ အေးလေ . . . အလှည့်ဆိုတာ ရှိကြစတမ်းပေါ့၊ ဒီမယ် . . . "

ရုတ်တရက် ကျွန်မ၏ ပခုံးအစွန်ကို တင်းကျပ်စွာ ဖျစ်ညှစ်ကာ သူနှင့် မျက်နှာချင်းဆိုင် အနေအထားဖြစ်အောင် လှည့်ယူလိုက်ပြန်သည်။

"ဒီစကား မှတ်ထားစမ်း တလမည်ဒေါ်၊ ဟံသာဝတီထီးနန်းဟာ ငါ့လက်ထဲ ပိုင်ပိုင်ကြီး ရောက်လာစေရမယ်၊ ရာဇပလ္လင်ပေါ်ကို ငါ အမိအရတက်မယ်၊ မှတ်ထားလိုက်စမ်း၊ ဗညားနွဲ့ဟာ ဘုရင်ဖြစ်ဖို့ မွေးဖွားလာတဲ့ယောကျ်ား"

လရောင်အောက်မှ ချစ်သူ့အသွင်မှာ ငြိမ်းအေးမှု မရှိပါချေ။ "ရာဇပလ္လင် ထီးနန်းအတွက် စစ်မက်တွေ ဘာတွေများ . . . " ကျွန်မ၏ စိုးရိမ်စကားကို သူက ဖြတ်တောက်ပစ်သည်။

"ဒါတွေကို မင်း တွေးစရာမလိုပါဘူး တလမည်ဒေါ်၊ ငါ ရာဇဘိသေကခံချိန်မှာ ငါ့ရဲ့ လက်ဝဲဘက်မှာ အဂ္ဂမဟေသီအဖြစ် မင်းရှိနေဖို့ပဲ အသင့်ပြင်ထား . . . ဒါပဲ"

ကျွန်မ သူ့ကို ကြောက်လာမိ၏။ ကျွန်မကို ချစ်သည်ဆိုသော အချစ်များက ဘယ်လောက်နေရာယူထားသလဲဆိုတာကို ကျွန်မ တွေးနေမိသည်။ ထိုနေရာကလေးသည် သူ၏ ထီးနန်းအရေး၊ ရာဇပလ္လင်အရေး၊ စစ်မက်အရေးများ

http://www.nyisay.com



အကြားတွင် သေးငယ်ကျဉ်းမြောင်းလှစွာ တည်ရှိနေသည်ဟု မှန်းဆရင်း ကျွန်မ ဝမ်းနည်းလာလေသည်။ သူ့ကိုချစ်ရသည်မှာ ရင်တမမနှင့်ပါလားဟု တွေးမိရင်း ကျွန်မပါးပြင်မှာ ပူနွေးသွားသည်။

"ဟား . . ဒါက ဘယ်လိုဖြစ်သွားတာလဲကွ၊ ဘာဖြစ်လို့ ငိုရတာလဲ"

"ကျွန်မ ဝမ်းနည်းလာလို့"

"ဘာဝမ်းနည်းစရာရှိလို့လဲ၊ အဂ္ဂမဟေသီ မိဖုရားလောင်းလျာတစ်ဦးဟာ ဒီလို ငိုငိုနေလို့ ဘယ်ဖြစ်မလဲကွ၊ ဟား . . ဟား . . ဟား"

ကြီးမားကျယ်ပြန့်သော သူ့ရင်အုပ်အကြား ခိုလှုံရပြန်တော့လည်း ကျွန်မ၏ ဝမ်းနည်းအားငယ်စိတ်များက ဘယ်ရောက်သွားသည် မသိတော့ပေ။

"ကဲ . . ပြောစမ်း၊ ငါ့အတွက် သားမွေးပေးမှာမဟုတ်လား"

"အို . ."

တကယ်လဲ သူ့ဆန္ဒအတိုင်း သူ့အတွက် သားယောကျ်ားကလေးတစ်ဦးကို ဖွားမြင်ပေးနိုင်ခဲ့ပေသည်။ ခမည်းတော် ရွှေနန်းရှင် စိတ်ပြေပြီဖြစ်၍ သားငယ်ကို ထွေးပွေ့ကာ ရွှေနန်းညီလာခံသို့ ကျွန်မတို့ ဝင်ခဲ့သည်။ ခမည်းတော်က သူ့မြေးကြီးအား ကျွန်မထံမှ လှမ်းယူထွေးပွေ့လိုက်ချိန်တွင် ကျွန်မ၏သခင် မောင်တော်ဗညားနွဲ့ကမူ တင်းမာသော မျက်နှာထားကြီးဖြင့် တောင့်တောင့်ကြီး ထိုင်နေလေသည်။ ခမည်းတော်က သားလေးကို ရင်ခွင်ထဲထားရင်း မိန့်သည်။

"အမည်နာမဆိုတာ အတိတ်နိမိတ်နဲ့ ထင်ဟပ်မှည့်ရတယ်။ ငါ့နှမတော် စန္ဒာမင်းလှတုန်းက သူ့ကိုမွေးချိန်မှာ လကြတ်လို့ စန္ဒာမင်းလှလို့ ငါ့ခမည်းတော်က မှည့်ခဲ့တယ်။ အခုဒီကလေး ဖွားမြင်ချိန်မှာတော့ ဘာနိမိတ်မှ မထင်ခဲ့ဘူး မဟုတ်လား။ သင်တို့ကော ဘာတွေ တွက်ချက်ကြည့်ရှုလို့ရသလဲ"

ဟူးရားပုဏ္ဏားများဘက်လှည့်၍ ခမည်းတော်က မေး၏။ ပုဏ္ဏားများက မောင်တော်ဗညားနွဲ့ရှိရာ လှမ်းကြည့်ရင်း ဆိတ်ဆိတ်နေကြသည်။ သူတို့ကို မောင်တော် ဘာများအမှာထားသလဲမသိ။ ခမည်းတော်က ပြုံး၍ မိန့်လေသည်။

"ကိုင်း . . နိမိတ်မထင်လဲ အမျိုးအမည်ကိုလိုက်ပြီး ငါမည်မှည့်မယ်။ ငါ့ခမည်းတော် ဗညားအဲလောကို အခံယူပြီး ဗောလောကြန်းတောလို့ ငါ အမည်ပေးတယ်"

အဘိုးတစ်ယောက်အနေဖြင့်လည်းကောင်း၊ ရွှေနန်းရှင်အနေဖြင့်လည်း

http://www.nyisay.com



ကောင်း၊ ကလေးငယ်အား အမည်နာမတစ်ခု ပေးအပ်လိုက်သည်ကို ကလေး၏ အမိနှင့်အဖဖြစ်သော ကျွန်မတို့ ဘယ်လိုမှ မငြင်းနိုင်ပေ။ ကျွန်မရင်ထဲမှာတော့ သားအမိ၊ သားအဖ၊ မြေးအဘိုးတို့ စုံညီတွေ့ဆုံခန်းအတွက် ပျော်ရွှင်ကြည်နူးခြင်း မရှိသည်မှာ အမှန်ပင်ဖြစ်လေသည်။

(၅)

> ဩော် . . သျှားပင်ပက်လောက် ပင်မြင့်စောက်၊ လေးယောက်ဖုရား၊ မွေတော်ထားသည်၊ ရပ်ရွှေပြည်သို့၊ အရှည်မနေ၊ သွားတို့လေသည်၊ ရှင်မင်းသား . . .။ ဤတဘောင်အလိုသည် ပသို့ဆိုသနည်းဟု ဗညားနွဲ့က မင်းကံစီကို မေးလျှင် လေးဆူသော ဘုရားရှင်တို့ မွေတော်ထားသည့် ဒဂုန်ကိုဆိုလိုသည် သွားတော်မူဟု ဆို၏။
>
> (ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း၊ စာ-၁၈၁)

မဖွယ်ရာသော အဖြစ်တို့သည် ဟံသာဝတီ ရွှေနန်းတော်ကြီး၏ ကတ္တီပါပိုးသားခန်းဆီးကို လှပ်၍ ထွက်ပေါ်လာကြပေသည်။ မထိတ်သာ မလန့်သာ အဖြစ်များပင်။ စရပ်မြို့စား သံဖြတ် ပုန်ကန်ခြားနားသည်ဟု သတင်းရချိန်တွင် ကျွန်မသည် ခမည်းတော်၏ အမိန့်တော်အရ သားတော်၊ သမီးတော်၊ ဆွေတော်၊ မျိုးတော်များအားလုံးထဲတွင် အပါအဝင်အဖြစ် ဒဂုန်ဆံတော်ရှင်သို့ ဘုရားဖူး ထွက်နေခဲ့သည်။ သမိန်မရူကို နှိမ်နင်းဖို့ စေလွှတ်ရန် စီစဉ်ဆဲမှာပင် သံဖြတ်သည် မိုးကြိုးပစ် သေဆုံးသွားသည်။ အသုတ်ဘုရားများလည်း ရောင်ခြည်တော်များ ကွန့်မြူးကာ တန်ခိုးပြငြိဟာ ပြသည်။ ဟူးရားပုဏ္ဏားတို့က နိမိတ်အဟောများဖြင့် တွက်ချက်နေကြသည်။ ခမည်းတော်ရွှေနန်းရှင်ကမူ "ငါ့သစ္စာကို မစောင့်ရင် သံဖြတ်လို မိုးကြိုးစက်နဲ့ အသေဆိုး သေရလိမ့်မယ်၊ ကြည့်ထားကြ" ဟု ကြုံးဝါးလေသည်။

ညီမတော် တလမည်သီရိကလည်း အိပ်မက်များ မကောင်းကြောင်း၊ မည်သည့်အရာမှန်း မသိနိုင်သော တစ်စုံတစ်ရာက သူ့ကို အမြဲတမ်းခြောက်

http://www.nyisay.com



လှန့်နေကြောင်း ပြောနေသည်။ ကျွန်မ၏ ကြင်ယာတော်မောင်တော်ကြီး ဗညားနွဲ့ကား သူ့ကို ချစ်ကြည်ညိုသော ရဲမက်စစ်သည်များနှင့်အတူ ဆင်ဖမ်းထွက်လိုက်၊ ဆင်ကျုံးသွင်းလိုက်ဖြင့် လက်ရုံးအမှုတို့၌ မွေ့လျော်နေသည်။ ကျွန်မမှာတော့ သားလေး ဗောလောကြန်းတောနှင့်သာ အချိန်ကုန်ရလေသည်။

တလမည်သီရိ ပြောပြသလို ဘာ့မှန်းမသိဘဲ ရင်ထဲမှာ တအုံနွေးနွေးကြီး ပိတ်ဆို့မွန်းကြပ် ခံစားရမှုသည် ကျွန်မထံပါးသို့ပါ ကူးစက်လာသည်ဟု ဆိုရတော့မည်။ ဘာကြောင့်မှန်းတော့မသိ။ တစ်စုံတစ်ခုသော ကံကြမ္မာဆိုးကြီး၏ လက်တံရှည်ကြီးသည် ဟံသာဝတီရွှေနန်းတော်ကို အေးစက်သော လက်ချောင်းများဖြင့် ဖမ်းဆုပ်ကိုင်တွယ်ဖို့ တရစ်ဝဲဝဲ ရှိနေသည်ဟု ကျွန်မ ခံစားနေရ၏။ ကျွန်မတို့ထင်သည့်အတိုင်းပင် ဖြစ်လာခဲ့ချေသည်။ မမျှော်လင့်သည့် ထောင့်နေရာမှ ပေါ်ထွက်လာသော ထိုအဖြစ်ဆိုးကြီးကား မထိတ်သာ မလန့်သာ တကယ့်ကို မဖွယ်မရာပါပေ။

"ဒေါင်းမအိုလျက် သစ်ပင်ထက်၌
တက်၍အုသော၊ မိန်းမအလျက်၊
ကြောက်ရှက်မရှု၊ သူ့လင်လုသော . . ."

ဟံသာဝတီပြည်တစ်ဝန်းတွင် နေရာအနှံ့ သူငါပြောမဆုံး ရှိနေသော ဤတဘောင်ဆန်ဆန် ပြက်ရယ်စကား၏ နောက်ကွယ်မှ အဖြစ်သနစ်သည် ရွှေနန်းတော်ကြီး၏ ပြသာဒ်စုလစ်မွန်းချွန်များကို ရွှံ့ပုပ်ရေဖြင့် ပက်လိမ်းလိုက်သည့်နှယ်။

ညီမတော် တလမည်သီရိသည် ကျွန်မ၏ အဆောင်ထဲသို့ မုန်တိုင်းတစ်ခုနှယ် ရောက်လာ၏။ ထို့နောက် သူသည် ပေါက်ကွဲစွာ ပြောလေသည်။

"ဒေါင်းမအိုလျက်၊ သစ်ပင်ထက်သို့၊ တက်၍အုသော . . ဆိုတဲ့စကားကို အစ်မတော်သိရဲ့လား . . ဟင်၊ ဟံသာဝတီပြည်အလုံးမှာ အုံးအုံးထနေအောင် ပြောဆိုပြက်ရယ်နေကြတဲ့ စကားလေ . . အစ်မတော်ရယ်၊ ညီမတော် သေသွားရင်ကောင်းမယ် . . သိလား"

တလမည်သီရိ၏ လှပသောမျက်နှာမှာ နီရဲနေပြီး တစ်ကိုယ်လုံးလည်း ဆတ်ဆတ်တုန်နေတော့သည်။

"သစ်ပင်ထက် တက်လို့အုတဲ့ ဒေါင်းမအိုဆိုတာ ဘယ်သူမှတ်သလဲဟင်၊ အမလေး . . နှုတ်ကထွက်ရမှာတောင် စက်ဆုပ်လိုက်တာ၊ အဲဒါတခြားသူ

http://www.nyisay.com



ဟုတ်ပါရိုးလား . . အရိုးတော်မဟာဒေဝီ . . အစ်မတော်ရဲ့"

ဘုရား . . ဘုရား၊ အရိုးတော် မဟာဒေဝီတဲ့၊ မိန်းမအိုလျက် ကြောက်ရှက်မရှု၊ သူလင်လုသော . . အရိုးတော်သည် မည်သူနှင့်။

"အားလုံး မြေပြိုပြီး သေကုန်ကြရင်ကောင်းမယ် အစ်မတော်၊ အရိုးတော်ဟာ အခု သမိန်မရှုနဲ့"

ရှက်ကြောက်ထိတ်လန့်ခြင်း ပြင်းစွာဖြင့် ကျွန်မ အသက်ရှုရပ်သွား၏။ အရိုးတော် မဟာဒေဝီ၏ မျောက်သားကား တလမည်သီရိ၏ ကြင်ယာ သမိန်မရှု . . .။ ဘုရား၊ ဘုရား၊ ဘာတွေဖြစ်ကုန်ကြပြီလဲ။ ဟံသာဝတီရွှေနန်းတော်ကြီး ကျိန်စာသင့်ပြီထင်သည်။ တလမည်သီရိသည် ရူးသွပ်နေသူတစ်ယောက်လို ဆောက်တည်ရာမဲ့စွာဖြင့် ငိုကြွေးလိုက်၊ ပေါက်ကွဲလိုက်၊ အော်ဟစ်ရယ်မောလိုက်ဖြင့် ကစဉ့်ကလျားဖြစ်နေသည်။ နောက်ဆုံး သူသည် ဆိခန်းသွားသော မီးခွက်တစ်ခုလို ချည့်နဲ့စွာ ငြိမ်သက်သွား၏။ ထို့နောက် အေးစက်နေသော ဝမ်းခေါင်းသံကြီးဖြင့် ပြောသွား၏။

"ဝဋ်ကြွေးကြမ္မာရှိသမျှတော့ ခံလိုက်ဦးမယ်လေ။ လောကကြီးမှာ လောကပါလနတ်မင်းတွေ ရှိနေတာပဲ၊ တူသောအကျိုးကို ခံစားကြရမှာပေါ့။ ညီမတော်ကတော့ အစွမ်းကုန် ကြိတ်မှိတ်အောင့်အည်း သည်းခံရတော့မှာပေါ့လေ"

ထိုညတွင် တောကစားရာမှ ပြန်လာလာချင်း မောင်တော်ကြီးဗညားနွဲ့ကို ထိုအကြောင်း ပြောပြလိုက်သည်။ သူသည် မီးစနှင့် အတို့ခံလိုက်ရသူပမာ တစ်ကိုယ်လုံး ဆတ်ခနဲတွန့်သွားပြီး ကျွန်မကို စူးစိုက်ကြည့်ကာ ပြော၏။

"တလမည်ဒေါ်၊ ဒီအကြောင်းကို မင်းခေါင်းထဲက ခုချက်ချင်းထုတ်ပယ်ပစ်လိုက်စမ်း၊ ဒါကို မင်း ဘယ်တုန်းကမှ မသိခဲ့ဘူးလို့ အောက်မေ့လိုက်၊ ကြားလား"

"ဘာဖြစ်လို့လဲဟင် . . .၊ ဒီလောက် မဖွယ်မရာကိစ္စကြီးကို"

"ငါပြောတဲ့အတိုင်း မင်းလိုက်နာရမယ်၊ ဒါပဲ၊ ဒီကိစ္စအပါအဝင် ဟံသာဝတီနန်းတော်က အကြောင်းတွေကို မင်းဘာမှ မတွေးနဲ့၊ မျက်စိနဲ့ နားကိုပိတ်ထား၊ ဒါပဲ ငါပြောမယ်၊ နောက်ကို တခြားလူတွေပြောတာလဲ နားမထောင်နဲ့။ ငါ့ကိုလဲ ဘာမှ မလာပြောနဲ့"

သူ့အမိန့်အာဏာသံမှာတကယ့် ပြည့်ရှင်မင်းတစ်ပါး၏ တစ်ချက်လွှတ်

http://www.nyisay.com



အမိန့်သံမျိုး ဖြစ်နေသည်။ သူ့မျက်နှာထားကလည်း တင်းမာလွန်းလှသည်။ ခဏကြာမှ သူ လေသံလျှော့၍ ပြောလေသည်။

"တလမည်ဒေါ်၊ မင်းဟာ ဟိုဟိုဒီဒီအရေးတွေကို ကြားနာလက်ခံ လောက်အောင် သန်မာတောင့်တင်းသူ မဟုတ်ဘူး။ မင်းလုပ်ရမှာက ငါပြော တာကိုပဲ နားထောင်၊ ငါ့အရိပ်အကဲကိုပဲ ကြည့်နေ၊ ငါခွင့်ပြုရင် လုပ်၊ ငါတား ထားတာဆိုရင် မလုပ်နဲ့၊ ဟုတ်ပြီလား"

ကျွန်မ အလိုအလျှောက်ပင် ခေါင်းညိတ်ဖြစ်သွားလေသည်။ ထိုအချိန်မှ စ၍ ကျွန်မသည် ကြင်ယာခင်ပွန်း မောင်တော်ဗညားနွဲ့အပေါ် နားမလည်စွာ ဖြင့် နားလည်ခဲ့ရပြီဟု ဆုံးဖြတ်လိုက်တော့သည်။ တစ်ခုပဲ သေချာသည်။ သူ သည် ကျွန်မအပေါ် ယခင်ကတည်းကပင် လွှမ်းမိုးအုပ်ချုပ်သူဖြစ်ရာ ယခုအခါ ကျွန်မ၏ဘဝ၊ နှလုံးသား၊ ဝိညာဉ်သည် သူ့လက်အောက်ခံအဖြစ် လုံးလုံးလျား လျား ကျရောက်သွားခဲ့ချေပြီ။ စိတ်ကြမ်းလူကြမ်း အနိုင်ယူတတ်သော သဘာဝ ရှိသူ၊ အင်အားကြီးစွာဖြင့် အရာရာကိုအုပ်ချုပ်လိုသူ မောင်တော် ဗညားနွဲ့နှင့် အစခပ်သိမ်း သူ့အလိုကျ ပျော့ညံ့စွာ နာခံလှုပ်ရှားတတ်သော ကျွန်မ . . .။

အရီးတော် မဟာဒေဝီနှင့် သမိန်မရူတို့၏ မဖွယ်ရာသောအဖြစ်သည် စင်စစ် တုန်လှုပ်ဖွယ်ကိစ္စကြီးပင် . . .။ သို့သော် ထိုအဖြစ်ကို ပြန်လှန်တွေး တော တုန်လှုပ်မနေနိုင်အားတော့ . . .။ သူ့ထံ၌ လုံးလုံးလျားလျား လက် အောက်ခံဘဝ ရောက်ခဲ့ပြီဖြစ်သော ကျွန်မဘဝကိုသာ နာကျင်စွာ တွေးတော နေမိတော့ . . .၊ အို . . . စိတ်ကြမ်းလူကြမ်းကြီးကို ဘာကြောင့်များ ကျွန်မ ချစ်ခင်တွယ်တာ နှောင်ဖွဲ့မိရပါလိမ့် . . .။ အချစ်ဆိုသည်မှာ ဝဋ်ကြွေးတစ် မျိုးပေလား မသိ။ မောင်တော်ဗညားနွဲ့သည် သေရည်အနည်းငယ်သောက်၍ ညလယ်စာစားကာ အိပ်မောကျသွားပေပြီ . . .။

ကျွန်မ၏ ခေါင်းအုံးတွင် ပူနွေးစိုစွတ်သွား၏။

၄

အခြေအနေများ တစ်စစ တင်းမာလာသည်ဟု ဆိုရပေမည်။ မောင်တော် နှင့် သမိန်မရူတို့သည် အံကစားရင်း အချင်းများခဲ့ကြ၏။ သူ့ဒေါသကို မည်သူ မျှ ရင်မဆိုင်ဝံ့ပေရာ မရူက သူ့ကိုတောင်းပန်၍ ဟံသာဝတီထီးနန်းကို သူ့ရ

http://www.nyisay.com



လျှင် မုတ္တမမြို့ကို စားပါရစေ . . .၊ သစ္စာခံပါမည်ဟု တောင်းပန်တိုးလျှိုးခဲ့သည်။ ဤသို့ဖြင့် သူတို့နှစ်ယောက် သစ္စာသွေးသောက်ပွဲတစ်ပွဲ ပြုလုပ်ခဲ့ကြပြန်သည်။ သို့သော် မောင်တော်၏လူယုံ မင်းကံစီအမတ်ကတစ်ဆင့် ပြန်ပြောကြားချက်အရ ထိုသွေးသောက်သစ္စာပြုပွဲသည်ပင်လျှင် ရန်ငြိုးသို့ပွဲတစ်ခု ဖြစ်ခဲ့ပြန်လေသည်။

မင်းကံစီကား နှလုံးရည်ထက်မြက်သူ ဖြစ်သည့်အပြင် ကျွန်မအပေါ်မှာလည်း ကြင်နာစွာ ဆက်ဆံတတ်သူပါပေ။

"သခင်မလေး အေးဆေးစွာသာ စံနေပါ၊ အချိန်တစ်ချိန်တော့ ရောက်လာပါလိမ့်မယ်။ ထီးနန်းရေးဆိုတာ ရှုပ်ထွေးလှပါတယ်၊ ဒါပေမယ့် အရှင်ဗညားနွဲ့ဟာ အားလုံးကို နိုင်နင်းစွာ ကိုင်တွယ်သွားပါလိမ့်မယ်။ ဒါကိုတော့ သခင်မလေး ယုံကြည်ထားပါ"ဟု မင်းကံစီက ပြောသည်။

"မောင်တော်နှင့် သမိန်မရူတို့ရဲ့ သွေးသောက်သစ္စာဆိုပွဲက ဘာဖြစ်သွားသလဲဟင်"

ရဟန်းလူထွက်လည်းဖြစ်၊ မောင်တော်၏ အားအထားရဆုံး ပုဂ္ဂိုလ်လည်းဖြစ်သော မင်းကံစီသည် သမိန်မရူ၏အမည်ကို ကြားရသည်နှင့်ပင် စက်ဆုပ်ရွံရှာဖွယ်တစ်ခုကို မြင်လိုက်ရသလို မျက်နှာမျိုးဖြင့် . . .

"မရူရဲ့ အကောက်ဉာဏ်တစ်ခု ထပ်ပေါ်လာတာပေါ့ သခင်မလေး၊ အရှင်ဗညားနွဲ့က မရူရဲ့ သွေးပေါက်နဲ့ဖျော်တဲ့ သေရည်ကို တကယ်သောက်တယ်။ မရူကတော့ အရှင့်သွေးနဲ့ ဖျော်တဲ့ခွက်ကို ထုံးနန္ဒင်းဖျော်ထားတဲ့ ခွက်အတုနဲ့ တိတ်တဆိတ် လဲပြီးသောက်ခဲ့တယ်လေ။ ဒီလိုကောက်ကျစ်တဲ့ပွဲမှာ မဟာဒေဝီက အကြံတူ . . .။ ဒါကို တလမည်သီရိနဲ့ လူယုံ အဒေါကုန်းတို့ရဲ့ ထောက်လှမ်းမှုနဲ့ သိရတယ်"

ရွှေနန်းတော်တွင်းမှာ လျှို့ဝှက်အကောက်ကြံမှုတွေက တစ္ဆေဝိညာဉ်များနှယ် ကူးလူးပျံ့နှံ့နေကြပေပြီ။ မင်းကံစီကမူ အားပေးရှာသည်။

"ထီးနန်းအရေးဟာ ရှုပ်ထွေးကြမ်းတမ်းလှပါတယ် သခင်မလေး . . .။ အရှင်ဗညားနွဲ့ဟာ အဲဒီလူယုတ်မာရဲ့ ကောက်ကျစ်မှုတွေအပါအဝင် ရန်သူဟူသမျှကို ရှင်းလင်းကျော်လွှားပြီး ရာဇပလ္လင်ကို သိမ်းယူမှာပါ။ သခင်မလေးက ကြောင့်ကြမဲ့စွာသာ စံနေပါ"

မင်းယောက်ျားကြီးများ၏ လျှို့ဝှက်မှုတွေအကြားဝယ် ကျွန်မသည်

http://www.nyisay.com



အသက်မဲ့ ယမင်းရုပ်တစ်ရုပ် ဖြစ်ခဲ့ပြီဟု သဘောပေါက်လိုက်ရတော့သည်။ တလမည်ဒေါဟူသော မိန်းမတစ်ယောက်သည် သူတို့ သူတို့တတွေ၏ လှုပ်ရှားမှုအဝဝတွင် ဘာမျှ အရေးပါသောသူ မဟုတ်။ ကျွန်မသည် မောင်တော်ဗညားနွဲ့နှင့်တကွ အားလုံးသောလူတို့၏ အလှကြည့်ယမင်းရုပ်ကလေး တစ်ရုပ်သာ ဖြစ်နေရပေသည်။

မောင်တော်ဗညားနွဲ့ကတော့ တောကစားထွက်ခြင်း၊ ဆင်ဖမ်းခြင်း၊ ကျုံးသွင်းခြင်းများဖြင့်သာ နေ့နေ့ညည အချိန်ကုန်နေတော့၏။ ဆင်ကျုံးသွင်းရာမှာ သူကိုင်စွဲသော ချွန်းတောင်းလက်နက်မျှလောက်ပင် ကျွန်မသည် အရေးမပါတော့ပြီဖြစ်ကြောင်း ကျွန်မကိုယ် ကျွန်မ သိနေပါသည်။ ဘာမှန်းမသိရသော ကံကြမ္မာ၏ ဘယ်လိုမှန်း မသိတတ်နိုင်သော စီရင်ဖန်တီးမှုကို ဘာမှမလုပ်နိုင်ဘဲ သည်အတိုင်း ထိုင်စောင့်နေရသည့်ဘဝ။

၄

သည်သို့ဖြင့်ပင် ရှုပ်ထွေးပွေလီသော ပရိယာယ်မာယာတို့ အတိပြီးသော အဖြစ်သနစ်တွေက ကျွန်မအနီးမှ တသောသောဖြတ်သန်းဖြစ်ပေါ် သွားကြ၏။ ဟံသာဝတီရွှေနန်းတော်ကြီး၏ ထီးနန်းအရေးတော်ပုံသည် အခန်းခန်းတို့ များမြောင်လှသော ဇာတ်ထုပ်ကြီးတစ်ခု ဖြစ်သည်ဆိုပါက ကျွန်မသည် ထိုဇာတ်ထုပ်ကြီးကို အမှောင်ရိပ်လေးတစ်နေရာမှ တိတ်ဆိတ်ညှိုးငယ်စွာဖြင့် ထိုင်ကြည့်နေရသော ပွဲကြည့်ပရိသတ်တစ်ယောက် ဖြစ်ပေလိမ့်မည်။ သို့သော် တစ်နေ့သောအခါတွင်ကား ထိုအမှောင်ရိပ်မှ ပရိသတ်သည် သူ့ဘာသာသူပင် မသိလိုက်ဘဲ ဇာတ်ခုံကြီးပေါ်သို့ ရောက်သွားခဲ့တော့၏။

ထိုတစ်နေ့ နံနက်မိုးသောက်ချိန်တွင် တစ်နန်းတော်လုံး ပွက်ပွက်ရိုက်နေခဲ့၏။ နန်းတော်စောင့် ရဲမက်များက အဲမောင်းများ အသင့်ကိုင်စွဲလျက် လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။ လင်းအားကြီးအချိန်မှာ ကျွန်မ၏ စက်ရာဆောင်ထဲသို့ ဘုရင့်အမိန့်တော် ရောက်လာသည်။ သမီးတော် တလမည်ဒေါ . . .၊ ယခုချက်ချင်း ရွှေ့တော်မှောက် ဝင်စေ . . . တဲ့။

သားလေး ဗောလောကြွန်းတောကို ခါးထစ်ခွင်ချီလျက် ကျွန်မက ကသုတ်ကယက် ထွက်ခဲ့ရလေသည်။ ခမည်းတော် ရွှေနန်းတော်ရှင်မှာ ညောင်

http://www.nyisay.com



စောင်းတွင် ချည့်နဲ့စွာ လှဲလျောင်းနေသည်။ ခမည်းတော် မမာသည်မှာ အတန် ကြာခဲ့ပေပြီ။ ခမည်းတော်၏အနီးတွင် နန်းတွင်းမှူးကြီး ဝန်ကြီးများ အစုံအညီ ရှိနေကြသည်။ အရီးတော်မဟာဒေဝီ၏ မျက်လုံးများက မီးထွက်မတတ်၊ သမိန် မရူ၏ မျက်နှာမှာလည်း တင်းမာလျက် . . .။

"ကိုင်း . . . ပြောစမ်း၊ တလမည်ဒေါ၊ မင်း ဘာကြောင့် ဒီကိစ္စကို ထိမ်ချန်ထားရလဲ၊ ဒါဟာ ပုန်ကန်မှု အရေးတော်ကြီးတစ်ခုကို အလိုတူ အလိုပါ လုပ်တာပဲ မဟုတ်လား . . . "

ခမည်းတော်၏အသံသည် တုန်ယင်ပူပြင်းနေ၏။ ကျွန်မ ဘာမှ နား မလည်ပါ။ အရီးတော် မဟာဒေဝီက လေသံပြင်းစွာဖြင့် ဝင်ပြောသည်။

"ဗညားနွဲ့ ဒဂုန်ကို ထွက်ပြေးသွားပြီလေ၊ ညည်းယောက်ျားက ပုန်ကန် ခြားနားပြီ သိရဲ့လား . . . "

ဘုရား . . . ဘုရား ကျွန်မ ဘာမှ မသိလိုက်ပါလား။ ဘာမှ မသိရ ကြောင်းကို အထွေအထူး လျှောက်လဲနေစရာမလိုလောက်အောင် ကျွန်မ အသွင်က တုန်လှုပ်သေးသိမ်နေလိမ့်မည် ထင်သည်။

"တလမည်ဒေါ ဘာမှ မသိဘူးဆိုတာ ဟုတ်မယ်၊ မင်းသားက ညဥ့်သုံး ချက် မတီးခင်မှာ ထွက်သွားတာ၊ မော်ဓောဘုရားကို ဦးခိုက်ပြီးမှ အဒရောင်ဆင် စီးပြီး ထွက်သွားတယ်။ အားလုံး ဆင်ငါးစီးနဲ့ တောင်ခြေကထွက်၊ လံဂူတောင် မှာ သူ့လူတွေနဲ့ချိန်းချက်ပြီးတော့ ဒဂုန်အရောက် အပြင်းနှင်သွားတာပဲ။ ဒဂုန် မှာ သူ့လူတွေချည်း"

ပွက်လောရိုက်အောင် သူတို့ ဆွေးနွေးငြင်းခုန်နေကြသည့်ကြားမှ ကျွန်မ သည် သားလေးကိုသာ ပွေ့ဖက်လျက် မျက်စိသူငယ် နားသူငယ်ဖြစ်နေရလေ သည်။ ကျွန်မ ဘာကိုမှ၊ ဘယ်သူ့ကိုမှ မသိခဲ့ . . .။ မောင်တော် ဗညားနွဲ့ထွက် ပြေးသွားပြီဟူသော သတင်းက ကျွန်မကို တင်းပုတ်နှင့် ရိုက်သလို ပြင်းထန် လွန်းပေစွ။

"တလမည်ဒေါ၊ ညဲ ဘာပြောစရာ ရှိသေးသလဲ . . . "

ကျွန်မ ဘာပြောရမည်နည်း။ ယမင်းရုပ် တစ်ရုပ်မှာ ဘာစကားများပြော ခွင့်ရှိပါသနည်း။ ရှိုရှိုသမျှ ဝမ်းနည်းကြေကွဲမှု၊ အားငယ်မှုတို့ကိုပင် အားအင် အဖြစ် စုစည်းလျက် ကျွန်မ ပြောလိုက်လေသည်။

"ကျွန်မဟာ ဗညားနွဲ့မင်းသားရဲ့ ကြင်ယာဆိုပေမယ့် မယားမှတ် အလေး

http://www.nyisay.com



မြတ် သူ မပြုခဲ့တာ ကြာခဲ့လှပါပြီကော။ သူ ဘာလုပ်တယ်၊ ဘယ်သွားတယ် ဆိုတာ ကျွန်မ ဘာတစ်ခုမှ မသိပါဘူး။ ကျွန်မဘဝဟာ ရှင်လျက်နဲ့ သေဆုံး နေခဲ့တာ ကြာလှပြီ။ ဟောဒီ ရွှေနန်းတော်ကြီးထဲမှာ မိန်းမသားတစ်ယောက်ရဲ့ ဘဝဟာ . . . ”

ဆက်မပြောနိုင်တော့လောက်အောင် ကျွန်မ ဆို့နစ်သွားလေသည်။ သူ တို့ကလည်း ကျွန်မကို စိတ်မဝင်စားကြတော့ . . . ။ သားလေးကို ပွေ့လျက် ကျွန်မ ညှိုးငယ်စွာ ပြန်ခဲ့ရ၏။ ဇာတ်ခုံကြီးထက်သို့ မျက်စိလည်၍ ရောက်ခဲ့ပြီး တစ်ခဏမှာပင် ကျွန်မသည် မှောင်ရိပ်ထဲသို့ ပရိသတ်တစ်ဦးအဖြစ် ပြန်ဆင်း ခဲ့လေတော့သည်။

(၆)

ဆင်ဖြူသျှင်လည်း၊ ငါနာချေသောကြောင့် မထိမဲ့မြင် ပြုရ လေသည်ဟု ဆိုတော်မူပြီးလျှင် တလမည်ဒေါ်ကို ခေါ်တော်မူ ၍ အဗသုန်ငယ် မင်းပြုလျှင်၊ မပည့်ငယ်မယား မွေနိမိတ်ကို မိဖုရားမြှောက်မည်ဆိုသည်၊ ညဲ့စိတ်တွင် ပသို့နည်းဟု မေး တော်မူ၏။

(ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း၊
စာ-၁၈၉)

“ဗညားနွဲ့ကိုယ်တော်ကြီး ဒဂုံမြို့ဝန်းကို သိမ်းပိုက်လိုက်ပြီတဲ့”

“ဒဂုန်က မဟာဒေဝီရဲ့ ကျွန်ရင်းတွေကိုလည်း သုတ်သင်လိုက်ပြီး မြို့ပြ ကျုံးမြောင်း အသစ် ပြင်ပြီး အင်္ဂတေ အခိုင်အမာတပ်စွဲပြီ”

“ဗညားနွဲ့ဟာ ဒလမြို့စား မာဂံညီဂေါင်နဲ့ စိတ်ဝမ်းချင်းညီ သွေးစည်း မိကြပြီး အင်အား ပိုတောင့်တင်းလာပြီ”

သူ၏ စစ်အောင်ပွဲသတင်းများက ဆက်ကာ ဆက်ကာ ရောက်လာ၏။ မောင်တော်ဗညားနွဲ့၏ ဘဝနာကြည်းချက်များသည် ယခုအခါ အင်အားများ အဖြစ်သို့ ပေါက်ကွဲဖြစ်တည်ကြလေပြီ။ အမှန်တော့ သူ့ဘဝကို ကျွန်မ နား အလည်ဆုံးပင် ဖြစ်၏။ မွေးစကတည်းက ခမည်းတော်ဆင်ဖြူသျှင်သည်

http://www.nyisay.com



သူ့ကိုသား မမှတ်ခဲ့။ "လျှာမှာလဲ အစက်ပါသေး၊ ရုပ်ဆင်းကလဲ ကြမ်းလိုက်တာ၊ ခေါင်းကကြီးကြီး၊ ဆံပင်က ကောက်ကောက်၊ ခြေလက်တွေကလဲ အဆစ်တွေကြီးလို့ ရက်စက်ကြမ်းကြုတ်မယ့်အကောင် . . ."ဟူသော မှတ်ချက်အောက်တွင် သူသည် တစ်သက်လုံး ငြိုငြင်စွာ ကြီးပြင်းခဲ့ရချေသည်။ အရွယ်ရောက်တော့လည်း သူ့ကို ဇွေနန်းတော်က ဘုရင့်သားတော်ဟူ၍ မည်သူမျှဆေးဖော်ကြောဖက် မလုပ်ခဲ့ကြ။ ခမည်းတော်အရေးပေးသည့် ဗောခုန်မှိုင်းနားမှာသာလျှင် ဝိုင်းအုံနေခဲ့ကြသည်။ သူသည် မင်းသားတစ်ပါးအနေနှင့် ဇွေနန်းတော်အတွင်း၌ နေရာ မရခဲ့ရှာဘဲ ဆင်ကျုံး၊ မြင်းဇောင်းနှင့် တောအုပ်များမှာသာကျက်စားခဲ့ရရှာသည်။ ထိုအခါ ပင်ကိုက စရိုက်ကြမ်းသော သူ့သဏ္ဌာန်သည် ပို၍သာ ကြမ်းတမ်းခက်မာခဲ့လေသည်။

သမိန်မရူနှင့် အရီးတော် မဟာဒေဝီတို့က သူ့ကိုလုပ်ကြံမည့် အစီအမံများ ချမှတ်လာသောအခါတွင်ကား သူသည် ဟံသာဝတီတွင် မနေနိုင်တော့ပေ။ ဒဂုန်သို့ထွက်ပြေးကာ ပုန်ကန်ခြားနားလိုက်သည်တွင်မှ ဟံသာဝတီနေပြည်တော်အလုံး အုံးအုံးထသွားတော့သည်။ သူသည် ဆင်ဖြူသျှင် ဘုရင်မင်းမြတ်၏ ရန်သူ ဖြစ်သွားခဲ့ပေပြီ။ ရန်သူ့မယားဖြစ်ပါလျက် ကျွန်မကိုတော့ အားလုံးက ရှိလေသည်ဟုပင် မထင်မှတ်ဘဲ မေ့လျော့ ပစ်ပယ်ထားကြသည်။ တလမည်သီရိတစ်ယောက်သာ ကျွန်မအတွက် ရင်ဖွင့်စရာ ရှိတော့၏။

"သူ ဘေးမသီ ရန်မခပါစေနဲ့လို့ ဘုရားမှာ ဆုတောင်းမေတ္တာပို့ရုံကလွဲလို့ အစ်မတော် ဘာလုပ်ရမလဲ တလမည်သီရိရယ်။ အမှန်တော့ အားလုံးက စွန့်ပယ်ထားတဲ့ ဗညားနွဲ့မင်းသား၊ အဲဒီမင်းသားက တစ်ခါ ထပ်မံလျစ်လျူရှုခြင်းခံရတဲ့ အစ်မတော်ရဲ့ ဘဝပါကွယ်"

တလမည်သီရိက သူ့ခင်ပွန်း သမိန်မရူနှင့် အရီးတော် မဟာဒေဝီတို့ကိုအကြောင်းပြုလျက် အလိုအလျောက်ပင် ဗညားနွဲ့၏ ဘက်တော်သား ဖြစ်သွားသည်။ သူက တက်ကြွစွာ ပြော၏။

"အစ်မတော် ဘာမှ အားငယ်စရာ မလိုဘူး။ ကိုယ်တော်ကြီးဟာ မကြာခင် ဟံသာဝတီ ဇွေနန်းရှင်ဖြစ်တော့မှာ။ ဘုန်းလက်ရုံးနှင့် အပြည့်စုံဆုံး မင်းယောကျ်ား၊ အစ်မတော်လဲ မကြာခင်မှာပဲ အဂ္ဂမဟေသီဖြစ်မှာ"

"အစ်မတော်လေ . . . အဂ္ဂမဟေသီတွေ၊ တောင်ညာစံတွေလဲ မလိုချင်ပါဘူး။ ရိုးသားအေးချမ်းတဲ့ ဘဝလေးထဲမှာပဲ ကိုယ့်လင်ကိုယ့်သားနဲ့ ချမ်းမြေ့တဲ့

http://www.nyisay.com



အိမ်ရှင်မပဲ ဖြစ်ချင်ပါတယ် ညီမတော်ရယ် . . .။ ဟောဒီ ရွှေနန်းတော်စံ ဘဝကြီးကိုလဲ စိတ်ကုန်ခမ်းလှပါပြီ။ အို . . . လူ့ဘဝရောက်လာတာကိုက ဝန်လေးစရာကြီးပါလေ . . . "

တလမည်သီရိက ကျွန်မပခုံးကို ညင်သာစွာ ဆုပ်နယ်၍ ပြောရှာသည်။

"အင်း . . . ဘုရင်ဧကရာဇ်ဖြစ်ရမှ အလိုပြည့်မယ့် ယောကျ်ားတစ်ယောက်နဲ့ ရိုးသားအေးချမ်းပြီး အားငယ်တတ်တဲ့ မိန်းမတစ်ယောက် ဘယ်လိုများ ဖူးစာဆုံကြပါလိမ့်၊ စိတ်အေးအောင်သာ နေပါ အစ်မတော်ရယ်"

"သူ့ကိုမှ ချစ်ခင်နှောင်ဖွဲ့မိတဲ့ မိန်းမသားတစ်ယောက်ဖြစ်လာရတာကိုက ဘဝဝဋ်ကြွေးပါပဲကွယ်"

ဘဝဝဋ်ကြွေး . . .။ ဤစကားလုံးကိုပင် ထပ်ကာတလဲလဲ ကျွန်မသုံးဖြစ်လေသည်။ ဝဋ်ကြွေးဆိုသည်မှာ ပေးဆပ်ရသောအရာ . . .။ ကြွေလည်ရှင်းလင်းသည်အထိ ပေးဆပ်ရသည့်အရာ . . .။ မည်မျှအထိ ကျွန်မ ပေးဆပ်ရဦးမည်နည်း။

၄

အဆိပ်ပြင်းမြွေတစ်ကောင် အကိုက်ခံလိုက်ရ၏။

အဆိပ်ပြင်းမြွေဆိုသည်မှာ ကြားရသောသတင်းတစ်ခုဖြစ်ပြီး အကိုက်ခံလိုက်ရသော နေရာမှာ ကျွန်မ၏ နှလုံးသားဖြစ်လေသည်။

"ဒဂုန်ဆံတော်ရှင်ဘုရားကို တက်ဖူးပြီး ပြန်အဆင်းမှာ ဗညားနွဲ့ဟာ ပန်းသည်မတစ်ယောက်ကို မြတ်နိုးတော်မူပြီး ကောက်ယူတော်မူလိုက်သတဲ့။ ပန်းသည်မရဲ့ နာမည်က မွေ့မနိတ်တဲ့ . . .။ လွတ်လပ်သူလဲ မဟုတ်ဘူး၊ သူ့ ယောကျ်ားမပည့်ငယ်ဟာ ဗညားနွဲ့ကို ကြောက်လို့ သာယာဝတီကို ပြေးလာတယ်"

အရီးတော် မဟာဒေဝီက ဒီသတင်းကို ကျွန်မဆီ ပို့သည် မဟုတ်ပေ၊ ခမည်းတော်ထံကို တိုက်ရိုက်လျှောက်တင်ခဲ့ခြင်း ဖြစ်သည်။ ခမည်းတော်က ကျွန်မကို ခေါ်မေးသောအခါမှ ကျွန်မ သိရခြင်းဖြစ်သည်။ ခမည်းတော်က မေးသည်။

"အဗသုန်ငယ်က သူ ဘုရင်ဖြစ်ရင် မွေ့မနိတ်ကို မိဖုရားမြှောက်မလို့

http://www.nyisay.com



တဲ့ . . . ၊ ညဲ ဘယ်လိုလဲ တလမည်ဒေါ"

ကျွန်မ ဘာကြောင့် သွက်သွက်ခါအောင် ရှူးသွပ်မသွားရလေသနည်း။ နာကြည်းခြင်း၊ ရှက်ခြင်း၊ အားငယ်ပြုံကွဲခြင်းများဖြင့် ကျွန်မ ဖြေခဲ့၏။

"တလမည်ဒေါကို သူ စွန့်ပစ်တာ ကြာခဲ့ပါပြီ ခမည်းတော်"

စစ်ရေး၊ ထီးနန်းရေးတို့ဖြင့် မှောင်သွားသော ဟံသာဝတီတွင် ကျွန်မသည် အလင်းရောင် လုံးဝ ပျောက်ဆုံးခဲ့ရတော့သည်။ မုတ္တမ၊ မြောင်းမြ၊ ဒဂုန်၊ ဟံသာဝတီတစ်လွှားတွင် စစ်ဆင်စစ်မြင်းများ ခြေရာချင်းထပ်ခဲ့သည်။ စစ်သေနင်္ဂများ၊ ပရိယာယ်များ၊ တိုက်ပွဲများ၊ လျှို့ဝှက်လုပ်ကြံမှုများဖြင့် အတိပြီးခဲ့သော ဤကာလများဝယ် ကျွန်မသည် အဓိပ္ပာယ်မဲ့စွာ ရှင်သန်ခဲ့ရလေသည်။ သူတို့ မင်းယောကျ်ားကြီးများ၏ ရာဇပလ္လင်အရေးကို ကျွန်မ လိုက်မမီနိုင်တော့။ လိုက်လည်း မလိုက်လိုတော့ . . . ။ ကျွန်မသိသည်ကား ကျွန်မ၏ တစ်စတစ်စ သိမ်ငယ်အက်ကွဲလာသော မိန်းမသားဘဝ . . . ။

နတ်တော်၊ ပြာသို၊ တပို့တွဲ . . . ။

သဇင်သင်း၍ နှင်းများဝေနေသော ဆောင်းတစ်ရက်တွင် ကျွန်မ၏ ခင်ပွန်းသည် ဗညားနွဲ့ကိုယ်တော်ကြီးသည် ဟံသာဝတီနန်းတော် ရာဇပလ္လင်ထက်သို့ တက်ကာ "ရာဇာဓိရာဇ်"ဟူသော ဘွဲ့ကို ခံယူလိုက်လေသည်။ ရာဇာဓိရာဇ် . . . ၊ ရာဇာဓိရာဇ်၊ မင်းများမင်း . . . မင်းတကာတို့ထက် မင်း။

ကောက်ကျစ်သော သမိန်မရူကို သုတ်သင်လိုက်၏။ အရီးတော်ကိုကား ခေါင်းကိုင်မိခင် ကျေးဇူးကို ထောက်ကာ ချမ်းသာခွင့် ပေးခဲ့၏။ ကံတော်ကုန်ခဲ့ပြီဖြစ်သော ခမည်းတော်ဆင်ဖြူသျှင်ကား ဤအကြောင်းများကို သိမသွားခဲ့တော့ပေ။ ရာဇာဓိရာဇ် ဘုရင်မင်းမြတ်၏ နန်းတက်ပွဲတွင် ရန်သူများကို သုတ်သင်ပစ်လိုက်သလို သစ္စာတော်ခံများကိုလည်း ချီးမြှောက်ခဲ့သည်ဟု ဆို၏။

ထိုသဘင်အောင်ပွဲကြီးသို့ ကျွန်မ မတက်ရောက်ခဲ့ပေ။

ဗောခုန်မှိုင်းက သုသျှင် ရာဇာဓိရာဇ် အခေါ်လွှတ်၍ဟုဆိုကာ ကျွန်မကို လာခေါ်သေး၏။ ကျွန်မ ခေါင်းခါလွှတ်လိုက်သည်။ အစော်ကားခံလိုက်ရသော နှလုံးသားတစ်ခုသည် အောင်ပွဲဘိသေကနှင့် မအပ်စပ်ပေ။ တပို့တွဲလဆန်း တစ်ရက်၊ တနင်္လာနေ့၊ တက်နေတစ်ချက်တီးအချိန် သူ အောင်မြေနင်းသည့်အချိန်တွင်ကား သူ့ဘေး၌ သူ ချီးမြှောက်ခဲ့သော မွေ့မနိတ်သည် ပိယရာဇာဒေဝီဘွဲ့ဖြင့် ခံစားရောက်ရှိနေခဲ့ပြီ ဖြစ်၏။

http://www.nyisay.com



တလမည်ဒေါဟူသော မိန်းမတစ်ယောက်၏ ဘဝသည် အလုံးစုံ ကြေမွပျက်စီးခဲ့ပေပြီ . . . ။

(၇)

. . . လက်စွပ် တစ်ဆယ့်နှစ်ချည်ကို ဆံထုံးကယူ၍ အမတ်တိန်ကို ပေးလေ၏။ ရလျှင် အမတ်ရကြောင်းကို လျှောက်သည်။ ပိယရာဇာဒေဝီကို ပေးဘိ အမိန့်တော်ရှိ၍ ပေးရ၏၊ တလမည်ဒေါလည်း နှလုံးဝမ်းကြေကွဲ၍ . . .

(ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း၊ စာ-၂၃၁)

မြောင်းမြ၊ ပုသိမ်၊ ခဲပေါင်၊ အနောက်တစ်လွှား၊ ဒလ၊ ဒေးပသွယ်၊ မုတ္တမ၊ လဂွန်းဗျည်း၊ သိုက်ကလား၊ မှော်ဘီ၊ ပန်းလှိုင် . . .

သုသျှင် ရာဇာဓိရာဇ်၏ ဟံသာဝတီလက်နက်နိုင်ငံတော်ကြီးသည် တစ်စစ ကြီးမားကျယ်ပြန့်လာပေပြီ။ သူ့ကို အံတုရန်ပြုသော ရန်သူတို့လည်း တစ်ယောက်ပြီးတစ်ယောက် ကျဆုံးရှုံးနိမ့်ကုန်ကြပြီ။ သူ့အနားမှာလည်း လက်ရုံးစွမ်းရည်၊ နှလုံးစွမ်းရည် ထက်မြက်လှစွာသော သစ္စာရှိသူရဲကောင်း အမတ်ဝန်များ ဝိုင်းဝိုင်းလည် ခြံရံခစားနေကြပြီ။ သမိန်ဗြတ်ဇ၊ မင်းကံစီ၊ အမတ်တိန်၊ မဏိရွှတ်၊ အဲမွန်ဒယာ၊ ရဲသင်ရန်၊ လဂွန်းအိမ်၊ သီလဝ အစရှိသော မင်းယောက်ျား လူစွမ်းကြီးများက ရှုပ်ရှုပ်ချွံချွံ အမှုတော်ထမ်းရွက်ကြလေရာ သူ၏ဘုန်းအာဏာစက်သည် နေမွန်းမတည့်မီနေပမာ၊ လပြည့်ညမှ လဝန်းပမာ လင်းချင်တိုင်း လင်းနေတော့သည်။

ထိုအချိန်၌ သူ၏ကြင်ယာဖြစ်သော ကျွန်မမှုမူ အမှောင်ထု အမိုက်တိုက်ကြီးထဲသို့ တစ်စတစ်စ တိုးဝင်နစ်မြုပ်နေခဲ့လေသည်။ သူ့လက်မှာ သံလျက်၊ ဓားလွတ်၊ အဲမောင်းနှင့် ချွန်းသီးတို့ကို မပြတ်ဆုပ်ကိုင်ထားလေရာ ထိုလက်ဖဝါးတို့သည် ကျွန်မအတွက် ပန်းလေးတစ်ပွင့်ကိုသော်မျှ ကိုင်တွယ်ရန် နေရာမရှိတော့ပေ။ ရန်သူ့သွေးများ စွန်းပေနေသည့် ချပ်ဝတ်ကိုယ်ကြပ်အောက်မှ သူ့နှလုံးသားတွင်လည်း ကျွန်မအတွက် အပ်ဖျားတစ်ထောက်စာမျှ

http://www.nyisay.com



ပင် နေရာကြွင်းကျန် မရှိတော့ပေ။ စစ်မိန့်တွေချည်း တစ်ရံမနား ရွတ်ဆိုအော်ဟစ်နေသော သူ့နှုတ်ခမ်းသည် တလမည်ဒေါ်ဟူသော အမည်ကိုခေါ်ရန် အချိန်မပေးနိုင်တော့။ စစ်ဆင်သံ၊ စစ်မောင်းသံ၊ တံပိုးခရာသံတွေကိုချည်း နားထောင်နေသော သူ့နားအစုံတို့ကလည်း ကျွန်မ၏ မောင်တော်ကြီးဟူသော ခေါ်သံကို နားထောင်ရန် အချိန်မပေးနိုင်တော့။ နာကြည်းကြေကွဲသော နှလုံးသားအပိုင်းအစများကို ကောက်ယူဆက်စပ်လျက် ကျွန်မသည် သူ မကြားနိုင်သောအသံများဖြင့် ဟစ်ကြွေးနေမိတော့၏။

"မောင်တော်ကြီး၊ ရှင်ဟာ ရာဇာဓိရာဇ်၊ မင်းများမင်း၊ မင်းတကာတို့ ထက်မင်း ဖြစ်ချင် ဖြစ်မယ်၊ ကျွန်မအတွက်တော့ ခင်ပွန်းတစ်ယောက် မဟုတ်တော့ဘူး"

"မောင်တော်ကြီး၊ ရှင့်ရဲ့ ဟံသာဝတီနိုင်ငံတော်ကြီးကို ရှင့်ဘာသာရှင် ဘုန်းအာဏာတွေနဲ့ ထောက်ကန်တည်ဆောက်ထားနိုင်ကောင်း ထားနိုင်ပေမယ့် ကျွန်မအတွက်တော့ ရှင့်ရဲ့နိုင်ငံဟာ မရဏနိုင်ငံကြီး ဖြစ်ခဲ့ပြီ"

"သူရဲကောင်းများရဲ့ သူရဲကောင်း၊ သုသျှင်ရာဇာဓိရာဇ်၊ ရှင်ဟာ နတ်ဘီလူးတမျှ စွမ်းဆောင်နိုင်ပေမယ့် ကျွန်မအတွက်တော့ ရှင်ဟာ ယမမင်း"

"ဘုန်းလက်ရုံးအာဏာကို မိုးထိမြင့်မားစွင့်ကားအောင် ရှင် တံခွန်လွှင့်ထူခဲ့ပေမယ့် အဲဒီတံခွန်ရဲ့ အောက်ခြေက မိန်းမသားတစ်ယောက်ရဲ့ နှလုံးသားကိုတော့ ရှင် ထုချေဖျက်ဆီးခဲ့ပြီ"

"ကျွန်မ ရှင့်ကို ကြောက်တယ် . . .၊ စက်ဆုပ်တယ် . . .၊ မုန်းတယ် . . .၊ နာတယ် . . . သုသျှင်ရာဇာဓိရာဇ်"

၄

အမတ်တိန်မဏိရွတ်က ကျွန်မရှေ့မှာ ဒူးတုပ်ပျပ်ဝပ် ခစားနေသည်။ အမတ်တိန်၏ အသွင်မှာ တုန်လှုပ်ချောက်ချားနေ၏။ ကျွန်မကပင် စ၍မေးလိုက်သည်။

"သင်တို့သခင် သုသျှင်ဟာ ကျွန်ုပ်ကို အမျက်တော်ထားပြီး ရှိရှိသမျှ စည်းစိမ်ဥစ္စာ၊ ကျေးကျွန်ခြံရံတွေကိုလည်း ကျွန်ုပ်ဆီက သိမ်းယူခဲ့ပြီးပြီ မဟုတ်လား . . .၊ ကျွန်ုပ်ဆီမှာ အနာတရဖြစ်နေတဲ့ အသည်းနှလုံးကလွဲလို့ ဘာမှ

http://www.nyisay.com



မကျန်တော့ဘူးလေ"

"ကျွန်တော်မျိုးကြီး . . . "

အမတ်တိန်စကားကို ကျွန်မ ဖြတ်လိုက်၏။

"တစ်နေ့ကပဲ ပိယရာဇာဒေဝိနဲ့ သူ ဘိသိက်ခံခဲ့ပြီးပြီ မဟုတ်လား၊ သင်တို့သခင်ဟာ ကျွန်ုပ်ထံက အားလုံး . . . အားလုံးကို ယူသွားပြီးပြီပဲ၊ အခု တလမည်ဒေါမှာ ပိုင်ဆိုင်ရာဆိုလို့ သား ဗောလောကြန်းတောပဲ ရှိတော့တယ်။ ဘာလဲ သားကိုပါ သူက ရာဇဝတ်သားအဖြစ် ဖမ်းခိုင်းဦးမလို့တဲ့လား . . . ဟင်"

အမတ်တိန်၏မျက်နှာ မော့လာသည်။ သွေးဆုတ်ဖြူလျော်မျက်နှာ . . .

"ပြောလေ အမတ်တိန်၊ သုသျှင်ရာဇာဓိရာဇ်က ဘာအမိန့်တော်များ ထပ်စေလိုက်သလဲ"

အမတ်တိန်သည် ပြန်လည်ဝပ်စင်း ငုပ်လျှိုးသွားကာ မျက်နှာနှင့်ကြမ်းထိမတတ် ငုံ့ငိုက်၍ ဝမ်းခေါင်းသံကြီးနှင့် ပြောလေသည်။

"လက်စွပ် တစ်ဆယ့်နှစ်ချည်ကို . . . စေယူခိုင်းလိုက်ပါတယ် သခင်မ. . . "

ဩော် . . . ဒီလိုတဲ့လား၊ ဒီလောက်ထိအောင်တဲ့လား . . . ။ ကျွန်မ၏မြင်ကွင်းထဲတွင် အမတ်တိန် ပျောက်သွား၏။ တစ်ခဲနက် ဝင်းလက်တောက်ပသွားသော အဖြူရောင်ဟင်းလင်းပြင်ကြီးတစ်ခု ဖြစ်ထွန်းသွား၏။ ထို့နောက် ချက်ချင်းပင် အဖြူရောင်ဟင်းလင်းပြင်ကြီးသည် တစ်ခဲနက် အမိုက်တိုက် အမှောင်ထုကြီး ဖြစ်သွားလေသည်။

"ဒါပဲလား၊ သူ့ရဲ့ အမိန့်တော်ဆိုတာ . . . "

အမတ်တိန်သည် ရှိုက်သံဗလုံးဗထွေးဖြင့် . . .

"ကျွန်တော်မျိုးကြီးကို ခွင့်လွှတ်တော်မူပါ၊ ကျေးတော်ကျွန်တော်မျိုးဖြစ်ခဲ့သူဟာ အရှင်သခင်ရဲ့ အမိန့်ကို ဦးထိပ်ရွက်ရပါတယ်။ ကျွန်တော်မျိုးကြီးရဲ့လက်ဟာ မင်းဧကရာဇ်သမီးတော်ရဲ့ ဦးဆံတော်ကို မထိစကောင်းဘူးဆိုတာ ကျွန်တော်မျိုးကြီး သိပါတယ် သခင်မ"

နာကြည်းမှုက အဆုံးစွန်၏ ဟိုမှာဘက်သို့ ရောက်သွားပေပြီ။ လက်စွပ်ဆယ့်နှစ်ချည်ကို ကျွန်မ၏ ဆံထုံးတွင် ထည့်နှောင်သိမ်းထားကြောင်း အမတ်တိန် သိထားသည်။ သူတို့သခင်လည်း သိထားသည်။

ဩော် . . . ငါ့ဆံထုံးကိုနင့်လက်နဲ့ဖြေပြီး လက်စွပ်ဆယ့်နှစ်ချည်ကို

http://www.nyisay.com



ယူခိုင်းလိုက်တဲ့ အမိန့်ပေါ့။ ပြီးတော့ ဒါကိုပီယရာဇာဒေဝီဘွဲ့ခံ ပန်းသည် မွေ့မနိတ်ကို ပေးမှာပေါ့ ဟုတ်လား . . . ။

"ကျွန်တော်မျိုး . . . ကြီး . . . သခင်မရဲ့ ဦးဆံတော်ကို . . . မ . . . ထိရဲပါဘူး သခင်မ၊ ဒါပေမယ့် . . ."

"သင် အပြစ်မဖြစ်စေရပါဘူး အမတ်တိန်ရယ် . . ."

ကျွန်မ ဆံထုံးကို ဖြေချလိုက်သည်။ လက်စွယ် ဆယ့်နှစ်ချည်ကိုယူ၍ အမတ်တိန်ရှေ့သို့ ပစ်ချပေးလိုက်၏။

"ရော့ . . . ဒါ တလမည်ဒေါ်ဆိုတဲ့ မိန်းမတစ်ယောက်က ရာဇာဓိရာဇ် ဆိုတဲ့ ယမမင်းကို နောက်ဆုံး အဖြစ်ပေးအပ်လိုက်တဲ့ . . . ခေါ်စာ"

(၈)

. . . တလမည်ဒေါ်လည်း . . . နှလုံးဝမ်းကြေကွဲ၍၊
မစားမသောက်၊ သေရသော် မြတ်၏ဟု . . .
(ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း၊
စာ-၂၃၁)

"အစ်မတော်ရယ် . . ."

နုနယ်ပျော့ညံ့လှပါတယ်ဆိုတဲ့ မိန်းမသားတစ်ယောက်ဟာ ဒီလောက် အထိ ကြောက်စရာကောင်းလှတဲ့ အပြုအမူမျိုးကို လုပ်သွားရသတဲ့လား . . . ။ ပန်းတစ်ပွင့်ဟာ အဆိပ်ဆူးဘဝကို ပြောင်းလဲသွားရသတဲ့လား . . . ။

နာကြည်းခြင်း၊ ရှက်ကြောက်ခြင်း၊ ကြေကွဲခြင်းတို့ရဲ့ အဆုံးစွန် . . . ဟိုမှာဘက် ထွက်ပေါက် လွတ်မြောက်လမ်းကို အစ်မတော် ဒီနည်းနဲ့ ရွေးချယ် ရသတဲ့လား . . . ။

အခုတော့ ဖုံးမသိန်နဲ့ သံပရာကို စားပြီး အစ်မတော်က မိမိရဲ့အပြစ် ကင်းတဲ့ ရှင်သန်မှုကလေးကို ဖြတ်တောက် စီရင်သွားခဲ့ပြီကော . . . ။

ဝဋ်ကြွေး . . . တဲ့။ ဘဝ ဝဋ်ကြွေး . . . တဲ့။ အစ်မတော် တဖွဖွ တနင့်နင့် ရေရွတ်ခဲ့တဲ့ စကား . . . ။ မိန်းမသားတို့ရဲ့ အချစ်၊ အားထားယုံစားမှု၊ ပြီးတော့ နာကြည်းမှု မီးတောက်မီးလျှံတွေကြားထဲမှာ လောင်ကျွမ်းသွားတဲ့ နှလုံးသား



စီးချင်းထိုးပွဲ

http://www.nyisay.com



ဝဋ်ကြွေးကို အသက်နဲ့မှ ပေးဆပ်ရလေသလား အစ်မတော်ရယ် . . . ။

မိန်းမသားတို့ရဲ့ ပြင်းထန်ပေါက်ကွဲတဲ့ အချစ်ကို အစ်မတော်က အသက်ဇီဝိန်နဲ့လဲပြီး သာဓက ပြသွားခဲ့ပြီပေါ့နော် . . . ။

အစ်မတော်ရယ် . . . ဖြစ်လေရာဘဝအဆက်ဆက် သံသရာကြီးထဲမှာ အစ်မတော် ဘယ်လောက်ထိများ ဝဋ်ကြွေးကိုပေးဆပ်နေရဦးမှာလဲ ဟင် . . . ။ ဒီဘဝနဲ့ပဲ ပြီးဆုံးပါစေတော့ အစ်မတော်ရယ် . . . ။ ပြီးဆုံးပါစေတော့။

နောင်ဖြစ်ရာ ဘဝတိုင်းမှာ သစ္စာတရားနဲ့ ပြည့်ဝသော၊ ရိုးသားအေးချမ်းသော၊ ဖြူစင်နက်ရှိုင်းသော၊ ချစ်ခြင်းမေတ္တာများနဲ့သာ အစ်မတော် တွေ့ဆုံပါစေလို့ . . . မော်ခေါစေတီတော်မြတ်ထံမှာ ညီမတော် တလမည်သီရိတစ်ယောက် ဆုတောင်း ပေးလိုက်ပါတယ် အစ်မတော်ရယ် . . . ။

အမ္ဘာ . . . အမ္ဘာ . . . အမ္ဘာ . . .

အစ်မတော်ရေ . . . . ။

▼

http://www.nyisay.com



# စီးချင်းထိုးပွဲ

**ရာဇဝင်**

"တကောင်းပြည်ကြီးရှင် ဧကရာဇ်မင်း ကြားရောက်အပ်သော အင်းဝရွှေနန်းရှင်။ ယခု ငါတို့စစ်ချီလာသည်ကား ငါ၏လက်အောက်ခံ၍ အင်းဝမင်းသည် လာရောက်ရှိခိုးရန်လည်း တစ်ခု၊ သို့တည်းမဟုတ် သူရဲကောင်းချင်း စီးချင်းစစ်ထိုးပွဲကို ရှုစားလိုခြင်းလည်းတစ်ခု၊ ဤဆန္ဒနှစ်ခုရှိ၏။ အကယ်၍ အင်းဝသူရဲကောင်း ရှုံးခဲ့လျှင် အင်းဝကို ငါ့လက်သို့အပ်။ ငါ့သူရဲကောင်း ရှုံးခဲ့လျှင် တကောင်းပြည်ကြီးသို့ ငါတို့ တပ် အလုံးစစ်နှုတ်၍ ပြန်မည်။ တိုင်းသားပြည်သူလူခပင်းတို့ စစ်မက်ဖြင့် ဘေးမရှိစေရ။ အင်းဝရွှေနန်းရှင်၏ ဆန္ဒ အသို့နည်း။ ပြန်ကြားပါလေ"

မြန်မာစကားတတ်သော စော်ဘွားတစ်ဦးက ရာဇသံကို ဖတ်ကြား၍ လက်ဆောင်ပဏ္ဏာများကို ဖြန့်ခင်းလိုက်၏။ မကန်းရုပ်ထိုးထားသော ပိုးအုပ်တစ်ရာ၊ ရွှေသမင်ရုပ်ထိုးထားသော ပိုးအုပ်တစ်ရာ ပဏ္ဏာများက နူးညံ့ပါးလွှာလှပသလောက် ရာဇသံပါစကားမှာမူ ကြမ်းခက်မာကျောရှိချေသည်။ သို့သော် အင်းဝဘုရင် မင်းခေါင် ကျေနပ်စွာပြုံးသည်။ ညီလာခံကို ဖြန့်ကျက်ကြည့်ပြီးမှ တကောင်းသံများနှင့် ရာဇသံဖတ်သူ စော်ဘွားကို စူးစူးကြည့်၍ ဆိုသည်။

"သည်တစ်ကြိမ် စစ်အရေးဟာ တရားမျှတပေတယ်။ တိုင်းသားပြည်သူအများ ပူပင်သောက မရောက်စေရတော့ဘူး။ တကောင်းဧကရာဇ် ဆန္ဒအတိုင်း

http://www.nyisay.com



သူ့ရဲကောင်းချင်း စီးချင်းစစ်ထိုးဖို့ အမှုသင့်မြတ်လှတယ်။ သူ့ရဲကောင်းနှစ်ဦးတို့ ဆောင်ဓား၊ စီးမြင်းကိုယ်စီနဲ့ စစ်ထိုးပွဲကို ငါလဲ ရှုစားလိုတယ်။ သို့သော် ယခုပွဲဟာ မဟာယုဒ္ဓစစ်ကြီးဖြစ်တယ်။ အလျှင်စလို ပြု၍မရ၊ အဆွေတော် ဧကရာဇ်မင်းနဲ့ ဗိုလ်ပါအလုံးအရင်းတို့လဲ ဝေးလံသောအရပ်မှ ချီလာကြရတာ ဖြစ်လို့ အမောအပန်းဖြေစေဦး၊ ငါ့ရဲ့ အင်းဝမှာလဲ သူ့ရဲကောင်းတစ်ဦးကို ရွေးချယ်ရဦးမှာဖြစ်တယ်။ အချိန်သင့် စေ့ရောက်သောအခါမှာ နှစ်ဖက်သူ့ရဲကောင်းတို့ စီးချင်းစစ်ထိုးပွဲမှာ တွေ့ကြပါလိမ့်မယ်။ အခွင့်အခါသင့်ချိန်မှာ ငါ့ထံက ရာဇသံ အပြန်လွှာ ရောက်လာစေရပါလိမ့်မယ်"

အင်းဝဘက်မှ စာပြန်သဝဏ်နှင့် အတူ တံ့လက်ဆောင် အပြန်အလှန် ပါးလိုက်၏။ ကောတုဗ္ဗရာဇ်ပြည်ထွက် ကမ္ဗလာနှစ်ဆယ်၊ ခေါင်းအုံးနှင့်တကွ သဇင်ပန်းအပွင့် သုံးဆယ်ပါသော တင်းတိမ်အတောင်ငါးဆယ်တို့ ဖြစ်သည်။

တကောင်းစစ်သံအဖွဲ့ ပြန်လည် ထွက်ခွာသွားကြသည်။ အင်းဝဘုရင်မင်းခေါင်၏ ညီလာခံမှာ တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့သည်။ တိုင်းခြားသံအဖွဲ့ ရှေ့မှောက်တွင် ဣန္ဒြေဖြင့် ဝံ့ဝံ့ကြွားကြွား ရှိခဲ့သော ဘုရင်မင်းခေါင်၏ မျက်နှာပေါ်မှ အပြုံးသည်လည်း ပျောက်ကွယ်သွားသည်။ ပကတိအခြေအနေမှန်ကို ညီလာခံ သုံးသပ်ကြရတော့မည်။

စင်စစ်ကား အင်းဝသည် စစ်ပန်းလှပြီ။ ဟံသာဝတီသုရှင် ရာဇာဓိရာဇ်နှင့် စစ်ပြုခဲ့သည်မှာ ကာလရှည်ကြာရှိခဲ့ပြီ။ သားတော် မင်းရဲကျော်စွာလည်း စစ်မြေပြင်၌ ကျခဲ့ပြီ။ ယခု ချီလာသော တကောင်းတပ်ကြီးမှာ အလုံးအရင်းကြီးမားလှပေသည်။ သူတို့ အင်အားကြီးစွာဖြင့် စစ်ထိုးလာပါကလည်း ခုခံတိုက်ခိုက်ရမည်သာ ဖြစ်၏။ ယခု မြို့ပြကျုံးမြောင်းကိုသာ အခိုင်အခံ့ပြုထားရသည်။ တကောင်းတပ်များ စွဲထားသည်မှာ မိုးဥတုအလယ်တွင် မိုးကြီးသည်းထန်စွာ ရွာသွန်းသဖြင့် တောအလုံး မိုးရေများ အပြန့်အသုံး ဖုံးလွှမ်းနေသည့်နှယ်ဖြစ်၏။ အင်အားချင်းက အဆမတန် မမျှမတ ဖြစ်နေချိန်မှာ အင်းဝကလည်း စစ်ပန်းလျက်ရှိသည်။

တကောင်းဧကရာဇ် စေလိုက်သော ရာဇသံမှာ တရားမျှတသည်ဟု အားလုံးက သုံးသပ်ကြသည်။ သတ္တန္တရကပ်ဘေးမှ ယာယီအားဖြင့် လွတ်မြောက်နိုင်သော အခွင့်အရေးလည်းဖြစ်သည်။ သို့သော် အင်းဝဘက်မှ သူ့ရဲကောင်း မည်သူနည်း။ မည်သို့ရွေးချယ်မည်နည်း။ ထိုသူ့ရဲကောင်းသည် အင်းဝ၏ ထီးနန်း

http://www.nyisay.com



ပလ္လင်နှင့် ပြည်အလုံးကို ကိုယ်စားပြုရမည့်သူဖြစ်သည်။ သူ၏ လှံတစ်ချက်၊ ဓားတစ်ဝင့်၊ မြင်းတစ်ခုန်ပေါ်တွင် အင်းဝ၏ ကံကြမ္မာ တည်မှီနေသည်။ သူ ဘယ်သူဖြစ်မည်နည်း။

တကောင်းဧကရာဇ်ထံမှာတော့ စီးချင်းထိုးပွဲဝင်မည့် သူရဲကောင်းအသင့် ရှိနေပြီဖြစ်သည်။ အင်းဝနှင့် မလှမ်းမကမ်းတွင် တပ်စွဲ စခန်းချထားသော တကောင်းဧကရာဇ်သည် သူ၏ သူရဲကောင်းကို မကြာခဏ လူလုံးထုတ်ပြနေသည်။ ထိုသူရဲကောင်းသည် အင်းဝမြို့ရိုး ကျုံးအဝင် မြေပြင်တလင်းတွင် မြင်းရေး၊ ဓားရေး၊ လှံရေး ပြလျက်ရှိသည်။ နတ်ဘီလူးကြီး တစ်ကောင်နှယ်သော ထိုသူရဲကြီး စစ်ရေးအစွမ်းပြပုံများကို အင်းဝနန်းတော်သား မြို့သားများသည် မြို့ရိုးထိပ်ဆီမှ မြင်တွေ့ခဲ့ရပြီးဖြစ်၏။ ကြီးမားထွားကျိုင်းလှသော ထိုသူရဲကြီးသည် စီးချင်းပွဲထိုးရန် စောင့်ဆိုင်းနေရသည်ကိုပင် သည်းမခံနိုင်သည့်အလား အင်းဝမြေပေါ်၌ မုန်ကျသောဆင်၊ အငွေ့လွှတ်သောနဂါး၊ သားကောင်လိုက်သော ကျားခြင်္သေ့နှယ် ဓားစွယ်လှံစွယ် ဖွေးဖွေးဖြင့် မြင်းရေးလူရေးပြကာ စစ်သွေးစစ်မာန်များကို နှိုးဆွဖော်ထုတ်ပြနေသည်။ သရုပ်ပြတိုက်ပွဲများဖြင့် ပြိုင်ဖက် စစ်သူရဲများကို ကြမ်းတမ်းစွာ အနိုင်ယူထိုးခုတ်ပြနေသည်။ သူ့လူများက သူ့အမည်ကို တစ်ခဲနက် အော်ဟစ်ကြွေးကြော်ပေးကြသဖြင့် အင်းဝသားများသည်ပင် သူ့ကို သိနေကြပြီဖြစ်၏။ နတ်ဘီလူး ကာမဏိ။

"ကာမဏိနှင့် မည်သူစစ်ထိုးမည်နည်း" အင်းဝရွှေနန်းတော်အတွင်းမှ ဘုရင်မင်းခေါင်၏ မေးခွန်းမှာ အဖြေမဲ့ တိတ်ဆိတ်ခြင်းများကိုသာ ပြန်လည်ရရှိနေသည်။ အင်းဝသူရဲကောင်းများမှာ စစ်ပန်းသူ၊ ဒဏ်ရာရသူများချည်းသာ ဖြစ်နေသည်။ တစ်ချိန်တည်းမှာပင် ကာမဏိ၏ သတင်းကြောင့် ဖက်ပြိုင်စစ်ထိုးရန် မဝံ့။ ထွက်လာသူမဲ့ ဖြစ်နေသည်။

ဆွံ့အနေသော ညီလာခံကို စိတ်ပျက်စွာကြည့်ရင်း ဘုရင်မင်းခေါင်ဆိုသည်။

"အင်းဝမှာ ယောကျ်ားမရှိတော့ရင် ငါကိုယ်တော်တိုင်ပဲ ကာမဏိနဲ့စစ်ထိုးရတော့မှာပေါ့"

ထိုအခါမှပင် မှူးမတ်များ၊ ပရောဟိတ်များ၊ ဟူးရားပုဏ္ဏားများ ခေါင်းချင်းတော့ဆိုင် တိုင်ပင်ကြတော့သည်။ ထို့နောက် အားလုံးကိုယ်စား သက်တော်ရှည် အမတ်ကြီးက သံတော်ဦးတင်သည်။

http://www.nyisay.com



"ရတနာပူရပြည်ကြီး၏ ဗြိဟ်ခွင်အနေအထားကို တွက်ချက်စိစစ်ရာတွင် အလုံးစုံ ကောင်းမွန်လျက်ရှိပါသည်။ စစ်မက်ဘေးသင့်စရာ မမြင်ပါ။ ကြုံတွေ့နေရသော အခက်အခဲကိုလည်း လွန်မြောက်ရန်ရှိပါသည်။ တစ်ဖက်သူရဲကောင်းနှင့် စစ်ထိုးမည့်သူရဲကောင်း ပေါ်ထွက်လာဖို့ ရှိပါသည်။ ရန်မီးဟူသမျှ ငြိမ်းပြေသွားပါလိမ့်မည်"

ဘုရင်မင်းခေါင်သည် ထိုသံတော်ဦးတင်ချက်ကို အားရ စိတ်ချနိုင်ခြင်း မရှိချေ။

"အဲဒီသူရဲကောင်းက ကောင်းကင်မှ ကျလာမှာလား၊ မှူးမတ်တို့ စကားဆုံးအောင်လျှောက်"

"လှည့်လည်ရှာဖွေခြင်းအားဖြင့် ပေါ်ထွက်လာပါလိမ့်မယ် ရွှေနန်းရှင်ဘုရား"

၄

**အထျှဦးထောပ်**

"ကြားရဲ့မဟုတ်လား၊ မောင်းနင်းခတ်သံကို"

"ကြားပါရဲ့၊ ကြားပါရဲ့၊ ဆုလာဘ်တော်ကတော့ ကြီးကျယ်လိုက်သမှ မဟာဥပရာဇာအဖြစ် ချီးမြှောက်တော်မူမယ်တဲ့။ သို့ပေမယ့် အသက်မရှိတော့တဲ့ အလောင်းကောင်တစ်ခုက ဥပရာဇာဆိုတာ ဘာသိတော့မှာလဲ"

"သည်လိုလဲ မပြောပါနဲ့လေ၊ ကိုရင့်ဟာက စစ်မရောက်ခင် မြားကုန်သကိုး"

"သည်လိုပဲ ပြောရမှာပဲ၊ ဟို သူရဲကောင်းဆိုတာကြီးကိုလည်း ကြည့်ဦးလေ၊ ကာမဏိဆိုတာကြီးက လူသားစင်စစ်မဟုတ်ဘူးတဲ့။ နတ်ဘီလူးတွေဆီက တန်ခိုးဣဒ္ဓိပါတ်ရထားတဲ့ လူ့ဘီလူးကြီးတဲ့"

"ဒါက သူတို့အချင်းချင်း ဂုဏ်တင်ကြတဲ့စကားပါ ရောင်းရင်းရယ်။ ဒီလောက်လဲ ဟုတ်ဟန်မတူပါဘူး"

"ဟုတ်ဟန်မတူရင် ကိုရင်ထွက်လိုက်ပါလား၊ မဟာဥပရာဇာဖြစ်မယ့်အရေးပဲ"

"အလိုလေး မလုပ်လိုက်ပါလေနဲ့၊ ကိုယ့်ဟာကိုယ်ပဲ အကျဉ်းထောင်မှာ စောင့်နေပါရစေ၊ အသက်လေးတစ်ချောင်း ရှိစုမဲ့စု"

http://www.nyisay.com



"အင်း ဒီတစ်ခါတော့ အခက်ကြီးကြုံရတော့မယ် ထင်ပါရဲ့"

"ကြုံဖို့နီးနေပြီ၊ စီးချင်းထိုးပွဲရဲ့ အရှုံးအနိုင်ရလဒ်က ကြီးကျယ်လှတယ်။ ဒါကြောင့်လဲ ကာမဏီအား စီးချင်းထိုးအနိုင်ရသူကို မဟာဥပရာဇာအဖြစ် ချီးမြှောက်မယ်လို့ ထိုက်ထိုက်တန်တန်ကြီး ကြေညာတာပ။ ရှုံးခဲ့ရင် အဲဒီ ရတနာပူရ အင်းဝပြည်အလုံး တကောင်း ဧကရာဇ် လက်အောက်ရောက်မယ့် အရေးလေ"

"အခု မောင်းနင်းခတ်လှည့်တာ သုံးရက်ရှိပြီနော်၊ တစ်ယောက်မှ ပေါ် ထွက်မလာသေးဘူး"

"ဟုတ်တယ်၊ တစ်စတစ်စနဲ့ နီးလာပြီ။ ခုနစ်ရက်စေ့လို့မှ ထွက်မလာရင်"

"အင်းဝတော့ ပြုတ်ပြုတ်ပြုန်းပြီးပေါ့ ရောင်းရင်းရယ်"

အကျဉ်းထောင်အပြင်ဘက်မှ စကားပြောသံများ တိတ်ဆိတ်သွားသည်။ ထို့နောက် ထွက်ခွာသွားကြသော ခြေသံများကို ကြားလိုက်ရ၏။

ကျောက်သားနံရံ ကြမ်းပြင်တို့၏ အေးစက်မာကျောမှုနှင့် ခြေချင်းလက်ကောက်ဝတ်တို့တွင် တုပ်နှောင်ထားသော သံကြိုးထိပ်တုံးများကို အာရုံမှ ထုတ်ပယ်ပစ်လိုက်သည်။ အကျဉ်းသား၏ စိတ်အတွေးများက အကျဉ်းထောင်ကို လွန်၍ ပျံသန်းသွားတော့သည်။ မဝေးလှတော့သော အတိတ်ဖြစ်ရပ်များ၊ စစ်မြေပြင်နှင့် တိုက်ပွဲများ။

မိမိ၏အရှင်သခင် သုရှင်ရာဇာဓိရာဇ်က ဘုရင့်သားတော်ကြီး ဗညားကျန်း၊ စစ်သူရဲအမတ် ရာဇမနုနှင့် မိမိအပါအဝင် သုံးဦးတို့ကို အမိန့်ပေးခဲ့၏။

"သားတော်ကြီး ဗညားကျန်းက ဗိုလ်မင်း၊ ရာဇမနုက ရှေ့ပြေးတပ်မင်း နေရမယ်၊ သမိန်ဗရမ်းက နောက်ခံတပ်မင်း၊ ညဦးသုံးချက်တီးချိန်မှာ တပ်ကို မီးထင်းတိုက်ပြီး ဟံသာဝတီသို့ဆုတ်ခွာ၊ အင်းဝတပ်တွေ လိုက်လာရင်လဲ အချင်းချင်း ရှေ့နောက်ဆက်ကူပြီး သူတို့တပ် ကွဲအောင်တိုက်၊ ငါက ဥပါယ်ပြုပြီး ရေကြောင်းမှ ဆုတ်ခွာမယ်၊ ငါ ရေကြောင်းက စုန်တာကို အင်းဝဘက်က ကြည်းကြောင်းနဲ့ဆုတ်တယ်လို့ ထင်စေရမယ်"

ညဦးမိုးချုပ်တွင် ရှေ့ဆုံးမှ သမိန်ဥပါကောင်းနှင့် မတ်ကလွံတို့ကို သူရနှစ်ထောင်၊ လှေလေးဆယ်ဖြင့် စုန်စေခဲ့သည်။ ထို့နောက်မှ သုရှင်ရာဇာဓိရာဇ် လိုက်သည်။ သုရှင်၏နောက်မှ သမိန်အဝနိုင် လိုက်သည်။

http://www.nyisay.com



အမိန့်တော်အတိုင်း သားတော်ကြီးဗညားကျန်း၊ ရာဇမနုနှင့် မိမိတို့ ကြည်းတပ်သုံးတပ်ကို မီးတိုက်၍ ခရာဖြင့်အချက်ပေးကာ ခွာခဲ့ကြသည်။ ကြိုတင်တွက်ချက်ထားသည့်အတိုင်းပင် ဖြစ်လာခဲ့သည်။ စောင့်ကြည့်နေသော အင်းဝကင်းသမားများက အင်းဝဘုရင့်သားတော် မင်းရဲကျော်စွာထံ သတင်းပို့ကြသည်။ မင်းရဲကျော်စွာသည် ရာဇာဓိရာဇ် ဆုတ်ခွာပြီအမှတ်ဖြင့် ဆင်တပ်၊ မြင်းတပ်စီရင်ကာ ကြည်းကြောင်းမှ လိုက်ခဲ့သည်။ ထိုအချိန်တွင် ဘုရင်ရာဇာဓိရာဇ်ကား ရေကြောင်းမှ ဘေးရန်မသိ စုန်သွားခဲ့ချေပြီ။

မင်းရဲကျော်စွာတပ်နှင့် မိမိတို့တပ်များ တွေ့ကြသည်။ မိမိက ဆင်ဖြူတော် ဆန္ဒတ္တကိုစီးကာ အင်းဝ ဆင်စီးသူရဲများကို လိုက်ထိုးခဲ့သည်။ အင်းဝဘက်မှ ဆင်များစွာလဲကာ ဆုတ်ခွာသွားကြသည်။ သို့သော် မိမိစီးသော ဆန္ဒတ္တသည် တွင်းနက်တစ်ခုအတွင်း ကျသွားခဲ့သည်။ ညဉ့်အမှောင်နက်သဖြင့် ခြေခင်းလက်ခင်း မကြည်လင်။ တွင်းနက်ထဲမှ မိမိနှင့် ဆန္ဒတ္တတို့ မတက်နိုင် ဖြစ်သွားခဲ့သည်။ တွင်းနက်ထိပ်မှ မင်းရဲကျော်စွာအသံကို ကြားလိုက်ရသည်။

"သမိန်ဗရမ်းရော ဆင်ပါ မသေဇေနဲ့ အရှင်ဖမ်း"

မိမိ သုံ့ပန်းအဖြစ် ရောက်ရှိခဲ့ရလေသည်။

မိမိနှင့် ဆန္ဒတ္တဆင်ကို လက်ရဖမ်းပြီး နောက် မင်းရဲကျော်စွာက သူ့ခမည်းတော် ဘုရင်မင်းခေါင်ထံ ဆက်သချိန်တွင် မင်းရဲကျော်စွာပြောခဲ့သော စကားများ ယခုတိုင် နားမှ မထွက်။

"ခမည်းတော်ဘုရား၊ အခုအခါ ရာဇာဓိရာဇ်ဟာ အဆိပ်မဲ့သောမြွေပမာ ဖြစ်ခဲ့ပါပြီ။ သူ့အားထားရတဲ့ သမိန်ဗြဇ္ဈနဲ့ လဂွန်းအိန်တို့လဲ အနိစ္စရောက်ကုန်ပါပြီ။ ယခု လဂွန်းအိန်နဲ့ ထပ်တူ သူ အားထားရတဲ့ လက်ဝဲလက်ရုံးပမာဖြစ်သော သမိန်ဗရမ်းကိုလဲ သားတော် လက်ရဖမ်းခဲ့ပါပြီ။ ရာဇာဓိရာဇ် အင်အားပျော့ညံ့သွားပါပြီ"

အင်းဝဘုရင်သည် မိမိအား စစ်မြေပြင်မှ အင်းဝသို့ခေါ်ဆောင်ခဲ့ကာ အကျဉ်းထောင်အတွင်း သွတ်သွင်းခဲ့လေသည်။ ယခုတော့ မင်းရဲကျော်စွာလည်း ကျသွားခဲ့ပြီဖြစ်၏။ အင်းဝဘုရင် မင်းခေါင်လည်း အဆိပ်မဲ့ အစွယ်ကျိုးဖြစ်ခဲ့လေပြီ။

မိမိအား အင်းဝအကျဉ်းသားဘဝမှ မလွတ်မြောက်နိုင်သေး။ လွတ်မြောက်ရန် လမ်းစလည်း မမြင်။ ဘုရင်ထံ ပြန်လည်ခိုလှုံရန် အကျဉ်းထောင်

http://www.nyisay.com



မှ ထွက်ပြေးဖို့မှာလည်း အထပ်ထပ် အစီအမံ ထူထဲကျပ်တည်းလွန်းသည်။ မိမိအား အင်းဝဘုရင် အမှည့်ခြွေ ခြွေလေသလား။ အကျဉ်းသားဘဝဖြင့် ဤကျောက်တုံးနံရံ၊ ကြမ်းပြင်၊ သံတိုင်၊ သံခြေချင်း၊ ထိပ်တုံးတို့ကြားမှာ တရိရိ ဆွေးမြည့်ရတော့မည်လား။

သူ့ရဲ့ကောင်းကိုချစ်တတ်သော ပြည့်ရှင်မင်းတစ်ပါးဖြစ်သည့် ဘုရင်မင်းခေါင်သည် မိမိအား နှိပ်စက်ညှဉ်းပန်းခြင်းတော့ မပြုပေ။ အစာနှင့်ရေကိုလည်း ကောင်းမွန်ပြည့်စုံစွာ ပေးမြဲဖြစ်သည်။ သူတို့ အင်းဝအကျဉ်းထောင်အမှုထမ်းများ ကြောက်သောကြောင့် အစာထမင်း ပို့ချိန်တွင်သာ ထိပ်တုံး၌ ခွဲစေခဲ့သည်။ ဤအချိန်များမှာ မိမိသည် အကျဉ်းထောင်အတွင်း လွတ်လပ်စွာနေခွင့်ရခဲ့သည်။ သို့သော် အကျဉ်းသားသည် အကျဉ်းသားသာ ဖြစ်လေသည်။ ဤကျောက်တုံး အကျဉ်းထောင်ဝယ် လွတ်လပ်မှုမှန်သမျှ ပျောက်ဆုံးနေသည်။ လွတ်လပ်ခြင်း သို့မဟုတ် လွတ်မြောက်ခြင်း၏ ရနံ့ကိုသော်မျှ ရှူရှိုက်ခွင့် မရ။

ယခုကား အခွင့်ကောင်းပေါ်ပြီဟု ထင်၏။

တကောင်း ဇကရာဇ် ကြီးမားလှသော စစ်တပ်ကြီး၊ အင်းဝအဝိုင်းခံထားရ၊ စီးချင်းထိုးပွဲ၊ တစ်ဖက်သူရဲကောင်း ကာမဏိ၊ အနိုင်ရလျှင် မဟာဥပရာဇာ အဖြစ် ချီးမြှောက်၊ အင်းဝနန်းတော်အတွင်း မောင်းနှင်းခတ်လှည့်သည်ဟု ဆို၏။ ထောင်အမှုထမ်းနှစ်ဦးတို့ ပြောစကားအရဆိုလျှင် ယခုအထိ ထိုကာမဏိ ဆိုသူနှင့် ယှဉ်ဖက်မည့်သူ မပေါ်သေး။ ရာဇသံအရ စီးချင်းထိုးပွဲ မဖြစ်လျှင် ဘုရင်မင်းခေါင်သည် တကောင်းဇကရာဇ်ကို ရှိခိုးရတော့မည်။ စီးချင်းတိုက်ပွဲ၌ အင်းဝက ရှုံးခဲ့လျှင် တကောင်းဇကရာဇ်နှင့် သူ့တပ်ကြီး အင်းဝကို စီးနင်းသိမ်းပိုက်တော့မည်။ အင်းဝပျက်ပြီ။

ကာလရှည်ကြာစွာ နောက်ကျိခဲ့ခြင်းများ ပေါ့ပါးသွားသလို ခံစားလိုက်ရ၏။

"ပျက်စီးပါစေ၊ ဘုရင်မင်းခေါင် ပျက်စီးခန်းကြုံပြီ။ သင်း အညံ့ခံ၊ တကောင်းဇကရာဇ်က အင်းဝကိုသိမ်း၊ ရုတ်ရုတ်သဲသဲကာလမှာ ငါလဲ တွေ့ရာလူသတ်ပြီး ဟံသာဝတီကို ပြန်၊ ငါ လွတ်ပြီ"

တကောင်းစစ်ရန်သည် မိမိ၏ အကျဉ်းထောင်တံခါးကို ချိုးဖွင့်ပေးသော အခွင့်အရေးကောင်းတစ်ရပ် ဖြစ်လာတော့မည်။ သူရှင်ထံ ပြန်လည်ခစားနိုင်တော့မည်။

http://www.nyisay.com



လွတ်လပ်ခြင်း၏ ထိပ်ဖျားအမျှင်စဖြင့် လွင့်လာသော အတွေးအလျှဉ်သည် သူ့အလိုလိုပင် တုံ့ခနဲ ရပ်သွား၏။

"အို မဟုတ်သေးပါဘူး၊ တကောင်းတပ်ကြီးက အင်းဝနဲ့တင် အားရကျေနပ်လိမ့်မှာတဲ့လား။ အင်းဝကို ရပြီးရင် ဟံသာဝတီကို ဆက်မချီလာဘူးလို့ ပြောနိုင်မလား၊ ဟံသာဝတီကို ဆက်ချီ၊ ပြီး ပွဲတောင်းဦးမှာပဲ"

အတွေးထဲတွင် အခြားအသံတစ်ခု မြည်လာပြန်၏။

"အို ဘာပဲဖြစ်ဖြစ်၊ သူတို့အင်းဝ ဦးစွာ ပျက်မှာပဲ၊ အင်းဝပျက်ရင် ငါလွတ်မှာပဲ။ အင်းဝရဲ့ပျက်စီးခြင်းနဲ့ ငါ့ရဲ့လွတ်မြောက်ခြင်းက တစ်ဆက်တည်းပဲ မဟုတ်လား"

၄

တစ်ညဉ့်၊ တစ်နေ့၊ တစ်ရက် ကုန်ဆုံးခဲ့သည်။ အပြင်ဘက်မှ ထောင်စောင့်အမှုထမ်းတို့၏အသံကို ပို၍ ကျယ်လောင်စွာ ကြားလာရ၏။

"အခုထိ သူရဲကောင်းမရသေးဘူး။ ဘယ်သူမှလဲ ထွက်မလာသေးဘူး။ နောက် နှစ်ရက်သုံးရက်ဆိုရင် ရက်စေ့ပြီ။ တကောင်းတပ်အင်အားက ငါတို့ထက် ၁၀ ဆမက ကြီးတယ်၊ သွားပါပြီ၊ ထောင်းထောင်းပြတ် ကြေကြေပါပြီ"

"မဟာဥပရာဇာ ပေးမယ်ဆိုတာတောင် ကာမဏီကို စစ်ထိုးဝံ့သူ ပေါ်မလာတာ အံ့ဩစရာပဲ။ အေးလေ၊ ဟိုကလဲ လူ့ဘီလူးကြီးဆိုတော့"

"မိုက်ရူးမိုက်ရဲနဲ့ ထွက်လာဝံ့သူရှိရင်လဲ လူ့ဘီလူးကြီးလက်ချက်နဲ့ အသက်ပျောက်၊ စီးချင်းရှုံး၊ အင်းဝက နောက်မှ ကျမှာ၊ ကိုယ်က အရင်သေမှာ"

ထောင်စောင့်တို့၏ အသံများမှာ ပို၍ ထိတ်လန့်ချောက်ချားနေကြသည်။

သူတို့ အင်းဝသားတွေ သွေးပျက်နေကြခြင်းကပင် မိမိအတွက် အရသာရှိလှသည်ဟု သမိန်ဗရမ်း တွေး၏။ သို့သော် သူရဲကောင်းတို့၏ သွေးက တစ်ချက် ပွက်လာ၏။

"လူ့ဘီလူးကြီးက ကာမဏီတဲ့လား၊ သင်းကို ငါ တွေ့ချင်စမ်းလှတယ်"

စစ်သွေးက သွေးတောင်းလာသည်။ ပြိုင်ဖက်မဲ့၊ ထွက်ဝံ့သူမဲ့ဟူသော အသံက မိမိ၏ စစ်သွေးကို ပုတ်ခတ်စိန်ခေါ်နေသည်။

"လူ့ဘီလူးကြီး ကာမဏီဆိုတာကို ငါ ထွက်တိုက်လိုင်ချင်စမ်းပါဘိ တော့၊

http://www.nyisay.com



သင်းကို အနိုင်ယူဖို့ နည်းလမ်း မုချရှိမှာပဲ။ စီးချင်းပွဲဆိုတာ ခွန်အားဗလ ကြီးမားခြင်းက အဓိက မဟုတ်ဘူး။ တိုက်ရည်ခိုက်ရည်သာ ပဓာန၊ သင်းကို ငါ အနိုင်ယူပြလိုက်ချင်ပါဘိ"

ကိုယ်တွင်းမှ အခြားအသံတစ်သံ ထွက်လာပြန်၏။

"အို ဘယ်ဖြစ်မှာလဲ၊ ဒီတာဝန်ကို ငါ ယူလိုက်ရင် အရှင်နှစ်ပါးတို့ရဲ့ အမှုကို ငါ ပခုံးနှစ်ဖက်နဲ့ ထမ်းသလို ဖြစ်တော့မယ်။ ငါ တာဝန်မယူသင့်ဘူး"

နောက်ထပ် အသံတစ်သံက စူးစူးမြည်လာပြန်သည်။

"အင်းဝပျက်ခဲ့ရင် ဟံသာဝတီကို ပြန်ရောက်ဖို့ မရှိတော့ဘူး။ အင်းဝဟာ ဟံသာဝတီရဲ့ မုခ်ဝ တံခါးသဖွယ်ဖြစ်တယ်။ အခုအချိန်မှာ ငါဟာ အင်းဝ ဟံသာဝတီဆိုပြီး မတွေးသင့်တော့ဘူး။ အခုအချိန်မှာ အင်းဝနဲ့ ဟံသာဝတီဟာ အတူတူပဲ ဖြစ်တယ်"

ထိုခဏမှာပင် သမိန်ဗရမ်းသည် အကျဉ်းထောင်အတွင်းမှ လွတ်မြောက်သွားသလို ခံစားလိုက်ရ၏။ ဆန့်ကျင်စွာ အော်မြည်နေကြသော အသံနှစ်သံ ပျောက်သွား၏။ လွတ်မြောက်သွားသော ဝိညာဉ်၏ အတောင်ပံခတ်သံက သမိန်ဗရမ်း နှုတ်မှ ထွက်ကျသွားသည်။

သံတိုင်တံခါးကို လက်နှစ်ဖက်ဖြင့် စုံကိုင် ခါယမ်းလျက် . . .

"ကာမဏိဟာ နတ်ဘီလူးပဲဖြစ်စေဦး၊ သင်း ကောင်းကင်ပျံနိုင်သလား၊ သည်မြေပေါ်မှာ ငါကြောက်ရမယ့်သူမရှိ၊ သင်းကို အနိုင်တိုက်မယ်"

၄

## မြင်း

အကျဉ်းထောင်မှူးကြီးက ရွှေ့တော်ဝင်ခွင့်တောင်းကာ သူကြားခဲ့သိခဲ့ရသမျှတို့ကို ဘုရင့်ထံ သံတော်ဦးတင်ရန် ရှိပါကြောင်း၊ စီးချင်းထိုးပွဲအတွက် အဖြေရလဒ်တစ်ခု ဖြစ်နိုင်ပါကြောင်း ဆိုလာသဖြင့် ဘုရင်မင်းခေါင်က ဝင်ခွင့်ပြုလိုက်၏။

"ရွှေနန်းရှင်၊ စီးချင်းထိုးပွဲ သူရဲကောင်းရှာဖွေသော မောင်းသံကြောင့် ကျွန်တော်မျိုးရဲ့ အမှုထမ်းများ ပြောဆိုနေသံကို ကြားပြီး သူ ဟစ်ကြွေးခြင်းဖြစ်ပါတယ်။ သည်မြေပေါ်မှာ သူ ကြောက်ရမယ့်သူမရှိ၊ ကာမဏိကို အနိုင်တိုက်ဖို့

http://www.nyisay.com



တာဝန်ယူနိုင်တယ်လို့ ကြုံးဝါးဟစ်အော်ပါတယ် ရွှေနန်းရှင်”

ဘုရင်မင်းခေါင် မျက်မှောင်ကြုတ်၍ စဉ်းစားသည်။

ဟံသာဝတီစစ်သူရဲ၊ သံ့ပန်းအကျဉ်းသား သမိန်ဗရမ်း။

“ကြည့်စမ်း၊ သူ့ကိုငါမေ့နေတယ်။ သမိန်ဗရမ်းဟာ ငါ့ရဲ့ အင်းဝတပ်တွေကို ကောင်းကောင်းကြီး မွှေနှောက်ချောက်ချားစေခဲ့သူပဲ။ ဆင်မြင်းလက်နက် ကျွမ်းကျင်ပြီး ပွဲပေါင်းများစွာ ရခဲ့သူဖြစ်တယ်။ သူ့ဆင် တွင်းနက်ထဲကျခဲ့လို့သာ သားတော် လက်ရဖမ်းနိုင်ခဲ့ခြင်းဖြစ်တယ်။ သူ့ကို သစ္စာရေတိုက်ပြီး နှောင်ကြိုးမဲ့ ရှေ့တော်သွင်းခဲ့”

သမိန်ဗရမ်း ရှေ့တော်ရောက်လာသည်။ သံ့ပန်းအဖြစ် အကျဉ်းကျခံနေခဲ့သော်လည်း သူ့အသွင်မှာ ညှိုးနွမ်းမနေဘဲ ပကတိ လန်းဆန်းလျက်ရှိပေသည်ဟု ဘုရင်မင်းခေါင် အားရကျေနပ်ဖြစ်သွား၏။

“ကာမဏိနဲ့ စီးချင်းတိုက်မယ့်သူကို ငါတို့ ရှာမရသေးဘူး။ သည်တာဝန်ကို မောင်မင်း တကယ်ပဲ ယူနိုင်မလား”

“နတ်ဘီလူးဖြစ်ပါစေ၊ ကျွန်တော် မမှုပါ”

“အောင်ပွဲစွမ်းဆောင်နိုင်သူအား မဟာဥပရာဇာအဖြစ် ချီးမြှောက်မယ်ဆိုတဲ့ အမိန့်တော်ကိုလည်း မောင်မင်း ကြားပြီးရော့ထင်တယ်”

သမိန်ဗရမ်း၏ ကိုယ်လုံးကြီး တောင့်တင်းသွားသည်ဟု ထင်ရ၏။

“ကာမဏိကို စစ်ထိုးအနိုင်ယူဖို့ တာဝန်ယူရာမှာ ကျွန်တော် သမိန်ဗရမ်းဟာ ယသပတ္တိနဲ့ ပြည့်စုံသော ဥပရာဇာအဖြစ်ကို အလိုရှိသောကြောင့် မဟုတ်ပါ။ အင်းဝပြည်ကြီးနဲ့တကွသော ရဟန်းရှင်လူ ပြည်သားအများ ချမ်းသာငြိမ်းအေးစေရေးအတွက်သာ ဖြစ်ပါတယ်”

အင်းဝမှူးမတ်များ လှုပ်လှုပ်ရွရွ ဖြစ်သွားဟာ မသဲမကွဲ တီးတိုးရေရွတ်သံများပေါ်လာပြီး သမိန်ဗရမ်းအား ငြူစူသောမျက်လုံးများဖြင့် လှမ်းကြည့်လိုက်ကြသည်။

“သမိန်ဗရမ်း၊ မည်သို့ရှိစေ၊ အောင်ပွဲရသူရဲကောင်းအတွက် ထိုက်တန်သော ဆုလာဘ်ဆိုတာ ရှိစမြဲပဲ။ ယခု ကာမဏိနဲ့တိုက်ဖို့ မောင်မင်း ဘာအလိုရှိသလဲ”

“မြင်းကောင်းတစ်စီး အလိုရှိပါတယ် အရှင်”

“ငါ့မှာ မြင်းကောင်းတွေ ရာထောင်ရှိတယ်၊ မောင်မင်း စိတ်ကြိုက်ရွေး”

http://www.nyisay.com



"အရှင် အကောင်းမှန်သမျှသည် ရှားပါးပါတယ်။ ချိုဆိမ့်သော အရသာကောင်းဆိုတာ မြည်းစမ်းကြည့်မှ၊ ကိုးရည်မီသော ရွှေဆိုတာလဲ မှတ်ကျောက်တင်ကြည့်မှ၊ ဆင်ကောင်းဆိုတာလဲ စီးကြည့်မှ၊ သူရဲကောင်းဆိုတာလဲ တိုက်ပွဲအခါမှ သိနိုင်ပါတယ်၊ အရှင့်မှာ မြင်းကောင်းများစွာရှိသည်ဆိုရာမှာ သံသယဖြစ်ဖွယ် မရှိပါ။ သို့သော် မြင်းကောင်းဆိုသည်မှာလဲ သူ့ကုန်းထက် လက်တင်၊ သူ့ပါးချပ် ဇက်သွင်း စမ်းကြည့်ပြီးမှ သိရမှာပါ"

ဘုရင်မင်းခေါင်က ဟုတ်ပေတယ်ဟုဆိုကာ ရယ်လေသည်။ မှူးမတ်တစ်ဦးက "သမိန်ဗရမ်းဟာ လက်ရုံးတော့ မည်သို့နေမည်မသိ၊ နှုတ်ရေးကတော့ တယ် အာစမောက်သကိုး"ဟု တီးတိုးပြောနေသည်။ တစ်ယောက်ကလည်း "ယသပတ္တိကို မလိုချင်ပါဆိုတာကလဲ ကိုယ်ရည်သွေးစကားပါ။ ဥပရာဇာအဖြစ်ကို ဘယ်သူ မလိုချင်ရှိပါ့မလဲ"ဟု ဆို၏။ ဘုရင်မင်းခေါင်ကား သမိန်ဗရမ်းကို သဘောတွေ့နေပေပြီ။

"စစ်မြင်းတွေ ရှိရှိသမျှ သူ့ကို ပြလိုက်ကြ"

၄

ဘုရင်မင်းခေါင်ကိုယ်တိုင် ထွက်ကြည့်သော မြင်းကောင်းရွေးပွဲသည် မျှော်လင့်သလိုဖြစ်မလာသဖြင့် အားလုံး မျက်နှာမသာမယာ ဖြစ်နေကြ၏။ သမိန်ဗရမ်းသည် မြင်းဇောင်းမှ မြင်းများကို အနီးမှ အကဲခတ်ကြည့်ခြင်း၊ လည်ဆံနှင့် နှာယောင်ကို ပွတ်သပ်ခြင်း၊ ကိုယ်လုံးကို ရိုက်ပုတ်ခြင်း စသည်တို့မှအပ မည်သို့မျှ ထူးခြားသော လှုပ်ရှားမှုမရှိ။

"စစ်သူရဲတဲ့ဗျာ၊ မြင်းရွေးနေပုံက စစ်သူရဲနဲ့မတူ၊ မြင်းပွဲဈေးမှာ မြင်းကုန်သည်၊ မြင်းပွဲစားများ မြင်းရွေးနေသလိုပဲ"ဟု မြင်းဇောင်းအမှုထမ်းများက ရယ်သွမ်းကြသည်။ သမိန်ဗရမ်းကား အင်းဝစစ်မြင်းကြီးများကို တစ်ကောင်ပြီး တစ်ကောင် စစ်ဆေးရင်း ခေါင်းကိုသာ တွင်တွင်ယမ်းနေလေသည်။

"ဒီ ဟံသာဝတီသူရဲကောင်းကတော့ စကားလုံးသာ ဖောင်ဖောင်ပြောတတ်တဲ့ နှုတ်ရေးသမားပါပဲ။ မြင်းရွေးဟန်ပြပြီး အခွင့်ကောင်းရတာနဲ့ ထွက်ပြေးမယ် ထင်ပါရဲ့။ စစ်ပွဲဝင်မြင်းကောင်းတွေကို တစ်စီးမှမရွေးဘဲ အချိန်နှောင်းအောင် လုပ်နေတယ်"ဟုလည်း ဆိုကြသည်။

http://www.nyisay.com



မြင်းများအားလုံးကို စစ်ဆေးရွေးချယ် ငြင်းပယ်ပြီး သမိန်ဗရမ်းသည် ဘုရင့်ရှေ့မှောက် ရောက်လာ၏။

"ကျွန်တော့်စိတ်ကြိုက် မြင်းတစ်စီးမှ မတွေ့ပါအရှင်"

"မြင်းတပ်အစုက မြင်းရေးကျွမ်းကျင်သူအားလုံး မြို့ပြင်ထွက် မြင်းကောင်းရှာကြစမ်း"ဟု ဘုရင်မင်းခေါင် အမိန့်ပေးလိုက်၏။

မြင်းစုအမှုထမ်းများ တွေးတွေးငေးငေး ဖြစ်နေကြသည်။ ဘုရင်မင်းခေါင်က "မောင်မင်းတို့ နန်းမြို့ရိုးအပြင်ထွက်ဖို့ မကြောင့်ကြနဲ့၊ ငါကိုယ်တော်နဲ့ တကောင်းဘုရင်တို့ အချိန်းအချက်ပြုထားတဲ့ အချိန်ကစပြီး မြို့ပြင်ဇနပုဒ်ဒေသများအထိ ဘေးရန်မရှိ မူလပကတိအတိုင်း အေးချမ်းစွာ ဝင်ထွက်သွားလာနိုင်ကြကယ်။ မြင်းကောင်းကို ရအောင်ရှာကြစမ်း"ဟု အလေးအနက် ဆိုလေသည်။

မြင်းစုအမှုထမ်းများ ထွက်ခွာသွားကြ၏။ တစ်မွန်းတည့်ကျော်အချိန်တွင် မြင်းတပ်စုဗိုလ်များသည် မြင်းပျိုတစ်စီးကို ယူလာကြသည်။ မန်ကျည်းစေ့ရောင် ဖိတ်ဖိတ်လက်နေသော မြင်းပျိုကား လုပသန်မာ ရှင်လန်းစွာ ပြေပြစ်သောအချိုးအစားရှိသည့်အပြင် နှာတမှုတ်မှုတ် ခွာတရှပ်ရှပ်ဖြင့် ရုန်းကြွနေ၏။

"ဒီမြင်းကို မောင်မင်းတို့ ဘယ်ပုံရလာတာလဲ"

ဗိုလ်မင်းတစ်ဦးက သံတော်ဦးတင်သည်။

"ဇနပုဒ်တစ်ခုမှာ တွေ့ခဲ့ပါတယ် အရှင်။ ဒီမြင်းပျိုနဲ့ မိခင် မြင်းမကြီးတို့ဟာ ငါးလံမျှကျယ်တဲ့ ရေအိုင်တစ်ဖက်မှာ မြက်စားနေကြပါတယ်။ မြင်းသားအမိပိုင်ရှင်က မုဆိုးမတစ်ယောက်ပါ။ မိန်းမကြီးက ဖွဲနုကျွေးဖို့ခေါ်တဲ့အခါမှာ မြင်းမကြီးက ရေအိုင်ကိုဖြတ်ပြီး လျှောက်လာပါတယ်။ ဒီမြင်းပျိုက ရေအိုင်ကို ကွေ့ပတ်မသွားဘဲ တစ်ချက်နဲ့ခုန်လွှားပြီး ဟိုတစ်ဖက်အထိ အရောက်သွား၊ ဖွဲနုစားတာကို တွေ့ရပါတယ်။ ကျွန်တော်မျိုးတို့ မေးကြည့်တဲ့အခါမှာ မြင်းရှင်မုဆိုးမက မြင်းပျိုဟာ နေ့စဉ်နေ့တိုင်းပဲ ဒီလိုအစာကျွေးရာမှာ ရေအိုင်ကို ခုန်လွှားပြီး လာစားတယ်လို့ ပြောပါတယ်။ အဆက်အပေါက် ပြေပြစ်ပြီး ခွန်အားသန်စွမ်းနုပျိုတာကြောင့် မြင်းကောင်းပေပဲဆိုပြီး ကျွန်တော်မျိုးတို့ ဝိုင်းဖမ်းကြပါတယ်။ မြင်းတပ်အစုက လက်ရွေးစင် မြင်းသမား ၁၀ ယောက်ဝိုင်းဖမ်းတာ မရပါ အရှင်၊ မုဆိုးမကြီးကို အကျိုးအကြောင်းပြောပြတဲ့အခါမှာ မိန်းမကြီးက လတ်ဆတ်တဲ့ ဖွဲနုနဲ့ ရေကန်တစ်ဖက်ဆီက အစာခေါ်ကျွေး၊ မြင်းပျိုက ခုန်လွှားပြီး အစားလာစားစဉ်မှာ မြင်းကိုပွတ်သပ်ပြီး မုဆိုးမက စကားပြောချော့မော့

http://www.nyisay.com



ပေးပါတယ်။ ပြီးတော့ လည်မှာ ကြိုးတပ်ပြီး သစ်ပင်မှာ ချည်နှောင်ပေးပါတယ်။ ဒီအခါမှပဲ ကျွန်တော်တို့ ခေါ်ဆောင်လို့ရပါတယ်"

ဘုရင်မင်းခေါင် အားရစွာဆိုသည်။

"မောင်မင်းတို့ဒီမြင်းကို ရလာပုံနဲ့ မြင်းရဲ့ ကြန်အင်လက္ခဏာကတော့ အလွန်သဘောကျစရာပေပဲ၊ သမိန်ဗရမ်း ဘယ်သို့ဆိုမလဲမသိ"

ထိုအချိန်တွင် သမိန်ဗရမ်းကား မြင်း၏ ကျောထက် လက်တင်ကာ လည်ဆံကိုပွတ်လျက် မြင်း၏ နားရွက်အနီးကပ်၍ တတွတ်တွတ် တီးတိုးပြောနေ၏။ မြင်းပျိုက နားရွက်အစုံကို မတ်မတ်စွင့်လျက် နားထောင်နေ၏။ ထို့နောက် သမိန်ဗရမ်းသည် မြင်းကိုဆွဲလျက် ဘုရင်မင်းခေါင် ရှေ့ဝင်သည်။

"ကျွန်တော့်စိတ်ကြိုက်မြင်းကို ရပါပြီအရှင်၊ သို့သော် မြင်းနဲ့ရင်းနှီးဖို့ ခြေအနှုတ်အသိမ်းနဲ့ အတိုးအဆုတ် အခုန်အပေါက်များအတွက် သူ့ကို လေ့ကျင့်ပေးရပါမယ် ခွင့်ပြုတော်မူပါ အရှင်"

ဘုရင်မင်းခေါင်က ခွင့်ပြုသောအခါ သမိန်ဗရမ်းသည် တုတ်ဓားနှင့် လှံကိုင်ကာ မြင်းပေါ်လွှားတက်ပြီး ကဆုန်စိုင်းနှင်သွားသည်။ ထောင်းထောင်းမြေမှုန့်များနှင့်အတူ မြင်းရောလူပါ အဝေးဆီတွင် သေးငယ် ပျောက်ကွယ်သွား၏။

"သမိန်ဗရမ်း ပလီဉာဏ်သုံးပြီး လှည့်စားသွားပြီ၊ ထွက်ပြေးပြီ" ဟူသော အုတ်အော်သောင်းတင်းအသံများ ထွက်လာသည်။ ဘုရင်မင်းခေါင်က သံသယကို ယုံကြည်မှုဖြင့် ဖုံးအုပ်လိုက်သည်။ ဘုရင်မင်းခေါင်၏ ရာဇက္ကန္ဓြေကို တွေ့ကြသောအခါ တီးတိုးကျွတ်စီသံများလည်း ဆိတ်သွားသည်။

နေစောင်း၍ သုံးချက်တီးအချိန် ရောက်ခဲ့၏။ သမိန်ဗရမ်းသည် မြင်းကို အသားကျအလှစီး၍ မြို့တွင်းဝင်လာသည်။ မှူးမတ်ဗိုလ်ပါတို့ ဟေး ဟေး ဟစ်၍ ကြိုကြချိန်မှာပင် သမိန်ဗရမ်းသည် မြင်းပေါ်မှဆင်း၍ ရှေ့တော်သို့ ဝင်လေသည်။

"ကျွန်တော် မြင်းကို စိတ်တိုင်းကျ လေ့ကျင့်ပြီးပါပြီ အရှင်၊ ကာမဏီကောင်းကင်ပျံတက်စေဦး ကျွန်တော့်လက်က မလွတ်တော့ပါ"

"အားရတော်မူတယ် သမိန်ဗရမ်း၊ စီးချင်းစစ်အတွက် သင် ဘာကို အလိုရှိသလဲ"

"သံခြင်းတစ်ခု အလိုရှိပါတယ် အရှင်"

http://www.nyisay.com



"ဘာအတွက်လဲ သမိန်ဗရမ်း"

"ကာမဏိ ဦးခေါင်းကိုဖြတ်ပြီး မြေမကျခင်မှာ ချွန်းနဲ့ချိန်ပြီး ထည့်ယူလာဖို့ ဖြစ်ပါတယ်"

အသံများ တဝေါဝေါဖြစ်သွားပြန်၏။ "ရွှေနန်းရှင် သူ့ကို မျက်နှာသာပေးတာနဲ့ သူ့စကား ကြီးကျယ်လှတယ်၊ စကားတယ်ကြွားသကိုး၊ ယုန်မရခင်က သံပုရာရှာသကိုး" ဟု ဆိုကြသည်။

ဘုရင်မင်းခေါင်က လက်ဝှေ့ယမ်းလိုက်သဖြင့် အသံများ တိတ်သွားတော့ ဘုရင့်အမိန့်သံ ထွက်လာ၏။

"စစ်ထိုးဖို့ လက်နက်အပြည့်အစုံ၊ ပတ္တမြားစီ မြင်းကကြိုးတန်ဆာ၊ ရွှေကျင်ခတ်ခေါင်းပေါင်း၊ နဝရတ်ကိုးသွယ် လက်စွပ်များနဲ့ သမိန်ဗရမ်းကို ချီးမြှင့်လိုက်တယ်၊ မင်းနန္ဒမိတ်က မြင်းကိုအလှဆင်ပေး၊ တကောင်းကေရာဇ်ထံကို နက်ဖြန်နံနက် မြို့တော်အရှေ့မုခ်ဝ ကျုံးအနီးစစ်ကွင်းမှာ သူရဲကောင်းချင်း စီးချင်းထိုးပွဲ ကျင်းပမည်ဖြစ်ကြောင်း လက်ဆောင်ပဏ္ဏာများနဲ့အတူ ရာဇသံသဝဏ် ပြန်စေလိုက်ကြ"

၄

**စစ်ထည်တော်အထ**

၁၀ ကေအကျယ်ရှိသော စစ်ကွင်း၏ တစ်ဖက်တစ်ချက်စီတွင် ဘုရင်နှစ်ပါးတို့သည် အဆောင်အယောင်အပြည့်ဖြင့် နေရာယူ စံမြန်းကြသည်။ မှူးမတ်ဗိုလ်ပါ ပရိသတ်စုံညီက ယာယီတဲဇရပ်ဆောင်များတွင် နေရာယူကြသည်။ တကောင်းကေရာဇ် တဲနန်းမှာ အဖြူရောင်ဗိမာန်အမိုး၊ ကြက်သွေးရောင် တံခွန်များနှင့် အင်းဝဘုရင် မင်းတဲနန်းမှာ အစိမ်းရောင် ဗိမာန်အမိုး၊ အဝါရောင်တံခွန်များ၊ အပြာရောင် ကြက်လျှာအလံများမှ တောက်ပသော အသွေးတို့ကြောင့် အင်းဝမြို့ရိုး စစ်ကွင်း၏ နံနက်ခင်းကောင်းကင်သည် ပိုမိုလင်းလက်နေသည်။

ချိန်းဆိုသောအချိန်သို့ ကျရောက်ပေပြီ။

တကောင်းပင်မ ပရိသတ်ဆီမှ မြေပြင်သိမ့် ကောင်းကင်တုန်တမျှ ကြွေးညာသံကြီး ထွက်ပေါ်လာသည်။ ကာမဏိထွက်လာ၏။ သူ့မြင်းကား မဟူ

http://www.nyisay.com



ရာအနက်ဖြစ်သည်။ ကာမဏိ၏ ကိုယ်ပေါ်တွင် ရွှေရောင်ကိုယ်ကြပ်ချပ်ဝတ် ကိုယ်လုံးပြည့်ဆင်လျက်၊ ရွှေခါးစည်းကို ချည်ကာ နီစွေးသော ပန်းပွားတို့ ဖွားဖွား လွင့်လျက်၊ ရွှေပြားခတ် ခမောက်ဆောင်းလျက်၊ လက်နက်အစုံလွယ်လျက်၊ ချိတ်ဆွဲလျက်။

အင်းဝ ပရိသတ်မှ တဟေးဟေး ကြွေးညာသံများ တုန်ဟည်းသွားသည်။

သမိန်ဗရမ်းသည် ကိုယ်လုံးပြည့်မဟုတ်သော မိန်ညိုအင်္ကျီကို ချပ်ချပ် ရပ်ရပ် ဝတ်ထားသည်။ ရွှေကျင်ခတ် ခေါင်းပေါင်းအနီ၊ ရွှေဆွဲကြိုး၊ ရွှေလက်ကြပ်၊ ရွှေလက်စွပ်များကြောင့် နံနက်နေရောင်တွင် ပြိုးပြိုးပြက် လင်းနေ၏။ မန်ကျည်းစေ့ရောင် ဖိတ်ဖိတ်တောက်နေသော မြင်းပျိုကား ယခုပင် ခုန်ပျံထွက် တော့မတတ် အကဲဆတ်ကာ ကြွကြွရွရွ ဖြစ်နေလေသည်။

စစ်သူရဲနှစ်ဦးတို့ မြင်းကိုယ်စီဖြင့် ကွင်းလယ်ဗဟို မင်းနှစ်ပါးတို့၏ တဲနန်း ရှေ့သို့ အသာအယာ နှင်လာကြကာ ယှဉ်၍ ရပ်လိုက်ကြ၏။ မြင်းနက်ကြီး စီးလာသော ရွှေရောင်ကိုယ်ကြပ်ကြသေး ချပ်ဝတ် ကာမဏိမှာ လူရောမြင်းပါ သမိန်ဗရမ်းအပေါ်မှ စီးမိုးနေသည်။ မြင်းချင်း ယှဉ်ရပ်ပြီးနောက် တစ်ဖက် တစ်ချက်ရှိ မင်းနှစ်ပါးတို့ထံ ယှဉ်လျက်ပင် ချဉ်းကပ်စီးနင်းသွားကြကာ ဦးညွှတ် ရှိခိုး အရိုအသေ ပေးကြသည်။

ထိုတစ်ချိန်လုံးမှာပင် သမိန်ဗရမ်းသည် အတွေးစိတ်ကူးဖြင့် တိုက်ပွဲ ဗျူဟာများကို စီစဉ်လျက် ရှိလေသည်။

"ကာမဏိရဲ့ ကြသေးချပ်ဝတ်ဟာ အစေ့အစပ် ကောင်းမွန်ပေတယ်၊ ချိုင်း၊ တံတောင်စတဲ့ အဆက်နေရာများမှာတောင်မှ အပ်တစ်ဖျားစာ မဝင်နိုင် လောက်အောင် နန်းနှစ်ထပ် ခတ်ထားတယ်။ လက်နက်လဲ စုံလှတယ်၊ မြင်းချင်း ကတော့ အင်အားတူမျှပုံရတယ်။ သို့သော် သူ့မြင်းဟာ ထွားကြိုင်းလှတဲ့ သူ့ကိုယ်ခန္ဓာကြီးအပြင် လေးလံလှတဲ့ ချပ်ဝတ်များကိုပါ သယ်ပိုးထားရတယ်။ ဒါဟာ မြင်းကို အချိန်မတန်မီ အမောဖောက်စေမယ့် အားနည်းချက်တစ်ခု ဖြစ်စေနိုင်တယ်။ သို့သော် မြင်းအမောဖောက်ပြီး ခြေအနှုတ်အသိမ်း ယိုယွင်း သည်ထားဦး၊ သူ့ချပ်ဝတ်က စေ့စပ်လုံခြုံလှတာမို့ ငါထိုးခုတ်ဖို့နေရာ အခြား မလပ်မရှိဘူး။ တရားနည်းလမ်းကျပြီး သူရဲကောင်းကျင့်ဝတ်နဲ့ညီတဲ့ ပရိယာယ် ဥပါယ်တစ်ခုခု ငါပြုမှ တော်မယ်"

ဘုရင်နှစ်ပါးအား ဦးခိုက်ပြီးသည့်နောက်တွင် ကွင်း၏ တစ်ဖက်အစပ်

http://www.nyisay.com



ဆီသို့ နေရာယူကြရန်။ ထို့နောက် စစ်ထိုးရန်သာ ရှိတော့သည်။ သို့သော် သမိန်ဗရမ်းက ကွင်းစပ်သို့ မြင်းကို နှင်မသွားသေးဘဲ ကာမဏိ၏ မြင်းနှင့် ယှဉ်၍ အသားကျလိုက်လာခဲ့၏။ ကာမဏိက ကြသေးမျက်နှာဖုံးအောက်မှ နားမလည်နိုင်စွာ ကြည့်နေစဉ်မှာပင် သမိန်ဗရမ်းသည် "စကားပြန်တစ်ဦး အလိုရှိသည်" ဟု ဟစ်လိုက်၏။ နှစ်ဖက်ပရိသတ်ကြီးမှာ တိတ်ဆိတ်သွားသည်။ အင်းဝဘက်မှ သူရဲကောင်းသည် စီးချင်းတိုက်ပွဲကို မစသေးဘဲ အဘယ်ကြောင့် စကားပြန်သွယ်ကို တောင်းဆိုနေသလဲ။

တကောင်းဇကရာဇ်က လက်ဝှေ့ယမ်းပြလိုက်ကာ ရာဇသံအဦးပို့လွှတ်စဉ်က အသုံးပြုခဲ့သော စော်ဘွားကို ကွင်းလယ်ဆီသို့ သွားခိုင်းလိုက်၏။

စကားပြန်သွယ် စော်ဘွားမှတစ်ဆင့် သမိန်ဗရမ်းပြောသည်။

"သူရဲကောင်းကာမဏိ၊ သူရဲကောင်းတကာတို့ထက် ဂုဏ်ကြီးတဲ့ကျွန်ုပ်တို့နှစ်ဦး မကြာခင် စစ်ထိုးကြတော့မယ်။ ဒီပွဲမှာ တစ်ယောက်သေမယ်။ တစ်ယောက်ရှင်မယ် ဒီနှစ်ခုပဲရှိတာ သင်လဲ အသိဖြစ်တယ်"

ကာမဏိက ချပ်ဝတ်မျက်နှာဖုံးအတွင်းမှ မျက်လုံးများကို ပြူးကြည့်လျက်ပြန်ပြော၏။

"အကြမ်းဆုံး၊ အမြန်ဆုံးတိုက်ပွဲ၊ သတ်ပွဲ၊ ပြီးရင် ပွဲသိမ်း"

သမိန်ဗရမ်းက ခေါင်းယမ်းလိုက်ပြီး . . .

"မှန်တယ် တိုက်ပွဲကာလ မကြာဘဲ လျင်မြန်စွာ ပြီးဆုံးသွားမှာပဲ။ သို့သော် ကျွန်ုပ်တို့နှစ်ဦး စီးချင်းထိုးကြပါရက်နဲ့ မင်းဇကရာဇ်နှစ်ပါးနဲ့ နှစ်ဖက်စစ်သည်မှူးမတ် ပရိသတ်အဖို့ ဒီတိုက်ပွဲအကြောင်း နောင်အစဉ်အဆက်တသသ ပြောမဆုံးဖြစ်စေမယ့် အခွင့်အရေးကိုတော့ လက်မလွှတ်စေချင်ဘူး"

"သင် . . ဘာကိုဆိုလိုချင်တာလဲ"

"ကျွန်ုပ်တို့ရဲ့တိုက်ပွဲကို ထိုက်တန်စွာ ပြကြရင်ကောင်းမယ်"

"ဘယ်လို ထိုက်တန်စွာပြမှာလဲ"

"သင်ပြောသလို အကြမ်းဆုံး၊ အမြန်ဆုံး၊ အဆုံးသတ်ပွဲ ပွဲသိမ်းဖြစ်သွားရင် တိုက်ပွဲနဲ့ စစ်အလှ ဘယ်မှာပေါ်လွင်တော့မလဲ၊ အကြမ်းတမ်းဆုံးလဲဖြစ်၊ အရက်စက်ဆုံးလဲဖြစ်၊ အလှဆုံးလဲဖြစ်အောင် ကျွန်ုပ်တို့ အချိန်တစ်ခုခု ယူသင့်တယ်"

"ဘယ်လိုလုပ်ချင်သလဲ"

http://www.nyisay.com



"ကာမဏီ၊ စစ်သည်တော်အကကို မြင်းစီးရင်းနဲ့ပဲ သင် ကတတ်လိမ့်မယ်ထင်တယ်။ သင့်ရဲ့ စစ်သည်တော်အကနဲ့ လက်နက်အမျိုးမျိုး ကျွမ်းကျင်စွာ ကစားနိုင်တဲ့ အရည်အချင်းကို အင်းဝဘုရင်နဲ့ ပရိသတ်များ ကြည့်ခွင့်ရကြပါရစေ။ ကျွန်ုပ်ရဲ့ စစ်သည်တော်အကကိုလဲ သင့်ရဲ့သခင် တကောင်းကေရာဇ်နဲ့ စစ်တပ်ကြီး ကြည့်ခွင့်ရပါစေမယ်"

ကာမဏီ အတန်ငယ် ငြိမ်သက်နေပြီးမှ . . .

"ကောင်းတယ်၊ သို့သော် ကျုပ်က ဧည့်သည်၊ စစ်သည်တော်အကကို ကျုပ် အရင်ဦးစွာ ကပြမယ်"

"မှန်ပါတယ်၊ ဧည့်သည်တော်အဖြစ် သင့်ကို အဦးအလှည့်ပေးပါတယ်။ ပိုပြီးလှပတဲ့ နောက်ထပ်အစီအစဉ်တစ်ခုလုပ်ဖို့ ကျွန်ုပ်အခုပဲ စဉ်းစားမိတယ်"

"ဘာလဲ"

"သင်ဦးစွာ စစ်သည်တော်အကကိုကပါ။ အဲဒီအတိုင်း ကျွန်ုပ်လိုက်ပြီး ကမယ်၊ နောက်တစ်လှည့်မှာ ကျွန်ုပ်ကသလို သင်လိုက်ပြီး ကပါ။ ဒါဆိုရင် မကြာခင် ဖြစ်ပေါ်တော့မယ့် အရက်စက်ဆုံး၊ အကြမ်းတမ်းဆုံး၊ အသေသတ်ကြတော့မယ့် တိုက်ပွဲရဲ့ ပဏာမ ရှေ့ပြေး အလှဆုံးနဲ့ ပျော်ရွှင်ဖွယ် အကောင်းဆုံး၊ နောင် သားစဉ်မြေးဆက် တသသ ပြောမဆုံး ကမ္ဘည်းတွင်ရစ်မှာပဲ"

"ကောင်းတယ်၊ အင်းဝ သူ့ရဲကောင်း ကောင်းတယ်"

စကားအဆုံးမှာပင် ကာမဏီသည် မြင်းဇက်ကို ပုံလွှတ်လိုက်၏။ တစ်ဟုန်ထိုး ကဆုန်စိုင်းပြေးနေသော မြင်းနက်ကြီး၏ ကုန်းနှီးပေါ်၌ ကာမဏီသည် မတ်တတ်ရပ်လျက်၊ ပက်လက်လှန်လျက်၊ မြင်းကိုယ်အတိုင်း ထက်အောက်လှည့်လျက်၊ မြင်းဝမ်းဗိုက်အောက်တွင် ချိတ်ဆွဲလျက်၊ ပြေးနေဆဲမှာပင် မြေပေါ်ခုန်ချပြီးမှ မြင်းပေါ်ခုန်တက်လျက်၊ ဝဲယာ ကျော်လွှားလျက်၊ ရှုမငြီးဖွယ် အစွမ်းပြလေသည်။ တစ်ချိန်တည်းမှာပင် ဓား၊ လှံ၊ ဒိုင်း၊ လွှား၊ ကာ၊ အဲမောင်းများကိုလည်း တစ်ခုချင်းအလိုက် အစုံလိုက် ဝှေ့ကာ၊ ယမ်းကာ၊ မြှောက်ကာ၊ လွှင့်ကာ ဖမ်းယူကာ ကစားပြသည်။ စစ်ကွင်းအထက် အင်းဝကောင်းကင်ပြာကား ပရိသတ်၏ တစ်ခဲနက် ကြွေးကြော်သံများဖြင့် သိမ့်သိမ့်ခါနေ၏။

ကာမဏီအလှည့် ပြီးသွားသည်။ သမိန်ဗရမ်းက ထိုလှုပ်ရှားမှုများအတိုင်း တုပ ကခုန်ရမည်ဖြစ်၏။ သမိန်ဗရမ်း၏ မန်ကျည်းစေ့မြင်းပျိုသည် ကာမဏီ၏ မြင်းနက်ကြီးကဲ့သို့ ကဆုန်စိုင်းပြေးမသွားဘဲ လေးဖက်ကျ မနှေးမမြန်ပြေး

http://www.nyisay.com



သည်။ သမိန်ဗရမ်းက ကာမဏိလုပ်ပြခဲ့သည့်အတိုင်း မြင်းရေး၊ လက်နက်ရေး အစွမ်းပြ ကစားသည်။ သမိန်ဗရမ်းနှင့် သူ့မြင်း၏ အရှိန်အဟုန်မြန်ခြင်း မရှိသော်လည်း ကကွက်စွမ်းရည် ပြကွက်များအားလုံးကို လိုက်လံတုပ ပြသနိုင်ပါပေသည်ဟု တကောင်းပရိသတ်များ ကျေနပ်နေကြ၏။

သမိန်ဗရမ်းက မြင်းကို အရှိန်သတ်လိုက်၏။ ထို့နောက် မိမိ၏အလှည့် ယူပြီဟု လက်ဟန်ဖြင့်ပြကာ မြင်းကို စစ်ကွင်းအဝန်းအတိုင်း ကဆုန်စိုင်းစေလိုက်၏။ ထို့နောက် ပြေးနေသောမြင်းနောက်သို့လိုက်ကာ မြင်းပေါ်ခုန်တက်စီးရာမှ မတ်တတ်ရပ်လိုက်ပါသည်။ လက်နက်များကို မသုံးတော့၊ လက်ချည်းသက်သက် လက်နှစ်ဖက်စလုံးဆန့်ကာ၊ တန်းကာ၊ မြှောက်ကာ၊ ဝင့်ကာ၊ လွှဲယမ်းကာ လှပစွာ ကလေသည်။ စစ်ကွင်းသုံးပတ်အထိ မြင်းကိုပြေးစေကာ မြင်းပေါ်တွင် ခြေစုံရပ်လိုက်ပါရင်း ထိုလက်အလှ ကကွက်များကို ပြသသည်။ ပရိသတ်တဲများ၊ စရပ်များအထက်၌ ဦးရစ်ခေါင်းပေါင်းများ ဖွေးဖွေးလှုပ်သွားလေသည်။

ကွင်းသုံးပတ်စေ့၍ မြင်းကိုအရှိန်လျှော့စေကာ ပြန်ထိုင်လိုက်ပြီးနောက် သမိန်ဗရမ်းသည် ဇက်သတ်လိုက်၏။ ကာမဏိက ထိုအတိုင်း လိုက်လံတုပရမည့်အလှည့်။ ဟံသာဝတီသား သူရဲကောင်း၏ လက်မောင်း၊ လက်ရုံး၊ တံတောင်၊ လက်ဆစ်လှည့် အကကွက်များကို တကောင်းဧကရာဇ် စိနရဋ္ဌသူရဲကောင်းကြီး မကတတ်။ သို့သော် ကာမဏိသည် အတတ်နိုင်ဆုံးတုပ၍ လက်နှစ်ဖက်ကို ဝှေ့ယမ်းလျက် လှုပ်ရှား ကပြလေသည်။ အင်းဝပရိသတ်တို့မှာ မကြာမီ ရှုစားကြရတော့မည့် ရက်စက်ကြမ်းကြုတ်သော အသေသတ်ပွဲကိုပင် မေ့လျော့ကာ ပျော်ပွဲရွှင်ပွဲပမာ တဟေးဟေး ကြွေးကြော်အားပေးကြလေသည်။

စစ်သည်တော်အကနှင့် အလှပြစွမ်းရည်များ ပြီးဆုံးသွားလေပြီ။

သူရဲကောင်းနှစ်ဦးတို့သည် ကွင်းအစပ် တစ်ဖက်စီ၌ မြင်းကိုယ်စီဖြင့် နေရာယူလိုက်ကြ၏။ ကောင်းကင်ပွင့်တမျှ ဟိန်းဟိန်းညံခဲ့သော တစ်ခဲနက် အသံများသည် ညီညာစွာ တိခနဲ ပြတ်တောက်သွားသည်။ တဲနန်းတို့ အထက်လေတွင် ဖျပ်ဖျပ်လွင့်သော တံခွန်အလံတို့၏ အသံမှအပ ပကတိတိတ်ဆိတ်ခြင်း . . . ။

ထိုတိတ်ဆိတ်ခြင်းကို မြင်းနှစ်စီး၏ ခွာသံဖြောင်းဖြောင်းက ဖြိုခွဲလိုက်၏။ ရင်ဆိုင်းဒုန်းစိုင်းလာကြသော မြင်းများထက်တွင် ကာမဏိက အဲမောင်းတစ်ဖက်၊ ဓားကောက်တစ်ဖက် သမိန်ဗရမ်းက လှံရှည်တစ်ဖက်၊ ဓားလွတ်တစ်

http://www.nyisay.com



ဖက် ဆွဲလာကြသည်။ မြင်းနှစ်စီး ကွင်းလယ်တွင် ဆုံသည်။ ပြင်းထန်သော ထိခတ်သံများ ပေါ်လာသည်။ အဲမောင်း၊ ဓားကောက်၊ လှံရှည်၊ ဓားလွယ်တို့၏ အသွားချင်းဆုံရာမှ မီးပွင့်မီးပွားများသာ ပြိုးပြက်ဖွာထွက်လာကြသည်။ မည်သူမျှ အလွင့်အစင်မရှိ။ နှစ်ဖက်ပရိသတ်တို့၏ ဟစ်ကြွေးသံများ ထွက်ပေါ်လာချိန်တွင် တိုက်ပွဲမြင်ကွင်းက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေသည်။

သမိန်ဗရမ်းက မြင်းကိုခွာထုတ်ကာ ဇက်ထုတ်၍ ကဆုန်စိုင်းထွက်သည်။ ကာမဏိက ဖိ၍ လိုက်တိုက်သည်။ သမိန်ဗရမ်းက လှည့်ထွက်ရင်း စစ်ခံစစ်ဆုတ်ဖြင့် ပြန်တိုက်သည်။ အကြိမ်များစွာပင် သမိန်ဗရမ်း၏ မြင်းသည် ကာမဏိမြင်း၏ ရှေ့ဘက်ရောက်လိုက်၊ နောက်ဘက်ရောက်လိုက် ပြောင်းသည်။ တစ်ခါတစ်ရံ ကာမဏိ၏ မြင်းသည် စက်ဝိုင်းသဏ္ဍာန် ပတ်ပြေးသော သမိန်ဗရမ်း မြင်း၏ စက်ဝိုင်းမျဉ်းဗဟိုချက်နေရာသို့ ရောက်သွားပြီး ဗဟိုချက်မှာပင် လှည့်နေသည်။ တစ်ခါတစ်ရံ ကာမဏိမြင်းက စက်ဝိုင်းအနားရေ အတိုင်းလှည့်ပတ်ပြေးသည်။ ထိုအတိုင်းပင် ကွင်းနှစ်ပတ်မျှ ကဆုန်စိုင်းမိကြသည်။

ကာမဏိ၏ မြင်းနက်ကြီး တရှူးရှူးနှာမှုတ်ရင်း လည်ပင်းတစ်လျှောက် ချွေးများသီးလာကာ ခြေအနှုတ်အသိမ်း ယွင်းလာသည်ကို သမိန်ဗရမ်း မြင်လေပြီ။ ထို့ထက်မူကား ကာမဏိ၏ ကြသေးချပ်ဝတ် အဆက်အစပ်နေရာအချို့။

မိမိမြင်းပေါ်တွင် ခြေစုံရပ်ရင်း လက်ချည်းသက်သက် ဝှေ့မြောက်ကာ လက်အလှ ကခဲ့သည်ကို ကာမဏိတုပ၍ ကခဲ့စဉ်ကတည်းက သမိန်ဗရမ်း မျက်ခြည်မပြတ် ကြည့်ခဲ့သည်။ ကာမဏိ၏ ကြသေးချပ်ဝတ်မှ အကြားအလပ် မရှိ အစေ့အစပ်ကောင်းလှသော နန်းမျှင်နှစ်ထပ်တို့ဖြင့် ခတ်ချုပ်ထားသည့် ချိုင်းအစပ်နေရာ၊ လက်အလှက ကတည်းက ထိုချိုင်းစပ်နေရာမှ နန်းမျှင်ချုပ်ကြိုး အဆက် ဟသွားခဲ့သည်။ ယခု ကွင်းတစ်လျှောက် မိမိအား အပြင်းအထန် လိုက်လံ ထိုးခုတ်ချိန်တွင် ထိုနေရာ၏ စေ့စပ်မှုသည် ပို၍ လျော့ရဲသွားခဲ့ပြီ ဖြစ်၏။

သမိန်ဗရမ်း သေနင်္ဂပြောင်းလိုက်သည်။ မန်ကျည်းစေ့ရောင် မြင်းဖျိုသည် ရှေ့ခွာအစုံမြှောက်ကာ တစ်ချက် စူးစူးကျိုကျိုမြည်လိုက်၏။ ထို့နောက် ကာမဏိထံ မြားတစ်စင်းနှယ် တစ်ဟုန်ထိုး ဝင်သည်။ ကာမဏိကမူ သူ့မြင်းနက်ကြီး သက်လုံဖောက်စပြုလာပြီကို သိသဖြင့် မြင်းအရှိန်ကို အားမပြုဘဲ မနှေးမမြန် စိုင်းဝင်လာသည်။ သူ့လက်တွင် ဓားသွားတပ် လှံရှည်ကြီးကို ဆွဲလျက် ဦးခေါင်း

http://www.nyisay.com



အထက်၌ တဝီးဝီးလည်ပတ်စေရင်း နင်းကွင်းအပေါ် ခြေစုံရပ်လာသည်။

နှစ်လံ၊ သုံးလံ အကွာတွင် မြင်းနှစ်စီး ဆုံကြ၏။ ကာမဏိက ဓားသွားတပ် လှံရှည်ကို အထက်သို့ ပင့်မြှောက်ကာ သမိန်ဗရမ်း၏ ရင်အုံသို့ ချိန်ရွယ်သည်။ သမိန်ဗရမ်းက အသားကျထိုင်လျက် လှံလျင်ကိုသာ ကိုင်ဆွဲလာသည်။ သမိန်ဗရမ်း၏အကြည့်က လက်ရုံးအကုန်ပင့်မြှောက်ထားသော ကာမဏိနန်းမျှင်ခတ် ကြေးဝတ် ချိုင်းအစပ်ပင်ဖြစ်သည်။ ထိုနေရာ ပြတ်တောက်နေပေပြီ။

လွှတ်တော့အံ့ဟူ၍ ကာမဏိက ဓားသွားတပ်လှံရှည်ရိုးကို ဆုပ်လျက်နောက်သို့ အားကုန်လွှဲလိုက်သည်။ မျက်တောင်တစ်ခတ် နှစ်ခတ်မျှ စော၍ သမိန်ဗရမ်း လွှတ်လိုက်သောလှံလျင် ပျံထွက်သွားသည်။ လှံလျင် စွဲဝင်ထိုးဖောက်သွားသောနေရာကား ကာမဏိ၏ ချပ်ကြိုး နန်းမျှင်ပြတ် ချိုင်းအစပ်နေရာ။

ထုတ်ချင်းဖောက် လှံလျင်ကြောင့် ကာမဏိ ယိမ်းယိုင်သွား၏။ ထိုအခါ မေးနှင့်ပခုံးကြား အုပ်ဖုံးထားသော နန်းမျှင် ချပ်ဝတ်အကာလည်း အနည်းငယ် လစ်ဟသွားသည်။ ပြက်ခနဲ လက်သွားသော အလင်းရောင်တစ်ခု၊ သမိန်ဗရမ်း၏ဓားသည် လျှပ်စီးကြောင်းတစ်ခုနှယ် လှုပ်ရှားသွား၏။ အခြားမဲ့၌ကား ကာမဏိ၏ ဦးခေါင်းသည် သူ၏ကိုယ်ပေါ်တွင် မရှိတော့ချေ။ သို့သော် ထိုဦးခေါင်းသည် မြေသို့လည်း လွင့်စင်ကျမသွား၊ ပခုံးနှစ်ခုအကြားမှ စဉ်ထွက်ကျသွားသော ထိုအရာကို သမိန်ဗရမ်းက ချွန်းဖြင့် ချိတ်ယူကာ သံခြင်းထဲသို့ ပစ်ထည့်လိုက်၏။

ကောင်းကင်အလုံး မြေအနှံ့ ကွဲအက်ထစ်ချုန်းသည့်နှယ် အသံများ။

၄

**ထုလာထ်**

တကောင်း ဇကရာဇ်ကြီး ကတိသစ္စာမြဲခဲ့လေသည်။ ကာမဏိကျဆုံးသွားသည်နှင့် 'သမိန်ဗရမ်း' ဟူသော ကြွေးကြော်သံများ၊ 'ရတနာပူရအင်းဝ' ဟူသော ဟစ်ကြွေးသံများ ပေါက်ကွဲထွက်ပေါ်နေချိန်တွင် တကောင်းစစ်တဲနန်းမှ မှူးမတ်၊ ဗိုလ်ပါ၊ သေနာပတိများ၏ ဆိုနစ်တုန်လှုပ် တီးတိုးသံများ

http://www.nyisay.com



ကျွက်ကျွက် ညံခဲ့သည်။

"အင်းဝမြို့ရိုးကို နင်းချေတိုက်ခိုက်ပါ အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ တပ်ကြီးများက လူတစ်ကိုယ် ရွှံ့လက်တစ်ဆုပ် ပစ်သွင်းရုံနဲ့ အင်းဝမြို့ရိုး မြုပ်နိုင်ပါတယ်။ ကာမဏီ ဆုံးပေမယ့် စစ်မရှုံးသင့်ပါဘူး"

တကောင်းဇကေရာဇ်က လေးနက်စွာ ခေါင်းယမ်း၏။

"ကတိပြု သစ္စာဆိုထားပြီးကာမှ မိမိသူရဲကောင်း ကျဆုံးခဲ့လို့ ထိုကတိသစ္စာကို ဖျက်မယ်ဆိုရင် ထိုသူဟာ မင်းဇကေရာဇ်မဟုတ်တော့ဘူး။ နောင်အခါ အင်းဝသားတို့က တကောင်းဘုရင်သည် သစ္စာမရှိ၊ ကတိမတည်လို့ ကဲ့ရဲ့ပြောဆိုကြမည်ကို အဖြစ်မခံနိုင်ဘူး။ ငါဟာ လူ့စည်းစိမ်ကို ထားဘိဦး နတ်မင်းစည်းစိမ် ဒိဗ္ဗသမ္ပတ္တိထက် သစ္စာကတိကို ပို၍ချစ်သူ မင်းကောင်း မင်းမြတ်ဖြစ်ကြောင်း ပြသရလိမ့်မယ်။ တပ်တွေအားလုံး ပြန်ရုတ်ကြ၊ အခုပဲ အင်းဝမြေက ခွာမယ်"

တကောင်းဇကေရာဇ် သစ္စာမြဲသလိုပင် အင်းဝဘုရင်မင်းခေါင်လည်း မိမိ၏အမိန့်နှင့် ကတိကို ထိန်းသိမ်း၏။ ဦးစွာ အင်းဝနေပြည်တော်၏ ဂြိုလ်ခွင်နက္ခတ်အနေအထားများ ကောင်းမွန်ကြောင်း ဟောကိန်းထုတ်ပေးသော ရာဇပုရောဟိတ် ပုဏ္ဏားများအား ဆုလာဘ်ဘဏ္ဍာ အများအပြား ချီးမြှင့်လိုက်သည်။ ထို့နောက် မြင်းရှင်မုဆိုးမကြီးအားလည်း တစ်သက်စာ ဖူလုံစေမည့် ဥပဘောဂ၊ ပရိဘောဂများ ပေးသနားလိုက်သည်။

အောင်ပွဲရ သမိန်ဗရမ်းကိုကား အင်းဝ၏ ကယ်တင်ရှင် သူရဲကောင်းအဖြစ် မဟာဥပရာဇာ ဆောင်နှင်းလွှဲအပ်ရမည်ဖြစ်လေသည်။ သို့သော် ရာဇဝံသအရ အခက်တစ်ရပ် ကြုံလာရ၏။ သမိန်ဗရမ်းသည် သုံ့ပန်းအဖြစ်မှ လွတ်ပြီးသူ ဖြစ်ရုံးမှန်၏။ သို့သော် သမိန်ဗရမ်းသည် ဟံသာဝတီ မျိုးနွယ် ဖြစ်ချေသည်။ အင်းဝသားမဟုတ်၊ မျိုးတူသော်လည်း အနွယ်ခြားသူဖြစ်နေ၏။ ထို့အပြင် သူသည် စစ်သူရဲကောင်းတစ်ဦးသာဖြစ်သည်။ ရာဇသွေးပါသူမဟုတ်၊ သိမ်မွေ့သော အင်းဝဥပရာဇာအဖြစ် အပ်နှင်းရေးကို အဟန့်အတားပြုနေကြသည်။

ရာဇဝံသ ဖြစ်စဉ်ဖြစ်ရပ်များတွင် ထီးနန်းပလ္လင် အရှင်သခင်ကို လုပ်ကြံလျက် ထီးနန်းပလ္လင်ထက် တက်ခဲ့သော ငတပါးမင်းများ၊ မိမိ၏ လက်ရုံးနှလုံးအစွမ်းဖြင့် ထီးနန်းပလ္လင်ကို အရယူနိုင်ခဲ့သော စစ်သူရဲများ ပေါ်ပေါက်ခဲ့ဖူးသည်။ ထိုအရေးကား ရှင်းလင်းပြတ်သားသည်။ ယခုကား အိမ်ရှေ့စံ ဥပရာဇာ

http://www.nyisay.com



ဖြစ်၏။ အိမ်ရှေ့စံ ဥပရာဇာဟူသည် ထီးနန်းသခင်၏ သားတော်၊ ညီတော်သာ ဆက်ခံရသော အရိုက်အရာဖြစ်၏။ သွေးသားအားဖြင့်သော်လည်းကောင်း၊ အနွယ်အစဉ်အားဖြင့်သော်လည်းကောင်း၊ အမျိုးအဆွေအားဖြင့်သော်လည်းကောင်း တော်စပ်သူဖြစ်ရပေသည်။ သမိန်ဗရမ်းကား ထိုရာဇဝံသ အစဉ်အလာ တစ်ခုခုနှင့်မှ မသက်ဆိုင်သူ ဖြစ်နေသည်။

ထိုအခက်အခဲကို ဖြေရှင်းနိုင်ရန် တစ်ခုတည်းသော ခြွင်းချက်သာရှိသည်။ ယင်းကား သမိန်ဗရမ်းအား အင်းဝရွှေနန်းရှင်၏ သွေးမတော်သော်လည်း သားစပ်သော အနွယ်အဖြစ် ပြောင်းလဲထားရှိရေးပင်ဖြစ်၏။ သွေးမတော်ဘဲ သားစပ်နိုင်ရေးကား ဘုရင့်သမီးတော်နှင့် လက်ဆက်စေခြင်းပင် ဖြစ်လေသည်။ ဘုရင့်သားမက်တော်ဟူသည် အကြောင်းပေါင်းစုံ ညီညွတ်ပါက သားတော်နှင့် မခြား ရာဇဝင်သတွင် အကျုံးဝင် သွတ်သွင်းခံနိုင်ခွင့်ရှိပေသည်။

စီးချင်းတိုက်ပွဲ၏ နောက်နေ့၊ သမိန်ဗရမ်း ပါဝင်တက်ရောက်သည့် ညီလာခံတွင် ဘုရင်မင်းခေါင်က ထိုအကြံကို ဖွင့်ဟမိန့်တော်မူလိုက်၏။

သမီးတော်နှင့် လက်ဆက်ပြီး သမိန်ဗရမ်းကို ဥပရာဇာအပ်နှင်းရေး၊ တကောင်းဧရာဇ်ထံမှ ရာဇသံ ရောက်ခဲ့စဉ်တုန်းကကဲ့သို့ပင် ညီလာခံသည် အသံဆိတ်နေပြန်သည်။ တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖြိုခွင်းလိုက်သူကား သမိန်ဗရမ်း။

"ကျွန်တော်မျိုး တင်လျှောက်ပါရစေ၊ အရှင့်အမှုတော်ကို ကျွန်တော် ထမ်းရွက်ခဲ့ရာမှာ အရင်းခံ ဆန္ဒလေးခုရှိပါတယ်။ ပထမဆန္ဒက သံခြေချင်းအခတ်ခံထားရတဲ့ သုံ့ပန်းအကျဉ်းသားအဖြစ်က လွတ်မြောက်လိုခြင်း ဖြစ်ပါတယ်။ ဒုတိယက ကာမဏိကို အနိုင်စစ်ထိုးပြီး ကိတ္တိယသ ကျော်ဇောမှုကို အခွန့်ရှည် ဥဒါန်းတွင်စေလိုတဲ့ ဆန္ဒပါ။ ထိုဆန္ဒ နှစ်ရပ်စလုံးနဲ့ ပြည့်စုံခဲ့ပါပြီ။ သို့သော် မကုန်သေးပါ၊ တတိယ ဆန္ဒကား အရှင့်အမိန့်အတိုင်း စီးချင်းထိုးပွဲကို အောင်မြင်ခဲ့သော် ပေးအပ်လာမယ့် ဆုလာဘ်ကို ကျွန်တော်မျိုးငြင်းပယ်တဲ့အတွက် အမိန့်တော်မနာခံသူအဖြစ် ကွပ်မျက်လိုလဲ ကွပ်မျက်လိုက်စေတော့ဆိုတဲ့ ဆန္ဒပါ။ စတုတ္ထ ဆန္ဒကတော့ မကွက်မျက်ဘဲ အသက်လွတ်တယ်ဆိုရင် ဟံသာဝတီသို့ ပြန်ခွင့်ပြုစေလိုတဲ့ဆန္ဒ ဖြစ်ပါတယ်။ ဒါကြောင့် အရှင်မင်းမြတ် ပေးသနားချီးမြောက်သော သမီးတော်နှင့်စုံဖက်၊ ဥပရာဇာအဖြစ် ဆောင်နှင်းဆိုသောအရာဟာ ကြီးမျှားလှသော ကျေးဇူးဂုဏ်ဖြစ်ပေမယ့် ကျွန်တော်မျိုး ဒီဆုကို လက်မခံ

http://www.nyisay.com



ပါရစေနဲ့။ အမိန့်တော်ကျူးတယ်ဆိုပြီး ကွပ်မျက်လိုလဲ ကွပ်မျက်ပါ၊ သို့တည်း မဟုတ် အသက်လွှတ်မယ်ဆိုရင် ဟံသာဝတီကို ပြန်ပါရစေ”

သက်ပြင်းရှိုက်သံများ ညီလာခံအတွင်း အလျှိုလျှို ပေါ်လာကြသည်။ ဘုရင်မင်းခေါင်မှာ အသက်ပင်ရှုပါလေစဟု ထင်ရလေသည်။ ငြိမ်သက်ခြင်း မက ငြိမ်သက်နေသော အင်းဝဘုရင်၏ အတွေးထဲမှာကား ဆူညံပေါက်ကွဲနေ၏။

“ကျေးဇူးကြီးမားလှတဲ့ သမိန်ဗရမ်းကို အမိန့်မနာခံသူအဖြစ် ကွပ်မျက် ပစ်ရန် လုံးဝမဖြစ်။ အသက်လွှတ်ပြီး ဟံသာဝတီကို ပို့ဖို့ကလည်း ဟံသာဝတီ ဘုရင်ရာဇဓိရာဇ်နဲ့ စစ်ကမပြီးသေး။ သမိန်ဗရမ်း အင်းဝမှာပဲ ရှိနေရမယ်။ သို့သော် ဘယ်လိုနည်းနဲ့ သူ့ကိုတားရမလဲ။ အကျဉ်းထောင်ထဲ ပြန်ပို့ဖို့လဲ မဖြစ်နိုင်။ သူကလဲ သမီးတော်နှင့်တကွ ဥပရာဇာအဖြစ်ကိုပါ ငြင်းပယ်နေ။ သူလိုလားတဲ့ ပထမဆန္ဒနှစ်ခုကတော့ ပြည့်စုံခဲ့ပြီ၊ တတိယနဲ့ စတုတ္ထကတော့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ဆန္ဒတွေ”

ဘုရင်မင်းခေါင် စကားတစ်လုံးမှ မမိန့်ဘဲ အတွင်းဆောင်သို့ ပြန်ဝင် သွား၏။ ညီလာခံ စဲပြီဖြစ်၍ မှူးမတ်များလည်း နေရာမှ ဆုတ်နစ်ကြသည်။ သမိန်ဗရမ်းကား နောက်ဆုံးမှ ပြန်သူဖြစ်လေသည်။ သမိန်ဗရမ်းနောက်ထပ် စီးချင်းစစ်ထိုးပွဲ တစ်ခုကို ကြုံရပြန်သည်။ ဘုရင်မင်းခေါင်၏ ဆန္ဒကို မိမိမည် သို့မျှ မလိုက်လျောနိုင်သလို မိမိ၏ဆန္ဒကိုလည်း အင်းဝဘုရင် မည်သို့မျှ လိုက်လျောနိုင်လိမ့်မည်မဟုတ်။ တစ်ဦး၏ဆန္ဒကို တစ်ဦးမဖြည့်စွမ်းနိုင်ကြသော ရန်ဖက်မဟုတ်သည့် ဆန့်ကျင်ဘက်နှစ်ခု၏ စီးချင်းထိုးပွဲ။

သမိန်ဗရမ်း သုံးသပ်သည်။ ဘာကြောင့် ကာမဏိနှင့် စစ်ထိုးခဲ့ပါသလဲ။ မိမိရင်တွင်း၌ အစစ်တကယ်ပေါက်ဖွားခဲ့သည့် ဝေဒနာကိုသာ ညွှန်ပြတိုင်တည် ရတော့မည်ဖြစ်၏။ အင်းဝသည် ဟံသာဝတီသို့ ချီရာလမ်းပေါက်၊ တစ်နည်း အားဖြင့် အင်းဝသည် ဟံသာဝတီ၏ မုခ်ဝ။ ကာမဏိကို စစ်ထိုးနိုင်သူ မပေါ် ပေါက်ခဲ့ပါက ရာဇသံအတိုင်း တကောင်းဧကရာဇ်သည် အင်းဝကို သိမ်းပိုက် မည်မုချ။ သို့သော် ထိုမျှမက တကောင်းဧကရာဇ်သည် အင်းဝမျှနှင့် ရောင့်ရဲ လိမ့်မည်မဟုတ်။ ဟံသာဝတီသို့ ပြန်ရောက်ရန်လမ်းစရှိတော့မည်မဟုတ်။ ထို့ကြောင့် တကောင်းဧကရာဇ်၏ ကြီးမားသောစစ်ကို အင်းဝမှသာ ဟန့်တား ဖျက်ဆီးရမည်။ တကောင်းစစ်ကို အင်းဝမှ ဟံသာဝတီသို့ ဆက်လက်မစုန်စေ

http://www.nyisay.com



သင့်။ အင်းဝကို ကယ်တင်ခြင်းသည် ဟံသာဝတီ ပျက်စီးခြင်းဖြစ်သည်။ အင်းဝနှင့် ဟံသာဝတီသည် ဘုရင်မင်းခေါင်နှင့် ရာဇဓိရာဇ်တို့အားဖြင့် ပိုင်းခြားစေကာမူ အင်းဝမရှိတော့။ ဟံသာဝတီ မရှိတော့။ တစ်သားတည်း၊ တစ်စုတစ်ခဲတည်းဖြစ်သည်။ စီးချင်းထိုးပွဲကို မိမိ လက်ခံလိုက်ခြင်း၏ အရင်းအမြစ်သည် ထိုဝေဒနာ ထိုအတွေးပင် ဖြစ်ချေသည်။

ထိုဝေဒနာ ထိုအတွေးကို မည်သူ့အားမျှ ဖွင့်ဟမပြောတော့ဘဲ မိမိရင်တွင်း၌သာ တစ်သက်လုံး သိမ်းဆည်းထားရန် သမိန်ဗရမ်း ဆုံးဖြတ်လိုက်၏။ သို့သော် ယခုကြုံနေရသော စီးချင်းထိုးပွဲကား အဘယ်သို့နည်း။ ကြမ်းကြုတ်ခက်ထန်သော မြင်းစီးသူရဲကြီး ကာမဏိမဟုတ်။ သိမ်မွေ့ခက်ခဲသော အလိုဆန္ဒနှစ်ခု၏ စီးချင်းထိုးပွဲ။

၄

**ထရုဇထ**

အတွင်းတော်ဆောင်၌ ဘုရင်မင်းခေါင်သည် ဥပရာဇာအရေးတော်အကျပ်အတည်းကို အဂ္ဂမဟေသီနှင့် နှစ်ကိုယ်ကြား နှစ်နားဖွင့်ဟ တိုင်ပင်လေသည်။

"သမိန်ဗရမ်းက သူ့သခင် ရာဇဓိရာဇ်အပေါ် သစ္စာမြဲမြဲလွန်းလှတယ်။ သူက သမီးတော်နဲ့ ထိမ်းမြားပြီး အိမ်ရှေ့ပေးတာကို ငြင်းပယ်ပြီး သူ့ကိုအမိန့်မနာခံမှုနဲ့ ကွပ်မျက်ဖို့ သို့မဟုတ် ဟံသာဝတီပြန်လွှတ်ဖို့ ဒါကိုပဲ တောင်းဆိုတယ်။ ငါပေးတဲ့ စည်းစိမ်သမ္ပတ္တိကို သူမို့ ငြင်းရက်လေတယ်။ သူလက်ခံအောင်ငါဘာလုပ်ရမလဲ မိဖုရားမိဖုရယ်"

အဂ္ဂမဟေသီ မိဖုရားက အလေးအနက် စဉ်းစား၍မေး၏။

"ကိုယ်တော် သူ့ကို လက်မလွှတ်ချင်တာက သူရဲကောင်းအဖြစ် ချစ်မြတ်နိုးလို့လား၊ သူ့လို သူရဲကောင်းမျိုး ဟံသာဝတီ ပြန်ရောက်သွားမှာ စိုးလို့လား"

"အဲဒီ နှစ်ခုစလုံးလဲ ဟုတ်တယ်။ ဒါ့အပြင် သူဟာ အင်းဝတစ်ပြည်လုံးရဲ့ ကျေးဇူးရှင်ဖြစ်တယ်။ ဒီကျေးဇူးကို တုံ့ဆပ်ရမယ်"

"မှန်ပါတယ်ကိုယ်တော်၊ ကျေးဇူးရှိတာကိုလဲသိ၊ ကျေးဇူးကိုလဲ တုံ့ဆပ်ဖို့သိပါလျက် မတုံ့ဆပ်ဘူးဆိုရင် အလွန်အပြစ်ကြီးပါတယ်"

http://www.nyisay.com



"အပြစ်ကို ငါကြောက်လို့မဟုတ်ဘူးမိမိ၊ သံသရာကို ငါတွေးနေတာ မဟုတ်ဘူး၊ ပစ္စုပ္ပန်ဘဝမှာပဲ ငါဟာ ကျေးဇူးသိသူ ဆပ်သူအဖြစ်ကို လိပ်ပြာရှင်းစွာ ရယူလိုချင်တယ်။ ခက်တော့တာပဲ မိမိရယ်၊ ငါ့မှာ ရာဇဝိရာဇ်နဲ့ အကြိမ်ကြိမ်စစ်ခင်း၊ အနိုင်အရှုံးတွေ တစ်ပြန်စီ ပေါ်ပေါက်ခဲ့တယ်။ သူ့ဘက်ကိုယ့်ဘက် သူရဲကောင်းများ ကျဆုံးရ၊ ဒီစစ်တစ်လျှောက်လုံးမှာ အလွန်ခက်ခဲတဲ့ သေနင်္ဂအစီအရင်တွေ၊ ဥပါယ်တံမျဉ်တွေကို ငါဖြတ်သန်းကျော်လွှန်ခဲ့တယ်။ ဒီလောက်ခက်ခဲတဲ့ ပြဿနာမျိုး ငါမကြုံခဲ့ရဖူးဘူး။ ငါ့အတွက် စီးချင်းတိုက်ပွဲတစ်ခု ဖြစ်နေပြီ"

အဂ္ဂမဟေသီထံမှ စကားအပြန်မရ။ အတန်ကြီးမျှ ငြိမ်သက်နေသည်။ ထို့နောက် အဂ္ဂမဟေသီသည် ဘုရင်မင်းခေါင်လက်ကို အသာအယာ ဆုပ်နယ်လိုက်၏။

"ရွှေနန်းရှင်ကိုယ်တော် ကြောင့်ကြမဲ့သာ စံနေတော်မူပါ။ အင်းဝမှာပဲ သမိန်ဗရမ်း နေထိုင်သွားဖို့အရေးကို မိမိ တာဝန်ယူပါတယ်"

"တာဝန်အယူ ရဲလှချည်လား မိမိ၊ စစ်သူရဲကောင်းတစ်ဦးကို ချည်နှောင်ဖို့ မိမိက ဆေးဝါးယတြာ သုံးမှာလား၊ ဂါထာမန္တန် မန်းမှုတ်မှာလား"

"မဟုတ်ပါဘူး ကိုယ်တော်၊ အဲဒီအရာတွေ မိမိမသုံးပါဘူး။ အဲဒီအရာတွေကလဲ ဘယ်လိုမှ မြဲမြံခြင်းမရှိပါဘူး။ သတ္တဝါတို့ကို ချည်နှောင်ထားနိုင်တဲ့ အရာတစ်ခုကိုသာ မိမိသုံးမှာပါ"

"ဘာပါလိမ့် . . မိမိ"

"သမုဒယ"

"သမုဒယ"

"ဈာန်သမာပတ် ရရှိထားပြီး ရသေ့ရဟန်းများပင် လျှောကျပျောက်ကွယ်ရတာ ဘာကြောင့်လဲ ကိုယ်တော်"

"မိမိငယ်မိဖုရား မင်း . . တကယ်ပဲ"

အဂ္ဂမဟေသီ၏အပြုံးမှာ လေးနက်ခိုင်ခံ့နေ၏။

"သမိန်ဗရမ်းဟာ ရာဇဝိတာကို မမြင် မတွေ့ဖူးသေးပါဘူး ကိုယ်တော်"

"မိဖုရား"

"ကိုယ်တော်တို့ ယောက်ျားကြီးတွေ အသုံးပြုကြတဲ့ သံမဏိကြိုး၊ သံကွန်ချာ၊ သံထောင်ချောက်တွေထက် အဆပေါင်းများစွာ မြဲမြံပြီး မမြင်ရတဲ့ သေးမျှင်

http://www.nyisay.com



နက်ရှိုင်းသော ကြိုးလေးတစ်ချောင်းရှိတယ် အရှင်။ အဲဒါ . . . ချစ်ခြင်းမေတ္တာတဲ့"

၄

သုံးရက်မြောက်နေ့၏ နေ့လယ်ပွဲတော်စာသို့ ဘုရင်မင်းခေါင်၏ ဖိတ်ကြားအမိန့်အရ သမိန်ဗရမ်းတက်ရောက် အခစားဝင်ခဲ့သည်။ နန်းပြာသာဒ်ပွဲတော်ဆောင်တွင် ပွဲတော် စားသုံးပြီးသည်နှင့် သစ်သီးနှင့် မုန့်ချိုများ၊ လက်ဖက်အစ်များ၊ နှင်းသက်ရည် အဖျော်မွေးများ သုံးဆောင်ကြသည့် အချိန်ရောက်မှ မဂ္ဂမဟေသီက အသာအယာ ခေါင်းညိတ်ပြလိုက်၏။

ဘုရင်မင်းခေါင်က တင်းတိမ်၏ တစ်ဖက်ဆီသို့ လှမ်း၍ အမိန့်ပေးလိုက်သည်။

"သမီးတော်ရာဇဓိတာ ရွှေကွမ်းအစ်ဆက်ခဲ့ပါ"

တင်းတိမ်စ လှုပ်ယမ်းသွားသည်။ ရွှေကွမ်းအစ်ကို ကလပ်ပေါ်တွင်တင်ကာ လက်နှစ်ဖက်ဖြင့် ကိုင်ဆောင်လျက် ရာဇဓိတာ ထွက်လာသည်။ ရာဇဓိတာသည် မျက်လွှာအစုံ မဖော်စတမ်း သက်စေလျက် ရွှေကွမ်းအစ်ကို ခမည်းတော်နှင့် သမိန်ဗရမ်းတို့အကြား ချထားပေးလိုက်သည်။ ထို့နောက် လေပြည်အသုတ်ဝယ် ညွှတ်သက်စွာ ရွေ့လျားသော တိမ်မျှင်တစ်စနှယ် အသာအယာခွာလျက် တင်းတိမ်ဆီသို့ တစ်လှမ်းချင်းဆုတ်သည်။ ပန်းနုဆီ သွေးခါးချပ် အနို့တပ်အင်္ကျီနှင့် ပန်းနုရင့် ချိတ်ထဘီတို့ ဆင်မြန်းထားသော ရာဇဓိတာ၏ လှုပ်ရှားမှုမှာ အိပ်မက်ဆန်နေသည်။ တင်းတိမ်အတွင်း တစ်ဖက်သို့ ပြန်ဝင်ခါနီးတွင်ကား ရာဇဓိတာ၏ ချထားဆဲမျက်လွှာအစုံတို့ မဆိုသလောက် ပွင့်ဟသွားကြသည်။ ထိုပွင့်မျက်လွှာအောက်မှ မျက်ဝန်းအိမ်၏ အကြည့်တစ်ချက်က ကော့ရှင်းမျက်တောင်များကို ဖြတ်သန်းကာ သမိန်ဗရမ်းဆီ ရောက်သွားသည်။ ဤတွင် တင်းတိမ်စအတွင်းမှ ထွက်လာကတည်းက လှုပ်ခတ်ခြင်းအလျဉ်းမဲ့သည့် မျက်တောင်များဖြင့် အစဉ်တစိုက် ရှုငေးနေခဲ့သည့် သမိန်ဗရမ်း၏ စူးစူးရဲရဲ မျက်လုံးများနှင့် ထိတိုက်သွားလေသည်။

ကာမဏိ၏ ချိုင်းအစပ် ကြသေးနန်းမျှင်ကို လှံလျင်ဖြင့် ထုတ်ချင်းဖောက်ထိုးစိုက်ပစ်လွှတ်ကာ ငဲ့စောင်းသွားသော ဦးခေါင်းကို ဓားလွတ်ဖြင့် ပိုင်းလျက်မြေမကျမီ ချွန်းဖြင့်ချိတ်၍ သံခြင်းတွင် ထည့်ယူနိုင်ခဲ့သည့် သူရဲကောင်း၏

http://www.nyisay.com



တုတ်ခိုင်သော လက်ချောင်းကြီးများသည် ရွှေကွမ်းအစ်ကို အယောင်ယောင် အမှားမှားဖွင့်ရင်း မသိမသာ တုန်ယင်နေကြောင်း အဂ္ဂမဟေသီ သတိထား မိလိုက်မိ၏။

အဂ္ဂမဟေသီ သိုသိပ်စွာ ပြုံးနေစဉ် ဘုရင်မင်းခေါင်မူကား စိတ်ထဲမှ 'သမုဒယ'၊ 'တပ်မက်ခြင်း အစ'၊ 'ချစ်ခြင်းမေတ္တာ'ဟု ရေရွတ်နေမိလေသည်။

၄

နောက်တစ်နေ့ ညီလာခံ၌ ဘုရင်မင်းခေါင် တည်ငြိမ်စွာ မိန့်သည်။

"သူရဲကောင်း သမိန်ဗရမ်း၊ ဥပရာဇာအရေးဟာ ကျွန်ုပ်စိတ်ထဲမှာ အုံနွေးလျက်ပဲ ရှိသေးတယ်။ တစ်ရက်ကနှစ်ရက် ကုန်သွားပေမယ့် အရေးတော် အမှုက မပြီးပြတ်နိုင်ဘူး ကျွန်ုပ်စိတ်ကို ကျွန်ုပ် ပြန်မေးကြည့်တဲ့အခါမှာ သူ့ရဲ ကောင်းအဖြစ်နဲ့ရော ကျေးဇူးတရားရှိသူအဖြစ်နဲ့ပါ သိမှတ်မြတ်နိုးတော်မူပြီး၊ ကျွန်ုပ် သင့်ကို သားတော်မခြား မြှောက်စားလိုလျက် သင်ငြင်းပယ်ရက် ငြင်းပယ် ရဲခြင်းဟာ အင်းဝဘုရင်ရဲ့ အလိုဆန္ဒသက်သက်ကို မထေမဲ့မြင်ပြုခြင်း မည်ကာ မတ္တမဟုတ်။ ကျေးဇူးတုံ့ဆပ်လိုသူတစ်ဦးရဲ့ ကုသိုလ်စိတ်ကိုပါ မျက်ကွယ်ပြုရာ ရောက်နေတယ်ဆိုတဲ့ အဖြေထွက်လာတယ်"

အဂ္ဂမဟေသီမိဖုရားသည် အနားတွင်ထိုင်လျက် မောင်တော်ဘုရင်၏ စကားလုံးများ ရွေးချယ်မှန်ကန် တိကျပါစေဟု ဆုတောင်းနေမိ၏။

"သမိန်ဗရမ်း သင့်ရဲ့ တတိယနဲ့ စတုတ္ထဆန္ဒနှစ်ခုဟာ ကျွန်ုပ်ရဲ့ ဘုန်း အာဏာနဲ့ ကျော်စောကိတ္တိကို ပုတ်ခတ်ရာရောက်ရုံသာမကဘူး၊ သံသရာမှာပါ ကျွန်ုပ်ကို ကျေးဇူးမြီစားအဖြစ် အကြွေးမကျေနိုင်၊ မဆပ်နိုင်သူ၊ ကတိသစ္စာ မတည်သူဖြစ်အောင် ပြုလုပ်ရာရောက်တယ်။ ဥပရာဇာ အရေးအမှုကို သင် ကောင်းစွာ ပြန်လည်သုံးသပ် ဆင်ခြင်ပါ။ ဒီလိုသုံးသပ်ဆင်ခြင်ရာမှာ သင် လိုလားတဲ့ ဆန္ဒနှစ်ခုဟာ လောကီသံသရာ နှစ်ဖြာစလုံးအတွက် အကျိုးမဲ့ဖြစ် သလား၊ ကျွန်ုပ်ရဲ အလိုဆန္ဒက လောကီသံသရာ နှစ်ဖြာစလုံးအတွက် အကျိုးမဲ့ ဖြစ်သလားဆိုတာကို ချိန်စက်နှိုင်းယှဉ် စဉ်းစားစေလိုပါတယ်"

ဘုရင်မင်းခေါင်၏ အဆုံးစွန်စကားဟု နားလည်လိုက်သည်။

မိမိမှာလည်း အဆုံးအဖြတ် အဖြေပေးရန် အသင့်ရှိနေပေပြီ။

http://www.nyisay.com



သမိန်ဗရမ်းသည် ဘုရင့်သမီးတော်၏ ရုပ်သွင်ကို ပြန်လည်မြင်ယောင်ရင်း လှိုက်ခုန်ချင်သောရင်ကို ထိန်းသိမ်းလျက် ယောက်ျားတို့ဣန္ဒြေဖြင့် သံတော်ဦးတင်လေသည်။

"အရှင်မင်းမြတ်၊ ကျွန်တော်မျိုးသည် ညဥ့်အခါ သန်စွမ်းသည့် ဒီးဒုတ်ငှက်မ ဖြစ်ပါတယ်။ ဒီးဒုတ်ငှက်ဟာ ညဥ့်အခါ သန်စွမ်းသော်လည်း နေ့အခါ ကျီးတို့အလယ်မှာ ချည့်နဲ့ကြပါတယ်။ ရာဇရေးမှာ အမှုကိစ္စအဝဝကို ကျွန်တော်မျိုး မိမိတစ်ကိုယ်နဲ့ ဆောင်ရွက်နိုင်စွမ်းမရှိပါ။ ဘုရင်မင်းမြတ် သစ္စာတော်ကို ခံယူပြီးခါမှ နန်းတော်နှင့်တကွ ပြည်တော်အလုံး အုပ်စိုးသော ဥပရာဇာတို့ရဲ့ ရာဇပဝေသဏီ အစဉ်အလာ ထုံးဓလေ့များ ကျွန်တော်မျိုးကြောင့် လွဲသွေတိမ်းစောင်းခဲ့သော် မသင့်မြတ် မတင့်တယ်ပါ။ နီးစပ်သော ပုဂ္ဂိုလ်များ အကူအပံ့နဲ့ ကျွန်တော်ရဲ့တတ်စွမ်းနိုင်သမျှသော အရည်အသွေးတို့ ပေါင်းစပ်ပြီး အမှုတော်ထမ်းတော့မည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်ပါပြီ"

ထွေပြားလျှို့ဝှက်သော ထိုစကားများဖြင့် ဘုရင်မင်းမြတ်နှင့် သမိန်ဗရမ်းတို့ အချီအချ ဆိုနေကြခြင်းကို မှူးမတ်ဗိုလ်ပါတို့ သဘောမပေါက်ကြ။ သို့သော် ဥပရာဇာအရေး အကျပ်အတည်းကား အဖြေပေါ်လေပြီ။ ရလဒ်ကောင်း ထွက်ပြီဟူ၍ကား နားလည်ကြသဖြင့် ညီလာခံအားလုံး ရွှင်ပျသွားသည်။

သမိန်ဗရမ်းက ပို၍ လေးနက်သော အသွင်ဖြင့် ဆက်တင်သည်။

"သို့သော် ခြွင်းချက်နှစ်ခုကို အခွင့်ပေးတော်မူဖို့ တောင်းခံပါရစေ အရှင်"

"တင်နိုင်တယ် . . သမိန်ဗရမ်း"

"ပထမတစ်ခုက ကျွန်တော့်ကို မည်သူကမျှ မည်သည့်အကြောင်းကြောင့်နှင့်မျှ 'ကျွန်' ဟု မခေါ်စေရဆိုတဲ့ အချက်ဖြစ်ပါတယ်။ ထိုသို့ခေါ်ဆိုခဲ့ရလို့ ကြားရရင် ကြားသခိုက်မှာပဲ ဟံသာဝတီသို့ အလိုအလျောက် ပြန်သွားခွင့်ရှိစေရပါမယ်"

"သင့်မြတ်ပေတယ်၊ တောင်းခံချက်ပြည့်စုံစေ"

"ဒုတိယအချက်က မည်သည့်အကာလမဆို အင်းဝသို့ ဘုရင်ရာဇဓိရာဇ် စစ်ချီ လာခဲ့ရင်ဖြစ်စေ၊ ဟံသာဝတီသို့ အင်းဝက စစ်ချီသည်ဖြစ်စေ၊ ကျွန်တော်မျိုး မည်သည့်ဘက်ကမှ ပါဝင်စစ်ချီခြင်း မလုပ်နိုင်ပါ။ အကယ်၍ ဟံသာဝတီမှအပ ဖြစ်သော အခြားရန်စွယ်များ အင်းဝကို ထိပါးလာရင်တော့ ကျွန်တော်

http://www.nyisay.com



မျိုး အသက်ပေး အမှုတော် ထမ်းပါမယ်၊ ဒီနှစ်ချက်ကို အလိုပြည့်ခွင့်ရမယ်ဆိုရင် အရှင်ပေးသနားတော်မူတဲ့ ဆုလာဘ်ကို ခံယူပြီး ရတနာပူရမှာ သမိန်ဗရမ်း နေပါမယ်"

ဘုရင်မင်းမြတ်ပြုံးလျက် အဂ္ဂမဟေသီကို ငဲ့ကြည့်သည်။ ထို့နောက် . . .

"တောင်းခံချက် နှစ်ခုလုံးကို ခွင့်ပြုတော်မူတယ်၊ တစ်ဆက်တည်း အမိန့်တော်ချမယ်။ တစ်ချက်လွှတ် ရာဇအာဏာတော် သမိန်ဗရမ်းကို အိမ်ရှေ့စံဥပရာဇာ ဖြစ်သည်မှစပြီး မဟာဥပရာဇာလို့သာ ခေါ်ဆိုကြရမယ်။ တစ်ဦးတစ်ယောက်က 'ကျွန်' ဟူ၍ ခေါ်ဆိုခဲ့ရင် တောင်းခံချက်အတိုင်း သမိန်ဗရမ်း အလိုအလျောက် ထွက်ခွာသွားခွင့် ရှိရမယ်။ 'ကျွန်' ဟူ၍ တစ်ဦးတစ်ယောက်က ခေါ်ဆိုခဲ့သော် ထိုသူကို ဆွေမျိုးအလုံးအရင်းနဲ့တကွ ကွပ်မျက်စေ၊ တစ်ချက်လွှတ်အမိန့်တော်ကို ရတနာပူရ ဒေသအရပ်ရပ် မောင်းခတ်လှည့်ကြ"

မဟာဥပရာဇာ အဘိသေက သုရင်နှင့် စုလျားရစ်ပတ် လက်ထပ်သဘင်တို့၏ ကြီးကျယ်ခမ်းနားခြင်း ကြွယ်ဝစည်ပင်ခြင်းတို့သည် ရတနာပူရ အင်းဝတစ်ဝန်းလုံးအတွက် နှစ်ရှည်ကြာခဲ့ပြီဖြစ်သော အင်းဝ ဟံသာဝတီစစ်ကြောင့် ခံစားခဲ့ကြရသည့် ဒုက္ခဆင်းရဲနှင့် ပင်ပန်းငြီးငွေ့မှုများကိုပင် မေ့လျော့သွားစေသည်ဟု ဆိုကြလေသည်။

မဟာဥပရာဇာ သမိန်ဗရမ်းသည် အရပ်ရပ်ဒေသ၊ မြို့စား၊ နယ်စား၊ မှူးမတ်ဗိုလ်ပါတို့ထံမှ ပေးပို့ဆက်သကြသည့် အဘိသေကပဏ္ဏာတော်များစွာတို့အနက်မှ တစ်ခုသော ပစ္စည်းကိုသာလျှင် တသသ ကိုင်ဆောင်ကာ အိမ်ရှေ့မိဖုရားရာဇဓိတာအား ပြလျက် အထပ်ထပ် ရေရွတ်ရေ၏။

"အရပ်ရပ် ဆက်သကြတဲ့ ပဏ္ဏာလက်ဆောင်တွေရှိရှိသမျှ အားလုံးအနက်မှာ ဟောဒီ ရွှေကွမ်းအစ်လေးကတော့ ခပ်သိမ်းတကာတို့ထက် တန်ဖိုးအကြီးဆုံး၊ မောင်တော်အမြတ်နိုးရဆုံးပါပဲ ရာဇဓိတာရယ်"

၄

**ရာဇဓိတာ**

ရာဇဓိတာ ဤလောကဝယ် ကျွန်မ တကယ်ပိုင်ဆိုင်သော တစ်ခုတည်းသော၊ ပိုင်ဆိုင်ရာဖြစ်သော အမည်နာမဖြစ်ပါသည်။ ရာဇဓိတာတဲ့။ ဤအနွတ္တ

http://www.nyisay.com



သညာ အမည်နာမတစ်ခုမှတစ်ပါး အခြားမည်သည်ကိုမျှ ကျွန်မ မပိုင်ဆိုင်ပါ။

အို ရာဇဝိတာဆိုသော အမည်နာမတစ်ခုကိုကော ကျွန်မ ပိုင်ဆိုင်ပါရဲ့လား။ အမည်နာမဆိုတာ သတ်မှတ်ချက်၊ ပညတ်ချက်တစ်ခုပဲ ဖြစ်သည်မဟုတ်ပါလား။ ကျွန်မစကားကို ပြင်ရလိမ့်မည်ထင်သည်။

ကျွန်မ ဘာကိုမျှ မပိုင်ဆိုင်ပါ။ ကျွန်မကိုသာ အားလုံးက ပိုင်ဆိုင်ကြပါသည်။ ကျွန်မသည် ဤလောကကြီးမှာ ဘာတစ်ခုမှ ရွေးချယ်ခွင့်၊ ဆုံးဖြတ်ခွင့်မရသူ မိန်းမသားတစ်ဦးပဲ ဖြစ်ပါသည်။ ကျွန်မ၏အမည်နာမ၊ ကျွန်မ၏ ဖြစ်တည်ရှင်သန်မှု၊ ကျွန်မ၏ ဘဝခရီးလမ်းအားလုံး အားလုံး အလုံးစုံကို ကျွန်မမှ အပ ဖြစ်သူများကသာ ပြဋ္ဌာန်းကြပါသည်။

တကယ်တော့ ရာဇဝိတာဟူသော အမည်နာမကပင်လျှင် ခမည်းတော် ရတနာပူရ အင်းဝပြည့်ရှင် ဘုရင်မင်းမြတ်နှင့် မယ်တော် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးတို့က မှည့်ခေါ် သတ်မှတ်ပေးခဲ့ကြသည့် အမည်တစ်ခုဖြစ်ပါသည်။

ရွှေလင်ပန်းဖြင့် အချင်းဆေး၊ ရွှေကြိုးဆင်သည့် မြပုခက်၌ ဧယဉ်သံသာ အကျူးခံ ရာဇသွေးစစ်စစ် မိန်းမသားတစ်ဦး။ တစ်ပင်တိုင်နန်း၊ သန်းရွှေလယ်၊ စိန်ခြယ်ညီးညီး စည်းစိမ်ကြီးမှာ ခံစားနေသည့် ဘုရင့်သမီးတော်တစ်ပါး၏ ဘဝဟူသည်မှာ အဘယ်နည်း။

၄

အင်းဝပြည်ကြီး၏ ကယ်တင်ရှင်၊ ကျေးဇူးရှင် သူရဲကောင်းကြီး သမိန်ဗရမ်းဆိုသူအား အိမ်ရှေ့ဥပရာဇာထားမည့်အကြောင်း၊ ထိုသူရဲကောင်းကြီးနှင့် ထိပ်ထား လက်ဆက်ထိမ်းမြားရမည်ဟု ခမည်းတော်က အမိန့်အာဏာထားကြောင်း မယ်မယ်မိဖုရားက ပြောလာပါသည်။ ကျွန်မပြင်းစွာ တုန်လှုပ်သွားပါသည်။

ခမည်းတော်အမိန့်ကို နာခံရမည်ဟု မယ်မယ်ဖုရားက ထပ်ပြောသည်။

အသည်းနှလုံး'ဆိုတာ အမိန့်အာဏာထားရမယ့် အရာလား။

မမြင် မတွေ့ဖူးသည့် သူစိမ်းယောကျ်ားတစ်ယောက်၊ ထို့ပြင်အနွယ်ခြားသည့် ဟံသာဝတီသား၊ ပြီးတော့ မင်းသွေးမဟုတ်သော စစ်သည် သူရဲတစ်ယောက်ကို ကျွန်မဘာကြောင့် ခင်ပွန်းလင်အဖြစ် လက်ခံရမှာပါလဲ။

http://www.nyisay.com



ကျွန်မ ကောက်ကာငင်ကာပင် ပြန်ပြောခဲ့သည်။

"သမီးတော် အိမ်ရှင်လင်ယောက်ျားကို အလိုမရှိပါဘူး မယ်မယ်၊ အဲဒီ သမိန်ဗရမ်းထားပါ။ ဘယ်အတောင်နှစ်ဆယ်ဝတ်ကိုမှ သမီးတော် လက်မဆက် နိုင်ပါဘူး"

"ဘာဖြစ်လို့လဲ သမီးတော်"

"သမီးတော်က သီလရှင်ဝတ်ပြီး ဘုရားသာသနာမှာပဲ သာသနာ့ကျွန် အဖြစ် နေထိုင်သွားချင်တာပါမယ်မယ်"

"ရာဇဓိတာ"

မယ်မယ့်ခေါ်သံက တင်းမာလှသည်။ ဆက်ပြောသော စကားလုံးတွေ ကလည်း ပြတ်သားကြပါပေသည်။

"ရာဇဓိတာဆိုတဲ့ အင်းဝဘုရင်ရဲ့ သမီးတော်ကို ရွှေနန်းတော်က ပိုင်တယ်၊ ရတနာပူရ အင်းဝက ပိုင်တယ်၊ တိုင်းသားပြည်သူတွေကပိုင်တယ်၊ ဘုရင့်သမီးတော်ဆိုတာ သူ့ကိုယ်သူ မပိုင်ဘူး၊ သူ့အလိုဆန္ဒအတိုင်း ဆုံးဖြတ်ခွင့် မရှိဘူး"

မယ်မယ်က ရာဇရေးရာတွေ နှယ်ပြီး ပြောလာတော့ ပြန်ပြောမိသည်။

"အဲဒီ သမိန်ဗရမ်းဆိုတဲ့ ဟံသာဝတီစစ်သူရဲဟာ စစ်မြေပြင်မှာ ဖမ်းမိ ခဲ့ပြီး အကျဉ်းချထားခဲ့ရတဲ့ သုံ့ပန်းမဟုတ်လား မယ်မယ်။ သူဟာ မင်းမျိုးမင်းနွယ် လဲမဟုတ်ဘူး၊ ရာဇဓိတာက ရာဇသွေးမပါတဲ့ အနွယ်ခြား စစ်သူရဲတစ်ဦးနဲ့ လက်ဆက်ရမှာတဲ့လား"

"သမီးတော်လေး နားလည်လိုက်စမ်းပါကွယ်။ သမိန်ဗရမ်းဟာ ဘယ်သူ ပဲဖြစ်ဖြစ် ရတနာပူရရဲ့ ကျေးဇူးရှင်အဖြစ်နဲ့ အင်းဝဘုရင်ရဲ့ ကတိသစ္စာ အပ်နှံထားသူဖြစ်နေပြီ။ ခမည်းတော်ကြီးရဲ့ ကတိသစ္စာ အောင်မြင်ထမြောက် ဖို့ သမီးတော်မှာ တာဝန်မရှိပေဘူးလား။ ဒါဟာ အဖကျေးဇူးကို ဆပ်ရာလဲ ရောက်တယ်မဟုတ်လား၊ သမီးတော်လေးဟာ ရတနာပူရ အင်းဝကိုယ်စား ကျေးဇူးဆပ်ရာလဲ ရောက်တယ်မဟုတ်လား။ သမီးတော်ပြောတဲ့ ရာဇသွေးမပါ သူ အနွယ်ခြား စစ်သူရဲတစ်ဦးဆိုတာကို ထည့်မစဉ်းစားပါနဲ့။ ငါဟာ ခမည်း တော် ရတနာပူရ အင်းဝရွှေပြည်တော်နဲ့ပဲ ပြည်သားပြည်သူတို့ကို ကိုယ်စား ပြုပြီး ပြည့်ကြွေးကို ဆပ်နိုင်သူရယ်လို့ အောက်မေ့လိုက်ပါကွယ်"

ရွေးချယ် ငြင်းပယ်စရာ မရှိတော့ဟု နားလည်လိုက်သောအခါ ကျွန်မ

http://www.nyisay.com



သည် မိန်းမသားတို့၏ တစ်ခုတည်းသော အားထားခိုနားရာသို့သာ ပြေးဝင်လိုက်ပါတော့သည်။ ထိုအရာကား ငိုကြွေးခြင်းမှအပ ဘာများဖြစ်နိုင်ပါဦးမည်လဲ။

မယ်မယ်ကတော့ ပြတ်သားစွာ ဆိုပြန်ပါသည်။

"မိမိရဲ့ အလိုဆန္ဒကို ချိုးနှိမ်၊ မိမိရဲ့ ရည်ရွယ်ချက်ကို ပယ်ဖျောက်ပြီး မိခင် ဖခင်၊ ရွှေနန်းတော်နဲ့ တိုင်းသားပြည်သူတို့အတွက် မိမိကိုယ်မိမိ အပ်နှံပေးဆပ်ခြင်းဆိုတာ မြင့်မြတ်တဲ့ မိန်းမသားတို့ရဲ့ အပြုမူဖြစ်တယ်"

မယ်မယ်ဖုရားသည်ပင်လျှင် ထိပ်ထား ကျွန်မ၏ မျက်ရည်များကို လျစ်လျူရှုလိုက်ပါပြီကော။

၄

ခမည်းတော်နှင့် ထိုစစ်သူရဲကြီးတို့ ပွဲတော်စားသည့်နေရာသို့ ရွှေကွမ်းအစ်တင်ထားသော ကလပ်ကိုကိုင်လျက် တည်ခင်းပေးခဲ့ရသော ထိုနေ့သည် ထိပ်ထားကျွန်မ၏ဘဝကို တစ်ဆစ်ချိုး ကွေ့ပစ်လိုက်သောနေ့ပင် ဖြစ်ပါတော့သည်။

"သမီးတော်ရာဇဓိတာ ရွှေကွမ်းအစ်ဆောင်ခဲ့ပါ" ဟူသော ခမည်းတော်၏ အမိန့်သံအဆုံးတွင် မယ်မယ်ဖုရား၏ ကြိုတင်စီမံမှုဖြင့် တင်းတိမ်တစ်ဖက်မှာ အသင့်ရပ်နေရသော ကျွန်မသည် တင်းတိမ်စကို လှပ်၍ ထွက်ခဲ့ရသည်။ မယ်မယ့်အစီအမံဖြင့် ရံရွှေတို့က ကျွန်မကို အလှဆုံး ဆင်ယင်ခြယ်သ ပေးထားကြသဖြင့် ကျွန်မ အလွန်စိတ်ကျဉ်းကျပ်နေခဲ့သည်။ ပြီးတော့ ကျွန်မ မနှစ်မြို့သော ပန်းဆီရောင်ဝတ်စုံနှင့် ဘယက်ဒွါဒရာ အဆင်တန်ဆာများ၊ ကျွန်မ မနှစ်မြို့သည့် ချိုအီမွှေးပျံ့ နံ့သာမှုန့် နံ့သာရည်များကြောင့်လည်း မူးဝေနောက်ကျိနေခဲ့သည်။

ဟံသာဝတီ စစ်သူရဲကြီးက ကျွန်မကို အစမှအဆုံး မျက်တောင်မခတ်ငေးစိုက်ကြည့်ရှုနေသည်ကိုလည်း ကျွန်မ မိန်းမသားတို့၏ သဘာဝ အသိစိတ်ဖြင့် သိနေခဲ့ပါသည်။ ထို့ကြောင့် ရှက်ကြောက်ခြင်း၊ စိတ်အိုက်ကျဉ်းမြောင်းခြင်း၊ ဝမ်းနည်းကြေကွဲခြင်းများဖြင့် ကျွန်မသည် မျက်လွှာကို မပင့်စတမ်း ချထားခဲ့သည်။ သို့သော် . . .

ရွှေကွမ်းအစ်ကို တည်ခင်းပေးပြီး တင်းတိမ်နောက်သို့ နောက်ဆုတ်ပြန်

http://www.nyisay.com



ဝင်ခဲ့ကာ တင်းတိမ်အတွင်းဘက်မဝင်မီ တဒင်္ဂလေးမှာပဲ ထိုစစ်သူကြီး၏ စူးစူး မျက်လုံးများနှင့် တွေ့ဆုံလိုက်ရပါသည်။ ကျွန်မ မသိသော အန္တယ်ခြား၊ ထို လူစိမ်းယောကျ်ား၊ ကျွန်မ၏ဆန္ဒမပါဘဲ လက်ဆက်ရမည်ဆိုသည့် ထိုယောကျ်ား သည် မည်သို့မည်ပုံ ရှိလေသနည်းဟူ၍ တစ်ချက်ကလေးပဲ ကျွန်မ အကဲခတ် ကြည့်လိုက်မိခြင်းဖြစ်သည်။

အသားလတ်လတ်၊ နှုတ်ခမ်းမွေး ကျင်စွယ် မျှင်မျှင်၊ လေးထောင့်ကျကျ မျက်နှာ၊ တုတ်ခိုင်ပြည့်ဖြိုးသော လည်ကုပ်ပခုံးသားများ။ မိန်းမသားတို့ ဇာတိ စိတ်ဖြင့် ထိုတဒင်္ဂလေးမှာပင် ကျွန်မသူ့ရုပ်သွင်ကို ခြုံငုံတွေ့မြင်လိုက်သည်။ ထို့ထက်မှ သူ၏ စူးရဲတောက်ပမျက်လုံးများ၊ ပြီးတော့ လှိုက်ခနဲဖိုသွားသော ထိုအခိုက်အတန့်။

မည်သူကမျှ သင်ကြားပေးဖို့မလိုသော၊ မည်သည့်အချိန်မှာမှ လေ့ကျင့် ဖို့မလိုသော၊ မည်သည့်အချိန်မှာ ကျရောက်ပေါက်ဖွားမည်ဟု မသိနိုင်သော 'တစ်စုံတစ်ရာ' က အင်အားကြီးစွာ ကျွန်မ၏ရင်ထဲသို့ တွန်းဝင်ရောက်ခဲ့သည် ကော။

၄

"အရပ်ရပ် ဆက်သကြတဲ့ပဏ္ဏာလက်ဆောင်တွေ ရှိရှိသမျှ အားလုံးတွေ အနက်မှာ ဟောဒီ ရွှေကွမ်းအစ်လေးကတော့ ခပ်သိမ်းတကာတို့ထက် တန်ဖိုး အကြီးဆုံး၊ မောင်တော် အမြတ်နိုးရဆုံးပါပဲ"ဟု သူက တဖွဖွ တသသ ပြောတတ်ပါသည်။

နတ်ဘီလူးစစ်သူကြီးဟု ဆိုကြသော တကောင်းစစ်သူရဲ ကာမဏိ၏ ကြသေးချပ်ဝတ်အကြားကို လှံလျှင်ဖြင့် ထိုးစိုက်၊ ဦးခေါင်းကိုပိုင်း၊ မြေမကျမီ ချွန်းဖြင့်ချိတ်ကာ သံခြင်းထဲ ထည့်ယူလာခဲ့သည့် စစ်သူရဲကြီးထံတွင် နူးညံ့ပျော့ ပျောင်းမှုကို ကျွန်မ မြင်တွေ့နေရသည်။

ကာမဏိနှင့်သူ စီးချင်းစစ်ထိုးခဲ့ကြသည့်ပွဲကို ကျွန်မ မတက်ရောက်ခဲ့ပါ။ ထို့ကြောင့် သူ၏စွမ်းရည်ကိုလည်း ကျွန်မ မမြင်ခဲ့ရပါ။ သို့သော် ထိုစီးချင်းထိုး ပွဲအကြောင်းကို ရတနာပူရရွှေနန်းတော်တစ်ခုလုံး သောသောအုတ်အုတ် ပြော မဆုံးရှိနေကြသဖြင့် ကျွန်မ အစအဆုံး ကြားခဲ့ရသည်။ သူ မြင်းစီးပုံ၊ သူ စစ် သည်တော်အက ကပုံများကို ကျွန်မ မြင်ယောင်ရသည်။ ထိုသို့နှယ်သော

http://www.nyisay.com



ယောက်ျားကြီးတစ်ဦးသည် ကျွန်မရှေ့မှောက်တွင် ပီဘိ အကလေးငယ်တစ် ယောက်လို ဖြစ်နေခြင်းကလည်း အံ့သြစရာပါပေ။

လေးမြားဓားလှံတို့ဖြင့်သာ အကျွမ်းတဝင် ရှိခဲ့လေသော စစ်သူရဲကြီး သည် ထီးမှူနန်းရာအမှုတို့၌ အကယ်ပင် မလိမ်မိုး မလိမ်မာရှိနေသည်ကိုလည်း သနားစဖွယ်၊ ရယ်ချင့်စဖွယ် တွေ့ရပါသည်။ ကျွန်မက သူ့ကို ရတနာပူရအင်းဝ ရွှေနန်းတော်၏ နန်းဓလေ့များ၊ ညီလာခံသုံးရပ် ကျင်းပပုံများ၊ မဟာဥပရာဇာ တစ်ပါး ပြုကျင့်ရမည့် အနေအထိုင်၊ အပြောအဆို၊ အမူအရာများမှအစ သွန် သင်ပေးရသည်။ သူက ကျွန်မသွန်သင်သမျှကို ကြိုးစားပမ်းစား လိုက်နာရင်း မသက်မသာဖြင့် ညည်းရှာသည်။

"မြင်းတစ်စီး၊ ဓားတစ်လက်နဲ့သာ စစ်မြေပြင်ထွက်လိုက်ချင်တော့တာပါပဲ ရာဇဓိတာရယ်၊ နန်းဓလေ့ထုံးတမ်းများဟာ တယ်ပြီး လေးလံလှတယ်။ ကျုပ်ဖြင့် ကျုပ်နဲ့ မကာမိတဲ့ကိုယ်ကြပ်ကို သေးသေး ဝတ်ဆင်ထားရသလို ကျဉ်းမြောင်း ပင်ပန်းလိုက်တာ၊ အပြောအဆိုအမူအရာကအစ သတိထားနေရတယ်"

"ကျဉ်းမြောင်း ပင်ပန်းလိုက်တာဆိုတော့ အမောင်က ရာဇဓိတာနဲ့ လက် ဆက်ရတာကို စိတ်အိုက်နေသလား၊ စိတ်ထဲ အံ့ပျနေသလား"

ကျွန်မ သိလျက်နှင့် မေးလိုက်ခြင်းဖြစ်ပါသည်။ မဟာဥပရာဇာ သမိန် ဗရမ်းသည် ထိုအခါတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး . . .

"အဲဒီလိုတော့ မပြောလိုက်ပါနဲ့ ရာဇဓိတာရယ်၊ ပြောကြစတမ်းဆိုရင် တော့ အနှောင့်အဖွဲ့တကာတို့အနက်မှာ ချစ်သူနဲ့နှောင်ဖွဲ့ခြင်းဆိုတာ ကျုပ် အတွက် အချိုမြိန်ဆုံးပါ"ဟု ပြောတတ်သည်။

ထို့နောက် တွေးတွေးဆဆဟန်ဖြင့် . . .

"အမှန်ပြောရရင် ကျုပ်ကိုယ်ကျုပ် ခွင့်မလွှတ်နိုင် ဖြစ်ခဲ့ရတယ်"

"ဘာဖြစ်လို့လဲ အမောင်"

"ဩော် . . . ကာမဏီကို အောင်မြင်ပြီး ဘုရင်မင်းမြတ်က သမီးတော် နဲ့စုလျားရစ်ပတ်၊ အင်းဝရဲ့ မဟာဥပရာဇာအဖြစ်ကို ဆုလာဘ်အဖြစ် ပေးအပ် ခဲ့စဉ်က ကျုပ် ခါးခါးသီးသီး ငြင်းခဲ့တာ၊ ပြန်လွှတ်ရင်လဲ လွှတ်ပါ၊ မလွှတ်ဘဲနဲ့ ဘုရင့်အမိန့်ကို မနာခံဘူးဆိုပြီး ကွပ်မျက်လိုလဲ ကွပ်မျက်ပါလို့ ပြောခဲ့တာက လား"

"အမောင် ဘာလို့ ခါးခါးသီးသီး ငြင်းဆန်ခဲ့တာလဲ"

http://www.nyisay.com



"ရာဇဓိတာဆိုတဲ့ မိန်းမလှကလေးတစ်ယောက် ရှိမှန်း မသိခဲ့လို့ပေါ့"

"ရှိမှန်းသိပြီးတဲ့ နောက်ကော"

"ရွှေကွမ်းအစ်လေး လွတ်မကျအောင် ကျုပ် မနည်းသတိထားပြီး ကိုင်ရတယ်လေ"

နှစ်ယောက်သား ရွှင်ပျစွာ ရယ်မောမိကြပါသည်။ ရယ်ရင်းမှ သူတစ်ခုခုကို စဉ်းစားမိသွားဟန်ဖြင့် အရယ်ရပ်ကာ မေးသည်။

"ရာဇဓိတာကိုလဲ ကျုပ်မေးစရာရှိတယ်"

"မေးပါ အမောင်"

"သမိန်ဗရမ်းဆိုတဲ့ လူတစ်ယောက်ကို ခင်ပွန်းအဖြစ် လက်ခံလိုက်တာဟာ မိဘစကားနားထောင်တဲ့ သမီးတစ်ယောက်အနေနဲ့လား၊ ခမည်းတော်ရဲ့အမိန့်တော်ကို လိုက်နာတဲ့ ဘုရင့်သမီးတော်တစ်ပါး အနေနဲ့လား"

ကျွန်မ မုသားမဆိုချင်ပါ။ သူ့လက်ဖဝါး ကြမ်းကြမ်းကြီးများကို ဆုပ်နယ်ရင်း အမှန်အတိုင်း ပြောပြလိုက်ပါသည်။ မယ်မယ်နားချခဲ့စဉ်က ကျွန်မ ခါးခါးသီးသီး ငြင်းခဲ့သည့်အကြောင်း၊ မလွှဲမရှောင်သာသဖြင့် လက်ခံလိုက်နာ ခေါင်းညိတ်ခဲ့သည့်အကြောင်း၊ အနွယ်ခြား သူစိမ်းယောကျ်ား စစ်သူရဲတစ်ဦးအပေါ်မည်သို့မျှ စိတ်လက်ယိမ်းယိုင်ခြင်း မရှိခဲ့ကြောင်း၊ သို့သော် . . .

"ရွှေကွမ်းအစ်လေးကိုပဲ သက်သေထားရတော့မှာပဲ အမောင်၊ တင်းတိမ်စကို လှပ်၊ မျက်လွှာကိုချ၊ ခမည်းတော်နဲ့ အမောင့်ကြားမှာ ရွှေကွမ်းအစ်ကိုချ၊ ပြန်လှည့်ထွက်ပြီး တင်းတိမ်အတွင်း ပြန်မဝင်ခင်လေးမှာ ငါ ငြင်းဆန်လို့မရတဲ့ သမိန်ဗရမ်းဆိုတာ ဘယ်လိုလူပါလိမ့်လို့ လှည့်အကြည့်၊ အမောင့်ရဲ့ မျက်လုံးတွေကို မြင်လိုက်ရကတည်းက . . ."

"ပြောစမ်း၊ မြင်လိုက်ရကတည်းက ဘာဖြစ်သလဲ ပြောစမ်း"

"ဟင့်အင်း၊ ရာဇဓိတာက မပြောဘူး၊ သတ္တဘာဂနတ်က ပြောလိုက်တာ"

"သတ္တဘာဂနတ်၊ သူက ဘာပြောသလဲ"

"ဖူးစာ တဲ့ . . ."

သူ ကျွန်မကို ပြင်းထန်စွာပင် ပွေ့ဖက်လိုက်ပါသည်။ သို့သော် ထိုကြမ်းတမ်းမှုထဲမှာ နူးညံ့မှုကို ကျွန်မ ထိတွေ့ခံစားရသည်။

၄

http://www.nyisay.com



သားတော်ကလေးသည် သူ့ထံမှ လေးထောင့်စပ်စပ် မျက်နှာကျ၊ ပါးလျသော နှုတ်ခမ်းတို့ကိုလည်းကောင်း၊ ကျွန်မထံမှ ဖြောင့်ဖြောင့်စင်းစင်းမျက်ခုံး၊ ပေါ်လွင်သောနှာတံနှင့် တောက်ပဝိုင်းစက်သော မျက်လုံးတို့ကိုလည်းကောင်း ပေါင်းစပ်ရရှိခဲ့သည်ဟု ဆိုကြပါသည်။ ကျွန်မကတော့ သားတော်ကလေးသည် သူ့အဖထံမှ သွေးကို ပိုမို ဆက်ခံပိုင်ဆိုင်ထားသည်ဟု ထင်သည်။ စစ်သူရဲကြီး၏သားသည် ခပ်ရမ်းရမ်း၊ ခပ်ကြမ်းကြမ်းစရိုက်ရှိပြီး အမြဲတမ်း လွတ်လပ်ရဲတင်းစွာ လှုပ်ရှားပြုမူလေ့ရှိပါသည်။

ဘိုးတော် ဘုရင်မင်းမြတ်ကား မြေးတော်ကလေးကို လက်မှမချ ရှိလေသည်။ ချစ်လိုက်သည့်ဖြစ်ခြင်း။ သူ့မြေးတော်ကလေး၏ ရမ်းရမ်းကြမ်းကြမ်း လွတ်လပ်ရဲတင်းစရိုက်ကိုပင် ခမည်းတော်မှာ အားရနှစ်သက်မဆုံး ရှိနေပါသည်။ ပုခက်တင်၊ ဃေင်ကျူး မင်္ဂလာကို ခမ်းနားစွာကျင်းပပေးသည်။ အိုးပုတ်၊ ချိုးရုပ်၊ ရွှေငွေ၊ အဝတ်အထည်များစွာတို့ကိုလည်း မကြာခဏ ပေးသနားချီးမြှင့်သည်။ သို့သော် သားတော်ကလေးကမူ မြင်းရုပ်နှင့် ဓားလွတ်တို့ဖြင့် အမြဲဆော့ကစားတတ်သည်။ သူ့အဖေ မဟာဥပရာဇာကား 'အဖကောင်းသား'ဟု ကြွေးကြော်ကာ သူ့သားနှင့်အတူ စစ်ထိုးတမ်း ကစားပေးတတ်ပါသည်။

"ဟူးရားပုဏ္ဏားများနဲ့ ဇာတာကို တွက်ချက်စီစစ် စီရင်ပြီးမှ ငါ့မြေးတော်ကို အမည်နာမ ဘွဲ့တံဆိပ်ပေးမယ်၊ တစ်နှစ်သားပြည့်ချိန်ကျမှ ကြီးစွာသော သဘင် ခင်းကျင်းပြီး နာမကရဏမင်္ဂလာ ပြုပေးရမယ်။ ငါ့မြေးတော်ကို စကြဝတြေးမင်း၊ မန္ဓာတ်မင်းနဲ့ မခြား ချီးမြှောက်ရမယ်"ဟု အားပါးတရ မိန့်ကြားတတ်သည်။

"စစ်ကြောင့် ပင်ပန်းခဲ့သမျှ၊ တိုင်းရေးပြည်ရေးများကြောင့် နွမ်းနယ်သမျှ ငါ့မြေးတော်ကလေးကို ချီပိုးပြီး ကလေးမျက်နှာ တစ်ချက်ကြည့်ရရုံမျှနဲ့ ပိန်းကြာဖက် ရေမတင် လျှောကျသန့်စင်ပြီး ပြေပျောက်ရတော့တယ်"ဟုလည်း မကြာခဏ ဆိုတတ်သည်။

သားတော်ကလေး အဒါလည် ပြည့်တော့မည်။

ထိုတစ်နေ့ နံနက် ညီလာခံသို့ ကျွန်မ ကိုယ်လက်မအီရှိ၍ မတက်ရောက်နိုင်ခဲ့။ အမောင်ကတော့ ဥပရာဇာအဖြစ် အမြဲခစားရသည်။ သားတော်ကလေးကို သူ့ခမည်းတော်က ညီလာခံသို့ ခေါ်သွားခဲ့သည်။ သားတော်ကလေး၏ ဘိုးတော်က မြေးတော်ကို လှမ်းလင့်ယူငင် ချီပွေ့ကာ ညီလာခံပလ္လင်ထက်

http://www.nyisay.com



တက်ခဲ့သည်။

ထိုညီလာခံနေ့၊ ထိုပလ္လင်ထက်မှ ဖခမည်းတော်၏ စကားတစ်ခွန်းသည် ကျွန်မ၏ဦးခေါင်းထက်မှ မိုးကောင်းကင်ကိုကွဲအက်စေကာ၊ ကျွန်မ၏ခြေအစုံအောက်မှ မြေအပြင်၌ လျှောင်လှိုင်းတံပိုးကြီး ပေါ်ပေါက်စေခဲ့လိမ့်မည်ဟု မည်သူကြိုတင်သိနိုင်ပါမည်လဲ။

ပြင်းထန်သော အမုန်းနှင့် အစိုင်အခဲကြီးလှသော အာဃာတစကားလုံးတို့သည် ချစ်စဖွယ်အပြစ်ကင်းသော သားတော်ကလေးကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့ပါသည်။ နှုတ်ထွက်စကားတစ်လုံးသည် လောကကြီးကို ကျွမ်းထိုးမှောက်ခုံ ဖြစ်စေခဲ့ပါသည်။

ခမည်းတော်သည် သားတော်ကလေးကို ရင်ခွင်တွင်းထား၍ ညီလာခံကျင်းပခဲ့သည်။

ဥပရာဇာနှင့်အတူ အမှုးအမတ် သေနာပတိများ စုံညီသော ညီလာခံဖြစ်ပါသည်။ ရာဇပလ္လင်ထက်တွင် ရတနာပူရ ဘုရင်မင်းခေါင်၊ ဘုရင်မင်းမြတ်၏ ရင်ခွင်ထဲတွင် သူ၏ မြေးတော်ကလေး။

သားတော်ကလေးသည် သူ့စရိုက်သဘာဝအတိုင်း အကလေးပီပီပင် သူ့ဘိုးတော်၏ ပခုံးကို လက်တစ်ဖက်ဖြင့်ကိုင်ကာ သူ့ဘိုးတော်၏ သျှောင်ကေသာကို ဆွဲခဲ့သည်တဲ့။ ရာဇပလ္လင်ထက် မှူးမတ်စုံညီဖြင့် ညီလာခံကျင်းပနေသော ဘုရင်မင်းမြတ်မှာ မည်သို့ ရာဇဣန္ဒြေပျက်ယွင်းသွားခဲ့သလဲ မသိပါ။

ခမည်းတော်နှုတ်မှ လွင့်စင်ထွက်ကျသွားသော စကားတစ်ခွန်းက . . .

"ဟယ် . . စိတ်ကြမ်းခက်ထန်တဲ့ သည်ကျွန့်သားကတော့ ကြာလျှင် မင်းရဲကျော်စွာနေရာကို ယူချေဦးတော့မယ်"

ထိုသို့ပြောဆိုပြီး မြေးတော်ကို ဆွဲချလိုက်သည်တဲ့။

၄

ဘုရား၊ ဘုရား . . . ။

မင်းရဲကျော်စွာတဲ့။ လူတို့လောကနှင့် သံသရာဘဝတို့ ကြောက်စရာကောင်းလှပါတိခြင်း။ ခမည်းတော် ဘုရင်မင်းခေါင်၏ သားတော် မင်းရဲကျော်စွာ။ ရာဇဓိတာ၏ အစ်ကိုတော်ဖြစ်ခဲ့လေသော မင်းရဲကျော်စွာ။ သူသည် စစ်မြေပြင်

http://www.nyisay.com



အရပ်တွင် ကျရှုံးခဲ့ပါပြီ။ ခမည်းတော်သည် သူ့သားတော်အတွက် ကြီးစွာ ထိခိုက် ကြေကွဲခဲ့ရပါသည်။

သို့သော် မင်းရဲကျော်စွာသည် လူဝင်စားဖြစ်ခဲ့ပြီး သူ၏ လူဝင်စားဘဝမှာလည်း ထိတ်လန့်ဖွယ် အငြိုးအာဃာတများဖြင့် ခြံရံနေခဲ့သည်ကော။ ခမည်းတော်နှင့် စစ်ထိုးဖက်၊ ဟံသာဝတီဘုရင် ရာဇဓိရာဇ်မှာ ဘောလောကျန်းဒေါ အမည်ရှိ သားတော်တစ်ပါး ရှိခဲ့သည်။ ဘောလောကျန်းဒေါ၏ မယ်တော် တလမေဒေါ မိဖုရားအား ရာဇဓိရာဇ်က အမျက်ရှိခဲ့သဖြင့် စည်းစိမ်အဆောင်အယောင်ကို ရုပ်သိမ်းစေခဲ့သည်။ ရာဇဓိရာဇ်၏ ခမည်းတော်လက်ထက်ကတည်းက ပေးသနားတော်ခံခဲ့ရသည့် လက်စွယ်ဆယ့်နှစ်ချည်ကိုလည်း သိမ်းယူစေခဲ့သည်။ မိဖုရား တလမေဒေါမှာ နာကြည်းလှသဖြင့် ဖုန်းမသိန်နှင့် သံပုရာတွင် ဆေးထည့်သောက်ကာ သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့သည်။

မိဖုရားတလမေဒေါ၏ သား ဘောလောကျန်းဒေါသည်ကော . . ။

အဖ ရာဇဓိရာဇ်နှင့် သား ဘောလောကျန်းဒေါတို့အကြားတွင် သားနှင့်အဖဟူသော မေတ္တာသံယောဇဉ် ဆိတ်သုဉ်းခဲ့ချေသည်။ သား ဘောလောကျန်းဒေါ ဆင်မြင်းစစ်သည် အင်အားစုရုံး လေ့ကျင့်သည်ကိုပင် အဖ ရာဇဓိရာဇ်က "ငါ သူ့အရွယ်မှာပင် ငါ့အဖေကို ထောင်ထားခြားနားခဲ့သည်။ ထိုစဉ်က ငါ့မှာ သူ့လို အင်အားမပြည့်စုံ။ ယခု သူ အင်အားစုရုံးပြည့်စုံလျက် ငါ့ကို ထောင်ထားခြားနားသော် မခက်လေ"ဟုဆိုကာ ဘောလောကျန်းဒေါကို ကွပ်မျက်ခဲ့သည်။

ဘောလောကျန်းဒေါမှာ "ခမည်းတော်ကို ပုန်စားခြားနားဖို့ ငါ့မှာ အကြံမရှိ။ သို့သော် သူ ငါ့ကို ထင်ရက်သည်။ ငါ့အမိကိုလည်း သူ အရှက်ခွဲခဲ့၍ ငါ့အမိ မရှုမလှ သေကြောင်းကြံ ဆုံးရှုံးခဲ့သည်။ ယခုလည်း ငါ့ကို သူသတ်စေပြန်ပြီ"ဟု နာကြည်းကာ ရွှေမော်ဓောဘုရားသို့သွား၊ ဝတ်စားတန်ဆာ ရွှေငွေများလှူကာ သီလခံယူ ဆုတောင်းခဲ့သည်။ ဘောလောကျန်းဒေါ၏ ဆုတောင်းကလည်း ထိတ်လန့်စရာပါပေ။

"ကျွန်ုပ်မှာ အပြစ်မရှိပါဘဲလျက် ဖခမည်းတော်က အကြောင်းမဲ့ ကျွန်ုပ်အား ကွပ်မျက်စေပြီ။ သည်ဘဝမှာ စုတေခဲ့သော အင်းဝပြည်တွင် ကျွန်ုပ်သည် မင်း၏သားတော် ဖြစ်ရပါလို၏။ အစဉ်အတိုင်း ကြီးပြင်းခဲ့ပြီးနောက် အရွယ်ရောက်လျှင် အဖဟောင်းဖြစ်သော ရာဇဓိရာဇ်နှင့် စစ်ထိုးရပါလို၏"ဟု ဆုတောင်းကာ သူ့မယ်တော် တလမေဒေါနည်းတူ သူ့ကိုယ်သူ ဆေးသောက်

http://www.nyisay.com



အဆုံးစီရင်ခဲ့သည်။

အို . . . မြတ်စွာဘုရားရှင်။

ဝဋ်နှင့်ကြွေးမှာ သံသရာတွင် အကုသိုလ်စေတသိက်တို့ ထူပြောပြည့်လျှမ်းစေသော လူသားတို့သည် သူတို့၏ အတိတ်ကံအတိုင်း ဆုတောင်းပြည့်ခဲ့ကြပါသည်ကော။

ဘောလောကျွန်းဒေါ သေဆုံးပြီးနောက် ခမည်းတော် ဘုရင်မင်းခေါင်၏ မိဖုရား ရှင်မိနောက်တွင် ပဋိသန္ဓေစွဲခဲ့သည်။ ရက်လမစေ့မီ ရှင်မိနောက်သည် ဒလမှ သရက်သီး၊ မုတ္တမမှ မြေသင်းခဲနှင့် ပဥ္စလိုင်ခေါင်းဆေးကျွန်းမှ ရေတို့ကို စားသောက်ချင်သော ချင်ခြင်းဖြစ်ပေါ်လာသည်တဲ့။ ထိုဒေသ၊ ထိုအရာဝတ္ထုများမှာ ဟံသာဝတီပိုင်နက်မှချည်း ဖြစ်ခဲ့လေသည်။

ကြောက်စရာအဖြစ်အပျက်တို့က အကြောင်းနှင့်အကျိုး ဆက်စပ်ဖြစ်ပေါ်လာကြပြန်သည်။

မိဖုရားရှင်မိနောက်၏ ချင်ခြင်းအတွက် အင်းဝဘုရင်ဖြစ်လာမည့် မင်းဆွေက ဟံသာဝတီဘုရင်ထံ တမန်စေလွှတ်၍ တောင်းခံခဲ့သည်။ ရာဇဓိရာဇ်က မှူးမတ်များနှင့် တိုင်ပင်သောအခါ . . .

"အရှင့်သားတော် ဘောလောကျွန်းဒေါ ဆုတောင်းခဲ့သည့်အတိုင်း အင်းဝမင်း မိဖုရားတွင် ပဋိသန္ဓေနေလေသည်မှာ ဖြစ်ရာသည်။ မပေးလျှင် မကောင်း၊ တောင်းခံသည့်အတိုင်း ပေးမှ သင့်မည်၊ သို့သော် သူ့တန်ခိုးဣဒ္ဓိဗလကိုနှိမ်ရန်၊ တောင်းခံသည့်အတိုင်းမပေး၊ မသန့်သောရေမြေတို့မှ မြေသင်းခဲ၊ သရက်သီးနှင့် ရေတို့ကို ပေးသင့်သည်"ဟု လျှောက်ခဲ့ကြသည်။

မိဖုရားရှင်မိနောက်သည် ရေမြေ သရက်တို့ကို ချင်ခြင်းအမှတ်သည်အတိုင်း စားသောက်ခဲ့ရသဖြင့် ချင်ခြင်းပြည့်ဝကာ သားတစ်ပါး ဖွားမြင်ခဲ့သည်။ ထိုသားငယ် ချော့မော့မရအောင် ငိုကြွေးသည့်အခါ သည်ကလေး သန္ဓေတည်စဉ်ကတည်းက မယ်တော်သည် ဟံသာဝတီမှအရာများကို စားသောက်လိုသောချင်ခြင်းဖြင့် ထိုအချင်ခြင်းပြည့်လျက် မွေးဖွားခဲ့သည်။ ကလေးသည် ဟံသာဝတီမှ ဘဝကူးခဲ့သူဖြစ်သည်ဟု ဆိုကာ "လူကလေးကြီးပြင်းလာလျှင် ဟံသာဝတီကို တိုက်ခိုက်အုပ်စိုးစေမည်"ဟု ချော့မော့မှ အငိုတိတ်သည်ဟု ဆိုသည်။

ထိုကလေးကား နောင်သောအခါ မင်းရဲကျော်စွာ ဖြစ်လာခဲ့ပါသည်။

ယခု ခမည်းတော်ဘုရင်မင်းခေါင်က သူ့မြေးကလေးကို မျက်လျက်

http://www.nyisay.com



"ဟယ် . . . သည်ကျွန့်သား ကြာလျှင် မင်းရဲကျော်စွာနေရာကို ယူချေဦးတော့မည်" ဟု ဆိုခဲ့ပါပြီ။

ဘုရား၊ ဘုရား၊ ဘဝဘဝက မှားခဲ့လေသော ဆုတောင်းများ၊ ကျိန်စာများ၊ အမုန်းတရားများ။

"ဟယ် . . . သည်ကျွန့်သား"တဲ့ . . . ။

သား၏အဖကို ကျွန်ဟု ဆိုလိုက်ပါပြီ။

သား၏အဖကား ဥပရာဇာ အိမ်ရှေ့စံ သမိန်ဗရမ်း။

အမောင်သည် ညီလာခံဗိုလ်ပုံအလယ်တွင် ထိုသို့ အဆိုခံလိုက်ရပြီးသည်နှင့် တစ်ပြိုင်တည်း ဥပရာဇာ၏ပလ္လင်မှ ရုတ်ခြည်းထပြန်ခဲ့ပြီ။

ကျွဲသောစကား နှုတ်ရန် မရတော့ပါပြီ။

ရှုပ်ထွေးမည်းမှောင်လှသော အတိတ်၏ မိုးသားတိမ်လိပ်များထဲမှ "သည်ကျွန့်သား"ဟူသော မိုးကြိုးလျှပ်စီးတစ်ချက် ဝင်းခနဲ ဖောက်ခွဲထွက်ပေါ်သွားခဲ့ပြီ။ သည်ကျွန့်သား၊ သည်ကျွန့်သား၊ သည်ကျွန့်သား . . . ။

ထိုမိုးကြိုးလျှပ်စစ်၏ ထက်မြသော အသွားချွန်ချွန်က ဥပရာဇာ သမိန်ဗရမ်း၏ရင်သို့ ထိုးစိုက်သွားခဲ့သည်၏ အခြားမဲ့၌မူကား ဆက်လက်၍ . . . ၊

၄

ကျွန်မ ရာဇဓိတာ၏ ချစ်လှစွာသောအမောင်သည် ကာမဏိကို တိုက်ခိုက်စဉ်က သူစီးသောမြင်းနှင့် ဓားတစ်လက်ကိုဆွဲကာ ထွက်ခွာသွားခဲ့ပါပြီ။ တိတ်တဆိတ်လျှို့ဝှက်စွာ သူထွက်သွားပါပြီ။

နောက်တစ်နေ့ နံနက်အရုဏ်ကျင်းချိန်၊ စက်ရာထက်မှာ မရှိတော့သော သူ့ကိုယ်စား ငွေ့ငွေ့နွေးဆဲ၊ သူ့နေရာမှာ သဝဏ်လွှာလေးတစ်စောင်။

"ချစ်လှစွာသော ရာဇဓိတာ"

*ခမည်းတော်ရွှေနန်းရှင်သည် စိတ်လွတ်ဒေါသ ရာဇမာနဖြင့် လွှတ်ခနဲ နှုတ်မှ "ဟယ် သည်ကျွန့်သား"ဟု ဆိုခဲ့ပြီ။ ဥပရာဇာ အရာကို ခံယူခဲ့စဉ်က "မည်သူမျှ 'ကျွန်'ဟု မခေါ်စေရ။ 'ကျွန်'ဟု ခေါ်သည်ကို ကြားသခိုက်မှာပင် ကျွန်ုပ်*

http://www.nyisay.com



*ဟံသာဝတီသို့ ပြန်သွားခွင့် ရှိစေရမည်”ဟု အမောင် အခွင့် တောင်းခဲ့ရာ ခမည်းတော်ရွှေနန်းရှင် ကတိသစ္စာ ထားခဲ့သည်။ ထိုကတိသစ္စာများသည် ဘုရင်မင်းမြတ်ဘက်မှာပင် စတင် ပျက် ပြားခဲ့ပြီ။*

*အမောင် အင်းဝတွင် မည်သို့မျှ ဆက်လက်နေထိုင်ရန် မရှိတော့။ အမောင့်ကိုယ်စား ကိုယ်ပွား သားတော်ကလေး ကိုသာ မြတ်နိုးစွာ ထိန်းသိမ်း စောင့်ရှောက်ပါလေတော့။*

*ဤဘဝမှာဖြင့် ဖူးစာရေစက် ကုန်ခဲ့ကြပြီ ရာဇဓိတာ။ သံသရာဘဝအဆက်ဆက် အမောင်နှင့် ရာဇဓိတာတို့ ပြန် လည်ဆုံခွင့် မဆုံခွင့်မှု အမောင်တို့ ပြုသမျှကံ၊ တောင်းသမျှဆု တို့ဖြင့်သာ သိနိုင်တော့မည်။*

*သမိန်ဗရမ်း (ဟံသာဝတီစစ်သူရဲ)*

၄

သဝဏ်လွှာကို ရွှေကွမ်းအစ်တော်အောက်တွင် သူ ထားခဲ့ပါလေသည်။

သားတော်ကလေးက မြင်းရုပ်ကို တွန်းလိုက်သဖြင့် ရွှေကွမ်းအစ်လေး လဲပြိုကျသွားသည်။

ကျွန်မ ရာဇဓိတာ မည်သူနှင့်၊ မည်သည့်အရာနှင့် စီးချင်းထိုးလိုက်ရပါ သနည်း။

တကောင်းဧကရာဇ်၏ သစ္စာကတိ၊ အင်းဝဘုရင်မင်းခေါင်၏ ဘုန်း အာဏာ၊ ကာမဏီ၏ လက်ရုံးအစွမ်း၊ ပြီးတော့ စစ်သူရဲကြီး သမိန်ဗရမ်း၊ မင်းမင်းအများ၊ မင်းယောက်ျားကြီးများ၏ ဘုန်းလက်ရုံးအာဏာ၊ ကတိသစ္စာ၊ ရွှေနန်းတော်၊ တိုင်းပြည်တော်၊ စစ်မက်ရာဇရေး၊ လျှို့ဝှက်ဥပါယ်၊ သေနင်္ဂအစီ အရင်၊ ကျေးဇူးတရား၊ ပြီးတော့ ချစ်ခြင်းမေတ္တာ၊ သတ္တဘာဂနတ်မင်းရေးသော ဖူးစာ၊ ပြီးတော့ သားတော်ကလေး၊ ပြီးတော့ ရာဇဓိတာ၏ စီးချင်းထိုးပွဲ . . . ။

*မှီငြမ်း ရာဇဓိရာဇ်အရေးတော်ပုံ (ဗညားဒလ)*

*ရာဇဓိရာဇ်အရေးတော်ပုံ (နိုင်ပန်းလှ)*

▼

NYI SAY
MYANMAR EBOOK CREATOR



ချစ်ဦးညို

# မငြိမ်းသာရဲ့ ရွှေနန်းတော်

ရာဇဝင်ဝတ္ထုရှည်များ